ထပ်ဆင့်စေ၊ဒနာဖွယ်။ ။ယင်းသို့ဖြစ်လျှင် ''အမုမာသော အတိက္ကန္တော၊ ဒီသမုမာသော သေသောဟူ၍ အဘယ်ကြောင့်ဆို အပ်ပါသနည်းဟု မေးဖွယ်ရှိပြန်၏။

အဖြေကား- အနည်းငယ်အပိုအလိုသည် ဂဏန်းအရေအတွက် မဖြစ်ပါ၊ ထို့ကြောင့် အနည်းငယ်အားဖြင့် ပိုလွန်သောအပေါင်းသည် မပိုလွန်သကဲ့သို့ ဖြစ်သောကြောင့် ၆ဝက်မှ (၅) ရက် ပိုလွန်သော်သည်း အမုမာသော အတိက္ကန္တော ဟုဆိုပါသည်။

ဥပမာ။ ။(၇၂)ပါးသော ခန္ဓကဝတ်ဟို့ကို ''ဒေသိတာ ခန္ဓကဝတ္တာန်'' ဟု ဆိုသကဲ့သို့တည်း။ အနည်းငယ် လိုနေသော အပေါင်း ကိုလည်း မလိုသကဲ့သို့ ဖြစ်သောကြောင့် (၄၅)ရက်မှ (၅)ရက် လိုနေပါသော်လည်း ''ဒီယမုမာသောသေသော'' ဟုဆိုပါသည်။ ဥပမာ-သတ်ပဋ္ဌာန် ဝိဘင်း အဌ-ကထာ၌(၆)လမှ (၁၅)ရက် လိုနေပါသော်လည်း ဆမာသံ (ဆမာသေ) သဏ္ဌာယော ကာတဗ္ဗော ဟုဆိုအပ်သကဲ့သို့တည်း။

တနည်း- ဒီယဝါဟာရက တို့၏အလိုအားဖြင့် သတ္တာဟ(၃)ခုတို့၏ အစွမ်းဖြင့် ''ကေဝိသတိ ဒိဝသေ ဂတာ'' ဟု ဒီယန်ကာယ်၌ဆိုရှိခုဒ္ဓကဝါဟကတို့၏ အလိုအားဖြင့် စျာဝ နဒိဝသ(၁)ရက်နှင့်ကြွင်းသော သတ္တာဟ (၂)ခုတို့၏ အစွမ်းဖြင့် ''အမုမာသော အတိက္ကန္တော ဒီယမုမာသောသေသော'' ဟု ဝိနည်းသုတ္တန်ပါတ် ခုဒ္ဓကပါဠိ အဌကထာတို့၌ ဆိုသည်ဟုမှတ်ပါ၊ ပထမဗုဒ္ဓဝစနစသည်တို့ကဲ့သို့တည်း။

ဝေဒီရုဗုဒ္ဓိ။ ။အမုမာသော အတိက္ကန္တော ဟူသော စကား၌ လပြည့်ကျော် (၁)ရက်နေ့သည် ကောလာဟလ,ရက် ဖြစ်သော ကြောင့် ဤနေ့ရာ၌ မယူအပ်ဟုဆို၏။ ထိုးကားမသင့်ပါ၊ ဘာ့ကြောင့်နည်း-ပရိနိဗ္ဗာနသုတ်၌ လပြည့်ကျော် (၁) ရက်နေ့မှစ၍ သတ္တာဟကို ဆိုအပ်သောကြောင့် လည်း

ကောင်း အဋ္ဌကထာ၌လည်း ပရိနိဗ္ဗာန် ပြုရာနေ့နှင့်အတူ သတ္တာဟ (၃) ခု ဟု၎င်းကို ရေတွက်အပ်သောကြောင့်လည်းကောင်းတည်း။

မှန်၏-ပရိနိဗ္ဗာန်ပြုရာနေ့နှင့်တကွ သတ္တာဟ (၃) ခုတို့ကို ရေတွက်မှ နယုန်လဆန်း (၅)ရက်နေ့သည် (၂၀) ရက်မြောက်ဖြစ်ပါသည်။

သာဝုကိဋ္ဌနဒိဝသာနာမ။ ။သံဝေဂဝတ္ထုကို ရှုတ်ဆိုရာ၌ အနိစ္စဟာနှင့် စပ်ယှဉ်ကုန်သော ဂိတာတို့ကို သီဆို၍ ပူဇော်ခြင်း၏အစွမ်းဖြင့် ပျော်မြူးခြင်းကြောင့် သာဝုကိဋ္ဌနဒိဝသ မည်၏။

ဘနည်း-မိမိ သူတပါး, နှစ်ဦးသားတို့၏ အစီးအပွားကို ပြီးစေတတ်သော အနက်သဘောကြောင့် သာဝုဟု ဆိုအပ်ကုန်သော သူတော်ကောင်းတို့၏ သံဝေဂဝတ္ထုကို ရှုတ်ဆိုရှု ရှုတ်ဆိုရှု ပျော်မြူးရာ၏။

သတ္တာဟံ သာဝုကိဋ္ဌနဒိဝသာနာမ အဟောသုံ။ ။ဤပုရိမ သတ္တာဟာ၌ တစိတ်တဒေသအားဖြင့်သာ သာဝုကိဋ္ဌနကို ပြုကြကုန်၏။ အထူးအားဖြင့် သာဝုကိဋ္ဌနအမှုကို ဓာတ်တော်ပူဇော်ရာနေ့တို့၌သာ ပြုကြ၏။ သို့သော် ဓာတ်တော်ပူဇော်ရာ နေ့တို့သည် ဓာတ်တော် ပူဇော်ခြင်းကိုလည်း ပြုအပ်သောကြောင့် ဓာတု ပူဇာနေ့တို့ မည်၏။ ဤနေ့များမှ ကား အထူးအားဖြင့် မြတ်စွာဘုရားအားပါ၌ ပြုထိုက်သော သာဝုကိဋ္ဌနမှ အခြားသောကိစ္စ မရှိသောကြောင့် တစိတ်တဒေသအားဖြင့် ပြုအပ်ကုန်သော်လည်း သာဝုကိဋ္ဌနကိုစွဲ၍ "သာဝုကိဋ္ဌနဒိဝသ" ဟု ထင်ရှားလေသည်၊

ယေန သာဝတ္ထိ၊ တေန စာရိကံ ပက္ကာမိ။ ။ယေန-အကြင်အရပ်၌၊ သာဝတ္ထိ-သာဝတ္ထိ မြို့သည်၊ အတ္ထိ-ရှိ၏။ တေန-သာဝတ္ထိမြို့ရှိရာ ထိုအရပ်၌၊ စာရိကံ-ဒေသစာရီကို၊ ပက္ကာမိ-ကြွသွားပြီ။

တနည်း-ယေန-အကြင်အရပ်တို့ဖြင့်၊ သာဝတ္ထိ-သာဝတ္ထိမြို့သို့၊ ဝက္ကမိ တဗ္ဗာ-ဖဲသွားသိုက်၏။ တေန-ထိုအရပ်အဖို့ဖြင့်၊ ပက္ကာမိ-ဖဲသွားပြီ။

ဇနော။ ။တကျွန်ုပ်သယ မပြတ်သေးသော၏ အဝိဇ္ဇာတဏှာသည် ပြုစီမံအပ်သောကံကြောင့် ဘဝ, ယောနိ, ဂတိ, ဌိတိ သတ္တာဝါသတို့၌ ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော အတ္တဘောကို ဖြစ်စေတတ်သောကြောင့် ဇနမည်ပါသည်။

(ဇနေတိ အဘိနိဗ္ဗဒေတိတိ ဇနော၊ တနည်း-ကိလေသေ ဇနေတိ, ဒေဇနိ ဇနိသဒ္ဒါတိ ဝါ-ဇနော)

ဂန္ဓကုဋိယာ ဒ္ဝါရံ ဝိဝရိတ္ဝာ။ ။ပရိဘောဂစေတီဖြစ်သောကြောင့် ဂန္ဓကုဋီကို ရှိခိုးရ၍ ဂန္ဓကုဋီ၏တံခါးကို ဖွင့်သည်ဟု မှတ်ပါ။

ဘဂဝတော ဌိတကာလေ ကရဏီယံ ဝတ္တံ သမ္ဗမ်ကာသိ။ ။ကျောင်း၌ ပြုအပ်သော သေနာသနဝတ်ကို ရည်ရွယ်၍ဆိုပါသည်။

ခီရဝိရေစနံ။ ။ဆေးဖြင့်ထုံးမွှမ်းအပ်သောနို့.ရည် ဝမ်းလျှောဆေးဟု အနက်ဆိုပါ။

ပဟိတံ မဟာဘဝကံ။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး အရှင်အာနန္ဒာ ထေရ်သည် မြတ်စွာဘုရား၏ သပိတ်, သင်္ကန်းကိုယူ၍ ကြွလာသတဲ့၊ မျှားစွာသော လူအပေါင်းကလည်း ထိုအရှင် အာနန္ဒာကို ဖူးမြော်ခြင်းငှာ ချဉ်းကပ်ကြသတဲ့ဟုကြား၍ ကျောင်းတို့သွား၍ မျှားစွာသော လူအပေါင်းတို့၏အလယ်၌ ခွမ်းခြမ်းသာသာ ပဋိသန္ထာရပြုခြင်းငှာ လည်းကောင်း၊ တရားစကားတော်ကို နာယူခြင်းငှာလည်းကောင်း မတတ်နိုင်ချေ၊ အိမ်သို့ကြွလာသော အရှင်အာနန္ဒာကိုသာ ဖူးမြော်၍ ချမ်းချမ်းသာသာ ပဋိသန္ထာရပြုမည်။ ငါ့မှာရှိသော ယုံမှားမှုတမျိုးကိုလည်း အရှင်အာနန္ဒာကို မေးအံ့ဟုကြံ၍ သုဘလုလင်သည် လုလင်ငယ်ကို စေလွှတ်သည်။

စေတိယထေရ်။ ။စေတိယတိုင်း၌ မွေးဖွားသောကြောင့် စေတိယမည်သော ထေရ်။

သုဘလုလင်၏မမေးမီအကြံ။ ။အရှင်ဂေါတမသည် အကြင် တရားတို့၌ ဤလောကကိုတည်ပြီ၊ ထိုဘရာ တို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာ အခါ၌ ပျောက်ကုန်ပြီလော၊ သို့မဟုတ် ဝ ည်ရှိကုန်သေးသလော၊ အကယ်၍ တည်ရှိသေးလျှင် အရှင်အာနန္ဒာ သိလိမ့်မည်ဟု ယခု အရှင်အာနန္ဒာ ကိုမေးမည်။

မေးပုံ။ ။အရှင်ဂေါဟမသည် အဘယ်တရား ဘို့၏ ဂုဏ်ကျေးဇူးကို ဟော ပြောလေ့ရှိသနည်း။ အဘယ်တရားတို့၌ ဤလူအားပါင်းကို ဟည် စေသနည်း။ အရှင် အာနန္ဒာ, အရှင် ဂေါတမသည် အဘယ်တရားတို့၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းလေ့ရှိပါသနည်း။ (ဤအမေးကို ဖြေသောအားဖြင့် အရှင်အာနန္ဒာထေရ်သည် သုဘသုတ္တန်ကို ဟောတော်မူ၏။)

ရာဇဂဟံ။ ။ဗန္ဓာတုမင်း, မဟာဂေါဝိန္ဒမင်း အစရှိသော မင်းတို့သည် သိမ်းပိုက်အပ်သောကြောင့် ရာဇဂဟမည်၏။

ဆဋ္ဌိတပတိတဥက္ကဝါ။ ။၁။ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်စံတော်မူရာအရပ် သို့ သွားကြသောရဟန်းတို့သည် စွန့်ပစ်အပ်ကုန်၊

၂။ ထိုသို့စွန့်ပစ်သောကြောင့်ပင် ခြေအစရှိသည် တို့သည် ခဲစားအပ်၍ ထိုထို၌ကျ၍အရင်တို့၌ ကျနေကုန်၊

၃။ တံမြက်စည် လှည်းမှူ မရှိသည့်အတွက် ရော ပြွမ်းသောအမှိုက်ရှိကုန်၏။

ဘဂဝတာ၊ ပ၊ ဝဏ္ဏိတံ။ ။သေနာသနဝတ်ကို ပညတ်ခဲ့သောကြောင့်လည်း ကောင်း၊ သေနာသနကွန်ရက်၌ သေနာသနနှင့် စပ် သော မျှားစွာသော ဝတ်တို့ကို ဟောတော်မူသောကြောင့် လည်းကောင်း ချီးမွမ်းရာရောက်ပါသည်၊

ဒုတိယဒိဝသေ။ ။ကျိုးပျက်သောအရပ် ပေါက်ကွဲသောအရပ်တို့ကို ပြင်ဆင် မှု ပြုကြကုန်စို့ဟု ကြုံစီအပ်ရာနေ့မှ နောက်နှစ်ရက်မြောက် နေ့၌၊

ထိုနေ့သည် ဝါဆိုလပြည့်ကျော် (၂) ရက်နေ့ဖြစ်ပါသည်။

အဇာတသတ္တု ရာဇာ။ ။မဖွားမီကပင် ခမည်းပေါ်၏ ရန်သူ ဖြစ်သော ကြောင့် အဇာတသတ်မင်းဟု ခေါ်ပါသည်။

အာဏာစက်။ ။အပိတ်အပင် အတားအဆီးမရှိသောကြောင့် အာဏာ သည် စက်မည်ပါသည်။

အာသဝေဟိ။ ။ဘုံအားဖြင့် ဘဝဂ်တိုင်အောင်, ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင်, ယိုစီးတတ်သောကြောင့် အာသဝ မည်၏။ ဤ၌ အာသဝ ဟူသော စကားသည် ဥပလက္ခဏာ စကားမျှဖြစ်ပါသည်။ အာသဝအရှင်ပါသော မောဟနှင့် တဒေကဋ္ဌဖြစ်သောကြောင့် (ထိုမောဟနှင့်တကွ တခုသောစိတ်၌ တည်ကြ ယှဉ်ကြသည်၏အဖြစ်ကြောင့်) ကိလေသာအားလုံး အကုသိုလ်အားလုံးမှ လွတ်သည်ဟု မှတ်ပါ။ အရဟတ္တမဂ်ခဏာ၌ အာသဝေါတို့မှ လွတ်ဆဲဖြစ်၍ အရဟတ္တဖိုလ်ခဏာ၌ အာသဝေါတို့မှ လွတ်ပြီးဖြစ်သည်။

ကတပုညော။ ။အရဟတ္တမဂ်ကိုရခြင်းအကျိုးငှာ ပြုအပ်ပြီးသော အဓိကာရရှိသူ။ ပုညအရ-ဝိဝဋ္ဋူပနိဿယ (နိဗ္ဗာန်ဟူသော မှီရာရှိသော) ကုသိုလ်ကိုယူပါ။

ဝိရိယသမတံ ယောဇေမိ။ ।စက်ဘီးကြွသောဝိရိယ လွန်ကဲ နေသောကြောင့် ထိုဝိရိယကို ပယ်ခြင်း လျှော့ခြင်း၏ အစွမ်းဖြင့် သမာဓိနှင့်ညီမျှသော ကိစ္စရှိသည်၏အဖြစ်သို့ ရောက်စေခြင်းအားဖြင့် ဝိရိယ၏ သမာဓိနှင်ညီမျှခြင်းကို အားထုတ်ရဦးမည်။

တနည်း–ဝိရိယသမထံ-ဝိရိယနှင့် သမာဓိကို၊ ယောဇေမိ-ယှဉ်အံ့။

အတ္တနော အရဟတ္တပတ္တိ ဥာပေတုကာမော။ ။သေကွ ဖြစ်သောကြောင့် ဓမ္မကို သင်္ဂါယနာတင်ရာ၌ မယူသင့်သော်လည်း ဗဟုသုတဖြစ်သောကြောင့် ယူကုန်အံ့ ဟုတွေးကာ ထိုင်နေကြသောထေရ်တို့၏ ယခုအခါ၌ အရဟတ္တဖိုလ်သို့ ရောက်ခြင်းကိုသိသဖြင့် သောမနဿကိုဖြစ်စေခြင်းအကျိုးငှာလည်းကောင်း၊ "အပ္ပမတ္တောာ ဟောတ" ဟု ဘုရားရှင်ပေးအပ်သောသြဝါဒ ၂၁၏ အကျိုးရှိကြောင်းကိုပြခြင်းအကျိုးငှာလည်းကောင်း၊ အတ္တုပနာယိက ကိုမပြုပဲ အရဟတ္တဖိုလ်ဖြေဆိုမှုကို မြတ်စွာဘုရား ချီးမွမ်းအပ်သောကြောင်းလည်းကောင်း ထေရ်သည် မိမိအရဟတ္တဖိုလ်သို့ ရောက်ကြောင်းကို သိစေလိုပါသည်။

ဧကော။ ။မဇ္ဈိမဘာဏကမျှား။

ဝါဒကဲ့ရခြင်းအကြောင်း။ ။ဝါဒကဲ့ရခြင်းအတွက် အကြောင်းထူး ရှာမရပါ။ ဥပတိဿထေရ်ကတော့-သင်္ဂါယနာတင်ခြင်းသည် (၇) လ ကြာမြင့်သောကြောင့် တခါတရံရိုးရိုး, တခါတရံ မြေ့ဌ

ရပ်၍, တခါတရံကောင်းကင်ဖြင့်ကြွသောကြောင့် ထိုထိုကြွသွားခြင်းကိုစွဲ၍ ဝါဒကွဲပြားသည်ဟုမိန့်၏။

ဘိက္ခု၊ အာမန္တေသိ။ ။ဤ၌ အာမန္တေသိ- မိန့်တော်မူပြီ ဟု အနက်ပေးပါ။ အာမန္တယာမိ ဝေါ ဘိက္ခဝေ၊ပဋိဝေဒယာမိ ဝေါ ဘိက္ခဝေ ဟူသောပါဠိတို့၌ အာမန္တယာမိ- သိစေတော်မူ၏ ဟု အနက်ပေးပါ။

ဧဟိ တွံ ဘိက္ခု၊ မမ ဝစနေန သာရိပုတ္တံ အာမန္တေဟိ ဟူသော်ပါဠိ၌ အာမန္တေဟိ- ခေါ်ချေလော ဟု အနက်ပေးပါ။

ကိံ အာနန္ဒ၊ နပ္ပဟောတိ။ ။ဤစကားသည် အရှင်မဟာ ကဿပ ကမေးသောစကားမဟုတ်၊ အဋ္ဌကထာဆရာတို့ထားသော ပုစ္ဆာစကားဖြစ်ပါသည်။

ဗီဇနိ ဂဟေတွာ။ ။ယပ်တောင်ကို ကိုင်ခြင်းသည် ဓမ္မကထိကပုဂ္ဂိုလ်တို့၏ ဓမ္မတာ ဖြစ်သည်ဟု ဥတ်ပါ။ မှန်၏။ မြတ်စွာဘုရားသည်လည်း ဓမ္မကထိကပုဂ္ဂိုလ်ဘို့၏ ဓမ္မတာကိုပြုခြင်း အကျိုးငှာသာ ဆန်းကျယ်သော ယပ်တောင်ကို ကိုင်တော်မူပါသည်။ သို့မဟုတ် (ဤအတိုင်း အဓိပ္ပါယ်မယူခဲ့လျှင်)တလောကလုံး၏ တန်ဆာသဖွယ်ဖြစ်သော အမြင့်ဆုံး သိက္ခာတို့ကို စောင့်စည်းတော်မူသော ဘုရားရှင်၏ မျက်နှာတော် လဝန်းကို ဖုံးစရာအကြောင်း မရှိပါ။

ပထမဟုဆိုရကြောင်း။ ။ပဌမ အာဝုဿသာ ဥပါလိ ပါရာဇိကံ ကတ္ထ ပညတ္တံ ဟူသော စကားရပ်၌ သင်္ဂါယနာ၏ ရှေးကာလ၌ ပဌမဟူသောအမည်မရသေး၍ မသုံးသင့်သည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။

အခြကား -မြတ်စွာဘုရား ညတ်အပ်သော အစဉ်အားဖြင့်လည်းကောင်း၊ ပါတိမောက်ရှစ်ပြုစဉ်အားဖြင့်လည်းကောင်း ပထမအဖြစ်ပြီးဧ ။သောကြောင့် မသုံးသင့်မဟုတ်, သုံးသင့်၏ဟုဖြေပါ။ မျှားသောအားဖြင့် ပိဋကတ်သုံးပုံတို့ကို မြတ်စွာဘုရား သက်တော်ထင်ရှ ားရှိစဉ် အခါက တည်စဉ်အားဖြင့်ပင် သင်္ဂါယနာ တင်တော်မူကြသည်။ အယူးအားဖြင့် ဝိနည်း ပိဋကတ်, အဘိဓမ္မာ

ပိဋကတ်တို့ကို မြတ်စွာဘုရားလက်ထက်အခါက တည်စဉ်အားဖြင့်သာ သင်္ဂါယနာတင်တော်မူကြသည်။

ဝတ္ထုမှိ ပုစ္ဆိ။ ။ကတ္ထ ပညတ္တံ အစ ရှိသောပါဠိဖြင့် ပြအပ်ပြီးသော အကြောင်းအရာနှင့်တကွ ထိုမှ ကြွင်းသော အကြောင်းအရာကိုလည်း ပေါင်းရ၍ပြခြင်း၏အစွမ်းဖြင့် "ဝတ္ထုမှိ ပုစ္ဆ" စသည်ကိုဆိုပါသည်။ ပထမ ပါရာဇိကပါဠိတော်၌ ပယ်စရာ ထည့်စရာ တစုံတရာ ရှိသလော, မရှိသလော။ ။

ဘုရားဟော၌ ပယ်စရာမည်သည်မရှိပါ။ မှန်၏။ ဘုရားရှင်တို့သည် အနက်မရှိသော သဒ္ဒါတခုကိုမျှသော်လည်း ဟောတော်မမူကြကုန်။ သာဝကဟော, နတ်ဟောတို့၌ ပယ်စရာလည်းရှိပါသည်။ ထိုပယ်စရာမျှားကို သင်္ဂါယနာတင် မထေရ်တို့ ပယ်ရှားခဲ့ကြပါသည်။ထည့်စရာမျှားကား-ဘုရားဟော သာဝကဟော, နတ်ဟော အားလုံးတို့၌ရှိပါသည်။ထို့ကြောင့်ထည့်သင့်သည်ကိုထည့်၍ ပယ်သင့်သည်ကိုပယ်ကြပါသည်။

ထည့်သင့်သောပါဠိမျှားကား—တေန သမယေန, တေန ခေါ ပနသမယေန, အထခေါ, ဧဝံဝုဒတ္တာ, တေဒဝေါစ အစရှိသော အဆက်အစပ်စကားမျှသာတည်း။

ဗြဟ္မဇာလသုတ်ကို ပထမ သင်္ဂါယနာတင်ခြင်းအကြောင်း။ ။ဗြဟ္မဇာလသုတ်သည် သီလ (၃) မျိုးဖြင့် တန်ဆာဆင်အပ်သောကြောင့်လည်းကောင်း၊ အထူးထူးအပြားပြားသော မိစ္ဆာဇီဝ, ကုဟန, လပန အစရှိသည်တို့ကို ဖျက်ဆီးနိုင်သောကြောင့်လည်းကောင်း၊ (၆၂) ပါးသော မိစ္ဆာဒိဋ္ဌိကွန်ယက်တို့ကို ဖြေရှင်းနိုင်သောကြောင့်လည်းကောင်း၊ လောကဓာတ် တသောင်းကို တုန်လှုပ်စေခဲ့ခြင်းကြောင့်လည်းကောင်း ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ သင်္ဂါယနာ တင်ကြပါသည်။

အန္ဓံရာစ ဘန္တေ ရာဇဂဟံ အန္ဓံရာစ နာဠန္ဒံ။ ။အန္ဓရာသဒ္ဒါနှင့် ယှဉ်သောကြောင့် ဒုတိယာဝိဘက်သက်ပါသည်။

(ဆောင်) အန္တရာနှော, အဘိတောနှင့်, ပရိတောပတိ, နောက်ရှိ
ပဋ္ဌိဘာ, ဤမျှသာလျှင်, ယှဉ်ရာလိုင်တွက်, ဆဋ္ဌိနက်,
သဏ်လေဒုတိယာ။ (ရူပသိဒ္ဓိဘာသာဋီကာမှ)

ရာဇာဂါရကဟူသည်။ ။မင်း၏ကစားမြူးထူးခြင်းအကျိုးငှာ ပဋ္ဌိဘာန်စိတ်ဖြင့် အဆန်းတကျယ်ပြုစီမံအပ်သောအိမ်တော်။

ပြဟွင်ဘလ်သုတ်၌ ကံ အာရဒ္ဓဟုဓမေး၍ သာမညဖလသုတ်၌ ကေန ဒ္ဌိ ဟု ဓမေးရခြင်း။ ။သာမညဖလသုတ်ကို ဘုရားရှင်သာ ဟောသည် မဟုတ်ပါ၊ အဇာတသတ်မင်းကလည်း "ယသာ နူခေါ ဂ္ဂဟာနိ ပုထုသိပ္ပါယတနာနိ" အစရှိသည်ဖြင့် အနည်းငယ် အနည်းငယ် လျှောက်ထားခြင်းရှိသောကြောင့် "ကေန သိဒ္ဓိ" ဟု မေးရပါသည်။

ပသမသင်္ဂါယနာသဘင်အပြီး တာဝန်ခွဲဝေပုံ။ ။

(၁) ဝိနည်းပိဋကကို အနှင်ဥပါလိအားလည်းကောင်း၊

(၂) ဒီဃနိကာယ်ကို အရှင်အာနန္ဒာအားလည်းကောင်း၊

(၃) မဇ္ဈိမနိကာယ်ကို ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၏ တပည့်မျှားအား လည်းကောင်း၊

(၄) သံယုတ္တနိကာယ်ကို အရှင်မဟာကဿပအားလည်းကောင်း၊

(၅) အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါအားလည်းကောင်း
တာဝန်ခံအဖြစ် အပ်နှင်းခဲ့ကြသည်။

ပုဗ္ဗ နိဒဿိတာ ပန္နရသဘေဒါ။ ။(၁) ဇာတ် (၂) မဟာနိဒ္ဒေသ (၃) ပဋိသမ္ဘိဒါမဂ်၊ (၄) အပဒါန် (၅) သုတ္တနိပါတ် (၆) ခုဒ္ဒကပါဋ (၇) ဓမ္မပဒ (၈) ဥဒါန်း (၉) ဣတိဝုတ် (၁၀) ဝိမာနဝတ္ထု (၁၁) ပေတဝတ္ထု (၁၂) ထေရဂါထာ (၁၃) ထေရီဂါထာ (၁၄) စရိယာပိဋကတ (၁၅) ဇုဒ္ဓဝံသ။

ဇာတ် စသည်ကို အဘိဓမ္မာ၌သာ သွင်း။ ။ဇာတ်အစရှိသည်တို့သည် ခုဒ္ဒကနိကာယ်၌ အကျုံးဝင်၍ နိကာယ်ချင်းတူသောကြောင့်လည်းကောင်း၊ မျှားသောအားဖြင့် ဓမ္မနိဒ္ဒေသအဖြစ်ဖြင့်တူသောကြောင့်လည်းကောင်း အဘိဓမ္မာ၌သွင်းရပါသည်။

နိကာယ်ကဲ့သောကြောင့် ဒီဃနိကာယ်စသည်အပြားရှိသော သုတ္တန္တပိဋကတ်၌ မသွင်းရပါ။ ပညတ္တိနိဒ္ဒေသဖြစ်သော ဝိနည်း၌လည်း နိဒ္ဒေသကဲ့သောကြောင့် မသွင်းရပါ။ (ဇာတ်နှင့် အလားတူသောကြောင့် စရိယာပိဋကတ်, ဗုဒ္ဓဝံသတို့ကို ဤနေရာ၌မယူပါ။ ဤကား ဒီဃဘာဏကတို့၏ အလိုတည်း။)

တနည်း–သုတ္တန်၌သွင်း။ ။အတ္တုပ္ပတ္တိအစွမ်းဖြင့် ဟောတော်မူအပ်သောဇာတ်စသည်ကို့ကို ယထာနုလောမဒေသနာ ဖြစ်သောကြောင့် ယထာနုလောမဒေသနာ ဖြစ်သော သုတ္တန်ပိဋကတ်၌ သွင်းသင့်ပါသည်။ သဘာဝမမှန်ဒေသ ယထာဓမ္မသာသနာဖြစ်သော အဘိဓမ္မာပိဋကတ်၌ မသွင်းသင့်ပါ။ ပညတ္တိနိဒ္ဒေသ ယထာပရာဓ သာသနာဖြစ်သော ဝိနည်း၌လည်း မသွင်းသင့်ပါ။ (ဤကားမဏ္ဍိမ ဘာဏကတို့၏ အလိုတည်း။)

မှတ်ချက်။ ။ယော ယော ပစ္ဆိမော ဝုတ္တော သော သာရတော ဒဋ္ဌဗ္ဗော– ဟူသော စကားနှင့်အညီ နောက်ဝါဒကိုသာ ဆရာများနှစ်သက်၍ ယခုတိုင် အတည်ပြုလျက် လက်ခံကြသည်။

တဲ့ဌ ခုဒ္ဒကနိကာယောနာမ စသည်။ ။ခုဒ္ဒက နိကာယ်သည် ကြွင်းသော နိကာယ်များကဲ့သို့ မထင်ရှားသောကြောင့် ကြွင်းသောနိကာယ်တို့ကို ချန်ထား၍ ခုဒ္ဒကနိကာယ်ကို ထင်ရှားအောင် ပြလိုရကား"တဌ္ဌ ခုဒ္ဒကနိကာယောနာမ" စသည်ကိုမိန့်။

အနုဋ္ဌရံ သမ္မာသမ္ဗောဓိ။ ။အနာဝရဏ ဉာဏ်လျှင် နီးစွာ သောအကြောင်းရှိသော အရဟတ္တမဂ် ဉာဏ် နှင့် အရဟတ္တမဂ်ဉာဏ်လျှင် နီးစွာသောအကြောင်းရှိသော အနာဝရဏ ဉာဏ်ကို သမ္မာသမ္ဗောဓိ အရကောက်ပါ။

ပဒေ ဝေကွန္ဓေန ဝါ။ ။ဥဒါန်းအစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်သောတရားကိုရည်ရွယ်၍မိန့်သည်။

ဝိမုတ္တိရသမေဝ။ ။ဝိမုတ္တိရသမေဝ– အရတ္တဖိုလ်ဟူသော အရသာရှိသည်သာလျှင်၊ ဟောတိ–ဖြစ်၏။ တနည်း–အလုံးစုံသော ဗုဒ္ဓဝစနသည် နောက်ဆုံး၌ အရဟတ္တဖိုလ်ကို ပြီးစေနိုင်သည်ချည်း ဖြစ်သောကြောင့် အရဟတ္တဖိုလ်ဟူသောပြည့်စုံခြင်းရှိသည်သာလျှင် ဟုလည်းကောင်း။

တနည်း–စင်စစ် ကိုယ်သားတို့၏ လွတ်ခြင်းကို ကောင်းစွာဖြစ်စေ နိုင်သော ကြောင့် ကိုယ်လသားတို့မှ လွတ်စေခြင်းကိစ္စရှိသည်သာလျှင် ဟုလည်းကောင်း အနက်ဆိုပါ။

တတ္ထ ဝိနယပိဋကံ စသည်။ ။သာမည အားဖြင့် ဘုရားစကားတော်အားလုံး ပင် ကိုယ်လသားတို့ကို ပယ်ဖျောက်တတ်သော ကြောင့် ဝိနယမည်၍, ဆုံးမသွန်သင်သည့်အတိုင်း ကျင့်သူတို့ကို အပါယ် စသည် မကျအောင် ဆောင်တတ်သောကြောင့် ဓမ္မလည်းမည်ပါသည်။ သို့သော် ဤနေရာ၌ အလိုရှိအပ်သောဓမ္မဝိနယတို့ကို ဝတ္ထုစ္ဆာ အစွမ်းဖြင့်သရုပ် အားဖြင့် ထုတ်ပြုခြင်းငှာ "တတ္ထ ဝိနယပိဋကံ" စသည်ကိုမိန့်။

အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော။ ။ခန္ဓာစသည်တို့၏ အစွမ်းဖြင့် သဘာဝဓမ္မကို ဟောမူမျှားသောကြောင့် ဝိနည်းမှကြွင်းသမျှ ဗုဒ္ဓဝစနသည် ဓမ္မမည်၏။ တနည်း–ဝိနည်းလည်း ပရိယတ္တိ စသည်ဖြစ်သော ကြောင့် ဓမ္မပင်ဖြစ်သော်လည်း ဝိနယနှင့်အရကွဲဖြစ်၍ ဂေါဗလီဗဒ္ဓနည်းအား ဖြင့် ဝိနည်းမှကြွင်းသမျှ ပါဠိတော်သာ ဓမ္မမည်၏။

အနေကဇာတိသံသာရံ စသောဂါထာ ပထမဗုဒ္ဓဝစန အမည်ရခြင်းအကြောင်း။ ။

ဤဂါထာကို ဘုရားရှင်သည် ကိုယ်တော်မြတ်၏ သဗ္ဗညုတညာဏ်၏ နီးစွာ သော အကြောင်းဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်ကြောင်းကို ဆင်ခြင်တော်မူစဉ် (၁၉) ခုမြောက်သော ပစ္ဆိမဝေကွဏ်ညာဏ်၏ အခြားမဲ့ခ္ခ ရွတ်ဆိုအပ်သောကြောင့် "ပထမဗုဒ္ဓဝစန" ဟု ဆိုရပါသည်၊ ဤဥဒါန်းကား ဘုရားရှင်အားလုံးတို့သည် မစွန့်အပ်သော ဥဒါန်းဖြစ်ပါသည်။ ဤဂါထာ မျှားသည် စိတ်တော်ဖြင့်ဖြစ်စေအပ်သောတရားတို့တွင်ပထမဖြစ်၍ ယဒါဟေ စသည်ကား နှုတ်တော်ဖြင့် ဖြစ်စေအပ်သော တရားတို့တွင် ပဌမဖြစ်၏ဟု ဆိုကြ၏။

ဇာတိဒုက္ခ။ ။ဇရာဗျာဓိရေဏမိသတာယ–အိုနာသေရေး ဒုက္ခဘေးတို့နှင့် ရောထွေး၍နေရသည်၏အဖြစ်ကြောင့် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှပါသည်။

ခန္ဓာဘာဝကတို့အဆို။ ။အနေကဇာတိသံသာရဲ့ စသောဂါထာကို ဘုရားရှင်သည် စိတ်တော်ဖြင့်သာ ဟောတော်မူသည့်အတွက် သတ္တဝါများအား ကျေးဇူးမရှိသောကြောင့် "ပထမဗုဒ္ဓဝစန" ဟု မဆိုနိုင်။

ယဒါဟဝေ စသောဂါထာကား နှုတ်တော်ဖြင့်မြွက်၍ ဟောတော်မူသည့်အတွက် ထိုအချိန်၌ နာကြားသောနတ်ပြဟ္မာတို့အား ကျေးဇူးရှိသောကြောင့် ပထမဗုဒ္ဓဝစန မည်ပါသည်။

ဓမ္မပဒဘာဝကတို့၏ချေပချက်။ ။ဓမ္မပဒဘာဝကတို့ကား ဒေသနာတော်၏ လူအပေါင်းအား ကျေးဇူးပြုခြင်း မပြုခြင်းသည် ပထမဖြစ်ခြင်း၌ လက္ခဏာမဟုတ်ပါ။မြတ်စွာဘုရားသည် စိတ်တော်ဖြင့် ရှေးဦးစွာ ဟောတော်မူအပ်သောကြောင့် ဤအနေကဇာတိသံသာရဲ့ စသော ဂါထာကိုသာ ပထမဗုဒ္ဓဝစန ဟု ဆိုကြပါသည်။ [ထို့ကြောင့် စကားတော်နှစ်မျိုးလုံး သူ့နည်းနှင့်သူ ပထမဗုဒ္ဓဝစန ဖြစ်သင့်သည်။ အချင်းချင်း မဆန့်ကျင်ဟုမှတ်ပါ။]

ဥဒါနဝဲသေန ဥဒါနေတွာ ဟု ဓမ္မပဒ၌ ဆိုနိုင်ပုံ။ ။အနေကဇာတိသံသာရဲ့ စသော ဂါထာကို စိတ်တော်ဖြင့်သာဟောတော်မူပါလျက် ဓမ္မပဒအဋ္ဌကထာ၌ "အနေကဇာတိ သံသာရန္တိ ဣမံ ဓမ္မဒေသနံ သတ္ထာ ဗောဓိရုက္ခမူလေ နိသိန္နော ဥဒါနဝဲသေန ဥဒါနေတွာ အပရဘာဂေ အာနန္ဒတ္ထေရေန ပုဋ္ဌော ကထေသိ" ဟု ဆိုခြင်းကား အနက်၏အစွမ်းဖြင့် စိတ်ဖြင့်ကျူးရင့်သည်ဟု ယူထိုက်သောကြောင့်တည်း။ မှန်၏-ထို၌လည်းစိတ်ဓာတ်ဖြင့်ကျူးရင့်သည် ဟူသော အနက်ကိုသာ ယူထိုက်ပါသည်။

မနသာဥဒါနိ။ ။ဥဒါနသည် ဒေသနာကဲ့သို့ပင် မနသာဥဒါန, ဝစသာဥဒါန ဟု နှစ်မျိုးရှိ၏။ အကယ်၍ ဝစသာဥဒါနဖြစ်လျှင် ဥဒါနပါဠိတော်၌ သင်္ဂါယနာတင်ရာ၏။ ဥဒါနပါဠိတော်၌ သင်္ဂါယနာမတင်ခြင်းသည်ပင် နှုတ်တော်ဖြင့် ထုတ်ဖော်တော်မမူ။ စိတ်တော်ဖြင့် ကျူးရင့်သည်ဟု ဆိုနိုင်ခြင်း၌ အကြောင်းဖြစ်သည်ဟုဆို၏။

သင်္ဂီတ၌ အသင်္ဂီတ၌။ ။အသင်္ဂီတ ဟူသည် သင်္ဂီတကွဲကွာ ကထားဝတ္ထုကျမ်း စသည်တည်း။ ကေစိတို့ကား-သုဘသုတ်ကို ပဌမသင်္ဂါယနာတင်သော သုတ်ဟု ဆိုကြသေး၏။ ထိုကေစိ အဆိုမသင့်ပါ။ ဘာကြောင့်နည်း-ထိုသုဘသုတ်ကို ပထမသင်္ဂါယနာမတင်မီ ရှေးဦးစွာအရှင်

အာနန္ဒာ၏ထရ် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သုဘလုင်အား ဟောခဲ့သောကြောင့်တည်း ဟု သီလက္ခန်ဋီကာဟောင်းဆရာဆို၏။

သုဘသုတ်သည်–ဧဝံ မေ သုတံ ကေသမေယံ အာယသ္မာ အာနန္ဒော သာဝတ္ထိယံ ဝိဟရတိ စသည်ဖြင့်လာ၏။ ထိုဧဝံ မေ သုတံ စသောစကားသည် (အရှင်အာနန္ဒာ ကိုယ်တိုင်ဟောသုတ္တန်ဖြစ်သောကြောင့်) ပထမသင်္ဂါယနာတင်ချီန်၌ အရှင်အာနန္ဒာ လျှောက်ထားသောစကားမဖြစ်နိုင်။ အရှင်အာနန္ဒာ လျှောက်ထားသောစကားဖြစ်လျှင် ''ကေမိဒါဟံ ဘန္တေ သယေံ သာဝတ္ထိယံ ဝိဟရာမိ''စသည်ဖြင့်သာ လျှောက်ရာ၏။ ထို့ကြောင့်(သင်္ဂါယနာတင်ပါဠိ၌ ''ကေမိဒါဟံ စသည်မရှိပဲ ''ဧဝံမေသုတံ''စသည်ဖြင့် ရှိသောကြောင့်) ဒုတိယတတိယသင်္ဂါယနာတင်မထေရ်တို့သည် ဧဝံ မေ သုတံစသည်ဖြင့် သုဘသုတ်ကို သင်္ဂါယနာတင်သည်ဟု ထင်သည်။(သာရတ္ထဋီကာ)

ဋီကာဟောင်းဝါဒကို သင့်အောင်ယူဆချက်။ ။သုဘသုတ်ကို အရှင်အာနန္ဒာသည်ပင် ဟောအပ်ပါသော်လည်း သင်္ဂါယနာတင်၍ ပါဠိတော်၌ ထားလိုသော အရှင်မဟာကဿပ အစရှိသောထေရ်တို့သည် အခြားသောသုတ်တို့၌ လာသောနည်းဖြင့်ပင် ''ဧဝံ မေ သုတံ'' စသည်ဖြင့် ပါဠိတော် ထားသည်ဟု ယူလျှင် ဋီကာဟောင်း ဝါဒသင့်စရာရှိပါသည်။

တနည်း–အရှင်အာနန္ဒာမထေရ်သည် သုဘသုတ်ကို ကိုယ်တိုင်ဟောအပ်ပါသော်လည်း သာမညဖလသုတ် စသည်တို့၌ ဘုရားရှင် ဟောတော်မူသောနည်းဖြင့်ပင် ဟောတော်မူပါသည်။ ထိုသို့ မြတ်စွာဘုရား၏ မျက်မှောက်တော်၌ ရခဲ့သောနည်း၌တည်၍ ဟောတော် မူသောကြောင့် ဘုရားရှင် ဟောတော်မူသောတရားကို မိမိ၌မထားလိုရကား''ဧဝံ မေ သုတံ'' စသည်ကို လျှောက်ထားသည်ဟုယူလျှင် သင့်နိုင်ပါသည်။

အနုပညတ္တိနယာ။ ။အနုပညတ္တိနည်းမျှားသည် လောကဝဇ္ဇသိက္ခာပုဒ်တို့၌ ခိုင်မြဲအောင်ပြုခြင်းအကျိုးရှိကြ၍ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့၌ လျှော့အောင်ပြုခြင်း အကျိုးရှိကြပါသည်။

အတ္တတ္ထပရတ္ထာဒိဘေဒေ အတ္ထေ သူစေတိ။ ။သုတ်ဖြင့်သိမ်းယူအပ်သောသိပ္ပ အစရှိသော အကျိုးစီးပွားသည် ထိုသုတ်ကို ရွတ်ဖတ်နာယူ ကြံစီပို့ချ ဟောပြောပြသောပုဂ္ဂိုလ်တို့၏အတွက်

သာမက ထိုပုဂ္ဂိုလ်က, ထိုသုတ်က သူတပါးအတွက် ပြီးစေနိုင်သောကြောင့် သူတပါးအတွက်လည်းဖြစ်နိုင်ပါသည်။ ထို့ကြောင့် အတ္တတ္ထပရတ္ထာဒိဘေဒေ အဏ္ဏော သူဧတိ ဟုဆိုသည်။

[အာဒိဖြင့်– ဒိဋ္ဌမမ်ိကတ္ထ,သမ်ိရာယိကတ္ထ,လောကိယ တ္ထ,လောကုတ္တရတ္ထ အစရှိသောအနက်များကိုယူ။]

အတ္ထသဒ္ဒါ။ ။အတ္ထသဒ္ဒါ, ဟိတ၏ပရိယာယ်ဖြစ်၏။ ဘာသိတတ္ထကိုမဟော ပါ။ ဘာသိတတ္ထ ဟောဟု ယူခဲ့လျှင် "အဏ္ဏော သူဧတိ" အရ ဗြဟ္မဇာလသုတ်သည် အတ္တတ္ထ (မိမိတည်းဟူသော ဗြဟ္မဇာလသုတ်၏အနက်)၊ ပရတ္ထ (ဇပါးသော သာမညဖလ စသောသုတ်၏အနက်)ကို ပြုနိုင်ရာရောက်၏။ ထိုသို့ကား–သူ့သုတ်၏ အနက်မှတပါး အခြားသော သုတ်၏အနက်ကို မပြုနိုင်သောကြောင့် အတ္ထအရ–ဘာသိတတ္ထယူလျှင် ပရတ္ထ အပိုဖြစ်ရာ၏။ တားမြစ်ဖို့ရာ ပရတ္ထမရှိလျှင် အတ္တသဒ္ဒါလည်း အပိုပင်ဖြစ်ရာ၏၊ အတ္တတ္ထ ပရတ္ထအပြင် ဘာသိတတ္ထ မရှိသောကြောင့် ပရတ္ထာဒိဒ္ဒ အာဒိသဒ္ဒါလည်း အပိုပင်ဖြစ်ရာ၏။ ထို့ကြောင့် အတ္တတ္ထ စသည်ဒ္ဒ အတ္ထ အရ ဘာသိတအနက် မယူပဲ ဟိတ အနက်ယူရသည်။

သုက်ဒ္ဒ ဟိတတ္ထမဖြစ်သင့်သောကြောင့် သုတ်တည်ရာပုဂ္ဂိုလ်၏ အစွမ်းဖြင့် အတ္တတ္ထပရတ္ထတို့ကို ဆိုထားသည်။

တနည်း–သုတ္တသဒ္ဒါကိုမငဲ့ပဲ အတ္တတ္ထ စသော အနက်အပြားတို့ကို နဟညဒတ္ထတ္ထိ ပသံသလာဘာ–ဟူသောပုဒ်၏ နိဒ္ဒေသဒ္ဒ–

၁။ အတ္တတ္ထ ၂။ ပရတ္ထ ၃။ ဥဘယတ္ထ
၄။ ဒိဋ္ဌမမ်ိကတ္ထ ၅။ သမ်ိရာယိကတ္ထ
(ဤငါးပါးသည် ဟိတ)
၆။ ဥတ္တာနတ္ထ ၇။ ဂမ်ီဘီရတ္ထ ၈။ ဂုဋ္ဌတ္ထ
၉။ ပဋိစ္ဆန္နတ္ထ ၁၀။ နေယျတ္ထ ၁၁။ နီတတ္ထ
(ဤခြောက်ပါးသည် ဘာသိတတ္ထ)
၁၂။ အနဝဇ္ဇတ္ထ ၁၃။ နိက္ကိလေသတ္ထ ၁၄။ ဝေါဒါနတ္ထ
၁၅။ ဗဟုမတ္ထ

(ဤ)လေးပါးသည် ဟိတတ္ထ ဘာသိတတ္ထ) ဟူ၍ ဖွင့်ဆိုထားပါသည်။

ထိုအတ္ထမျှားကို သုတ်တ္ထအဖြစ်ဖြင့်မည္ကန်ပြအပ်သောကြောင့် သုတ္တသဒ္ဒါကို မင့ဲပဲ (နိဒ္ဒေသဠ) ဖွင့်ဆိုပါ၏သော်လည်း ထိုအတ္ထတို့ကား သုတ်သဒ္ဒါက မပြုနိုင်သော အတ္ထ တခုမျှမရှိပါ။

တနည်း–အတ္တနာစ အပ္ပိစ္ဆာ ဟောတိ စသည်ဖြင့် အတ္တတ္ထကိုလည်းကောင်း၊ အပ္ပိစ္ဆကထဉ္စ ပရေသံ ကတ္တာ ဟောတိ စသည်ဖြင့် ပရတ္ထကိုလည်းကောင်း ပြုပါသည်။

အတ္ထာနံ သူစနတော သုတ္တံ။ ။(ဝိနယ်း, အဘိဓမ္မာတို့မှအထူးပြု၍သုတ္တသဒ္ဒါ၏အနက်ကို ဆိုသောကြောင့်) ဝေနေယျဗျာ-သယ၏ အစွမ်းဖြင့်ဖြစ်သော ဒေသနာဘသာ အတ္တဟိတ ပရဟိတ ပြုမူသည် ပဓာနဖြစ်သောကြောင့် မိမိစီးပွား၊ သူတပါးစီးပွားစသည်တို့ကို လွန်ကဲစွာ ပြုနိုင်ပါသည်။ အာဏာဘော်၏ အစွမ်းဖြင့်ဖြစ်သော ဒေသနာမျှား, ဓမ္မသဘာဝ၏အစွမ်းဖြင့်ဖြစ်သော ဒေသနာမျှားသည် မိမိစီးပွား သူတပါးစီး-ပွား စသည်တို့ကို လွန်ကဲစွာ မပြုနိုင်ပါ။ ထို့ကြောင့် ဤသုတ္တန်ကိုသာ "အတ္ထာနံ သူဝနတော သုတ္တံ" ဟု ဆိုပါသည်။ ထို့ကြောင့် "တ္တေကံ တသ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ သကဝါဒေ ပဋ္ဌသုတ္တသဟာနိ" အစရှိသော ပါဠိရပ်တို့ဠ်ပါသော သုတ္တသဒ္ဒါမျှားသည် ဥပစာ သုတ္တသဒ္ဒါ မျှားဟု မှတ်ပါ။

သုဝုတ္တာ စေတ္ထ အတ္ထာ စသည်။ ။သုဘွန်ဠ် အာဏာခမ္မ သဘာဝတို့သည် ဝေနေယျဗျာသယသို့ လိုက်၍ ဝိနည်း အဘိဓမ္မာတို့ဠ်ကဲ့သို့ ဝေနေယျဗျာသယ က အာဏာခံမ္မသဘာဝတို့သို့ လိုက်ရမည်မဟုတ်ပါ။ ထို့ကြောင့် သုတ္တန်ဒေသနာတော်သည် ဝေနေယျ တို့၏ ကေန် စီးပွားချမ်းသာရမ္မကို ဖြစ်စေဘတ်၏။ ထို့ကြောင့် "သုဝုတ္တာ စေတ္ထ အတ္ထာ" စသည်ကိုဆိုပါသည်။

သန္ဓာယ ဝုတ္တံ။ ။ဝေနေယျတို့၏စီးပွားကို ပြီးစေရာဠ် သုဘွန်ဒေသနာတော်၏ လွန်ကဲသည်၏အဖြစ်ကို သာ ရည်ရွယ်၍ "ကေန္ဒဟိတ-လာဘသံဝတ္တနိကာ သုဘွန္ဒဒေသနာ" ဟုဆိုပါသည်။

သဿမိ ဗလံ။ ။အနုပုဗ္ဗသိက္ခာစသည်၏အစွမ်းဖြင့် ကာလ ကြာမြင့်မှ အကျိုးပြီးမီးခြင်းကို ပြခြင်းငှာ "သဿမိ ဗလံ" ဟုမိန့်။ ဆိုလိုသည်မှာ- ကောက်ပင်မည်သည် စိုက်ပျိုးရာ, ပေါက်ရာ စုဝေးရာ ဧကာဠ်ပင်

အသီးကို မဖြစ်စေပဲ အစဉ်အတိုင်းစောင့်ရှောက်ခြင်း စသည်၏အစွမ်းဖြင့် ကာလကြာမြင့်မှသာ အသီးကိုဖြစ်စေသကဲ့သို့ ထို့အတူ ဤသုတ္တန်သည်လည်း နာယူမှတ်သားခြင်းစသော ခဏဌာန်ပင် အကျိုးကိုမဖြစ်စေနိုင်။ အနုပုဗ္ဗသိက္ခာ စသည်၏အစွမ်းဖြင့် ကာလကြာမြင့်မှသာ အတွေ့တွေ့ပရတ္ထ စသည်ကိုဖြစ်စေနိုင်၏ ဟူလို။

ဓေနုဝိယ ခီရံ။ ။အကြောင်းဥပါယ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့မှာသာအကျိုးပြီးခဲနိုင်ကြောင်းကို ပြလိုသောကြောင့် "ဓေနု ဝိယခီရံ" ဟု မိန့်။

မွေးဖွားသောနွားငယ်ရှိချိန် နို့ကိုဆွဲ၍ ညှစ်သောပုဂ္ဂိုလ်မှာသာ နို့ရည်ရနိုင်၏။ မှန်၏၊ နည်းလမ်းမကျ, အခါမဟုတ် ကလေးမမွေးသော နွားမကို ညှစ်သော် လည်းကောင်း၊ အခါဖြစ်သော်လည်း ဦးချိုကို ကိုင်၍ ညှစ်သော် လည်းကောင်း နို့ရည်မရနိုင်။

တစ္ဆကာနံ သုတ္တံ(၉၀မေတမ္မိ ဝိညူနံ)။ ။တားမျှင်းကြိုးကို(မဲသောကြိုးကို) ဆန့်တန်း၍ အမှတ်အသားပြုအပ်သော် ယူထိုက်စွန့်ထိုက်သည်မျှား ထင်ရှားသကဲ့သို့ ဤအတူ ငြင်းခုံမှုဖြစ်လျှင် သုတ်ကိုဆောင်အပ်သော် ဤအရာကိုယူထိုက်၏။ ဤအရာကိုစွန့်ထိုက်၏။ ဟု ပညာရှိတို့မှာ ထင်ရှားသောကြောင့် ငြင်းခုံမှုငြိမ်းအေးရတော့၏။ဤသို့လျှင် ဤသုတ်သည် ပညာရှိတို့၏ လိုရင်းပမာဏ ဖြစ်သည်။

ယထာစ စသည်။ ။ပန် သီချည်ကဲ့သို့ပမာဏဖြစ်သောကြောင့်လည်းကောင်း၊ သိမ်းယူတတ်သောကြောင့် လည်းကောင်း သုတ္တန်သည် ပန်းသီချည်နှင့်တူပါသည်။ ပမာဏဖြင့်သည်, သိမ်းယူတတ်သည်ဟုဆိုခြင်းမှာ သုတ္တန်ဂါထိုအနက်မျှားကို ထင်ရှားပြမှု ပဓာနဖြစ်သောကြောင့်တည်း။

အဘိဓမ္မာ။ ။အဘိဓမ္မာဟူသည် ဝိနည်းပညတ်တော်နှင့် ရောယှက်ခြင်းမှ ကင်းသောဓမ္မတည်း။ အိပ်မက်၌ သုတ်လွှတ်ရာဝယ် ဝိနည်းအလိုအားဖြင့် အနာပတ္တိဖြစ်သော်လည်း အဘိဓမ္မာအလိုအားဖြင့် အကုသိုလ်စေတနာ ရအပ်သည်သာ။ ဤသို့ စသောနည်းဖြင့် ဝိနည်းပညတ်နှင့် ရောယှက်ခြင်း ကင်းသောကြောင့် အဘိဓမ္မာဟုဆိုရပါသည်။

တနည်း—တရားတို့၏ပင် (တရားတို့သည်ပ) ရှေ့နောက် မဆန့်ကျင်သော ကြောင့် တရားတို့၏ပင် အချင်းချင်း ရောယှက်ခြင်းမှကင်းသော မမှီဟု ဆိုကြကုန်၏။ "ပါဏာတိပါတော အကုသလ" စသည်တို့၌ သေစေလိုသော စိတ်ရှိ၍ ဇီဝိတိန္ဒြေကိုဖြတ်ကြောင်း ပယောဂကိုဖြစ်စေတတ်သော စေတနာ သည် အကုသိုလ်မည်၏။ ပါဏာဟုဆိုအပ်သော ဇီဝိတိန္ဒြေကိုဖြတ်မှုပယောဂ သည် အကုသိုလ်မမည်ပါ၊ သူတပါးဥစ္စာကိုယူကြောင်းစိညတ်သည် အဗျာ-ကာ မည်၏၊ ထိုစိညတ်ကိုဖြစ်စေတက်သောထေယျစေတနာသည် အကုသိုလ် မည်၏။ ဤသို့စသည်ဖြင့်လည်း အချင်းချင်းရောယှက်ခြင်းမှကင်းသော ဓမ္မဟု အာဘိဓမ္မပုဒ်၏ အနက်ကိုသိပါ။

အဘိဝိနးယ။ ။ရှေ့ဌေးမင်ရဟု ပြောဆိုသူသည် ဝိနယ၌ ဆုံးမသည် မည်၏။ ထိုသို့ကိုင်ရာ၌ ဤသို့ကိုင်လျှင်ပါစိတ်, ဤသို့ကိုင်လျှင် ဒုက္ကဋ်အာပတ် ဟု ပြောဆိုသူသည် အဘိဝိနယ၌ ဆုံးမသည်မည်၏။ ထို့ကြောင့် သူတပါးပိုင် ရှေ့ဌေးကို ထေယျစိတ်ဖြင့် သူသောသူအား ဝတ္ထုအားလျှော်စွာ ပါရာဇိက, ထုလ္လစ္စည်း, ဒုက္ကဋ်၊ ဘဏ္ဍာစိုး အနေဖြင့်ခံယူလျှင် ပါစိတ်၊ မိမိအတွက်ခံယူလျှင် နိဿဂ္ဂိပါစိတ်၊ လက်ဆောင်သောအားဖြင့် ကိုင်ကြသ့်လျှင် အနာမာသဒုက္ကဋ်၊ ရူပိယဆဋ္ဌကသမ္ပုတ်ရှိ ရသူမှာ အနာပတ္တိဟု အချင်းချင်းရောယှက်ခြင်းမှကင်း သော ဝိနည်းအာရာဓ်လည်း ဆုံးမခြင်းငှာ စွမ်းနိုင်ပါ၏၏ဟု အနက်မှတ်ပါ။

အဘိရာဇာ အဘိဝိနယော။ ။"အဘိက္ကမန္တိ အဘိညာတာ အဘိလက္ခိတာ အဘိက္ကန္တေန" တို့၌ ဥပသာရသည် ကိရိယာ ဝိသေသကဖြစ်သောကြောင့်သင့်တန်သော်လည်း "အဘိရာဇာ အဘိဝိ၊ ယော၌ ပူဇိတ, ပရိစ္ဆိန္နရာဇဝိနယတို့၌ အဘိသဒ္ဒါဖြစ်သောကြောင့် အာယယ်သုံ့လျှင် သင့်ပါ၏မည်နည်းဟု မေးဖွယ်ရှိ၏။

အဖြေကား—အဘိရာဇာ အဘိဝိနယောတို့၌ ပူဇနကိရိယာ, ပရိစ္ဆေဒန ကိရိ ယာတို့ကို ပြုနိုင်သောကြောင့်လည်းကောင်း၊ ထိုကိရိယာတို့နှင့် ရာဇဝိနယတို့ ယှဉ်သောကြောင့်လည်းကောင်း အပြစ်မရှိသင့်သည်သာ။ ဒေ တိမာလာစသည် တို့၌ အတိသဒ္ဒါကဲ့သို့ အဘိသဒ္ဒါသည် သာဓနနှင့်တကွ ကိရိယာကိုဟောနိုင် သောကြောင့် အဘိရာဇာ အဘိဝိနယောသဒ္ဒါမျှား ဖြစ်နိုင်လည်း။

အဝိသိဋ္ဌံ။ ။ဝိနယအစရှိသော သဒ္ဒါသုံးခုတို့သည် အချင်းချင်း မဆက်ဆံ သောကြောင့် ဝိသိဋ္ဌမည်၍ ပိဋကသဒ္ဒါကား ထိုဝိနယ စသော သဒ္ဒါသုံးခုတို့နှင့်လည်း ဆက်ဆံသောကြောင့် အဝိသိဋ္ဌမည်၏။

ကုဒါလဲပိဋက။ ။မြေကို ဖေါက်ခွဲကြောင်းဖြင့်သော သံဖြင့်ပြီးသော အဆောက်အအုံ အထူးသည် "ကုဒါလ" မည်၍ ထန်းရွက် ကြိမ်နွယ်စသည်တို့ဖြင့်ရက်အပ်သော တောင်းအထူးသည် "ပိဋက" မည်၏။

ဒေသနာ, သာသနာ, ကထာတို့၏အဓိပ္ပါယ်။ ။ဟောထိုက်သောအနက်တို့ကို ဒေသက ပုဂ္ဂိုလ်နှင့် စပ်သော အာဏာစသောအစီအရင်ဖြင့် သိစေခြင်းသည် "ဒေသနာ" မည်ပါသည်။

ဆုံးမထိုက်သောပုဂ္ဂိုလ်၌ဖြစ်သော ယထာပရာဓအစရှိသော ဆုံးမထိုက်သူ၏ အကြစ်ကြောင့် ဆုံးမခြင်းသည် "သာသနာ" မည်၏၊

ဟောထိုက်သော သံဝဏ သံဝရ စသော အနက်ကိုဟောခြင်း, စကားဝါကျ ဆက်စပ်အောင် ပြုခြင်းသည် "ကထာ" မည်၏၊

ဒေသနာ, သာသနာ, ကထာတို့၏အထူး။ ။

၁။ ဟောတော်မူတတ်သော မြတ်စွာဘုရားကိုင်ရှိ၍ ဒေသနာ၊

၂။ ဆုံးမထိုက်သောပုဂ္ဂိုလ်၏အစွမ်းဖြင့် သာသနာ၊

၃။ ဟောထိုက်သောအနက်၏အစွမ်းဖြင့် ကထာမည်ကြပါသည်။

ဒေသနာစသောအပြားကိုဆိုရခြင်း။ ။ဒေသနာ စသည်တို့သည် ဒေသေ တဗ္ဗ စသည်ဘို့ကိုမင့်ပဲ ဖြစ်နိုင်ကုန်သော်လည်း အာဏာစသည်တို့သည် အထူးအားဖြင့် ဒေသကပုဂ္ဂိုလ် စသည်တို့နှင့် ဆက်စပ်၏။ ထို့ကြောင့် (အာဏာစသော) အဆူးနှင့်ယှဉ်ခြင်း၏ အစွမ်းဖြင့် ဒေသနာစသောအပြားကို ဆိုရပါသည်။

ပရိဒီပနာ ဝိဘာဝနာ။ ။ဒေါက်ပါဂါထာ၌ဆိုခဲ့သော စကားအားလျှော်အောင် ဆိုပါသည်။ အနက်အားဖြင့်ကားမထူးပါ။

အာဏာရဟေန။ ။မြတ်စွာဘုရားသည် သဗ္ဗညုတညာဏ်ရှင် မဟာကရုဏာ ဉာဏ်ရှင် ဖြစ်သည့်အတွက် ဖေါက်မပြန်စီးပွားမှုနှင့်ကို ညွှန်ပြတတ်သူ၏အကြစ်ကြောင့် ပမာဏရှိသော စကားရှိသောကြောင့် အာဏာ ထားခြင်းငှာ ထိုက်တော်မူပါသည်။

အာဏာဗာဟုလ္လတော။ ။ဝေါဟာရပရမတ္ထမျှားလည်း ရှိသော ကြောင့် "အာဏ ဗာဟုလ္လတော" ဟု ဆိုပါသည်။

အဗ္ဗာသယ။ ။အဗ္ဗာသယအရ ဥာဏ်နှင့် ဒိဋ္ဌိကိုယူပါ။ အပြားအားဖြင့် ၁၀းပါးရှိပါသည်။ ထိုစကားကို ခဲ့ဦးအုံ့။ ရှေးစရိုက်၏ အစွမ်းဖြင့် နောင်အခါ အကြောင်းရှိသော် ဖြစ်ထိုက်သော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဟု ဆိုအပ်သော မိစ္ဆာဒိဋ္ဌိနှစ်ပါး၊ သစ္စာနုလောမိကဥာဏ်, ကမ္မဿကတဥာဏ် ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိနှစ်ပါးကို "အာသယ" ဟု ဆိုပါသည်၊

သဿတုစ္ဆေဒဒိဋ္ဌိစ၊ ခန္ဓိ၀ေ၀ါနုလောမိကာ။
ယထာဘူတဥ္စ ယံဉာဏံ၊ တေ အာသယသညိတံ။

အနုသယ။ ။ကြွက်ဆိပ်ကဲ့သို့အကြောင်းရသော် ဖြစ်ထိုက်သော အနာဂတ် ကိလေသာမျှားသည် မုချအားဖြင့် အနုသယမည်၏။ ကာလ ကဲ့ပြားမှုကြောင့် တရားတို့၏သဘော၀ကဲ့ပြားမှုမရှိပါ။ ထို့ကြောင့် အတိတ် ကိလေသာ, ပစ္စုပ္ပန်ကိုးလသာမျှားကိုလည်း ဥပစာရအားဖြင့် "အနုသယ" ဟု ဆိုပါသည်။

စရိုက်။ ။ရာဂစရိုက်စသော မူလစရိုက် (၆) ပါး၊ အနွှဲရဘောဒအားဖြင့် မျှားသောအပြားရှိ၍ ရောနှောခြင်း၏အစွမ်းဖြင့်(၆၃)ပါး အပြား ရှိပါသည်။

တနည်း—သုစရိုက်, ဒုစရိုက်, အားဖြင့် (၂) ပါးပြား၏။

အဓိမုတ္တိ၊ ။ယနေ့ပင် ရှင်ပြုအုံ့၊ ယနေ့ပင် အရဟတ္တဖိုလ်ကို ယူတော့အုံ့ စသည်ဖြင့် အရဟတ္တဖိုလ်ဌာ်ညွှတ်ကိုင်းသည်၏အဖြစ်ဖြင့်ဖြစ်သော ဆုံးဖြတ်ချက်သည် အဓိမုတ္တိမည်၏ ဟု ဂဏ္ဌိပဒဋ္ဌ ဆို၏။ ဦးကာဟောင်းဆရာ ကား သတ္တ၀ါတို့၏ ရှေးဘ၀ရိုက်၏အစွမ်းဖြင့် အလွန်နှစ်သက်ခြင်းသည် အဓိ-မုတ္တိမည်၏ဟုဆို၏။ ထိုအဓိမုတ္တိသည် ဟီန, ပဏီတ အားဖြင့်(၂)ပါးအပြား ရှိ၏။

သံ၀ရသံ၀ရော။ ။သံ၀ရဏံ သံ၀ရော- ကိုယ်နှုတ်တို့ဖြင့် မကျူးလွန်မှု၊ မဟန္တော သံ၀ရော အသံ၀ရော၊ အသဒ္ဓါ ဝုဋ္ဌိအနက် ဟော၊ သံ၀ရော စ အသံ၀ရော စ သံ၀ရသံ၀ရော။

သုတ္တန္တပိဋကေ အဓိစိတ္တသိက္ခာ။။ သုတ္တန်ပါဠိတော်၌ "ဝိဝိဓစ္စဝ ကာမေဟိ" စသည်ဖြင့် သမာဓိဒေသနာများသော ကြောင့် "သုတ္တန္တပိဋကေ အဓိစိတ္တသိက္ခာ" ဟုဆိုပါသည်။

ဝိတိက္ကမပဋိပက္ခတ္တာ သီလဿ။ ။အနုသယ၏ အစွမ်းဖြင့် အစဉ်ကိန်းဝပ်ကုန်သော ကိလေသာတို့သည်အကြောင်းကိုရသော် သကြွကုန်ပါသော်လည်း သီလပျက်မည့်အရေးကြောင့် လွန်ကျူးမှုမရကြပါ။ ထို့ကြောင့် "ဝိတိက္ကမပဋိပက္ခတ္တာ သီလဿ" ဟုမိန့်ပါသည်။

ကိလေသာနံ။ ။ကိလေသာ(၁၀)ပါးဟူသော သံကိလေသာ။ တနည်း-ဝိနည်းအရာဖြစ်သောကြောင့် ကိုယ်မှုနှုတ်မှုကိုဖြစ်စေသော ကံ-ကိလေသာကိုကောက်ပါ။

ပရိယုဋ္ဌာနပဟာနံ။ ။အခွင့်ပေးသော အားဖြင့် ကိလေသာတို့၏ စိတ်ဌာကုသိုလ်ဖြစ်ခွင့်ကိုကုန်စေ၍ ထကြွခြင်းသည် ပရိယုဋ္ဌာနမည်၍ စိတ်အဇဉ်ဌ ဖြစ်ခြင်း၏ အစွမ်းဖြင့် ကိလေသာတို့၏ ထကြွမှုကို ပယ်ခြင်းသည် ပရိယုဋ္ဌာနပဟာန မည်၏။

အနုသယဟူသည်။ ။မပယ်ရသေးသည့်အတွက် သန္တာန်၌ အစဉ်ကိန်းဝပ်နေကြသော အကြောင်းကိုရသော် ဖြစ်ထိုက်သော အနုသယများတည်း။ ထိုအနုသယတို့ဟူသည် လျှော်သောအကြောင်းကို ရ၍ဖြစ်ထိုက်သော အားအစွမ်းသို့ရောက်သော ကာမရာဂစသော ကိလေသာ(၇)ပါးတည်း။

အနုသယပဋိပက္ခတ္တာ ပညာယ။ ။ထို အနုသယ ကိလေသာတို့ကို လည်းအလုံးစုံသော အချင်းအရာ အားဖြင့် အရိယမဂ်ပညာဖြင့် ပယ်အပ်သော်ကြောင့် "အနုသယပဋိပက္ခတ္တာ ပညာယ" ဟုမိန့်ပါသည်။

တဒင်္ဂပဟာနံ။ ။ဆိမ်းရောင်ဖြင့် အမိုက်မှောင်ကိုပယ်ဖျောက်သကဲ့သို့ ဒါနစသော ပုညကိုရိယဝတ္ထုဌ၌ဖြစ်သော ထိုထိုကုသိုလ်အစိတ်အပိုင်းဖြင့် ထိုထိုအကုသိုလ်အစိတ်အပိုင်းကို ပယ်ခြင်းသည် တဒင်္ဂပဟာန် မည်၏။ ဤကား-နေရာအားလုံး၌ တဒင်္ဂပဟာန် သုံးစွဲပုံတည်း။

ဤဝိနည်းအရာ၌ကား-ထိုထိုသုသီလ အစိတ်အပိုင်းဖြင့် ထိုထိုဒုဿီလ အစိတ်အပိုင်းကို ပယ်ခြင်းဟာသည် တဒင်္ဂပဟာန် မည်၏ဟုမှတ်ပါ။

ဝိကွပ္ပနသံမုဋ္ဌေဒပဟာနာနိ။ ။ဥပစာရသမာဓိ, အပ္ပနာသမာဓိဖြင့် နိဝရဏစသည်တို့၏ဖြစ်ခြင်းကိုတားမြစ်သောအားဖြင့် (အိုးဖြင့်ပုတ်ခတ်ခြင်းဖြင့် ရေအပြင်ဌာရှိသောမှော်ကို ပယ်ရှားသကဲ့သို့) ထိုထိုနိဝရဏဘာရားတို့ကိုပယ်ရှားသောအားဖြင့် ပယ်ခြင်းသည် "ဝိကွမ္ဘနပဟာန်" မည်၏။

အရိယာမဂ်လေးပါးတို့ကို ပွားများပြီးဖြစ်သောကြောင့် ထိုထိုမဂ်ရှိသော ပုဂ္ဂိုလ်၏သန္တာန်ဌ သမုဒယအသင်းဝင် ကိလေသာအပေါင်းကို စင်ကြယ်မဖြစ်ခြင်းဟု ဆိုအပ်သော အကြင်းမဲ့ ပယ်ခြင်း၏ အစွမ်းဖြင့် ပယ်ခြင်းသည် "သမုစ္ဆေဒပဟာန်" မည်၏။

ဒုစ္စရိတကိုလေသပဟာနံ။ ။ဒုစ္စရိုက်အရ ကာယဒုစရိုက်, ဝစီဒုစရိုက် နှစ်ပါးကိုယူ။

တဏှာသံကိလေသ ပဟာနံ။ ။သမာဓိသည် ကာမစ္ဆန္ဒနှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် သုတ္တန်ပိဋကတ်တဏှာသံ-ကိလေသာကို ပယ်ခြင်း ကိုဟောပါသည်။

ဒိဋ္ဌိသံကိလေသ ပဟာနံ။ ।အတ္တစသည်မှ လွတ်သောဝေဒနာကို ထင်စွာပြတတ်သောကြောင့် အဘိဓမ္မာပိဋကတ် ဒိဋ္ဌိသံ-ကိလေသကို ပယ်ခြင်းကိုဟောပါသည်။

ဓမ္မောတိ ပါဠိ။ ။မြတ်ကုန်သောသီလစသောအနက်တို့ကို သိစေတတ်သောကြောင့် လည်းကောင်း၊ သဘာဝနိရုတ္တိဖြစ်သောကြောင့် လည်းကောင်း၊ ဘုရားစသောပုဂ္ဂိုလ်တို့သည် ဟောတော်မူအပ်သောကြောင့် လည်းကောင်း မြတ်သော စကားအဖွဲ့အနွဲ့တို့၏ အစဉ်သည် ပါဠိမည်၏။ ထိုပါဠိအရ ပရိယတ္တိဓမ္မကိုကောက်ယူရပါမည်။ (ပကဋ္ဌာနံ အာဠိ ပါဠိ) တနည်း–ဘုရားရှင် ဟောအပ်သောအတ္ထနှင့် ဝေါဟာရတို့ကို ထင်စွာပြတတ်သော သဒ္ဒါသည်သာ ပါဠိမည်၏ဟု ဂဏ္ဌိပဒဋ္ဌဆို၏။

သီဟဠဂဏ္ဌိပဒဝါဒ။ ။သဘာဝတ္ထနှင့် သဘာဝဝေါဟာရ တို့အား လျှော်အောင် ဘုရားရှင်သည် စိတ်တော်ဖြင့်ပိုင်းခြား သတ်မှတ်အပ်သော ပညတ်တော်ကို ပါဠိဟု ဆိုရမည်။

အသက်ဂဏ္ဍိပဒဆရာအမိန့်အတိုင်း သဒ္ဒါသည်သာပါဠိဖြစ်ခဲ့လျှင် ပါဠိနှင့် ဒေသနာသည် ထူးသင့်ပါ၏။ သို့သော် စိတ်တော်ဖြင့် ပိုင်းခြားသတ်မှတ်အပ်သော ပါဠိနှင့်ဒေသနာမှာ နှုတ်မြွက်မှုပြုခြင်းမျှသာထူး၍ အခြားအထူးမရှိပါ။ ထို့ကြောင့် သဒ္ဒါသည်သာ ပါဠိမဖြစ်သင့်ပါ။ အထက်၌ "ဒေသနာတို့ ပညတ္တိ" ဟု ဖွင့်ဆိုအပ်သောကြောင့် ဒေသနာတော်မှ တမျိုးမဟုတ်သည့် အတွက် ပါဠိ၏ပညတ်ဖြစ်ကြောင်းကို ဆိုပြီးဖြစ်ပါသည်၊

သည်သာမကသေး ဒေသနာသည် ပါဠိမှတခြားသာဖြစ်ခဲ့လျှင် "ပါဠိယာစ ပါဠိအတ္ထသစ ဒေသနာယစ ယထာဘူတာဝဗောဓော" ဟု အဋ္ဌကထာဆရာ ဖွင့်ရာ၏။ သို့သော် ထိုသို့မဖွင့်ပဲ "ပါဠိယာစ ပါဠိအတ္ထသစ ယထာဘူတာဝ-ဗောဓော" ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုသောကြောင့် ပါဠိနှင့် ဒေသနာမှာ တခြားမဟုတ် အတူဖြစ်ကြောင်းကိုပြပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်၌ "ဒေသနာ နာမ ပညတ္တိ" ဟု ပြလျက် ဒေသနာမှ အခြားမဟုတ်သောကြောင့် ပါဠိ၏ပညတ်ဖြစ်ကြောင်းကို ဆိုပြီးပင်ဖြစ်ပါသည်။

ဓမ္မနှင့်ဒေသနာအထူး။ ။သဒ္ဒါသည်သာ ပါဠိမည်၏ဟူသော်ဝါဒ၌ ဓမ္မယည်လည်း သဒ္ဒါသဘော ရှိသောကြောင့် ဓမ္မနှင့် ဒေသနာ အဘယ်သို့ထူးသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား-ထိုထိုအနက်တို့ကို သိစေတတ်သည်၏အဖြစ်ဖြင့် ထင်ရှားသောသင်ယူခြင်း စသည်တို့၏ အစွမ်းဖြင့်လည်း မဟောမီ ရှေ့အဖို့၌ ပိုင်းခြားသတ်မှတ်အပ်သော သဒ္ဒါ အဖွဲ့အနွဲ့သည် မမှမည်၍ နောင်အခါ သူတပါးတို့ကို သိစေခြင်းအကျိုးငှာ ဖြစ်စေအပ်သော ထိုအနက်ကို ထင်ရှားပြုတတ်သောသဒ္ဒါသည် ဒေသနာမည်၏ဟုမှတ်ပ။ ဤကား-ပုရမတ္ထဝါဒီတို့၏ အဆိုတည်း။

တီသုပိ စေတသု ဧတေ ဓမ္မတ္ထဒေသနာပဋိဝေဓာ။ ။အဋ္ဌ, ဒေသနာ, ပဋိဝေဓ သုံးပါးတို့သည် ပါဠိဟူသော တည်ရာရှိကြသောကြောင့် ဝိနည်းပိဋကတ် စသည်တို့သည် အတ္ထ, ဒေသနာ, ပဋိဝေဓတို့၏ အာဓာရဖြစ်သင့်ပါသည်။ ပိဋကတ်တို့ဟူသည်ကား ပါဠိတို့ပင်ဖြစ်သောကြောင့် ပိဋကတို့၏ မမှ၏ အာဓာရဖြစ်မှုသည် အဘယ်သို့ သင့်ပါမည်နည်းဟု စောဒနာပွယ်ရှိ၏။

အဖြေကား-အပေါင်းပါဠိသည် အစိတ်ပါဠိ၏ အာဓာရ ဖြစ်နိုင်သောကြောင့် သင့်၏။ "ရုက္ခ သာခါ" ဟူရာ၌ကဲ့သို့ဟုတည်း။

ဝိနယာဒိဂမ္ဘီရ။ ။ဓမ္မ စသော လေးပါးတို့သည် ဒုက္ခာဂါဟာဖြစ်သော ကြောင့် ထိုဓမ္မစသည်တို့ကြောင့် ဝိနည်းစသည်တို့သည် ဂမ္ဘီရဖြစ်ကြ၏။ ထို့ကြောင့် ဝိနည်းစသည်တို့အတွက်လည်း ဂမ္ဘီရဘော လေးမျိုးကိုဆိုထားပါသည်။ ထို့ကြောင့် ဓမ္မစသော လေးပါးတို့သည်သာ ဒုက္ခာဂါဟာဖြစ်သောကြောင့် ဂမ္ဘီရဖြစ်ကြပါသည်။ ဝိနည်းစသည်တို့သည် ဂမ္ဘီရမဖြစ်ဟု မစောဒနာသင့်ပါ။ အဘယ်ကြောင့်နည်း-မိမိကိုအကြောင်းပြုသောအားဖြင့်လည်းကောင်း၊ ဝိသယ ဝိသယီကို အကြောင်းပြုသောအားဖြင့်လည်းကောင်း ဝိနည်းစသည်တို့၏သာ ဂမ္ဘီရအဖြစ်ကို ဆိုထားသော ကြောင့်တည်း။

ဒုက္ခာဂါဟာ။ ။ဓမ္မ,အတ္ထတို့ကို ထိုးထွင်းရှာသိမှုကို ခဲယဉ်းစွာပြုအပ်သော ကြောင့် ဓမ္မအတ္ထတို့၏ ဒုက္ခာဂါဟာ အဖြစ်ကိုလည်းကောင်း၊ ဒေသနာဉာဏ်ကို ခဲယဉ်းစွာပြုအပ်သောကြောင့် ဒေသနာဉာဏ်၏ ဒုက္ခာဂါဟာ အဖြစ်ကိုလည်းကောင်း၊ ထိုးထွင်းရှာသိတတ်သောဉာဏ်ကိုဖြစ်စေခြင်းငှာ မစွမ်းနိုင်သောကြောင့်လည်းကောင်း၊ ထိုပဋိဝေဓကို အာရုံပြုသော ဉာဏ်ဖြစ်ဖို့ရန် ခဲယဉ်းစွာပြုအပ်သောကြောင့်လည်းကောင်း၊ ထိုပဋိဝေဓ၏ ဒုက္ခာဂါဟာ အဖြစ်ကိုလည်းကောင်း သိပါ။

အလဗ္ဘနေယျပတ္ထိဋ္ဌာစ။ ။ဘစိတ်တဒေသ အားဖြင့် သက်ဝင်နိုင်ပါကုန် သော်လည်း (သမုဒ္ဒရာဝယ် ယုံသူငယ် မထောက်တည်နိုင်သကဲ့သို့) ပညာနည်းသူတို့သည် ထောက်တည်ရာကိုရခြင်းငှာ မစွမ်းနိုင်သောကြောင့် "အလဗ္ဘနေယျပတိဋ္ဌာစ" ဟု မိန့်ပါသည်။

ဓမ္မောတိဟေတု။ ။အတ္ထနော ဖလံ ဒဟတိ ဝိဒဟတီတိ ဓမ္မော(ဟေတု)။

အတ္ထောတိ ဟေတုဖလံ။ ။ဟေတုအနုသာရေန အရိယတို့ အဓိဂမိယတိ သမ္မာပုဏိယတီတိ အတ္ထော။

ယထာဓမ္မံ။ ။ဓမ္မအရ အကြောင်းအကျိုး နှစ်မျိုးလုံးကိုယူပါ။ မှန်၏။ ဓမ္မ သဒ္ဒါ သဘာဝ ဝါစကဖြစ်၍ ပရိယတ္တိဟေတုဘာဝကိုမဂဟော ပါ။ ယထာဓမ္မံ-အကြင်အကြင် အဝိဇ္ဇာ အစရှိသော အကြောင်းသမဘာ သခ်ါရအစရှိသော အကျိုးသဘော၌၊ ဝါ-အားလျော်စွာဟု အနက်ပေးပါ။

အဓိပ္ပာယော။ ။ဒေသနာတော် ပညတ္တိ ဟူသော ဤစကားကို မဖောက်မပြန် ဟုတ်မှန်စွာ ရှုတ်ဆိုအပ်သော ပရမတ္ထသဒ္ဒကို ရည်ရွယ်၍ ဆိုပါသည်။ ထိုပရမတ္ထသဒ္ဒမှ လွတ်သော ပညတ်ကို ရည်ရွယ်၍ဆိုသည်မဟုတ်

ပါဟူသော အဓိပ္ပာယ်ကို "အဓိပ္ပာယော" ဟူသော ပါဠိဖြင့် ပြပါသည်။ ဤကား-သဒ္ဒဝါဒီတို့၏ ယူဆချက်တည်း။

ပညတ္တိဝါဒီဆရာတို့ကား-"ဓမ္မာဘိလာပေါ"ဟူ သော ဤပါဠိ အဘိ-လာပ သဒ္ဒါကို "အဘိလပ္ပတိတိအဘိလာပေါ" ဟု ဝစနတ္ထပြု၍ သဒ္ဒါကိုသာ ကောက်၍ ပညတ်ကိုမကောက်ရသော်လည်း သဒ္ဒါကိုဆိုအပ်သော် ထိုသဒ္ဒါ အား လျော်သောပညတ်ကိုယူ၍ ထိုပညတ်ဖြင့် ပြအပ်သောဓမ္မနက်ကို သိရ သောကြောင့်သဒ္ဒါကိုဆိုလျှင် ထိုသဒ္ဒါအားလျော်သောပညတ်ကိုလည်း ကာ ရဏူ-ပစာအားဖြင့် ဆိုပြီးဖြစ်ပါသည်။

တနည်း-"ဓမ္မာဘိလာပေါတိ အတ္ထော" ဟု မဖွင့်ဆိုပဲ "ဓမ္မာဘိလာပေါတိ အဓိပ္ပာယော" ဟု ဖွင့်ဆိုသောကြောင့် ဒေသနာမည်သည် သဒ္ဒါမဟုတ်ဟု ပြပြီးပင်ဖြစ်သည်ဟု ဆိုကြသည်။

သောစ၊ ပေ၊ အဝဗောဓော။ ။"လောကိယလောကုတ္တရော"ဖြင့် အဘိ-သမယ (၂)မျိုးပြားကြောင်းကိုပြပါသည်။ "ဝိသယတော အသမ္မောဟတော" ဖြင့် သိပုံအပြားကို ပြ၏။ "ဓမ္မသု အတ္ထေသု ပညတ္တီသု" ဖြင့် အဘိသမယ၏ အာရုံကိုပြ၏။ အဝဗောဓောဖြင့် အဘိသမယ၏ အရကောက်သဘာဝကိုပြ၏။

ဝိသယတော။ ။အတ္ထာနုရူပံ ဓမ္မေသု-အ ကျိုး စ သည် အား လျော် စွာ အကြောင်းစသည်တို့၌ ထိုးထွင်း၍သိခြင်းမည်သည် အဝိဇ္ဇာ စသောအကြောင်းကို အာရုံပြုသော သင်္ခါရစသောအကျိုးကို အာရုံပြုသော ထိုအကြောင်းအကျိုး နှစ်မျိုးကို သိစေတတ်သောပညတ်ကို အာရုံပြုသော လောကိအဝဗောဓ တည်း။

အသမ္မောဟတော။ ။အကျိုးစသည်အားလျော်စွာ အကြောင်းစသည်တို့၌ ထိုးထွင်း၍သိခြင်းမည်သည် နိဗ္ဗာန်ကို အာရုံပြုသော, မဂ်နှင့်ယှဉ်သော, အကြောင်းအကျိုးပညတ်တို့၌ တွေဝေမှုကို ဖျက်ဆီးတတ် သော လောကုတ္တရာအဘိသမယဘည်း။

အတ္ထာနုရူပံ ဓမ္မေသု။ ။အဝိဇ္ဇာသည်အကြောင်း, သင်္ခါရတို့သည်အကျိုး, သင်္ခါရတို့ကို အဝိဇ္ဇာသည် ဖြစ်စေအပ်၏။ ဤသို့ အကျိုးအားလျော်စွာ အကြောင်းတို့၌သိပါသည်။

ဓံမ္မာနုရူပံ အတ္ထေသု။ ။အဝိဇ္ဇာကြောင့် သင်္ခါရတို့ ဖြစ်ကြသည်။ ဤသို့ စသည်ဖြင့် အကြောင်းအားလျော်စွာ အကျိုးတို့၌ သိခြင် တည်း။

ပညတ္တိပထာနုရူပံ ပညတ္တိသု။ ။ဒေသနာဟူသောပညတ်ဖြင့်ဟောအပ်လတ္တံ့ သော တရားတော်အားလျော်စွာ ဒေသနာ ပညတ်တို့၌ သိခြင်းတည်း။

ဒုက္ခောဂါဟံ။ ။အဝိဇ္ဇာစသောအကြောင်း, သင်္ခါရစသောအကျိုးတို့သည် ထိုးထွင်း၍ သိဖို့ခဲယဉ်းသောကြောင့် ဒုက္ခောဂါဟဖြစ်၏။ ထိုအဝိဇ္ဇာ စသောတရားတို့ကိုပင် ပညတ် (သိစေ)ဖို့ ဟောပြောဖို့ရာ လည်း ခဲယဉ်း၏။ ထို့ကြောင့် ဒေသနာဟူသော ပညတ်တော်အတွက်လည်း ဒုက္ခောဂါဟ ဖြစ်၏။ ပဋ္ဌိဝေဓဉာဏ်ကား သတ္တဝါတို့သန္တာန်၌ ဖြစ်ဖို့ရာခဲယဉ်းခြင်း, ထိုဉာဏ်ကိုပင် တဖန်လိုက်၍ အာရုံပြုဖို့လည်း ခဲယဉ်းခြင်းကြောင့် ဒုက္ခောပါဟ ဖြစ်သည်။

ပရိယတ္တိ။ ။ပရိယတ္တိ-သင်ယူခြင်း၊ တနည်း-"ဒုဂ္ဂဟိတာဉပါ ရမ္ဘာဒိဟေတု ပရိယာပုဋ္ဌာ အလဂဒ္ဒူပမာ" စသောအကျယ်အဖွင့်စကားနှင့် အညီ သင်ယူအပ်သောပါဠိဟု အနက်နှတ်ပါ။ (အလဂဒ္ဒအရ- မြွေကိုသာမက မြွေဖမ်းခြင်းတိုင်အောင်ယူပါ။)

ဘဏ္ဍာဂါရိကပရိယတ္တိ။ ။ဘဏ္ဍာဂါရေ နိယုတ္တော ဘဏ္ဍာဂါရိကော။ ဘဏ္ဍာဂါရိဒကာဝိယ ဘဏ္ဍာဂါရိကော(တရား ရတနာ စောင့်သူ)။

ဘဏ္ဍာဂါရိကဿ ပရိယတ္တိ ဘဏ္ဍာဂါရိက ပရိယတ္တိ။

ဉပါရမ္ဘာဒိဟေတု ပရိယာပုဋ္ဌာ။ ။ဒုဂ္ဂဟိတအဖြစ်ကို (မကောင်းသင်ပုံကို) အကျယ်ပြလို၍ "ဉပါရမ္ဘ ဒိဟေတု ပရိ ယာပုဋ္ဌာ"ဟု မိန့်ပါသည်။

အာဒိသဒ္ဒါဖြင့် ကွတိဝါဒ,ပါမောက္ခ စသော အကြောင်းကြောင့် သင်ယူခြင်း, သာဝတသက္ကာရ စသော အကြောင်းကြောင့်သင်ယူခြင်းကိုလည်း ယူရမည်ဟုမှတ်ပါ။

မေးဖွယ်။ ။အလဂဒ္ဒသုတ်၌ ကောင်းသောသင်ယူခြင်းကိုလည်း မြွေအဖမ်းတတ်၍ မရဏ, မရဏမတ္တဒုက္ခသို့ မရောက်ပုံကို ဥပမာပြုတော်မူ၏။ ထို့ကြောင့် ဤနိဿရဏတ္ထနှင့် ဘဏ္ဍာဂါရိက ပရိယတ် ကိုလည်း "အလဂဒ္ဒူပမာပရိယတ္တိ" ဟုနာမည်မှည့်သင့်သည်မဟုတ်ပါလောဟု **မေးဖွယ်** ရှိ၏။

အဖြေကား– ကောင်းသောသင်ယူခြင်း၌ ရဟန္တာ မဖြစ် သေးသူ၏ သင်ယူမှု နိဿရဏတ္ထပရိယတ်၊ ရဟန္တာဖြစ်ပြီးသူ၏ သင်ယူမှု ဘဏ္ဍာဂါရိက ပရိယတ်တို့ကို သီးခြားယူထားပြီးဖြစ်သောကြောင့်ပါရိသေသ နည်းအားဖြင့် မကောင်းသော သင်ယူခြင်းကိုသာ "အလဂဒ္ဒူပမာ ပရိယတ္တိ" ဟု သိအပ်ပါသည်။

ဟတ္ထ စသည်။ ။လက်ကောက်ဝတ်မှ လက်ဖျားတိုင်အောင်ကို "ဟတ္ထ" အရုယူ၍ လက်မောင်းဖျားနှင့်တကွ (ဟတ္ထမည်သောအရုပ်မှ) ကြွင်းသောအရုပ်ကို "ဗာဟာ" အရယူပါ။

အချို့နေရာမျှ ၏ဌာ၊ ဝတောင်ဆင်မှစ၍လက်သီးဖျာ တိုင်အောင်ကို "ဟတ္ထ" ဟု ဆိုသေး၏။

အတ္ထံ နဥပမဂ္ဂဏ္ဍိ။ ။ဤနေရာ၌ သီလကိုဟော၏၊ ဤနေရာ၌ သမာဓိကို ဟော၏၊ ဤနေရာ၌ ပညာကိုဟော၏၊ ဂါတိုသည်လည်း ထိုသီလ, သမာဓိ, ပညာကို ဖြည့်ကျင့်ကြကုန်အံ့-ဟု ဟောနက်ကိုလည်းကောင်း၊ အကျိုးကို**လည်း**ကောင်း၊ သီလသည် သမာဓိ၏အကြောင်းတည်း၊ သမာဓိသည် ဝိပဿနာ၏အကြောင်းတည်း၊ ဤသို့စသည်ဖြင့် မဆင်ခြင် ကြကုန်၊

[၁။ ဘာသိတတ္ထ-ဟောနက်၊ ၂။ ပယောဇနတ္ထ-အကျိုး]

နနိဗ္ဗာနံ ခမန္တိ။ ။ဤပါဠိဖြင့် ပညာဖြင့် အနက်ကို မစူးစမ်းကုန်သော ပုဂ္ဂိုလ်တို့၏ဉာဏ်မှာ ထိုတရားမျှားမထင်ရှားနိုင်၊ ဤနေရာ၌ သီလကိုဟော၏။ သမာဓိကို, ဝိပဿနာကို, မဂ်, ဖိုလ်, ဝဋ္ဋ, ဝိဝဋ္ဋကို ဟော၏ စသည်ကိုသိခြင်းငှာ မဖွယ်နိုင်ကြဟူသော အနက်ကိုပြ၏။

ဒိဋ္ဌာဂတိ အဟိတာယ ဒုက္ခာယ သံဝတ္တန္တိ။ ။ထိုပုဂ္ဂိုလ်တို့အတွက် ထိုတရားတို့သည် မကောင်းသဖြင့် သင်ယူအပ်သောကြောင့် သူတပါးတို့ကို စွပ်စွဲခြင်း, ထောင်လွှားခြင်း, ခက်ထန်ခြင်း, သူ့ဂုဏ်ကျေးဇူးကိုချေဖျက်ခြင်း, အပြိုင်ပြုခြင်းစသည်တို့၏ အကြောင်း၏

အဖြစ်ဖြင့် ရှည်စ္စာသော ညဉ့်ပတ်လုံး စီးပွားမဲ့အလို့ငှာ ဆင်းရဲခြင်းငှာ ဖြစ်ကုန်၏။ ဤနေရာ၌ အကြောင်းတရားအပေါ်၌ အကျိုးတရားကို တင်စားသောအားဖြင့် "တေဓမ္မာ အဟိ ဘာယ ဒုက္ခာယ သံဝတ္တန္တိ" ဟုဟောပါသည်။ ခဲ့ဦးအုံ၊ ထို့တရားတို့သည် စီးပွားမဲ့အလို့ငှာ ဆင်းရဲခြင်းငှာမဖြစ်ကြပါ။ သို့သော်-ဆိုအပ်ပြီးသောနည်းဖြင့် သင်ယူသောပုဂ္ဂိုလ်ဘို့မှာ သရဏဂြာယ်ရာအခါ, ငြင်းခုံရာအခါကို၌ ထိုသင်ယူမှု ငြင်းခုံမှုလျှင် အရင်းခံရှိကုန်သော ဥပါဒါနမှ အစရှိကုန်သော မျိုးစွာသော အကုသိုလ်ဘုံတို့ ဖြစ်မှုရှိနိုင်သောကြောင့် "တေဓမ္မာ အဟိဘာယ ဒုက္ခာယ သံဝတ္တန္တိ" ဟု အကြောင်းတရားအပေါ်၌ အကျိုးတရားကို တင်စားသောအားဖြင့် ဟောတော်မူပါသည်။

ဒီဃရတ္တံ ဟိတာယ သုခါယ သံဝတ္တန္တိ။ ။သီလစသည်တို့လာရာဌာန၌ သီလစသည်တို့ကို ဖြည့်ကျင့် သူတို့မှာ သော်လည်းကောင်း၊ အရဟတ္တဖိုလ်သို့ရောက်ပြီးနောက် ပရိသတ်၏အလယ်၌ တရားဟောရ၌ တရားဟောခြင်း၌ (တရားဟောခြင်းကြောင့်) ကြည်ညိုသော ဒါယကာ ဒါယိကာမတို့သည် ဆောင်ယူအပ်သောပစ္စည်းလေးပါးတို့ကို သုံးစွဲသူတို့မှာလည်းကောင်း၊ သူတပါးတို့၏ဝါဒ၌ အကြောင်းနှင့်ဘက္ခု အပြစ်တင်သူကို့မှာသော်လည်းကောင်း၊ မိမိ၏ဝါဒမှ အပြစ်ကို ပယ်ရှားနိုင်သူတို့မှာ သော်လည်းကောင်း ရှည်စ္စာသော ညဉ့်ပတ်လုံးစီးပွားအလို့ငှာ ချမ်းသာခြင်းငှာဖြစ်ကြပါသည်။ မှန်၏။ ကောင်းစွာသင်ယူအပ်သော ပရိယတ်ကိုမှီ၍ မဂ္ဂဘာဝနာ ဖလသစ္ဆိကိရိယာ စသည်ကို့သာ ပြည့်စုံနိုင်သည် မဟုတ်၊ သူတပါးကို့၏ဝါဒကို နှိပ်ကွပ်ခြင်း, မိမိ၏ဝါဒကို တည်စေခြင်းတို့သည်လည်း ပြည့်စုံနိုင်ပါသည်။ [ဥပဇ္ဈာ ပရဝပ္ပဝါဒံ သဟဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဟေတွာ စသည်ကို ထောက်ပါ။]

ပဋ္ဌိဝိဒ္ဓါကုဒပ္ပါ။ ။မင်းလေးပါး, ဖိုလ်လေးပါး (လောကုတ္တရာ ၈-ပါးလုံး) တို့မှာ မပျက်စီးခြင်းသဘော ရှိပါသော်လည်း သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့သည် မိမိ၊ မိမိ၏နာမည်ကို စွန့်ခြင်းအားဖြင့် အသက်ထက်၌ နာမည်ဘ ၃ ့ သို့နောက်သော နောက်ကြောင့် သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့၏ မင်ဖိုလ်တို့ကို "အကုပ္ပ" ဟု မဆိုနိုင်ပါ။ ရဟန္တာပုဂ္ဂိုလ်သည်ကား အခါခပ်သိမ်းပင် ရဟန္တာမည်သည်သာ ဖြစ်သောကြောင့် ထိုရဟန္တာပုဂ္ဂိုလ်၏ ဖိုလ် (အရဟတ္တဖိုလ်) ကိုသာ "အကုပ္ပ" ဟု ဆိုရပါသည်။

"ပဋ္ဌိဝိဒ္ဓါကုပ္ပေါ" ဖြင့် ရဟန္တာပုဂ္ဂိုလ်၏ သင်ယူမှုသည်သာ ပ ဏ္ဍိ၊ ဂါရိက ပရိယတ်မည်၏ ဟူသော ဤအဓိပ္ပါယ်ကို ပြသည်။

မေ ဖွယ်။ ။တရားတော်၏အစဉ်အဆက်ကို စောင့်ရှောက်ခြင်း အကျိုးငှာ မြတ်စွာဘုရား၏ စကားတော်ကို သင်ယူခြင်းသည် ဘဏ္ဍာဂါရိက ပရိယတ်မည်သည် မဟုတ်ပါလော၊ အဘယ်ကြောင့် "ခီဏာသဝေါ" ဟု ဝိဿေသနပြု၍ ဆိုပါသနည်း။

အဖြေကား– ပုထုဇဉ်ပုဂ္ဂိုလ်၏သင်ယူမှုသည် ဘဏ္ဍာဂါရိက ပရိယတ် မဖြစ်နိုင်၊ ပုထုဇဉ်ပုဂ္ဂိုလ်သည် (တရားတော်၏) အစဉ်အဆက်ကို စောင့်ရှောက်ခဲ့ ဟူသော အဓျာသယဖြင့်သင်ယူပါသော်လည်း မိမိကိုယ်တိုင် ဘဝကန္တာရမှ မသွက်မြောက်သေးသောကြောင့် ထိုပုထုဇဉ်၏သင်ယူမှုသည် နိဿရဏ ပရိယတ် မည်ပါသည်။ ထို့ကြောင့် ပုထုဇဉ်၏ သင်ယူမှုသည် မဂ်ကောင်းလျှင် အလဂဒ္ဒူပမာ ပရိယတ်ဖြစ်၍ ကောင်းလျှင် နိဿရဏတ္ထ-ပရိယတ်ဖြစ်ပါသည်။ သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့၏ သင်ယူမှုသည် နိဿ-ရဏတ္ထ ပရိယတ်သာဖြစ်၍ ရဟန္တာပုဂ္ဂိုလ်တို့၏ သင်ယူမှုသည်ကား ဘဏ္ဍာ-ဂါရိက ပရိယတ်သာ ဖြစ်သည်ဟု မှတ်ပါ။

ဘဏ္ဍာဂါရိကော။ ။ရဟန္တာ ပုဂ္ဂိုလ်သည် ဘဏ္ဍာစုံးနှင့် တူသော ကြောင့် ဘဏ္ဍာဂါရိက ဟုခေါ်ပါသည်။ ရှင်းပါဦးအုံ–ဘဏ္ဍာ-စုံးသည် တန်ဆာဘဏ္ဍာကိုသိမ်းဆည်း၍ ဘုရင်တန်ဆာဆင်လိုရာအခါ၌ ထို အခါအား:လျော်စွာသော တန်ဆာဘဏ္ဍာကို မင်းအားဆက်သ၍တန်ဆာဆင်-ပေးသကဲ့သို့ ဤအတူ ရဟန္တာပုဂ္ဂိုလ်သည်လည်း တနားရတနာ ဘဏ္ဍာကို လက်ခံ၍ နိဗ္ဗာန်ရထိုက်သောသဟိတ် သတ္တဝါများကို မြင်သော်ထိုသတ္တဝါတို့ အားလျော်သော တရားဒေသနာကို တိုးပွားစေ၍ မဂ္ဂင်,ဗောဇ္ဈင် ၈သည်ဟုဆို အပ်သော **လောကုတ္တရာ** တန်ဆာဖြင့် တန်ဆာဆင်ပေ ပါသည်။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်ကို "ဘဏ္ဍာဂါရိက" ဟု ခေါ်၏။

သီလသမ္ပတ္တိ' နိဿာယ တိသော ဝိဇ္ဇာ ပါပုဏာတိ။ ။သီလ စင်ကြယ်သော် သတိသမ္ပဇဉ်၏အစွမ်း ကမ္မဿ ၏ တာဉာဏ်၏ အစွမ်းကြောင့် သံကိလေသ အညစ်အကြေးမှစင်ကြယ်-၏။ ပြည့်စုံခြင်းသို့လည်းရောက်၏။ ထို ကြောင့် သီလသမ္ပဒါ ပြီးစီးသော် ဥပနိဿယသမ္ပတ္တိ၏ အဖြစ်ဖြင့် သတိအစွမ်း, ဉာဏ်အစွမ်းကို ဖြစ်စေနိုင်၏။ ဤသို့ သီလသမ္ပတ္တိသည် တူသောအကြောင်းကို ပြီးစေခြင်းအားဖြင့် ဝိဇ္ဇာ (၃)ပါးအပေါ်၌၏ "ဥပနိဿယ" ဖြစ်နိုင်ပါသည်။

သမာဂိသမ္ဘဒံ နိဿာယ ဆ အဘိညာ ပါပုဏာတိ။ ။"သမာဟိတောပိ ယထာ-ဘူတံ ပဇာနာတိ" ဟု ဟောခြင်းကြောင့် သမာဓိသမ္ဘဒါသည် အဘိညာဉ်ခြောက်ပါး၏ ဥပနိဿယ ဖြစ်နိုင်ပါသည်။

ပညာသမ္ဘတ္တံ နိဿာယ ဇာတေ သဗ္ဗေ ဓမ္မာ ပါပုဏာတိ။ ။"ယောဂါဝေ ဇာယတိ ဘူရိ" ဟု ဟောတော်မူခြင်းကြောင့် ပုဗ္ဗပယောဂဖြင့်လည်းကောင်း၊ ဆရာကြီး သမားကြီးတို့အထံ၌နေခြင်း, ဒေသဘာသာတို့၌ကျွမ်းကျင်ခြင်း, သင်ယူခြင်း, မေးမြန်းခြင်း စသည်တို့ဖြင့်လည်းကောင်း ထုံးမွှမ်းအပ်သော ပညာသမ္ဘတ္တိသည် ပဋိသမ္ဘိဒါအပြားတို့၏ ဥပနိဿယဖြစ်နိုင်ပါသည်။

တာသံ ယေဝ စ ဟဘ္ဘ ပဘေဒဝစနတော။ ။တာသံယေဝ၌ ဝေသဒ္ဒါကို ရောက်ထိုက်ကုန်သော အဘိညာဉ်ခြောက်ပါး, ပဋိသမ္ဘိဒါလေးပါးတို့ကို ဝိနည်းပိဋကတ်၌ အပြားအားဖြင့် တောမူမရှိကြောင်းကို ရည်ရွယ်၍ဆိုပါသည်။

ဒုတိယ တဿံ ယေဝ။ ။ဤ၌ ဝေသဒ္ဒါကို ပဋိသမ္ဘိဒါလေးပါးတို့ကိုင်း၍ ပြုအပ်ပါသည်။ ဝိဇ္ဇာသုံးပါးတို့ကိုင်း၍ ပြုသည်မဟုတ်ပါ။ အဘယ်ကြောင့်နည်း-ထိုဝိဇ္ဇာသုံးပါးတို့သည် အဘိညာဉ်ခြောက်ပါးတို့၌ အကျုံးဝင်သောကြောင့် သုတ်၌ ဝိဇ္ဇာသုံးပါးတို့ကို အကျယ် ဝေဖန်အပ်သောကြောင့်တည်း။

တာသဉ္စ။ ။ဤ၌ စသဒ္ဒါဖြင့် ကြွင်းကုန်သော ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါးတို့၏လည်း ထိုအဘိဓမ္မာပိဋကတ်၌ရှိကြောင်းကို ပြုပါသည်။ မဟုတ်ပါသည်။ အဘိဓမ္မာပိဋကတ် ဝိဇ္ဇာသုံးပါး, အဘိညာဉ်ခြောက်ပါး, ပဋိသမ္ဘိဒါ လေးပါးတို့ကို တောတော်မူသည်သာ။

တတ္ထ ဝ။ ။ပဋိသမ္ဘိဒါတို့ကို အဘိဓမ္မာ ပိဋကမှတပါး အခြားပိဋကများ၌ အပြားအားဖြင့် တောမူမရှိခြင်းကိုလည်းကောင်း၊ ထိုအဘိဓမ္မာပိဋက၌သာလျှင် ကောင်စွာ ဝေဖန်အပ်သည်၏ အဖြစ်ကိုလည်းကောင်း ပြလိုရှိ၍ အောက်ပိဋကများ၌ဆိုအပ်ပြီးသောနည်းဖြင့် ဝေ မထားပဲ "တတ္ထ ဝ" ဟု "တတ္ထ" နောင် ဝေသဒ္ဒါကို ဖြည့်၍ကားပါ၏။

ဝိနယေ ဒုပ္ပဋိပန္နော။ ။အရိဋ္ဌရဟန်းသည် ဗဟုသုတနှင့် ပြည့်စုံသော ဓမ္မ-
ကထိက တပါးပင်ဖြစ်၏။ ကမ္မဋ္ဌာန်း၊ ကိလေ-
သဋ္ဌာန်း၊ ဝိပါကဋ္ဌာန်း၊ ဥပဝါဒဋ္ဌာန်း၊ အာဏာဝိတိက္ကမဋ္ဌာန်း-ဟူ
သော အဋ္ဌာန်းငါးသွယ်တို့ကွင် ဝိနည်းဌ်မ.ကျမ်းကျင်သောကြောင့် အာဏာ
ဝိတိက္ကမဋ္ဌာန်းကိုမသိမူ၍ ကျန်လေးပါးကိုသာသိ၏။ ထို့ကြောင့် ဆိတ်ကွယ်
ရာဘွင် မှားယွင်းစွာ ကြံစည်မိလေသည်။ အိမ်ဌ်နေသူ ဤလူဝတ်ကြောင်
တို့သည် ငါးပါးအာရုံ ကာမဂုဏ်တွေ ခံစားသုံးဆောင်ရင်းပင် သောတာ-
ပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တွေ ဖြစ်ကြကုန်သေး၏။ ရဟန်းတို့
သည်လည်း မြတ်နိုး နှစ်သက်ဖွယ် ငါးသွယ်အာရုံတို့ကို မြင် ကြား နမ်း ရှု
သာယာတွေ့ထိ ခံစားကြကုန်၏။ ဤအလုံးစုံသည် အပ်စပ်ပါလျက် အဘယ်
ကြောင့် မိန်းမတို့၏ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗတို့သာ မအပ်ပဲ ရှိကုန်
သနည်း။ အပ်ရမည်သာဟုကြံကာ အပြစ်မရှိသောပစ္စည်း သုံးဆောင်မှုနှင့်
အပြစ်ရှိသော ကာမဂုဏ်သုံးဆောင်မှုကိုရောနှောမ်ု ဆန္ဒရာဂပါသော သုံး
ဆောင်မှုနှင့် ဆန္ဒရာဂမပါသော သုံးဆောင်မှုကိုအတူပြုလျက် လျှော်တေနှင့်
နှုးညံ့သောချည်ကို လုံးမ်ကျစ်သကဲ့သို့ မုန်ညင်းစေ့နှင့်မြင်းမိုရ်ဇတာင်တူအောင်
နှိုင်းယှဉ်သလို ယုတ်မာမှားယွင်းသော မိစ္ဆာအယူကိုဖြစ်ဇေလျက် ဘုရားရှင်
သည် မဟာသမုဒ္ဒရာကို ကန်သင်းဖွဲ့သကဲ့သို့ ကြီးကျယ်သော ဥဿာဟဖြင့်
ပဿမပါရာဇိကကို ပညတ် အပ်လေပြီ။ ဤ၌ အပြစ်မရှိဟု သဗ္ဗညုတညာဏ်နှင့်
ဆန့်ကျင်လျက် အရိယမဂ်၌ သစ်ငုတ်ဆူးပြောင့် စသည်တို့ကိုချ၍ မေထုန်
အမှု၌ အပြစ်မရှိနိုင်ဟု ဘုရားရှင်၏ အာဏာစက်၌ ပုတ်ခတ်မှုကို မှားယွင်းစွာ
ပြုမိလေပြီ။

တတော ဒုဿီလဘာဝံ ပါပုဏာတိ။ ။အပြစ်မရှိဟုမှတ်ထင်ခြင်း ရှိရုံသက်
သက်ကြောင့် ဒုဿီသမဖြစ်နိုင်ပါ၊
ကျူးလွန်မှုကြောင့်သာ ဖြစ်နိုင်သည့် ထို့ကြောင့်တတော၏နောက်၌ "ဝိတိက္က-
မိတွာ" ဟူသောစပ်ပုဒ် ထည့်စွက်၍ အနက်ပေ.ပါ။

အဓိပ္ပါယံ အဇာနန္တော ၊ဤပုဂ္ဂလဒေသနာကို ပညတ်၏အစွမ်းဖြင့် ဟော
ပါသည်။ ပရမတ်၏ အစွမ်းဖြင့် ဟောသည်
မဟုတ်၊ ဤသို့ မြင်စွာဘုရား၏ အလိုကိုမသိပါ၊ မှန်၏။ မြတ်စွာဘုရား၏
ဒေသနာတော်သည်- ၁။ သမ္မုတိဒေသနာ၊

၂။ ပရမတ္ထဒေသနာဟူ၍ နှစ်ပါးအပြားရှိ၏။

ဒေသနာနှစ်မျိုး၏အဓိပ္ပါယ်။ ။ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ား, မင်း ပုဏ္ဏား, နတ်, မာရ်နတ် ဤသို့သဘောရှိ သောဒေသနာများသည် သမ္မုတိဒေသနာမည်၏ အနိစ္စ, ဒုက္ခ, အနတ္တ, ခန္ဓာ, ဓာတ်, အာယတန, သတိပဋ္ဌာန် ဤသို့ သဘောရှိသော ဒေသနာများသည် "ပရမတ္ထ ဒေသနာ" မည်ပါသည်။

ဒေသနာနှင့်ပုဂ္ဂိုလ်။ ။မြတ်စွာဘုရားသည် သမ္မုတိ ပညတ်၏ အစွမ်းဖြင့် ဟောတော်မူအပ်သောဒေသနာကိုကြားနာရ၍အနက် ကိုထိုးထွင်း၍ သိကာ မောဟကိုပယ်၍ တရားထူးရခြင်းငှာ စွမ်းနိုင်ကုန်သော ပုဂ္ဂိုလ်တို့အား သမ္မုတိဒေသနာကို ဟောပါသည်။

ပရမတ်၏အစွမ်းဖြင့် ဟောတော်မူအပ်သောဒေသနာကို ကြားနာရ၍ အနက်ကိုထိုးထွင်း၍သိကာ မောဟကိုပယ်၍ တရားထူးကိုရခြင်းငှာ စွမ်းနိုင် ကုန်သော သတ္တဝါတို့အား ပရမတ္ထဒေသနာကို ဟောပါသည်။

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္မုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိ ပရမတ္ထဉ္စ၊ တတိယံနုပလဗ္ဘတိ။
သကေ်တဝစနံသစ္စံ၊ လောကသမ္မုတိကာရဏာ။
ပရမတ္ထဝစနံသစ္စံ၊ ဓမ္မာနံဘူတကာရဏာ။
တသ္မာ ဝေါဟာရ ကုသလဿ၊ လောကနာထဿ သတ္ထုနော။
သမ္မုတိ ဝေါဟာရဉ္စာ၊ မုသာဝါဒါ နဇာယတိ။

တနည်း–မြတ်စွာဘုရားသည် အကြောင်းရှစ်ပါးကြောင့် ပုဂ္ဂလ ကထာကို ဟောပါသည်။

အကြောင်း(၈)ပါး။ ။ ၁။ ဟိရောတ္တပ္ပ ဒီပနတ္ထံ
၂။ ကမ္မဿကတာဒီပနတ္ထံ
၃။ ပစ္စတ္တပုရိသကာရ ဒီပနတ္ထံ
၄။ အာနုဘ္ဘရိယဒီပနတ္ထံ
၅။ ဗြဟ္မဝိဟာရဒီပနတ္ထံ
၆။ ပုဗ္ဗေနိဝါသဒီပနတ္ထံ
၇။ ဒက္ခိဏာဝိသုဒ္ဓိဒီပနတ္ထံ
၈။ လောကသမ္မုတိယာ အပ္ပဟာနတ္ထံ

ဟီ, ကမ်, ပစ်, အာ, ဗြ, ပု, ဏာ, လောကသမ္မုတိ။

[သတ္တဝါများနှားလည်ဖို့ရာ ပုဂ္ဂလကထာကို ဟောတော်မူ၏ဟုအကျဉ်းချုပ်မှတ်ပါ။အကျယ်ကိုကား-ဋ္ဌိကာကြည့်က လွယ်ကူ၏သိနိုင်သဖြင့် ချန်လှပ်ခဲ့ပါသည်။]

ဒုဂ္ဂဟိတံ ဂဏှာတိ။ ။"တထာ ဟံဘဂဝ တာ ဓမ္မံ ဒေသိတံ အာဇာနာမိ၊ ယထာ တဒေဝိဒံ ဝိညာဏံ သန္ဓာဝတိ သံသရတိ" အနည်-အကြောင်အပြားအားဖြင့် ထိုဝိညာဉ်တခုတည်းသာ တဘဝမှတဘဝသို့ ပြေးသွားကျင်လည်၏။အခြား ဝိညာဉ်ဟမျိုးပြေးသွားကျင်လည်သည် မဟုတ်၊ ထိုအပြားအားဖြင့် ဘုရားဟော-ထားသည်ကို ငါသိပါ၏ဟု သာတိရဟန်း၏ ယူနည်းကဲ့သို့ ဝိညာဉ်ကို အတွေ့ဟု ယူ၍ ထိုဝိညာဉ်ကို အဆက်မပြတ်(သဿတ) ဟု ယူခြင်းသည်"ဒုဂ္ဂဟိတ"တည်း

အတ္ထာနဉ္စ ခနတိ။ ။မိမိ၏ကုသိုလ် အမြစ်အရင်းတို့ကို တူးဖြိုသူသည် မိမိကို တူးဖြိုသည်မည်၏။

ဓမ္မစိန္တံ အတိဓာဝဇ္ဇော။ ။ဓမ္မစိန္တာဟူသည် တရားသဘောကို စိစစ်ခြင်းတည်း။ အတိဓာဝဇ္ဇော- လွန်၍ပြေး ဟူသည် ရပ်ထိုက်သောအပိုင်းအခြားမ၌ မရပ်တည်မူ၍ စိတ်ဖြစ်ရုံမှုဖြင့် ဒါနဖြင့်၏။ ကိုယ်တိုင်ပင်စိတ်သည် မိမိ၏အာရုံဖြစ်နိုင်၏။ အလုံးစုံသော စိတ်သည်လည်း သဘာဝဓမ္မကိုသာ အာရုံပြုသည်ဖြစ်၏၊ (ဋ္ဌိကာ၌ အ သဘာဝဓမ္မာရမ္မဏံ ဟုရှိ၏၊ ထိုဋ္ဌိကာဆရာအလို-အသဘာဝဓမ္မာရမ္မဏံ ဟုဆိုလျှင် ပညတ်ဖြစ်စရာရှိ၏။) ဤသို့ စသည်ဖြင့် လွန်မြောက်၍ဖြစ်-စခြင်းတည်း။

အစိန္တေယ္ယာနိ နစိန္တေတဗ္ဗာနိ။ ။အစိန္တေယျာနိ သည် သဘာဝကို ပြ၍ နစိန္တေတဗ္ဗာနိကား ကတ္တဗ္ဗကိစ္စကိုပြ၏ ည်၊ အသာဓာရဏ ဉာဏ်တော်(၆)ပါးသည် အစိန္တေယျပင် ဖြစ်ပါသော်လည်း ထိုအသာဓာရဏဉာဏ်တော်(၆)ပါးတို့ကို အဖန်တလဲလဲ ၊အာဂ်မေ ဆင်ခြင်သော ပုဂ္ဂိုလ်အား ကုသိုလ်ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် ကြံစည်စဉ်းစားထိုက်ပါသည်၊ ဤတရားလေးပါးတို့ကား အကျိုးမရှိသော ကြောင့် မကြံစည်သိုက်ဟူလို့။

စတ္တာရိ။ ။ ၁။ ဗုဒ္ဓဝိသယ ၂။ ဈာနဝိသယ ၃။ ကမ္မဝိပါက ၄။ လောကဝိသယ [ဗုဒ်, ဈာန်, လော, ကမ်, ဤလေးတန်, မှတ်ရန်မကြံအပ်။]

သာဝ၀ကာနီ။ ။အလိုရှိအပ်သောအနက်ကိုပြီးစေတတ်သောကြောင့် ဥဒါဟ ရဏ် တို့ကို သာ၀ကဟုခေါ်သည်။ နိကာယသဒ္ဒါ၏ နိ၀ါသ အနက်ဟောပြယုဂ် ပိဋကသုံးပုံ၌ မရှိသောကြောင့် "လောက တာ" ဟု ဆိုသည်။ ပဌမ ပြယုဂ်ကား-သာသနာတော် ပြယုဂ်ဖြစ်၍ ဒုတိယ ပြယုဂ် ကား-လောကပြယုဂ်ဖြစ်သည်။

ဂေယျ။ ။ဂါထာနှင့်တကွ စုဏ္ဏိယသည် ဂေယျ မည်၏။ အဋ္ဌကထာ၌ "သဂါထကံ သုတ္တံ ဂေယျံ"ဟု ဆိုရကား ဂါထာရှိသောကြောင့် မဂ်လသုတ်သည် ဂေယျတွင် ပါ၀င်သင့်သည်မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။ အဖြေကား-မဂ်လသုတ္တ, ရတနသုတ္တ ဟူသောနာမည်က ထင်ရှားပြီးဖြစ်သောကြောင့် မဂ်လသုတ်စသည်တို့သည် ဂေယျ, ဂါထာတို့၌ မပါ၀င်ပဲ သုတ္တ အင်္ဂါတွင် ပါ၀င်ကြသည်၊ ဂါထာ၌ စောဒနာလျှင်လည်း ထို့အတူပင်၊ ထို့ကြောင့် အဋ္ဌကထာ၌ "သုတ္တနာမကံ" ဟု ဆိုသည်။

ဇာနည်း-ဂါထာနှင့်တကွဖြစ်မှ ဂေယျဟု ဆိုသောကြောင့် ဂါထာသာမက စုဏ္ဏိယလည်း ပါ၀င်ရမည်ဟုသိရ၏။ မဂ်လသုတ်၌ ဂါထာခုည်းသာရှိ၍ စုဏ္ဏိယမပါသောကြောင့် မဂ်လသုတ်စသည်တို့သည် ဂေယျတွင်မပါ၀င်ပဲ သုတ္တ၌သာ ပါ၀င်ကြသည်။ (၀ံ မေ သုတံ စသော ပါသမျှ စုဏ္ဏိယကား ဘုရားစကားတော်မဟုတ်၊ သင်္ဂါယနာတင်မှ ထည့်အပ်သော စကားတော်တည်း)။

ဥဒာနတောဝိဘင်း စသည်၌ဂါထာမျှား။ ။ဆိုသို့ ဆိုလျှင် ဥဒာနတောဝိဘင်း၌လည်း ဂါထာမျှား ပါသောကြောင့် ဂေယျမည်သင့်သည်မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။ အဖြေကား-ထိုဥဒါနတောဝိဘင်းလာ ဂါထာမျှားသည် အခြားမှလာသော ဂါထာမျှားဖြစ်၍ ဇာတကစသည်၌ အကျုံးဝင်သောကြောင့် ဂေယျ မမည်သင့်ပါ၊ [ထိုဂါထာမျှားကို အကြောင်းအားလျော်စွာ ဝိနည်း၌ ဟောတော်မူအပ်ပါသည်။ ထိုဂါထာမျှားကြောင့် ဝိနည်းစသည်ကို ဂေယျ အမည်ဖြင့် မခေါ်ထိုက်ပါ။]

ဝေယျာကရဏ။ ။ဂါထာမရှိခြင်း, အမေးအဖြေပါ၀င်ခြင်း ဟူသောအင်္ဂါနှစ်ရပ်နှင့်ညီမှ "ဝေယျာကရဏ" အမည်ရသည်။

သဂါထာဝဂ္ဂ စသည် ဝေယျာဝစရဏ မမည်။ ။သဂါထာဝဂ္ဂသံယုတ် စသည်တို့၌ အမေး အဖြေ ပါဝင်သော်လည်း ဝေယျစသောအမည်တို့သည် အနောဘာသ ဖြစ်သောကြောင့် လည်းကောင်း၊ ဂါထာမှ ကင်းခြင်းဟု အထူးပြုအပ်သောကြောင့် လည်းကောင်း သံယုတ်စသည်၌ ဂါထာများ ပါရှိနေရကား ဝေယျာဝစရဏ အမည်မရနိုင်ပါ။ [ဂါထာအမည်ရထိုက်သော ပါဠိတော်တို့ကို အဌကထာ၌ သေချာစွာရှု့ပါ။]

အမှာ။ ။ပါဠိတော်တခုမှာ အမည်နှစ်ခု၏အင်္ဂါနှင့်ညီလျှင် အနောဘာသ အမည်ဘာက်လိုက်၍ အမည်တပ်ရပါသည်။ (သည်ကြောသဝိဓိတောဟိ အနောဘာသဝိဓိ ဗလဝါ)

ဇာတက။ ။ဂါထာဗန္ဓဖြစ်သော်လည်း ဘုရားရှင်၏ လွန်ခဲ့သော ဘဝတို့၌ အကျင့် အာနုဘော်ကို ပြရာဖြစ်သောကြောင့် "ဇာတ်" ဟု အမည်ရရှိသည်။

ဝေဒလ္လ။ ။အမေး အဖြေ ပါသော်လည်း အချို့သောသုတ်တို့၌ ဂါထာ ပါရှိသော်လည်း အသိဉာဏ်ကို ရေစေတတ် သောကြောင့် ဝေဒလ္လ အမည်ရရှိလေသည်။ (ဝေယျ,ဝေယျာဝစရဏ အမည် မရကြဟူလို)

သုတ္တ။ ။သုတ္တသဒ္ဒါသည် ဝိသေသအမည်ကို ပယ်ချ၍ သာမညအမည်၌ဖြစ်သောကြောင့် ဝေယျ စသည် အမည်ရထိုက်သော အကြောင်းမှ ကင်းသော ဘုရားစကားတော်များကို "သုတ္တ" ဟု ခေါ်ရသည်။

ထိုသို့ဆိုလျှင်–ဂါထာနှင့်တကွဖြစ်သော သုတ်သည် ဝေယျမည်၍ ဂါထာမှ ကင်းလောသုတ်သည် ဝေယျာဝစရဏ မည်၏ဟုဆိုရာ ထိုနှစ်ပါးစုံမှ လွတ်သော သုတ်မရှိသောကြောင့် သီးခြားသုတ္တ အင်္ဂါ မရှိရာသည် မဟုတ်ပါလော ဟုစောဒနာသော်– သုတ်သင်ပြီးဖြစ်သောကြောင့် စောဒနာဝေါ မလိုဟု အကျဉ်းဖြေပြီးနောက် ဂါထာမှကင်းခြင်း, မေးဖြေပါခြင်း ဟူသော အင်္ဂါနှစ်ရပ်ရှိမှ ဝေယျာဝစရဏမည်၏ဟု သုတ်သင်ခဲ့သည်ဟု အကျယ်အားဖြင့် ဋီကာဆရာမိန့်ပါသည်။

ဘာသာဋီကာမှ။ ။သုတ္တအမည်၏ သာမညအမည်ဖြစ်ခြင်း, ဝေယျ၊ဇသော အမည်တို့၏ သဒ္ဒဗဟုတ္တိ နိမိတ်ကိုယ်စီရှိသော ဝိသေသအမည်များဖြစ်ခြင်း, မဂ်လသုတ်စသောအမည်၏ အထင်ရှင်ကြီးအမည်ဖြစ်ခြင်း, ဂါထာနှင့်တကွဟူ

သော စကားအရ ဂါထာချည်းဖြစ်သော မင်္ဂလာသုတ်စသည်တို့ ရေယျာ၌ မပါဝင်နိုင်ခြင်း, ဥဘတောဝိဘင်းလာ ဂါထာတို့သည် ဗုဒ္ဓတော်မှဖြစ်၍ ဗုဒ္ဓတကျ်ပါဝင်ပြီးဖြစ်ခြင်း, ဤအကြောင်းမျှားကြောင့် သုတ္တစသောအင်္ဂါ (၉)ပါးတို့ ဟပါးနှင့်တပါး မရောယှက်ပဲ သီးခြားတည်နေရကား ဗုဒ္ဓဝစနသည် အင်္ဂါအားဖြင့်(၉ ပါး ပြားရသည်ဟုမှတ်ပါ။

သုတ္တန္တိ သာမညဝိဓိ၊ ဝိသေသဝိဓယော ပရေ။
သနိမိတ္တာ နိရုဇ္ဇတ္တာ၊ နဝင်္ဂ သတ္ထု သာသနံ။
ယထာ ဝုတ္တသ ဒေါသ၊ နတ္ထိ တ္ထောဝဂါဟကံ။
တသ္မာ အသင်္ကရံယေဝ၊ နဝင်္ဂ သတ္ထုသာသနံ။

အနက်။ ။သုတ္တန္တိ-သုတ္တဟူသော အစီအရင်သည်၊ ဝါ-သုတ္တဟူသော အမည်သည်၊ သာမညဝိဓိ-သာမညဝိဓိတည်း၊ ပရေ-အခြားသော ရေယျစသောအမည်တို့သည်၊ သနိမိတ္တာ- ဆိုင်ရာသဒ္ဒပဝတ္တိနိမိတ်နှင့် တကွဖြစ်ကုန်သည်၊ ဟုတ္တာ- ဖြစ်၍လည်းကောင်း၊ ဝါ- ဖြစ်သောကြောင့်လည်းကောင်း၊ နိရုဇ္ဇတ္တာ- မင်္ဂလသုတ်စသည်တို့၌ သုတ္တဟူသောအမည်၏ ထင်ရှားသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အညေန-အခြားတမျိုးနှင့်၊ သဟတာ-တကွဖြစ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊နအညတော-ဥဘတောဝိဘင်းလာ ဂါထာတို့၏ ဗုဒ္ဓတ်မှ တခြားမဟုတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ဝိသေသဝိဓယော- ဝိသေသအစီအရင် (နာမည်) တို့တည်း။

ယထာဝုတ္တသ-အကြင်အကြင်ဆိုအပ်ပြီးသော။ ဒေါသသ-သုတ္တဟူသော အမည်တမျိုးဌဿာ ရသင့်၏ဟူသောအပြစ်, ဥဘတောဝိဘင်းအချို့လည်း ရေယျ၌ပါဝင်သင့်၏ဟူသောအပြစ်၏၊တ္ထော-၌၊ အဝဂါဟကံ- သက်ဝင်နိုင်ခြင်းသည်၊ နတ္ထိ-မရှိ၊ တသ္မာ-ထို့ကြောင့်၊ နဝင်္ဂ-အင်္ဂါ (၉)ပါးရှိသော၊ သတ္ထုသာသနံ-ဘုရားအဆုံးအမပါဋိတော်သည်၊ အသင်္ကရံယေဝ- တပါးနှင့် တပါး မရောမယှက်ခြားနားလျက်သာတည်း။

ဥဘတောဝိဘင်္ဂနိဒ္ဒေသဝဏ္ဏနာ။ ။ဤ၌ နိဒ္ဒေသဟူသည် သုတ္တနိပါတ်၌ လာသော အဋ္ဌကဝဂ် ပါရာယနဝဂ် ခဂ္ဂဝိသာဏသုတ်တို့၏ အနက်ကို ဝေဖန်သောအားဖြင့် ဘုရားနှင့် တူသော မမြတ်သောနာပတိ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ် ဟောတော်မူအပ်သော နိဒ္ဒေသတည်း။ ထိုနိဒ္ဒေသသည် မဟာနိဒ္ဒေသ,

စူဠနိဒ္ဒေသ ဟု နှစ်မျိုးရှိသည်၊ ဤနိဒ္ဒသကို အဋ္ဌကထာဆရာများက သုတ္တအင်္ဂါတွင်သွင်းကြ၍ အာဒေရ ဆရာတို့က ဂါထာ ဝေယျာကရဏ ဟူသော အင်္ဂါနှစ်ရပ်၌ သွင်းယူကြ၏။

စဉ်းစားဖွယ်။ ။ဤနိဒ္ဒေသတွင် အချို့သောနေရာ၌ အမေးအဖြေပါရှိသော ကြောင့် ဝေယျာကရဏ၌ သွင်းသည်ကား သင့်တန်စေ ဂါထာမရှိသောကြောင့် ဂါထာ၌သွင်းခြင်းကား အဘယ်နည်းဖြင့် ဖြစ်သင့် ပါအုံ့နည်း-ဟုမေး၍ ဂါထာအင်္ဂါ၌ သွင်းစဉ် ဂါထာသက်သက်မဟုတ်ခြင်း, အနုဿဝကို ဝေဖန်ခြင်းငှာ အခြားနေရာတို့မှ ဆောင်ထားသော ဂါထာများ ဖြစ်ခြင်း စသည်ဖြင့် စိစစ်ထား၏။ လိုရင်းမှာ ဂါထာ၌မသွင်းသင့်ဟုမှတ်။

မင်္ဂလသုတ္တ ရတနသုတ္တ နာလကသုတ္တ တုဝဋ္ဋကသုတ္တ ၎နိ။ ။ဤ၌ နာလကသုတ် ဟူသည် ဓမ္မစကြာတရား ဟောတော်မူရာဒေသနာ (၇) ရက်မြောက် နေ့၌ နာလကထေရ်အား "မောနေယျံ ဟေ ဥပညိသံ" စသည်ဖြင့် ဘုရားရှင် ဟောတော်မူအပ်သော မောနေယျအဲကျင့်ကို ထင်ရှားပြသော သုတ်တည်း။

တုဝဋ္ဋက သုတ် ဟူသည် မဟာသမယသုတ္တန်ကို ဟောတော်မူရာအခါ၌ စည်းဝေးရောက်လာနတ်ပြဟ္မာအပေါင်းတို့တွင်အရဟတ္တဖိုလ်ရောက်ကြောင်း အကျင့်သည် အဘယ်နည်းဟူ၍ ဖြစ်သောစိတ်ရှိကုန်သော အချို့နတ်ပြဟ္မာတို့အား ထိုအခကြောင်းကို ထင်ရှားပြခြင်းအကျိုးငှာ နိမ္မိတ ဘုရားရှင်ကို မေးစေ၍ "မူလံ ပဟ္ဟသခ်ါတံ" စသည်ဖြင့် ဘုရားရှင်ဟောတော်မူအပ်သော သုတ်တည်း။

သုဘူတိပါတိ်။ ။သုတ္တနိပါတ်တွင် မင်္ဂလသုတ် စသည်ကို သုတ္တအင်္ဂါ၌သွင်း၍ သုတ္တအမည်မရသော သုဒ္ဓိကဂါထာတို့ကို ဝေယျာ၌သွင်းပါ။ သုတ္တနိပါတ်အဋ္ဌကထာ စသည်၌-

"ဂါထာသတသမာဂ်ဏ္ဍော၊ ဝေယျာကရဏကိတော။
ကသ္မာ သုတ္တနိပါတော၊ သခ်ေမသဂဂ္ဂေါ ဘိ ၊ ၊" ဟူသော စကားသည် စောဒကမှ စောဒနာမျှသာဖြစ်၍ လိုရင်း မဟုတ်ဟူ မှတ်ပါ။

ပဋိသမ္ဘိဒါစသည်။ ။အင်္ဂါ (ဂ) ပါးဖြင့် မယိမ်းယူအပ်သော ဗုဒ္ဓဝစန ဟူသည် ပဋိသမ္ဘိဒါစသည်ဟု ဂဏ္ဌိပုဒ်သုံးစောင်လုံး တို့၌ ဆိုထားသည်၊ ကေစ်တို့ကား-ပဋိသမ္ဘိဒါမင်္ဂ်ကို ဝေယျ, ဝေယျာကရဏ အင်္ဂါနှစ်ခု၌ သွင်းဟု ဆိုကြ၏။

နောဝသုတ္တနာမိကာ။ ။သုတ္တ အမည်မရှိသော သင်္ဂါယနာတင်ရာအခါ၌ သုတ်အမည်ဖြင့် မသင်ရှားခဲသောသုတ်တည်း။

သုဒ္ဓိကဂါထာ။ ။သုဒ္ဓိကဂါထာဟူသည် ဝတ္ထုဂါထာဟု ဂဏ္ဌိပဒသုံးစောင် လုံးတို့၌ ဆိုထားသည်၊ ထိုဝတ္ထုဂါထာဟူသည် ပါရာယနဝဂ်၏ နိဒါန်းကိုတင်သော အရှင်အာနန္ဒာသည် သင်္ဂါယနာတင်ရာအခါ၌ လျှောက်ထားအပ်သော (၅၆) ဂါထာနှင့် နာလကသုတ်နိဒါန်းကိုတင်သော အရှင်အာနန္ဒာပင် လျှောက်ထားအပ်သောဂါထာ (၂၀) တည်း။

သောမနဿဉာဏမယိကဂါထာပဋိသံယုတ္တာ။ ။ဤပါဠိဖြင့် ဝမ်းမြောက်ခြင်း အနက် ရှိသော ကြောင့် ဥဒါနမည်၏ဟု "အနွတ္ထ" အမည်၏ အဖြစ်ကိုပြသည်။

"ပီတိဝေဂသမုဋ္ဌာပိတော ဥဒါဟာရော ဥဒါနံနာမ" ခွင်ခွက်မှပိုလျှံ၍ အပြင်သို့ အံထွက်သောဆီကို "အဝသေက" ဟု ခေါ်ရသကဲ့သို့ လည်း ကောင်း၊ ကြီးစွာသောမိုးရွာသဖြင့် တဘက်ဆည်ကန်မှ လျှံ၍ထွက်လာသော ရေကို "မဟောဃ"ဟု ခေါ်ရသကဲ့သို့လည်းကောင်း၊ ဤအတူ ဝမ်းမြောက် တော် မူလျှ၍ စိတ်နှလုံးထဲ၌ ဆေးဝင်ထားခြင်းငှာ မစွမ်နိုင်ပဲ စိတ်မှပိုလျှံ၍ အပြင်သို့ နှုတ်တော်မှထွက်လာသော တရားခံယူသူကို ငဲ့ကွက်ခြင်းမရှိသော ကျူးရင့်မှုအထူးကို "ဥဒါန" ဟုခေါ်သည်။

ယေဘုယ္ယ။ ။ဓမ္မသံဝေဂအစွမ်းဖြင့်ကျူးရင့်အပ်သော " သစေ ဘာယထ ဒုက္ခဿ" စသောစကား ဥဒါနပါဠိတော်၌ လာသောကြောင့် "သောမနဿဉာဏမယိက" ဟူသော စကားကို ယေဘုယ္ယ အားဖြင့် ဆိုသည်ဟုမှတ်ပါ။

ဂါထာပဋိသံယုတ္တာ။ ။ဤစကားကိုလည်း "အတ္ထိ ဘိက္ခဝေ တဒါယတနံ" စသော စုဏ္ဏိယဝါကျဖြင့် ကျူးရင့်အပ်သော ပါဠိတော်ကိုလည်း ဥဒါနပါဠိတော်၌တွေ့ရသောကြောင့် ယေဘုယ္ယစကားဟုပင် မှတ်ပါ။

ဘိက္ခဝေပုဒ် အာကြောင့်ထုတ်။ ။ဥဒါန်း ကျူးရင့်မှု၌ အဘယ်ကြောင့် "ဘိက္ခဝေ"ဟူသော အာလုပ်ပုဒ်ထုတ်ရ သနည်းဟု-မေးဖွယ်ရှိ၏။ အဖြေကား-ထိုရဟန်းဘိုးကို နားလည်စေခြင်း အကျူးငှာသာထုတ်တော်မူရသည်။ ပဋိဂ္ဂါဟကကဲ့ပြုခြင်းငှာထုတ်သည်မဟုတ်

ပါ။ ခဲ့ဦးအုံ-နိဗ္ဗာန်နှင့်စပ်သော တရားတော်တို့ကို ဘုရားရှင် ဟောတော်မူ၍ နိဗ္ဗာန်၏ဂုဏ်ကို အောက်မေ့မှုကြောင့် ဖြစ်ပေါ်လာသော ပီတိသောမနဿဖြင့် ဥဒါန်း ကျူးရင့်တော်မူစဉ် "ဤလောကဌ် နိဗ္ဗာန်မှ တပါးသဘာဝ ဓမ္မအားလုံးကို အကြောင်းနှင့်စပ်၍သာ ရနိုင်၏၊ အကြောင်းကို မငဲ့ပဲမရနိုင်။ ဤနိဗ္ဗာန်တရားကို အဘယ်နည်းအာ.ဖြင့် အကြောင်းမရှိပဲရနိုင်သနည်း" ဟူသော ထိုရဟန်းတော်တို့၏ စိတ်အကြံကိုသိတော်မူ၍ ရဟန်းတို့အား အနက်ကို သိစေလိုသောကြောင့် "အတ္ထိ ဘိက္ခဝေ တဒါယတနံ" ဟု ဟော်တော်မူသည်။ အမှန်စင်စစ် တရားနာယူသူကိုပြု၍ ဟောတော် မူသည် မဟုတ်ပါ။

ဥဒါန်းအပြား။ ။၁။ သဗ္ဗညုဗုဒ္ဓဘာသိတ၊

။၂။ ပစ္စေကဗုဒ္ဓဘာသိတ၊

၃။ သာဝကဘာသိတဟု သုံးမျိုးရှိ၏။ထိုတွင် "သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊ အဝိဟေဌယံ အညတရမ္ပိ တေသံ" စသည်ဖြင့် ခဂ္ဂဝိသာဏသုတ်၌လာသော ဥဒါန်းသည် "ပစ္စေကဗုဒ္ဓဘာသိတ" တည်း။

သာဝကဘာသိတကား—ထေရဂါထာဘို့၌ လာသော "သဗ္ဗော ရာဂေါ ပဟီနော မေ" စသည်နှင့် ထေရီဂါထာတို့၌ လာသော "ကာ့ယေန သံဝုတာ အာသိ" စသည်မျှားတည်း။ အခြားသော သင်ကြားစသော နတ်တို့သည် ရွတ်ဆိုအပ်သော "အဟောဒါနံ ပရမဒါနံ၊ ကဿပေ သုပ္ပတိဋ္ဌိတံ" စသော ဥဒါန်းမျှားနှင့် သောဏဒဏ္ဍသုတ္တား စသော လူအပေါင်းသည် ရွတ်ဆိုအပ်သော "နမော တဿ ဘဂဝတော" အစရှိသော သင်္ဂါယနာသုံးတန်တင်အပ်သော ဥဒါန်းမျှားရှိသေး၏၊ ထိုအလုံးစုံတို့ကို ဤနေရာ၌ မယူရ၊ ဘုရားရှင်ရွတ်ဆိုကျူးရင်းအပ်သော သင်္ဂါယနာတင် ဥဒါန်းကိုသာ ယူပါ။

အဒုနကဇာတိသံသာရံ။ ။ဤဂါထာသည် ဘုရားရှင်သည် ဗောဓိအောင်မြေပလွင်ဗေ၌ ကျူးရင့်ခြင်း၏ အစွမ်းဖြင့် ဖြစ်စေအပ်သော ဘုရားရှင်ပေါင်းမျှားစွာတို့၏ ဥဒါန်းဖြစ်သော ဂါထာတည်း။ ထိုဂါထာကို နောက်အဖို့၌ အရှင်အာနန္ဒာအားဟော်ကြားအပ်သောကြောင့် သင်္ဂါယနာတင်မယောရ်တို့သည် ဥဒါန်းပါဠိတော်၌ သင်္ဂါယနာမတင်ပဲ ဓမ္မပဒ၌ သင်္ဂါယနာတင်ထားသည်။

အညာသိ ဝတ ဘော ကော့ဏ္ဍညော။ ။ဤဥဒါန်းစကားကို တသောင်းသော လောကဓာတ်၌ရှိသော နတ်ပြုဟ္မာတို့

ကို သိစေခြင်းငှာစွမ်းနိုင်သော ကြွေးကြော်သံ ပြန့်သွားအောင် ဘုရားရှင် မိန့်မြွက်ကျူးရင့်တော်မူသည်။ ထိုစကားတော်သည် ပထမဗောဓိ၌ အလုံးစုံ သောရဟန်းတို့၏ သမ္မာပဋိပတ္တိကို ဆင်ခြင်ခြင်းလျှင် အကြောင်းရင်းရှိသော "အာရာဓယိ သု ဝတ မံ ဘိက္ခု ကေ သမယ" စသော စကားကဲ့သို့ ဓမ္မစကြာ ဒေသနာတော်၏ အဆုံး၌ ကိုယ်တော်တိုင် ရအပ်သော တရား၏ တစိတ် တဒေသဖြစ်သော ဟောအပ်တိုင်းသော အရိယ မဂ်ကို သာဝကတို့တွင် ရှေး ဦးစွာ ကောဏ္ဍညမထေရ်ရအပ်သောကြောင့် ကိုယ်တော်မြတ် ပင်ပန်းမှု၏ အကျိုးရှိသည်၏အဖြစ်ကို ဆင်ခြင်မှုဟူသော အကြောင်းရှိသော ပီတိသော-မနဿကြောင့်ဖြစ်သော ဥဒါန်းမျှသာ။ သို့သော်–"ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ" စသော တရားတော်ကဲ့သို့ သံသရာ၌ လည်ခြင်းကိုလည်းကောင်း၊ သံသရာမှ ဆုတ်နစ်ခြင်းကိုလည်းကောင်း ထင်ရှားစွာမပြုနိုင်ပါ။ ထို့ကြောင့် သင်္ကာယနာတင်မထေရ်တို့သည် ဥဒါန်းပါဠိတော်၌ မတင်ခဲ့ဟုမှတ်ပါ။

ဒွေ အသိုတိသုတ္တန္တာ။ ။ဥဒါန်းအဋ္ဌကထာ၌ "အသီတိယဝ သုတ္တန္တာ"ဟု ရှိ၏။ ဤနေရာ၌ "ဒွေ အသီတိသုတ္တန္တာ" ဟု ရှိခြင်းမှာ ဥဒါန်းပါဠိတော်နှင့်မညီပါ၊ "အသီတိသုတ္တန္တာ"ဟု ရှိသင့်၏။

ပညာသာဓိကဉ္စနိ ပဋ္ဌာဝတကသတာနိ။ ။ဤစကားကိုလည်း "အပ္ပကံ-ပန ဥိနမဓိကံ ဝါ ဂဏနူပဂံ နဟောတိ"ဟု ပရိဘာသာရှိသော်ကြောင့် အနေကနှုန်းအားဖြင့်၊တနည်း-ရှုတ်ဆိုခေါ်ဝေါ်လွယ်စေသောကြောင့်ဆိုသည်၊ ဗာတ်တော်၌ကား (၅၄၇) ဗာတ်သာရှိသည်။ [အသေးစိတ်တွက်လိုမူ ဋီ-၁၃၂ ၌ ရှုပါ။]

ဝိုဋ္ဌဝေဒလ္လ။ ။ဝိသာခအမည်ရှိသောဥပါသကာကမေး၍ ဓမ္မဒိန္နာဘိက္ခုနီမသည် ဖြေရှင်းဟောကြားအပ်သောသုတ်တည်း။

မဟာဝေဒလ္လ။ ။အရှင်မဟာကောဋ္ဌိကမထေရ်ကမေး၍ အရှင်သာရိပုတ္တရာသည် ဖြေရှင်းဟောကြားအပ်သောသုတ်တည်း။

ဒသုတ္တရသုတ္တန္တာ။ ။ဤနေရာ၌ "ဒွါဒသုတ္တရသတသုတ္တန္တာ"ဟုပါ၍ရှိ၏။ မှန်၏။ ကေကနိပါတ်၌ (၂၇) သုတ်။ ဒုကနိပါတ်၌(၂၂)သုတ်၊ တိကနိပါတ်၌(၅၀)သုတ်၊ စတုက္ကနိပါတ်၌(၁၃)သုတ်၊ ပေါင်း(၁၁၂)သုတ်တို့သာ ကျတိဝုတ္တကပါဠိတော်၌ လာပါသည်။ "အပ္ပကံ ဥိနမဓိကံဝါ ဂဏနူပဂံ နဟောတိ" ဟူသောပရိဘာသာကြောင့် "ဒွါသီတိ ခန္ဓကဝတ္တာနိ" ဟုဆိုသင့်လျက် "အသီတိ ခန္ဓကဝတ္တာနိ" ဟုဆို

သကဲ့သို့ "ဒွါဒသုတ္တံရသတသုတ္တန္တာ" ဟုဆိုသင့်လျက် "ဒသုတ္တရသတ-သုတ္တန္တာ" ဟုဆိုအပ်၏ ဟုလည်း ဆိုသင့်ပါသည်။ သို့သော်- ဤလိုနေရာ၌ အတိုင်းအရှည်ပမာဏကို ပြုသူသည် ဟုတ်မှန်သောအားဖြင့်သာ(နဂိုရှိသည့် အဘိုင်း တိဘိကျကျသာ) သတ်မှတ်၍ ပြသင့်ပါသည်။ သို့ကြောင့် "ဒွါဒ-သုတ္တရသတသုတ္တန္တာ" ဟုသာ ပါဠိ၌ ရှိသင့်ပါသည်။

ဒွေသဟဿာနိ ဘိက္ခုတော၊ ။အရှင်သာရိပုတ္တရာစသောထေရ်တို့သည်ဟော အပ်ကုန်သော သမ္မာဒိဋ္ဌိသုတ္တန် စသည်တို့၏ အစွမ်းဖြင့် "ဒွေသဟဿာနိ ဘိက္ခုတော"ဟုဆိုပါသည်။

ဂါထာအနက်(၂)နည်း။ ။ဗြာဟ္မဏ-ပုဏ္ဏား၊ ဒွါသီတိသဟဿာနိ-ရှစ်သောင်း နှစ်ထောင် သော ဓမ္မက္ခန္ဓာ တို့ကို၊ ဗုဒ္ဓတော-ဘုရားအထံတော်မှ၊ ဂဏှိ-သင်ယူခဲ့ပြီ။ ဒွေသဟဿာနိ- နှစ်ထောင်သော ဓမ္မက္ခန္ဓာတို့ကို၊ ဘိက္ခုတော-အရှင်သာရိပုတ္တရာ စသောရဟန်းတော်တို့အထံမှ၊ ဂဏှိ-သင်ယူခဲ့ပြီ။ ယေဓမ္မာ-အကြင် ဓမ္မက္ခန္ဓာတရား တို့သည်၊ မေ-ငါ၏၊ ဇာဝဂ္ဂေ- လျှာဖျားဌာ၊ ပဝတ္တိနော- နှုတ်တက်ရွရွ ဖြစ်လာကြကုန်ပြီ။ တေဓမ္မာ-ထိုဓမ္မက္ခန္ဓာတရားတို့သည်၊ စတုရာသီတိသဟဿာနိ-ရှစ်သောင်းလေးထောင်တို့တည်း။

ကေစိဆရာတို့အလို။ ။ဗြာဟ္မဏ- ဂေါပကမောဂ္ဂလာနပုဏ္ဏား၊ယေ ဣမေ-အကြင်ဓမ္မက္ခန္ဓာတရားတို့ကို၊ ဗုဒ္ဓသစ- ဘုရားသည် လည်းကောင်း၊ ဘိက္ခုနဋ္ဌ- ရဟန်းတို့သည် လည်းကောင်း၊ ပဝတ္တိနော ဖြစ်စေအပ်ကုန်ပြီ။ တေသု ထိုဓမ္မက္ခန္ဓာဘုရားတို့တွင်၊ အဟံ- ငါ (အရှင်အာနန္ဒာ)သည်၊ ဒွါသီတိသဟဿာန်- ရှစ်သောင်းနှစ်ထောင်သောဓမ္မက္ခန္ဓာတို့ကို၊ ဗုဒ္ဓတော-ဘုရားအထံတော်မှ၊ဂဏှိ- သင်ယူခဲ့ပြီ။ ဒွေသဟဿာနိ နှစ်ထောင်သော ဓမ္မက္ခန္ဓာတို့ကို၊ ဘိက္ခုတော-အရှင်သာရိပုတ္တရာ စသော ရဟန်းတော်တို့အထံမှ။ ဂဏှိ-သင်ယူခဲ့ပြီ။ ဣတိဝေါ-ဤသို့လျှင်၊ စတုရာသီတိဓမ္မက္ခန္ဓသဟဿာနိ- ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

စောဒနာဖွယ်။ ။ဘုရားရှင်ပရိနိဗ္ဗာန် စံပြီးမှ အရှင်အာနန္ဒာ ဟောကြားအပ်သော သုဘသုတ်, ဂေါပကမောဂ္ဂလာနသုတ်မျှားသည် ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်တို့၌ ပါဝင်သလော့ဟု မေးဖွယ်ရှိ၏။

အဖြေကား-ကိုယ်တိုင်ဟောအပ်သော ဓမ္မက္ခန္ဓာတို့ကိုလည်း "ဒွေသဟ-ဿာနိဘိက္ခုတော"ဖြင့် သိမ်းယူရန် ပဋိသမ္ဘဒါဂဏ္ဌိပဒ၌ ဆို၏။

တနည်း–ဘုရားရင်ဟောအပ်သောနည်းခ္ဍတည်၍ ဟောအပ်သောကြောင့် ဤနှစ်သုတ်ကို ကိုယ်ဘိုင်ဟောသော်လည်း ဘုရားရှင်အထံ၌ သင်ယူအပ်သော ဓမ္မကွဲနှာများ၌သာ သွင်းယူခြင်းငှာ သာ၍သင့်သကဲ့သို့ ထင်ပါသည်။

မုန်၏။ ဘုရားပေးအပ်သောနည်းခ္ဍတည်၍ သာဝကတို့ တရာ ဟောကြား၏။ ထို့ကြောင့်ပင် သာဝကဘာသိတဖြစ်သော်လည်း ဂ ထာ ဝတ္ထုစသော ကျမ်းသည်ဗုဒ္ဓဘာသိတ်အမည်ရရှိလေသည်၊ ထို့ကြောင့်ပင် အရှင်အာနန္ဒာ မထေရ်သည် ကိုယ်တိုင်ဟောသော်လည်း သုဘသုတ် စသည်ကို သင်္ဂါယနာ တင်ရာ အခါ၌ "ဧဝံ မေ သုတံ" ဟု လျှောက်၏။

ဧဝံ ပရိဒီပိတဓမ္မကွန္ဓဝသေန။ ။ဂေါပကမောဂ္ဂလာနပုဏ္ဏားက "သင်သည် ဗဟုသုတ ရှိ၏ဟု သာသနာတော်၌ ထင်ရှားကျော်ကြား၏၊ အဘယ်မျှလောက်သော တရားတို့ကို သင်၏ဆရာဟောတော်မူအပ်ပါကုန်သနည်း၊ သင်သည် အဘယ်မျှလောက်သော တရားတို့ကို ဆောင်အပ်ကုန်သနည်း"ဟု မေးသည်ဖြစ်၍ အရှင်အာနန္ဒာက ထို ဂေါပက မောဂ္ဂလာန ပုဏ္ဏားအား၊ စကားပြန်ပေးသောအားဖြင့် ဤ "ဒ္ဝါသီတိ ဗုဒ္ဓေတာ ဂဏ္ဍာ" စသော ပါဠိဖြစ် ပြအပ်သော ဓမ္မကွန္ဓာတို့၏ အစွမ်းဖြင့်။

ကောနုသန္ဓိကံ သုတ္တံ။ ။သတိပဋ္ဌာနသုတ် စသည်တည်း။မုန်၏။ သတိပဋ္ဌာနသုတ်သည် "ကောယဇနာ ဘိက္ခဝေ မဂ္ဂါ သတ္တာနံ ဝိသုဒ္ဓိယာ" စသည်ဖြင့် သတိပဋ္ဌာန် လေးပါး စသည်တို့ကို အားထုတ်တော်မူ၍ ထိုသတိပဋ္ဌာန်တို့ကိုပင် ဝေဖန်မှုကို ပြုခြင်း၏ အစွမ်းဖြင့် ဖြစ်သောကြောင့် "ကောနုသန္ဓိက" မည်၏

အနေကာနုသန္ဓိကံ သုတ္တံ၊ ။ပရိနိဗ္ဗာနသုတ်သည် အနေကာ နုသန္ဓိက သုတ်မည်၏။မုန်၏။ ပရိနိဗ္ဗာနသုတ်သည် အမျိုးမျိုးသောဌာနတို့၌အမျိုးမျိုးသော မြေဒေသနာတို့၏ အစွမ်းဖြင့်သောကြောင့် "အနေကာနုသန္ဓိက" မည်၏

ပဋ္ဌပုဏ္ဏာန်၊ ။ကတိ ဆိန္ဒေ ကတိ ဇဟေ၊
ကတိစုတ္တရိ ဘာဝယေ။
ကတိသင်္ခါတိဂေါ ဘိက္ခု၊
သြဃတိဏ္ဏောတိ ဝုစ္စတိ။

ဝိသဇ္ဇနာ။ ။ပဠု ဆိုနှေ့ ပဠု ဇဟော၊
ပဠုစုတ်ရိ ဘာဝယေ။
ပဠုသင်္ဂါတိုဂေါ ဘိက္ခု၊
ဩယတိဏ္ဏော်ဘတိ ဝုစ္စတိ။

တိကဒုကဘာဇနံ စသည်။ ။တိက, ဒုက, ဘာဇနကို ခံမှသင်္ဂီ နှိုက္ခေပ ကဏ္ဍ, အဌကထာကဏ္ဍတို့၏ အ စွမ်း ဖြင့် လည်းကောင်း၊ စိတ္တဝါရဘာဇနကို စိတ္တုပ္ပါဒကဏ္ဍ၏ အစွမ်းဖြင့် လည်း ကောင်းသိပါ။

အတ္ထိ ဝတ္ထု စသည်။ ၁။ သုဒိန္နဂဏ္ဍစသည်သည် ဝတ္ထုမည်၏။

၂။ "ယောပနဘိက္ခု ဘိက္ခူနံ သိက္ခာသာဇီဝသ-မာပန္နော စသည်ဖြင့် ထိုထိုကျူးလွန်မှုကြောင့် ပညတ်အပ်သော သိက္ခာပုဒ်သည် မာတိကာမည်၏။

၃။ ထိုထိုသိက္ခာပုဒ်ကို "ယောပနာတိ ယောယာဒိ-သော" စသောနည်းဖြင့် ပုဒ်ကိုဝေဖန်ခြင်းသည် ပဒဘာဇနီမည်၏။

၄။ "ပဠိလာတံ ဥက္ခိပတိ၊ အာပတ္တိဒုက္ကဋသည်ကို စသည်ဖြင့် သိက္ခာပုဒ်တို့၏ အကြားတို့၌ ပညတ်အပ်သော အာပတ်သည် အန္တရာပတ်မည်၏။

၅။ ထိုထိုသိက္ခာပုဒ် အားလျော်စွာ ဟောတော်မူအပ်သော တိကစ္ဆေဒမှ လွတ်သော အာပတ္တိဝါရသည် အာပတ်မည်၏။

၆။ "အနာပတ္တိ အဇာနန္တသ အသာဒိယန္တသ ဥမ္မတ္တကသ စိတ္တခိတ္တသ ဝေဒနာဋ္ဋသ ဒေဝဒိကမ္မိကသ" စသော အနာပတ္တိဝါရသည် အနာပတ္တိ မည်၏။

၇။ "ဒသာဟာတိက္ကန္တေ အတိက္ကန္တသညီ နိသဂ္ဂိယံ ပါစိတ္တိယံ၊ ဒသာဟာ တိက္ကန္တေ ဝေမတိကော၊ ပေ၊ ဒသာဟာတိက္ကန္တေ အနတိက္ကန္တသညီ နိသဂ္ဂိယံ ပါစိတ္တိယံ"ဟူ၍ ဤသို့ စသော နည်းအားဖြင့် ဖြစ်သော တိကပါစိတ္တိယ, တိကဒုက္ကဋ စသည်ပြားသော တိကပရိစ္ဆေဒသည် တိကစ္ဆေဒ မည်၏။

ဥဒါနသင်္ဂဟဟူသည်။ ။ပထမ ပါရာဇိက စသည်တို့၌ လာသော ဝိနိတဝတ္ထု စဋ္ဌမည်တို့ကို အကျဉ်းချုပ် အားဖြင့် သိမ်းယူမှုကို

ပြခြင်း၏ အစွမ်းဖြင့် သင်္ဂါယနာတင် မထေရ်ကို ထားအပ်သော "မဂ္ဂဋ္ဌ ဝဇ္ဇီပုဗ္ဗာစ၊ ဂိဟိနဂ္ဂေါစ တိတ္ထိယာ" စသော ဂါထာတို့တည်း။

ဝဂ္ဂသင်္ဂဟ စသည်။ ။ ၁။ သီလက္ခန္ဓဝဂ္ဂမူလပရိယာယဝဂ္ဂါဒိဝသေန-သင်္ဂဟော ဝဂ္ဂသင်္ဂဟော။

၂။ ဥတ္တရိမနုဿဓံမ္မ၊ ပေ၊ နိလစက္ခ ပေယျာလာဒိဝဝတ္ထာပနဝသေန ပေယျာလသင်္ဂဟော။

၃။ အဂ်ုတ္တရနိကာယာဒိသု ဧကနိပါတာဒိသင်္ဂဟော။

၄။ သံယုတ္တနိကာယေ ဒေဝတာသံယုတ္တာဒိဝသေန သံယုတ္တသင်္ဂဟော။

၅။ မဇ္ဈိမနိကာယာဒိသု မူလပဏ္ဏာသကာဒိဝသေန ပဏ္ဏာသက-သင်္ဂဟော။

သင်္ကမ်မ စသည်။ ။သင်္ကမ်မ-အထက်သို့အထက်သို့တက်ကာ ပြင်းစွာလှုပ်ပြီ။ သမ္ပကမ်မ-အထက်အောက် နိမ့်တုံမြင့်တုံ လှုပ်ပြီ၊သမ္ပဝေဓိ-အရပ်လေးမျက်နှာ ထိုက္ခါယိမ်းထိုး၍ အမျိုးမျိုးပြင်းစွာလှုပ်ပြီ။

အဘယ်အကျိုးငှာ နိဒါန်းကိုဆို။ ။ဒေသနာတော်၏တည်တံ့သည်၏အဖြစ်, မပျောက်မပျက်သည်၏အဖြစ်, ယုံကြည်ထိုက်သည်၏အဖြစ်ကိုပြီးစေခြင်းအကျိုးငှာဆိုသည်။ခွဲဦးအုံ-ကာလ,ဒေသက, ပရိသတ်တို့ကို ညွှန်ပြခြင်းဖြင့် ဖွဲ့နွှဲ၍ ထားအပ်သော ဒေသနာတော်သည် ကြာမြင့်စွာ တည်တံ့နိုင်ခြင်း, မပျောက်မပျက်ခြင်း, အများ ယုံကြည်စရာ ဖြစ်ခြင်း, အကျိုးရှိ၏။ ဥပမာအားဖြင့် ဒေသ ကာလ ကတ္တား ဟောတု နိမိတ်တို့ဖြင့် ဖွဲ့နွှဲ့ရေးသားထားအပ်သော ဝေါဟာရပိနိစ္ဆယကုမ်းကဲ့သို့ တည်း။ ထို့ကြောင့်သာလျှင် အရှင်မဟာကဿပက မေးသော အရှင်ဥပါ-လိက နိဒါန်း စကားကို လျှောက်ထားပါသည်။ တနည်း-နိဒါန်းစကားသည် သာသနာတော်ကြီး၏ ပြည့်စုံမှုကို ထင်ရှားပြခြင်းအကျိုးရှိပါသည်။ တနည်း-နိဒါန်းစကားသည် မြတ်စွာဘုရား၏ လိုရင်း ပမာဏကို ပြခြင်းအားဖြင့် သာသနာတော်၏ လိုရင်းပမာဏအဖြစ်ကို ပြခြင်းအကျိုးရှိ၏။

ဒေသနာစီရဋ္ဌိတတ္ထံ၊ အသမ္မောသာယ ဘာသိတံ။
သဒ္ဓါယစာပ် နိဒါနံ၊ ဝေဒေဟေန ယသသိနာ။
သတ္ထုသမ္ပတ္တိယာစေဝ၊ သာသနသမ္ပဒါယစ။
ဥသ ပမာဏဘာဝသ၊ ဒသနတ္ထမ္ပိ ဘာသိတံ။

ဒါသကထေရ်အကြောင်းသိကောင်းစရာ။ ။ဒါသကမည်သောလုလင်သည် ပုဏ္ဏားမျိုးဖြစ်၍ ဝေသာလီမြို့သားဖြစ်ပါသည်၊အနီးနေတပည့်(၃၀၀)တို့တွင် တပည့်ကြီးဖြစ်၍ ဆရာ၏အထံ၌ အတတ်ကိုသင်ယူသော် (၁၂)နှစ် အရွယ်မှာပင် ဗေဒင်သုံးပုံကို တဘက်ကမ်းရောက် တတ်မြောက်သည်၊ တဘုသောနေ့၌ ဒါသကလုလင်သည် အနီးနေတပည့်များခြံရုံလျက်(သုတ်,အဘိဓမ္မာ,ဝိနည်းကို) သင်္ဂါယနာတင်ပြီး၍ ဝါလိကာရုံကျောင်း၌ သီတင်းသုံး နေဆိုင်တော် မူသော အရှင်ဥပါလိသို့ ချဉ်းကပ်ပြီးလျှင် မိမိ၏ဗေဒင်သုံးပုံတို့မှာရှိသော ခဲရာခဲဆစ်ဌာနဟူသမျှကို အရှင်ဥပါလိကိုမေးလေသည်၊ အရှင်ဥပါလိမထေရ်က မေးသမျှကို ဖြေပြီးနောက် မထေရ်ကိုယ်တိုင်လည်း ပြဿနာ (ပုစ္ဆာ) တခုကိုမေးလို၍ နာမ်တရားကိုရည်ရွယ်ကာ "ဒါသကလုလင် တရားတခုက တရားအားလုံးတို့၌ အစဉ်ကျ၏၊ တရားအားလုံးတို့ကလည်း တရားတခု၌ သက်ဝင်ကြ၏၊လုလင်ငယ်- ထိုတရားသည် အဘယ်တရားနည်း"ဟု မေးတော်မူ၏။

မေးရာအခါ၌ ဒါသကလုလင်သည် ပုစ္ဆာ၏အနက်ကိုမျှ မသိနိုင်၍ "အို....ရဟန်း ဤပုစ္ဆာဟာ ဘာပုစ္ဆာလဲ"ဟု မေးလျှောက်၏ "ဒါသကလုလင်-ဤပုစ္ဆာသည် ဗုဒ္ဓမန္တန်မည်ပါ၏"ဟု ဖြေလျှင်"အရှင် ဤမန္တန်ကို တပည့်တော်အား လည်း ပေးနိုင်ပါသလား" ဟုမေးလေသည်။ "ဒါသကလုလင်-ငါ့တို့လို ရှင်ရဟန်းပြုသော ပုဂ္ဂိုလ်မှ ပေးပါတယ်"ဟုခြိုးခြားလျှင်"အို....ရဟန်းကောင်းပါပြီ"ဟု ဒါသကလုလင်ကလက်ခံ၍ မိမိ၏ မိဘနှစ်ပါးနှင့် ဆရာကို ခွင့်ပန်၍ အနီးနေတပည့်(၃၀၀)တို့နှင့်အတူ အရှင်ဥပါလိထေရ်၏ အထံ၌ သာမဏေဝတ်၍ အသက်(၂၀)ပြည့်သည့်အခါ ရဟန်းအဖြစ်ကို ရရှိပြီးလျှင် အရဟတ္တာဖိုလ်သို့ရောက်ပြီး(ရဟန္တာဖြစ်ပြီး) အရှင်ဥပါလိမထေရ်က အရှင်ဒါသကကို အကြီးအကဲဝန်ဆောင်ပြု၍ ရဟန္တာတထောင်အား ပိဋကသုံးပုံကိုပို့ချစေခဲ့သည်။

သောဏကထေရ်(ဒါသကထေရ်၏သဒ္ဓိဝိဟာရိက)။ ။သောဏက လုလင်သည် ကာသီတိုင်းသား ကုန်သည်မျိုးဖြစ်၍ (၁၅)နှစ်အရွယ်ရှိခဏ် တနေ့သဘ္ဘမိဘတို့နှင့်အတူ ကုန်သွယ်ရန် ဂိရိဗွေ အရပ်သို့သွားပါသည်၊ ဂိရိဗွေအရပ်သို့ရောက်ပြီးသော် ၈ လေးငါးဆယ်ငါးယောက်တို့နှင့်တကွ ၄ဝဌဝန်သို့သွား၍ဒါသကထေရ်ကို ပရိသတ်နှင့်တကွ ဖူးတွေ့ရသဖြင့် အလွန်ကြည်ညိုကာ ရှင်အဖြစ်ကို တောင်းပန်ရာ၊ ဒါသကထေရ်က မိဘတို့ခွင့်ပြုမှ ရှင်ပြုမည်ဟုပြောလျှင် အမိအဖများအထံ

သို့သွားရောက်၍ ထိုရှင်ဟူမည့်အကြောင်းကို ပြောပြသော် မိဘတို့က ခွင့်မပြု သဖြင့် အစာငတ်ခံဆန္ဒပြမှု ခွင့်ရခဲ့သည်။

သောဏကလုလင်သည် ကလေး ငါးဆယ့်ငါယောက်တို့နှင့်တကွ ဒါသက ထေရ်အထံ၌ ရှင်ပြု၍ အသက်(၂၀)ပြည့်သည့်အခါ ရဟန်းအဖြစ်ကိုရပြီး လျှင် ရေဟန္တာအဖြစ်သို့ရောက်ရှိသည်။

ဒါသကထေရ်က သောဏကထေရ်ကို နိကာယ်(၅)ရပ်နှင့်တကွ ပိဋကသုံး ပုံကိုသင်ယူစေခဲ့ပြီး သောဏကထေရ်သည် ဂဏပါမောက္ခဖြစ်ကာ ရဟန်းများ စွာတို့အား ဓမ္မ,ဝိနယကို ပို့ချခဲ့သည်။

သိဂ္ဂဆေဝရ်(သောဏကထေရ်၏ သဒ္ဓိဝိဟာရိက)။ ။အရှင် သိဂ္ဂဝသည် ပါဋလိပုတ်မြို့ဗာတိ- အမတ်၏သားဖြစ်၍ ဥတုသုံ့ပါးတို့ အား လျှောက်ပတ်သော ပြာသာဒ်သုံးဆူတို့၌ စည်းစိမ်ခံစားစဉ် တနေ့သ၌ မိမိ၏သူငယ်ချင်းဖြစ်သော စဏ္ဍဝဇီသဒ္ဒေးသားနှင့်အတူ အခြံအရံနှင့် တကွ ကုက္ကုဋ္ဌာရုံသို့သွား၍ ကုက္ကုဋ္ဌာရုံ၌ နိရောဓ သမာပတ်ဝင်စား၍ ထိုင်နေသော အရှင်သောဏကထေရ်ကိုဖူးမြော်ရှိခိုးပြီးလျှင် မိမိနှင့်အတူ စကားမပြော သည်ကိုသိကာ ရေဟန်းသံယာထံသွား၍ ထိုအကြောင်းကို မေးလျှောက်၏။

ထိုရဟန်းတို့က"သမာပတ်ဝင်စားနေသူတို့သည် စကားမပြောကြကုန်" ဟုပြော၍ "အရှင်ဘုရားတို့ အဘယ်သို့လျှင် သမာပတ်မှ ထကြပါသနည်း" ဟု ထပ်ဆင့်မေးလျှောက်သည်။ ထိုဒါ ရဟန်းတော်တို့က"ဘုရားရှင်ခေါ် ခြင်းကြောင့်လည်းကောင်း၊သံဃာခေါ်ခြင်းကြောင့်လည်းကောင်း၊ ပိုင်းခြား အပ်သော အချိန်စေ့ခြင်း ကြောင့်လည်းကောင်း၊ အသက်တမ်း ကုန်ခြင်း ကြောင့်လည်းကောင်း ထ, ကုန်၏"ဟုပြောပြီးလျှင် အခြံအရံနှင့် တကွဖြစ် သော သိဂ္ဂဝ၏ အားကြီးသောမိုရ်ကို မြင်တော်မူကြ၍ သံဃာ၏စကားဖြင့် နိရောဓသမာပတ်မှ ထ,စေအပ်ပြီးသော သောဏကထေရ်ကို မြင်၍ "အရှင် ဘုရား အဘယ်ကြောင့်ဝတ်ပည့်တော်တို့နှင့်အတူ စကားမပြောကြပါသလဲ"ဟု မေးသည်။ မထေရ်က"မင်းသား ငါတို့သည် သုံ့ဆောင် ခံစားထိုက်သည့်ကို သုံးဆောင်ခံစားနေ၏"ဟုဖြေသော်- "အရှင်ဘုရားတပည့်တော်တို့ကိုလည်း ထိုစားစရာကို ကျွေးနိုင်ပါသလား"ဟု မေးသည်။ မထေရ်က "မင်းသား ငါတို့ကဲ့သို့ ရဟန်းသူတို့ကိုပြု၍ ကျွေ ခြင်းငှာ စုန်းနိုင်၏" ဟုဖြေသော် မိဘ တို့အား ထိုအကြောင်းအရာကို ပြောပြ၍ မိဘတို့ကခွင့်ပြုအပ်သော် မိမိ၏ သူငယ်ချင်းဖြစ်သော စဏ္ဍဝဇီ သဒ္ဒေးသားနှင့် လည်းကောင်း၊ ယောက်ျား

(၅၀၀) တို့နှင့်လည်းကောင်း အတူတကွ သောဏကထေရ်၏ အထံ၌ ရှင်ရဟန်းပြုပါသည်၊ အရှင်သိဂ္ဂဝ,အရှင်စဏ္ဍဝဇ္ဇီတို့သည် ဥပဇ္ဈာယ်၏အထံ၌ကား ဓမ္မဝိနယကိုသင်ယူ၍ နောက်အဖို့၌ ဆဋ္ဌာဘိညမျှားဖြစ်ကြပါသည်။

ဝိဇိတာဝိနော။ ။အလုံးစုံသော ကိလေသာရန်ကို အောင်ပြီးသောကြောင့် ဝိဇိတဝန္တမည်၏။

ဇမ္ဗုဒီပ်။ ။ကြီးကျယ်သော သံပြေပင်ဖြင့် မှတ်သားအပ်သော်ကြောင့် ကျွန်းကိုလည်း ဇမ္ဗုဒီပ်ဟုခေါ်သည်။

ဝိနယဝံသ စသ်ညီ။ ။ဝိနယဝံသ, ဝိနယတန္တိ, ဝိနယပဝေဏီ ဤသုံးပုဒ်တို့သည် ပရိယာယ်သဒ္ဒါမျှားဖြစ်ကြသောကြောင့် သုံးပုဒ်လုံးအရ ဝိနည်းပါဠိကိုချည်းကောက်ပါ။

ဓုရဝဂ္ဂါဟော အဟောသိ။ ။အလုံးစုံတို့၏ အကြီးအမှူးဖြစ်၍ သင်ယူသည်ဟူလို။

ပထမ သင်္ဂါယနာအခန်း ပြီးပါပြီ။

ဒုတိယသင်္ဂီတိကထာဝဏ္ဏနာ

ဇုတိမန္တော။ ။ဇုတိမန္တောဟုဆိုသင့်လျက် ဂါထာဗန္ဓ၏အစွမ်းဖြင့် "ဇုတိ-မန္တော"ဟု ဒီဃဖြင့်ဆိုသည်။

အနာလယာ။ ။ကိလေသာ အာဝုံးတို့ကို ပယ်ပြီးသောကြောင့် အရှင်မဟာကဿပ စသော ထေရ်တို့သည် အနာလယမည်၏။

ကပ္ပတိ သိဂ်ိလော့ဏကပ္ပေါ စသည်။ ။၁။ ကပ္ပတိ သိဂ်ိလောဏကပ္ပေါ-သားချို့ဖြင့်ဆားကို ဆောင်၍ဆောင်၍ ဆားမရှိသော ယာဝကာလိကဒဘာဇဉ်နှင့် ရောစပ်၍ စားခြင်းသည် အပ်၏။ (သန္ဓိမိ မဖြစ်ဟူလို)

၂။ ကပ္ပတိ ဒွင်္ဂုလကပ္ပေါ-လက်နှစ်သစ် မွှန်းတိမ်းသောဝိကာလဘုဇာ ယာဝကာလိက ဘောဇဉ်ကို စားခြင်းသည် အပ်၏။

၃။ ကပ္ပတိ ဂါမဏ္ဍရကပ္ပေါ-ပဝါ ရိတ်သင့်ပြီးသောရဟန်း၏ ရွာတပါးသို့သွားအံ့ ဟုကြံ၍ အတိရိတ်ဝိနည်းကံ မပြုအပ်သော ခဲဖွယ်ဘောဇဉ်ကို စားခြင်းသည်အပ်၏။

၄။ ကပ္ပတိ အာဝါသကပ္ပေါ-မဟာသိမ်ကြီးတသိမ်တည်းဝယ် အသီးသီး ကျောင်းဌ ဥပုသ်စသော သံဃာကုံ တို့ကို ပြုခြင်းသည် အပ်၏။

၅။ ကပ္ပတိ အနုမတိကပ္ပေါ-မလာ:ရာက်သေးသော ရဟန်းတို့၏ဆန္ဒကို လာမှယူမည်ဟုကြံ၍ ထိုရဟန်းတို့ မလာမီ ဝင်ဖြစ်သောသံဃာဖြင့် ကံပြုပြီးနောက်မှ အလိုဆန္ဒကိုယူခြင်းသည် အပ်၏။ (ဝဂ္ဂကံမဖြစ်ဟူလို)

၆။ ကပ္ပတိ အာစိဏ္ဏကပ္ပေါ-တနှီးတဖုံကြုံဆအပ်သော ဆရာဥပဇ္ဈာယ်တို့၏ အလေ့အကျက်သည် အပ်၏။ (အာစရိယဝါဒတိုင်း မအပ်၊ ဓမ္မိကဖြစ်လျှင် အင်၍ ဓမ္မိက မဟုတ်လျှင် မအပ်ပါ)

၇။ ကပ္ပတိ အမထိတကပ္ပေါ-နို့ရည်အဖြစ်ကိုလည်းစွန့်၊ နို့ဓမ်းအဖြစ်သို့လည်း မရောက်သေးသော နို့ရည်ကို ပဝါရိတ်သင့်ပြီးသောရဟန်း၏ အတိရိတ်ဝိနည်းကံမပြုပဲ သုံးဆောင်ခြင်းသည် အပ်၏။

၈။ ကပ္ပတိ ဇဋ္ဌောဂိ ပါတုံ-သေရည်အဖြစ်သို့ မရောက်သေးသောသေနုကို သောက်ခြင်းငှာ အပ်၏။

၉။ ကပ္ပတိ အဒသကံ နိသီဒနံ-အမြီတ်အဆာမရှိသော နိသီဒိုင်သည် အပ်၏။

၁၀။ ကပ္ပတိ ဇာတရူပရဇတံ-ရွှေငွေသည် အပ်၏။

ဇာတရူပ။ ။မိမိသဘောမှ ဖောက်ပြန် ပြောင်းလဲခြင်းသို့ မရောက်မူ၍ အခါခပ်သိမ်း ဖြစ်မြဲသော သဘောရှိသောကြောင့် ရွှေကို 'ဇာတရူပ' ဟု ခေါ်ပါသည်။ [ဇာတံ ရူပံ ဧတဿာတိ ဇာတရူပံ]

ရဇတ။ ။ဖြူသောသဘောရှိသည့်အတွက် တင့်တယ်သောကြောင့် ငွေကို 'ရဇတ'ဟု ခေါ်သည်။ [ဓဝလသဘာဝတာယ ရဇတိတိ ရဇတံ]

ဝဇ္ဇီသု။ ။ဇနပုဒ်ခေါ်ကာ သဒ္ဒါဖြစ်သောကြောင့် ဇဟုဝုစ်ဖြင့် ဆိုပါသည်။ မှန်၏။ ဇနပုဒ် တခုတည်းရှိသော်လည်း ရှင်ဇီသဒ္ဒါဖြစ်သောကြောင့် ဇဟုဝုစ်ဖြင့်ဆိုသည်။

ယေန ဝေသာလီ၊ ဘဒ္ဒဝသရ်။ ။ယေန ဒီသာဘာဂေန ဝေသာလီ အဝသရိ-ဟဗ္ဗာ၊ ယသ္မိံ ဝါ ပဒေသေ ဝေသာလီ၊ တဒဝသိ၊ တံ ပတ္တောတိ အတ္ထော။

မဟာဝုန်-၂-ခု။ ။၁။ ဝေသာလီမဟာဝုန်သည် အလိုလိုပေါက်သော တစုံတယောက်သည် မစိုက်ပျိုးအပ်သော သစ်ပင်ရှိသော အပိုင်းအခြားရှိသော ကြီးကျယ်သော တောပြစ်၍၊

၂။ ကပိလဝတ် ပြည်၏အနီး မဟာဝုန်သည်ကား ဟိမဝန္တာနှင့် တစပ်ဘည်းစပ်၍ အပိုင်းအခြားမရှိ မဟာသမုဒ္ဒရာအထိ တည်ပါသည်။

ကူဋာဂါရသာလာ။ ။မဟာဝုန်တောကိုမှီ၍ ပြုအပ်သော (ဆောက်လုပ်အပ်သော ကျောင်းတိုက် အတွင်း၌ စုလစ်မွှမ်းခွန်အဆွတိ ဟပ်သော ကျောင်းကို အတ္ထင်းပြု၍ ဟသ်ကောင်ပုံစံ မိုးခြင်းဖြင့် ဟသ်ကဲ့သို့ ဝန်းဝိုင်းသော အချင်းအရာအားဖြင့် ပြုထားသောကျောင်း။

ဥပေါသထ။ ။ဥပေါသထဟူသည် ဥပုသ်ကျင့်သုံးခြင်းတည်း။ ကျင့်သုံး-ဟူသည် သီလနှင့်သော်လည်းကောင်း၊ လုံးဝ အာဟာရခြင်းနှင့်သော်လည်း ကောင်း၊ နှစ်ရည် ဖျော်ရည် သောက်ခြင်းနှင့် သော်လည်းကောင်း ပြည့်စုံ၍နေခြင်းတည်း။ ထိုဥပုသ်နေ့သည် အဋ္ဌမီဥပုသ်, စာတုဒ္ဒသီဥပုသ်, ပန္နရသီဥပုသ် အားဖြင့် (၃) ပါး အပြားရှိ၏။ ဥပေါသထ သဒ္ဒါသည် ပါတိမောက်အနက်, သီလအနက်, ကျင့်သုံးခြင်းအနက်၊ ပညာအနက်များကို ဟောပါသည်။

သဗ္ဗံ တာဝ ဝတ္ထုဗ္ဗံ။ ။ဤပါဠိဖြင့် သတ္တသတိက ခန္ဓကဋ္ဌလေးသော ပါဠိအားလုံးကိုလည်း ဤနေရာ၌ သောင်ယူ၍ ဆိုသုံက်၏ ဟု ပြပါသည်။

ဓိသုဘာ။ ။ဂဏ္ဌပါးမာကွ ဖြစ်သောကြောင့် ဤရုပ်ဌာနအားလုံးမှာ ထင်ရှားကြသည်။

ဒုတိယ သင်္ဂါယနာတင်စည်းက သမိုင်းဝင် ဂဏဟါဖမ်းကွ ရာကျော်ဆရာတော်ကြီး (၈) ပါး။ ။

၁။ သပ္ပကာမီဝေထရ် ၂။ သာဠ္ဠဝေထရ်

၃။ ရေဝတဝေထရ် ၄။ ခုဇ္ဇသောဘိတဝေထရ်

၅။ ယသဝေထရ် ၆။ သာဝကအရပ်ဠ်ဆုံနေသော သမ္ဘူတဝေထရ်

(ဤ-၆-ပါးသည် အရှင်အာနန္ဒာ၏ သဒ္ဓိဝိဟာရိက တပည့်များ ဖြစ်ပါသည်။)

၇။ သုမနတေရ် ၈။ ဝါသဘဂါမိဝေထရ်

ဤ-၂-ပါးသည် အရှင်အနုရုဒ္ဓါ၏ သဒ္ဓိဝိဟာရိက တပည့်များ ဖြစ်ပါသည်။)

ပန္နဘာရာ. ။ဤ၌ ဘာရအရခန္ဓာ ဝန်ကိုယူ၊ မည်၊ အသောက်လား-ဘာရာ ဟဝေ ပဠုက္ခန္ဓာတည်း။

ကတကိစ္စာ။ ။သစ္စာလေးပါးတို့၌ မဂ်လေးပါ တို့ဖြင့် ပြုအပ်သောပရိညာ ပဟာန်, သစ္ဆိကိရိယာ, ဘာဝနာဟုဆိုအပ်သော (၁၆)ပါး ပြားခဲသောကိစ္စပြီးပြီးဖြစ်သောကြောင့် "ကတကိစ္စ" မည်ကုန်၏။

အပ္ပဒံ။ ။ဘေးရန်ကို 'အပ္ပဒ'ဟုဆိုကြ၏။ မြတ်စွာဘုရား၏စကားတော်ကို ခိုးဝှက်ပြီးလျှင် မိမိ၏စကားတော်ကို ပြုသောအားဖြင့် ခိုးမှုလည်း အပ္ပဒ မည်၏။

ဥပရိပြဟ္မလောကူပပတ္တိယာ ဘာဝိတမဂ္ဂံ ။ ။စျာန်ကို ထိုအထက် ပြဟ္မာ ပြည်၌ဖြစ်ခြင်း (ပဋ္ဌိသန္ဓေနေခြင်း)၏ အကြောင်းဖြစ်သောကြောင့် ဤနေရာ၌ "မဂ်" ဟု ခေါ်ပါသည်။ ....မဂ္ဂအရ-အချို့နေရာ၌ စေတနာ, အချို့နေရာ၌ စေတနာနှင့်ယှဉ်သော သမ္မယုတ်တရားများ, အချို့နေရာ၌ နှစ်မျိုးလုံးကိုကောက်ယူပါသည်။ ....ဤနေရာ၌ကား- စျာန်ကို အလိုရှိအပ်သောကြောင့် စေတနာနှင့် ယှဉ်သော သမ္မယုတ်တရားများကိုသာကောက်ပါ။

မောဂ္ဂသိမုဏ္ဍားဏ်ဂုဏ်မျှား။ ။ ၁။ လောကသမ္မတ=လောကဌ် ကောင်း စွာအသိအမှတ်ပြုခံရသူဖြစ်ခြင်း၊
၂။ အပုတ္တက=သားသမီးမရှိခြင်း။

မေးဖွယ်။ ။မောဂ္ဂလိုဗြာဟ္မဏသ ဂေဟေ ပဋိသန္ဓိ ဂဟေသတိ ဟု အဘယ်ကြောင့်ဆိုပါသနည်း။ အထက်ပြဟ္မာ့ပြည်ဌ် ဖြစ်ခြင်းဌာ သမာပတ်ရသော ပုဂ္ဂိုလ်တို့မှာလည်း ကာမာဝစရဘုံဌ် ဖြစ်နိုင်သ လောဟု မေးဖွယ်ရှိ၏။

အပြေကား....ဖြစ်နိုင်ပါသည်။ သို့သော် ထိုဖြစ်နိုင်မှုသည် အဓိကာရပြုပြီးကြ သော ဘုန်းကံကြီးမားသောပုဂ္ဂိုလ်တို့၏ စေတောပဏိဓိ၏အစွမ်း ကြောင့်ဖြစ်နိုင်ပါသည်။ ပုဂ္ဂိုလ်အားလုံးအတွက်မဖြစ်နိုင်ပါ။

ထပ်ဆင့်မေးဖွယ်။ ။ ဂရုကဖြစ်သော မဟာဂ္ဂုတ်ကံ၏အကျိုးကို တားမြစ်၍ ကာမာဝစရကံက အဘယ်နည်းဖြင့်အကျိုးပေးသနည်း ဟု မေးဖွယ်ရှိ၏။

အပြေကား.. .နိကန္တိ၏အစွမ်းကြောင့်ပင် ဈာန်လျှော၏။ ထိုဈာန်လျှောမှု ကြောင့်ဖြစ်နိုင်သည်ဟု ဂဏ္ဌိပဒ သုံးစောင်လုံးကို့ဌ် ဆိုထား၏။

ကေစိဆရာတို့ကား....နိဝရဏအခိုက်အတန့် မဟုတ်သော နိကန္တိကြောင့် ဈာန်လျှောမှုကို ဆင်ခြင်၍ယူထိုက်၏ ဟု ဆိုပြီးလျှင် ဤသို့ ဆက်လက်၍ အကြောင်းပြထားပါသည်။မဟာဂ္ဂုတ်ကံ၏အကျိုးကိုတားမြစ်နိုင်သောကာမာ-ဝစရကံမရှိပါသော်လည်း"ဣဒ္ဓတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ"ဟု ဘုရားဟောတော်မူသောကြောင့် ကာမာဝစရဘုံဌ် စေတော ပဏိဓိသည် မဟာဂ္ဂုတ်ကံ၏အကျိုးကိုတားမြစ်၍ ကာမာဝစရကံအား အကျိုး ပေးရန်ခွင့်ပြုသည်ဟု မိန့်ဆိုကြသည်၊

ဟဋ္ဌပဟဋ္ဌော။ ။စိတ်ပြည့်ခြင်း၏အစွမ်းဖြင့် ထပ်ကာထပ်ကာ ရှင်လန်းနှစ် သက်သည်၊

ဥဒဂ္ဂုဒဂ္ဂေါ။ ။ခန္ဓာကိုယ် ဖောက်ပြန်မှုကင်းဖြစ်စေသော ပီတိ၏အစွမ်းဖြင့် အလွန်တက်ကြွသည်၊ မှန်၏၊ ပီတိရှိသောပုဂ္ဂိုလ်ကို ကိုယ် စိတ်တို့တက်ကြွနေသောကြောင့် "ဥဒဂ္ဂ"ဟု ခေါ်ရသည်။

ဒမာရဘိက္ခု။ ။ဤပါဌ်သည် နဝကာပါဌ်ကိုထပ်ခဲ့သည်။

ဒုတိယ သင်္ကန်းနှာအခန်း ပြီးပါပြီ။

တတိယသင်္ဂီတိစကြာန

ဂိုဏ်းကြီး (၁၈) ဂိုဏ်း။ ။၁။ မဟာသံ့ဃိကဂိုဏ်းမှ....၆ ဂိုဏ်း
၂။ ထေရဝါဒမှ..... ၁၂ ဂိုဏ်း
ပေါင်း ၁၈ ဂိုဏ်း။

မဟာသံ့ဃိကဂိုဏ်း (၆) ဂိုဏ်း။ ။(က) ဂေါကုလိကဂိုဏ်း
(ခ) ကေဿာဟာရိကဂိုဏ်း
(ဂ) ပဏ္ဏတ္တိဝါဒဂိုဏ်း
(ဃ) ဗာဟုလိယ (ဗဟုဿုတိက)ဂိုဏ်း
(င) စေတိယဝါဒဂိုဏ်း
(စ) မဿာသံ့ယ်ကဂိုဏ်း
ပေါင်း ၆ ဂိုဏ်း။

ထေရဝါဒ (၁၂) ဂိုဏ်း။ ။(က) မဟိသာသက
(ခ) ဝဇ္ဇီပုတ္တက
(ဂ) ဓမ္မုတ္တရိက
(ဃ) ဘဒ္ဒယာနိက
(င) ဆန္နာဂါရိက
(စ) သမ္မိတိက
(ဆ) သဗ္ဗတ္ထိဝါဒ
(ဇ) ဓမ္မဂုတ္တိက
(စျ) ကဿပိက
(ဉ) သက်န္တိက
(ဋ) သုတ္တဝါဒ
(ဌ) ထေရဝါဒ
ပေါင်း ၁၂ ဂိုဏ်း။

မဟာသံ့ယ်ကဂိုဏ်း။ ။ဒုတိယသင်္ဂါယနာတင်ချိန်၌ သင်္ဂါယနာတင်မထေရ်တို့-နှင်ထုတ်အပ်သော ဝဇ္ဇီတိုင်းသား ရဟန်းပေါင်းတသောင်းတို့သည် အသင်းအပင်းကို ရှာကြလျက် မိမိအားလျော်သော (သင့်တင့်သော) အားမရှိသော အသင်းအပင်းကိုရ၍ ထေရဝါဒမှ သီးခြား မဟာသံ့ယ်ကဂိုဏ်းကို တည်ထောင်ခဲ့ကြပါသည်။ ထိုမဟာသံ့ယ်ကဂိုဏ်းသည်

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ်နှစ်ရာအတွင်းမှာ အောက်ပါ အတိုင်း (၆) ကိုကား ကွဲလာခဲ့သည်။



ဆိုမဟာသံဃိကကိုကား မှ ဧကေါကုလိကကိုကားနှင့် ဧကဗျောဟာရိကကိုကား ဟု ၂-ကိုကား ကွဲလာပါသည်။ ထိုနှစ်ကိုကားတို့တွင် ဧကေါကုလိက ကိုကားမှ ပဏ္ဏတ္တိဝါဒကိုကားနှင့်ဗာဟုလိယ(ဗဟုဿုတိက)ကိုကားနှစ်ခုထပ်ကွဲပါသည်။ ထိုပဏ္ဏတ္တိဝါဒကိုကားနှင့်ဗာဟုလိယ(ဗဟုဿုတိက)ကိုကားနှစ်ခုတို့အကြားဌ်စေတီ-ယဝါဒကိုကားဟု ကိုကားတမျိုးထပ်ပေါ်လာပါသည်။ ဤသို့ ဘုရားပရိနိဗ္ဗာန်စံပြီးနောက် ဒုတိယအနှစ်တရာ (အနှစ်တရာနှင့်အနှစ်နှစ်ရာကြားကာလမှာ) ပင်မ, မဟာသံဃိကကိုကားမှ-ဧကေါကုလိက, ဧကဗျောဟာရိက, ပဏ္ဏတ္တိဝါဒ, ဗာဟုလိယ(ဗဟုဿုတိက) စေတီယဝါဒ,ဟု-ကိုကား (၅)ကိုကား ကွဲပြားသည်။ ၎င်း(၅)ကိုကားကို ပင်မ, မဟာသံဃိကကိုကားနှင့်ပေါင်းသော် မဟာသံဃိကကိုကား၆-ကိုကား ရှိပါသည်။ ၎င်း ၆-ကိုကားကို မဟာသံဃိကကိုကား ဟုခေါ်ပါသည်။

ထေရဝါဒကိုကား၁၂-ကိုကား။ ။



ဘုရားရှင်ပရိနိဗ္ဗာန်စံဟော်မူပြီးနောက် ဒုတိယအနှစ်တရာအခါ၌ ထေရဝါဒမှ မဟိသာသကဂိုဏ်းနှင့် ဝဇ္ဇိပုတ္တကဂိုဏ်း ဟူ၍ ဂိုဏ်းနှစ်ဂိုဏ်းကွဲပါသည်။ ထိုဂိုဏ်းနှစ်မျိုးတွင် ဝဇ္ဇိပုတ္တကဂိုဏ်းမှ-ဓမ္မုတ္တရိယ, ဘဒ္ဒယာနိကာ, ဆန္နာဂါရိ-က, သမိတိက, ဟု ဂိုဏ်း၄-ဂိုဏ်းထပ်ကွဲပါသည်။ မဟိသာသကဂိုဏ်းမှလည်း သဗ္ဗတ္ထိဝါဒဂိုဏ်းနှင့် ဓမ္မဂုတ္တိကဂိုဏ်းဟု ၂-ဂိုဏ်းကွဲပြန်ပါသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်းမှလည်း ကဿပိကဂိုဏ်း ထပ်မံ၍ ကွဲပါသည်။ ကဿပိကဂိုဏ်းမှ သင်္ကန္တိကဂိုဏ်း၊ သင်္ကန္တိကဂိုဏ်းမှ သုတ္တဝါဒဂိုဏ်းကွဲပါသည်။ ဤသို့ထေရဝါဒမှကွဲ၍ ၁၁-ဂိုဏ်းရှိပါသည်။ ၎င်း၁၁-ဂိုဏ်းနှင့် ထေရဝါဒ ပေါင်းသော် ထေရဝါဒဂိုဏ်း ၁၂-ဂိုဏ်းရှိပါသည်။ ဤသို့လျှင် ဤထေရဝါဒဂိုဏ်း ၁၂-ဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်း ၆-ဂိုဏ်း ပေါင်းသော် ဂိုဏ်းကြီး ၁၈-ဂိုဏ်းတို့သည် ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ်တရာနှင့် အနှစ်နှစ်ရာတို့၏ အကြားဖြစ်သော အချိန်အခါ၌ ဖြစ်ပေါ်ခဲ့ကြပါသည်။ ဤ ၁၈-ဂိုဏ်းတို့သည် အဋ္ဌာရသနိကာယဟူ၍လည်းကောင်း၊ အဋ္ဌာရသာ-စရိယဟူ၍လည်းကောင်း မည်ကြပါသည်။ ထို ၁၈-ဂိုဏ်းတို့တွင် ၁၇-ဂိုဏ်းတို့သည် ပျက်စီးကုန်၍ ထေရဝါဒ တခုတည်းသာ မပျက်မစီး တည်ရှိပါသည်။

အနှစ်နှစ်ရာကျော်မှ ဖြစ်ပေါ်လာသော ဂိုဏ်းများ။ ။မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက်အနှစ်နှစ်ရာကျော်သောအခါ၌ ဂိုဏ်းကြီး၁၈-ဂိုဏ်းမှ အခြားဖြစ်သော၁။ ဟေမ-ဝတဂိုဏ်း ၂။ ရာဇဂိရိဂိုဏ်း ၃။ သိဒ္ဓတ္ထိကဂိုဏ်း ၄။ ပုဗ္ဗသေလိယဂိုဏ်း ၅။ အပရသေလိယဂိုဏ်း ၆။ ဝါဇိရိယဂိုဏ်းဟူ၍(၆)ဂိုဏ်း ဖြစ်ပေါ်ခဲ့ပါသည်။

သိရိဓမ္မာသောကမင်း၏နေ့စဉ်အလှူတော်။ ။သိရိဓမ္မာ သောက မင်းကြီးသည် သဒ္ဓါတရားနှင့် ပြည့်စုံ၍ နေ့တိုင်းနေ့တိုင်း(၁) ဗုဒ္ဓပူဇာတသိန်း(၂) ဓမ္မပူဇာတသိန်း (၃)သံဃပူဇာတသိန်း(၄) မိမိ၏ဆရာဖြစ်သော နိဂြောဓထေရ်အတွက်တသိန်း(၅) မြို့၏တံခါး ၄ခုတို့၌ ဆေးအကျိုးငှာဘဏ္ဍာသိန်း။ ပေါင်း(၅)သိန်းတို့ကို စွန့်လွှတ်၍ သာသနာတော်၌ မွန်မြတ်သော လာဘ်ပူဇော်သက္ကာရကို ဖြစ်စေခဲ့ပါသည်။

ဂေဟ ပဋိသန္ဓိ အဂ္ဂဟသိ။ ။မောဂ္ဂလိ ပုဏ္ဏား၏အိမ်ဝယ် ပုဏ္ဏားမ၏ ဝမ်းဝ၌ ပဋိသန္ဓေယူပြီဟု အနက်မှတ်ပါ။ ထိုအိမ်သည် ထိုပုဏ္ဏားမ၏ မိုရာဖြစ်သောကြောင့် ဌာနအိမ်၏ (ဂေဟ) အမည်

ကို ဌာန် ပုဏ္ဏားမဟ္ဒ တင်းဝေး၍ ဌာနုပစာအားဖြင့် "ဂေဟေ ပဋိသန္ဓိ အဂ္ဂဟေသိ" ဟု ဆိုပါသည်။ "မဟ္ဓာ ဥက္ကဋ္ဌိ ကဆရာန္တိ၊ သာဗေါ ဂါမော အာဂတော" ကဲ့သို့တည်း။

အတိစ္ဆထ။ ။(အတိ+ဣစ္ဆထ) အဘိစ္ဆထ-ဤအိမ်ကို ကျော်လွန်၍ အလို ရှိကြပါကုန်ဟု အနက်ပေးပါ။ ဤအိမ်၌ ဆွမ်းမရနိုင်ပါ၊ ဤအိမ်မှ အခြားအိမ်သို့သွား၍ ဆွမ်းရှာမှီးကြပါကုန်ဟု ဆိုလိုပါသည်။

ဘော ပဗ္ဗဇိတ စသည်။ ။ပုဏ္ဏားသည် မိမိ၏အိမ်မှ ဆွမ်းရမှုကို မလိုလား၍ "ဘော ပဗ္ဗဇိတ" စသည်ကို မေးသည်။

ဥပသမံ ဒီသ္မာ။ ။သိဂ္ဂဝထေရ်၏ ကိုယ်စိတ်ငြိမ်းအေးမှုကို ထပ်ကာထပ်ကာ မြင်ရ သိရ၍။ မှန်၏။ ဣရိယာပုထ်ငြိမ်းအေးမှုကို ကောင်းစွာ မြင်ရသဖြင့် ထိုဣရိယာပုထ်နှင့်ဆက်စပ်သောစိတ်၏ သင့်တင့်သောအားဖြင့်ဖြစ်သော ငြိမ်းအေးမှုကိုလည်း သိနိုင်ပါသည်။

တိဏ္ဏံ ဝေဒါနံ ပါရဂူ။ ။ဣရုဝေဒ, ယဇုဝေဒ, သာမဝေဒ ဟု ဆိုအပ်သော ဗေဒင် (၃) ပုံတို့ကို အဝါးဝစွာ လေ့လာခြင်း၏ အစွမ်းဖြင့် တဘက်ကမ်းရောက်တတ်မြောက်ပါသည်။

နစ ကာစိ။ ။ဤ၌ စသဒ္ဒါသည် အဝဓာရဏာ အနက်ရှိပါသည်။ ထို့ကြောင့်စသဒ္ဒါကို နဥပဇ္ဇတိနှင့်တွဲ၍ နစ ဥပဇ္ဇတိ-နေ ဝေပဇ္ဇတိ-မဖြစ်သေးသည်သာတည်းဟု အနက်ပေးပါ။ (စကားလုံးဝမပြောဟူလို)

ဘာသာဋီကာ၌ စသဒ္ဒါကို ကထာနှင့်တွဲကာ အနက်ပေး၍ သမုစ္စည်းဟု မိန့်တော်မူသည်။

ကုပိတော အနတ္တမနော။ ။ဒေါသဖြင့်စိတ်ဆိုးသည်၊ ဒေါမနဿဖြင့် စိတ်နှလုံး မသာမယာဖြစ်သည်။ မှန်၏။ ဒေါမနဿနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ပိတိသုခတို့ဖြင့် မမိ၏ စိတ်မရှိသောကြောင့် 'အနတ္တမန' ဟု ဆိုရသည်။

အညေ ကေ ဇာနိဿန္တိ။ ။တစုံတယောက်မျှ မသိကြဟုဆိုလိုသည်။

ပုစ္ဆိတ္မာ သက္ကာ ဇာနိတုံ။ ။မိမိသည် ပဒေသညာဏ်၌ ကျည်သောကြောင့် သိဂ္ဂဝထေရ်သည် "ပုစ္ဆိတ္မာ သက္ကာ ဇာနိတုံ" ဟု ဆိုပါသည်။ မှန်၏။ သဗ္ဗညုဘုရားရှင်မျှားသာ "ပုစ္ဆ မာဏဝ ယဒါကင်္ခသိ"

စသည်ဖြင့် ပစ္စေကဗုဒ္ဓါ စသည်တို့နှင့် မဆက်ဆံသော သဗ္ဗညုပဝါရဏာ မျိုးကို ဖိတ်မန်နှိုင်ကြပါသည်။ သာဝကတို့သည်ကား ပဒေသဉာဏ်ခွဲတည်ကြသောကြောင့် 'သုတွာ ဇာနိသာမ' ဟူ၍ သော်လည်းကောင်း၊ ပုစ္ဆိတွာ သက္ကာ ဇာနိတုံ' ဟူ၍သော်လည်းကောင်း ပြောဆိုတတ်ကြပါသည်။

ပဒေသဉာဏ်ဟူသည်။ ။ပဒေသဉာဏ်သည် သဗ္ဗညုတဉာဏ်ကဲ့သို့ အလုံးစုံကို မသိနိုင်၊ တစိတ် တဒေသလောက်သာ သိနိုင်သော ဉာဏ်ဖြစ်ပါသည်။ ထိုဉာဏ်သည် သာဝကအားလုံးခွဲ ရှိကြပါသည်။

နိယျာဏိကမ်း။ ။အမည်, သစ်ပင်စသည်တို့၏ ဝေဝုစ်ကို ပြတတ်သောကျမ်းသည် "နိယျာဏိ အဘိဓာန်" ကျမ်းမည်ပါသည်။ [နာမပ္ပကာသကံ သတ္ထံ၊ ရုက္ခာဒီနံ နိယျာဏိသော] (၁၁၁)

ဝေဝစနပ္ပကာသကံ။ ।ဤစကားသည် နိဃဏ္ဍုနည်းတည်း။ အနက်မျှားစွာတို့ကို သဒ္ဒါတခုတည်းက ဟောနိုင်ကြောင်းကို ထင်ရှားပြခြင်း၏ အစွမ်းဖြင့်လည်း ဖြစ်သောကြောင့်တည်း။

ကေဠုဘဲ။ ။ပညာရှိဟို၏အစီးအပွားဖြစ်သော ပညာရှိတို့၏ အမှုအရာဟု ဆိုအပ်သော ကဗျာဖွဲ့ခြင်းအစီအရင်ကို အထူးကြံရာကျမ်းသည် "ကေဠုဘ" အလင်္ကာကျမ်းမည်၏။ မူလကိရိယကပ္ပကျမ်းကို ရည်ရွယ်၍ ဆိုပါသည်။ [ကေဠုဘံ တု ကြိယာကပ္ပ ဝိကပ္ပေါ့ကဝိနံ ဟိတော] (၁၁၂)

ဂ္ဂတိဟာသ။ ။"ဤသို့ဖြစ်ဖူးပြီ၊ ဤသို့ဖြစ်ဖူးပြီ" ဟူသောစကားနှင့် ဆက်စပ်သော ရှေးဟောင်းကျမ်းတမျိုး။

ပဌမ။ ။အာဃာတဝတ္ထုဝေဒနာကို လေးခုမြောက်ပြု၍ ဂ္ဂတိဟာသကျမ်းသည် ငါးခုမြောက်ကျမ်းဖြစ်ပါသည်။

ယသ စိတ္တံ ဥပ္ပဇ္ဇတိ၊ ပ၊ နုပ္ပဇ္ဇတိ၊ ။ဤပြဿနာနှစ်ပါးကို စုတိစိတ်နှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်၏ ဥပါဒ်ခဏကိုရည်ရွယ်၍ ဟောကြောင်းပါသည်။ ဥပ္ပဇ္ဇတိ-ဥပါဒ်ခဏနှင့် ပြည့်စုံသောကြောင့် ဖြစ်ဆဲမည်ပါသည်။ နံ နိရုဇ္ဈတိ-နိရောဓခဏသို့ မရောက်သေးသောကြောင့် မခုပ်ဆဲ၊ နုပ္ပဇ္ဇိဿတိ-ဘင်မှ နောက်အဖို့ဌာ ထိုစိတ်သည် မသော်လည်းကောင်း, အခြားစိတ်သည်သော်လည်းကောင်း မဖြစ်လတ္တံ့။

ပထမပြဿနာ။ ။ပထမပြဿနာသည် ဝိဘင်္ဂဗျာကရဏီယဖြစ်သောကြောင့် "ယဿ စိတ္တံ ဥပ္ပဇ္ဇတိ နိ နိရုဇ္ဈတိ၊ တဿ စိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ" ဟု မေးသော် "ပစ္ဆိမစိတ္တသ ဥပ္ပါဒက္ခဏေ တေသံ စိတ္တံဥပ္ပဇ္ဇတိ နိ နိရုဇ္ဈတိ နိရုဇ္ဈိဿတိ နဥပ္ပဇ္ဇိဿတိ၊ ဣတရေသံ စိတ္တသ ဥပ္ပါဒက္ခဏေ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ နိ နိရုဇ္ဈတိ နိရုဇ္ဈိဿတိစေဝ ဥပ္ပဇ္ဇိဿတိစ" ဟု ဖြေသင့်ပါသည်။

ဒုတိယပြဿနာ။ ။ဒုတိယပြဿနာသည် ရဟန္တာ၏စုတိစိတ်၏ ဥပါဒ်ခဏာ၌ သတ်မှတ်အပ်သောကြောင့် ကေဝလဗျာကရဏာ ဖြစ်ပါသည်။ ထို့ကြောင့် ယဿ ဝါပန စိတ္တံ နိရုဇ္ဈိဿတိ နဥပ္ပဇ္ဇိဿတိ၊ တဿ စိတ္တံ ဥပ္ပဇ္ဇတိ နိ နိရုဇ္ဈတိ ဟု မေးသော် "အာမန္တာ" ဟု ဖြေသင့်ပါသည်။

မာဏဝေါ ဥဒ္ဒံဝါ အဝေါ ဟရိတုံ အသက္ကောန္တော စသည်။ ။ဤလုလင်သည် ဤပြဿနာကို မဖြေနိုင်၍ စိတ်ပင်ပန်းခြင်းသို့ ရောက်ရလေပြီ။ ထို့ကြောင့် "မာဏဝေါ ဥဒ္ဒံဝါ အဝေါ ဟရိတုံ အသက္ကောန္တော" စသည်ကို ဆိုပါသည်၊ အထက်ပုဒ်၌ အောက်ပုဒ်ကိုလည်းကောင်း၊ အောက်ပုဒ်၌ အထက်ပုဒ်ကိုလည်းကောင်း အနက်အားဖြင့်ဆောင်ခြင်းငှာ မစွမ်းနိုင်၊ ရှေ့ပုဒ်နှင့် နောက်ပုဒ်ကိုဆက်စပ်၍ ပြဿနာ၏အနက်ကို ပိုင်းဖြတ်ခြင်းငှာ မစွမ်းနိုင်ဟု ဆိုလိုပါသည်။

ဒုတ္ထိ သာကာရကမ္မဋ္ဌာနံ တာဝ အာစိက္ခိ။ ။ဤ ကမ္မဋ္ဌာန်းသည် မန္တန်၏ ဥပစာဟည်းဟု ရှေးဦးစွာ ပြောပြ၍ ပေးပြီ။

အဘဗ္ဗော ဒါနိ သာသနတော နိဝတ္တိတုံ။ ။သောတာပန္နာနံ သီလေသု ပရိပူရကာရိတာ ယ သမာဒိန္နသီလဟော နတ္ထိ ပရိဟာနိတိ အာဟ "အဘဗ္ဗော ဒါနိ သာသနတော နိဝတ္တိတု"-န္တိ။ [ကျက်ထားသင့်၍ ပါဠိအဘိုင်း ရေးထားပါသည်]

ဝမ္ဘဲတ္ဝာ။ ။ဝမ္ဘဲတ္ဝာ-အထက်မဂ်အကျိုးငှာ ဂ မဋ္ဌာန်းကို တိုးပွားစေ၍၊

အဓေပါသုဏ္ဏော ဘဝေယျ ဗုဒ္ဓဂေ စနံ။ ။အနေဟတ္ထဖိုလ်သို့ ရောက်ခြင်းအားဖြင့် ကိစ္စပြုပြီးသောကြောင့် ဘုရားစကားတော်ကို သင်ယူခြင်းငှာ ကြောင့်ကြမဲ့နေသူ (အားထုတ်မဲ့ နေသူ) ဖြစ်နိုင်၏၊ ဖြစ်စရာ ရှိ၏။

ဥပဇ္ဈာယော မံ ဘန္တေ တုမ္ဟာကံ သန္တိကံ ပဟိဏိ စသည်။ ။ဝေါဟာရ ဝိဓိဋ္ဌ ကျမ်းကျင် သူ ဖြစ်ခြင်း အကျိုးငှာ "ဥပဇ္ဈာယော၊ ပ၊ ပဟိဏိ" စသည်ကို မိန့်။

ထေရော တသ္မိ သမ္မုဋ္ဌိတဋ္ဌာနံ ပုန သမ္မုဋ္ဌိ၊ ပ၊ အညံ ဘန္တကဋ္ဌ ဂဏှိ။ ။ဂုဏ်ရှိသူတို့ အပေါ်ဦး ခေါင်းမြောက် ထိုက် သောကြောင့် သာမဏေ၏ ခန္ဓီ (သီးခံမှု)၊ ဝိရိယ (ကြိုးစားမှု)၊ ဥပဇ္ဈာန(လုပ်ကျွေးမှု) စသော ဂုဏ်တို့ကို မျက်မှောက်ပြုခြင်းငှာ အဘိညာဉ်မပါ ရိုးရိုး စုံစမ်း လိုရှာ တံမြက်လှည်းမှု စသည်ကို ထပ်၍ ပြုပါသည်။

သာမဏေ၏ စိတ်ကို ဆုံးမခြင်းငှာ ပြုသည်ဟုလည်း ဆိုကြသေး၏။

ဌပေတွာ ဝိနယပိဋကံ။ ။သာမဏေများ ဝိနည်းသင်လေ့မရှိသောကြောင့် ဝိနည်း ပိဋကကို ချန်၍ ကြွင်းသော ဘုရား စကားတော်ကို သင်ယူစေပြီဟု ဂဏ္ဌိပဒသုံးစောင်တို့၌ ဆိုထားပါသည်။

အဝသိကောဝ သမာနော။ ။ရဟန်း ဖြစ်သည်မှ စ၍ တဝါမရဲသေးဟု ဆိုလိုပါသည်။

ဟတ္ထေ သကလံ ဗုဒ္ဓဝစနံ ပတိဋ္ဌာပေတွာ။ ။ဘုရားစကားတော်ကို မောဂ္ဂလိ-ပုတ္တ တိသထေရ်၏ စိတ်နှလုံး၌ တည်စေပါသော်လည်း ပြောရိုးဆိုစဉ် ဝေါဟာရ၏ အစွမ်းဖြင့် ထိုမောဂ္ဂလိ-ပုတ္တ တိသထေရ်၏ လက်၌ တည်စေသည်မည်ပါသည်။ ထို့ကြောင့် "ဟတ္ထေ သကလံ ဗုဒ္ဓဝစနံ ပတိဋ္ဌာပေတွာ" ဆိုပါသည်။

ယာဝတာယုကံ ဌတွာ ပရိနိဗ္ဗာယိံသု။ ။မောဂ္ဂလိပုတ္တတိသထေရ်၏လက်၌ တသာသနာလုံးကို တည်စေသော (အပ်နှင်းသော) အားဖြင့် ဒုတိယသင်္ဂါယနာတင် မထေရ်တို့ တင်အပ်သော ဒဏ်မှ လွတ်ကြ၍ အသက်ထက်ဆုံး နေတော်မူပြီးလျှင် ပရိနိဗ္ဗာန် စံတော်မူကြသည်၊

ဗိန္ဒုသာရော။ ။သာကီဝင် မင်းမျိုး၌ မွေးဖွား ထင်ရှားသော စန္ဒဂုတ် မင်း၏ သားတော် ဖြစ်ပါသည်။ ဝိဌဋ္ဌ။ ဘမင်း၏ စစ်ပွဲ၌ (စစ်ပွဲကြောင့်) ဟပိလဝတ်ပြည်မှ ထွက်ပြေးခဲ့ရသော သာကီဝင်မင်းသား တို့သည် ဖန်ဆင်း အပ်သော မောရိယ မြို့၌ မင်းမျိုး ဖြစ်သော စန္ဒဂုတ်

မင်းသားသည် ပါဠိလိပုတ်ပြည်၌ မင်းဖြစ်ခဲ့ပါသည်။ ထိုမင်း၏ သားဖြစ်သော ဗိန္ဓုသာရ မင်းသားသည် ခမည်းတော် စန္ဒဂုတ်မင်း နတ်ရွာစံသည့် အခါ မင်းဖြစ်၍ သားတော် (၁၀၀) ပါးတို့၏ ခမည်းတော် ဖြစ်ပါသည်။

အနဘိသိတ္တောဝ ရဇ္ဇံ ကာရေတ္မာ။ ။ကေရာဇ် မပြုရသေး သောကြောင့် "အနဘိသိတ္တောဝ ရဇ္ဇံ ကာရေတ္မာ" ဟု မိန့်ပါသည်။

ကရဇ္ဇာဘိသေကံ။ ၊ဇမ္ဗူ။ ဒီပ်တခုလုံး၌ တယောက်တည်း အကြီးအမှူး ပြုသည်၏ အစွမ်းဖြင့်ပြုအပ်သော အဘိသိက်။

အဘိသေကာနုဘာဝေန ဣမာ ရာဇိဒ္ဓိယော အာဂတာ။ ။ကောင်း မှု၏ အစွမ်းဒကြောင့် ရဆိုက်ပါကုန်သော်လည်း ရာဇိဒ္ဓိတို့သည် (အရဟတ္တမဂ်ရသည်နှင့်တပြိုင်နက် ဖြစ်လာကုန်သော ပဋိသမ္ဘိဒါစသော ကြွင်းတရားထူးတို့ကဲ့သို့) ပဒေယာဂ ကြောင့် ပြည့်စုံကုန်သည်ဖြစ်၍ အဘိသိက်တန်ခိုးကြောင့် ဖြစ်ပေါ်လာကြပါသည်၊ ထို့ကြောင့် (ဆိုလိုရင်းကား—ရေးကံကြောင့်ရသော်လည်း အဘိသိက်မခံခင်မရ၊ အဘိသိက်ခံပြီးမှ ရသောကြောင့်) "အဘိသေကာနုဘာဝေန၊ ပ၊ အာဂတာ" ဟုဆိုပါသည်။

ဒေသနာမိဿာ။ ။ထိုဒေဝုရားဏီကိုယ်၌ အဆက်အစပ်များ၊ ထင်ရှားသောကြောင့် "အသန္ဓိမိတ္တာ" မည်ပါသည်။

အဂဒါမလကံ။ ။အနည်းငယ်ဖြင့်ပင် ခန္ဓာကိုယ် သုတ်သင်ခြင်း စသည်၌ စွမ်းနိုင်သော အပြစ်အားလုံးကို ဆောင်နိုင်သော ဆေး (အဂဒဟရီတကံလည်း-နည်းတူ) ထိုသို့သော, ဖန်ခါး ဆေးနှစ်မျိုး တွင် စားလိုသောဆေး တမျိုးကိုစားပါသည်။

ဆဒ္ဒန္တဒဟတောဝ။ ။ ၁။ ဆဒ္ဒန္တအိုင်၏ အနီး၌ တည်သော နတ်ဗိမာန်မှ။
၂။ ပဒေသာပင်မှ။
၃။ ဆဒ္ဒန္တအိုင်၌ပေါက်နေသော သစ်ပင်အထူးတို့မှ
ဟု အနက် ၃နည်း ပေးပါ။

အသုတ္တမယိက၊ ။ပဒေသာပင်မှဖြစ်သော နတ်အဝတ်ဖြစ်သည့်အတွက် ချည်မျှားဖြင့် ရက်အပ်သည် မဟုတ်သောကြောင့် ''အသုတ္တ-မယိက'' မည်၏။။

သုမနပုပ္ဖပဋ္ဌ။ ။တားသည်လုံးနှုးညံ့သည်ဖြစ်၍ပေါ်ပေါက်လာသောပန်းပြောက်တို့ရှိကြသောကြောင့် ''သုမနပုပ္ဖပဋ္ဌ'' မည်ပါသည်။

သာလိနော။ ။''သဗ္ဗော ဇနော'' ကဲ့သို့ အပေါင်းသလေးဇာတ်ကို ငဲ့သော သမုဒယာပေက္ခ(ဇာတျှာပေက္ခ) နည်းအားဖြင့် ''သာလိ-နော'' ဟုဇကဝုစ်ဖြင့်ဆိုထားသည်၊ သလေးတို့၏ ဟု ဗဟုဝုစ်အနက်မှတ်ပါ။

နဝ ဝါဟသဟဿာနိ။ ။လက်လေးဆုတ်သည် တစ်ကုဋေ (တစ်လက်ဖက်) ဖြစ်ပါသည်။
လေးကုဋေသည်(တစ်ပတ္တ)တစ်စလယ်ဖြစ်၏။
လေးစလယ်သည်(အာဠက)တစ်ပြည်ဖြစ်၏။
လေးပြည်သည်(တစ်ဒေါဏ) တစ်စိတ်ဖြစ်၏။
လေးစိတ်သည်(တစ်မာနိက)တစ်တင်းဖြစ်၏။
လေးတင်းသည်(တစ်ခါရီ)တစ်တို့ဖြစ်၏။
တို့ ၂၀ သည်(တစ်ဝါဟ)တစ်လှည်းဖြစ်၏ ဤသို့ သုတ္တနိပါတ် အဋ္ဌကထာ စသည်တို့၌ဆိုထားပါသည်။ ဤနေရာ၌ကား လှည်းနှစ်လှည်းကို တစ်ဝါဟ ဟုဆိုကြပါသည်။

ဗလိကမ္မံ ကရောန္တိ။ ။အလုံးစုံသောအရပ်တို့၌ အခွန်ဆက်သမှု ပြုကြသူတို့သည် (တိုင်းပြည်၌ နေသူများကဲ့သို့ ခေါ်မြိုန်သော အသံကို ကျူးရင့်ကြလျက် အခွန်ဆက်သမှုကိုပြုကြပါသည်။ လာ၍ ကောင်းကင်၌ပင် အသံကိုပြု၍ မိမိကိုမသိစေပဲ သွားကြကုန်၏ဟု ဆိုကြပါသေးသည်။

စတုန္နံ ဗုဒ္ဓါနံ အဓိဂတရူပဒဿနံ။ ။ကာဠနဂါးမင်းသည် တစ်ကမ္ဘာ ပတ်-လုံး အသက်ရှည်သောကြောင့် ဘုရားရှင်လေးဆူ (ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ) တို့၏ ရူပကာယနှင့် ပြည့်စုံပုံကို မျက်ဝါးထင်ထင်ဖူးမြင်လိုက်ရပါသည်။

ကာဠံနာမ နာဂရာဇာနံ အာနယိတ္ဌ။ ။ထိုကာဠနဂါးမင်းသည် ဂင်္ဂါမြစ်၌ (သီရိမဟာသောကမင်းသည်) ချထားအပ်သော ရွှေခြေချင်းကသွားရ၍ မိမိ၏ခြေကိုင်ကျသောအမှတ်ဖြင့် လာသည်ဟု မှတ်ပါ။

မေးဖွယ်။ ။အသောကမင်း၏အာဏာတော်သည် အောက်၌ တယူဇနာမှ အထက်၌ ပြန့်နှံ့သည် မဟုတ်ပါလော၊ ဤကာဠနဂါးမင်း၏ ဗိမာန်သည် တယူဇနာအပိုင်းအခြားမှ အောက်၌တည်သည်မဟုတ်ပါလော၊ ထို့ကြောင့် အဘယ်သို့လျှင် ဤကာဠနဂါးမင်းသည် အသောကမင်း၏ အာဏာကြောင့် လာရသနည်းဟုမေးဖွယ်ရှိ၏။ အဖြေကား–ဓမ္မာသောကမင်း၏ အာဏာတည်ရာအရပ်နှင့် တစပ်တည်း စပ်နေသောကြောင့် ဓမ္မာသောကမင်း၏အာဏာကို လိုက်နာရပါသည်။ ဥပမာ–တိုင်းပြည်၏နယ်ခြားဝ်ခ်ိန်ကြသောသူတို့သည် ထိုထိုမင်းချားက နှိပ်စက်ကုန်လသော် ထိုထိုင်းတို့၏ အာဏာ၌ ဖြစ်ကြရသကဲ့သို့တည်း။

ပုညပ္ပဘာဝနိဗ္ဗတ္တံ။ ။နဂါးမင်း ဖန်ဆင်းအပ်ပါသော်လည်း ဘုရားရှင်၏ ကောင်းမှုတော် အစွမ်းကြောင့်ဖြစ်သော လက္ခဏာတော် ကြီးငယ်နှင့်တူသောကြောင့် သဒိုးပြုပစာရအားဖြင့် "ပုညပ္ပဘာဝ-နိဗ္ဗတ္တံ" ဟု ဆိုပါသည်။

အသီတိအနုဗျဉ္ဇနာနံ။ ။၁။ တမ္မနခ=နီသော ခြေသည်းလက်သည်။
၂။ တုဂ်နာသ=ချွန်သော နှာခေါင်းတော်စသည်။

ဒ္ဒတ္တိံ သမဟာ၁ပုရိသလက္ခဏံ။ ။ကောင်းစွာ တည်တော်မူသော ခြေတော်ရှိခြင်း စသည်။

ဝိမလ ကေတုမာလာ။ ။ကေတုမာလာဟူသည် ဦးခေါင်းမှထွက်၍ ဦးထိပ်အထက်၌ အစုအပုံ အဖြစ်ဖြင့် ထင်ရသော ရောင်ခြည်တော်အစုတည်း။

အက္ခိပ္ပဇံနာမ အကာသိ။ ။အသောကဓမ္မရာဇာသည် ပီတိသောမနဿလွန်စွာ ဖြစ်ကာ (၇) ရက်ပတ်လုံး အစာမစားပဲ တည်မြဲတိုင်းပင် စိတ်မပျံ့မလွင့်မူ၍ ကြည်လင်အေးမြသော မျက်လုံးတို့ဖြင့် မပြတ်မလပ် ဘုရားရုပ်ပုံတော်ကိုသာဖူးမြော်ခဲ့သောကြောင့် မျက်လုံးတို့ဖြင့် ပူဇော်မှုပြုသည် မည်ပါသည်။

တနည်း။ ။မျက်လုံးထဲ၌ ထိုကဲ့သို့သော ဘုရားအာရုံကို ထင်စေခြင်းအား ပြု၍ မျက်လုံးဟို့ကို ပူဇော်မှုပြုသည်မည်ပါသည်။ ထို့ကြောင့် "အက္ခိပူဇံနာမ အကာသိ" ဟု ဆိုပါသည်။

ဤဝတ္ထု။ ။ဘန်ခိုးကို ထင်စွာပြမှုအရာ၌ ငြိုကပ်ဖွယ် ရှိသောကြောင့် ဤ ကာဠနဂါးကို ခေါ်၍ ဖန်ဆင်း ခိုင်းသော ဝတ္ထုကို ဆိုပါသည်။ အစဉ်အားဖြင့် ဆိုသည်မဟုတ်ပါ။ အစဉ်အားဖြင့်ကား–အသောက ဓမ္မရာဇာသည် နိဂြောဓသာမဏေကို မြင်ရသော် ကြည်ညိုသဖြင့် ပင့်ခေါ်စေ၍ တရားနာပါသည်။ တရားနာပြီးနောက် ရုတနာ ၄–ပါး၌ ကြည်ညို၍ သရဏာဂုံသီလတို့၌ တည်ပြီးလျှင် တံတွေ့ခြောက်သောင်း တို့အား လှူနေကြ ဆွမ်းကို ရုပ်သိမ်းကာ ရဟန်းခြောက်သောင်းတို့အား ကျေးဇူးတို့ဆောင် အပ်သော သလေးဆွမ်းကို ဖြစ်စေ၍ နတ်တို့ဆောင်အပ်သော အနောတတ် ရေနှင့် ဒန်ပူကို ဆက်ကပ်ကာ အမြဲမပြတ် သံဃာအား လုပ်ကျွေးလျက် တနေ့သ၌ ရွှေခြေချင်း အနှောင်အဖွဲ့ကိုစေလွှတ်၍ ကာဠနဂါးမင်းကို ခေါ်ပြီးလျှင် ထိုကာဠနဂါးမင်း ဖန်ဆင်းအပ်သော ဘုရားရုပ်ပုံတော်ကို ၇–ရက်တိုင်တိုင် မျက်စိတို့ဖြင့် ပူဇော်မှုကို ပြုပါသည်။

ဗာဟိရပါသဏ္ဍာ။ ။ဗာဟိရကပါသဏ္ဍဟူသည် သာသနာပဗုဒ္ဓါ(တိတ္ထိ) တို့သည် သိစေအပ်သော(ဝါ)တိတ္ထိများ ဟောကြားအပ်သော အယူဝါဒတည်း။ မှန်၏။ တိတ္ထိများ ဟောကြားအပ်သော အယူဝါဒကို သတ္တဝါတို့ သန္တာန်၌ တရှာကျော့ကွင်း ဒိဋ္ဌိကျော့ကွင်း တို့ကို ထောင်တတ်သောကြောင့် "ပါသဏ္ဍာ" ဟု ဆိုရပါသည်။

ဗိန္ဒုသာရော ပြာဟ္မဏအဘွော အဟောသိ။ ။မိမိ၏ခမည်းတော်ဖြစ်သော စန္ဒဂုတ်မင်း၏ လက်ယက်မှ စ၍ ပုဏ္ဏားတို့ကို ကိုးကွယ်ဆည်းကပ်ခဲ့ပါသည်။ ခဲ့ဦးအုံ–စန္ဒကမည်သော ပုဏ္ဏားသည် ကောင်းစွာ တိုက်တွန်းနှိုးဆော်အပ်သည် ဖြစ်၍ စန္ဒဂုတ် မင်းသားသည် ထိုစန္ဒကပုဏ္ဏား ပေးအပ်သော နည်း၌ တည်၍ ဇမ္ဗူပေါ်ပ် တခုလုံး၌ ဧကရာဇ်မင်း ပြုပါသည်။ ထို့ကြောင့် ထိုစန္ဒကပုဏ္ဏာ၌ များစွာ မြတ်နိုးမှုဖြစ်ခြင်း၏ အစွမ်းဖြင့် စန္ဒဂုတ်မင်း လက်ယက်မှု၍ ပုဏ္ဏားဇာတ် ရှိသူ ခြောက်သောင်းတို့သည် ထိုမင်းနန်းတော်၌ အမြဲ ဆွမ်းရကြပါသည်။

ဗြာဟ္မဏာနံ ဗြာဟ္မဏဇာတိယပါသဏ္ဍာနံ။ ။ဗြာဟ္မဏာနံပါဒ်ဖြင့် ပဏ္ဍရင်-
ပရိဗ္ဗာ ၊ က စသည်မဟုတ်သော
ပုဏ္ဏားတို့ကို ပြ၏။ ပဏ္ဍရင်ပရိဗ္ဗာဇက မယူတို့သည် ပုဏ္ဏားဇာတ်ရှိသူများ ဖြစ်ကြသောကြောင့် "ဗြာဟ္မဏဇာတ်ယပါသဏ္ဍာနံ" ဟု ဆိုပါသည်။ ဤနေရာ၌ကား ဒိဋ္ဌိကျော့ကွင်း စသည်တို့ကို ထောင်တတ်သောကြောင့် ပဏ္ဍ-ရင်စသော ပုဂ္ဂိုလ်မျ ားကိုပင် ပါသဏ္ဍဟုဆိုသည်။

ဒေဝရာဇာ။ ။မင်းတို့သည် ငါးပါးအာရုံ ကာကွယ်တို့ဖြင့် ပျော်မြူး
တတ်သောကြောင့် မင်းကို "ဒေဝ" ဟု ခေါ်ပါသည်။
သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် လူအပေါင်းကို နှစ်သက်စေကုန်လျက် ကိုယ်တိုင် တန်ခိုးအာနုဘော်စသော အထူးတို့ဖြင့် တောက်ပတင့်တယ်ကြသော ကြောင့် ရာဇာဟုလည်း ခေါ်ပါသည်။

နိဂဏ္ဌာ။ ။ငါတို့မှာ နှောင်ဖွဲ့တတ်သော ကိုယ်လေသာ မရှိ၊ ငါတို့သည်
ကိုယ်လေသာ အနှောင်အဖွဲ့မှ ကင်း၏ဟု ပြောဆိုလေ့ ရှိသော
ကြောင့် တိတ္ထိတို့သည် နိဂဏ္ဌာမည်၏။

ရာဇင်္ဂ။ ။မင်းနန်းတော် တံခါး၏အနီး ကွင်းပြင် မြေနေရာအရပ်ကို
"ရာဇင်္ဂ"ဟု ခေါ်သည်။ အင်္ဂါသဒ္ဒါသည်-
၁။ ကိုယ်လေသာအနက်
၂။ အညစ်အကြေးအနက်
၃။ ရှုံ့ညွှန်ဟူလောအနက်
၄။ ဟင်းလင်းပြင် အရပ်ဟူ
သောအနက်များကိုဟော၏။ ဤနေရာ၌ ဟင်းလွင်းပြင်အရပ်ဟူသောအနက်ကို ယူပါ။

ဒန္တီ စသည်။ ။တုန်လှုပ်တတ်သော ကိုယ်လေသာမှ ကင်းသောကိုယ် ရှိသော
ကြောင့် "ဒန္တ" မည်၏။ အမြဲစွဲ၍တည်သောသတိအစောင့်
အရှောက်ရှိသောကြောင့် "ဂုတ္တ" မည်၏။ စက္ခုစသောဣန္ဒြေများ ငြိမ်သက်
သောကြောင့် သန္တိန္ဒြိယမည်၏။ ကြည်ညိုဖွယ်ကုဆောင်သော ဣရိယာပုထ်
နှင့် ပြည့်စုံသောကြောင့် "ဣရိယာပထသမ္ပန္န" မည်၏။

ကံ သာလံ။ ။အလုံးစုံ အမိုးအကာရှိသောပြာသာဒ်တဆောင်။ တနည်း-နတ်၏ အာနုဘော်ကြောင့် ထိုပြာသာဒ်၌ မျှားစွာသော လူအပေါင်းသည်မမြင်အပ်သည်ဖြစ်၍ နေနိုင်ပါသည်။

နိဗ္ဗဝတ္ထံ။ ။တနေ့မှာ ဤမျှလောက်ဟု သတ်မှတ်၍ ထားအပ်သောဝတ်တည်း။

ဟေတုသမ္ပတ္တိ။ ။အရဟတ္တဖိုလ်၏ အားကြီးသော မှီရာဖြစ်သော ကုသိုလ်၏ ပြည့်စုံခြင်း။

ခုရဂ္ဂေ။ ။ခေါင်းရိပ်မှ၏အဆုံး၌ပင်ဟုအနက်ပြန်ပါ။ တစေပဠုကကမ္မဋ္ဌာန်း ကိုယူ၍ ထိုတစပဠုကကမ္မဋ္ဌာန်းကို ပိုင်းခြားလျက် နောက်ဆုံး ဆံစုကိုချသည်နှင့်တပြိုင်နက်ပင် အရဟတ္တဖိုလ်သို့ ရောက်သည်ဟုဆိုလိုသည်။

သဇိရံ ဇဂ္ဂိတ္ဝာ။ ။ဒန်ပူခဲစားခြင်း မျက်နှာသစ်ခြင်းစသည်တို့ဖြင့် ကိုယ်လက် သုတ်သင်မှုကိုပြု၍။

ဘန္တမိဂပဋ္ဌိဘာဝေ ဂါ။ ။မတည်ငြိမ်သောကိုယ်လော်လီမှုနှင့် ပြည့်စုံသော ကြောင့် တုန်လှုပ်သော သမင်နှင့်တူပါသည်။

ပုညကရဏကာလေ။ ။ရှေးအခါတုန်းက ပျားရည်ကုန်သည် ညီနောင်သုံး ယောက်ဘွင်-အကြီးနှစ်ယောက်သည် အရှာသမား, အဝယ်သမားဖြစ်ကြ၍ အငယ်ဆုံးကား-အရောင်းသမားဖြစ်၏။ တနေ့သ၌ အကြီးနှစ်ယောက်မရှိခိုက်မှာ ပစ္စေကဗုဒ္ဓါကြွလာ၍ ပျားရည်ဆွမ်းခံ၏။ ရေခပ်သွားသော အမျိုးသမီးတယောက်မြင်၍ ပျားရည်ကုန်သည်အိမ်ကို ညွှန်ပြလိုက်၏။ ပျားရည်လှူသောအခါ လျှံ၍ကျလာသော ပျားရည်မျှားကိုမြင် "ဤဇမ္ဗူဒီပ၌ အသက်တယူဇနာ အောက်တယူဇနာပိုင်သော ရှင်ဘုရား ဖြင့်ရပါလို၏" ဟု ဆုတောင်းလေသည်။ သူသည် အသောဂဗမင်းဖြစ်လာ၏။

"ဣမိနာ မဓုဒါနေန၊ ဣမမ္မိ ဇမ္ဗုဒီပကေ။
ဥဒ္ဓံ အဓော ယောဇနိကံ၊ မယှံ အာဟာ ပဝတ္တတု။"

ပစ္စေကဗုဒ္ဓါပြန်ကြွ၍ နောင်တော်နှစ်ယောက်ပြန်လာသောအခါ ပစ္စေက ဗုဒ္ဓါအား ပျားရည် လှူလိုက်ကြောင်း၊ ပျားရည်အလှူကို သာဓုခေါ်ဖို

အကြောင်းကို ပြောပြလေလျှင် ရှုတ်ဘရက်သော် နောင်တော်ကြီးစိတ်ဆိုး၍ 'စက္ကာလတွေကလဲ ရဟန်းယောင်ဆောင်လာတတ်ကြတယ်''ဟု စသည်ဖြင့် ပြောမိ၏။

နောင်တော်အလတ်ကလည်း ''သင်၏ ပစ္စေကဗုဒ္ဓါ ဆိုသူကို သမုဒ္ဒရာ တဘက်ကမ်း လှမ်းမပစ်သိုက်ပဲကိုး''ဟု ပြောမိသည်။နောက်မှ ပစ္စေကဗုဒ္ဓါ၏ ကြည်ညိုဖွယ်ကောင် ပုံကို ညွှန်ပြယ်ကရှင်းပြ၍ သားစုခေါ်ကြ၊ လေသည်။ သူတို့ စကားအပြောမှားမှုကြောင့် နောင်တော်ကြီးသည် စက္ကာလရှာ၌ မေ့သော နိုပြောခဲသာမကောဖြစ်၍၊ နောင်ဘော်လတ်သည် သမုဒ္ဒရာ တဘက်ကမ်း ရှိ သီဟိုဠ်ကျွန်း၌ ဒေဝါနံပိယတိဿ မင်းဖြစ်လာ၏။ ရေခပ်အမျိုးသွီးလည်း, ကုန်သည်လေး၏ ဆုတောင်းပုံကို ပစ္စေကဗုဒ္ဓါ ပြန်ကြွအလာတွင် မေးမြန်း၍ သိရသဖြင့် သူမလဲ ထိုအခါ မိုးရွာ၊ ခေါင် ဖြစ်ရပါလို၏ ဟု ဆုတောင်းလေ သည်။ သူသည် အသိန္ဓိမိတ္တာ ဖြစ်လာ၏။

အယျသ မဓုသာဘာယ အဟံ ဟတ္ထနိဒဿနာ။
ယဒါ သော ဘဝေ ရာဇာ၊ တဒါ အသံ မဟေသိကာ။

ပုဗ္ဗေ ဝ သန္ဓိ ဝါ သေန။ ။ဂါထာဖြစ်သည့်အတွက် ရှုတ်လွယ် ချောမောစေလို၍ ဝါ-၌ ရသပြုသဖြင့် ပုဗ္ဗေ ဝ ဟုဖြစ်နေသည်။

ပုဗ္ဗေ ၊ပ၊ ပစ္စုပ္ပန္နဟိ တေန ဝါ။ ။ရှေးဘဝ၌ အမိ,အဖ သမီး သား ညီ အစ်ကို အစ်မ နှမ လင်မယား သူငယ်ချင်း မိတ်ဆွေ စသည်ဖြစ်၍ အကြင်ပုဂ္ဂိုလ်သည် အကြင်ပုဂ္ဂိုလ်နှင့် အတူတကွ တနေရာဘည်း၌ နေဖူးသူ၊ ထိုပုဂ္ဂိုလ် အား ဤကဲ့သို့ ရှေးဘဝ၌ အတူတကွ နေထိုင်ခဲ့ခြင်းကြောင့် ဘဝတပါး၌လည်း အစဉ်လိုက်လာသော အချစ်မစွန့်ပါ၊ ဤပစ္စုပ္ပန်ဘဝ၌ ပြုအင်သော အကျိုးစီးပွား ဆောင်မှုကြောင့် လည်း ချစ်မှုသည်ဖြစ်တတ်၏။

ဥပ္ပလံ ဝါ ယဒေဝ ဒေက။ ။ဤ၌လည်း ဝါ သဒ္ဒါကို ဂါထာဗန္ဓ၏ အစွမ်းဖြင့်ပင် ရသ ပြုတားပါသည်။ ဤ ဝါ သဒ္ဒါ သည် အဝုတ္ထသမ္ပိတ္ထာန အနက်ရှိပါသည်။ ဤ ဝါ သဒ္ဒါဖြင့် ပဒုမ္မာကြာစသည်ကို သိမ်းယူပါသည်။ ထို့ကြောင့် ''အည်ဝါ''ဟု ဂါထာ၌ထည့်၍ အနက်ပေးပါ။

အနက်။ ။ဥပ္ပလံ ဝါ-ကြာညို၊ ကြာဖြူ၊ ကြာနီသည်လည်းကောင်း၊ အညံ-ဝါ-အခြားသော ပဒုမ္မာ စသော ကြာသည် လည်းကောင်း၊ ဥဒကေ-ရေ၌၊ ဇာယမာနံ-ပွင့်ထွန်းပေါ်ပေါက် လာရသည်ရှိသော်၊ ဒ္ဒိဟိ-ကာရဏေဟိ-ရေနှင်ညွှန်ယူသောနှစ်ပါးသောအကြောင်းတို့ကြောင့်၊ ဇာယ-တေယထာ-ဖြစ်ပေါ်လာရသကဲ့သို့၊ တထာ-ထို့အဟူ၊ တံပေမံ-ထိုချစ်ခြင်းသည်၊ ပုဗ္ဗေ-ရှေးဘဝ၌၊ သန္နိဝါသေန ဝါ-အတူတကွနေထိုင်ခဲ့ရခြင်းကြောင့် သော်လည်းကောင်း၊ ပစ္စုပ္ပန္နဟိတေန ဝါ-ပစ္စုပ္ပန်ဘဝ၌ အစီးအပွားကိုပြုခြင်းကြောင့် သော်လည်းကောင်း၊ ဧဝံ-ဤနှစ်ပါးသောအကြောင်းတို့ကြောင့် ဇာယတေ-ဖြစ်၏။

အနက်ကျယ်၊ ။ဥပ္ပလံ ဝါ- ဥပ္ပလမည်, ညို ဖြူ နီ ဟု,ရေကြည်ပေါ်လွှမ်း, သုံးမျိုးသောကြာပန်းသည်လည်းကော်ာင်း၊ အညံ ဝါ-ထို့ပြင်တပါး,ရေတွင်ပွားသည့်,မျှားပြားဘိတုံ, ကြာမျိုးစုံသည် လည်းကောင်း၊ ဥဒကေ-အပူဘေးဘယ, မြေးမခဖို့, အေးမြကြည်လင်, ရေစဉ်ရေကောင်း၌ ဇာယမာနံ- တင့်တင့်ငွားငွား, စွင့်စွင့်ကားလျက်, ပွင့်ပွားပေါ်ပေါက်လာရသည်ရှိသော်၊ ဒ္ဒိဟိကာရဏေဟိ-ပန်းအထွေထွေ, လျှင်းပဝေဖို့, စမ်းရေညွှန်ပြောင်း,နှစ်ပါးသောအကြောင်းတို့ကြောင့်၊ ဇာယတေယထာ- ငွားငွားတင့်တင့်, ကားကားစွင့်လျက်, ဆင့်ကာမြင့်ကာ, ပွင့်လာရသကဲ့သို့၊ တထာ-ပမာထားယူ, မခြားအတူ၊ တံပေမံ-မိချင်ဘချစ်, ဆွေမျိုးချင်မှ, စ၍ သစ်ဆန်း, ထိုအချစ်ပန်းသည်၊ ပုဗ္ဗေ သန္နိဝါသေန ဝါ- ကွာမဝေးလု, ရှေးဘဝက, ဟာကွအတူ, ကြည်ဖြူပေါင်းသင်း, နေထိုင်ခဲ့ရခြင်းကြောင့် လည်းကောင်း၊ ပစ္စုပ္ပန္နဟိတေန ဝါ- ယခုဘဝ ပြုသမျှ၌ ယုယသောအား ကြီးမားလေအောပ် စီးပွားကို ဆောင်ခြင်းကြောင့်သော် လည်းကောင်း၊ ဧဝံ (ဤမေဟိကာရဏေဟိ)ရှေးမေတ္တာဆက်ယခုတွက်မှ,ဆောင်ရွက်အကျိုး,ဤအကြောင်းနှစ်ချိုးတို့ကြောင့်၊ ;ဇာယတေ-ခဲ့ တား, အမြဲမှန်းလျက်, စွဲလမ်းချစ်ဝေ, ဖြစ်ရပေသတည်း၊ [ဘာသာဋီကာ-မှ]

ရညော အနုရူပံ၊ ။ညီတော် နောင်တော် (၉၉) ယောက် တို့ကို သတ်ခဲ့သောကြောင့်လည်းကောင်း၊ ကြမ်းတမ်းမသာသဘောအားဖြင့် မင်းအဖြစ်၌ တည်သောကြောင့် လည်းကောင်း၊ ဤမင်းသည် မေ့မေ့လျော့လျော့ နေလေ့ရှိ၏ဟု မှတ်ထင်၍ ထိုအသောက မင်းအားလျှောက်ပတ်သော ဓမ္မပဒလာ အပ္ပမာဒဝဂ်ကို ဟောဖို့ရာ အားထုတ်ပါသည်။

အမတံ။ ။ထိုနိဗ္ဗာန်သည်–စိတ်, စေတသိက်, ရုပ်ကဲ့သို့ ဖြစ်ခြင်း ဥပါဒ် သဘော မရှိရကား ရင့်ခြင်း=ဇရာ, ပျက်ခြင်း=မရဏလည်း မရှိဘော့၊ ထို့ကြောင့် နိဗ္ဗာန်ကို "အမတ" ဟု ခေါ်ပါသည်။

ပဒံ။ ။ဤ၌ ပဒသဒ္ဒါသည် အကြောင်းကိုဟောပါသည်။ မှန်၏။ မေ့လျော့ သူသည် ဇာတိကို မလွန်နိုင် ဖြစ်သူကား အိုလည်းအို, သေလည်း သေရတော့၏။ ထို့ကြောင့် မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်း မည်ပါသည်။

အညာတံ တာတ ပရိယေသသာပေဟိ။ ။ဤပါဠိဖြင့် အခါခပ်သိမ်း မမေ့ မလျော့ သူဖြစ်၍ ကျင့်ထိုက်၏ ဟူသောအကြောင်းကို ဤနှစ်ပါဒဖြင့် (အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ) ဖြင့်ပင် "တပည့်တော်သိပါပြီ၊ အရှင်ဘုရားတို့သည် တရား ဟောခြင်းကို ပြီးဆုံးစေပါကုန်"ဟု ပြော၍ ထိုတရား၌ မိမိသည် ကျင့်ခြင်း ၌ အလိုရှိသည်၏အဖြစ်ကို ပြလျက်တရားဒေသနာတော်ကို အပြီးအဆုံးသို့ ရောက်အောင် ဟောရန် တိုက်တွန်းပါသည်။

[အဋ္ဌကထာ စာသွားကို သားမန်ကြည့်လျှင် "သိပါပြီ တရားကို အပြီး သတ်လိုက်ပါတော့" ဟု အဓိပ္ပာယ်ယူစရာရှိ၏။ ထိုသို့ မယူရ၊ "တရားကို ပြီးဆုံးအောင် ဟောပါ" ဟု တိုက်တွန်းသည်ဟူလို]

ကစ်ဝါဒ။ ။ကေစိ ပန အဘာသိတိ ဇ္ဇေ "ဘာသိဿာမိ ဝိတဏ္ဍေမိ"တိ အတ္ထံ ဂဟေတ္မာ သဗ္ဗံ အပ္ပမာဒဝဂ္ဂံ ဘာသိဿာမီတိ သလ္ဂ-ကျိတတ္တာ အဘာသိတိ ဝုတ္တံ၊ ရညာ ပန အမုံ ဂါထံ သုတ္တာဝ "အညာတံ တာတ ပရိယေသသာပေဟိ" တိ ဝုတ္တတ္တာ ဥပရိ နှ ကဏ္ဌသိတိ ဇ ဒန္ဒီ၊ တံ ပန ယုတ္တံ နှ ဟောဟိတိ တိသုပိ ဂဏ္ဌိပဒေသု ဝုတ္တံ။

[ဤပါဠိကို မြန်မာပြန်ရန် မဆက်ပါ၊ အဓိပ္ပာယ်ယူ၍–သိပ်မရှင်း၍ စာ ရှည်သူ စဉ်းစား နိုင်ရန် ပါဠိအတိုင်း ထည့်လိုက်ပါသည်။]

ဝဇ္ဇာဝဇ္ဇံ ဒ္ဒိသ္ဝာ စောဒေတာ သာရေတာစ။ ။ဝဇ္ဇာဝဇ္ဇံ ဥပနိဗ္ဗာယတိတိ ဥပဗ္ဗာယော ဟူသော ဝစနတ္ထ ကြောင့် "ဝဇ္ဇာဝဇ္ဇံ ဒ္ဒိသ္ဝာ စောဒေတာ သာရေတာစ"ဟု ဆိုပါသည်။

စောဒေတာ။ ။ဤအမှုကို သင်သည် မကောင်းသဖြင့်ပြုအင်၏၊ ဤကောင်းကို သင်သည်မကောင်းသဖြင့်ဆိုအပ်၏။ ဤသို့စသည်ပြော၍ အပြစ်တင်တတ်သူ။

သာရေတာ။ ။မိမိ၏အပြစ်ကို သတိမရသောသူအား သတိပေးတတ်သူ။ တနည်း–သမ္မာပဋိပတ်၌ ဖြစ်စေတတ်သူ။

ဣမသ္မိं သာသနေ သိက္ခိတဗ္ဗကမ္မသု ပတိဋ္ဌာပေတာ။ ။ဤသို့ သင်သည် ဘုရားစကားတော်ကို သင်အံထိုက်၏။ ဤပုံဤနည်း ရှေ့သို့တက်ထိုက်၏။ ဤပုံဤနည်း နောက်သို့ဆုတ်ထိုက်၏ စသည်ဖြင့် အကျင့်ကိုသင်ပြုတတ်သောကြောင့် အာစရိယမည်၏။ထို့ကြောင့် ''ဣမသ္မိं သာသနေ သိက္ခိတဗ္ဗကမ္မသု ပတိဋ္ဌာပေတာ'' ဟု ဆိုပါသည်။

သိက္ခိတဗ္ဗကမ္မ–ဟူသည် ဘုရားစကားတော်အားလုံးနှင့် သီလစသော တရားများတည်း။

ပဗ္ဗဇ္ဇာစ ဥပသမ္ပဒါစ။ ။ဤစကားကို ယထာလာဘယောဇနာ နည်းအားဖြင့် ဆိုပါသည်။ အာစရိယုပဇ္ဈာယာနံ အတွက် ပဗ္ဗဇ္ဇာ, ဥပသမ္ပဒါ အားလုံးယှဉ်စေရမည်။ ''မမ စ'' ဟူသော ပါဠိအတွက်ကား ပဗ္ဗဇ္ဇာတမျိုးသာ ယှဉ်စေရပါမည်။

တနည်း–ထိုအချိန်၌သာမဏေဖြစ်သောကြောင့် နိဂြောဓသာမဏေ၏ရဟန်းဖြစ်လတ္တံ့သည်ကို ရည်ရွယ်၍ ပဗ္ဗဇ္ဇာ ဥပသမ္ပဒါ နှစ်မျိုးလုံးကိုလည်း ယှဉ်စေရပါမည်။

ယံ နိဿာယ။ ။သရဏာဂုံ၏အစွမ်းဖြင့် ရှင်အဖြစ် ပြီးရသောကြောင့် (ရှင်သာမဏေ ဖြစ်ရသောကြောင့်) ရဟန်းသံဃာ သည်လည်း ရှင်သာမဏေ၏ မှီရာဖြစ်ပါသည်။ ခေါင်းတုံးရိတ်ခြင်း၏ အကွမ်းဖြင့်လည်း ရဟန်းသံဃာ၏ မှီရာအဖြစ်ကို ရအပ်ပါသည်။

ပုန ရာဇာ အသောကာရာမံနာမ မဟာဝိဟာရံ ကာရေတွာ စသည်။ ။ နိဂြောဓထေရ်၏ အာနုဘော်ကို ပြဆိုရာဖြစ်သောကြောင့် ရှေးဦးဆုံးပြီးကုံလည်းကောင်း၊ နောက်ဦးဆုံးလတ္တံ့ကိုလည်းကောင်း၊ ပေါင်း၍ ''ပုန ရာဇာ အသောကာရာမံနာမ မဟာဝိဟာရံ ကာရေတွာ'' စသည်ကုန်၏။

အသောကာရာမေ။ ။ကျောင်းဆောက်ပြီးနောက်မှ ဆောက်လုပ်လှူဒါန်းသော အသောကမင်း၏ နာမည်ဖြင့် ထင်ရှားသော အမည်ပညာတ်ကိုရည်ရွယ်၍ "အသောကာရာမေ" ဟု ဆိုပါသည်။ (ကားရဏ္ဍ ပစားရတည်း)

ကေစိဆရာတို့က ထိုနေ့၌ အသောကမင်းသည် မိမိ၏နန်းတော်၌ ရဟန်းသံဃာအားလုံးကို ထိုင်စေပြီးလျှင် ဆွမ်းကြွေးရှိကျွေးပြီးသနာကိုမေးပြီဟု ဆိုကြပါသည်၊(နန်းတော်တွင်း၌ မေးသည်ဟု ကေစိတို့ ဆိုကြ၏။)

မဟာဒါနံ ဒတ္ဝာ။ ။(ရဟန်းသံဃာပေါင်း ခြောက်သောင်းတို့ကို) ဆွမ်းကျွေး၍ ပရိက္ခရာအားလုံးလှူပါသည်။

အဂ်ံတော ပန၊ပါနဝဂ်ါနိ စသည်။ ။မောဂ္ဂလိပုတ္တတိဿထေရ်က ဖြေသည်ဟုဆိုကြ၏။

နဝကမ္မာဓိဋ္ဌာယကံ အဒါသိ။ ။ကျောင်းပေါင်းရှစ်သောင်းလေးထောင်တို့၌ ပြုစရာရှိသောအမှုသစ်ကို စီမံရန်ပေးပါသည်။

ဧကဒိဝသမေဝ သဗ္ဗနဂရေဟိ ပဏ္ဏာနိ အာဂမိံသု။ ။ရာဟု(အသူရိန်)သည် လ ကို ဖမ်း ရာ နေ့ ၌ (လဝေပုပ်ဖမ်းရာနေ့၌) ကျောင်းအားလုံးတို့၌ (ကျောင်းပေါင်းရှစ်သောင်းလေးထောင်တို့၌) အမှုသစ်ကို စတင်အားထုတ်၍ နောက်ထပ်ရာဟုက လကို ဖမ်းရာနေ့၌ပင် (နောက်ထပ်လဝေပုပ်ဖမ်းရာနေ့၌ပင်) ပြီးဆုံးစေကြပါသည်။ ထို့ကြောင့် ဘနေ့တည်း၌ပင် ကျောင်းပြီးစီးကြောင်း သတင်းလွှာများ ရောက်လာကြပါသည်။

သဗ္ဗာလက်ာရဝိဘူသိတာယ၊ ။ဤစကားကို ဥပသမ်မစောင့်သူတို့၏ အစွမ်းဖြင့် ဆိုပါသည်။

လောကဝိဝရဏံနာ်မ ပါဋိဟာရိယံ အကံသု။ ။ထောင်ပေါင်း များစွာအရေအတွက် ရှိသော သြကာသ လောဟ၏လည်းကောင်း၊ ထိုသြကာသလောကတွင်မှီခိုနေသော သတ္တလောက၏လည်းကောင်း ပွင့်ခြင်းကို ပြုကြောင်း တန်ခိုးပြာဋိဟာသည် "လောကဝိ-ဝရဏ"မည်၏။ ထိုတန်ခိုးပြာဋိဟာကို ပြုသော တန်ခိုးရှင်သည်....

၁။ အမိုက်မှောင်ကိုလည်းလင်းအောင်ပြုနိုင်၏။
၂။ ဖုံးလွှမ်းအပ်သော အရာဝတ္ထုကို လည်း ပွင့်လင်း အောင်ပြုနိုင်၏။
၃။ ရှေးရှုမထင်သည်ကိုလည်း ရှေးရှုထင်အောင် ပြုနိုင်ပါသည်။

လောကဝိဝရဏတန်ခိုးပြာဋိဟာကို ထင်ရှားပြလိုသူသည်–

၁။ ပါဒကစျန်ကို ဝင်စားခြင်း။
၂။ ပါဒကစျာန်ကိုဝင်စားပြီးနောက် ''ဤဖုံးလွှမ်းအပ်သော အရာသည် ပွင့်လင်းစေသတည်း''ဟု စသည်ဖြင့် ဆင်ခြင်ခြင်း၊
၃။ တဖန် ပါဒကဗျာန်ကိုဝင်စားခြင်း၊
၄၊ အဓိဋ္ဌာန်ခြင်း(ပေါင်း ၄–ပါး)ကို ပြုရပါမည်။

လောကဝိဝရဏပြာဋိဟာကို ပြုဖူးသော်ပုဂ္ဂိုလ်မျှ၏။ ။ ၁။ မြတ်စွာ ဘုရားသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာတော်ကို ဟောတော်မူပြီး၍ သက်သေနဂိုရ်ပြည်သို့ သက်ဆင်းတော်မူစဉ် မြင်းမိုရ်တောင်ထိပ်၌ ရပ်တော်မူ၍ လောကဝိဝရဏတန်ခိုးပြာဋိဟာကို ပြတော်မူပါသည်။

၂။ သီဟိုဠ်ကျွန်းသား တဋ္ဌဂ်ရ အရပ်၌ သီတင်းသုံးဟော်မူလေ့ရှိသော ဓမ္မဒိန္နထေရ်သည်လည်း တိသကျောင်းကြီး၏ စေတီယင်ပြင်၌ ထိုင်၍ အပဏ္ဏကသုတ်ကိုဟောစဉ် လောကဝိဝရဏ ပြာဋိဟာကို ပြတော်မူပါသည်။

၃။ အသောကာရုံကျောင်းပူဇော်ပွဲသို့ ကြွရောက် လာကြ ကုန်သော ရဟန်းသံဃာပေါင်း ကုဋေ(၈၀)တို့တွင် ရဟန္တာပေါင်း တသိန်းတို့သည် အဓိဋ္ဌာန်၍ အားသာကမင်းအား လောကဝိဝရဏ ပြာဋိဟာကို ပြကြပါသည်။

မောဂ္ဂလိပုတ္တတိဿဓေဝရသ ဘာရမ္ဘကာသိ။ ။မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်သည် အာနုဘော်ကြီးသောကြောင့် နောင်အခါ၌လည်း ဖြေဆိုစရာရှိလျှင် ထို ဖြေဆိုစရာကိုလည်း ထိုမောဂ္ဂလိပုတ္တတိဿမထေရ်ပင် ဖြေဆိုလိမ့်မည်ဟုမှတ်ထင်ယူဆ၍ ရဟန်းသံဃာသည် ဘုရင်၏အမေးကို ဖြေဆိုရန်တာဝန်ကို မောဂ္ဂလိပုတ္တတိဿ ထေရ်အားပေးပါသည်။

သာသနဿ ဒါယာဒါ ဟောမိ နု ဟောဒိ။ ။သာသနာတော်၏ဆွေမျိုး သာသနာတော်၏အတွင်း လူ ဖြစ် မဖြစ် ဟုမေးသည်။

နိ ခေါ မဟာရာဇ ဧတ္တာဝတာ သာသနဿ ဒါယာဒါ ဟောတိ။ ။သာသနာတော် ၏ အဘွင်းဌ္ဌာရ်ရဟန်းပြုသောသားသမီး မရှိသူတို့သည် သာသနာတော်အတွင်း ဌ္ဌ ပြုစရာကိစ္စကို မိမိ၏ တာဝန် သဘော ထား၍ မဆောင်ရွက်ကြဟူသော အနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ မောဂ္ဂလိပုတ္တတိဿမထေရ်သည် ''နိ ခေါ မဟာရာဇ ၊ပ၊ ဒါယာဒါ ဟောတိ'' ဟုမိန့်သည်။

ကထံ စရဟိ။ ။ဤဌ္ဌ စရဟိ နိပါတ်သည် သည်းမခံနိုင်ခြင်းကိုပြ၏။ ဤမျှ သောက်များပြား သော ပစ္စည်းတွေကို စွန့်လှူပါလျက် သာသနဒါယာဒမဖြစ်သေးလျှင် အဘယ်လိုလုပ်မှ ဖြစ်နိုင်ပါမည်နည်းဟူလို။

ပုတ္တာနံ မနံ လဘိဘ္ဘဝ။ ။ဤပါဠိ၌ သမီးကိုလည်း သာမည်နိဒ္ဒေသနည်း အားဖြင့် ပုတ္တသဒ္ဒါက ဟောသည် ဟုမှတ်ပ ।။

တနည်း—''ပုဒ်တ္တာစ ဓီတာစ ပုတ္တာ'' ဟုဝိရူပေကသေသအားဖြင့်ပုတ္တာ ကို ဆိုသည်ဟုမှတ်ပါ।။

သိက္ခာ သ ပတိဋ္ဌာပေသုံ၊ ။ဆို သိမ်တန်ဆောင်း ဝန်းဌ္ဌပင် သိက္ခာသမ္မုတိ ပေး၍ ''ပါဏာတိပါတာ ဝေရမဏိ'' အစ ''ဝိကာလ ဘောဇနာ ဝေရမဏိ''အဆုံးသိက္ခာပုဒ်(၆)ပါးတို့ဌ ဆောက်တည် ပေခြင်းအစွမ်းဖြင့် သိက္ခာဌ ဟည်စေကြပါသည်။ မှန်၏။ အသက်(၆၀) ရှိသော သာမဏေမသည်သော်လည်း''ပါဏာတိပါတာ ဝေရမဏိ'' စသော သိက္ခာပုဒ် (၆)ပါး တို့ကိုဆောက်ဘည်၍ ကျင့်ရမည်သာ၊ မှန်၏။သိက္ခာပုဒ် (၆)ပါးတို့ဌ(၂)နှစ်တို့ပဘဲလုံး မကျင့်သော သာမဏေမကို ရဟန်းခံပေး ခြင်းငှာ မအပ်ပါ။

သပ္ပံထေရ ဝါဒံ။ ။ပဌမသင်္ဂါယနာ, ဒုတိယသင်္ဂါယနာ တည်းဟူသော သင်္ဂါယနာ(၂)ကြိမ် တင်အပ်သော ပါဠိတော်ကိုသာ ထေရဝါဒဟုနှတ်ပါ။ မှန်၏။ ဆိုပါဠိတော်ကို အရှင်မဟာကဿပစသော မထေရ်မြတ်ဘို့၏ ဝါဒဖြစ်သောကြောင့် ထေရဝါဒ ဟုဆိုပါသည်။

ကောန္ဓသာကုဏိယော။ ။ဓာတ္ဓဌ်ဘို့ဟူသည် ကိန္ဓရာဌ်တို့တည်း။

ကောဇ္ဇပုတ္တတိသထေရ်ဟူသည်။ ။အမိကိန္နရာနှင့် အဖ တောမုဆိုးတို့ သင့်မြတ်၍ဘုရင်မွေးစားအပ်သော ကောဇ္ဇ-ပုတ္တတိသမထေရ်တည်း။ ထိုမထေရ်၏ လူနာမည်မှာ တိသဖြစ်၍၊ ညီမှာ သုမိတ္တမည်ပါသည်။ ဥပဇ္ဈာယ်ဆရာမှာ မဟာဝရုဏထေရ်ဖြစ်၍ ညီအစ်ကို နှစ်ယောက်လုံး ဆဋ္ဌမဘိညရဟန္တာမျှားဖြစ်ကြပါသည်။

ကေစိ၀ါဒ။ ။ကောဇ္ဇာမည်သည် ကဋ္ဌ၀ါဟနမင်း၏ အနွယ်၀င် မင်းသမီး တပါးဖြစ်ပါသည်။ ဂဠုန်ယန္တားဖြင့် တောသို့သွားသော ထိုကောဇ္ဇာ မင်းသမီးကို တောမုဆိုးတယောက်က ဆောင်ယူကာ ပေါင်းဖော်၍ သားနှစ်ယောက်ရပါသည်။ သားနှစ်ယောက်တို့တွင် သားကြီးအမည်မှာ အမိကောဇ္ဇာမင်းသမီး၏ အမည်ဖြင့် ကောဇ္ဇပုတ္တမည်ပါသည်။ မှန်၏။ ကဋ္ဌ၀ါဟနမင်း၏ပြိုင်ဘွဲ့ သင ္ဂေးအားလုံးတို့သည် မြစ်ကစားခြင်း, တောင်ကစားခြင်း, တောကစားခြင်းစသည်တို့ဘွဲ့ ဂဠုန်ပျံ ယန္တယားကိုပြုစေ၍ ကဋ္ဌ၀ါဟနမင်းကဲ့သို့ ဂဠုန်ယာဉ်ဖြင့် လှည့်လည်ကြပါသည်။

ဗျာဓိပဋိကမ္မတ္ထံ ပ၊ ပသုတမတ္ထံ သပ္ပိံ အလဘိတ္ဝာ။ ။ကောဇ္ဇပုတ္တတိသ-ထေရ်သည်–

၁။ မင်း၏နန်းတော်ကို ရှောင်ရခြင်း၊ တနည်း–(မင်းအား အသိမပေးရခြင်း၊)

၂။ မင်းနန်းတော်မှလှူအပ်သော ဆေးကိုရှောင်ရခြင်း။

၃။ နေ့လွဲအခါ၌ ထောပတ်အကျိုးငှာ လှည့်လည်မှုမှ ရှောင်ရခြင်း (ဆွမ်းခံချိန်၌ ထောပတ်ကိုအလှူခံခြင်း) ဟူသော စည်းကမ်း (၃) ချက် ချမှတ်သောကြောင့် တလက်ခုံဘက်မျှသောထောပတ်ကို မရခြင်းဖြစ်ပါသည်။ အဌကထာအလို (သမာနအလို)-လေနာ ရောဂါဖြစ်၍၊ ကေစိအလို-ကင်းမြီးကောက်ကိုက်သော ရောဂါ ဖြစ်ပါသည်။

ကောဇ္ဇပုတ္တတိသထေရ်၏ ဩ၀ါဒ။ ။ငါတို့တောင်မှ ဤသို့ပစ္စည်းရခဲကုန်၏၊ သင်တို့သည် ရသောပစ္စည်းမျှား၌ မမေ့မလျော့ပဲ ရဟန်းတရားကို အားထုတ်ကြပါ။

ဘရဏသ သက္ကာရံ ကတ္ဝာ။ ။သက္ကာရ-အရ ထေရ်၏ ဓာတ်တော်ပူဇော်ခြင်း ဓာတုသက္ကာရကို ယူပါ။

စတူသု ဒ္ဓါရေသု ပေါ ကွ ရ ဏီ ယော ကာရာ ပေတ္တာ ဘော သ ဇ္ဇ သ ပူ ရာ ပေတ္တာ။ ။ တံခါးတခုခ်ဳ ကန်လေးကန်ကိုပြုစေ၍ ဇကန်ခ်ဳ ထောပတ်, ဇကန်ခ်ဳ ပျားရည်, တကန်ခ်ဳ တင်လဲ, တကန်ခ်ဳ သကာတို့ကို ပြည့်အောင်ထည့်ထားပါသည်။

သဘာယံ သတသဟဿံ။ ။ မြို့လယ်ခေါင် တရား ဆုံးဖြတ်ရာ သဘင်ခ်ဳ တသိန်း ရပါသည်။ ဤပါဠိဖြင့် တမြို့လုံးမှ ဖြစ်သော အခွန်ကိုပြပါသည်။

ပဠ္ဌ သတသဟဿာနိ ရညော ဥပ္ပဇ္ဇိ။ ။ တိုင် ပြည်မှဖြစ်သော အခွန်အတုတ်ကို ကြည်ထား၍ ဆိုပါသည်။ [''ရဌတော'' နေရာ၌ ''ပရရဌတော'' ဟု မူကွဲရှိ၏၊ ထိုမူကွဲအလို အခြားတိုင်းပြည်မှ ဖြစ်ပေါ်သော အခွန်ကိုကြည်ထား၍ ဆိုသည်ဟုယူပါ။ ပိုရှင်းသည်]

နိဂြောဓဆေရဿ ဒေဝသိကံ သတသဟဿံ ဝိသဇ္ဇေသိ။ ။ အသောကဓမ္မ-ရာဇာသည်တနေ့ မှာသုံးကြိမ်အဝတ်လဲသော်''နိဂြောဓမထေရ်၏အထံသို့ သက်နှုံးပို့ပြီးပြီလား'' ဟု မေး၍ ''ပို့ပြီးပါပြီ'' ဟူသောစကားကိုကြားမှသာ အိပ်လဲတော်မူ၏။ နိဂြောဓထေရ်သည်လည်း တနေ့သုံးကြိမ် တိစီဝရိတ်လဲတော်မူ၏၊ မထေရ်၏ တိစီဝရိတ်ကို ဆင်၏ကျောက်ကုန်းပေါ်ဝင်၍ နံ့သာဗူး (၅၀၀), ပန်းဗူး (၅၀၀)တို့နှင့်တကွ နံနက်ဧာစောတကြိမ်, နေ့လည်တကြိမ်, ညနေတကြိမ်, ပေါင်း သုံးကြိမ်ပို့ပေးကြပါသည်။ မထေရ်သည်လည်း ဘဏ္ဍာကို အထုပ်ဖွဲ့၍ မထားပါ။ ရောက်လာသော သီဘင်းသုံ့ဖော်တို့အားလျှပါသည်။ ထိုအခါ၌ ဇမ္ဗူဒိပ်မှာ ရဟန်းသံဃာ၏သက်နှုံးသည် နိဂြောဓမထေရ်၏ သက်နှုံးသာ မျှားပါသည်။ ဤသို့မထေရ်အား နေ့တိုင်း နေ့တိုင်း တင်သိန်းလျှပါသည်။

လာဘနှင့်သက္ကာရအထူး။ ။ ရိုးရိုးလျှအပ်သော ပစ္စည်းလေးပါးကို လာဘ ဟု ခေါ်၍ မွန်မြတ်သည်ထက် မွန်မြတ်အောင် ကောင်းသည်ထက် ကောင်းအောင် အထူးပြုစီမံ၍ ပြုအပ်သော ပစ္စည်းလေးပါးကို သက္ကာရဟု ခေါ်သည်။

နှ ခေါ ပနေတံ ဣမေသံ မဇ္ဈေ ဝသန္တေန ဂူပသမေတုံ။ ။ ထိုရဟန်း တို့၏ အလယ်၌ နေလျှင် ထိုရဟန်းတို့၌ပင် ပါဝင်သောကြောင့် နာယူအပ်သောစကားရှိသူ (သြဇာ ညောင်းသူ) မဖြစ်နိုင်၊ ထို့ကြောင့် ''နှ ခေါ ပနေတံ'' စသော အကြံကို ကြံတော်မူသည်။

အတ္တနာ ဖါသုံကဝိဟ်ာရေန။ ။ထိုအချိန်၌ ထိုအရပ်မှာနေလျှင် ချမ်းသာစွာ နေရခြင်း မရှိသောကြောင့် ထိုပဌမအကြောင်းကို ပယ်စွန့်၍ အလိုရှိအပ်သော ချမ်းသာစွာ နေခြင်းမျှကိုယူ၍ "အတ္တနာ၊ ပ၊ ဝိဟာရိတုကာမော" ဟု ဆိုပါသည်။

အဗ္ဗုဒ စသည်။ ။ခိုးခြင်းဟူသောအနက်ကြောင့် "အဗ္ဗုဒ" မည်၏။ ညစ်နွမ်းအောင် ပြုတတ်သောအနက်ကြောင့် "မလ" မည်၏။ ထိုးဆွတတ်သော အနက်သဘောကြောင့် "ကဏ္ဏက"မည်၏။

ပဠွာတပေ တပ္ပန္တိ။ ။လေးဌာနတို့၌ မီးတပုံစီဖိုး၍ အလယ်၌ရပ်ကာ နေပူခံကြသည်။

အဿာသပဿာသနိဗန္ဓံ မရဏံ ပေက္ခမာနာ။ ။"အဟော ဝတာဟံ ဟဒန္တရံ ဇီဝေယျံ၊ ယဒန္တရံ အဿ-သိတွာ ပဿဿာမိ၊ ပဿသိတွာ ဝါ အဿသာမိ၊ ဘဂဝတော သာသနံ မနသိကရေယျံ၊ ဗဟုဝတ မေ ကတံ အဿ" ဟု မရဏာသတိ ကို အားထုတ်ခြင်းအားဖြင့် အဿာသပဿာသ၏ ဖြစ်ရာကာလနှင့်စပ်သော သေခြင်းကို ရှုကုန်လျက်။

အဿာသနှင့် ပဿာသအထူး။ ။အဿာသဟူသည် ထွက်သက်လေတည်း၊ ပဿာသ ဟူသည် ဝင်သက် လေတည်း။ တနည်း.....အဿာသ ဟူသည် ဝင်သက်လေတည်း၊ ပဿာသဟူသည် ထွက်သက်လေတည်း။

မိဂဝံ နိက္ခမိတွာ။ ။သားကောင်တို့ကို သတ်ခြင်းအကျိုးငှာ တောခွ သားကောင် ရှာဖွေးခြင်းငှာ လှည့်လည်အုံ့ဟု ကြံကာထွက်၍၊ မိဂဝဟူသည်-သာ ကောင်တို့ကိုညှဉ်းဆဲရာဖြစ်သောကြောင့် မိဂဝဟု အမည်ရှိသော တောတည်း။

ဟတ္ထိနာဂေန။ ။ဤ၌ နာဂသဒ္ဒါသည်မဟာ အနက်ကိုဟောသောကြောင့် ဟတ္ထိနာဂေန-ဆင်ပြောင်ကြီးသည်ဟု အနက် ဝေးပါ။ တနည်း-မြွေနဂါးဟသည်မှ ထူးခြား ကွဲပြားအောင်ပြုလို၍ "ဟတ္ထိ" သဒ္ဒါကို ထည့်ပါသည်။ ဤအလို-ဟတ္ထိနာဂေန-ဆင်သည်ဟုသာ အနက်ပေးပါ။

ဒုက္ခာဝသေ ဥပ္ပတိတွာ။ ။ဤတန်ခိုးသည် ဝိကုဗ္ဗနိဒ္ဓိ မဖြစ်သောကြောင့် လူအားလည်း ဤတန်ခိုးပြာဋိဟာကို ပြုနိုင်ပါ

သည်။ မှန်၏။ "ပကတိဝတ္ထုံ ဝိဇဟိတ္မာ ကုမာရကဝတ္ထုံ ဝါ ဒသေတိ၊ နာဂဝတ္ထုံ ဝါ၊ ဝိဝိဓမ္မိ သေနာဗျူဟံ ဒသေတိ" ဟု လာသော ထိုတန်ခိုးသည်၊ ပကတိ အဆင်းကို စွန့်လွှတ်ခြင်းဟူသော တမျိုးတဖုံ ပြုခြင်း၏အစွမ်းဖြင့် ဖြစ်သောကြောင့် "ဝိကုဗ္ဗနိဒ္ဓိ" မည်ပါသည်။ အဓိဋ္ဌာနိဒ္ဓိကို မယူပါ။

လဂ္ဂေတ္မာ။ ။ကောင်းကင်၌ ခါးပန်းကြိုးတန်း၍ ထိုခါးပန်းကြိုး၌ သက်နှံးကို ချိတ်ထားပါသည်။

ပဋိယာဒေသုံ။ ။ရောက်လာမှ သက်နှံးစသည်တို့ကို ရှာမှီးခြင်းသည် ဝန်လေးသောကြောင့် ရှေးဦးစွာကပင် သပ်တ်သက်နှံးတို့ကို ပြည့်စုံစေကြပါသည်။

ပဓာနဃရံ။ ။ကမ္မဋ္ဌာန်းအားထုတ်ရန် သင့်လျော်သော တိတ်ဆိတ်သော ကျောင်း။

သော်ဝပိ။ ။မင်း၏တူတော် အဂ္ဂိုဠ္ဗာကို ရည်ရွယ်၍ဆိုပါသည်။

ကုသလာဓိပ္ပာယော။ ။သာရတ္ထ၌ မနာပဏ္ဍာသယော-ဟု ဖွင့်၏၊ ဘာသာဋီကာ၌ ကောင်းမှု၌ပြစ်သော အလိုရှိသည်ဟု အနက်ပြန်ဘော်မူ၏။

ဒ္ဒေ့ဇ္ဇကားဝဒတာ၊ ။ဤရဟန်းများသည် ဝ လမ်းတည်း တမူတည်းမဖြေဆိုကြကုန်၊ ဆို့ကြောင့် သံသယဖြစ်ပါသည်။

ဂဏ္ဌိဘွာ အာဂစ္ဆထ။ ။"ဂဏ္ဌိတ္မာ အာဂစ္ဆထ" ဟု မင်းလျှောက်ထားသော်လည်း "သာသနံ ပဂ္ဂဏ္ဌိတုံ သမတ္ထောာ" ဟု လျှောက်ထားသောကြောင့် မထေရ်ရဟန်းတို့သည် မြေကံဟု မှတ်ထင်ယူဆကြလျက် သွားကြပါသည်။ မှန်၏၊ ဤနေရာမျိုး၌ ကုက္ကုစ္စ ပြုသင့်ပါ။ မှန်၏၊ ဤစကားသည် အပ်သောသတင်းစကားဖြစ်ပါသည်။ လူတို့၏အမှုနှင့် စပ်ကော သတင်းစကားမဟုတ်ပါ။

ထေရာ နာဂစ္ဆိ။ ။မင်းသည် ခေါ်၏ဟု လျှောက်အပ်စေကာမူ ဝေးရှိ၊ သော သာသနာကိစ္စကံအကျိုးငှာ လာသင့် ပါသော်လည်း နှစ်ကြိမ်ပင့်တားဘောင်မလာဘူးတဲ့။ မှန်၏။ မောဂ္ဂလိပုတ္တတိဿထေရ်သည် အရပ်တိုင်းမှာထင်ရှား၍ ချီးမွမ်းမှုဖြစ်သင့်သောကြောင့်လည်းကောင်း၊ ချီးမွမ်းခံရသူ၏အထက်၌ ပြုဖွယ်ကိစ္စ ပြီးစီးနိုင်သောကြောင့်လည်းကောင်း "ရာဇာ ပက္ကောသတိ" ဟူသော မှလျှောက်ပတ်သော စကားအမြွက်ကြောင့် ကြွမလာပါ။

မဟာလ္လကော နုခေါဘန္တေ ထေရော။ ။အဲသောကဓံမ္မရာဇာသည် မောဂ္ဂလိပုတ္တတိဿမထေရ်ကို မြင်ဖူးပါသော်လည်း ဘွဲ့တော်အမည်ကို မမှတ်သားနိုင်သောကြောင့် "မဟာလ္လကော" စသည်ဖြင့် မေးလျှောက်ပါသည်။

ဝယုံ။ ။အထက်ပေါ်၌ မကျွတ်နှင့်တူအောင် ပျဉ်ချပ်မိုးအပ်သောယာဉ်။

တနည်း–အားလုံးထက်ဝန်းကျင်ရစ်ပတ်ခြင်းရှိအောင် မိုးကာ၍ပြုအပ်သော ရထားအလုံးဖြစ်သော လှည်းအထူး။

နာဝါ၊ ။လှေသည် ဤဘက်ကမ်းမှ တဘက်ကမ်းသို့ သွားတတ် သောကြောင့် ပေါတမည်ပါသည်။ (သြရဲတော ပါရံ ပတတိ ဂစ္ဆတီတိ ပေါတော)

တနည်း–သတ္တဝါတို့ကို ဆောင်တတ်သောကြောင့် "နာဝါ" မည်၏။ (သတ္တေ နေတီတိ နာဝါ)

အာရက္ခံ သံဝိဓာယ။ ။သာသနာ့ရန်သူတွေ မျှားသောကြောင့် "အာရက္ခံ သံဝိဓာယ" ဟု မိန့်ပါသည်။

ဧကော တံ မဟာရာဇ သမဏနာဂေါ ဒက္ခိဏဟတ္ထေ ဂဏှိသတိ။ ။အာဂုံ နဂ္ဂရောတိတိ နာဂေါဟု ဆိုရကား မကောင်းမှုပြုခြင်း မရှိသောကြောင့် ရဟန်းသည် ဤနေရာ၌ နာဂမည်၏ဟု မှတ်ထင်ကြလျက် "ဧကော တံ မဟာရာဇ၊ ပ၊ ဂဏှိသတိ" ဟု မိန့်ပါသည်။

လက်ကိုင်ပြဿနာ။ ။ရှင်ဘုရင်၏လက်ကိုကိုင်ခြင်းသည် မြှူးထူးကြည်စယ်ခြင်း၏ အစွမ်းဖြင့် ကိုင်သကဲ့သို့ ဖြစ်နေသောကြောင့် ကသွာ စသည်မေးခွန်းထုတ်၍ ဖြေရှင်းထားပါသည်။

ပဒေသပထဝိကမ္ပနံ ဒုက္ကရံ။ ။မြင်ရသူတို့မှာသာ ခဲယဉ်းသည်ဟု ထင်ရပါသည်၊ တန်ခိုးဖြင့် အဓိဋ္ဌာန်ရာ၌ကား ထူး၍ မခဲယဉ်းပါ။

ယောဇနပ္ပမာဏပထဝိစလနံ အဓိဋ္ဌဟိ။ ။ဝိကုဗ္ဗနိဒ္ဓိကိုသာပယ်သောကြောင့် တယူဇနာ အတိုင်းအရှည် ရှိသော မြေလွှာပ်မှုကို အဓိဋ္ဌာန်ပါသည်။

ရထဲ့ဃ အန္ဓောသိမာယ ဌိတော ပါဒေါ စလိ။ ။ဤပါဌ်ခ်ုရထားစက်ဘီး ကိုရည်ရွယ်၍ "ပါဒေါ" ဟု ဆိုပါသည်။ မှန်၏။ ရထား၏သွားမှုကိစ္စကိုပြီးစေရကား ခြေနှင့်တူသော ကြောင့် ဤနေရာ၌ စက်ဘီးကို "ပါဒ" ဟု ဆိုပါသည်။

ဒီပကတိတ္ထိရော။ ။မိမိနေကြောင်းကို ပြခြင်း (ပြတတ်သော) ကြောင့် "ဒီပက" ဟု အမည်ရသောခါ၊ ယင်းခါကို တောသို့ ဆောင်ယူ၍ ဌက်မုဆိုးသည် ထိုတယ်ခါ၏ တွန်သံကြောင့် လာကြသော ခါတို့ကိုဖမ်းယူပါသည်။

ဥတကော နော နိသိန္ဒော်တိ စသောဂါထာ၏ ဆိုလိုရင်း။ ။အရှင် ဘုရား တပည့် တော် မတွန်လို့ရှိလျှင် ဤခါအပေါင်းသည် မလာပါ၊ တပည့်တော်တွန်လျှင်ကား ဤခါမျှားသည် "ငါတို့၏ဆွေမျိုးခါသည် (ဤနေရာ၌) နေ၏"ဟု ကြုံ၍လာ ကြပါသည်။ လာတိုင်းလာတိုင်းသော (လာကြသော) ခါတို့ကို ထိုမုဆိုး သည် ဖမ်း၍သတ်လသော် တပည့်တော်ကိုမှီ၍ ဤ ပါဏာတိပါတ ကံကို ရပါသည်။ တပည့်တော်ကိုမှီ၍ ပြုအပ်သော သူ့အသက်ကို သတ်ခြင်း ဟူ သော မးကာင်းမှု၌" ဤ သူ့အသက်သတ်ခြင်းဟူသော မကောင်းမှုသည် ငါ၏မကောင်းမှုလေလော"ဟု တပည့်တော်၏စိတ်သည် ယုံမှားသံသယဖြစ် နေပါ၏။

နု ပဋိစ္စ ကမ္မံ ဖုသတိ စသော ဂါထာ၏ ဆိုလိုရင်း။ ။မကောင်းမှုပြုခြင်းဌါ သင်၏ စိတ်က မပြစ် မှားလျှင် မကောင်းမှု၌ မကိုင်းညွှတ်လျှင် မုဆိုးသည် သင့်ကိုမှီ၍ မကောင်းမှု ပြုပါသော်လည်း ထိုမကောင်းမှုသည် သင်သို့ မလိုက် မပြိုကပ်ပါ။ မှန်၏။ မကောင်းမှုပြုခြင်း၌ အားမထုတ်သော ကောင်းသောစင်ကြယ်သော သင့်မှာ ပါဏာတိပါတ စေတနာမရှိသော်ကြောင့် ထိုမကောင်းမှု မလိမ်းကျံနိုင်ပါ။ သင်၏စိတ်ကိုမကပ်ငြိပါ။

သာဏိပါကာရံ ပရိကို့ပါပေတွာ။ ။သာဏိပါကာရံ-တင်းတိမ်ကန့်လန့်ကာကို၊ ပရိကို့ပါပေတွာ- ကာရံစေ၍ (မိမိနှင့် မသော်ရ်ကို ထိုရဟန်းကော်မျှားမမြင်နိုင်အောင် တင်းတိမ် ကန့်လန့်ကာဖြင့် ပတ်ဝန်းကျင်မှ ကာရံသည်ဟူလို) တနည်း....သာဏိပါကာရံ-ကို ဟုပေးပါ။

သဿတဝါဒီနော်။ ။အတ္တနှင့် လောကကိုမြဲ၏ ဟု ပြောဆို ပညတ်လေ့ရှိသော တိတ္ထိများကား။ မိစ္ဆာအယူရှိသူတို့သည် အတ္တနှင့်လောကကို သဿတ ဟု အလိုရှိအပ်သည်မဟုတ်ပါလော။ အဘယ်ကြောင့် "သဿတောဝါဒါ တေသံ" ဟု သဿတနှင့်ဝါဒ အရတူဆိုအပ်သနည်း ဟု မေးဖွယ်ရှိ၏။ **အဖြေကား**-သဿတဟုယူအပ်သော အတ္တ, လောကနှင့်ဝါဒသည်တကွဖြစ်သောကြောင့် ဝါဒကိုလည်း သဿတ ဟုဆိုပါသည်။ (ကုန္ဓာ ပစရန္တိကဲ့သို့တည်း)တနည်း-သဿတောကတိ ဝါဒေါ ဧတေသန္တိ သဿတဝါဒေါ" ဟု ပြုရှိကတိအကျေကြုံကာ အတ္တလောကသည် မြဲ၏ ဟု ပြောဆိုကြောင်း ဝါဒရှိကုန်၏ဟု အနက်ပေးပါ။

အတ္တလောကအရ။ ။ ၁။ သက္ကာယဒိဋ္ဌိအစွမ်းဖြင့် ခန္ဓာလေးပါးကို အတ္တ ဟုယူ၍ ကျန်ခန္ဓာတပါးကို လောကဟုပညတ်သည်။

၂။ ခန္ဓာတပါးကို အတ္တဟုယူ၍ အခြားသောအတ္တ၏ အသုံး အဆောင် ဖြစ်သော အဆောက် အဦကို လောကဟုယူသည်။

၃။ မိမိခန္ဓာကို အတ္တဟုယူ၍ သူတပါးသန္တာန်၌ ဖြစ်သော ခန္ဓာကို လောကဟုယူသည်။

ကေစ္စသဿတိကာ။ ။သတ္တဝါနှင့် သင်္ခါရတို့တွင် အချို့သည်မြဲ၏ ဟု ပြောဆိုလေ့ရှိသော တိတ္ထိများတည်း။ ထိုကေစ္စသ-သဿတဝါဒသည်-

၁။ သတ္တေကစ္စသဿတဝါဒ ၂။ သင်္ခါရေကစ္စသဿတဝါဒဟုနှစ်ပါး အပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ကျွန်ုပ်ရဝါဒရှိသူများကဲ့သို့ပင် "ကျွန်ုပ်ရသည် မြဲ၏၊ အခြားသောသူများသည် မမြဲဟုဝါဒရှိသူများနှင့်" "ငြဟ္မာသည်မြဲ၏၊ အခြားသူများသည်မမြဲ" ဟုယူသောဝါဒရှိသူများသည် သတ္တေကစ္စသဿတ မည်၏။

ကာဏာဒဝါဒ စသည်တို့ကဲ့သို့ "ပာရမဏုမြူတို့သည် မြဲကုန်၏၊ ဒ္ဝိအဏုက စသည်တို့သည် မမြဲ" ဟု ယူသောဝါဒရှိသူများနှင့် စက္ခု စသည်တို့သည် အနိစ္စ၊ ဝိညာဏ်ကား နိစ္စဟုဖြစ်သော ဝါဒရှိသူများသည် သင်္ခါရေကစ္စ-သဿတတိမည်၏။

မိစ္ဆာဒိဋ္ဌိပင်။ ။"ကေစ္စေ ဓမ္မာ သဿတာ၊ ကေစ္စေ အသဿတာ" ဟူသော ဤဝါဒ၌ စက္ခု စသည်တို့၏ အာသယဝဘအဖြစ်ကို ဆုံးဖြတ်မှု

သည် မှန်ကန်သောအသိသာ ဖြစ်ပါ၏လျက် အတယ်သို့လျှင် မိစ္ဆာဒိဋ္ဌိ ဖြစ်ရ လေသနည်း ဟုမေးဖွယ်ရှိ၏။ **အဖြေကား**–အသဿတ တရားတို့တွင်ပင် အချို့တရားတို့ကို သဿတဟု ဆုံးဖြတ်ခြင်းသည် မှားယွင်းသောအယူဖြစ်သည်။ တခုတည်းသော ဝါဒဌ ဖြစ်သော ထိုအယူမှားသည် အဆိပ်နှင့် ရောသော သောပတ်ကို အဆိပ်ကဖျက်ဆီးသကဲ့သို့ ရောနှောလျှက်ဖြစ်သည့်အတွက် စက္ခုစသည်တို့ကို အသဿတ ဟုသိသောအမြင်မှန် အသိမှန်ကို ဖျက်ဆီးသွားသည်။ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်သည်။ ဒ.သဿတ ဟူသောအမြင်မှန်သည် မိမိကိစ္စကို ၃ပြုနိုင်၍ သမ္မာဒိဋ္ဌိအဖို့၌ မထားထိုက်။ (သမ္မာဒိဋ္ဌိတွင် မသွင်းရ ဟူလို)

တနည်း–အသဿတအားဖြင့် ဆုံးဖြတ်ယူဆရပါသော်လည်း မိစ္ဆာအယူ ရှိသူတို့သည် စက္ခုစသည်တို့၌ ဇီဝသဘောတို့ကို တင်၍သာယူသောကြောင့် ထိုသိခြင်းသည် မိစ္ဆာဒိဋ္ဌိပင်ဖြစ်သည်။

ဝိဘဇ္ဇဝါဒ၊ ။အသင်္ခတဓာတ်, သင်္ခတဓာတ်တို့၏ အစွမ်းဖြင့် အစဉ်အတိုင်း အချို့သည် သဿတ၊ အချို့သည် အသဿတ ဟုယူသော ဝိဘဇ္ဇဝါဒသည်လည်း ကေစ္စသဿတဝါဒ ဖြစ်ရာသည် မဟုတ်ပါလော-ဟု မေးဖွယ်ရှိ၏။ **အဖြေကား**....မဟောက်မပြန် မှန်ကန်သောသဘော၌ ကောင်းစွာကျင့်ခြင်း ဖြစ်သောကြောင့် ဤသို့ မစောဒနာသင့်ပါ။

သဿတဝါဒမှ သီးခြား တစ်ဝါဒ ဆိုရခြင်း အကြောင်း။ ။ရှေးဖြစ်သော သဿတ ဝါဒ ၌လည်း မမြဲသောတရားတို့ကို သဿတဟုယူခြင်းသည် အထူးအား ဖြင့် မိစ္ဆာဒိဋ္ဌိဖြစ်၍ မြဲသောတရားတို့ကို သဿတဟုယူခြင်းသည် သဘောအမှန်ကို ယူခြင်းဖြစ်၍ မိစ္ဆာဒိဋ္ဌိမဖြစ်သော်လည်း မမြဲသော တရား တို့တွင်ပင် "အချို့ဓသာတရားတို့သည်သာမြဲကုန်၏"ဟုယူအပ်သော တရားတို့၌ ခဲခြားဝေဖန်မှု ဖြစ်သောကြောင့် ဤကေစ္စသဿတဝါဒကို ဝါဒတမျိုးဟု ဆိုသင့်ပါသည်။

ဝါဒနှစ်မျိုးအထူး။ ။သင်္ခါရတို့ကို အကြွင်းမရှိအောင်ယူသော ဝါဒသည် သဿတဝါဒဖြစ်၍ သင်္ခါရတို့ကို တစိတ်တပိုင်း ယူသောဝါဒသည် ကေစ္စသဿတိကဖြစ်၏။

အန္ဓာနန္ဒ။ ။အန္ဓ, အနန္ဓ, အန္ဓာနန္ဓ, နေဝန္ဓနာနန္ဓ, လေးမျိုးကို (သာမညနိဒ္ဒေသ နည်းအားဖြင့်) (တနည်း) ကေသော်ပြု၍

အန္တံဝနန္ဒဟု ဆိုထားသည်။ အဘယ်၏ အန္တာဝနန္ဒနည်းဟူမူ-လောကဟု ဆိုအပ်သော ပဋိတာဂဂနိမိတ်စသော သဘောရှိသော အတ္တ၏ အန္တ နန္ဒ ဟု ဖြေပါ။

အန္တာနန္တိကာ။ ။အန္တိ, အနန္တ. အန္တာနန္တိ, နေဝန္တနာနန္ဒ, လေးပါးကို အကြောင်းပြု၍ဖြစ်သော ဝါဒရှိသူများတည်း။ မှန်၏။ အန္တာနန္တဝါဒီတို့သည် (၁) အန္တဝါဒီ (၂) အနန္တဝါဒီ (၃) အန္တာနန္တဝါဒီ (၄) နေဝန္တနာနန္ဒဝါဒီ ဟု လေးပါးအပြားရှိပါသည်။

နေဝန္တနာနန္ဒဝါဒ၏အန္တာနန္တိကအမည်ရပုံ။ ။အန္တဝါဒ, အနန္တဝါဒကို တားမြစ်၍ ပြောဆိုသော ဝါဒဖြစ်သောကြောင့် နေဝန္တနာနန္ဒဝါဒသည် အဘယ်သို့လျှင် အန္တာနန္တိက အမည်ရသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား-ထိုအန္တအနန္တကို တားမြစ်ခြင်း၏အစွမ်းဖြင့် ဖြစ်သောဝါဒဖြစ်သောကြောင့်ပင် အန္တာနန္တိက အမည်ရပါသည်။ မှန်၏။ အန္တာနန္တပဋိသေဓနဝါဒသည်လည်း အန္တာနန္ဒ ဟူသော အာရုံရှိသည်သာဖြစ်ပါသည်။ ဘာကြောင့်နည်း-ထိုကိုအာရုံပြုသောကြောင့်တည်း။ ဤအနက်အဓိပ္ပာယ်ကိုရည်ရွယ်၍ အဋ္ဌကထာ၌ "အန္တံ ဝါ အနန္တံ ဝါ အန္တာနန္တံ ဝါ နေဝန္တာ နာန္တံ ဝါ အာရဗ္ဘ ပဝတ္တဝါဒါ" ဟု မိန့်သည်။

ရှေ့နှစ်ဝါဒအန္တာနန္တိကမည်ရကြောင်း။ ။ရှေ့နှစ်ဝါဒသည်တစိတ်တဒေသ ကိုသာ အာရုံ ပြုသော်လည်း အပေါင်းဌ ဖြစ်သော သဒ္ဒါသည် အစိတ်ဌလည်း ဖြစ်နိုင်သောကြောင့် "အန္တာနန္တိက" အမည်ရနိုင်ပါသည်။

အမရာဝိက္ခေပိကာ။ ။အမရာအရ-"ဝေန္တိပိ မေ နော၊ ဝ ထ၊ တိပိ မေ နော၊ အညထာတိပိ မေ နော၊ နော၊ တိပိ မေ နော၊ နောနောတိပိ မေ နော" ဟု ဖြစ်သောဝါဒ၏အစွမ်းဖြင့် အပိုင်းအခြားမှ ကင်းသောမိစ္ဆာရှိသူ၏အယူနှင့် ဇကားကိုကောက်၍၊ အမရာဝိက္ခေပအရ-ထိုအယူစကားတို့ဖြင့် သူတပါးတို့၏ဝါဒကို ပယ်ခြင်းကိုကောက်ပါ။ အမရာ-ဝိက္ခေပ်ကာ အရကား....ထိုအယူ ထိုစကားတို့ဖြင့် သူတပါးတို့၏ ဝါဒတို့ကို ပစ်ပယ်ခြင်းရှိသော ပုဂ္ဂိုလ် ၂ားတည်း။

မိစ္ဆာဘိနိဝေသကြောင့်။ ။ဤအမရာဝိက္ခေပ ပုဂ္ဂိုလ်သည် ကုသိုလ်စသည်ကို မသိသောကြောင့် မေးအပ်သမျှကို "ဝေန္တိပိ" စသည်ဖြင့် ဖယ်ရှားရုံမျှဖြင့် မိစ္ဆာအယူရှိသူ ဖြစ်ရသလောဟု မေးဖွယ်ရှိ၏။

အဖြေကား–မေးအပ်သမျှကို ဖယ်ရှားရုံမျှကြောင့် မိစ္ဆာအယူရှိသူဖြစ်ရသည် မဟုတ်ပါ။ စင်စစ်အားဖြင့် မိစ္ဆာဘိနိုဝေသ၏ အစွမ်းကြောင့် မိစ္ဆာအယူရှိသူဖြစ်ရပါသည်။ ရှင်းပါဦး အုံ–သဿတဟု နှလုံးသွင်းခြင်း၏ အစွမ်းဖြင့် မှားယွင်းစွာနှလုံးသွင်းသောပုဂ္ဂိုလ်သည်ပင် နှုံ့သောအသိဉာဏ်ရှိသူဖြစ်သည့် အတွက် ကုသိုလ်စသော တရားတို့ကို လည်းကောင်း၊ ပရလောကရှိခြင်းစသည်ကိုလည်းကောင်း မှန်ကန်စွာမသိယည်ဖြစ်၍ မိမိမသိအပ်သောအနှုတ်သဘောကို သူတပါးကိုသိစေဖို့ရာ မစွမ်းနိုင်သေးကြောင့် ဖြေဆိုလိုက်လျှင် မုသားဖြစ်မှာလည်း ကြောက်သဖြင့် ဝိကေ္ခပပြုသည်။ (ပယ်ရှားမှုကြောင့် မိစ္ဆာဘိနိုဝေသမဖြစ်။ပင်ကိုယ်ကရှိသော သဿတအယူကြောင့်သာ မိစ္ဆာဒိဋ္ဌိဖြစ်ရသည်ဟူလို)

တနည်း–ကုသိုလ်, အကုသိုလ်နှင့် ထိုကုသိုလ် အကုသိုလ်တို့၏ အကျိုးကို မသိခြင်းကြောင့် လည်းကောင်း၊ မယုံကြည်သောကြောင့် လည်းကောင်း၊ ကုသိုလ်, အကုသိုလ်အရာရှိသော ပုစ္ဆာဌ် ဝိကေ္ခပပြုခြင်းသည်သာကောင်း၏ ဟု သဘောထားကာ နှလုံးသွင်းသူ အား ဖြစ်ပေါ်လာသောဒိဋ္ဌိတမျိုးတည်း။ သတ္တဘင်ဒိဋ္ဌိကဲ့သို့မှတ်ပါ။

အဝိစ္စသမုပ္ပန္နေ။ ။အဝိစ္စသမုပ္ပန္နအရ–အကြောင်းမရှိပဲဖြစ်သော အတ္တလောကသည် မုချအားဖြင့်ရ၏။ အတ္တလောကဟု မှတ်အပ်ကုန်သော ခန္ဓာတို့၏ အကြောင်းမရှိပဲဖြစ်ခြင်းဟူသော အချင်းအရာလျှင် အာရုံရှိသောအယူကို ထိုအချင်းအရာဟူသော မိုရာ၏အစွမ်းဖြင့် ဖြစ်သောကြောင့် လည်းကောင်း၊ ထိုအချင်းအရာနှင့်တကွ ဖြစ်သောကြောင့် လည်းကောင်း၊ ဌာနူပစာရအားဖြင့် "အဝိစ္စသမုပ္ပန္နေ" ဟုဆိုရသည်။ ထိုအယူရှိသူများသည် "အဝိစ္စသမုပ္ပန္နိကာ" မည်၏။

သညီ ဝါ ဒ (၁၆)။ ။၁။ ရူပီ အတ္တာ ဟောတိ အံရောဂေါ ပရံ မရဏာ သညီတိ နံ ပညေ ၊ နွှ်။

၂။ အရူပီ အတ္တာ ဟောတိ....
၃။ ရူပီ စ အရူပီ စ အတ္တာ ဟောတိ....
၄။ နေဝရူပီနာရူပီ စ အတ္တာ ဟောတိ....
၅။ အန္တဝါ အတ္တာ ဟောတိ....
၆။ အနန္တဝါ အတ္တာ ဟောတိ....
၇။ အန္တဝါ စ အနန္တဝါ စ အတ္တာ ဟောတိ....
၈။ နေဝန္တ ဝါ နာနန္တ ဝါ အတ္တာ ဟောတိ....
၉။ ဧကတ္တသညီ အတ္တာ ဟောတိ....

၁၀။ နာနတ္တသည် အတ္တာ ဟောတိ....

၁၁။ ပရိတ္တသည် အတ္တာ ဟောတိ....

၁၂။ အပ္ပမာဏသည် အတ္တာ ဟောတိ...

၁၃။ ကေနဇသုခီ အတ္တာ ဟောတိ....

၁၄။ ကေနဇဒုက္ခီ အတ္တာ ဟောတိ....

၁၅။ သုခဒုက္ခီ အတ္တာ ဟောတိ....

၁၆။ အဒုက္ခမသုခီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ သညီတိ နံ ပညပေန္တိ။

အထူး။ ။အတ္တသည် သညာရှိ၏ဟု ယူသောပုဂ္ဂိုလ်တို့၏အစွမ်းဖြင့် သညီ-ဝါဒကိုလည်းကောင်း၊ အတ္တသည် သညာမရှိဟုယူသော ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် အသညီဝါဒကို လည်းကောင်း၊ အတ္တသည် သညာလည်းမရှိ, သညာမရှိသည်း မဟုတ်ဟုယူသော ပုဂ္ဂိုလ်တို့၏အစွမ်းဖြင့် နေဝသညီ-နာသညီ ဝါဒကိုလည်းကောင်း ဟောပါသည်။

ထိုသုံးပါးတို့တွင် အသညီဝါဒသည်–

၁။ ရူပီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ အသညီတိ နံ ပညပေန္တိ။

၂။ အရူပီ အတ္တာ ဟောတိ....

၃။ ရူပီ စ အရူပီ စ အတ္တာ ဟောတိ....

၄။ နေဝရူပီနာရူပီ အတ္တာ ဟောတိ....

၅။ အန္တဝါ အတ္တာ ဟောတိ....

၆။ အနန္တဝါ အတ္တာ ဟောတိ....

၇။ အန္တဝါ စ အနန္တဝါ စ အတ္တာ ဟောတိ....

၈။ နေဝန္တဝါနာနန္တဝါ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ အသညီတိ နံ ပညပေန္တိ ဟု (၈)ပါး အပြားရှိပါသည်။

[နေဝသညီနာသညီဝါဒသည်း ထို့အတူ (၈) ပါး အပြား ရှိ၏]

ဥဒ္ဓေဒဝါဒ၊ ။"အယံ အတ္တာ ရူပီ စာတုမဟာဘူတိကော မာတာပေတ္တိက-သမ္ဘဝေါ၊ ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ ဝိနဿတိ နဟောတိ ပရံ မရဏာ" စသော နည်းဖြင့်ဖြစ်သော ဥစ္ဆေဒအယူသည် သဟစရဏာနည်းအားဖြင့် ဥစ္ဆေဒမည်ပါသည်။ ပြတ်၏ဟု ပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်မျှားသည် "ဥစ္ဆေဒဝါဒ" မည်၏။

ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါ၊ ။ဒိဋ္ဌဓမ္မအရ-ထိုထိုဘဝ၌ ရအပ်သော အတ္တဘောကို လည်းကောင်း၊ ဒိဋ္ဌဓမ္မနိဗ္ဗာနအရ-ဤအတ္တဘောဌာနပင် ဆင်းရဲ၏ငြိမ်းအေးခြင်းကိုလည်းကောင်း၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒအရ-ထိုထိုဘဝ၌ ရအပ်သော အတ္တဘောဌာနပင် ဆင်းရဲ၏ငြိမ်းအေးခြင်းကိုပြောဆိုသော ပုဂ္ဂိုလ်မျှားကိုလည်းကောင်း ကောက်ပါ။

ထိုဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒရှိသူမျှားသည် မန္ဒာတုမင်း၏ ကာမဂုဏ်နှင့်တူသော လူ့ကာမဂုဏ်တို့သို့လည်းကောင်း၊ ပရနိမ္မိတဝသဝတ္တီနတ်မင်း၏ ကာမဂုဏ်နှင့် တူသော နတ်ကာမဂုဏ်တို့သို့ လည်းကောင်း၊ ကပ်ရောက်သူမျှား၏ ပစ္စုပ္ပန် ဘဝ၌ပင် ငြိမ်းအေးမှုကို ပြောဆိုကြပါသည်။

ဝိဘဇ္ဇဝါဒီ၊ ။ဝေရဉ္ဇကဏ္ဍာ၌လာသောနည်းဖြင့် ဝေနယိကစသည်၏အဖြစ်ကို ခွဲခြားဝေဖန်၍ ဟောတော်မူတတ်သောကြောင့် ဝိဘဇ္ဇဝါဒီမည်ပါသည်။ ခဲ့ပါဦးအုံ- မြတ်စွာဘုရားသည် "အဟဉ္စိတြာဟမ္ဘဏ ဝိနယာယ ဓမ္မံ ဒေသေမိ ရာဂဿ" စသည်ကို ဟောတော်မူ၍ "နော စ ခေါ ယံ တံ သန္ဓာယ ဝဒေသိ" စသည်ဖြင့် ဝေရဉ္ဇာပုဏ္ဏားအား ကိုယ်တော်မြတ်၏ ဝေနယိကစသည်တို့၏အဖြစ်ကို ခွဲခြားဝေဖန်၍ ဟောတော်မူပါသည်။

တနည်း-သောမနဿ စသည်တို့၏ လည်းကောင်း၊ သက်နှိုး စသည်တို့၏ လည်းကောင်း၊ သေဝိတဗ္ဗ အသေဝိတဗ္ဗအဖြစ်ကို ခွဲခြားဝေဖန်၍ ဟောတော်မူတတ်သောကြောင့် "ဝိဘဇ္ဇဝါဒီ" မည်ပါသည်။

တနည်း-သဿတနှင့် ဥစ္ဆေဒကို ခွဲခြားဝေဖန်၍ ဟောတော် မူတတ်သောကြောင့် "ဝိဘဇ္ဇဝါဒီ" မည်ပါသည်။

ပရပ္ပဝါဒံ မဒ္ဒန္တော။ ။ထိုဘတိယသင်္ဂါယနာ တင်ရာအခါ၌ဖြစ်သော ဝါဒကို လည်းကောင်း၊ ထို တတိယ သင်္ဂါယနာ မှစ၍ သာသနာကွယ်သည်အထိ နောင်အခါ၌ ဖြစ်မည့်ဝါဒကိုလည်းကောင်း ရည်ရွယ်၍ဆိုပါသည်။ မှန်၏၊ ထိုသံဃာ့အစည်း အဝေး၌ ဤမောဂ္ဂလိပုတ္တတိဿထေရ်သည် တတိယ သင်္ဂါယနာတင်ရာ အခါ၌ဖြစ်သော ဝတ္ထုမျှားနှင့်

နောင်အခါ၌ဖြစ်မည့်ဝတ္ထုများ အားလုံးကို တားမြစ်ခြင်းအကျိုးငှာ မြတ်စွာဘုရား ပေးတော်မူသောနည်း၏ အစွမ်းဖြင့်ပင် မြတ်စွာဘုရားထားတော်မူခဲ့သော မာတိကာကို ဝေဖန်လျက်-သကဝါဒ၌သုတ်(၅၀၀)၊ပရဝါဒ၌သုတ် (၅၀၀) ပေါင်း သုတ်ပေါင်း(၁၀၀၀)ကို ဆောင်တော်မူလျက် တိုတတိယသင်္ဂါယနာတင်ပွဲ၌ဖြစ်သော ဝါဒကိုနှိမ်နင်းခြင်းကြောင့် ပရပ္ပဝါဒမဋ္ဌနမည်သော, နောင်အခါဖြစ်မည့်ဝါဒတို့ကို တားမြစ်ခြင်းလက္ခဏာရှိသောကြောင့် အာယတိ ပဋိသေဓန လက္ခဏာရှိသော ကထာဝတ္ထုကျမ်းကို ဟောတော်မူပါသည်။

တတိယသင်္ဂါယနာ အခန်း ပြီးပါပြီ။

အာစရိယပရမ္ပရကထာဝဏ္ဏနာ

ဘဒ္ဒနာမေ။ ၊ဘဒ္ဒနာမဟူသည် ဘဒ္ဒသာလထေရ်ကို ခေါ်ပါသည်။ မှန်၏။ နာမည်၏တစိတ်ဖြင့်လည်း ခေါ်ဝေါ်ခြင်းမျိုးကို တွေ့နိုင်ပါသည်။ ဥပမာကား.. ဒေဝဒတ်ကို ဒတ္တ ဟုခေါ်သကဲ့သို့တည်း။

နိကာယေ ပဌ ဝါစေသုံ။ ၊ဤ"နိကာယေ ပဌ" အနု- ဝိနည်းနှင့် အဘိဓမ္မာ မပါပါ။

မေဓာဝီ။ ၊အသနိ ဝိယ သိလုစ္စယေ ကိလေသေ မေဓတိ ဟိ'သတိတိမေဓာ။ **တနည်း**—ခိပ်ပ် ဂဟဏာဝေရဏာဒ္ဌေန မေဓာ၊ သဒ္ဒနီတိ အလို- မေဓာပုဒ်သည် ဒွိယုဂဒ္ဌပုဒ်ဖြစ်သည်။ ထို့ကြောင့် မေဓုဒ်ကို'မေတိ ခိပ်ပ် ဂဏ္ဍာတိတိ မေ။ ဓာပုဒ်ကို ဓာရေတိတိ ဓာ ဟု ဝစနတ္ထပြု၍ မေနှင့်ဓာကို မေဓ သာ ဓာစာတိ မေဓာ ဟု ဝိဂြိုဟ်ပြုသည်။မေဓာအနု-ပညာကိုကောက်ပါ [မေဓာ ဇောသ အတ္ထိတို့ မေဓာဝီ]

ပုပ္ဖနာမေ။ ၊ပထမ (ပုနဒေဝ သုမနော ဧမေဓာဝီ စသောဂါထာ၌ပါသော) ပုပ္ဖနာမသည် မဟာပဒုမထေရ်ဖြစ်၍၊ ဒုတိယ (တသ သိသော မဟာပညော စသောဂါထာ၌ ပါသော) ပုပ္ဖနာမသည် သုမနထေရ်ဖြစ်ပါသည်။

ဇမ္ဗုဒီပေ ပတိဋ္ဌိတော၊ ။သုမနထေရ်သည် အခါဟာပါးဝယ် သီဟိုဠ်ကျွန်းဌ
သာသနာဆုတ်ယုတ်သော် သီဟိုဠ်ကျွန်းမှ ဇမ္ဗူဒီပ်
သို့ကြွကာ ပိဋကတ်ကိုသင်ယူပြီးလျှင် သာသနာတော်ကို ဧရာဝတီရောက်လျက်
ဇမ္ဗူဒီပ်မှာပင် တည်တော်မူပါသည်။

မဂ္ဂကောဝိဒါ၌ မဂ္ဂသရုပ်။ ။၁။ သဂ္ဂမဂ္ဂ-နတ်ပြည်လမ်း။
၂။ မောက္ခမဂ္ဂ-နိဗ္ဗာန်လမ်း။

မဟိသကမဏ္ဍလံ။ ။အန္ဓကတိုင်းကို မဟိသကမဏ္ဍလတိုင်းဟုခေါ်ကြသည်။

ကသ္မီရဂန္ဓာရရဋ္ဌံ။ ။တတိုင်းတည်းမဟုတ်ပါ။ ကသ္မီရတိုင်း, ဂန္ဓာရတိုင်း ဟု
နှစ်တိုင်းဖြစ်ပါသည်။ သို့သော် ပုဂံ-ညောင်ဦး ကဲ့သို့
နီးစပ်သည်၏အဖွယ်မှ ကသ္မီရဂန္ဓာရတိုင်းဟု ဆိုထားပါသည်။

ကရကဝဿံ။ ။ဤပုဒ်ကို သာရတ္ထဒီ ဆီးနှင်းကျစေတတ်သော မိုးဟုဖွင့်၍
ဝိမတိဋီကာ၌ကား ရေကရားမှရေအယဉ်နှင့် တူသော မိုးဟုဖွင့်၏။

သဿံ ဟရာပေတွာ။ ။ဆောင်ဟူသည် ရေအယဉ်ကို ဆောင်ခြင်းတည်း။

ဆိန္နဘိန္နပဋိဓရာ။ ။ဝါးငယ်ဖြင့်လည်း ဖြတ်ရ, ဆိုးရည်ဖြင့်လည်း ဖျက်ဆီး
ရသော အဆင်းပျက်သော အဝတ်ကို ဆောင်တတ်သော
ကြောင့် ''ဆိန္နဘိန္နပဋိဓရ'' မည်ပါသည်။ တနည်း-ဝါးငယ်ဖြင့် ဖြတ်ရသော
လူဝတ်ကြောင်တို့၏ အဝတ်နှင့်မတူသော အဝတ်တို့ကို ဆောင်တတ်သော
ကြောင့် ''ဆိန္နဘိန္နပဋိဓရ'' မည်ပါသည်။

မဂ္ဂံ အသဟမာနော။ ။မထေရ်ကိုအကြောင်းပြု၍မိမိသန္တာန်၌ ဖြစ်သော
သူတပါးတို့၏ဂုဏ်ကို ချေဖျက်ခြင်း လက္ခဏာရှိ
သော ဒေါသကို အပြင်မထွက်အောင်စိတ်၌ဆောင်ထားခြင်းငှာ, သည်းခံခြင်း
ငှာ, ငြိမ်းအေးစေခြင်းငှာ မစွမ်းနိုင်သောကြောင့် ကောင်းကင်၌ အမျိုးမျိုး
သော ကြောက်မက်ဖွယ်တို့ကို ဖန်ဆင်းပါသည်။

ဘုသာ ဝါတာ။ ။ဘုသာဝါတာ ဟူသည် သစ်ပင်များ ပြိုပျက်အောင်,
တောင်ထွတ်များ ပြတ်ကျအောင် စွမ်းနိုင်သောလေကြီး
များ၊ ဝသည်။

ဘိံသနကံ။ ။အရဝါဌနဂါးမင်း၏ ကာယိကာယောဂ, ဂါစသိကပ-
ယောဂ သည် ဖြစ်စေအပ်သော ကြောက်မှုကြောင့် ဖြစ်သော
ဖောက်ပြန်မှု။

ဘယဘေရဝံ။ ။ဘယဘေရဝ ဟူသည်သေးသေးငယ်ငယ် ဘေးအသွယ်သွယ်တည်း။

တနည်း-ဘယဟူသည် စိတ္တုတြာသ ဘယတည်း၊ စိတ္တုတြာသ ဘယအရ-ဒ့ါသစေဟသိက်ကို ကောက်ပါ။ ဘေရဝ ဟူသည်-ကြောက်ခြင်းကို ဖြစ်စေတတ်သော အာရုံတည်း။

မာ ဒါနိ ကောခံ ဇနယိတ္ထ စသောဂါထာလာ ပုရေ အရ။ ။သူတော်ကောင်းတရားကို မနာရသေးရာ ရှေးအခါကိုကောက်ပါ။

ကောက်ဖျက်မှု၏ အနုရာယ်ကြီးပုံ။ ။

၁။ မိခင်သော်မှလည်း သားအပေါ်၌ချစ်မှုကို ဖြတ်နိုင်ခြင်း၊

၂။ ပျက်စီးမှုအားလုံး၏အကြောင်းဖြစ်ခြင်း၊

၃၊ စီးပွားချမ်းသာဖြတ်မှုကို ပြုနိုင်ခြင်း။

ယထာနုသိဋ္ဌံ။ ။အကြင် အကြင်ဆုံး မအပ်သည့်အတိုင်း၊ ဝါ-ဆုံးမမှုကို မလွန်မူ၍ဟု အနက်ပေးပါ။ မထေရ်သည် ပေးအပ်သော သြဝါဒကို မလွန်မူ၍ဟု ဆိုလိုပါသည်။

ဓမ္မာဘိသမယော ဟောတိ။ ။ဓမ္မအရ သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို ကောက်ပါ။

ကုလသတသဟဿံ။ ။ဤပါဠိဖြင့် ယောက်ျားတသိန်းကို ပြပါသည်။

ဣသိဝါတပဋိဝါတာ။ ။ရဟန်းတို့၏ ဝတ်ခြင်း, ရုံခြင်းကြောင့်ဖြစ်သော လေသည်လည်းကောင်း၊ လက်ခြေတို့ကို ကွေးခြင်းဆန့်ခြင်း စသည်တို့ကြောင့် ဖြစ်သောလေသည်လည်းကောင်း ထက်ဝန်းကျင်တိုးက်ခတ်အပ်ကုန်သည်။ (အဟောသုံ)

ဓမ္မစက္ခုံ။ ။အောက်မဂ် (၃) ပါးခ၊ ဖြစ်သော ဉာဏ်ဖြစ်ပါသည်။ ကေစိတို့က-သောတာပတ္တိ မဂ်ဉာဏ်သာဟု ဆိုကြ၏။

စောဒေတွာ ဒေဝဒူတေဟိ။ ။ဒေဝဒူတ ဟူသည်–

၁။ ကလေး

၂။ သူအို

၃။ သူနာ

၄။ ကံကြွမ္မာ (တနည်း–ညှဉ်းဆဲသူ)

၅။ သူသေဟု (၅) မျိုးရှိ၏။

စောဒေတွာ ဟူသည်။ ။ဆုံးမခြင်းတည်း။ တနည်း–သံဝေဂ ဖြစ်စေခြင်းတည်း၊

ကလေး။ ။ကလေးသည် ကျင်ကြီး ကျင်ငယ်၌ လူးလဲစဉ် "အရှင်တို့ ကြည့်ကြပါ၊ ကျွန်တော် မှာလည်း သင်တို့ကဲ့သို့ လက်, ခြေများ ပါရှိသည်။ သို့သော် ကျွန်တော်သည် ကျွန်တော်၏ ကျင်ကြီး ကျင်ငယ်ထဲ၌ နစ်မြုပ်နေရပါသည်။ ကျွန်တော် သဘောအတိုင်း ထ၍ ရေမချိုးနိုင်ပါ၊ ကျွန်တော်သည် ညစ်နွမ်းနေပါ၏။ ကျွန်တော်ကို ရေချိုးပေးကြပါဟုလည်း မပြောဆိုနိုင်ပါ၊ ကျွန်တော်သည် ဇာတိမှ မလွတ်သေးသောကြောင့် ဤသို့ ဖြစ်နေရပါသည်၊ ကျွန်တော်သာ ဇာတိမှ မလွတ်သေးသည်မဟုတ်၊ သင်တို့လည်း ဇာတိမှ မလွတ်ကြသေးသည်သာ။ မှန်ပါသည်။ ကျွန်တော်အထံ ဇာတိ ရောက်လာသလို သင်တို့၏ အထံသို့လည်း ရောက်လာပါမည်။ ထို့ကြောင့် ထိုဇာတိ မရောက်ခင်ကပင် ကြိုတင်၍ ကောင်းမှုကို ပြုကြပါ"ဟု ပြောသလို ဖြစ်နေပါသည်။ ထို့ကြောင့် ကလေးသည် "ဒေဝဒူတ" မည်ပါသည်။

သူအို။ ။သူအိုသည်လည်း "အမောင်တို့ကြည့်ကြပါ၊ ကျွန်ုပ်သည်လည်း သင်တို့ကဲ့သို့ပင် ပေါင်အား, လက်ရုံးအား, လျင်မြန်မှုနှင့်ပြည့်ဝုံ ဒသာ နုပျိုသူဖြစ်ခဲ့ဖူးပါတယ်။ ကျွန်ုပ်၏ထိုအား, ထိုလျင်မြန်မှုနှင့်ပြည့်စုံခြင်းတို့သည် ကွယ်ပျောက်ခဲ့ကြပါပြီ။ လက်ခြေတို့သည်လည်း လက်ခြေ၏ကိစ္စတို့ကို မပြုကြတော့ပါ။ ကျွန်ုပ်သည် ဇရာမှမလွတ်သေးသောကြောင့်သာ ဤသို့ ဖြစ်ရသည်။ ကျွန်ုပ်သာမလွတ်သေးသည်မဟုတ်။ သင်တို့လည်း ဇရာမှမလွတ်ကြသေးသည်သာ။ မှန်ပါသည်။ ကျွန်ုပ်အထံသို့ ဇရာရောက်လာသလို သင်တို့အထံ သို့လည်းဇရာရောက်လာလိမ့်မည်။ထို့ကြောင့်ထိုဇရာမရောက်ခင်ကပင် ကြိုတင်၍ ကောင်းမှုကိုပြုကြပါ"ဟု ပြောသလိုဖြစ်နေ၏။ ထို့ကြောင့်သူအို သည်လည်း"ဒေဝဒူတ"မည်ပါသည်။

သူနာ။ ။သူနာသည်လည်း "အမောင်တို့ကြည့်ကြပါ၊ ကျွန်ုပ်သည်လည်း သင်တို့ကဲ့သို့ အနာရောဂါမရှိသူ ဖြစ်ခဲ့ဖူးပါတယ်။ ကျွန်ုပ်သည် ယခုအခါ၌ ဗျာဓိ(နာမှု)က နှိပ်စက်သည်ဖြစ်၍ ကျွန်ုပ်၏ကျင်ကြီးကျင်ငယ်ထဲ၌ နစ်မြုပ်နေပါတယ်။ ထ, ဖို့တောင်မစွမ်းနိုင်ပါ၊ ကျွန်ုပ်၏ လက်ခြေများ ထင်ရှားရှိပါသော်လည်း လက်ခြေကိစ္စကိုမပြုနိုင်ကြပါ၊ ကျွန်ုပ်သည် ဗျာဓိမှ မလွတ်သေးသောကြောင့် ဤသို့ဖြစ်ရပါသည်။ ကျွန်ုပ်သာ ဗျာဓိမှ မလွတ်သေးသည်မဟုတ်၊ သင်တို့လည်း ဗျာဓိမှ မလွတ်ကြသေးသည်သာ။ မှန်ပါသည်။ ကျွန်ုပ်၏အထံသို့ ဗျာဓိရောက်လာသလို သင်တို့အထံသို့လည်း ဗျာဓိရောက်လာပါလိမ့်မည်။ ထို့ကြောင့် ထိုဗျာဓိမရောက်ခင်ကပင် ကြိုတင်၍ ကောင်းမှုကိုပြုကြပါ"ဟု ပြောသလိုဖြစ်နေပါသည်။ ထို့ကြောင့် သူနာသည်လည်း "ဒေဝဒူတ"မည်ပါသည်။

ကံကြမ္မာ။ ။ကံကြမ္မာသည် "ငါတို့ဖြစ်ကြလျှင် သစ်ပင်ကျောက်တို့၌ ဖြစ်ကြသည်မဟုတ်၊ သင်တို့ကဲ့သို့သော ပုဂ္ဂိုလ်တို့၏ ခန္ဓာကိုယ်၌ဖြစ်ကြပါသည်။ ထို့ကြောင့် ငါတို့ကံကြမ္မာတို့ မဖြစ်သေးခင်ကကြိုတင်၍ကောင်းမှုကိုပြုကြပါ"ဟု ပြောသလိုဖြစ်နေပါသည်။ ထို့ကြောင့် ကံကြမ္မာတို့သည် "ဒေဝဒူတ"မည်ပါသည်။

တနည်း-ညှဉ်းဆဲသူ။ ။ညှဉ်းဆဲသူသည် "ငါတို့သည်(၃၂)ပါးသောညှဉ်းဆဲမှုကိုပြုကြလျှင် သစ်ပင်စသည်တို့မှာ မပြုကြပါ၊ သင်တို့ကဲ့သို့သော သတ္တဝါဘဝ်၌သာ ပြုကြပါသည်။ ထို့ကြောင့် ငါတို့ မရောက်ခင်ကပင် ကြိုတင်၍ ကောင်းမှုကိုပြုကြပါ"ဟု ပြောသလိုဖြစ်နေပါသည်။ ထို့ကြောင့်ညှဉ်းဆဲသူတို့သည်လည်း "ဒေဝဒူတ" မည်ပါသည်။

သူသေ။ ။သူသေသည်လည်း "အမောင်တို့ သင်းချိုင်း၌ စွန့်ပစ်ထားသော ကျွန်ုပ်ကိုကြည့်ကြပါ၊ ကျွန်ုပ်သည် သေခြင်းမှမလွတ်သေးသောကြောင့်သာ ဤသို့ဖြစ်ရပါသည်၊ ကျွန်ုပ်သာ သေခြင်းမှ မလွတ်သေးသည်မဟုတ်၊ သင်တို့လည်းသေခြင်းမှ မလွတ်ကြသေးသည်သာ။ မှန်ပါသည်။ ကျွန်ုပ်၏အထံသို့ သေခြင်း(မရဏ)ရောက်လာသလို သင်တို့၏အထံသို့လည်း သေခြင်း(မရဏ)ရောက်လာပါလိမ့်မည်။ ထို့ကြောင့် သေခြင်း (မရဏ) မရောက်ခင်ကပင်ကြိုတင်၍ ကောင်းမှုကိုပြုကြပါ"ဟု ပြောသလို ဖြစ်နေပါသည်။ ထိုကြောင့် သူသေသည် "ဒေဝဒူတ" မည်ပါသည်။

အနမတဂ္ဂိယံ။ ။အနမတဂ္ဂနှင့်စပ်ယှဉ်သော ဒေသနာတော်ကို-ဟု အနက်ပေးပါ။

ဓမ္မာမတံ ပါယေသိ။ ။မြတ်အရ- လောကုတ္တရာတရားကို ကောက်ယူပါ၊ ပါယေသိ-၌ သောက်စေဟူသည် ရအောင်ပြုပေးခြင်းပင်တည်း။

ဣသိ။ ။သီလကွန္ဓာဒယော ဓမ္မကွန္ဓေ သေသိ ဂဝေသိတိ ဣသိ။ (သေ+ဣ)

ပဗ္ဗဇိဒ္ဓာနိ။ ။ဤရဟန္တအရ စိန်တိုင်းကိုယူပါ။ (စိန+ချိန+ချိုင်းနား)

လဒ္ဓံ ဘဝိသတိ။ ။ဤပါဠိ၏အပါဒါန်ကို"ဝေသဝဏသန္ဓိကာ"ဟုထည့်ပါ။

သမန္တတော အာရက္ခံ ဌပေသိ။ ။ဤနေ့မှစ၍ (ရက်ပေါ်များ)မဝင်ကြစေသတည်း ဟု အမိုင်္ဂဿန်ခြင်း၏အစွမ်းဖြင့် ပဘံဝန်းကျင်၌ အစောင့်အရှောက်ထားပါသည်။

အဇ္ဈိဋ္ဌော။ ။ဤအဇ္ဈိဋ္ဌော ပုဒ်ကို အချို့နေရာတို့၌ ဘောင်းပန် တိုက်တွန်းသည်၏ အစွမ်းဖြင့်ဆိုပါသည်။ ဤနေရာ၌ကား ဥပဇ္ဈာယ်ဆရာ့နှင့်သံယောဇဉ်အထက်တန်းကျ၍ တိုက်တွန်းတောင်းပန်မှုအနက် မဖြစ်သင့်သောကြောင့် အာဏတ္တော-စေခိုင်းအပ်သည်ဟု ဋီကာဖွင့်၏။

ရာဇဂဟနဂရပရိဝတ္တကေန။ ။ရာဇဂြိုဟ်မြို့တွင်းသို့ မဝင်ပဲ ရှောင်ကြဉ်၍ ထိုရာဇဂြိုဟ်မြို့ပြင်မှ ရာဇဂြိုဟ်မြို့ကို လက်ယာလည်မှ ပြု၍သွားသောလမ်းဖြင့်၊တနည်း-သွားခြင်းဖြင့်။

အမှာကံ ဣဒ ကတ္တမ္ဘကိစ္စံ နိဋ္ဌိတံ။ ။မယ်တော်ကိုမြင်ခြင်းကိစ္စပြုပြီးသည်ကို ရည်ရွယ်၍ဆိုပါသည်။

မိသကပဗ္ဗတေ။ ။မြေနှင့် ကျောက် ရောနေ သောကြောင့် မိသကပဗ္ဗတမည်၏။ ၎င်းတောင်ကို ယခုအခါ၌ စေတိယတောင် ဟု ဓမ္မပါ ကြ၏။

ဒိဋ္ဌသစ္စော။ ။ဒိဋ္ဌသစ္စဟူသည်-အနာဂါမိမဂ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်း၍သိပြီးသော ဘဏ္ဍာဂုဂဗေပါသကာတည်း။ အရှင်မဟိန္ဒမထေရ်သည်မိမိ၏မယ်တော်အား ဟောကြားအင်သောတရားကို နာရ၍ ဘဏ္ဍာဂုက

ဥပါသကာသည် အနာဂါမိဖိုလ်သို့ရောက်သည်။ ထိုဥပါသကာသည် မဟိန္ဒထေရ်၏ တူဖြစ်ပါသည်။ မဟိန္ဒထေရ်၏မယ်တော်မှာ ညီမတယောက်ရှိပါသည်၊ ထိုညီမမှာကား သမီးတယောက်ရှိ၍ ထိုသမီးမှမွေးသော သားသည် ဘဏ္ဍုကဥပါသကာဖြစ်ပါသည်။ (တူတဝမ်းကွဲတော်၏ဟူလို)

သမ္မာသမ္ဗုဒ္ဓေန ဝုတ္တေ ဗျာကတာ။ ။သမ္မာသမ္ဗုဒ္ဓေန တုမ္မေ ဗျာကတာတိ ဗောဓိမူလေ၁ဝ ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေတွာ တမ်ပဏ္ဏိဒီပံ ဒိသွာ အနာဂတေ တမ္ပပဏ္ဏိဒီပသာ သမ်ုတ်ိ ဒီးဌေန သမ္မာသမ္ဗုဒ္ဓေန အနာဂတေ မဟိန္ဒောနာမ ဘိက္ခု တမ္ပပဏ္ဏိဒီပံ ပသာဒေဿတီတိ တုမ္မေ ဗျာကတာ။ [အဌကထာ၌ရှိသော အဓိပ္ပါယ်များ ထက်မပိုပါ၊ နေရာသာအနည်းငယ်ကွဲလွဲပါသည်]

ဗုဒ္ဓစက္ခု။ ။ဣန္ဒြိယပရောပရိယတ္တဉာဏ်နှင့် အာသယာနုသယဉာဏ်ကိုယူပါ။ ထိုဗုဒ္ဓစက္ခုဖြင့် ဣန္ဒြေတို့၏ အနုအရင့်စသည်မှတပါး အခြားကို မမြင်နိုင်သောကြောင့် "ဝေါလောကေန္တော" ဟုမဆိုပဲ ဝေါလောကေတွာ ဟု သာဆိုပါသည်။

ဇေတမတ္ထေ။ ။နောင်အခါ မဟိန္ဒမည်သော ရဟန်းသည် သီဟိုဠ်ကျွန်း (သီဟိုဠ်ကျွန်း နေသူလူအပေါင်း) ကို ကြည်ညိုစေလတ္တံ့ ဟူသော ဤအကြောင်းကိုဟု အနက်ပေးပါ။

မေ့ယသန္ဒေ။ ။ပတ်ဝန်းကျင်မှ ညိုသော အဆင်း ရှိ သော ကြောင့် မိုးတိမ်ညိုနှင့် တူသော။

ပရိနိဗ္ဗာနတော။ ။ပရိနိဗ္ဗာန် စံရာနှစ်မှ ဟု အနက်ပေးပါ။ ထိုပရိနိဗ္ဗာန်စံရာနှစ်ကို ချန်၍ ထိုနှစ်မှ နောက် (၂၃၆) နှစ်၌ဟု အဓိပ္ပာယ် အနက်ယူပါ။

တသ္မိံ ယေ ဝ ဝသေ။ ။မြက်စွာဘုရား ပရိနိဗ္ဗာန်စံရာနှင်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံရာနေ့၌ပင် ဝိဇယမင်းသားသည် ဤ သီဟိုဠ်ကျွန်းသို့ ရောက်လာပါသည်။

သီဟကုမာရသ ပုတ္တော။ ။ဘာလိဂ် မင်းသမီး၏ ဝမ်း၌ ခြသေ့ကြောင့် သန္ဓေတည်ကာ မွေးဖွားလာသော မင်းသားသည် သီဟကုမာရ မင်းသားဖြစ်ပါသည်။ ၎င်းမင်းသား၏သားတော်သည် ဝိဇယမင်းသား ဖြစ်ပါသည်။

မနုဿာဝါသံ အကာသိ။ ။ရှေးအခါက လူတို့၏ နေရာ မဟုတ်သော ကြောင့် **တနည်း**-နတ် ဘီလူးတို့၏ နေရာ ဖြစ်သောကြောင့် "မနုဿာဝါသံ အကာသိ"ဟု ဆိုပါသည်။

သီဟိုဠ်ရာဇဝင် အကျဉ်း။ ။

ဝိဇယো လက်မာဂမ္မ၊ သတ္ထု နိဗ္ဗာနဝါသရေ။
အဌတ္ဌိ'သ သမာကာသိ၊ ရဇ္ဇ် ယက္ခဝိမဒ္ဒကော။

တသ္မိ'မတေ အမစ္စာ တေ၊ ပေက္ခန္တာ ခတ္တိယာဂမံ"
ဥပတိဿဂါမေ ဌတ္ဝာန၊ ရဋ္ဌံ သမနုဿာသိသုံ။

မတေ ဝိဇယရာဇမ္မိ၊ ခတ္တိယာဂမနာပုရာ။
ကေ ဝသံ အယံ လက်ာ၊ ဒီပေါ အာသိ အရာဇိကော။

ဇတောပဏ္ဏု ဝါသု ဒေဝေါ၊ရဇ္ဇ်တိ'သ သမာအကာ။
အဘယော ဝိသတိ ဝသာနိ၊ လက်ာရဇ္ဇမကာရယိ။

ပဏ္ဏုကာဘယရညော စ၊အဘယသ စ အန္တရေ"
ရာဇသုညာနိ ဝသာနိ၊ အဟေသုံ ဒသ သတ္တစ။

ပဏ္ဏုကာဘယနံ့ာမသ၊ ရညော ဝသာနိ သတ္တတိ။
မုဋ္ဌသိဝေါ သဋ္ဌိ ဝသာနိ၊ သက်ာရဇ္ဇမကာရယိ။

ဇမ္ဗူဒိပ်နန်းစံစဉ်။ ။ဖော်ပြပြီးသော သီဟိုဠ်မင်းများနှင့် ထိုနန်းအပြိုင် ဖြစ်ကြသော, ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီး နောက် ဇမ္ဗူဒိပ်မင်းများ၏ အစဉ်ကို အဌကထာ၌ ပြထားသည့်အတိုင်း လက်ာသွားဖြင့် မှတ်သားလွယ်ရန် ဖော်ပြလိုက်ပါသည်။

၁။ နှစ်လေးအဇာတ၊ သောဌသ၊ ဥဒယဘဒ္ဒါ။
၂။ နဂ်-မုဏ်-အဌ၊ စတုဝိသ၊ နာဂဒါသကာ။
၃။ သုသုနာဂ၊ ဌာရသ၊ ကာဠနှစ်ရှစ်ပါ။ (နှစ်ဆယ့်ရှစ်)
၄။ ညီနောင်နန္ဒ၊ နှစ်ဆယ်မှ၊ မှတ်ကြနှစ်စီပါ။
၅။ နှစ်လေးစန္ဒ၊ ဗိန်သာရ၊ အဌဝိသပါ။
၆။ အသောကမှ၊ နှစ်နှစ်မျှ၊ တွက်ကြထည့်၍သာ။
၇။ ညီဟိုဠ်သာသနာ၊ နှစ်နှစ်ရှာ၊ စွန်းလွှာသုံးခြောက်ပါ။

မင်းမဲ့တနှစ်။ ။"ဥဒယဘဒ္ဒသ ပဠဒသမေ ဝဿေ ပဏ္ဍုဝါသုဒေဝါ-နာမ ဣမသ္မိं ဒီပေ ရဇ္ဇံ ပါပုဏိ" ဟု ဆိုသောကြောင့် ဥဒယဘဒ္ဒမင်း၏ (၁၄) နှစ်မြောက်ဟု ဆိုအပ်သော တနှစ်သည် ဝိဇယမင်းနှင့် ပဏ္ဍုဝါသုဒေဝမင်းတို့၏ အကြားကာလ သီဟိုဠ်ကျွန်းသည် မင်းမဲ့ဖြစ်သော နှစ်ဖြစ်ပါသည်။ မှန်၏။ ထိုနှစ်၌ ဝိဇယမင်း၏ အမတ်တို့သည် ဥပတိဿမည်သော အမတ်ကို အကြီးအကဲပြုကာ ထိုအမတ်၏ နာမည်ဖြင့် ပြုအပ်သော ဥပတိဿရွာ၌ နေကြလျက် မင်းမဲ့ဘိုင်းပြည်ကို ဆုံးမသွန်သင်ကြပါသည်။

ဒါမရိက။ ။ဒါမရိကဟူသည် စစ်တိုက်သော သူပုန်တည်း၊ ပဏ္ဍုကာဘယသည်ကား အဘယမင်း၏ တူတော်မင်းပင်တည်း။ သူပုန်သူခိုးမဟုတ်ပါ၊ သို့သော် ဗလကျွာရနည်းဖြင့် တိုင်းပြည်ကို သိမ်းယူထားသောကြောင့် "ဒါမရိက" ဟု ဆိုပါသည်။

ရဇ္ဇံ အဂ္ဂဟေသိ။ ။တစိတ်ဘဝဒေသကို သိမ်းယူနိုင်သောကြောင့် "ရဇ္ဇံ အဂ္ဂဟေသိ" ဟု ဆိုပါသည်။ အဘယမင်း၏ အနှစ်နှစ်ဆယ်မြောက်၌ တိုင်းပြည် တပြည်လုံးကို မသိမ်းပိုက်နိုင်သေးပါ။

ပဏ္ဍုကဿ။ ။ပဏ္ဍုကာဘယမင်းတည်း။

ဒေဝါနုံပိယတိဿော ရဇ္ဇံ ပါပုဏိ။ ။အသောက မမ္မရာဇာ၏ ဆယ့်ရှစ်နှစ်မြောက်၌ ဒေဝါနုံပိယတိဿမင်းသည် မင်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

အဇာတသတ္တုဿ စတုဒီသတိ။ ။ပရိနိဗ္ဗာန်စံရာ နှစ်ဟုဆိုအပ်သော ရှစ်ခုမြောက်နှစ်ကို ချန်၍ဆိုပါသည်။

အသောကဿ ပုတ္တကာ ဒသ ဘာတုရာဇာနော။ ။

၁။ ဘဒ္ဒသေန	၂။ ကောရဏ္ဍဝဏ္ဏ
၃။ မဂ်ုရ	၄။ သဗ္ဗဇ္ဇဟ
၅။ ဇာလိက	၆။ ဥဘက
၇။ သဇ္ဇယ	၈။ ကောရဗျ
၉။နန္ဒိဝဍ္ဎန	၁၀။ ပဠုမက

နိဝနန္ဒာ။ ။

၁။ ဥဂ္ဂသေနနန္ဒ	၂။ ပဏ္ဍုကန္ဒ
၃။ ပဏ္ဍုဂတိနန္ဒ	၄။ ဘူတိပါလနန္ဒ
၅။ ရဋ္ဌပါလနန္ဒ	၆။ ဂေါဝိသာဏကနန္ဒ
၇။ သဝိဒ္ဓကနန္ဒ	၈။ ကေဝဋ္ဋကနန္ဒ
၉။ ဓနနန္ဒ	

သီဟိုဠ်ရာဇဝင် (၂၃၆) နှစ် ရေတွက်ပုံ။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန်စံရာနှစ်နှင့် ဤသီဟိုဠ်ကျွန်း၌ ဝိဇယမင်း ၏ ပထမနှစ်ကို အတူပြု၍ ထို ပရိနိဗ္ဗာန် စံရာနှစ်ကို ချန်ထား၍ ပရိနိဗ္ဗာန် စံရာ နှစ်မှ နောက်—

၁။ ဝိဇယမင်း	....၃၂
၂။ ထိုမှ နောက်မင်းမဲ့	.... ၁
၃။ ပဏ္ဍုဝါသုဒေဝမင်း	....၃၀
၄။ အဘယမင်း	....၂၀
၅။ ပဏ္ဍုဘယမင်း၏ အဘိသိက်မခံမီ	....၁၇
အဘိသိက်ခံပြီး	....၇၀
၆။ မုဋ္ဌသိဝမင်း	....၆၀
၇။ ဒေဝါနံပိယတိဿမင်း၏ ပထမနှစ်	.... ၁

ပေါင်း ၂၃၆ နှစ် ဖြစ်ပါသည်။

ဇေဋ္ဌမူလနက္ခတ္တံနာမ ဟောတိ။ ။နယူန်လပြည့်နေ့၌ ဇေဋ္ဌနက္ခတ်, မူလနက္ခတ် ဖြစ်သောကြောင့် "ဇေဋ္ဌမူလနက္ခတ္တံ နာမဟောတိ" ဟု ဆိုပါသည်။ ထိုနက္ခတ်၌ ပြုအပ်သော ပွဲသဘင်သည်လည်း ထိုနက္ခတ်လျှင် မှီရာရှိသောကြောင့် ထို "ဇေဋ္ဌမူလနက္ခတ္တ" ဟူသော အမည်ကိုပင် ရပါသည်။

မမံယေဝ ရာဇာ ပဿတု။ ။ငါတို့ အမျိုးကြီးကိုမြင်လျှင် မင်းသည် အလွန်ကြောက်လိမ့်မည်ဟူသော အကြောင်းကြောင့် မိမိကိုသာလျှင် မြင်စေလိုရကား ငါ့ကိုသာလျှင် မြင်စေသတည်းဟု အဓိဋ္ဌာန်ပါသည်။

သမဏာ မယံ မဟာရာဇ စသည်။ ။မဟိန္ဒထေရ်သည် ဒေဝါနံပိယတိဿမင်း၏ အကြံကိုသိ၍ မိမိ၏သဘောကို ပြောပြီးလျှင် ဒေဝါနံပိတိဿမင်းကို သက်သာစေလိုရကား "သမဏာ မယံ မဟာရာဇ" စသောဂါထာကို မိန့်ပါသည်။

ဤပုဂ္ဂိုလ်ဘို့သည် သမဏာတို့မည်၏ဟု မသိသောမင်းအား "သမဏာ မယံ မဟာရာဇ"ဟု အဘယ်ကြောင့် မထေရ်သည် မိန့်ပါသနည်းဟု မေးဖွယ်ရှိ၏။

အပြောကား–အသောကခမ္မရာဇာသည် ပို့စေအပ်သော သီဟင်းစကားဖြင့် ပင် ရှေးအခါ၌ ယူအပ်သော သမဏာသညာကို အမှတ်ရစေခြင်းငှာ "သမဏာ မယံ မဟာရာဇ" ဟူ၍သာစကားကို မိန့်ပါသည်။

ဆာတပဗ္ဗတပါဒေ။ ။ဆာတဝါဟ တောင်ခြေ၌ ဟုအနက်ပေးပါ။ ထိုတောင်သည် အနုရာဓမြို့မှ အရှေ့တောင်ထောင့်အရပ်, နှစ်ယူဇနာဒကျော်၏ အထက်၌ တည်ရှိပါသည်။ ထိုအရပ်ဝယ် နောင်အခါ၌ သာဒ္ဓါတိဿမည်သော မဟာရာဇာသည် ကျောင်းဆောက်၏။ ထိုကျောင်းကို "ဆာတ" ကျောင်းဟု ခေါ်ကြသည်။

ရထယဒ္ဒိပမာဏာ။ ။အလျားအားဖြင့်လည်းကောင်း၊ အလုံးအား ဖြင့်လည်းကောင်း ရထားနှင်တံနှင့်တူသော ပမာဏရှိကုန်၏ဟု ဂဏ္ဍိပဒသုံးစောင်တို့၌ ဆို၍ ရထားအလံရိုး ပမာဏရှိကုန်၏ဟု ဂဏ္ဍိပုဒ်၌ ဆိုထားပါသည်။

ဥပဇ္ဈီ သု။ ။အဘိသိက်ခံသည်နှင့် တပြိုင်နက်ပင်(အဘိသိက်ခံလျှင် ခံခြင်း) ဖြစ်ကြပါသည်။

ဧကာ လတာယဒ္ဒိနှာမ။ ။ဧရွှန္ဒယ်ဖြင့် တန်ဆာ ဆင်အပ်သောကြောင့် "လတာယဒ္ဒိ" မည်ပါသည်။

အဌမုတ္တာ၊ ၊ဟယဂဇာရထာမလကာ၊ဝလယဂုံလိပေဌကာ။
ကကုဓဖလာပါကတိကာ၊ ဣစ္ဆေတာ အဌဇာတိတောဝ။

ဂဂ်ေါဒကံ။ ။အနောတတ္တရေပင်တည်း။

ဝဓုမဝနံ။ ။တန်ဆာဆင်အုပ်သော နံ့သာမှုန့်၊ တနည်း-ရေချိုးမှုန့်။

ဝဋ္ဌသက်။ ။နှဝ်းဌ် ပန်အပ်သောပန်း။ တနည်း–နှားရင်းမှာဆွဲထားသော ပန်း။

အမတောဿဝံ။ ။အမတောသဝ အမည်ရသော ဆေးလုံးမျိုးကို အမြိုက်ဆေးနှင့် တူသော ကိစ္စရှိသောကြောင့် 'အမတောသဝ' ဟု ဆိုပါသည်။ ထို အမတောသဝဆေးဟူသည့် ဘေးရန်ကို မူတ်ထုတ်၍ အကျိုးအားလုံးကို ပြီးစေနိုင်သော ဆေးဘက်ဝင် အဆောက်အဦတို့ဖြင့် ရောစပ်၍ လုံးကာပြုအပ်သော ဆေးလုံးတည်း။ ထိုဆေးလုံးကို ရှင်ဘုရင်တို့၏ မျက်နှာသစ်ပြီးချိန်, ရေချိုးပြီးချိန်၌ အဆောင်အယောင်များစွဲဖြင့် ဆက်သ,ကြပါသည်။ ထိုဆေးဖြင့် ရှင်ဘုရင်တို့သည် ကိုယ်အင်္ဂါ၌ တပ်မက်အောင် ပြုကြပါသည်။

နှစ်ခုံသုံးခုသော တပ်မက်ဖွယ်ဆေးပြောက်တို့ဖြင့် နဖူး,ပခုံးစွန်း,ရင်လယ် ဟု ဆိုအပ်သော ကိုယ်အင်္ဂါကို စီစဉ်၍ ကိုယ်အင်္ဂါ၌ တပ်မက်အောင်ပြုကြပါသည်။ ထိုဆေးလုံးသည် မြွေ,ကင်းမြီးကောက်စသော သတ္တဝါတို့၏ အဆိပ်ကိုလည်း ပယ်ဖျောက်နိုင်ပါသည်။ ထို,ကြောင့်လည်း ဤဆေးလုံးကို "အမ-တောသဝ"ဟု ဆိုအပ်ပါသည်။

ဗုဒ္ဓဉ္စ ဓမ္မဉ္စ သံဃဉ္စ။ ။တရား အားလုံးတို့ကို အမှန်အတိုင်း သိပြီးသောကြောင့် ဗုဒ္ဓမည်၏။ [သမ္မာသမ္ဗုဒ္ဓ=ဘုရားကိုကောက်ပါ၊] မဂ်ရပြီးသူတို့ကိုလည်းကောင်း၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုပြီး သူတို့ကိုလည်းကောင်း၊ ဆုံးမအပ်သည့်အတိုင်း ကျင့်ယူတို့ကိုလည်းကောင်း၊ အပါယ်၌ မကျအောင် ဆောင်ထားနိုင်သောကြောင့် ဓမ္မမည်၏။ အရကား-ပရိယတ်နှင့် လောကုတ္တရာတရား (၉) ပါးတည်း။

အယူသီလဘူမျှသည်၏အဖြစ်ဖြင့် ပေါင်းအပ်သောကြောင့် သံဃာမည်၏။ အရကား–အရိယာသာဝကသံဃာတည်း။

သရဏ။ ။၁။ မြတ်စွာဘုရားသည် အစီးအပွားနှင့် ဖြစ်စေခြင်းအားဖြင့်လည်းကောင်း၊ အစီးအပွားမဲ့မှ နှစ်စေခြင်းအားဖြင့်လည်းကောင်း၊ သတ္တဝါတို့၏သန္တာန်၌ရှိသော ဘေးရန်ကို ပယ်သတ်တာ်သောကြောင့် "သရဏ" မည်ပါသည်။

၂။ တရားတော်သည်လည်း ဘဝကန္တာရမှ ထုတ်ဆောင်သော အားဖြင့်လည်းကောင်း၊ သက်သာရာကို ပေးသောအားဖြင့်လည်းကောင်း၊ သတ္တဝါတို့၏သန္တာန်၌ရှိသော ဘေးရန်ကို ပယ်လတ်တတ်သောကြောင့် "သရဏ" မည်ပါသည်။

၃။ သံဃာတော်သည်လည်း အနည်းငယ်ပြုတတ်သောကောင်း မှုတို့၏လည်း အကျိုး အများကြီးရအောင် ပြုပေးသော အားဖြင့် သတ္တဝါတို့၏ သန္တာန်၌ရှိသော တေးရန်ကို ပယ်သတ်ဘတ်သောကြောင့် "သရဏ" မည်ပါသည်။

အသောကရညာ ပေသိတေန အာဘိဒသကေန။ ၊အာဘိသေကအရ-အာဘိသိက်ခံရာ၌ အသုံးပြုရသော ပစ္စည်းများကိုကောက်ပါ။ ဒေဝါနံပိယတိဿမဟာရာဇာက ဓမ္မာသောကမင်း၏ အထံသို့ ဝေဠုယဋ္ဌိစသော တန်ဖိုးကြီးမားလှသော လက်ဆောင် ပဏ္ဏာဘောဂ်များကို ပို့ဆက်ရာအခါ၌ ဓမ္မာသောကမင်းသည် အလွန်ကျေနပ်လှ၍ သီဟိုဠ်မှာ မရှိသော (၁) ခရုသင်းသုံးမျိုး (၂) ဂင်္ဂါရေ (၃) အရုဏ်အဆင်းရှိသော မြေညက် (၄) ရှစ်ယောက်စီသော မင်းမျိုး, ပုဏ္ဏားမျိုး, သူကြွယ်မျိုး, အမျိုးသမီးများ၊ (၅) ရွှေအိုး, ငွေအိုး, ကြေးအိုး, မြေအိုးများ၊ (၆) သင္ဘောမျိုးရှစ်ဦး, (၇) အမတ်မျိုးရှစ်ဦးစသော သဗ္ဗဒ္ဓက လက်ဆောင်ကိုလည်းကောင်း လက်ဆောင်ပြန်အဖြစ် ပို့ဆက်ပါသည်။

ဝိသာခပုဏ္ဏမဘယံ ဟိဿ အာဘိသေကမကံသု။ ။ကဆုန်လပြည့်နေ့မှာ အာဘိသိက်သွန်းမှုပြုကြသောကြောင့် အာဘိသိက်ခံပြီး၍ တလသာရှိသေးကြောင်း သိရသည်ဟူလို။

ထိုအချိန်အခါတုန်းက ဒေဝါနံပိယတိဿမင်းသည် ကဆုန်လပြည့်နေ့၌ အာဘိသိက်ခံမှုပြုခဲ့သောကြောင့် ထိုအခါ၃စ၍ ယနေ့အထိ ကဆုန်လပြည့်နေ့၌သာ အာဘိသိက်ခံမှုသည် အစဉ်အလာဖြစ်နေပါသည်။

အာဘိသိက်သွန်းပုံအစီအစဉ်။ ။အာဘိသိက်မင်္ဂလာ ပြုခြင်းငှာ တန်ဆာဆင်ထားအပ်သောမဏ္ဍပ်၏အတွင်းဝယ် ဆောက်လုပ်ထားသော ရေသဖန်းခက်, မဏ္ဍပ်အလယ်၌ ကောင်းစွာ တည်ထားအပ်သော ရေသဖန်းသားဖြင့်ပြုအပ်သော ကောင်းသောအင်းပျဉ်၌ အာဘိသိက်သွန်းထိုက်သော ဗာတ်မြင့်သောမင်းမျိုးရှိသူကို ထိုင်စေပြီးနောက် ဗာတ်နှင့်ပြည့်စုံသော ခတ္တိယကညာတို့သည် မင်္ဂလာရှိသော အဝတ်တန်ဆာတို့ကို ဝတ်၍ သမုဒ္ဒရာဖြစ် လက်ယာရစ်လည်သော ရွှေချထားသောခရုသင်း၌ ဂင်္ဂါရေ အပြည့်ထည့်၍ လက်နှစ်ဘက်ဖြင့် ရိုသေသေးစားစွာကိုင်ဆောင်၍ မင်းဦးထိပ်၌ထားကာ "အရှင်မင်းမြတ် အရှင့်ကို အလုံးစုံသော ခတ္တိယအပေါင်းတို့သည် မိမိကိုစောင့်ရှောက်ဖို့ရာ ဤအာဘိသိက်ရေစင်ဖြင့် သွန်းလောင်း၍ မြတ်သောမင်းအဖြစ်ကိုပြုကြပါသည်၊ အရှင်မင်းမြတ်သည် တရားနှင့်အညီ

အုပ်ချုပ်၍ ခတ္တိယအပေါင်းတို့ကို ရင်ဝယ်ပေါက်ဖွား၊ ရင်နှစ်သားသို့ မေတ္တာထားတော်မူပါ'' ဟုဆို၍ သွန်းလောင်းရမည်။

ထို့နောက် ပုရောဟိတ်တို့သည်လည်း ပုရောဟိတ် ရာထူးအားလျော်စွာ တန်ဆာဆင်ယင်၍ ဂင်္ဂါရေဖြင့်ပြည့်သော ငွေခရုသင်းကို လက်နှစ်ဘက်တို့ဖြင့် ရိုသေစွာကိုင်ယူ၍ မင်းဧကရီ၏ ဦးထိပ်ဦးထားကာ ''အရှင်မင်းမြတ် အရှင့်ကို အလုံးစုံသော ပုဏ္ဏားအပေါင်းတို့သည်'' စသည်ဆို၍ သွန်းလောင်းရမည်။

ထို့နောက် သင္ဘောတို့သည် သင္ဘောနှင့်လျော်သော အဝတ်တန်ဆာကို ဆင်ယင်၍ ဂင်္ဂါရေဖြင့်ပြည့်သော ရေတနာတို့ဖြင့်ပြီးသော ခရုသင်းကို ကိုင်ကာ မင်းဧကရီ၏ဦးထိပ်ဦးထား၍ ''အရှင်မင်းမြတ် အရှင့်ကို အလုံးစုံသော ဂဟပတိအပေါင်းတို့သည်'' စသည်ဆို၍ သွန်းလောင်းရမည်။ (ဤသို့ ဆိုခြင်းကို ''အရှင်မင်းမြတ်သည် ငါတို့၏စကားအတိုင်း ဝင်းပြုလျှင်ကောင်းပါ၏၊ မပြုလျှင် ဦးခေါင်း (၇) စိပ် ကွဲပါစေ''ဟု ကြိမ်ဆဲသကဲ့သို့မှတ်ပါ)။

ဆ ဇ်နေ ဒသေသိ။ ။မင်းနှင့်တကွ လာသူတို့အား ဤပုဂ္ဂိုလ် မျှားသည် ဘီလူးမျှားမဟုတ်ကြ၊ လူတို့တည်းဟုသိစေခြင်းအကျိုး၌ ဘဏ္ဍုကဥပါသကာကို ခေါ်ခဲ့သောကြောင့် ဘဏ္ဍုကဥပါသကာနှင့်တကွ လူခြောက်ယောက်တို့ကိုပြပါသည်။

စူဠဟတ္ထိပဒေါပမ သုတ္တန်ကို ဟောရခြင်းအကြောင်း။ ။ဤ ဒေဝါနုပ်ယ-တိသ မင်းသည် ဤရဟန်းတို့မည်သည် ဤသို့သဘောရှိ၏ဟုလည်းကောင်း, ထိုရဟန်းတို့၏ သီလစသောအကျင့်သည်လည်း ဤသို့သဘောရှိ၏ဟုလည်းကောင်း မသိပါ၊ ယနေ့အခါ၌ ထိုဒေဝါနုပ်ယတိသမင်းကို ဤစူဠဟတ္ထိပဒေါပမ သုတ္တန် ဒေ-သနာတော်ဖြင့် ရဟန်း၏အဖြစ်သို့ ကပ်ရောက်ပုံနှင့် ရဟန်းတို့၏ အကျင့်ကို သိစေအံ့ဟုကြံ၍ ရှေးဦးစွာ စူဠဟတ္ထိပဒေါပမ သုတ္တန်ဒေသနာကို ဟောတော်မူပါသည်။

ရာဇာ သုတ္တန္တံ သုဏန္တော်ယေဝ အညာသိ။ ။''သော ဗီဇဂါမဘူတဂါမသ-မာရမ္ဘာ ပဋ္ဌိဝိရတော ဟော-တိ ဧကဘတ္တိကော ဟောတိ၊ ရတ္တူပရတော ဝိရတော ဝိကာလ ဘောဇ-နာဟု'' ထိုစူဠဟတ္ထိပဒေါပမသုတ္တန်၌ လာသောကြောင့် ထိုသုတ္တန်ကို နာယူစဉ်ပင် ဤရဟန်းတို့အား ဤအချိန်၌ ဘောဇဉ်သည် မအပ်ဟု သိပါသည်။

ဣဒေဝ ဝသိဿာမ။ ။ညဉ့်မအိပ်ရသေးသောကြောင့် ''ဣဒေဝ ဝသိဿာမ'' ဟု အနာဂတ် စကားဖြင့် ဆိုပါသည်။

အာဂတဗ္ဗလော။ ။အနာဂါမိဖိုလ်ကို ရည်ရွယ်၍ ဆိုပါသည်။

ဣဒါနိ ပဗ္ဗဇိဿတိ။ ။လူ၏အသွင်ဖြင့် ဆောင်ယူအပ်သော ကိစ္စ ပြီးသော ကြောင့် "ဣဒါနိပဗ္ဗဇိဿတိ" ဟူသော စကားကို မိန့်ပါသည်။နဂိုရ်က လူဝတ်ကြောင်ဖြင့် ခေါ်ခဲ့ခြင်းမှာ မိမိတို့ကိုလူဖြစ်ကြောင်း သိဖို့ရာ ခေါ်ခဲ့ခြင်းတည်း၊ ယခုအခါ ထိုကိစ္စ ပြီးပြီးဖြင့်၍ ရှင်ပြုတော့ မည်ဟူလို။

အဓိဋ္ဌဟိတ္ဝာ။ ။သီဟိုဠ်ကျွန်း၏ အာဘွင်းဌ် ရောက်သောသူများသည် ကြားပါ စေကုန်ဟု အဓိဋ္ဌာန်၍။

ဂဟိတာ ဒါနိ ဣမေဟိ ပထဝီ။ ။မြေကြီးအပေါ်၌ အခင်းတို့ကို ခင်းအပ် ကုန်သောကြောင့် "ဂဟိတာ၊ ဝေ၊ ပထဝီ" ဟူသော ဗျာဒိတ်စကားကို ပြောကြသည်။

ပတိဋ္ဌဟိဿတိတိ စိန္တေန္တော။ ။ထိုမြေကြီးပေါ်၌ အခင်း ခင်းခြင်းကြောင့် သာသနာတည်မှု မရှိရကား ဤမြေကြီး အပေါ်၌ ခင်းခြင်းသည် မချတ်ကေန် တည်လတ္တံ့သော သာသနာ တော်၏ ပုဗ္ဗနိမိတ်တည်း၊ ဤသို့ ပုဗ္ဗနိမိတ်အဖြစ်ဖြင့် မှတ်သားရမည်ဟု သိပါ။

ပေတဝတ္ထုံ ဝိမာနဝတ္ထုံ ဣ စ္စသံယုတ္တဉ္စ ကထေသိ။ ။အရှင် မဟိန္ဒထေရ်သည် ဒေသနာ အစ်အစဉ်၌ ကျွမ်းကျင်သောကြောင့် လူအပေါင်းတို့အား သံဝေဂ (ထိန့်လန့်မှု) ဖြစ်စေခြင်းငှာ ရှေးဦးစွာ ပေတဝတ္ထုကို ဟောပါသည်။ ထို ပေတဝတ္ထုကို ဟောပြီးနောက် သံဝေဂဖြစ်သော လူအပေါင်းကို သက်သာစေခြင်းငှာ သဂ္ဂကထာ၏ အစွမ်းဖြင့် ဝိမာန ဝတ္ထုကိုလည်း ဟောပါသည်။ ထို ဝိမာန-ဝတ္ထုကို ဟောပြီးနောက် သက်သာရာ ရသူလူအပေါင်းကို "ဤနတ်ပြည်၌ သာယာမှု မပြုကြနှင့်, နိဗ္ဗာန်ကို ကြည့်၍ အခြား တစုံတခုသော သင်္ခါရ ဖြစ်သော မြဲသောတရား မည်သည်မရှိ၊ ထို့ကြောင့် လွန်ကဲသော သက်သာ ယာရှိသော နိဗ္ဗာန်ကို ရခြင်းငှာ အားထုတ်ကြပါ" ဟု သစ္စာလေးပါးဌ် ထိုးထွင်း၍ သိခြင်းငှာ လုံ့လကို ဖြစ်စေလျက် အဆုံးဌ် သစ္စသံယုတ်ကို ဟောသည်ဟု သိပါ။

အလံဂစ္ဆာမ။ ။နန္ဒန ဥယျာဉ်သည် မြို့နှင့်(အနုရာဓမြို့နှင့်) အလွန်နီးသည့် အတွက် ရဟန်းတို့အား မ လျှောက်ပတ် သော ကြောင့် ပယ်မြစ်လို၍ "အလံဂစ္ဆာမ" ဟု မိန့်ပါသည်။

ထိုဥယျာဉ်၏မြေကို ယူရာနေ့၌ အခါမဲ့ မိုးကြီးပေါ်တက်လာ၍ တဘက်ဆည်ကန်အာလုံး, လေးထောင့်ကန် အားလုံးဘို့ကို ပြည့်စေလျက် နွေဒဏ်၏ နိပ်စက်မှု ခံနေရသော သစ်ပင်, နွယ် စသည်တို့အား ချီးမြှောက်လျက်သာ ရှာချသောကြောင့် ထိုဥယျာဉ်သည် "မဟာမေဃဝနဥယျာဉ်" မည်ပါသည်။

သုခသယိတဘာဝံ ပုစ္ဆိတ္ဝာ။ ။"အရှင်ဘုရားတို့ အသို့ပါနည်း၊ ဤအရပ်၌ ချမ်းသာစွာ ကျိန်းစက် ကြရပါသလော၊ အရှင်ဘုရားတို့၏ ဤအရပ်၌သီတင်းသုံးခြင်းသည် ချမ်းသာပါသလော"ဟု ချမ်းသာစွာ ကျိန်းစက်ကြရသည်၏ အဖြစ်ကို မေး၍ ထိုမေးပြီးနောက် "မဟာရာဇာ ချမ်းသာစွာကျိန်းစက်ရပါ၏၊ ဤဥယျာဉ်သည်ရဟန်းတို့အား ချမ်းသာမှုဖြစ်စေနိုင်ပါ၏"ဟု အရှင်မဟိန္ဒမထေရ်က မိန့်လတ္တံ့ "ဤသို့ဖြစ်လျှင် ငါတို့၏ဤဥယျာဉ်ကို လှူအံ့" ဟု စိတ်မှာကြံ၍ "ကပ္ပတိ ဘန္တေ ဘိက္ခုသံဃဿ အာရာမော" ဟု မေးလျှောက်ပါသည်။

မဟာမေဃဝနုယျာနံ အဒါသိ။ ။"ဣမံ မဟာမေဃဝနုယျာနံ သံဃဿ ဒမ္မိ" ဟုဆို၍ နယုန်လပြည့်ကျော် (၂) ရက်နေ့၌ လှူပါသည်။

ဣဒဉ္စ ပဌမံ ဝိဟာရဒ္ဒါနံ ဘဝိဿတိ။ ။မဟာဝိဟာရသည် မြတ်သော ရေစက်ကို ချသည်နှင့် တပြိုင်နက်ပင် တည်ပါသော်လည်း ထိုမဟာဝိဟာရ၌ ကျောင်းဆောက်မှုကိစ္စ မပြီးဆုံးသေးသောကြောင့် "ဣဒဉ္စ၊ ပေ၊ ဘဝိဿတိ" ဟု မိန့်ပါသည်။

ပုန ဒိဝသေပိ။ ။နယုန်လပြည့်ကျော်(၂) ရက်နေ့၌ပင် အနမတဂ္ဂနှင့် စပ်သော တရားကို ဟောပါသည်။

အပ္ပမာဒသုတ္တံ။ ။အဂ်ုတ္တရနိကာယ်၌လာသောမဟာအပ္ပမာဒ သုတ်တည်း။ ရာဇောဝါဒသုတ်ဟု ဆိုလိုသည်။

အရိဋ္ဌောနာမ အမစ္စော။ ။ဒေဝါနံပိယတိဿမင်း၏ တူတော် ဖြစ်သော အမတ်တည်း။

ပဗ္ဗပဏ္ဏာသဝယ။ ။ဤနေရာ၌ "စတုပဏ္ဏာသာယ" ဟု ဆိုသင့်ပါသည်၊ ထိုသို့ဆိုမှ အထက်၌ဆိုအပ်သော "ဒွါသဋ္ဌိ အရဟန္တော" ဟူသော စကားသည် ညီညွတ်ပါမည်၊ [(၅၇) ယောက်ဖြစ်မှ လာခဲ့တုန်းက (၇) ပါးနှင့် အရိဋ္ဌပါ ပေါင်း၍ (၆၂) ပါး ဖြစ်နိုင်သည်ဟူလို့]။

ဒသ ဘာတိကသမာကုလံ ရာဇကုလံ။ ။၁။ အဘယ
၂။ ဒေဝါနံပိယတိဿ
၃။ မဟာနာဂ
၄။ ဥတ္တိယ
၅။ မတ္တာဘယ
၆။ သူရတိဿ စသော ညီနောင်
တကျိပ်တို့နှင့် ရောပြွမ်းသော မင်းမျိုးဟူလို။

ဧတိယဂိရိမှိ ဝသိံသု။ ။ဝါဆိုလပြည့်နေ့၌ ဒေဝါနံပိယတိဿမင်းလှူအပ်သော ကျောင်းတို့ကိုပင် အလှူခံ၍ ဝါဆိုလပြည့်ကျော် တရက်နေ့၌ ဝါဆိုကြပါသည်။

ကတ္တိကပုဏ္ဏမာယံ။ ။တန်ဆောင်မုန်းလပြည့်နေ့၌ အနက်ပေးပ၊ မှန်ပါသည်။ မဟာမဟိန္ဒမထေရ်သည် ပုရိမဝါ ကပ်၍ ဝါကျွတ်ပြီးနောက် မဟာ ပဝါရဏာနေ့ဝယ် ပဝါရဏာ ပြုပြီးလျှင် ထိုပဝါရဏာ ပြု ပြီး နောက် တလကျော်လွန်၍ မိုး လေး လ အ ဆုံး တန်ဆောင်မုန်းလပြည့်နေ့ဟု အရိယာအပေါင်း ခြံရံလျက် မင်းနန်းတော်သို့ ကြွကာ ဆွမ်းဘုဉ်းပေးပြီး သည်၏အဆုံး၌ "မဟာရာဇာ ငါတို့သည် မြတ်စွာဘုရားကို မဖူးမြင်ရသည်မှာကြာပြီ" စသော စကားကိုဆိုပါသည်။

ဝဇိရဝါဒ။ ။ဝုတ္ထ ဝ သော ပဝါရေတွာ"၌ မိုး လေး လ အ ဆုံး တန်ဆောင်မုန်း၌ ပဝါရဏာပြု၍ဟု အနက်ပေးပါ။

တနည်း-ပထမ ပဝါရဏာနေ့၌ ပဝါရဏာပြုပြီးနောက် ထိုအရပ်၌ပင် တလနေပြီးမှ တန်ဆောင်မုန်းလပြည့်နေ့၌ မိန့်သည်ဟု ယူပါ။ အခြားသော အချင်းအရာအားဖြင့် အနက်ယူ၍ မဖြစ်နိုင်ပါ။ ဘာ့ကြောင့်နည်း- "ပုဏ္ဏမာယံ မဟာဝီရော" ဟု ဆိုသောကြောင့်တည်း။

ဝဇိရ၏ ရှေ့ဝါဒမသင့်။ ။"မိုးလေးလအဆုံး တန်ဆောင်မုန်း၌ ပဝါရဏာပြု၍" ဟူသော ဤအနက်သည် မသင့်ပါ၊ ဘာ့ကြောင့်နည်း-ပုရိမဝါကပ်သော ပုဂ္ဂိုလ်မျှားသည် မိုး လေး လ အ ဆုံး တန်ဆောင်မုန်း၌ ပဝါရဏာ ပြုနိုးမရှိကြသောကြောင့်တည်း။

စိရဒိဋ္ဌော သမ္မာသမ္ဗုဒ္ဓေါ။ ။မြတ်စွာဘုရား၏ ခန္ဓာကိုယ် အစိတ်အပိုင်းသည်လည်း သမ္မာသမ္ဗုဒ္ဓပင်ဖြစ်သောကြောင့် ဧကဒေသ။ ပစာရအားဖြင့် "စိရဒိဋ္ဌော သမ္မာသမ္ဗုဒ္ဓေါ"ကို မိန့်ပါသည်၊ "သမုဒ္ဒေါ မယာ ဒိဋ္ဌော" ကဲ့သို့တည်း။

အဘိဝါဒနံ။ ။ဆရာကိုမြင်၍ ရှိခိုးမှု ပြုခြင်းသည် အဘိဝါဒန မည်ပါသည်။ တနည်း-ဆရာနေရာ (နေသည့်) အရပ်ကို ရှေးရှု မျက်နှာမူ၍ ရှိခိုး၍သွားခြင်း, ရှိခိုး၍ရပ်ခြင်း, ရှိခိုး၍ထိုင်ခြင်း, ရှိခိုး၍ လျောင်းခြင်း (အိပ်ခြင်း) မျှားသည် "အဘိဝါဒန" မည်ပါသည်။

ပစ္စုဋ္ဌာနံ။ ။ဆရာကို အဝေးမှပင်မြင်၍ ရှေးရှုထ,ကာ ခရီးဦး ကြိုဆိုမှု ပြုခြင်းသည် "ပစ္စုဋ္ဌာန" မည်ပါသည်။

အဉ္ဇလိကမ္မံ။ ။ဆရာကိုမြင်၍ လက်အုပ်ချီကာ ဦးခေါင်းဌ ထားပြီးလျှင် ဆရာ့ကို ရှိခိုးခြင်း၊ ဆရာနေသောအရပ်သို့ ရှေးရှု မျက်နှာမူလျက် လက်အုပ်ချီကာ ရှိခိုးခြင်း၊ သွားသော်လည်းကောင်း၊ ရပ်သော်လည်းကောင်း၊ ထိုင်သော်လည်းကောင်း လက်အုပ်ချီလျက် ရှိခိုးခြင်းမျှားသည် "အဉ္ဇလိကမ္မ" မည်ပါသည်။

သာမီစိကရဏ။ ။လျှော်သောအမှုကို ပြုခြင်းသည် "သာမီစိကရဏ" မည်ပါသည်။ ခဲ့ပါဦးအံ့-သင်္ကန်း စသည်တို့တွင် သင်္ကန်းကို လှူသော် တော်စွ လျှော်စွ မလှူ၊ အဖိုးမျှားစွာတန်သော တရာတန် တထောင်တန် တသိန်းတန်ကိုသာ လှူရမည်၊ ဆွမ်း စသည်**လည်**းနည်းတူ၊ ဤသို့လှူခြင်းသည် "သာမီစိကရဏ" မည်ပါသည်။

သုမနေန သဒ္ဓိ' မန္တေဟိ။ ။စောစောကပင် သုမနသာမနေအား ပြောပြပြီးသောကြောင့်၊ တနည်း- "ဤသုမနသည် ငါတို့၏ အလိုကိုသိ၏" ဟု သိသောကြောင့် "သုမနေန သဒ္ဓိ'မန္တေဟိ" ဟု မိန့်ပါသည်။

အပ္ပေဝသုက္ကော တ္ဌံ မဟာရာဇ။ ။မဟာရာဇာ သင်သည် ဓာတ်တော်များ ရမှုဌ် လုံးလမပြုပါလင့်၊သင်သည် ဓာတ်တော်များ ရရှိမှုဌ် ကြောင့်ကြစိုက်သူ မဖြစ်ပါလင့်၊ သင်မင်းကြီးသည် အခြားပြုဖွယ်ကိစ္စကို ပြုပါမည်ဟု ဆိုလိုပါသည်။

ဝိထိယော သောဝေပေတ္ဝာ စသည်။ ။ဒေဝါနံပိယတိဿမင်း ပြုအပ်သော ပြုဖွယ်ကိစ္စကို ပြလိုရကား'ဝိထိ-ယော သောဝေပေတ္ဝာ' စသည်ကို မိန့်ပါသည်။

သမ္ဘဝဘာဒ္ဒဝါဝစရေ ဥပ္ပဇ္ဇာပေတွာ။ ။အာဘာတ, ဝိဘာတစသော တူရိယာ ဘဏ္ဍာအားလုံးကို 'ဘာဒ္ဒါဝစရ' ဟု ဆိုပါသည်။ သဟစရဏာ နည်းအားဖြင့် တူရိယာ ဘဏ္ဍာအားလုံးတို့ကို တီးသူများကိုလည်း ယူပါ။

ကိုံ ဘန္တေ သုမန အာဟိဏ္ဍသိ။ ။သုမန သင်သည် ရဟန်းတရားကို အားမထုတ်ပဲ အဘယ်ကြောင့် လှည့်လည်နေသနည်းဟု သိကြားမင်းက မေးပါသည်။

စေတိယဂိရိမ္ဟိ ယေဝ ပတိဋ္ဌာပေတွာ။ ။ နောင်အခါ ထိုစေတိယတောင်၌ ကျောင်းအကျိုးငှာ အလိုရှိအပ်သောကြောင့် စေတိယတောင်၌သာ တည်စေပါသည်။

ဝဇုမာနကစ္ဆာဝယာဝယ။ ။မွန်းလွဲအခါတည်း။ မှန်၏။ မွန်းလွဲမှသာ အရိပ်တိုးပွားပါသည်။

အဏသ ဘေဒဟောသိ။ ။ဓာတ်တော်ပန်းကလပ်ကို ဖူးမြင်သောကြောင့် "ဤဓာတ်တော်သည် မြတ်စွာဘုရား၏ ဓာတ်တော်အစစ် ဟုတ်လျှင် ထီးသည် ဖဲ၍ ညွှတ်ပါစေသတည်း" စသော အကြံဖြစ်ပါသည်။

ဆတ္တံ အပနယတု။ ။"ငါဆောင်းထားသော ဤ ထီးဖြူတော်သည် ငါ့ဦးခေါင်းတော်မှ ဓာတ်တော် ပန်းကလပ်သို့ ရှေးရှုလျက် ညွှတ်ပါစေသတည်း" ဟု အဓိဋ္ဌာန်ပါသည်။

မယှံ မတ္ထကေ ပတိဋ္ဌာတု။ ။"ဤဓာတ်တော် ပန်းကလပ်သည် အရှင်မဟာ-မဟိန္ဒထေရ်၏ လက်မှ ဓာတ်တော်နှင့်အတူ ကြွလာ၍ ငါ၏ ဦးခေါင်းရဘနာ မြတ်အင်္ဂါ၌ တည်ပါစေသတည်း" ဟု အဓိဋ္ဌာန်ပါသည်။

ပေါက္ခရဝဿံ။ ။ကြာဖတ်ပမာဏရှိသည်ဖြစ်၍ တိမ်တိုက်အလယ်၌ ပေါ်ထွက်လာသည်ဖြစ်၍ အားဥာဏ်အားငိုင်း ဖြန်းကာစိုလိုစေသူတို့ကိုသာ စိုစေလျက် အကြီးအကျယ်ရွာသော မိုးကည်း။

မဟာဝီရော။ ။ဓာတ်တော်တို့သည် မဟာဝီရဘုရားရှင်၏ အစိတ်အပိုင်းဖြစ်သောကြောင့် မြတ်စွာဘုရား၏အမည်ဖြင့် ဓာတ်တော်တို့ကို သာ ညွှန်ပြပါသည်။ မှန်ပါသည်။ ဓာတ်တော်များကြွလာခြင်းကို ရည်ရွယ်၍ ဤဂါထာကို ဆိုပါသည်။

ပစ္ဆိမဒ္ဒိသာဘိမုခေါ ဟုတ္ဝာ အပသက္ကန္တော။ ။နောက်ဆုတ် နောက်ဆုတ်အားဖြင့်သာ အနောက်အရပ်သို့ ရှေးရှုမျက်နှာမူလျက်သွားပါသည်။ ဤဆင်သည် အနောက်အရပ်ကို မကြည့်သော်လည်း အနောက်အရပ်ကို ရည်ရွယ်၍ သွားသောကြောင့် ''ပစ္ဆိမဒိသာဘိမုခေါ'' ဟု ဆိုပါသည်။

ပုရတ္ထိမေန ဒ္ဒါရေန နဂရံ ပဝိသိတ္ဝာ။ ။နောက်ဆုတ် နောက်ဆုတ်အားဖြင့် သာ လာ၍ တံခါးသို့ ရောက်သော် နောက်မဆုတ်ပဲ လှည့်လည်၍ ဖြောင့်ဖြောင့်သာလျှင် မြို့သို့ဝင်သည်ဟု သိပါ။

မဒဟဇဝတ္ထုနှာမ။ ။မဟေဇမည်သော ဘီလူးသည် သိမ်းပိုက်အပ်သော နတ်ကွန်းတခုတည်း။

ပရိဘောဂစေတိယဌာနံ။ ။ဘုရားရှင် သုံးဆောင်တော် မူအပ်ပြီးသော အဆောက်အဦတို့ကို ဌာပနာ၍ ပြုအပ်သော စေတီသည် ပရိဘောဂစေတီမည်ပါသည်။ မှန်၏။ စေတီသည် (၁) ပရိ-ဘောဂစေတီ (၂) ဓာတုစေတီ (၃) ဓမ္မစေတီ ဟု သုံးမျိုးရှိပါသည်။ ထို (၃) မျိုးတို့တွင် ဓာတုစေတီသည် ဓာတ်တော်တို့ကို ဌာပနာ၍ပြုအပ်သော စေတီတည်း။ ဓမ္မစေတီဟူသည် ပဋ္ဌိစ္စသမုပ္ပါဒ် စသည်ရေးထားသောစာအုပ်ကို ဌာပနာ၍ပြုအပ်သော စေတီတည်း။

တနည်း-၁။ သာရီရိကစေတီ

၂။ ပရိဘောဂိကစေတီ

၃။ ဥဒ္ဒိသကစေတီ ဟု (၃) မျိုးရှိ၏။ ဤနောက် (၃) မျိုး အပြားသည် ဆင်းတုတော်ကိုလည်း ဥဒ္ဒိသကစေတီဖြင့်ပင် သိမ်းယူအပ်သောကြောင့် ပေါ်ကောင်းပါသည်။

ပဋ္ဌရကေန။ ။ဘီလူးတို့၏ အာနုဘော်ကြောင့်ဖြစ်သော ရောဂါ တမျိုးတည်း။ ခဲ့ပါဦးအုံ-သိုအခါနှစ်ကာလ၌ ပုဏ္ဏကာဌ မည်သော ဘီလူးသည် မိမိ၏ အာနုဘော်ဖြင့် ခန္ဓာကိုယ်၌လည်း ပဋ္ဌရက မည်သော ရောဂါကို ဖြစ်စေပါသည်။

အဒ္ဓသာ ခေါ ကကုသန္ဓော ဘဂဝါ ဗုဒ္ဓစက္ခုနာ လောကံ ဩလောကေန္တော တေ သတ္တေ အနုယဗျသနမာပဇ္ဇန္တေ။ ။"ဗုဒ္ဓဇက္ခုနာ လောကံ ဩလော-
ကေန္တော" ဟု ဆိုပါသော်လည်း "တေ သတ္တေ အနုယဗျသနမာပဇ္ဇန္တေ"ဟု ဆိုသောကြောင့် ရှေးဦးစွာ ဗုဒ္ဓစက္ခုတော်ဖြင့် လောကကိုကြည့်တော်မူ၍ နောက်မှ သတ္တဝါတို့ ဉာဏ်တော်ဖြင့် လောကကို ကြည့်တော်မူလသော် ကြီးပွားမဲ့ပျက်စီးခြင်းသို့ ရောက်နေကြသော ထိုသတ္တဝါတို့ကို မြင်တော်မူ၍ဟု အဓိပ္ပာယ် ယူပါ။ မှန်ပါသည်။ အာသယာနုသယ စသော ဗုဒ္ဓစက္ခုတော်ဖြင့် ကြီးပွားမဲ့ပျက်စီးခြင်းသို့ရောက်နေသော ထိုသတ္တဝါတို့ကို မမြင်နိုင်ပါ။

ဒုဗ္ဗုဋ္ဌိကာ။ ။မည်မည္ဓတ်ရှာခြင်း စသည်တို့၏အစွမ်းဖြင့် မကောင်းသော မိုးရွာခြင်းသာ ဒုဗ္ဗုဋ္ဌိက မည်ပါသည်–

၁။ ကောက်စပါးဖြစ်ခြင်း၏ အကြောင်းဖြစ်ခြင်း၊

၂။ ကိုယ်ချမ်းသာဖွယ်ရာလျောက်ပတ်ခြင်း၊

၃။ သတ္တဝါတို့အား ကျေးဇူးမျှားခြင်းဟူသော ဤသုံးမျိုးနှင့် မပြည့်စုံသော မိုးရွာခြင်းသည် "ဒုဗ္ဗုဋ္ဌိက" မည်ပါသည်။

မဟာဝိဝါဒေါ ဟောတိ။ ။ထိုအခါကဇယန္တမဟာရာဇာနှင့် ၎င်း၏ညီတော် သမိဒ္ဓကုမာရ မည်သော အိမ်ရှေ့မင်းနှင့်တကွ ဤသီဟိုဠ်ကျွန်းခွဲ အကြီးအကျယ်စစ်တိုက်ကြပါသည်။ ထိုငြင်းခုံခြင်းကြောင့်ယာ၏ ဖြစ်ဆဲကာလကိုင်ခဲ့၍ "ဟောတ" ဟု ဝတ္ထုမာန်ဝိဘတ်ကိုဆိုပါသည်။ သို့သော် ငြင်းခုံခြင်း၏ အတီတကာလိက၏ အဖြစ်ကိုကား "တေန သမယေန" ဟူသော ပါဠိဖြင့်ပင် သိနိုင်ပါသည်။ မှန်ပါသည်။ သဒ္ဒန္တရိုက်ကို ထောက်ဆသောအားဖြင့် အတိတ်ကာလကိုသိနိုင်ပါသည်။ ဥပမာကား–"ဘာသတေ ဝမုတေ တဒါ" ကဲ့သို့တည်း။

ကလ္ယဟဝိဂ္ဂဟဇာတာ။ ။ဤခဏ်ခဏကလဟဟူသည်ဒေါသထွတ်အားထိပ်သို့ရောက်သော ကာယကလဟ ဝါစာကလဟတည်း။ ထိုတွင် ကာယကလဟဟူသည် လက်ဖြင့် သုံးသပ်ခြင်းစသည်တို့၏အစွမ်းဖြင့် ကိုယ်ဖြင့် ပြုအပ်သော ခိုက်ရန်ဖြစ်၍၊ ဝါစာကလဟဟူသည်ကား–နာလုံးကိုထိခိုက်ခြင်းစသည်တို့၏အစွမ်းဖြင့် နုတ်ဖြင့်ပြုအပ်သောခိုက်ရန်တည်း။ ငြင်းခုံခြင်း၏ ရှေ့အဖို့ဖြစ်သော အချင်းချင်း ဆန့်ကျင်ဘက် ယူခြင်းသည်ကား ဝိဂ္ဂဟ မည်၏။

တာနိ သာသနန္တရဓာနေန နသန္တိ။ ။ပရိယတ္တိ, ပဋိဝေဓ, ပဋိပတ္တိ ဟု ဆို အပ်သော သာသနာသုံးပုံ ကွယ်ခြင်းကြောင့် မာတုပရိနိဗ္ဗာန်စံလျှင် ထိုဓမ္မတီမျှား ကွယ်ပျောက်ကြပါမည်။ ထိုပရိနိဗ္ဗာန်သည်–

၁။ ကိလေသပရိနိဗ္ဗာန်-ဗောဓိပလ္လင်ခံ့ဖြစ်ခဲ့ပါသည်။
၂။ ခန္ဓပရိနိဗ္ဗာန်-ကုသိနာရုံခံ့ဖြစ်ခဲ့ပါသည်။
၃။ ဓာတုပရိနိဗ္ဗာန်-အနာဂတ်ခံ့ဖြစ်လိမ့်မည်။

ဓာတုပရိနိဗ္ဗာန်။ ။သာသနာ ဆုတ်ယုတ်သောအခါ၌ ဤ သီဟိုဠ်ကျွန်းခံ့ ဓာတ်တော်များ စုဝေးပြီးလျှင် မဟာစေတီသို့ ရောက်ကြပါလိမ့်မည်။ မဟာဌေးတီမှ နာဂကျွန်း ရာဇာယတန စေတီသို့ ရောက်ကြပါလိမ့်မည်။ ထိုရာဇာယတနစေတီမှ မဟာဗောဓိပလ္လင်သို့ ရောက်ကြပါလိမ့်မည်။ နဂါးပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်တို့မှ ဓာတ်တော်များသည်လည်း မဟာဗောဓိပလ္လင်သို့သာ ရောက်ကြပါလိမ့်မည်။ မုန်ညင်းစေ့လောက်သော ဓာတ်တော်သည်လည်း အကြား(ဤဓာတုပရိနိဗ္ဗာန်မစံခင်)ကာလ၌မပျောက်မပျက်ခဲ့ပါ။ ဓာတ်တော်များအားလုံးသည် မဟာဗောဓိပလ္လင်ခံ့ ဒေါ်စုဖြစ်၍ ရွှေတိုးကဲ့သို့ တခဲနက်ဖြစ်ကာ ရောင်ခြည်တော် (၆) သွယ်တို့ကို လွှတ်ကြပါလိမ့်မည်။

ထို(၆)သွယ်သော အရောင်တော်တို့သည် လောကဓာတ်တစ်သောင်းကို ဖြန့်ကြပါလိမ့်မည်၊ ထိုသို့ ဖြန့်ခြင်းကြောင့် စကြာဝဠာ တစ်သောင်းခံ့ နတ်များစုဝေး၍ "ယနေ့ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံ၏။ ယနေ့ သာသနာ ကွယ်၏။ ဤ ဖူးမြင်ရခြင်းသည် ငါတို့၏ နောက်ဆုံး ဖူးမြော်ရခြင်းတည်း" ဟု မြတ်စွာဘုရား ခန္ဓပရိနိဗ္ဗာန်စံရာ နေ့ထက်ပိုလွန်၍ ဝမ်းနည်း ငိုကြွေးမှုပြုကြလိမ့်မည်။ အနာဂါမဲ ရဟန္တာပုဂ္ဂိုလ်ဘို့မှတပါး ကြွင်းသော ပုဂ္ဂိုလ်များသည် မမေ့သောဘောဖြင့် တည်ခြင်းငှာ မစွမ်းနိုင်ကုန်လတ္တံ့။ ဓာတ်တော်တော်လောက် ကြီးကျယ်သော အာနုဘော်ကို ပြုလျက် ဓာတ်တော်ကွယ်ပျောက်သော် သာသနာ ကွယ်သည်မည်ပါသည်။

ဒီဝါ ဗောဓိကျွန်ခဲ့ရာနေ ဟတ္ထိသာလာယံ ဘိဒ္ဒတိ။ ။နေ့အခါ၌ တည်ရာမြေခုံကို ပြုလျက် ထိုမြေခုံမှ ဓာတ်တော်ကို ယူ၍ (ဆင်၏) ဦးဂဏ်းခံ့ သားကာ ဓာတ်တော်ရှိသည်ဖြစ်၍ တည်ပါသည်။

ထူပပတိဋ္ဌာနဘူမိ ပရိယာယတိ။ ။ဆင်၏ဦးကင်းမှ ဓာတ်တော်ကို ထိုပြီးပြီးသော မြေခုံ၌ တည်စေ၍ ဓာတ်တော်ရှိသော ပုထိုးတည်ရာအရပ်ကို ညွှန်အဖို့၌ လှည့်ပတ်ပါသည်။

ဇယံပဟမာဏံ၊ ။ပန်းတင်ထားရာအရပ်။ မုန်ပါသည်။ ပုထိုးဘော်ဝမ်းမှ အောက်အရပ်ကို ပုထိုး၏ "ဇယ်" ဟု ဆိုပါသည်။

သကလနဂရဒ္ဓ ဇနပဒေါစ။ ။နဂရသဒ္ဒါဖြင့် မြို့သူ မြို့သား တို့ကို လည်းကောင်း၊ ဇနပဒသဒ္ဒါဖြင့် နယ်သူ နယ်သားတို့ကိုလည်းကောင်း၊ အဘေဒူပစာရအားဖြင့်ယူရပါမည်၊ "သဗ္ဗောဂါမော အာဂတော၊ မဗ္ဗာ ဥက္ကုဋ္ဌိ ကရောန္တိ" စသည်တို့၌ ကဲ့သို့တည်း။

ယမကပါဋိဟာရိယံ။ ။ဓာတ်တော်တခုခုမှ မီး, ရေထွက်ခြင်း စသည်တို့၏ အဖွဲ့မ်ားဖြင့် အစုံစုံဖြစ်သော တန်ခိုးပြာ ဋီဟာသည် "ယမကပါဋိဟာရိယာ"မည်၏။

ဓရမာနကဝ်လေပိ တိက္ခတ္တုံ အဂမာသိ။ ။မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးနောက် ကိုးလမြောက် ပြာသိုလ်လပြည့်နေ့၌ သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ မဟာသုဓန နတ်မင်း တောင်းပန်ချက်အရ ဦးခေါင်းတော်ကို သုံးသပ်၍ လက်ဆုပ်အဘိုင်းအရှည် ပမာဏရှိသော ညိုသောအညစ်အကြေးမရှိသော ညိုသောဆံပင်ဓာတ်တော်တို့ကို ထိုမဟာသုမန နံတ်မင်းအား ပေးတော်မူခဲ့ပါသည်။

ဒုတိယအကြိမ်။ ။ဘုရားဖြစ်တော်မူပြီးနောက် (၅) နှစ်မြောက်နှစ်၏ တန်ခူးလကွယ်နေ့၌ ထီးတော်မိုး သမိဒ္ဓသုမနမည်သော ရုက္ခစိုးနတ်နှင့်အတူ ကြွတော်မူခါ ပလ္လင်နှင့် လင်းလွန်ပင်ကို သီဟိုဠ်ကျွန်း၌ တည်စေတော်မူ၍ ဇမ္ဗူဒီပ်သို့ ကြွတော်မူခဲ့ပါသည်။

တတိယအကြိမ်။ ။ဘုရား ဖြစ်ပြီးနောက် ရှစ်နှစ်မြောက်နှစ်၏ ကဆုန်လပြည့်နေ့၌ ရဟန်း (၅၀၀) ခြံရံလျက် ကြွတော်မူ၍ သုမနတောင်ထိပ်၌ ခြေတော်ချတော်မူပြီးလျှင် တောင်ခြေမှာ နေ့သန့်စင်နေတော်မူခါ ဒီဃဝါပိစေတီ, မုတိယဂင်္ဂာစေတီ, ကလျာဏီစေတီ, မဟာ-ဗောဓိ, ထူပါရုံ, မဟာစေတီဌာနတို့၌ သာဝကများနှင့်အတူတကွ နိရောဓ

သမာပတ် ဝင်စားတော်ပြီးနောက် သီလာစေတီဌာနဋ္ဌပင် တည်တော်မူခါ နတ်နဂါးဘို့ကို ဆုံးမတော်မူပြီးလျှင် ဇမ္မူဒီပ်သို့ ပြန်ကြွတော်မူပါသည်။

ရက္ခံ ကရောန္တော။ ။ဘီလူးများ နောက်ထပ်တဖန် မဝင်ရန် အစောင့်အရှောက်ကို ပြုပါသည်။

မာတုလဘာဂိနေယျာနံ။ ။စူဠောဒရနှင့် မဟောဒရ ဖြစ်ပါသည်။

ကေကောာ အာဂန္ဓာ။ ။မြတ်စွာဘုရားသည် သမိဒ္ဓသုမနမည်သောရက္ခစိုး နတ်သားနှင့်အတူ ကြွလာပါသော်လည်း ဝန်ဆာ-သမဏာဖြစ်သော ရဟန်းနှင့်သော်မှအတူကြွမလာသောကြောင့် "ကေကောာ ဝ အာဂန္ဓာ" ဟု ဆိုပါသည်။

ပရိဋ္ဌာဟံ ဝူပသမေတွာ။ ။ထိုပူလောင်မှုအားလျော်သော ဘေးရန်ကိုပယ်သတ် တတ်သောကြောင့် "ပရိဋ္ဌာဟံ ဝူပသ-မေတွာ" ဟု ဆိုပါသည်။

အနုဋ္ဌာဒေဝီ ဟူသည်။ ။ဒေဝါနံပိယတိဿ မင်း၏ နောင်တော်ကြီး၏ မယားတည်း။

ပုရိမကာနံ တိဏ္ဏံ သမ္မာသမ္ဗုဒ္ဓါနံ ဗောဓိ ပတိဋ္ဌာသိ။ ။ကကုသန် မြတ်စွာဘုရားသည် သီဟိုဠ်ကျွန်းဠ် ပုလိပ်ရောဂါဖြစ်၍ ပျက်စီးနေကြသောလူများကိုမြင်၍ သနားသဖြင့် ဂျာသီဟိုဠ်ကျွန်းသို့ ကြွလာ၍ ထိုအချိန်ဠ်ဖြင်နေသော ထိုပလိပ်ရောဂါကို ငြိမ်းပျောက်စေ၍ လူအများအား တရားဟောတော်မူလ သော် ရှစ်သောင်းလေးထောင်သော ပရိသတ်များ တရားထူးရကြပါသည်။ ထိုမှနောက် ညနေချမ်း အခါ၌ ဗောဓိပင်တည်မည့်အရပ်သို့ကြွကာ ထိုအရပ်၌ သမာပတ်ဝင်စား၊ ၎င်းနောက် သမာပတ်မှထ,ကာ "ငါဘုရား၏ ကုက္ကုဋဗောဓိမှ ဒက္ခိဏ-မဟာသာခါကိုယူ၍ ရုစိနန္ဒာမည်သော ဘိက္ခုနီမသည် ဤဒေရပ်သို့ လာစေသတည်း" ဟု အင်ဌာန်ပါသည်။ ရုဝိနန္ဒာဘိက္ခုနီသည် ဘုရားရှင်၏စိတ်တော်ကို သိ၍ ထိုခဏ၌ပင် ခေမဝတီမင်းနေပြည်မှ ခေမမင်းကိုခေါ်ကာ မဟာဗောဓိပင်သို့ ကပ်ရောက်၍ ဒက္ခိဏမဟာသာခါ၌ ဆေး ဒါန်း မြင်း သီလာအရေးကို ခေမမင်းအားတားစေ၍ အလိုလိုပြုတ်ပြီးလျှင် ရှေ့ဖျဉ်းအိုးဠ်တည်သော ဗောဓိသာခါကို ယူလျက် ဘိက္ခုနီ (၅၀၀) နတ်များစွာ ခြံရံပြီးလျှင် တန်ခိုးဖြင့် ဆောင်၍ မြတ်စွာဘုရား ဖြန့်ထားသော လှည်းယာ လက်တော်ဠ

ရွှေဖျဉ်းအိုးနှင့်တကွ မဟာဗောဓိ ပင်ကိုတည်စေပါသည်။ မြတ်စွာဘုရား သည် ထိုမဟာဗောဓိပင်ကို အာဘယမည်သောမင်းကို ပေး၍ ထိုအချိန်အခါ တုန်းက မဟာတိတ္ထဝနဟု ထင်ရှားခဲ့သော မဟာမေဃဝန် ဥယျာဉ်၌ တည် စေတော် မူပါသည်။

ကောဏာဂမန မည်တော်မူသော မြတ်စွာဘုရားသည်လည်း မကောင်း သော မိုး၏ဒဏ်ကို ခံနေရသော ကျွန်းသူ ကျွန်းသားအပေါင်းကို မြင် တော်မူ၍ ဤကျွန်းသို့ ကြွလာကာ ၎င်းဘေးကို ပယ်ဖျောက်ပြီးလျှင် တရား ဟောတော်မူလျက် ရှစ်သောင်းလေးထောင်သော ပရိသတ်များကို မဂ်ဖိုလ် ဥာဏ်တည်စေကာ အရှေ့ဗောဓိပင်တည်ရာ အရပ်သို့ ကြွတော်မူ၍ သမာပတ် ဝင်စားပြီးသည်၏အဆုံး၌ "ငါ၏ ရေသဖန်း မဟာဗောဓိပင်မှ ဒက္ခိဏ မဟာသာခါကို ယူ၍ ကရဏနတ္တာ ဘိက္ခုနီမသည် ဤအရပ်သို့ လာစေ သတည်း" ဟု အဓိဋ္ဌာန်ပါသည်။ ထိုဘိက္ခုနီမသည် ဘုရားအလိုတော်ကို သိ၍ ထိုခဏ၌ပင် သောဘမင်းကိုခေါ်ကာ မဟာဗောဓိပင်သို့ ကပ်ရောက် ၍ သောဘမင်းကို ဆေးဒါန်းမြင်း သီလာဖြင့် တားစေ၍ အလိုလိုပြုတ်ကာ ရွှေဖျဉ်းအိုး၌တည်လာသော မဟာဗောဓိသာခါကို ယူပြီးလျှင် ဘိက္ခုနီမ (၅၀၀) နှင့်အတူ နတ်အပေါင်း ခြံရံလျက် တန်ခိုးဖြင့်ဆောင်ကာ ဖြန့် ထားတော်မူသော မြတ်စွာဘုရား၏ လက်ယာ လက်အပြင်တော်၌ ရွှေဖျဉ်း အိုးနှင့်တကွ မဟာဗောဓိပင်ကို တည်စေပါသည်။

ကဿပ မြတ်စွာဘုရားသည်လည်း ၎င်း, ညီတော်, နောင်တော်တို့၏ စစ်ပွဲကြောင့် သတ္တဝါများ ပျက်စီးမှုကိုမြင်ကာ ဤကျွန်းသို့ ကြွလာ၍ စစ် ပွဲကို ငြိမ်းစေတော်မူပြီးလျှင် တရား ဟော တော်မူလျက် သတ္တဝါ ပေါင်း ရှစ်သောင်းလေးထောင်ကို မဂ်ဖိုလ် ရစေ၍ မဟာဗောဓိပင်အရပ် သို့ကြွလာကာ သမာပတ် ဝင်စားတော်မူပြီးနောက် ထတော်မူကာ "ငါ၏ ပညောင်ပင် မဟာဗော ဓိမှ ဒက္ခိဏမဟာသာခါကို ယူ၍ သုဓမ္မာဘိက္ခုနီ သည် ဤအရပ်သို့ လာစေသတည်း" ဟု အဓိဋ္ဌာန်တော်မူလသော် သုဓမ္မာ ဘိက္ခုနီသီကာ ဗြဟ္မဒတ္တမင်းကို ဆေးဒါန်းမြင်း သီလာအရေး တားစေ ပြီးလျှင် အလိုလိုပြုတ်ကာ ရွှေဖျဉ်းအိုး၌ဖြည်းသော မဟာဗောဓိ သာခါကို ယူ၍ ဘိက္ခုနီ (၅၀၀) နတ်များစွာ ခြံရံကာ တန်ခိုးဖြင့်ဆောင်၍ ဘုရား ရှင် ဖြန့်ထားတော်မူသော လက်အပြင်ဘက်ပေါ်၌ ရွှေဖျဉ် အိုးနှင့်တကွ မဟာဗောဓိသာခါကို တည်စေပါသည်။ မြတ်စွာဘုရားသည် ထိုမဟာဗောဓိ ပင်ကို ဇယန္တမင်းအား ပေးတော်မူ၍ မဟာမေဃဝန် ဥယျာဉ်၌ တည် စေတော်မူပါသည်။

သရသရံသိဇာလဝိသဇ္ဇနကေန။ ။စိုစိုဖတ်ဖတ် စေးကပ်သည်၏ အဖြစ်ကြောင့် သြဇာရှိသော အသစ်ဖြစ်သော ရောင်ခြည်တော် ကွန်ရက်ကို လွှတ်တော်မူတတ်သော၊ တနည်း-ဤမှ ထိုမှ လည်း ပြေးသွားတတ်သည်၏ အဖြစ်ကြောင့် သရသမည်သော ရောင်ခြည်တော်ကွန်ရက်ကို လွှတ်တော်မူတတ်သော။ တနည်း-သက်တော် ထင်ရှားရှိတော်မူစဉ်အခါ၌ ဘုရားကဲ့သို့ ရောင်ခြည်တော်ကွန်ရက်ကို လွှတ်တော်မူတတ်သော။

ပဠုဟိ ကညာသတေဟိ။ ။မိဒိ (အနုဠာဒေဝီ) အားပြုစု လုပ်ကျွေးသော အမျိုးသမီး (၅၀၀)။

ဝေဠု အဝေါ၀ိ။ ။မင်း၏ သဝဏ်လွှာကို ဆက်သ,ပြီးနောက် ထေရ်၏ နှုတ်မှာစကားကို သိစေလို၍ ဤသို့လျှောက်ပါသည်။

ပဗ္ဗဇ္ဇာပုရကွာရာ။ ။ရှင်ရဟန်း၏အဖြစ်သို့ ရှေးရှုသည်ဟု အနက်မှတ်ပါ။ ရှင်ရဟန်းဖြစ်ခြင်းငှာ လွန်စွာ လိုလားသည်ဖြင့်၍ "အဘယ်အခါ၌ ရှင်ရဟန်းပြုရလိမ့်မည်နည်း"ဟု ထို ရှင်ရဟန်းပြုခြင်း၌ ကြောင့်ကြစိုက်သူဟု ဆိုလိုသည်။

အသတ္ထယာတာရဟံ။ ။ခေါ်ဖြင့် ဖြတ်ခြင်းကို မထိုက်သောကြောင့် "အသတ္ထယာတာရဟံ" မည်ပါသည်။

ဟိမ၀လာဟကဂဗ္ဘံ။ ။ဆီးနှင်းပြည့်သော တိမ်တိုက်တည်း။ တနည်း-တန်ခိုးပြာဋိဟာ၏ အစွမ်းကြောင့်ဖြစ်သော ဆီးနှင်းကိုပင် "၀လာဟကဂဗ္ဘ"ဟုလည်း ဆိုကြသေး၏။

ဒေါ၀ိ၀မဗ္ဘာ။ ။မဂဓတိုင်းဖြစ် လယ်တောင်းဖြင့် (၁၆) စလယ်တောင်း ပမာဏရှိသည်။

မဂ္ဂံ ပဠိဇဂ္ဂါ၊ တွာ။ ။(၇) ယူဇနာရှည်သောလမ်းကို ဝုတ်, ဆူး စသည်တို့ကို ဖယ်ရှား၍ ထိုလမ်း၌ ထူထဲပြန့်ပြောသော သဲကို ကြဲဖြန့်စေ၍ဟု ဆိုလိုသည်။

ကမ္မာရ၀ဏ္ဏံ။ ။ဒေ၀ါနံပိယတိဿမင်း၏ ရိုးရိုးရှေ့ပန်းထိမ်သည် ပုံစံမျိုးဖြစ်သည်။

အနေကာလက်ာရပဠိမဏ္ဍိတံ။ ။ကြည်ညိုသော လူတို့သည် ပူဇော်အပ်သော လက်ကောက်စသော အမျိုးမျိုးသော တန်ဆာတို့ဖြင့် စီမံအပ်သော။

အဝဝေသသံ အဒဿနံ အဂမာသိ။ ။"မဟာရာဇာ ယခုအခါ၌ သင်သည် ဤအခက်ကို ယူသင့်၏၊ ထိုအခက်၏ မီးရှာ ဤပင်စည်ကို ယူသင့်၏၊ ငါတို့ကား သင်မယူသင့်"ဟု ပြောသကဲ့သို့ ကြွင်းသောအခက်တို့သည် မြတ်စွာဘုရား၏ တန်ခိုးကြောင့် မမြင်ခြင်းသို့ ရောက်ကြပါသည်။

စေသုဂ္ဂေ ပ သတသဟဿာနိ။ ။ထိုထိုလူတို့၏ ဦးခေါင်းအပေါ်၌ ရုစ်ဝဲ ကုန်သော အပေါ်ခြုံအဝတ်တို့၏ မြှောက်ခြင်းအသိန်းတို့တည်း။

မူလသတေန။ ။အခရေးဆယ်ခုတို့တွင် တခုခုသော အရေးမှ ဆယ်ခုဖြစ်၍ ထွက်သော အမြစ်တစ်ရာဖြင့်ဟု မှတ်ပါ။

ဒေဝဒုန္ဒုဘိယော ဖလိ'သု။ ။ဒေဝဒုန္ဒုဘိအရ တစုံတခုသောစည်ကို မယူရပါ။ အမုန်အားဖြင့် အထူးအဆန်း ကျရောက်ခြင်း၏ အစွမ်းဖြင့် ကောင်းကင်၌ဖြစ်သော ကြွေးကြော်သံကို ယူရပါမည်။ မှန်ပါသည်။ ဒေဝသဒ္ဒါသည် မေဃ (မိုးယံ) အနက်ကို ဟောပါသည်။ ခ၍ပါဦးအုံ-မမှန်မမှီင်းပဲ ကြည်လင်နေသည့်အတွက် ကောင်းကင်အဆင်းရှိသော မိုးရွာခြင်းမရှိသောကြောင့် အခြောက်တိုက် ချုန်းခြင်းဟု အသိအမှတ်ပြုအပ်သော ထွက်လာသောအသံကို "ဒေဝဒုန္ဒုဘိ" ဟု ခေါ်သည်။ ထို့ကြောင့် "ဒေဝဒုန္ဒုဘိယော ဖလိ'သု"၌ မိုးသည် အခြောက်တိုက် ထစ်ချုန်းပြီဟု ဆိုလိုသည်။

ပဗ္ဗတာနံ နစ္စေဟိ။ ။မြေတုန်လှုပ်ခြင်းကြောင့် ထိုထို၌၌ ယိမ်းထိုးကြကုန်သော တောင်တို့၏ က, ဟန်တို့ဖြင့်။

ယက္ခာနံ ဟိက်'ာရေဟိ။ ။အုံ့သြကြသော ဘီလူးဘို့၏ အုံ့သြမှုကို ထင်ရှားပြခြင်း၏ အစွမ်းဖြင့်ဖြစ်သော ဟိ'ဟိ' ဟူသော အသံဟိုဖြင့်၊ မှန်၏။ အုံ့သြမှုဖြစ်သော ဘီလူးတို့သည် "ဟိ'ဟိ'"ဟူသော အသံကို မြည်တမ်းကြပါသည်။

ဗြဟ္မာနံ အပ္ပောဒ္ဓနေဟိ။ ။ပီတိသောမနဿဖြစ်ကြသော ဗြဟ္မာ တို့ ၏ လက်မောင်းကို ပုတ်ခတ်ခြင်းဟု ဆိုအပ်သော လက်ပန်းပေါက်ခက်ခြင်းတို့ဖြင့်၊ မှန်၏။ ပီတိသောမနဿ ဖြစ် ကြ သော ဗြဟ္မာတို့သည် လက်ဝဲလက်ကို ကွေးမ်ု လက်ယာလက်ဖြင့် လက်မောင်း၌ ပုတ်ခတ်မှု ပေးကြပါသည်။ (လက်ပန်းပေါက်ခတ်ကြသည်)

သကလစက္ကဝါဋံ ရတနဂေါပါနသီဝိနဒ္ဓံ ဝိသ ကုရုမာနာ။ ။ခက်မ ငါးဖြာ ရှိသော အသီးတို့မှ ထွက်သော အဆင်း (၆) ပါးရှိသော ရောင်ခြည်တော်တို့သည် ဖြောင့်ဖြောင့် အပေါ်သို့တက်၍ အောက်သို့ညွှတ်ကာ စက္ကြာဝဋ္ဋာဂေတာင် နှုတ်ခမ်းကိုထိ၍ တည့်ကြပါသည်။ ထို့ကြောင့် ''သကလစက္ကဝါဋံ၊ ပ၊ ကုရုမာနာ''ဟု မိန့်ပါသည်။

ဟိမဝလာဟကဂဗ္ဘံ ပဝိသိတ္ဝာ အဋ္ဌာသိ။ ။ရွှေဖျဉ်းအိုးနှင့် အတူပင် အပေါ်သို့တက်၍ဆီးနှင်းရေတို့ဖြင့် ပြည့်သော တိမ်တိုက်သို့ဝင်၍ တည်ပါသည်။ ၄နှစ်။ ရှေးဦးစွာ ရွှေဖျဉ်းအိုးခွံ ဗောဓိပင် တည်ပါသည်။ နောက်မှ ဆိုအပ်ပြီးသော အပြားရှိသော အုံသြဖွယ်တို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍ ဆီးနှင်းပြည့်သော တိမ်တိုက်သို့ ဝင်၍ တည်ပါသည်။

မဟာဝင်ခွင်ကား– အဓိဋ္ဌာန်ခွင်လည်း ရှေးဦးစွာ ရွှေဖျဉ်းအိုးခွံ တည်ခြင်း, နောက်မှ ရောင်ခြည်တော်လွှတ်ခြင်း, ကောင်းကင်သို့ ပျံတက်၍ ဆီးနှင်းတိုက်သို့ ဝင်ခြင်းဟု ဆိုပါသည်။

ဗောဓိဝင်ခွင်သည်း ဗဟာဝင်အတိုင်းပင် အစဉ်ပြု၏။ ထို့ကြောင့် အဋ္ဌကထာ၌ ဆိုအပ်သောအစဉ်ကို ရှေ့နောက် မဆန့်ကျင်အောင် စဉ်းစားယူပါ။ အဓိဋ္ဌာန်ခန်းနှင့် ဤနေရာကိုတွဲ၍ ကြည့်မှ သဘောပေါက်ပါမည်။

ဟိမဋ္ဌိ ဆဗ္ဗဏ္ဏရံသိယော ဝ အာဝဝတ္တိတ္ဝာ မဟာဗောဓိမေဝ ပဝိသိ ံသု။ ။ မဟာဗောဓိပင်ကို ဖုံလွှမ်း၍ တည်ခဲသော ဆီးနှင်းသည်လည်းကောင်း၊ ဗောဓိပင်မှထွက်သော ရောင်ခြည်တော် (၆) ပါးတို့သည် လည်းကောင်း ပြန်လည်၍ လက်ယာရစ်ကာ ဗောဓိပင်သို့သာ ဝင်ကြပါသည်။ ဗောဓိပင်သို့ ဝင်သကဲ့သို့ဖြစ်၍ ကွယ်ပျောက်သည်ဟု ဆိုလိုပါသည်။ [ဤနေရာ၌ 'ဟိမဋ္ဌ ရံသိ–ယောစ'' ဟူသော ဤပါဠိကိုသာ အကြိမ်တစ်ရာ သုတ်သင်ပြီးဟု အသိအမှတ်ပြုအပ်သော ရှေးဟောင်းကျမ်းတို့၌ လည်းကောင်း ကြွင်းကျမ်းအားလုံးတို့၌ လည်းကောင်း တွေ့မြင်ရပါသည်။]

အဘိသေကံ ဒတ္ဝာ။ ။အနောဟတ္တရေဖြင့် အဘိသိက်ပေး၍။

မဟာဗောဓိဌာနေယေဝ အဋ္ဌာသိ။ ။ဗောဓိပင်၏ အနီးခွင်သာ နေပါသည်။

ကာဠပက္ခဿ ဥပေါသထဒိဝေသေ။ ။စာတုဒ္ဒသီဥပုသ် ဖြစ်သောကြောင့် သတ္တာဟ(၂) ခု ဖြစ်သော် ဥပုသ်သို့ရောက်သည်။ ထို့ကြောင့် "ကာဠပက္ခဿ ဥပေါသထဒိဝသေ" ဟုဆိုပါသည်။ သီတင်းကျွတ်လကွယ် စာတုဒ္ဒသီဥပုသ် နေ့တည်း။

ပါစီနမဟာသာလမူလေ ဌပေသိ။ ။မြို့၏ အရှေ့အရပ်တို့၌ ပေါက်သော အင်ကြင်းပင်ကြီး၏အောက်၌ မဏ္ဍပ်ကို ဆောက်လုပ်စေ၍ ထိုမဏ္ဍပ်၌ ထားပါသည်။

သတ္တရသမေ ဒိဝေ ခသ။ ။အဆွက်ဘရက်နေ့မှ ဒုတိယနေ့၌ (တန်ဆောင်မုန်းလဆုတ် (၂) ရက်နေ့တည်း။)

ကတ္တိကဆဏပူဇံ အဒ္ဒသ။ ။ကတ္တိကနက္ခတ်ပွဲသဘင်၏အစွမ်းဖြင့် ဗောဓိပင်အား ပြုအပ်သော ပူဇော်မှုကို သုမနသာမကော မြင်ပါသည်။

ဒေဝတာကုလာနိ စသည်။ ။၁။ ဒေဝတာကုလာနိ-မဟာဗောဓိပင်ကို ခြံရံ၍ တည်သော နဂါး၊ ဘီလူးစသော နတ်အမျိုးများကိုလည်းကောင်း၊

၂။ အမစ္စကုလာနိ-ဗောဓိပင်အတွက် ပြုဖွယ်ကိစ္စများကို စီမံမည့် အမတ်မျိုးများကို လည်းကောင်း၊

၃။ ဗြာဟ္မဏကုလာနိ-လောကဂ ကောင်းစွာ အသိအမှတ် ပြုအပ်သောကြောင့် ရေလောင်းခြင်းအကျိုးငှာ ပုဏ္ဏားမျိုးတို့ကို လည်းကောင်း၊

၄။ ကုဋုမ्बိယကုလာနိ-ဗောဓိပင်အား ပြုအပ်သော ပူဇော်ခြင်းအဆောက်အဦများကို စောင့်ရှောက်ခြင်း အကျိုးငှာ သူကြွယ်မျိုးကိုလည်းကောင်း၊

၅။ ဂေါပကကုလာနိ-ဗောဓိပင်ကို ရေလောင်းခြင်း အကျိုးငှာ ဂေါပကမျိုးတို့ကို လည်းကောင်း၊

၆။ တရစ္ဆကုလာနိ-နှို့ထွက်သော နွားမတို့ကို စောင့်ရှောက်ခြင်းအကျိုးငှာ လက်သမား အမျိုးတို့ကိုလည်းကောင်း ပေးပါသည်။

ဣဒမသ္မ တတိယံ။ ။ရှေဖျဉ်းအိုးခ္ဍတည်သော မဟာဗောဓိပင်အား မင်း၏ ဥစ္စာ အခွန် ဘဏ္ဍာ သြဇာအာဏာဖြင့် ပေးလှူပူဇော်ခြင်းကို ရည်ရွယ်၍ဆိုပါသည်။ ဤပေးလှူပူဇော်မှု ရေးခ္ဍ အသောကမင်းသည်ဇာတြိမ် သဒ္ဓါဘရားဖြင့် အလုံးစုံသောဇမ္ဗူဒိပ်ခ္ဍဖြစ်သော မင်း၏ ဥစ္စာ အခွန် ဘဏ္ဍာ သြဇာအာဏာဖြင့် မဟာဗောဓိပင်ကို ပူဇော်ပါသည်။ ထို့ကြောင့် ထိုတကြိမ်နှင့်ပေါင်းလျှင် ဤလှူခြင်းသည် လေးကြိမ်မြောက်ဖြစ်ပါသည်။ မဟာဗောဓိပင်ကို မင်း၏ ဥစ္စာ အခွန် ဘဏ္ဍာ သြဇာအာဏာဖြင့် လှူရာနေ့ခ္ဍ အလုံးစုံသော ဇမ္ဗူဒိပ်ခ္ဍဖြစ်သော အခွန်တို့ကိုယူ၍ မဟာဗောဓိပင်ကို ပူဇော်မှုပြုစေပါသည်။

ပဋမပါဋိပဒဒိဝသေ။ ။နတ်တော်လဆန်းတရက်နေ့တည်း။ မှန်၏။ လဆုတ် (၁) ရက်နေ့ကိုထောက်၍ "ပဋမပါဋိပဒဒိဝသေ" ဟု ဆိုပါသည်။ ဤ "ပဋမပါဋိပဒဒိဝသေ" ပုဒ်ကိုလည်း သီဟိုဠ်ကျွန်းခ္ဍဖြစ်သော ဒေဝါဟာရကိုယူ၍ ဆိုထားသည်။ ဇမ္ဗူဒိပ်ခ္ဍကား လပြည့်နေ့မှစ၍ နောက်လပြည့်နေ့အထိ တလဟုခေါ်သောကြောင့် ထိုဇမ္ဗူဒိပ်ခ္ဍ ဖြစ်သော ဒေဝါဟာရဖြင့် ဒုတိယပါဋိပဒဒိဝသေ ဟု ဆိုရာ၏။ မှန်ပါသည်။ ထိုဇမ္ဗူဒိပ်ခ္ဍ လဆုတ် (၁) ရက်နေ့ကို "ပဋမပါဋိပဒ" ဟု ဆိုပါသည်။

ဥက္ခိပိတ္ခဲ့။ ၊အင်ကြင်းပင်ကြီး၏အရင်းခ္ဍ ပေးထားသောဇာတ်နှင့် ပြည့်စုံသူ အမျိုး (၁၆) ယောက်တို့နှင့်အတူ မြောက်ချီပါသည်။

ဂစ္ဆတိ ဝတရေ။ ။"ညြော်-သွားရှာပေါ့တကား" ဟု ဘာသာ ဋီကာခ္ဍ အနက် ပြန်တော်မူ၏။ အဋ္ဌကထာလာ "ကန္ဒိတ္ထာ" ပါဌ်ကို သောက်၍ ဋီကာဆရာဖွင့်သော "အရေဟိခေဒေ" နှင့်အညီ အနက်ပြန်တော်မူခြင်းတည်း။

နာဂကုလာနိ သန္ဓာသေသိ။ ။မဟာဗောဓိပင်ကို လုယူခြင်းငှာ လာကြသော နဂါးတို့ကို ထိတ်လန့်စေပါသည်၊ ထိုနဂါးတို့ကို ခြောက်ထုတ်လိုက်သည်။ ခဲ့ပါဦးအုံ-ထိုအခါခ္ဍ မဟာသမုဒ္ဒရာခ္ဍ နေကုန်သော နဂါးတို့သည် မဟာဗောဓိပင်ကို လုယူခြင်းငှာ လေကြီး, မိုးကြီး, အမိုက်မှောင်ကြီး စသည်ဖြင့် အကြီးအကျယ် ဖောက်ဖျောက်ပြန်ပြန်

ခြိမ်းခြောက်ကြပါသည်။ ထို့ကြောင့် သံဃမိတ္တာထေရီသည် ဂဠုန်အသွင် ဖန်ဆင်း၍ ထိုဂဠုန်အသွင်ဖြင့် ကောင်းကင်ကို ပြည့်စေလျက် အမောက်အလုံ ကွန်ရက်ဖြင့် ကောင်းကင်ကို တခဲနက် မိုးမှောင်အောင်ပြု၍ အတောင်ဖြင့် ရိုက်ခတ်သောလေဖြင့် မဟာသမုဒ္ဒရာကို မွှေနှောက်၍ ပြင်းထန်သော သမုဒ္ဒရာ ရေလုံးဘို့၏ အသံနှင့်တူသောအသံဖြင့် နဂါးတို့၏ စိတ်နှလုံးတို့ကို ဆွဲသက်သို့ ခြောက်၍ နဂါးတို့ကို ပြေးစေပါသည်။

ထေရိုံ ယာစိတ္ဌာ။ ။၁။ "အရှင်မ, တပည့်တော်တို့၏ မြတ်စွာဘုရားသည် မုစလိန္ဒနဂါးမင်း၏ ဒေ့ခွေအလိပ်တို့ကို ကိုယ်တော်၏ ဂန္ဓကုဋီပြု၍ (၇) ရက်ပတ်လုံး မုစလိန္ဒနဂါးမင်းအား ချီးမြှောက်မှု ပြုခဲ့ပါသည်။

၂။ ဘုရားဖြစ်ရာနေ့၌ နေရဥ္ဇရာမြစ်ကမ်း၌ မိမိ၏ စာကြွင်းခွက်ကို မဟာကာလနဂါးမင်း၏ ဒေ့ထံသို့ စေလွှတ်လိုက်ပါသည်။

၃။ ဥရုဝေလနဂါးမင်းသည် ဖန်ဆင်းသော အဆိပ်မီးခိုးတိုက်မှုကို အပြစ်မယူပဲ ဥရုဝေလနဂါးမင်းအား သရဏဂုံ သီလတန်ဆာကို ပေးတော်မူခဲ့ပါသည်။

၄။ အရှင်မဟာမောဂ္ဂလာန် ထေရ်ကို စေလွှတ်၍ နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမ,၍ အဆိပ်မရှိအောင် ပြုပါသည်။ ဤသို့ ထိုမြတ်စွာဘုရားသည် အကျွန်တို့အား ကျေးဇူးများပါပေ၏။သင် ရှင်မသည်လည်း ကျွန်ုပ်တို့၏ အပြစ်ကို အမှတ်မထားတော့ပဲ မဟာဗောဓိပင်ကို မြန်မြန် စေလွှတ်၍ နဂါးအပေါင်းအား နတ်ပြည်လမ်း နိဗ္ဗာန်လမ်းကို ပေးသနားတော်မူပါ" ဟု တောင်းပန်ပါသည်။

ကန္ဒိတ္ထာ။ ။"ရောဒိတ္ထာ"သည် "ကန္ဒိတ္ထာ"၏ ပရိယာယ်တည်း။ တနည်း- ဂုဏ်ကိုပြောဆိုခြင်း၏ အစွမ်းဖြင့် အဖန်ဖန် ငိုကြွေးခြင်းသည် "ကန္ဒိတ္ထာ" မည်ပါသည်။

မဂ္ဂံ သောဓဝေဟ္ဘ။ ။ဌုတ်,ဆူး စသည်တို့ကို နုတ်စေခြင်း၏ အစွမ်းဖြင့် လမ်းကို သုဘ်သင်စေပါသည်။

အလက်ာရာပေတ္ဘ။ ။သဲ စသည်တို့ကို ဖြန့်ကြဲစေခြင်းတို့၏ အစွမ်းဖြင့် တန်ဆာ ဆင်စေပါသည်။

သမုဒ္ဒသာလဝတ္ထုသ္မိံ။ ။သမုဒ္ဒသာလာဝတ္ထုဟူသည် သမုဒ္ဒရာ၏ အနီးဇရပ် တည်ရာအရပ်တည်း။ ခဲ့ပါဦးအုံ- ထိုအရပ်၌တည်သူတို့သည် သမုဒ္ဒရာကို မြင်ရသောကြောင့် ထိုအုံ့သြဖွယ်ကို ထင်ရှားပြခြင်းငှာ ထိုအရပ်၌ ဇရပ်တဆောင် ဆောက်ထားပါသည်။ ထိုဇရပ်သည် "သမုဒ္ဒါသန္နသာလာ" ဟူသော အမည်ဖြင့် ထင်ရှားပါသည်။

အန္တရန္တရေ ပုပ္ဖအဋ္ဌယာနိ ဌပေန္တော။ ။လမ်း၏ ဘေးနှစ်ဘက် တို့၌ အကြားအကြားမှ ပန်းတို့ ဖြင့် စုလစ်မွမ်းချန်အထွတ်တပ်သော အိမ်နှင့်တူသော သန္ဌာန်ရှိသော ပန်းစေတီတို့ကို ပြုစေပါသည်။ ထိုစေတီ တည်မှုကိုရည်ရွယ်၍ "အန္တရန္တရေ၊ ပေ၊ ဌပေန္တော" ကိုဆိုပါသည်။

အာဝဇ္ဇေတာဝဝတရေ။ ။အရေတိ ပသံသာယံ၊ သာဓုဝတာတိ အတ္ထော။ အာဝဇ္ဇေတာဝဝတရေ-ဟေ...ကြွလာပေပေါ့တကား။

သောဋ္ဌသန္ဒံ ဇာတိသမ္ဘဒ္ဒကုလာနံ ရဇ္ဇံ ဝိစာရေသိ။ ။သောဋ္ဌသန္ဒံ- ကုန်သော၊ ဇာတိသမ္ဘဒ္ဒ-ကုလာနံ-တို့အား၊ ရဇ္ဇံ-မင်းအဖြစ်ကို၊ ဝိစာရေသိ-စီမံရန်စွန့်ပေးပြီ။ တနည်း- သောဋ္ဌသန္ဒံ-ကုန်သော၊ ဇာတိသမ္ဘဒ္ဒကုလာနံ-တို့ကို၊ ရဇ္ဇံ-ကို၊ ဝိစာရေသိ-စီရင်စေပြီ။

စတုတ္ထဒိဝသေ။ ။နတ္ထောသ်လဆန်း (၁၀)ရက်ဖြစ်ပါသည်။

အနုပုဗ္ဗေန အနုရာဓပုရံ သမ္ပတ္တော။ ။နတ္ထောသ်လဆန်း (၁၀)ရက်နေ့၌ တန်ဆာဆင်အပ်သော ရထား၌ မဟာဗောဓိကို တင်ထား၍ မွန်မြတ်သောပူဇော်မှုကို ပြုလျက် ပါစီနပသဿကျောင်းတော်တည်ရာအရပ်သို့ ပင့်ဆောင်၍ ထိုနေရာ၌ သံဃာတော်အား နံနက်စာ ဆွမ်းကပ်ပြီးနောက်- မဟိန္ဒမထေရ်မြတ် ဟောကြားအပ်သော သီဟိုဠ်ကျွန်း

၌ဘုရားရှင်ပြုတော်မူခဲ့သော နဂါးဆုံး၅, ပုံကိုကြားရ၍ ဘုရားရှင်တိုင်မှ စသည်ဖြင့် အသုံးပြုတော်မူခဲ့သော နေရာများ၌ စေတီ စသည်တို့ဖြင့် ပူဇော်သက္ကာရပြုအံ့ဟု မှတ်သားခါ ထိုမှဆောင်၍ တောင်ကုန်းများ၏ ရှေ့တံခါး၌ ထားခါ ပူဇော်ပြီးလျှင် ဤအတူ ထိုထိုနေရာများ၌ ပူဇော်ပြီး ဤအစဉ်ဖြင့် **အနုရာမမြို့သို့ရောက်လာပါသည်။**

ဝမုမာနကစ္ဆာယာယ။ ။အရိပ်တို့ရာအခါ၌၊ ဝါ-ညနေချမ်းအခါ၌။

သမ္ပာပတ္တိံ။ ။ဖလသမာပတ်ကို။

ရာဇဝဏ္ဏုဒ္ဒါရကော့ဇ္ဇကဌာနေ။ ။မင်းဥယျာဉ်၏တံခါးမုခ်အရပ်၌။တနည်း-အလုံးဇုံသော မင်း၏ဥစ္စာ, အခွန်ဘဏ္ဍာ ဩဇာအာဏာကို မဟာဗောဓိပင်အား ပေးလှူဖူးသောကြောင့် ဥပစာ အကျိုးငှာ မင်းသည် တံခါးစောင့်အသွင်ကို ယူသည်ဟုဆိုကြပါသေး၏။

မဟာပထဝီ အကမ္မိ။ ။ဤစကားသည် အမြွက်မျှကိုသာ ညွှန်ပြသောစကား ဖြစ်ပါသည်။ မြေလှုပ်မှုမှတပါး အခြားသော မျှားပြားစွာသော အံ့ဩဖွယ်များလည်း ဖြစ်ကြပါသည်။ ခဲ့ပါဦးအံ့-ဗောဓိပင် တည်သည်နှင့် တပြိုင်နက် မြေလှုပ်ပါသည်။ မဟာဗောဓိပင်၏ အမြစ်တို့သည် ရှေ့ဖျဉ်းအိုး၏ မျက်နှာရစ်မှ ပျံ့တက်၍ ထိုရှေ့ဖျဉ်းအိုး မျက်နှာအရစ်ကို ဖွဲ့စပ်ကြလျက် ပြေအောင်ပြင်သို့ သက်ဆင်းကြပါသည်။ ထက်ဝန်းကျင်မှ နတ်ပန်းများ ရွာချကြပါသည်။ ကောင်းကင်၌ နတ်တူရိယာများမြည်ကြပါသည်။ မိုးကြီး တက်လာ၍ မိုးရွာပါသည်။ ကောင်းကင်အရပ်များ မြည်ကြပါသည်။ လျှပ်နွယ်များ လက်ကြပါသည်။နတ်များသည် ကောင်းချီးသံပေးကြပါသည်။ သီဟိုဠ်ကျွန်း၌ နေသူမှန်သမျှတို့သည် လာ၍ နံ့သာပန်း စသည်တို့ဖြင့် ပူဇော်ကြပါသည်။ လေပြေလေညင်းသည် အငုံရှိသောပန်းကို တိုက်ခတ်ကြပါသည်။ ထက်ဝန်းကျင်မှ တခဲနက် အေးမြသော တိမ်တိုက်တို့သည် မဟာဗောဓိပင်ကို ဖုံးလွှမ်းကြပါသည်။ ဤသို့ ဗောဓိပင်သည် မြေ၌ တည်ပြီးနောက် ဆီနှင်းတိမ်တိုက်ဝင်ခါ (၇) ရက်ပတ်လုံး လူလောက၏ မမြင်ခြင်းသို့ ရောက်ခဲ့ပါသည်။

ဣသိရနိပ္ပဘနဝိဟာရေ။ ။ဣသိရနိမ္ဗာနဟု ဆိုအပ်သော ကဿပ ဂိရိ ကျောင်းတည်း။ ခဲ့ပါဦးအံ့ - ရှေး သင်္ကေတ၏ အစွမ်းဖြင့် (ရှေးအခါက) ဣသိရနိမ္ဗာနဝိဟာရဟု ဆိုကြပါသည်။ ယခု အခါ၌ကား "ကဿပဂိရိ" ဟု ထင်ရှားပါသည်။ "ဣသိရသမဏဗာရာမ" ဟုလည်း ခေါ်ကြသေး၏။

ယောဇနိယအာရာမေသု။ ။အနုရာမြို့၏ပတ်ဝန်းကျင် တယူဇနာဒေသတွင်း ၌ ဆောက်လုပ်အပ်သောကျောင်းများ။

လောဟပါသာဒဒ္ဒဝနံ ပူဇေသိ။ ။ကြေးပြာသာဒ် ပြုမည့်အရပ်ကို ပူဇော်ပါသည်။ ကြေးပြာသာဒ်ကို ဒေဝါနုံဝိ-ယတိဿ မဟာရာဇာသည်ပင် ပြုစေအပ်ပါသော်လည်း မဟာဗောဓိပင် ပူဇော်ပွဲ၌ (ကြေးပြာသာဒ်) မရှိသေးသောကြောင့် "အနာဂတေ" ကို ဆိုသည်ဟု ဂဏ္ဌိပဒသုံးစောင်လုံးတို့၌လည်း မိန့်ကြပါသည်။ ကေစိဆရာတို့ က-ဒုဋ္ဌဂါမဏိအဘယမင်းသည်သာ ပြုစေအပ်သည်ဟု ဆိုကြသည်။

မူလာနိ ပနဿ နတ္ထိ ဩတရန္တိ။ ။ဤပါဠိဖြင့် "မဟာရာဇာ ဤသီဟိုဠ် ကျွန်း၌ မြတ်စွာဘုရား၏သာသနာတော် တည်ရုံမျှသာ ဖြစ်သည်။ ကောင်းကောင်းကြီး မတည်သေးပါ" ဟူသော အဓိပ္ပာယ်ကို ပြပါသည်။

မဟာအရိဋ္ဌော ဘိက္ခု။ ။(၅၄) ယောက်သော ညီတော်နောင်တော်တို့နှင့် တကွ စေတိယတောင်၌ ရဟန်းပြုသော အရိဋ္ဌ အမတ်ကိုရည်ရွယ်၍ "မဟာအရိဋ္ဌော ဘိက္ခု"ဟု ဆိုပါသည်။

မေဃဝဏ္ဏာဘယသ အမစ္စသ ပရိဝေဏဋ္ဌာနေ။ ။မေဃဝဏ္ဏာဘယမင်း၏ အမတ်သည် ပြုအပ်သော ပရိဝုဏ်တည်မည့်အရပ်။ [မေဃဝဏ္ဏာဘယသပုဒ်သည် အမစ္စသ ဟူသော ပုဒ်၏ ဝိသေသနမဟုတ်ပါ။ သမ္မန်ပုဒ် ဖြစ်ပါသည်။]

သာသနသ မူလာနိ ဩတရန္တာနိ ပသီသာမိ၊ ။ဤပါဠိဖြင့် သာသနာတော်၏ လွန်စွာတည်ပုံကို ကြည့်ရှုဦးမည်ဟု ပြပါသည်။

အာကာသံ မဟာဝိရဝံ ရဝိ။ ။မိုးတိမ်မှုကင်းသောအည်စ် အကြေးမရှိသည်သာ ဖြစ်သောကောင်းကင်က မြည်သောကြောင့် "အာကာသံ မဟာဝိရဝံ ရဝိ" ဟုဆိုပါသည်။

သံဘ္ဘု ကရုဏာဝုဏ္ဏဝရိဒီပကံ။ ။ဆေးဆရာသည် မကျန်း မမာ သူတို့၌ ကရုဏာဖြင့် ဆေးကုသမှုကိုသာရှေ့ဆောင်ပြု၍ အချစ်အမုန်း ကင်းကာ စက်ဆုပ်ဖွယ်ကောင်းသော အနာတို့၌ လည်းကောင်း၊ လျှို့ဝှက်အပ်သော အနုပ်တို့၌ လည်းကောင်း ဆေးလိမ်းကျံမှု စသည်ဖြင့် ဆေးကုသမှုကိုသာ ပြုသကဲ့သို့ ဤအဟူ မြတ်စွာဘုရားသည်

လည်း ကိုလေသာ အနာ နှိပ်စက်ခံနေရသော သတ္တဝါတို့၌ မဟာကရုဏာ တော်ဖြင့် ထိုသတ္တဝါတို့ကို ကိုလေသာ အနာဆင်းရဲမှ လွတ်ကင်းစေတော် မူလိုရှိ မမြွက်ဆိုထိုက်သော လျှို့ဝှက်အပ်သော အရပ်တို့၌ မှီသည်လည်း ဖြစ်သော မလျှောက်ပတ်သောစကားတို့ကို မြွက်ဆိုတော်မူလျက် ဝိနည်းပညတ် တော်ဖြင့် သတ္တဝါတို့၏ ကိုလေသာအနာကို ကုစားပါသည်။ ထို့ကြောင့် "သတ္ထု ကရုဏာ ဂုဏာပရိဒီပကံ" ဟု ဆိုပါသည်။

နိဗ္ဗာယိ သု မဟေသယော။ ။မဟာမဟိန္ဒထေရ်သည် (၁၂) ဝါအရမှာ သီဟိုဠ်ကျွန်းသို့ရောက်ပြီးလျှင် ထိုသီဟိုဠ်ကျွန်း၌ (၂)နှစ်ပတ်လုံး နေ၍ဝိနည်းကို တည်စေပါသည်။ (၆၂) ဝါရမှ ၎ရိနိဗ္ဗာန် စံသည်ဟု ပြောဆိုကြပါသည်။

တေသံ ထေရာနံ အန္တေဝါသိကာ။ ။တိဿဒတ္တ,ကာဠသုမန, ဒီဃသုမ စသော ထေရ်တို့သည် မဟာဒေဝရိ၌ ထေရ်၏ အန္တေဝါသိကတို့တည်း။

အာစရိယပရမ္ပရကထာဝဏ္ဏနာ နိဋ္ဌိတာ။

ဝိနယာနိသံသကထာဝဏ္ဏနာ

အဝိမတ္တသတိဂတိဒိတိမန္တေသု။ ။သတိ–ဘုရား စကားတော်ကို သင်ယူ၍ ဆောင်ကြောင်းသတိ။ ဂတိ–သင်ယူကြောင်း ဝိရိယ။ ဒိတိ–ဆုံးဖြတ်ချက်ချ၍ သင်ယူတတ်သော ဉာဏ်။ တနည်း....ဂတိ–ပညာ၊ ဒိတိ–ဘုရားစကားတော်ကို သင်ယူနိုင်ကြောင်း ဝိရိယ, သရဇ္ဈာယ်ကြောင်း ဝိရိယ, ဆောင်နိုင်ကြောင်း ဝိရိယ။

လဇ္ဇီသု ကုက္ကုစ္စကေသု။ ။လဇ္ဇီသု– မကောင်းမှုကို စက်ဆုတ်တတ်သော လက္ခဏာရှိသောရှက်ခြင်းရှိကုန်သော၊ ကုက္ကုစ္စ-ကေသု- အကျုံ့ကြ။သဖွယ် မသေးငယ်ကုန်သော အပြစ်တို့၌ သော်မှလည်း အပြစ်ဟု ရှုလေ့ရှိသောကြောင့် အပ်, မအပ်ကိုမှီ၍ ကုက္ကုစ္စပြုလေ့ရှိကုန်သော။

မဘာဝပိတုဌာနိယော။ ။မပြုထိုက်သောအရာမှ တားမြစ်၍ ပြုထိုက်သော အရာ၌ တည်စေတတ်သောကြောင့် "မ ; တာင်တု-ဌာနိယော" ဟု ဆိုပါသည်။

အာစာရဂေါစရကုသလတာ။ ။ဝါးပေးမှုစသော မိစ္ဆာဇီဝနှင့် ကိုယ်နှေကြမ်းတမ်းမှုစသည့်တို့ကို မပြုသောအားဖြင့် ဒုလုံးစုံ မကျင့်ထိုက်သည်ကို ရှောင်ကြဉ်၍ "ကာယိကော အဝိတိက္ကမော ဝါစသိကော အဝိတိက္ကမော" ဟုဆိုအပ်သော ရဟန်းဘို့အား လျောက်ပတ်သော အကျင့်နှင့် ပြည့်စုံခြင်းအားဖြင့်လည်းကောင်း၊ ဝေသိယစသော အဂေါစရကို ရှောင်ကြဉ်၍ ဆွမ်းစသည်အကျိုးငှာ ချဉ်းကပ်ထိုက်သောသင့်လျော်သော အရပ်ဟုဆိုဒေါ်သော ဂေါစရနှင့်ပြည့်စုံသောအားဖြင့်လည်းကောင်း၊ ရဟန်း အကျင့်ရဟန်းဂေါစရတို့၌ ကျွမ်းကျင်ခြင်း။

တနည်း-အပိ စ ယောဘိက္ခု သတ္ထရိ သဂါရဝေါ သပ္ပတိဿော၊ သဗြဟ္မစာရီသု သဂါရဝေါ သပ္ပတိဿော၊ ဟိရေ တ္တပ္ပသမ္ပန္နော သုနိဝတ္ထော သုပါရုဟော ပါသာဒိကေန အဘိက္ကန္တေန ပဋိက္ကန္တေန အာလောကိတေန ဝိလောကိတေန သမိဉ္ဇိတေန ပသာရိတေန သြက္ခိတ္တစက္ခု ကျရိယာပထသမ္ပန္နော ကုန္ဒြိယသု ဂုတ္တဒ္ဒါရော ဘောဇနေ မတ္တညူ။ ဇာဂရိယမနုယုတ္တော သတိသမ္ပဇဉ္ဉေန သမန္နာဂတော အပ္ပိစ္ဆော သန္တုဋ္ဌော အာရဒ္ဓဝီရိယော ပဝိဝိတ္တော အသံသဋ္ဌော အာဘိသမာစာရိကေသု သက္ကစ္စကာရီ ဂရုစိတ္တီကာရဗဟုလော ဝိဟရတိ အယံ ဝုစ္စတိ အာစာရော။

ဂေါစရသည်။ ။၁။ ဥပနိဿယဂေါစရ

၂၊ အာရက္ခဂေါစရ

၃။ ဥပနိဗန္ဓဂေါစရဟူသုံးပါးအပြားရှိပါသည်။ ထိုတွင်-ဥပနိဿယဂေါစရဟူသည် မကြားဖူးသည်ကိုကြားရအောင် ကြားဖူးသည့်ကို စင်ကြယ်အောင်၊ ယုံမှားမှုပျောက်အောင်၊ အယူဖြောင့်အောင်၊ လုပ်ပေးနိုင်သော စိတ်ကြည်လင်အောင်လုပ်ပေးနိုင်သော ဒသကထာဝတ္ထုဂုဏ်နှင့်ပြည့်စုံသော ကောင်းသော ကလျာဏမိတ်ဘည်း။

တနည်း-အဘုလိုက်သူများ သဒ္ဓါ သီလ သုတ စာဂ ပညာ တိုးပွားအောင် နမူနာပေးနိုင်သော စံပြပုဂ္ဂိုလ်သည် ဥပနိဿယဂေါစရမည်၍ မှက်လွှာကို ချကာ ထမ်းပိုးတပြန်မျှသာ ကြည့်လျက် ကောင်းစွာစောင့်စည်းလျက် ရှာတွင်းသမ်းသို့ကြွသော-ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေသည်တပ်, မိန်းမယောက်ျား အထက် အောက် ဟိုအရပ် ဒီအရပ်ကိုလည်း မကြည့်ပဲ ကြွသွား

သော်ရဟန်းသည် အာရက္ခဂေါစရမည်၏။ ဥပနိဗန္ဓဂေါစရဟူသည် သတိပဋ္ဌာန်(၄)ပါးတို့တည်း။ ယင်းသတိပဋ္ဌာန်(၄)ပါးတို့ဖြင့်ရဟန်းသည် မိမိ၏စိတ်ကိုဆွဲဆောင်ပါသည်။ [ကောစ ဘိက္ခဝေ ဘိက္ခုနော ဂေါစရော သကော ပေတ္တိကော ဝိသယော ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။]

အတ္တနော သီလက္ခန္ဓော သုဂုတ္တော ဟောတိ သုရက္ခိတော။ ။အာပတ်သင့်သူသည် အ-

လဇ္ဇီတာ,အညာဏတာ,ကုက္ကုစ္စပကတတာ,အကပ္ပိယေကပ္ပိယသညိတာ,ကပ္ပိ-ယေ အကပ္ပိယသညိတာ, သတိသမ္မောသတာ, ဟူသော (၆)ပါး သော အကြောင်းတို့ကြောင့် အာပတ်သင့်ပါသည်။ ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည်ကား ဤအကြောင်း(၆)ပါးတို့ကြောင့် အာပတ်သို့မရောက်ပါ။

အလဇ္ဇီတာကြောင့်အာပတ်မသင့်ပုံ။ ။"အမောင်တို့ကြည့်ရှုကြပါ၊ဤဝိနည်းဓိုရ်သည် အပ်, မအပ်ကိုသိလျက်သာ ပညတ်တော်လွန်ကျူးမှုကိုပြု၏" ဟူသော ဤ သူတပါးစွတ်စွဲမှုကို စောင့်ရှောက်သည့်အတွက် မအုပ်သည်ကိုသိလျက်သာ နင်းချေ၍လွန်ကျူးမှုမပြုပါ။ ဤသို့လျှင်အလဇ္ဇီတာကြောင့် အာပတ်မသင့်ပါ။ အဆောတလျင် အမှတ်တမဲ့ သင့်ရောက်သော အာပတ်ကိုလည်း ဒေသနာဂါမ်ဖြစ်လျှင် ဒေသနာကြား၍ ဝုဋ္ဌာနဂါမ် အာပတ်ဖြစ်လျှင် အာပတ်မှထ, ကာ ဧင်ကြယ် သူ၏ အဖြစ်ခ္ခ်ိတည်ပေပါသည်။

အလဇ္ဇီပုဂ္ဂိုလ်၏လက္ခဏား။ ။

သဉ္ဇိစ္စ အာပတ္တိ အာပဇ္ဇတိ၊အာပတ္တိ ပရိဂူဟတိ။
အဂတိဂမနဉ္စ ဂစ္ဆတိ၊ ဧဒိသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော။

အညာဏတာကြောင့် အာပတ်မသင့်ပုံ။ ။အပ်,မအပ်ကို သိသောကြောင့် အပ်သည်ကိုသာပြု၍ မအပ်သည်ကိုမပြုပါ။

ကုက္ကုစ္စပကတတာကြောင့် အာပတ်မသင့်ပုံ။ ။အပ်,မအပ်ကိုမှီ၍ ကုက္ကုစ္စဖြစ်လသော် ဝတ္ထု, မာတိကာ, ပဒဘာဇနီ,အနုလုံးပတ္တိတို့ကိုကြည့်၍ အပ်လျှင်ပြုပါသည်။ မအပ်လျှင်မပြုပါ။ ဖြစ်သော်ကုက္ကုစ္စကို မဆုံးဖြတ်မူ၍သာ အပ်၏ဟု နင်းချေ၍ ကျူးလွန်မှုမပြုပါ။

အာကပ္ပိယေ ကပ္ပိယသညိတာ ကြောင့် အာပတ်မသင့်ပုံ။ ။အပ်, မအပ်ကိုသိ သော ကြောင့် မအပ်သည်၌ အပ်သည်ဟုမထင်ပါ။ အပ်သည်၌လည်း မအပ်ဟုမထင်ပါ။ ထိုဝိနည်းဓိုရ်ပုဂ္ဂိုလ်၏သတိသည် ကောင်းစွာတည်ပါသည်။ အဓိဋ္ဌာန်ထိုက်သည်ကို အဓိဋ္ဌာန်ပါသည်။ ဝိကပ္ပနာပြုထိုက်သည်ကို ဝိကပ္ပနာပြုပါသည်။ ဤသို့လျှင် ဤအကြောင်း (၆)ပါး ကြောင့် အာပတ်မသင့်ပါ။ အာပတ်မသင့်လသော် သီလမကျိုးပါ။ သီလဖြူစင်ပါသည်။ ဤသို့လျှင် ထိုဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် မိမိ၏သီလအစုကို ကောင်းစွာစောင့်ရှောက်ပါသည်။

ကုက္ကုစ္စပကတာနံ ဘိက္ခူနံ ပဋိသရဏံ ဟောတိ။ ။အခြားတိုင်းအခြားဇနပုဒ်တို့၌ ကုက္ကုစ္စဖြစ်ကြသော ရဟန်းများသည်ထိုမည်သောကျောင်း၌ ဝိနည်းဓိုရ်နေ၏ဟု ကြားရ၍ အဝေးကြီးမှလည်း ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ အဆံသို့လာကာ ကုက္ကုစ္စကို မေးကြပါသည်။ ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် ကုက္ကုစ္စဖြစ်သောရဟန်းတို့ ပြုအပ်သောအမှု၏ ဝတ္ထုကိုကြည့်၍ အာပတ်, အနာပတ်, ဂရုက, လဟုက ဇသည်မှတ်သားခါ ဒေသနာ-ဂါမဲ့ဖြစ်လျှင် ဒေသနာကြားစေ၍လည်းကောင်း၊ ဝုဋ္ဌာနဂါမ်အာပတ် ဖြစ်လျှင် အာပတ်မှထစေ၍လည်းကောင်း စင်ကြယ်သူတို့၏ အဖြစ်၌ တည်စေပါသည်။

ဝိသာရဒေါ သံဃမဇ္ဈေ ဝေါဟရတိ။ ။ဝိနည်းဓိုရ် မဟုတ်သူမှာ သံဃာ အလယ်၌ စကား ပြော လျှင် ကြောက်လန့်မှုဖြစ်တတ်၏။ ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် သံဃာ့အလယ်၌စကား ပြောလျှင် ကြောက်လန့်မှုမဖြစ်ပ !။ အဘယ်ကြောင့်နည်း- ဤသို့ပြောလျှင် အပြစ်ရှိ၏၊ ဤသို့ပြောလျှင်အပြစ်မရှိဟုသိ၍ ပြောခြင်းကြောင့်တည်း။

မစ္ဆတ္ထိကေ သဟဝမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဏှာတိ၊ ။ ၁။ အတ္တပစ္စတ္ထိက-အခြေအမြစ်မရှိသော အန္ဓိမဓတ္ထုဖြင့် စောဒနာကြသော မေတ္တိယဘုမ္မဇကရဟန်းများနှင့် ဝဇုလိစ္ဆဝီ၊ အခြားသောဒုဿီလပါပဓမ္မများ။

၂။ သာသနပစ္စတ္ထိက-ဖောက်ပြန်သောအမြင်အယူရှိကြသော အရိဋ္ဌရဟန်း ကဏ္ဍက သာမဏေများနှင့်ဝေသာလီပြည်သား ဝဇ္ဇီပုတ္တကရဟန်းများ၊ ဘုရားသာသနာမဟုတ်သည်ကို ဘုရားသာသနာဟုခြီးမြှောက်မှု ပြုနေကြသော မဟာသံဃိကစသော ရဟန်းများ။

သဒ္ဓမ္မဋ္ဌိတိယာ ပဋိပန္နော ဟောတိ။ ။ ၁။ ပရိယတ္တိသဒ္ဓမ္မ- ပိဋကသုံးပုံ ဟူသော ဘုရားစကားတော် များ။

၂။ ပဋိပတ္တိသဒ္ဓမ္မ- ဓူတင် (၁၃)ပါး၊ခန္ဓကဝတ်(၁၄)ပါး၊ မဟာဝတ် (၈၂)ပါး။ ၃။ အဓိဂမသဒ္ဓမ္မ- မဂ်(၄)ပါး ဖိုလ်(၄)ပါး။

၁။ အချို့မထေရ်တို့သည် "ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ" ဟူသောသုတ်ကို ထောက်၍ ပရိယတ္တိသည် သာသနာတော်၏မူလ ဟု ဆိုကြပါသည်။

၂။ အချို့မထေရ်တို့သည် "ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယ္ယုံ အသုညော လောကော အရဟန္တေဟိ အဿ" ဟူသောသုတ်ကို ထောက်၍ ပဋိပတ္တိသည် သာသနာတော်၏ မူလတည်းဟု ပြောဆိုကြ၍ ကောင်းစွာကျင့်သောရဟန်း(၅)ပါးရှိလျှင် သာသနာတည်သည်ဟုပြောဆိုကြပါသည်။

၃။ အခြားမထေရ်တို့သည် "ပရိယတ်ကွယ်လျှင် ကောင်းစွာကျင့်သော်လည်း သစ္စာလေးပါးတရားကို ထိုးထွင်း၍မသိနိုင်" ဟု ပြောကြပါသည်။ ပါရာဇိက(၄)ပါးကို စောင့်ရှောက်ကြသောရဟန်း (၅)ပါးရှိလျှင် ထိုရဟန်းတို့သည် သဒ္ဓါတရားရှိကြ၏သော် အမျိုးကောင်းသားတို့ကို ရှင်ပြုပေး၍ ပစ္စန္တရင်ဇနပုဒ်၌ ရဟန်းခံပေးပြီးလျှင် သံဃာ (၁၀)ပါးပြည့်သော အခါ၌ မဇ္ဈိမဇနပုဒ်၌လည်း ရဟန်းခံမှုပြုကြလိမ့်မည်။ ဤနည်းဖြင့်သံဃာ (၂၀)ရှိသောအခါ၌ မိမိအတွက်လည်း အဇ္ဈာနက်ပြု၍ သာသနာတော်ကို တိုးတက်စည်ပင်အောင် ပြုကြလိမ့်မည်။ဤသို့လျှင် ဤဝိနည်းမိုရ်သည် သဒ္ဓမ္မသုံးပါး၏ ကြာရှည်စွာတည်ခြင်းငှာ ကျင့်ရာရောက်ပါသည်။

ပါမောဇ္ဇနှင့်ပိတိ။ ။အားနည်းသော နုံသော ပိတိသည် ပါမောဇ္ဇမည်၍ အားကြီးသောပိတိသည် ပိတိမည်ပါသည်။

အနုပါဒါပရိနိဗ္ဗာနတ္ထာယ။ ။ဘစုံတခုသောတရား ကို မယူမူ၍ အကြွင်းမရှိ စေမူ၍ ပရိနိဗ္ဗာန် အကျိုးငှာ၊ တနည်း - အပ္ပဋိသန္ဓိကပရိနိဗ္ဗာန်အကျိုးငှာ။ မှန်၏၊ ထိုပစ္စေကဗုဒ္ဓာဉာဏ်သို့ အစဉ်ရောက်လသော် မချုတ်ကေန် ပရိနိဗ္ဗာန်စံမည်ဖြစ်သောကြောင့် ဝိမုတ္တိဉာဏ-ဒဿနဟူ ဆိုအပ်သော ပစ္စေကဗုဒ္ဓဉာဏ်သည် အပ္ပစ္စယပရိနိဗ္ဗာန်၏ အကြောင်း ဖြစ်ပါသည်။

ယဒိဒံ အနုပါဒါစိတ္တာသ ဝိမောက္ခော။ ။"ယဒိဒံ"ကို ယော+အယံဟု ပုဒ်ဖြတ်၍ "ဝိမောက္ခော"နှင့် တွဲပါ။ ဝိမောက္ခအရ-အရဟတ္တဖိုလ်ကို ယူပါ။ ထိုအရဟတ္တဖိုလ်သည် အနုပါဒါ ပရိနိဗ္ဗာန်အကျိုး ရှိ၏။ တနည်း-ဝိမောက္ခ-အရ မဂ်ကိုကောက်ပါ။ အနုပါဒါ-ဥပါဒါနိုတို့ဖြင့် မစွဲလမ်းမှု၍ စိတ္တသ - စိတ်၏။ ယဒိဒံ - ယော + အယံ ဝိမောက္ခော- အကြင်ကိုယ်သော အရဟတ္တဖိုလ်ရပ် လွတ်လပ်သော အရဟတ္တဖိုလ်သည်၊ အတ္ထိ-ရှိ၏။ သောပိ-ထိုကိုယ်လေးသောအရပ်ရပ် လွတ်လပ်သော အရဟတ္တဖိုလ်သည်လည်း၊ ဟေတဝေတ္ထော-ဤအနုပါဒါ ပရိနိဗ္ဗာန်ဟူသော အကျိုးရှိ၏။ တနည်း-အနုပါဒါ-၍၊ စိတ္တသ-၏၊ ယဒိဒံ-ယော+အယံဝိမောက္ခော-အကြင်မဂ်သည်၊ အတ္ထိ-ရှိ၏။ သောဖိ-ထိုမဂ်သည်လည်း၊ ဟေတဝေတ္ထော-၏။ ကထာ သည်၊ ဟေတဝေတ္ထော-၏။ ပါ သောတာဝဓေါ-သည်။ ဧတဝတ္ထံ-၏။

နောက်နည်းပေးမှုကြောင့် ဖြစ်ပေါ်လာသော အကျိုး။ ။တေဒတ္ထ ၁ ပါ ဝိမောက္ခော ပါ၌ဖြင့် နိယတပယောဇဉ်ကို ပြ၍ ဝိသုဒ္ဓေါ၊ ပါ နိဗ္ဗာနတ္ထာယ ပါ၌ဖြင့် အာဒီနဝသံသဝလကို ပြသည်ဟု သိရမည်။

ဗဟုဟိ ရုဒ်ခါနှင့် ပြီးပါပြီ။

ဝေရုဠကလျှောင်ကြွေနှာ

သရူပေန အဝုတ္တေနပိ။ ။ယေနဟု သရုပ်အားဖြင့် ပါဠိတော်၌ မဆိုအပ်။

အတ္ထတော သိဒ္ဓေန။ ။အတ္ထ—အရ နောင်အခါ အရှင် သာရိပုတ္တရာ ၏ သန္တာန်၌ဖြစ်သော အကြံဟုဆိုအပ်သော အနက်ကို ယူပါ။ မှန်ပါသည်။ အကြံထင်ရှားသော် အကြင်အခါ၌ အကြံဖြစ်၏ ဟူသော ဤအနက်သည် အနက်အားဖြင့် ပြီးပြီးပင်ဖြစ်ပါသည်။

တေန ယေန။ ။တေန ဟုဆိုပြီးနောက် ထိုတေနမ်၏ အနက်ကိုပင် ယေနဟု အနက်အားဖြင့် ဆိုလတ္တံ့ ဖြစ်သောကြောင့် ယေနသည် တေနမ်၏ အကျယ်ဖြစ်ပါသည်။

ဝိနယပညတ္တိယာဝနဟောဘုဘူတော ပရိဒီတက္ကော။ ။တေသု ဘဂဝါ ကာလော၊ တေသု သုဂတ ကာလော၊ ယံ ဘဂဝါ သာဝကာနံ သိက္ခာပဒံ ပညပေယျ၊ ဥဒ္ဒိသေ-ယျ ပါတိမောက္ခံ ယထယိဒံ ပြဟူစရိယံ အဒ္ဓနိယံ အသု စိရဋ္ဌိတိကံ ဟူသော ဝိနည်းပညတ်ဖို့ရန် တောင်းပန်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော "ကတမေသာနံ ခေါ ဗုဒ္ဓါနံ ဘဂဝန္တာနံ ပြဟူစရိယံ နစိရဋ္ဌိတိကံ အဟောသိ။ ကတမေသာနံ ဗုဒ္ဓါနံ ဘဂဝန္တာနံ ပြဟူစရိယံ စိရဋ္ဌိတိကံ အဟောသိ" ဟူသော ကြံတော်တည်း။

ပုဗ္ဗေ အဘ္ဘတော သိဒ္ဓေန။ ။ရှေ့၌ဖြစ်သော မေထုန် မှီဝဲခြင်း ဟု ဆိုအပ်သော အနက်သည် ပုဗ္ဗေအတ္ထမည်၏။

ပစ္ဆာ အတ္ထတော သိဒ္ဓေန။ ။မင်းသည် မပေးပဲ သစ်တော်တို့ကို ခိုးယူခြင်းဟုဆိုအပ်သော အနက်သည် ပစ္ဆာအတ္ထမည်၏။

အပ္ပေဝနာမ သေ့ပိ ဥပသက်မေယျာမ ကာလဠ္ဠ သမယဠ္ဠ ဥပါဒါယ။ ။ ကာလမည်သည် ချဉ်းကပ်ဖို့ရာသင့်လျော် လျောက်ပတ်သော အခါ ဖြစ်၍၊ သမယဟူသည်ကား - ထိုချဉ်းကပ်ခြင်း၏ အကြောင်းအပေါင်းတည်း။

သမယအရ လိုရင်းအနက်ယူသော် ထိုချဉ်းကပ်မှုအား လျှောက်ပတ်သော ကိုယ်အားနှင့် ထိုချဉ်းကပ်မှုကြောင့် ဘေးရန်၏မရှိခြင်းကို ယူရပါမည်။ ဥပါဒါနမည်သည်ကား–ဉာဏ်ဖြင့် ထိုကာလ သမယတို့ကို ယူခြင်းမှတ်သားခြင်းတည်း။ ငါတို့မှာမနက်ဖန်သွားဖို့ရာ သင့်လျော်သောအခါဖြစ်အံ့၊ ခန္ဓာကိုယ်မှာလည်း အားရှိအံ့။ သွားခြင်းကြောင့် အခြား မချမ်းသာမှု လည်း မဖြစ်အံ့။ ဤကဲ့သို့အကြောင်းညီညွတ်လျှင် သွားဖို့ရာသင့်လျော်သောအခါ, သွားခြင်း၏အကြောင်းအပေါင်းဟု ဆိုအပ်သော သမယကို ဉာဏ်ဖြင့်ယူ၍ မနက်ဖန်၌ လာနိုင်ကုန်တန်ရာ၏ ဟုဆိုလိုသည်။

ခဏ ဟူသည်။ ။အခွင့်တည်း။ မှန်ပါသည်။ ဇ.ထာဂတုပ္ပါဒ စသည်သည် မဂ္ဂဗြဟ္မစရိယ၏အခွင့်ဖြစ်ပါသည်။ ဘာ့ကြောင့်နည်း– ထိုမဂ္ဂ ဗြဟ္မစရိယကို ရခြင်း၏အကြောင်း ဖြစ်သောကြောင့်တည်း။

ဥဂ္ဂါဟမဘနော။ ။ထိုပရိဗ္ဗိုဇ်၏ အမည်ရင်းမှာ "မဘန" ဖြစ်ပါသည်။ သို့သော် အနည်းငယ် အနည်းငယ်သော အဘတ်ကို သင်ယူနိုင်သောကြောင့် "ဥဂ္ဂါဟမဘန"ဟု ခေါ်ကြသည်။

သမယပ္ပဝါဒကော။ ။ဧက်ဂီ, တာရုက္ခ, ပေါက္ခရသာတိ စသော ပုဏ္ဏားတို့ သည်လည်းကောင်း၊ နိဂဏ္ဌပရိဗ္ဗိုဇ်, အစေလကပရိ-ဗ္ဗိုဇ် စသော ပရိဗ္ဗိုဇ်တို့သည်လည်းကောင်း၊စုဝေး၍ မိမိ မိမိ၏အယူကို ပြောဆိုကြရာဖြစ်သောကြောင့် ထိုအာရာမ်ကို"သမယပ္ပဝါဒက"ဟု ဆိုရသည်။

ဧကသာလဂကာ ။ရှေးဦးအစ၁ထမ၌ ဆောက်ထားသော ဇရပ်တဆောင် ရှိခဲ့ဖူးပါသည်။ နောင်အခါ ဘုန်းကြီးသော ပေါဌပါဒ ပရိဗ္ဗိုဇ်ကို မှီ၍ ဇရပ်မျှားစွာ ဆောက်ကြပါသည်။ ထိုပထမ ဇရပ်တဆောင်ကိုပင် အကြောင်းပြု၍ ရအပ်သော အမည်၏ အစွမ်းဖြင့် (အတွင်ရှင်ဘုရား-ပုဗ္ဗဂတိက နည်းအားဖြင့်) "ဧကသာလက"ဟု ဆိုပါသည်။

မလ္လိကာယ အာရာမော. ။ဆိုအာရာမ်သည် ပရေနဒီဧကာသလမင်း၏ မိဖုရားဖြစ်သော မလ္လိကာ၏ ဥယျာဉ်ဖြစ်၍အပွင့်အသီးဘို့ဖြင့် ဖုံးအုပ်ထားသော အာရာမ်ဖြစ်ပါသည်။ ထို့ကြောင့် "မလ္လိ-ကာယ အာရာမော"ဟု ဆိုပါသည်။

အတ္ထာဘိသမ္ဘယာ။ ။အကြောင်းက ပြီးပြီးဖြစ်သောကြောင့် တမလွန်အကျိုး ကိုလည်း ရပြီးပင် မည်ပါသည်။ ထို့ကြောင့် ထိုအကျိုး နှစ်မျိုးကို ပေါင်း၍ "အတ္ထာဘိသမ္ဘယာ"ဟု ဆိုပါသည်။

သမ္မာ မာနာဘိသဝေယာ။ ။သမ္မာ ဟူသောပါဠိဖြင့် မာနကို အရဟတ္တမဂ် ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်သတ်ခြင်းကို ဆိုပါသည်။

ဒုက္ခသ ပိဠနဋ္ဌော စသည်။ ။ပိဠနဟူသည် ဒုက္ခသစ္စာနှင့်ပြည့်စုံသော သတ္တဝါကို ညှဉ်းဆဲခြင်းတည်း။ ညှဉ်းဆဲဟူသည် မိမိကိန်းရာ သတ္တဝါကို ပြန့်နှံ့တိုးပွားခြင်း မရှိအောင် ပြုခြင်းတည်း။

သင်္ခတဋ္ဌော-ကောင်းစွာရောက်၍အကြောင်းတရားတို့သည် ပြုစီမံအပ်၏ ဟူသော အနက်သဘောသည်လည်းကောင်း။

သန္တာပဋ္ဌော-မိမိကိန်းရာ သတ္တဝါကို ပြင်းစွာ ပူလောင်ခြင်း အနက်သဘောသည်လည်းကောင်း၊ ဝါ-ဒုက္ခ, ဒုက္ခဘာ စသည်တို့၏ အစွမ်းဖြင့် ပူလောင်ခြင်းသည်လည်းကောင်း။

ဝိပရိဏာမဋ္ဌော-ဇရာ မရဏ နှစ်ပါးသည် ဖေါက်ပြန်စေအပ်သည်၏ အဖြစ်ဟူသော အနက်သဘောသည်လည်းကောင်း။

အဘိသမယဋ္ဌော-ထိုးထွင်း၍ သိအပ်သော အနက်သဘောတည်း။ ဝါ-ထိုးထွင်း၍ သိတတ်သော ဉာဏ်၏ အာရုံဖြစ်သော အနက်သဘောတည်း။ ထိုပိဠနစသည်တို့ကိုပင် အဘိသမယ၏ အာရုံအဖြစ် သို့ ကပ်ရောက်ခြင်း တူသည်၏အဖြစ်ကြောင့် "အဘိသမယဋ္ဌော"ဟု ဧကဝုစ်ဖြင့် ဆိုပါသည်။

သမယ၏ အတ္ထုဒ္ဒါရကို ပြရာ၌ အဘိသမယကို ဆိုနိုင်ခြင်း အကြောင်း။ ။

ဥပသာရတို့သည် ဇောတကမျှဖြစ်ကြသောကြောင့် ထိုထိုအနက်ကို သမယသဒ္ဒါကသာ ဟောပါသည်။(ဥပသာရကမဟော) ထို့ကြောင့်သမယ သဒ္ဒါ၏ အနက်တို့ကို ထုတ်ပြရာ၌လည်း ဥပသာရနှင့်တကွသော အဘိသမယ သဒ္ဒါကို ဆိုပါသည်။

သမယ၏ ဝိဂ္ဂဟမျှား၊ ။

၁။ သဟကာရီကာရဏသန္နိဋ္ဌံ သမေတိ သမဝေတိတိ သမယော၊(သမဝါယော)

၂။ သမေတိ သမာဂစ္ဆတိ မဂ္ဂပြဟ္မစရိယံ ဇွေ ဘဒါဓာရ-ပုဂ္ဂလေဟီတိ သမယော။ (ခဏော)

၃။ သမေန္တိ ဇွေ ဘေတေန ဝါ သံဂစ္ဆန္တိ ဓမ္မာ သဟဇာတ ခမ္မေဟိ ဥပ္ပါဒဋ္ဌိဒီဟိ ဝါတိ သမယော၊(ကာလော)

၄။ သမံ သဟ ဝါ အဝယဝါနံ အယနံ ပဝတ္တိ အဝဋ္ဌာနန္တိ-သမဒယာ။(သမ္ဘဟော)

၅။ ပဗ္ဗယန္တရသမာဂမေ ဧတိ ဖလံ ဧတသ္မာ ဥပ္ပဇ္ဇတိ. ပဝတ္တတိစာတိ သမယော။(ဟေတု)

၆။ သမေတိ သံယောဇနဘာဝတော သမ္မန္ဓော ဧတိအတ္တ-နော ဝိသယေ ပဝတ္တဘာ ဥဋ္ဌဂ္ဂဟဏဘာဝတော ဝါ တံ သံယုတ္တာ အယန္တိ ပဝတ္တန္တိ သတ္တာ ယထာ ဘိနိဝေသံ ဧတောနာတိ သမယော။(ဒိဋ္ဌိ)

၇။ သမိတိ သဂ်ိတိ သမောဓာနန္တိ သမယော။ (ပဋ္ဌ-လာဘော)

၈။ သမသ နိရောဓသ ယာနံ သမ္မာဝါ ယာနံ အပဂမော အပ္ပဝတ္တိတိ သမယော။(ပဟာနံ)

၉။ ဉာဏေန အဘိမုခံ သမ္မာ ဧတေဗ္ဗော အဓိဂန္တဗ္ဗောတိ အဘိသမယော။ (ဓမ္မာနံ အဝိပရီတော သဘာဝေါ) တနည်း-အဘိမုခဘာဝေန သမ္မာ ဧတိ ဂစ္ဆတိ ဗုဇ္ဈတီတိ အဘိသမယော။ (ဓမ္မာနံ ယထာဘူတသဘာဝါ ဝေးဗာ၊ခေ၁)

ဟေးဖွယ်။ ။အနက်မျှကိုစွဲ၍ သဒ္ဓါမျှားဖြစ်ကြသည်မဟုတ်ပါ၊လော။သဒ္ဓါတခုက အနက် မျှားစွာကို မဟောနိုင်သည့် မဟုတ်ပါ၊လော ဟုမေးဖွယ် ရှိ၏၊ အဖြေကား-သဒ္ဓါအထူးကိုင်ရှေ့သော် သဒ္ဓါတခုကအနက်မျှားစွာကို မဟောနိုင်သည်မှာမှန်ပါသည်။ ခဲ့ပါဦးအုံ- သဒ္ဓါအထူးကိုင်ရှေ့သော် သဒ္ဓါဘခုကအနက်မျှားစွာဟောနေမဖြစ်နိုင်ပါ။ ထပ်၍ခဲ့ပါဦးအုံ- ကာလအနက်ကို ဟောသော သမယသဒ္ဓါသည် သမ္ဘဟ စသောအနက်မျှားကို မဟောနိုင်ပါ။ သို့သော် ထိုကို မနက်တို့၏ သမယသဒ္ဓါ၏ ဟောနက်ခြင်းတူသည်ကို အကြောင်းပြု၍ သမယသဒ္ဓါ၏အနက်မျှား ဟု ဆိုထားပါသည်။

ဂ္ဂ၀ ပနသ ကာ၊လာ အတ္ထော။ ။သမ၀ါယ စသောအနက်တို့၏ ဤနေ့ရာ၌ မဖြစ် သင့်ခြင်းကြောင့် လည်းကောင်း၊ ဒေသ ဒေသဏစသည်တို့ကဲ့သို့ နိဒါန်း၏အဖြစ်ဖြင့် ကာလကို ညွှန်ပြထိုက်သောကြောင့်လည်းကောင်း ဤနေ့ရာ၌ သမယသဒ္ဓါအတွက်ကာလ အနက်သာ ဖြစ်သင့်ပါသည်။

ကမ္မဿာဝိဟာရေနဲ့။ ။တရားဟောတော်မူခြင်းသည် ကရုဏာအကြောင်း ရှိသောကြောင့် ဤနေရာ၌ ကရုဏာဝိဟာရအရ-ပရဟိတပဋိပတ္တိကို ယူရပါမည်။ ကရုဏာသမာပတ္တိ ဝိဟာရကို မယူရ၊ ဘာကြောင့်နည်း-တရားဟောတော်မူရာ အခါ၌ ဒေသေတဗ္ဗမျှကို အာရုံပြုသော ဒေသနာဉာဏ်သည် သတ္တဝါပညတ်ကို အာရုံပြုသော ဟောကရုဏာတော်နှင့်တကွ မဖြစ်သင့်သောကြောင့်တည်း။ ဘာကြောင့် ဘာကွမဖြစ်သနည်း ဟူမူ အာရုံကွဲသောကြောင့်ဟုဖြေပါ။

ဘာဝေနဘာဝလက္ခဏာ။ ။ဘာဝမည်သည် ကိုရိယာတည်း။ ကိုရိယာဖြင့် ကိုရိယာတမျိုးကိုမှတ်ခြင်းသည်ဘာဝေနဘာဝ လက္ခဏာ မည်ပါသည်။

ကာလသမူဟတို့၏ အာဝေဏိကဖြစ်နိုင်ပုံ။ ။ဥပါဒါ ပညတ် ဖြစ်သော ကာလ သမူဟတို့သည် ဝေါဟာရမျှ ဖြစ်သည်မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ်သို့လျှင် ကာလတွေ့ သမူဟတွေ့ သမယသဒ္ဒါသည် အဘိဓမ္မာ၌ ဟောတော်မူအပ်သောတရားတို့၏ တည်ရာ ဖြစ်နိုင်ပါသနည်း ဟုမေးဖွယ်ရှိ၏။ အဖြေကား- သဘာဝဓမ္မအားဖြင့် ၎င်းခြားအပ်သောကြောင့်လည်းကောင်း(ကာလ)၊ ကြံစည်ရုံမျှဖြင့်ပြီးစီးရသောကြောင့် လည်းကောင်း(သမူဟ)၊ကာလတွေ့သမူဟတွေ့သမယသဒ္ဒါသည် အဘိ-ဓမ္မာ၌ ဟောတော်မူအပ်သော ဖဿ စသောတရားတို့၏ တည်ရာအဖြစ်ဖြင့် ပညတ်အပ်ပါသည်။ ခဲ့ပါဦး-ဘုံ-ပုဗ္ဗဏှေ ဇာတော၊ သာယန္ဟေ ဂစ္ဆတိ စသည်တို့၌ ပရမတ္ထအားဖြင့် နံနက်အခါ ညနေအခါမရှိပါသော်လည်း ထိုခဏာ၌ ဖြစ်သောတရားတို့သည် ထိုခဏမှရှေး၌ လည်းကောင်း၊ နောက်၌ လည်းကောင်း မရှိသောကြောင့် သဘာဝဓမ္မအားဖြင့် ပိုင်းဖြတ်အပ်သည်၊ပိုင်းဖြတ်အပ်သောကြောင့် အာဝေဏိကအဖြစ်ဖြင့် ပညတ်အပ်ပါသည်။ "ဂေဟသာခါ၊ ယာဝရာသိမှီ သမ္ဘူတော" စသည်တို့၌ အစိတ်မှလွတ်သောအပေါင်း ဟူသည် သီးခြားမနှိုပါသော်လည်း ကြံစည်ရုံမျှဖြင့်ပြီးသည့်အဘွက် အဝိဘာဂတို့၏တည်ရာ အာဝေဏိကအဖြစ်ဖြင့် ပညတ်အပ်ပါသည်၊ ဤပုဒ်တူပင် ဤနေရာ၌လည်း သဘာဝဓမ္မအားဖြင့် ၎င်းဖြတ်အပ်သောကြောင့်လည်းကောင်း၊ ကြံစည်ရုံမျှဖြင့် ပြီးစီးထင်ရှားသောကြောင့်လည်းကောင်း၊ ကာလ,သမူဟ နှစ်မျိုးလုံးကို အဘိဓမ္မာ၌ ဟောအပ်သောတရားတို့၏ တည်ရာ အာဝေဏိကအဖြစ်ဖြင့် ပညတ်နိုင်ပါသည်။

ခဏ အရ။ ။အင္ဂုတ္တရ(ရပ်ပြစ်ခန့်စ်ပါး မှလွတ်သော နဝမဗုဒ္ဓပွါခဏကို ယူပါ။ တနည်း-ပဋိရူပဒေသဝါသ,သပ္ပုရိသူပနိဿယ, အတ္တ

သမ္မာပဏိမိ,ပုဗ္ဗစကတပုညတာ ဟူသော သမ္ပတ္တိစက်(၄)ပါး ကိုယူပါ။ ဘာ့ကြောင့်နည်း-ထို(၄)ပါးတို့သည် ကုသိုလ်ဖြစ်ဖို့ရာ အခွင့်အခါဖြစ်သော ကြောင့်တည်း။

သမဝါယ။ ။စက္ခုစ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ စသည်ဖြင့် ညှိနှိုင်းပြီးအပ်သော စက္ခုဝိညာဏ်စသော ဆက်ဆံသောအကျိုးကို ပြီးစေတတ်သည်၏အဖြစ်ဖြင့် ကောင်းစွာ တည်သော စက္ခုပသာဒ ရူပါရုံစသောအကြောင်းတို့၏ ပေါင်းဆုံခြင်းသည် သမဝါယ မည်ပါသည်။

ဟေတု။ ။ယောနိသော မနသိကာရ စသော ဇနကအကြောင်း။

သတိ။ ။ယသ္မိं သမယေ ဟု ဆိုအပ်သော် သတိဟူသောအနက်ကို မုချ သိအပ်ပါသည်။ ဘာ့ကြောင့်နည်း-အခြားကြိယာနှင့် ဆက်စပ်ခြင်း မရှိသော်ပုဒ်အနက်သည် သတ္တာကြိယာမှ ကင်းခြင်းမရှိသောကြောင့် တည်း။ ထို့ကြောင့် သတ္တာကြိယာမရှိသော်လည်း အနက်အားဖြင့် သိအပ်သော ကြိယာဖြင့် မှတ်သားနိုင်ပါသည်။

တေနဲ့ သမယေန ဟောဝုဘူတေန ဂဲရဏဘူတေန်။ ။မုချအားဖြင့် လွန်ကျူးမှု သည် သာ ဟေတု ကရဏမည်သည်၊ လွန်ကျူးစဉ်ခဏ၌ "ဟေတု"၊နောက်သိက္ခာပုဒ် ပညတ်ရာခဏ၌ "ကရဏ"ဟု မှတ်ပါ။ ဘုရားရှင်သည် ရှေးဦးစွာ ထိုထိုမြို့ရွာ၌ သိက္ခာပုဒ်ပညတ်ခြင်း၏ အကြောင်းဖြစ်သော ထိုဆိုလွန်ကျူးမှုကို ရှုငဲ့၍ သိက္ခာပုဒ်ပညတ်ခြင်းအကျိုးငှာ သီတင်းသုံးတော်မူ၏။ ထို့ကြောင့် ဝတ္ထုဝိ-တိက္ကမသည် သိက္ခာပုဒ်ပညတ်ခြင်း၏ အကြောင်းတည်း။ (အနေနေ ဝသတိ ကဲ့သို့တည်း) သိက္ခာပုဒ်ပညတ်ရာအခါ၌ ရှေး၌ ပြီးစီးပြီးသော ထိုလွန်ကျူးမှုဖြင့်ပင် သိက္ခာပုဒ်ပညတ်တော် မူ၏သောကြောင့် သိက္ခာပုဒ်ပညတ်မှုကို အထူးပြီးခစတတ်သော ထိုလွန်ကျူးမှုသည် "ကရဏ" အမည် ရပြန်လေသည်။ (အသိနာ ဆိန္ဒတိ စသည်တို့၌ ကဲ့သို့တည်း။)

ကာလလည်း ဟေတု ကဲ့ရဏဖြစ်။ ။ဝိတိက္ကမကို ရှုငဲ့တော်မူသော ဘုရားရှင်သည် ဝိတိက္ကမနှင့် အဘူပင် ဝိတိက္ကမ၏ မှီရာကာလကို ရှုငဲ့တော်မူ၍ သီတင်းသုံးတော်မူသောကြောင့် ဤနေရာ၌ ကာလ၏လည်း ဟေတုအဖြစ်ကို ဆိုအပ်ပါသည်။ သိက္ခာပုဒ်ကို ပညတ်တော်မူသောဘုရားရှင်သည် ထိုထိုလွန်ကျူးရာအခါကို မကျော်လွန်စေပဲ ထိုအခါဖြင့်ပင် သိက္ခာပုဒ်ပညတ်တော်မူ၏ သောကြောင့် ဝိတိက္ကမ၏ မှီရာကာလ၏

လည်း ကရဏအဖြစ်ကို ဆိုအပ်ပါသည်။ ဤသို့လျှင် ပရိယာယ်အားဖြင့် (ဌာနူပစာအားဖြင့်) ကာလ၏ ဟေတုအဖြစ် ကရဏအဖြစ်ကို ရနိုင်သော ကြောင့် "တေန သမယေန ဟေတုဘူတေန ကရဏဘူတေန"ဟု ဖွင့်ပါသည်။ မုချအားဖြင့်ကား ဝိတိက္ကမသည်သာ ဟေတု, ကရဏနှစ်မည်ရသည်။ မှန်၏။ ဝိတိက္ကမသည် လွန်ကျူးဆဲခဏ၌ ဟေတုဖြစ်၍ နောက်အခါ သိက္ခာပုဒ် ပညတ်တော်မူချိန်၌ ကရဏလည်းဖြစ်သည်။

သိက္ခာပဒါနိ ပညပေန္တော။ ။(၁) လွန်ကျူးမှုကိုမေး၊ (၂) ရဟန်းသံဃာကို စုဝေးစေ၊ (၃) လွန်ကျူးသူ ကာယကံရှင်ကို ထပ်မေး၊ (၄) ကဲ့ရဲ့ရှုတ်ချ၊ (၅) ဂုဏ်းနောက် ထိုထို ဝတ္ထုနှင့် ကျူးလွန်ရာအခါကို မကျော်လွန်စေမူ၍ ထိုကာလဖြင့်ပင် သိက္ခာပုဒ်တို့ကို ပညတ်တော်မူပါသည်။

သိက္ခာပဒပညတ္တိဟေတုံစ အပေက္ခမာနော။ ။တတိယပါရာဇိက စသည်တို့၌ကဲ့သို့ သိက္ခာပုဒ်ပညတ်ခြင်း၏ အကြောင်းဖြစ်သော ထိုသိုဝတ္ထုနှင့် လွန်ကျူးရာအခါကို ရှုငဲ့တော်မူလျက် ထိုအခါကြောင့် မြတ်စွာဘုရားသည် ထိုထိုမြို့ရွာ၌ သီတင်းသုံးတော်မူပါသည်။

ပြောင်းပြန်ဆို။ ။"သိက္ခာပဒါနိ ပညာပယေန္တော သိက္ခာပဒပညတ္တိဟေတုံစ အပေက္ခမာနော" ဟု ဆိုခြင်းကြောင့် "တေန သမယေန ကရဏဘူတေန ဟေတုဘူတေန" ဟု ဆိုသင့်သော်လည်း ရှေးဦးစွာ ဟေတုဘူတေနဟု ပြောင်းပြန်ဆိုရခြင်းကား ဤနေရာ၌ ဟိတ်, ကရိုဏ်းနှစ်ခုတို့တွင် ဟိတ်အနက်ကို အလွန်အကဲ အလိုရှိအပ်သောကြောင့်တည်း။

အဘိလာပမတ္တဘေဒေါ။ ။ဤသဒ္ဒါဖြင့် သုတ္တန္တပိဋကတ်၌ "ကော်သမ္ဗေ"ကို အခါတပါး၌ဟုပေး၍ ဝိနယပိဋကတ်၌ "တေန-သမယေန" ကို ထိုအခါ၌ဟု ပေးရမည်ဟူသော ဝိဘတ်ပြောင်းလွှဲမှု ပြုရမည်ကို ပြပါသည်။

ဝေရဉ္ဇာယံ။ ။ဝိဂတော ရဇော အသာတိ ဝေရဉ္ဇော။ အခွန်အတုတ်ယူခြင်းအားဖြင့် လူအပေါင်းကို နှိပ်စက်ခြင်းမရှိသည့် အာဘွက် အပြစ်မရှိသောကြောင့် "ဝေရဉ္ဇာ"မည်ပါ၏။

တနည်း–ဝေရံ ဇာယဘိ တ္ထောတိ ဝေရဥ္စာ။ သေရိဝါဏိဇောတ် (ရွှေကုန်သည်ဇာတ်)၌ ဒေဝဒတ်၏ ရန်ဖြစ်ရာအရပ်၌ မြို့တည်မှုပြုအပ်သော ကြောင့် "ဝေရဥ္စာ" မည်ပါသည်။

တနည်း–ဝိဝိဓေဟိ ရဇ္ဇယတီတိ ဝေရဥ္စာ။ ဝင်လာသမျှပုဂ္ဂိုလ်တို့ကို ကရေ့သည်တို့၏ ကပွဲသဘင်စသည်တို့ဖြင့် လည်းကောင်း၊ ခဲဖွယ်, ဘောဇဉ်, ဟန်ဆာစသည်တို့ဖြင့် လည်းကောင်း၊ အုတူးထူး ဇပြားပြားသော အသုံး အဆောင် အဆောက်အဦတို့ဖြင့် လည်းကောင်း တပ်မက်စေတတ်သော ကြောင့် "ဝေရဥ္စာ" မည်ပါသည်။

တနည်း–ဝေရံ အဘိဘဝိတ္မာ ဇာတာတိ ဝေရဥ္စာ။ ဆန့်ကျင်ဘက်တို့ကို လွှမ်းမိုးမှု ပြုအပ်သောကြောင့် "ဝေရဥ္စာ" မည်ပါသည်။

ဝေရဥ္စာရသေ့၏ သက်နှုံးကျောင်းအရပ်၌ မြို့တည်အုပ်သောကြောင့် "ဝေရဥ္စာ" မည်ပါသည်။ ဤသို့စသည်ဖြင့် ကေစိဆရာတို့ ဖွင့်ဆိုကြပါသည်။ ထိုအဆိုကို အဋ္ဌကထာဆရာက လက်မခံပဲ ဤဝေရဥ္စာအမည်သည် ထိုမြို့၏ အမည်မျှဖြစ်သည်ဟု ပြလိုမှု "ဝေရဥ္စာတော၊ ပ၊ အဓိဝစန်" ဟု ဆိုပါသည်။

အဝိသေသေန။ ။ပါတိမောက္ခသံဝရသံဝုဿ ဝိဟရတိ (ဣရိယာပထ) ပဌမံ စူဠန် ဥပသမ္ပဇ္ဇ ဝိဟရတိ (ဒိဋ္ဌ) မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတ္မာ ဝိဟရတိ (ဗြဟ္မဝိဟာရ) သဗ္ဗနိမိတ္တာနံ အမနသိကာရာ အနိမိတ္တံ စေတောသမာဓိ သမာပဇ္ဇိတ္မာ ဝိဟရတိ (အရိယဝိဟာရ) စသည်တို့၌ကဲ့သို့ သဒ္ဒန္တရိတ်တို့ကို ထောက်ဆသောအားဖြင့် ထင်ရှားသော ထူးသောအနက်ကို သုံးသပ်ခြင်းနှင့် ကင်း၍။ တနည်း–**အဝိသေသေန–**အထူးမမ သာမညအားဖြင့် ဟု ပေးပါ။

ဣရိယာပထဝိဟာရော။ ။ဣရိယနံ ပဝတ္တနံ ဣရိယာ (ကာယပယောဂ, ကာယိကကြိယာ) ဣရိယာယ ပထော ဣရိယာပထော။ သွား, ရပ်, ထိုင်, လျောင်း (၄) ပါးသည် ကာယပယောဂ, ကာယိကကြိယာ၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ဣရိယာပထမည်ပါသည်။ မှန်ပါသည်။ သွား, ရပ်, ထိုင်, လျောင်း ဟူသောအခိုက်အတန့်မပါပဲ တုံ့စုံ တခုသော ကိုယ်အမူအရာကို မျှ မဖြစ်စေနိုင်ပါ။

ဝိဟရဏံ ဝိဟာရော။ တနည်း–ဝိဟရတိ ဧတေနာတိ ဝိဟာရော။

ကွာရိယားပမထောဝ ဝိဟာရော ကွာရိယာပထဝိဟာရော။ အရကား၊ရပ်ခြင်း, ဟုံခြင်း စသော အခြင်းအရာအားဖြင့် ဖြစ်သော ကပ္ပကားသော လေးပါးသော ရုပ်အစဉ်အဆက်တည်း။

ဒိဗ္ဗဝိဟာရ စသည်။ ။ဒိဗ္ဗဝိဟာရ-ဟောဂ္ဂုတ်စျာန်။
ဗြဟ္မဝိဟာရ-မေတ္တာစျာန်။ သော အပ္ပမညာ(၄)ပါး။
အရိယဝိဟာရ-ဖလသမာပတ်(၄)ပါး။

ဤနေရာ၌ကား ဘုရားရှင်၏သန္တာန်၌ဖြစ်သော ရူပါဝစရစတုတ္ထစျာန်၊ စတုတ္ထစျာန်၏ အစွမ်းဖြင့်ဖြစ်သော အပ္ပမညာ(၄)ပါး၊ စတုတ္ထစျာန်၌ ဖြစ်သော အရဟတ္တဖိုလ် သမာပတ်တို့ကို အစဉ်အတိုင်း "ဒိဗ္ဗဝိဟာရ" "ဗြဟ္မဝိ-ဟာရ" "အရိယဝိဟာရ"ဟု သိပါ။

နေတို။ ။နေတို့ပါ၊ ဗုဒ္ဓတော်၌ မေတ္တာစျာန်စသည်တို့၏ ဗြဟ္မဝိဟာရ အဖြစ်ကဲ့သို့ ထိုအာရုပ္ပသမာပတ်တို့၏ ဘာဝနာအထူး၏ အကြစ်ကို ရည်ရွယ်၍"စဝေးသော အာရုပ္ပသမာပတ်တို့ယော အ နဉ္ဇဝိဟာရော"ဟူသော စကားကိုဆိုပါသည်၊ အဋ္ဌကထာတို့၌ကား နတ်အပ်စ်ကို ဆောင်ခြင်း တူသောကြောင့် ထိုအာရုပ္ပသမာပတ်တို့ကိုလည်း ဒိဗ္ဗဝိဟာရ ဟု ပင်ဆိုကြပါသည်။

အညတရဝိဟာရသမဂ်ဝိပရိဒီပနံ။ ။ထိုဒိဗ္ဗစသော(၄)ပါးတို့သည် တပြိုင်နက်မဖြစ်နိုင်သောကြောင့် တပါးနှင့် သော်လည်းကောင်း၊ နှစ်ပါးနှင့် သော်လည်းကောင်း၊ ပြည့်စုံမှုကို ပြုသော စကားတည်း။ ဘုရားရှင်သည် လောဘ,ဒေါသ,မောဟ မျှားသော လောကကြီး၌ ကိုယ်တော်၏အကျင့်မြတ်ဖြင့် ဝေနေယျတို့ကို ဆုံးမတော်မူခြင်းငှာ ထိုထိုဒိဗ္ဗစသော ဝိဟာရတို့သို့ ရောက်၍ သီတင်းသုံးတော်မူပါသည်။

၁။ သတ္တဝါများကာမဂုဏ်တို့၌ ဖောက်ဖောက်ပြန်ပြန် ကျင့်နေကြရာအခါ၌ သတ္တဝါတို့သန္တာန်၌ အလောဘကုသိုလ်မူလဖြစ်ပါစေခြင်းအကျိုးငှာ"ငါ၏ ဤအကျင့်မြတ်ကို မြင်၍ နှစ်သက်မှုဖြစ်ကာ ကာမဂုဏ်တို့၌ တပ်မက်ခြင်း ကင်းကုန်ရာ၏" ဟုရည်ရွယ်တော်မူကာ ဒိဗ္ဗဝိဟာရဖြင့် သီတင်းသုံးတော်မူပါသည်။

၂။ သတ္တဝါများ ရာထူးဌာနန္တရ အစိုးရခြင်းအကျိုးငှာ သတ္တဝါတို့အပေါ်ဝယ် ဖောက်ပြန်စွာကျင့်ရာအခါ၌ သတ္တဝါဘို့သန္တာန်၌ အဒေါသကုသိုလ်မူလဖြစ်ပါစေခြင်းအကျိုးငှာ"ငါ၏ ဤအကျင့်မြတ်ကို မြင်၍ နှစ်

သက်ကာ အဒေါသတည်းဟူသော မေတ္တာဘာဝနာဖြင့် ဒေါသအဆိပ်ကို ငြိမ်းစေကုန်ရာ၏''ဟုရည်ရွယ်တော်မူကာ ဗြဟ္မဝိဟာရဖြင့် သီတင်းသုံးတော်မူပါသည်။

၃။ ရဟန်းတော်များဘရားကိုစွဲ၍(တရားကြောင့်)ငြင်းခုံကြရာအခါ၌ ရဟန်းတော်တို့၏ သန္တာန်၌ အမောဟကုသိုလ်မူလဖြစ်ပါ၏ခြင်း အကျိုးငှာ''ငါ၏ဤအကျင့်ကိုမြင်၍ နှစ်သက်ကာ အမောဟဖြင့် မောဟကို ငြိမ်းစေကုန်ရာ၏''ဟု ရည်ရွယ်တော်မူကာ အရိယဝိဟာရဖြင့် သီတင်းသုံးတော်မူပါသည်။ ထို့ကြောင့်''ဝိဟာရတိ–ဒိဗ္ဗ,ဗြဟ္မ,အရိယ ဟူသော ဝိဟာရသုံးမျိုးတို့ဖြင့် သတ္တဝါတို့၏အမျိုးမျိုးသော စီးပွားချမ်းသာကို ဆောင်တော်မူ၏။(ဣရိယာပထ ဝိဟာရဖြင့်) ဣရိယာတပါး,ညောင်းညာများကို, တပါးဖြင့် ဖြတ်,မကျလတ်အောင်,အတ္တဘောကို ဆောင်တော်မူ၏''ဟု ပေးပါ။

ဣ၀ ပန ဌာနဂမနနိသဇ္ဇသယနပ္ပဘေဒေသု။ ပ။ ပရိဒီပနံ။ ။ဣရိယာပထ ဝိဟာရ မပါပဲ အတ္တဘောဆောင်မှုမဖြစ်နိုင်သောကြောင့် ဣရိယာပထဝိဟာရဖြင့် တရံတခါမျှ မနေသည်မရှိ၊ အမြဲတန်းနေသည်။ ထို့ကြောင့်ပင် ဣရိယာပထ ဝိဟာရသည် ဒိဗ္ဗဝိဟာရ စသည်များနှင့် ဆက်ဆံပါသည်။ ထို့ကြောင့် ''ဣ၀ ပန ၊ပ၊ ပရိဒီပနံ''ဟု ဆိုပါသည်။ ဒိဗ္ဗ, ဗြဟ္မ, အရိယဝိဟာရ (၃) မျိုးတို့နှင့် ယှဉ်ခြင်းကို ပြတတ်သော စကားအထူးမရှိသောကြောင့် လည်းကောင်း၊ ဣရိယာပထနှင့်ယှဉ်ခြင်းကို ပြခြင်းသည် အနက်အားဖြင့် ထင်ရှားသောကြောင့် လည်းကောင်း''ဣရိယာပထသမာယောဂ ပရိဒီပနံ''ဟုဆိုပါသည်။

ကေ၀ ဣရိယာပထဗာဓနံ စသည်။ ။ဘုရားရှင်သည် ဣရိယာပထတခုတည်းဖြင့်လည်း ကာလ အလွန်ကြာမြင့်စွာ အတ္တဘောကို ဖြစ်စေနိုင်ပါသော်လည်း ''ဥပါဒိန္နကခန္ဓာကိုယ် မည်သည်မှာ ဤသို့နာကျင်ခြင်းသဘောရှိ၏''ဟု ပြခြင်းငှာ''ကေ၀ ဣရိယာပထဗာဓနံ'' စသည်ကို မိန့်ပါသည်။

ဝိ၀ိ၀ ဟရတိတိ ဝိဟရတိ။ ။ဘုရားရှင်သည် ဘယ်မှာ သီတင်းသုံးသုံး, ဝေနေယျများအား တရား ဟောတော်မူလျက် လည်းကောင်း၊ သမာပတ်အမျိုးမျိုးတို့ဖြင့် အချိန်ကို ကုန်လွန်စေတော်မူလျက် လည်းကောင်း သီတင်းသုံးတော်မူပါသည်။ ဤသို့ သတ္တဝါတို့၏ လည်းကောင်း၊ ကိုယ်တော်မြတ်၏လည်းကောင်း စီးပွားချမ်းသာအမျိုးမျိုးကို ဆောင်တော်မူပါသည်။

နဋ္ဌေရပုစိမဒန္ဓာ။ ။နဋ္ဌေရ ဟူသည် တမာပင်၌ စိုးအုပ်၍နေသော နတ်ဘီလူး၏ အမည်တည်း။ ဝိဂ္ဂဟမျှား....

၁။ နဒ္ဒေရသ ပုစိမန္ဒော နဋ္ဌေရပုစိမန္ဒော (နဋ္ဌေရဘီလူး၏ တမာပင်)။

၂။ နဋ္ဌေ ရုဟတိ ဇာယတိတိ နဋ္ဌေရ၊ နဋ္ဌေရ စ သော ပုစိမန္ဒောစာတိ နဋ္ဌေရပုစိမန္ဒော (သစ်ခေါင်း၌ ပေါက်သောတမာပင်)။

၃။ ဤဝိဂ္ဂဟသည် (၂)နှင့်တူပါသည်၊ (ကျူးတော၌ ပေါ်ကသော တမာပင်)။

၄။ ဥရုနဋ္ဌော ယတ္ထာတိ နဋ္ဌေရ၊ နဋ္ဌေရ ပုစိမန္ဒော နဋ္ဌေရပုစိမန္ဒော။ (ကြီးကျယ်သော အခေါင်းရှိသောဘုမာပင်)။

မူလန္တိ သမီပံ စသည်။ ။ဤနေရာ၌ သမီပအနက်ကို ဟောသော မူလသဒ္ဒါကို ယူရပါမည်။ မူလမူလ စသောအနက်ကို ဟောသောမူလသဒ္ဒါကို မယူရပါဟု ပြလိုရ်ဲ "မူလန္တိ သမီပံ" စသည်ကို မိန့်ဆိုပါသည်။

မူလမူလေ ဒိဿတိ။ ။ပရိယာယ်မဟုတ်, မုချအားဖြင့် သစ်ပင်တပင်လုံး၏ ကောင်းစွာတည်မှုကို ပြီးစေတတ်သော သစ်မြစ်၌ ဖြစ်သောမူလသဒ္ဒါသည် (သစ်မြစ်အနက်ကိုဟောသော မူလသဒ္ဒါသည်) ထိုသစ်မြစ်နှင့်တူသော လောဘစသောတရားများ၌ လည်းကောင်း၊ သစ်မြစ်၏ မှီရာအရပ်၌လည်းကောင်း ရှင်ဘုရားဖြင့် ပရိယာယ်အားဖြင့် ဖြစ်နိုင်ဟောနိုင်၍ "မူလာနိ ဥဒ္ဓရေယျ" ၌ မုချအားဖြင့် သစ်မြစ်ကို အလိုရှိအပ်သောကြောင့် အပိုမူလသဒ္ဒါတခုဖြင့် အသုံးပြု၍ "မူလမူလေ ဒိဿတိ" ဟု ဆိုပါသည်။ ဥပမာ—"ဒုက္ခဒုက္ခံ၊ ရူပရူပံ"တို့၌ ကဲ့သို့တည်.။

အသာဓာရဏဟေတုမှိ။ ။လောဘသည် လောဘမူစိတ္တုပ္ပါဒ် (၈)ပါး၏ သာ အကြောင်းဖြစ်သောကြောင့် အသာဓာရဏ ဖြစ်ပါသည်။တနည်း—အလောဘ စသောတရားကိုသည် ကုသိုလ်, အဗျာကတတို့နှင့် ဆက်ဆံသကြကဲ့သို့ လောဘစသည်တို့သည်ကား ကုသိုလ်, အဗျာကတတို့နှင့် မဆက်ဆံကြပါ။ အကုသိုလ်နှင့်သာ ဆက်ဆံကြပါသည်။ ထို့ကြောင့် အသာဓာရဏ ဖြစ်ပါသည်။

နိဒါနေ။ ။လေမှကင်းခြင်းအရပ်၌၊ တနည်း- လေမရှိသောဒေသ၌ ဟု (၂)နည်းပေးပါ။

ပတန္တိ နိ၃တန္တိ။ ။ပတန္တိဘိ နိပဘန္တိ၊ အယမေဝ ဝါ ပါဌော ဟု ဆိုသောကြောင့် (၂)ပါဌ်လုံးသင့်ပါသည်။

ယဒိ တာဝ ဘ၃ဝါ စသည်တို့၌ စောဒကဏ်ဆိုလိုရင်း။ ။"ပါဌ္ဌလိပုတ္တော ပါသာဒေ ဝသတိ" စသည်တို့၌ ကဲ့သို့တည်ရာ၏ တည်ရာဖြင်လျှင် "ဝေရဉ္ဇာယံ ဝိဟရတိ နဒ္ဒေရုပုစိမန္ဒမူလေ" ဟု တည်ရာနှစ်ခုဖြင့် ညွှန်ပြမူသည် သင့်နိုင်ပါသည်။ (ဝေရဉ္ဇာယံ+နဒ္ဒေရုပုစိမန္ဒမူလေ (၂)ခုတို့သည်ကား အရပ်ကွဲသောကြောင့် တည်ရာသဒ္ဒါ(၂)ခုဖြင့် ညွှန်ပြမှုသည် မသင့်ပါ။

နဟိ သက္ကာ ဥဘယတ္ထ တေနေဝ သမယေန။ပ။ဝိဟရိတုံ။ ။ဝေရဉ္ဇာ နဒ္ဒေရုပုစိမန္ဒမူလာတို့သည် အရပ်ကွဲသောကြောင့်လည်းကောင်း၊ တေန သမယေန ဟု ဆိုသောကြောင့်လည်းကောင်း မနေနိုင်ပါ၊ အချိန်ကွဲလျှင်ကား နေလိုက နေနိုင်ပါသည်။

နဝါ ပနေတံ ဝေံ ဒဋ္ဌဗ္ဗံ။ ။ပရိဟာရဆရာက စောဒကသည် အနုက်မှန်ကိုမသိပဲလျက် ဆိုသည်ဟုပြလို၍ "နဝါ ပနေတံ ဝေံ ဒဋ္ဌဗ္ဗံ"စသည်ကိုမိန့်ပါသည်။

နနု အဝေါစုမှ သမိပဒတ္ထ ဘုမ္မဝစနံ။ ။ယခုအခါ၌ မိမိ အလို ရှိအပ်သော အနုက်မှန်ကို လည်းကောင်း၊ ထို အနုက်မှန်ကို စောစောကပင် ဆိုပြီးကြောင်းကိုလည်းကောင်း၊ စောဒကဆရာသည် ထိုးထွင်းမသိနိုင်ကြောင်းကိုလည်းကောင်း ထင်ရှားပြလို၍ "နနု အ-ဝေါစုမှ ၊ပ၊ ဘုမ္မဝစနံ" စသည်ကိုဆိုပါသည်။

ဂဟဋ္ဌဝနုဂ္ဂဟကရဏံ။ ။မြို့ရွာတို့၌ လူပုဂ္ဂိုလ်တို့၏ ပစ္စည်းလေးပါး ကို အလှူခံတော်မူသောအားဖြင့်လည်းကောင်း၊ လာခွင့်ဆည်းကပ်ခွင့်ကို ပေးသောအားဖြင့်လည်းကောင်း၊ တရားဟောတော်မူသောအာ ဖြင့်လည်းကောင်း၊ သရဏဂုံသီလတို့၌ တည်စေတော်မူသော အာ ဖြင့်လည်းကောင်း၊ ဥပနိဿယ အားလျော်စွာ အထက်၌ တရားထူးကို ရဒအာင် ဆောင်ရွက်ပေးသောအားဖြင့် လည်းကောင်း လူအမှုဝေးအား ချီးမြှောက်မှုပြုတော်မူခြင်းကို ဝေရဉ္ဇာသဒ္ဒါဖြင့် ပြပါသည်။

ပဗ္ဗဇိတာနုဂ္ဂဟကရဏံ။ ။ပါဋိဿင်မှ,ဒေဝကထာမေးမြန်းမှု, ကမ္မဋ္ဌာန်းအား ထုတ်မှုတို့ အား လျှော်သောနေရာဒေသရပ်ကို သင်္ဃမ်း ယူခြင်းဖြင့် ရဟန်းတို့အား ချီးမြှောက်မှု ပြုတော်မူခြင်းကို နဋ္ဌေရုပုစိမန္ဒ-မူလသဒ္ဒါဖြင့် ပြပါသည်။

တထာ ပုရိမေန ။ပ။ ဝိဝဇ္ဇနံ။ ။ပစ္စည်းလေးပါးကို ခံယူတော်မူခြင်းဖြင့် ပင် ပစ္စည်းလေးပါးသုံးဆောင်မှုပြီးသော ကြောင့် "တထာ ပုရိမေန ။ပ။ ဝိဝဇ္ဇနံ" ဟုဆိုပါသည်။

အတ္တကိလမထာနုယောဂ။ ။အာဟိတော အဟံ မာနော ဇော်ဌာတိ အတ္တာ။ အတ္တနော ကိလမထော အတ္တကိလမထော။ အတ္တကိလမထသာ နုယောဂေါ (ကရဏံ) အတ္တကိလမထာနုယောဂေါ။ အစာ လုံးဝမစားပဲ ဥပုသ်စောင့်သုံးခြင်း။ ဆူး,ငြောင့်စိုက်ထားသောတံကဲ မှီပျဉ်ချပ်ကိုမှီ၍ အိပ်ခြင်း စသည်ဖြင့် မိမိခန္ဓာကိုယ်ကို ဆင်းရဲအောင်ပြုခြင်း သည် "အတ္တကိလမထာနုယောဂ" မည်ပါသည်။

ပစ္ဆိမေန ဝတ္ထုကာမပဟာနတော စသည်။ ။ရှာတွင်းခ်ိန်နေသူများမှာ အလို မရှိကြသော်လည်း ဝိသဘာဂ ရုပ်စသော အာရုံမြင်မှုစသည်ဖြစ်နိုင်၍ ရှာအပြင် သင့်တင့် လျောက်ပတ်ရာ အရပ်၌ နေသူများမှာ ထိုဝိသဘာဂရုပ် စသော အာရုံမြင်မှုစသည် မရှိသော ကြောင့် "ပစ္ဆိမေန ဝတ္ထုကာမပဟာနတော" စသည်ကို ဆိုပါသည်။

ပုရိမေန စ ဓမ္မဒေသနာဘိယောဂံ။ ။ကိုယ်တော်တိုင်ပင် ဂေါစရဂါမ်ရှာသို့ ချဉ်းကပ်တော်မူ၍ ကိုယ်တော်မြတ်၏ တရား နာခြင်းအား လျှောက်ပတ်သော ကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့ကို တွေ့တော်မူသောအားဖြင့် တရားဟောရန်အချိန်ရောက်သည် မည်ပါသည်။ တရားဟောရန် အလွန်အာ ထုတ်မှုကို "ဓဝရဇ္ဇာယဲ"ကို ထောက်ဆ၍သိနိုင်ပါသည်။ ထို့ကြောင့် "ပုရိမေန စ ဓမ္မဒေသနာဘိယောဂံ" ဟုဆိုပါသည်။

ပစ္ဆိမေန ဝိဝေကာဓိမုတ္တိံ။ ။ရှာအပြင်ဘက် ဆိတ်ငြိမ်ရာအရပ်၌နေသူ များမှာ ရောရောပြွမ်းပြွမ်း နေရမှု မရှိ သောကြောင့် ကာယဝိဝေက စသည်တို့၌ စွဲစွဲမြဲမြဲ သက်ဝင်ကြောင်းကို နဋ္ဌေရုပုစိမန္ဒမူလ သဒ္ဒါကို ထောက်ခံ၍ သိနိုင်ပါသည်။ထို့ကြောင့် "ပစ္ဆိ-မေန ဝိဝေကာဓိမုတ္တိံ" ဟု ဆိုပါသည်

ပုရိမေန ကရုဏာယ ဥပဂမနံ စသည်။ ။ဓမ္မဒေသနာဘိယောဂ,ဝိဝေကာဓိ-
မုတ္တိ တို့၏ အကြောင်း ဖြစ်သော
ကရုဏာ,ပညာ တို့သည်ပင် တရားဟောဖို့ရန်ချဉ်းကပ်ခြင်း ထိုတရားဟော
ရာအရပ်မှ ဖဲခွာခြင်း၏ အကြောင်းဖြစ်ကြပါသည်။ ထို့ကြောင့် "ပုရိမေန
ကရုဏာယ ဥပဂမနံ" စသည်ကိုဆိုပါသည်။ မဟာ ကရုဏာတော်ဖြင့် ခုဉ်းကပ်
တော်မူပါသည်။ လာဘ်စသောအကြောင်းကြောင့် ချဉ်းကပ်သည်မဟုတ်ပါ။
ပညာဖြင့်ဖဲခွာတော်မူပါသည်၊ ဆန့်ကျင်မှု စသည်ကြောင့် ဖဲခွာတော်မူသည်
မဟုတ်ပါ။ (မတဲ့လို့ ခွာသည် မဟုတ်ဟူလို)

ဓမ္မိကသုခါ ပရိစ္စာဂနိမိတ္တံ။ ။မြေ့ကသုခ မည်သည် အပြစ်မရှိ အပြစ်ကင်း
သော ချမ်းသာခြင်း တည်း။ မှန်ပါသည်၊
တရားသဖြင့် ရအပ်သော လာဘ်ကို အားကြောင်းပြု၍ ဖြစ်သောကြောင့်
"ဓမ္မိကသုခ" ဟုဆိုပါသည်။

မနုဿာနံ ဥပကာရဗဟုလတံ။ ။ပစ္စည်းလေးပါးကိုခံယူခြင်း, တရားဟော
တော်မူခြင်း စသည်တို့၏အစွမ်းဖြင့် လူတို့
အား ကျေးဇူးများကြောင်းကို ဝေရဉ္ဇာ သဒ္ဒါဖြင့် ပြပါသည်။

ဒေဝတာနံ ဥပကာရဗဟုလတံ။ ။လူအပေါင်းမှ ကင်းဆိတ်သောကြောင့်
နတ်ဗြဟ္မာတို့အား ကျေးဇူးများကြောင်း
ကို နဋ္ဌေရုပုစိမန္ဒ မူလသဒ္ဒါ ဖြင့် ပြပါသည်။ မှန်ပါသည်။ များစွာသော
လူအပေါင်းမှ ကင်းဆိတ်ရာအရပ်သို့ နတ်ဗြဟ္မာများ ချဉ်းကပ် ထိုက်သည်
ဟု မှတ်ထင်ကြပါသည်။

ကေပုဂ္ဂလော။ ။ပုဂ္ဂလ ဟူသည် သမ္မုတိကထာတည်း။ပရမတ္ထကထာမဟုတ်
ပါ။ မြတ်စွာဘုရား၏ ဒေသနာတော်သည် ၁။ သမ္မုတိ
ဒေသနာတော်။ ၂။ ပရမတ္ထဒေသနာတော် ဟူ၍(၂)ပါးရှိပါသည်။

၁။ အသဒိသဒ္ဒေန-မြတ်စွာဘုရားသည် ပါရမီ (၁၀) ပါး တို့ကို
အစဉ်အတိုင်း ဆင်ခြင်မှုကိုအစပြု၍ ဗောဓိသမ္ဘာရဂုဏ် (ဗောဓိဉာဏ်၏
အဆောက်အဦ ပါရမီထူးတို့ကို ဖြည့်ကျင့် ဆည်းပူး သော ဂုဏ်) တို့ဖြင့်
လည်းကောင်း၊ ဘုရားဂုဏ်တော်တို့ဖြင့် လည်းကောင်း၊ ကြွင်းသောလူ အ
ပေါင်းတို့နှင့်တူတော်မမူသောကြောင့်လည်းကောင်း၊

၂။ ဘုရားရှင်မှာရှိသော ဂုဏ်တော်တို့သည်လည်း၊ အခြားသော
သတ္တဝါတို့၏ ဂုဏ်တို့ထက် ထူးကဲသောကြောင့်လည်းကောင်း၊ သတ္တဝါ

အားလုံးတို့နှင့် တူတော်မမူသော ရှေးဘုရားရှင်တို့နှင့် ရူပကာယဂုဏ် နာမကာယဂုဏ်ချင်းတူတော်မူသောကြောင့် လည်းကောင်း "ကေဝုဂ္ဂလ" မည်တော်မူပါသည်။

ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ။ ။ဤစကား နှစ်ခုလုံး သည် မပြီးဆုံးသေး သော စကားသာဖြစ်ပါသည်။(ပစ္စုပ္ပန်စကားသာဖြစ်ပါသည်)၊ မြတ်စွာဘုရားပွင့်တော်မူခြင်းသည် လူအများ၏ စီးပွားအကျိုးငှာ ပွင့်တော်မူပါသည်။ အခြားသောအကြောင်းကြောင့် ပွင့်တော်မူသည်မဟုတ်ပါ။

တနည်း- ၁။ ဥပ္ပဇ္ဇမာန ၂။ ဥပ္ပဇ္ဇတိ ၃။ ဥပ္ပန္နဟု သုံးမျိုးခွဲထားပါ။

၁။ ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေတော်ရင်း ဗျာဒိတ်ရရာအခါမှစ၍ ပါရမီ(၁၀)ပါး၊ အပြား(၃၀)၊ စွန့်ခြင်းကြီး(၅)ပါး၊ စရိယာ(၃)ပါး တို့ကို လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး အထွတ်အထိပ် သို့ရောက်အောင် ဖြည့်ကျင့်တော်မူစဉ်လည်းကောင်း ။ပ။ အနာဂါမိဖိုလ်ခဏာ၌လည်းကောင်း "ဥပ္ပဇ္ဇမာန" မည်ပါသည်။

၂။ အရဟတ္တမဂ်ခဏာ၌ "ဥပ္ပဇ္ဇတိ" မည်ပါသည်။

၃။ အရဟတ္တဖိုလ်ခဏာ၌ "ဥပ္ပန္န" မည်ပါသည်။

မှန်ပါသည်။ ဘုရားရှင်တို့မှာ သာဝကတို့ကဲ့သို့ ကွဒ္ဓိဝိဓညာဏ် စသည်တို့ သည် အစဉ်အဘိုင်း ဖြစ်ကြသည်မဟုတ်ပါ။ အရဟတ္တမဂ်နှင့် တပြိုင်နက်ပင် အလုံးစုံသော သဗ္ဗညုတညာဏ် စသော ဂုဏ်အစုသည် လာသည်မည်ပါသည်။ ဤသို့ ကိစ္စအားလုံးပြီးသောကြောင့် အရဟတ္တဖိုလ်ခဏာ၌ "ဥပ္ပန္န" မည်ပါသည်။ ဤသုတ်၌သည်း အရဟတ္တဖိုလ်ခဏာကိုပင်ရည်ရွယ်၍ "ဥပ္ပဇ္ဇတိ" ဟု ဟောတော်မူပါသည်။ "ဥပ္ပဇ္ဇတိ-ဖြစ်ပြီးဖြင့်ဟော်မူ၏" ဟု အနက်ပေးပါ။

လောကာနုကမ္ပာယ။ ။ဤ၌ လောကအရ-သတ္တလောကကိုယူပါ။ သတ္တ-လောကဟူသည်-မြတ်စွာဘုရား၏ တရားဒေသနာ တော်ကို နာရှုကာ အမြိုက်ရောက်သောက်၍ တရားကို ထိုးထွင်း၍ သိပြီး သော သတ္တလောကတည်း။

အဘိသမယပတ္တသတ္တာနံ ပဋိဗ္ဗောဓနတ္ထံ။ ။မဟာသမယသုတ္တန်, မဂ်လ သုတ်, စူဠရာဟုလောဝါဒ သုတ်, သမစိတ္တပဋ္ဌိပဒါသုတ် ဤလေးသုတ်တို့ကို ဟော်သောအခါ၌ တရား ထူးရသော သတ္တဝါများမှာ ဂဏန်းအရေအတွက် အပိုင်းအခြားမရှိပါ။

ဒေဝမနုဿာနံ။ ။နတ်လူတို့၏ အကျိုးစီးပွားချမ်းသာအလို့ငှါသာ ပွင့်တော်မူသည်မဟုတ်။ နဂါး ဂဠုန်စသည်တို့၏ အကျိုးစီးပွားချမ်းသာအလို့ငှာလည်း ပွင့်တော်မူပါသည်။ သို့သော် သဟိတ်ပဋိသန္ဓေရှိကုန်သော မင်ဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ထိုက်ကုန်သော ပုဂ္ဂိုလ်တို့ကို ပြုခြင်းငှာ "ဒေဝမနုဿာနံ" ဟူသောဝေါဟာရကို ဆိုပါသည်။

ပဌမံ လုမ္ပိနိဝနေ၊ ဒုတိယံ ဗောဓိမဏ္ဍေ။ ။လုမ္ပိနီအင်ကြင်းဥယျာဉ်၌ ရူပကာယဖြင့် ဖြစ်တော်မူ၍ ဗောဓိမဏ္ဍိုင်၌ ဓမ္မကာယဖြင့် ဖြစ်တော်မူပါသည်။

ဝေမာဒိနာ။ ။အာဒိသဒ္ဒါဖြင့် ဝေရဉ္ဇာသဒ္ဒါကို ရှုတ်ဘော်မူသောအားဖြင့် ရူပကာယအား ချီးမြှောက်မှုကိုပြု၍ နဋ္ဌေရုပုစိမန္ဒမူလသဒ္ဒါကို ရှုတ်ဘော်မူသောအားဖြင့် ဓမ္မကာယအား ချီးမြှောက်မှုကို ပြုပါသည်။

တနည်း-ဝေရဉ္ဇာသဒ္ဒါဖြင့် သုတပါဠိနှင့်စပ်သော အမှုအရာပြုခြင်းကို ပြု၍ နဋ္ဌေရုပုစိ ၊န္ဒမူလသဒ္ဒါဖြင့် မိမိနှင့်စပ်သော အမှုအရာပြုခြင်းကို ပြုပါသည်။

တနည်း-ဝေရဉ္ဇာသဒ္ဒါဖြင့် ကရုဏာကိစ္စကိုပြု၍ နဋ္ဌေရုပုစိမန္ဒ မူလသဒ္ဒါဖြင့် ပညာကိစ္စကို ပြုပါသည်။

တနည်း-ဝေရဉ္ဇာသဒ္ဒါဖြင့် လွန်ကဲသော မဟာကရုဏာတော်နှင့် ပြည့်စုံပုံကိုပြု၍ နဋ္ဌေရုပုစိမန္ဒမူလသဒ္ဒါဖြင့် လွန်ကဲသော ဥပေက္ခာနှင့် ပြည့်စုံပုံကို ပြုပါသည်။

ပစ္ဆိမကော။ ။အရှင်အာနန္ဒာ၏ထရိကိုရည်ရွယ်၍ ပစ္ဆိမကော ဟူသော စကားကို ဆိုပါသည်။

ဒိဋ္ဌိသီလသာမညသင်္ခါတသယံဘဝတေန သမဏာဂဏေန။ ။"ယာ ယံ ဒိဋ္ဌိ အရိယာ နိယျာနိကာ နိယျာတိ ဝုက္ခရသ သမ္မာ ဒုက္ခက္ခယာယ တထာရူပါ ဒိဋ္ဌိယာ ဒိဋ္ဌိသာမညဂေါ ဝိဟရတိ" ဟု ဟောတော်မူသောဒိဋ္ဌိ။ ယာနိ တာနိ သီလာနိ အခဏ္ဍာနိ အစ္ဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ ဘုဇိဿာနိ ဝိညုပ္ပသတ္ထာနိ အပရာမဋ္ဌာနိ သမာဓိသံဝတ္တနိကာနိ၊ တထာရူပေသု သီလေသု သီလသာမညဂတော ဝိဟရတိ" ဟု ဟောတော်မူအပ်သော သီလတို့၏ တူမျှသည်၏အဖြစ်ဖြင့် ပေါင်းစပ်အပ်သော ရဟန်းအပေါင်းတည်း။ ခဲ့ပါဦးအုံ-"အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ဒိဋ္ဌိ

သမ္ပဒေါ ပုဂ္ဂလော သဒ္ဓိစ္စပါဏံ ဇီဝိတာ ဝေါရောပေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ''စသော စကားတော်ကို ဟောတော်မူရကား ဒိဋ္ဌိသီလတို့သည် မြဲသော သဘောရှိခြင်းကြောင့် သောတာပန်တို့ကိုသော်မှလည်း အချင်းချင်းအယူသီလတို့၏ တူမျှကုန်သည်၏ အဖြစ်ဖြင့် ပေါင်းစပ်အပ်ပါသည်။ သကဒါဂါမ်စသည်ဘို့ကို ပေါင်းစပ်ပုံမှာ ဆိုဖွယ်ရာပင်မရှိတော့၊ မှန်ပါသည်။ အရိယာပုဂ္ဂိုလ်များသည် အဘယ်မျှလောက် ဝေးသောအရပ်မှာတည်တည် မိမိ၏ဂုဏ်ညီညွတ်ခြင်းဖြင့် ပေါင်းစပ်နိုင်သည်သာ ဖြစ်ပါသည်။ ''တထာရူပါယ ဒိဋ္ဌိယာ ဒိဋ္ဌိသာမညဂတော ဝိဟရတိ၊ တထာရူပေသု သီလေသု သီလ-သာမညဂတော ဝိဟရတိ'' ဟု ဟောတော်မူခြင်းကြောင့် ပုထုဇဉ် ပုဂ္ဂိုလ်ဘို့မှာလည်း အယူသီလ တူမျှသည်၏အဖြစ်ဖြင့် ပေါင်းစပ်မှုကိုရသည်သာ ဖြစ်ပါသည်။ သို့သော် ဤနေရာ၌ အရိယာသံဃာကိုသာ အလိုရှိအပ်ပါသည်။ ဘာ့ကြောင့်နည်း—''ယော တတ္ထ ပစ္ဆိမကော၊ သော သောတာပန္နော'' ဟု ဟောတော်မူခြင်းကြောင့်တည်း။

အသေဝသိ။ ။ကြားခြင်းဟူသည် ရခြင်းပင်တည်းဟု ပြလို၍ ''သုဏာတိ''ကို ''ဥပလဘတိ''ဟု ဖွင့်သည်။ ထိုကြားရခြင်းသည်လည်း ကြားခြင်း၏ အစွမ်းဖြင့်သာ ဖြစ်သည်ဟူသော အနက်အမိပ္ပာယ်ကို ပြလို၍ ''သောတဒ္ဓါရသမ္ပတ္တိဝစနနိဿိတ္ထောသာနုသာရေန အညာသ်''ဟု ထပ်ဆင့်ဖွင့်ဆိုပြန်ပါသည်။

ခေါတိ ပဒပူရဏမတ္တေ နိပါတော။ ။သဒ္ဒါသုံးစွဲမှုသည် အဝဓာရဏာ အကျိုးရှိသောကြောင့် ဝါကျအားလုံးမှာလည်း အဝဓာရဏာအတွင်း ဝင်ပါသည်။ ထို့ကြောင့် ''ခေါတိ။ပ။ နိပါတော''ဟု ဆိုပါသည်။ ''အဝဓာရဏတ္ထေ''ဟူသော ပါဠိဖြင့် ဝါကျအားလုံးမှာ အဝဓာရဏာအတွင်း ဝင်သော်လည်း (ဝင်ပါလျက်) ခေါသဒ္ဒါကို ဆိုခြင်းသည် အလိုရှိအပ်သည်မှ ကန့်သတ်ခြင်း အကျိုးရှိသည်ဟု ပြပါသည်။

ပဒပူရဏေန ပန ဗျဉ္ဇနသိလိဋ္ဌတာမတ္တမေဝ။ ။''ခေါ'' သဒ္ဒါကိုယူလျှင် ''အဒေဝသိ'' ဟူသော ပုဒ်သည် ''ခေါ''သဒ္ဒါကြောင့် ပွင့်လင်းကန်ဆာဆင်အပ် တင့်တယ်သကဲ့သို့ ဖြစ်၍ ပြည့်သည်မည်ပါသည်။ ထို ''ခေါ'' သဒ္ဒါကြောင့်လည်း ရှေ့ပုဒ်နောက်ပုဒ်များ ပြေပြစ်ညက်ညောမှု ဖြစ်နိုင်ပါသည်။ ''ခေါ'' သဒ္ဒါကို မယူ (မထည့်)ခဲ့လျှင် ''အဒေဝသိ''ပုဒ်မပြည့်ပါ။ ထို့ကြောင့် ပဒပူရဏာ

ခေါသဒ္ဒါဖြင့် သဒ္ဒါတို့၏ ပြေပြစ်ညက်ညောသည်၏ အဖြစ်ဟူသော အကျိုးမျှကိုသာ ပြုပါသည်။

မတ္တ ၉၀။ ။မတ္တ သဒ္ဒါသည် ဝိသေသကိုနှစ်စေခြင်း အနက်ရှိပါသည်။ ပဒပူရဏခေါသဒ္ဒါ၏ အနက်တမျိုး မပြုနိုင်ကြောင်းကို မတ္တ သဒ္ဒါဖြင့်ပြ၍။ ၉၀သဒ္ဒါဖြင့် ဗျဉ္ဇနသိလိဋ္ဌတာ အကျိုးစင်စစ်မြဲသည်၏ အဖြစ်ကိုပြုပါသည်။

[မတ္တ၉၀, နှစ်ပါးပြမူ, မတ္တမြစ်ကန်, ဒေသန္ဒိဋ္ဌာန်။]

ဗြဟ္မံ အဏတိ။ ။ဗြဟ္မဟူသည် ဝေဒတည်း။ ထိုဝေဒသည်–၁။ မန္တဝေဒ၊ ၂။ ဗြဟ္မဝေဒ၊ ၃။ ကပ္ပဝေဒအားဖြင့် သုံးပါးအပြားရှိပါသည်။ ထိုသုံးပါးတို့တွင် မန္တတို့ကို ပဓာနမူလဖြစ်သောကြောင့် အဋ္ဌကစသော ဆရာကြီးများ ဟောခဲ့ပါသည်။ ဗြဟ္မကပ္ပတို့သည်ကား ထိုမန္တကို မှီ၍ ဖြစ်လာကြပါသည်။ ထို့ကြောင့် (ထိုဗြဟ္မသဒ္ဒါဖြင့်) ပဓာနဖြစ်သော မန္တကိုသာယူပါသည်။

မန္တ။ ။ဣရုဝေဒ စသော သုံးပါးတို့ကို လုံခြုံစွာရွတ်ဆိုအပ်သောကြောင့် "မန္တ"ဟု ခေါ်ကြပါသည်။

ဣဒမေဝ ဟိ။ ။အဝဝေရဏ (၉၀) သဒ္ဒါဖြင့် "ဗြဟ္မတော ဏာတော" စသောဝိဂြိုဟ်ဝါကျကို တားမြစ်ပါသည်။

ဏာတိဗြာဟ္မဏာနံ။ ။ဤပါဠိဖြင့်အခြားဗြာဟ္မဏများလည်း ရှိသေးသည်ဟု ပြုပါသည်။ မှန်ပါသည်။ ဗြာဟ္မဏတို့သည်–၁။ ဏာတိဗြာဟ္မဏ ၂။ ဝိသုဒ္ဓိဗြာဟ္မဏ ဟု(၂)မျိုးရှိပါသည်။

သမိတပါပတ္တာ။ ။"စင်စစ်အကြင်းမရှိအောင် ဝါသနာနှင့်တကွ ငြိမ်းစေအပ်ပြီးသော မကောင်းမှု ရှိတော်မူသောကြောင့်" ဟု အနက်မှတ်ပါ။ ဤသို့ပေးမှ သာသနာပရဟန်း, အဝိတရာဂရဟန်း, သေက္ခရဟန်း, အသေက္ခရဟန်း တို့၏ မကောင်းမှု ငြိမ်းအေးစေခြင်းမှ မြတ်စွာဘုရား၏ မကောင်းမှု ငြိမ်းအေးစေခြင်းကို အထူးပြုပြီးသား ဖြစ်သွားပါမည်။

အာလပနမတ္တံ။ ။ဘော, အာဝုသော, ဒေဝါနံပိယ ဟူသောစကားများသည် ချစ်ဖွယ်အသုံးအနှုန်းများဖြစ်ပါသည်။

သကိဉ္ဇနော။ ။ရာဂါဒယော ဟိ သတ္တော ကိဉ္စေန္တိ မဒ္ဒန္တိ ပလိဗုန္ဓန္တိတိ ကိဉ္ဇ-နာနိတိ ဝုစ္စန္တိ။

ဂေါတ္တ။ ။ဂံ တာယတီတိ ဂေါတ္တံ။ ဂေါတမောဟူသောသဒ္ဒါနှင့် အသိဉာဏ်ကို စင်စစ် အရာရှိသည်၏ အဖြစ်ဖြင့် စောင့်ရှောက်တတ်သောကြောင့် "ဂေါတ္တ" မည်၏။ ခဲ့ပါဦးအုံ- အသိဉာဏ်သည် အာရုံဖြစ်သောအနက်နှင့် ကင်းရှ၊ မဖြစ်နိုင်သကဲ့သို့ ဤအတူ သဒ္ဒါသည်လည်းဟောနက်နှင့် ကင်းရှ၊မဖြစ်နိုင်ပါ။ ထို့ကြောင့် "ဂေါတ္တ" ဟု ဆိုအပ်သောအနက်သည် ထိုအသိဉာဏ်နှင့်သဒ္ဒါတို့ကို စောင့်ရှောက်ဝတ်၏ ဟု ဆိုရပါမည်၊ ထို ဂေါတ္တ သည် အခြားအမျိုး အစဉ်အဆက်နှင့် မဆက်ဆံသော ထိုအမျိုး၏ အစ ယောက်ျားမှ ဆင်းသက်လာသော ထိုအမျိုး၌ ဒ ကျုံးဝင်သူများနှင့် ဆက်ဆံသော သာမည သဘော ဖြစ်ပါသည်။

သမဏော။ ။ဤပါဠိဖြင့် ပညာရှိများက မြတ်စွာဘုရားကို များစွာမြတ်နိုးကြောင်းပြပါသည်။ ဘာ့ကြောင့်နည်း- သမဏ သဒ္ဒါသည် မကောင်းမှုငြိမ်းစေခြင်းကို ဟောသောကြောင့်တည်း။

ဂေါတမော။ ။ဤပါဠိဖြင့် လောကီလူများက မြတ်စွာဘုရားကို များစွာမြတ်နိုးကြောင်းကို ပြပါသည်။ ဘာ့ကြောင့်နည်း-ဂေါတမ သဒ္ဒါသည် မြင့်မြတ်သောအမျိုး၌ ဖြစ်ကြောင်းကို ပြတတ်သောကြောင့်တည်း။

သက္ကမုနေတော။ ။ဤပါဠိဖြင့် မြတ်စွာဘုရား၏ အမျိုးမြတ်ကြောင်းကိုပြပါသည်။ ဘာ့ကြောင့်နည်း- အလွန် ကျော်ကြား သော-မြင့်မြတ်သော ကျယ်ပြန့်သော မင်းမျိုးကို ထင်ရှား ပြတတ် သောကြောင့်တည်း။ မှန်ပါသည်။ သာကိပင်မင်းမျိုးသည် မဟာသမ္မတမင်းမှစ၍ မရောယှက်သော အလွန်မွန်မြတ်သော အမျိုးဖြစ်ပါသည်။

သက္ကကုလာ ပဗ္ဗဇိတော။ ။ဤစကားကို မြတ်စွာဘုရား၏ သဒ္ဒါ ပဗ္ဗဇိတ အဖြစ်ကိုထင်ရှားပြခြင်းငှာ ဆိုပါသည်။ ဘာ့ကြောင့်နည်း- မျိုးစွာသောဆွမျိုးအစုနှင့် ကြီးကျယ်သော စည်းစိမ်အစုကို ပယ်စွန့်၍ ရဟန်းပြုကြောင်း ပြီးစီးထင်ရှားသောကြောင့်တည်း။

တံ ခေါ ပန ဘဝန္တံ ဂေါတ္တမံ(အဋ္ဌုဂ္ဂတော)။ ။ဤပါဠိ၌ သတ္တမီဝိဘတ်, ဆဋ္ဌီဝိဘတ်များ သက်

နိုင်ပါသော်လည်း ဣတ္ထမ္ဘူတာ၁ချာန အနက်ကို ထွန်းပြတတ်သော အာဘိသဒ္ဒါ နှင့်ယှဉ်သောကြောင့် ဒုတိယာ ဝိဘက်သက်ထားပါသည်။

သေဋ္ဌာ။ ။မြတ်သောဂုဏ်ဟူသော အရာရှိသောကြောင့်ပင် ကိတ္တိသဒ္ဒကို ကောင်းသည်ဟု ဆိုပါသည်၊ "ဘဂဝါတိ ဝစနံ သေဋ္ဌံ" စသော ပါဠိရပ်တို့၌ ကဲ့သို့တည်း။

အဿုဂ္ဂတော။ ။လွှမ်းမိုး၍တက်သည်ဟု အနက်ပေးပါ။ အခြားသူများ နှင့် မဆက်ဆံသော ဂုဏ်တို့ကို အကြောင်းပြု၍ ဖြစ်သောကြောင့် နတ်နှင့်တကွသော လောကကိုလွှမ်းမိုး၍ ဖြစ်သည်ဟု ဆိုလို ပါသည်။

သော ဘဂဝါ။ ။ပါရမီ (၃၀)ကို ဖြည့်ကျင့်၍ ကိလေသာအားလုံးတို့ကို ချိုးဖျက်ကာ အတုမရှိ မြတ်သော အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိပြီးလျှင် နဟ်ဘဏာတို့ထက် မြတ်သော နတ်, သိကြားတကာတို့ထက်မြတ်သောသိကြား, ဗြဟ္မာတကာတို့ထက် မြတ်သောဗြဟ္မာ ဖြစ်တော်မူသော သတ္တလောက၏ ကိုးကွယ်ရာ ဖြစ်တော် မူသောဘာဝကြောင့်တာ စသောအကြောင်းများကြောင့် "ဘဂဝါ"ဟု အမည် ရတော်မူသော မြတ်စွာဘုရား။

ဘဂဝါနှစ်ခုအထူး၊ ။"ဣတိပိ သော ဘဂဝါ"၌ ဘဂဝါသည် မြတ်စွာ ဘုရား၏ နာမည်တော်ကိုပြု၍ "ဘဂဝါ"၌ ဘဂဝါ သည် မြတ်စွာဘုရား၏ ဂုဏ်တော်ကို ပြပါသည်။

ဣတိပိ အရဟံ ဣတိပိ သမ္မာသမ္မုဒ္ဓါ ။ပ။ ဣတိပိ ဘဂဝါ။ ။ဂ မမ္ပဏ္ဍာန်း အားထုတ်သူသည် အရဟံစသော ကိုးဌာနတို့၌ ဣတိပိသဒ္ဒါကို အသီးသီးထည့်၍ ဘုရားဂုဏ်တော်တို့ကို ဩဘာမ်မေ့ရသကဲ့သို့ ဤအတူ ဘုရားဂုဏ်တော်တို့ကို ရှုတ်ဖတ်သူသည်လည်း အရဟံစသော ကိုးဌာနတို့၌ ဣတိပိသဒ္ဒါကို အသီး အသီးထည့်၍ ဘုရားဂုဏ်တော်တို့ကို "ဣတိပိ အရဟံ" စသည်ဖြင့်ရှုတ်ဖတ် ရမည်ဟု ပြလိုရ၍ "ဣတိပိ အရဟံ ।ပ। ဣတိပိ ဘဂဝါ"ဟု မိန့်ပါသည်။ ထိုကဲ့သို့ရှုတ်ဆိုမှ အရဟံစသော ကိုးပုဒ်တို့ဖြင့် နတ်နှင့်တကွသော လောက၌ အလွန်ထင်ရှားသော ဘုရားဂုဏ်ခုတော်တို့ကို အထူးထူးအပြားပြားအားဖြင့် ထင်ရှားပြရာရောက်ပါသည်။

ဣမိနာ စ ဣမိနာ စ ကာရဏေနာတိ ဝုတ္တံ ဟောတိ။ ။ဣတိ သဒ္ဒါ သည် အာသန္နပစ္စက္ခကရဏအနက်ရှိ၍ ပိသဒ္ဒါကား သမ္ပိဏ္ဍနအနက်ရှိပါသည်။ ထိုဣတိပိ သဒ္ဒါဖြင့် ဂုဏ်တော်တို့၏ များကြောင်းကို ပြပါသည်။ ထိုဂုဏ်တော်တို့ကို မှတ်သားခြင်း၏အကြောင်းဘို့ကို သဒ္ဓါတရားရှိကြသော ပညာရှိတို့သည် မျက်မှောက်ပြုရမည်ဖြစ်သောကြောင့် ရှုတ်ဖတ်သောပညာရှိသည် ထိုဂုဏ်တော်တို့၏ အကြောင်းတို့ကို စိတ်မှာ မျက်မှောက်ပြုသကဲ့သို့သာ ရှုတ်ဖတ်သင့်၏ဟု ပြလို၍ "ဣမိနာ စ ဣမိနာ စ ကာရဏေနာတိ ဝုတ္တံ ဟောတိ" ဟု ဆိုပါသည်။

သုဝိဒူရဝိဒူရေ ဌိတောဝ။ ။အဝေးမည်သည်ကို အနီးကဲ့သို့ ထောက်၍ ထောက်၍ ဆိုအပ်သောကြောင့် အလွန်ဝေးသည်၏အဖြစ်ကို ပြလို၍ "သုဝိဒူရဝိဒူရေ ဌိတောဝ" ဟု ဆိုပါသည်။

မဂ္ဂေန ကိလေသာနံ ဝိဒ္ဓံသိတတ္တာ။ ။မြတ်စွာဘုရား၏ ထိုဝေးခြင်းမည်သည် ကိလေသာတို့မှ ဝေးခြင်းတည်း။ အရပ်၏ အစွမ်းဖြင့် ဝေးခြင်းမဟုတ်ပါ။ စင်စစ်သော်ကား ကိလေသာများကို ကြွင်းမဲ့ဩဿုံ အလုံးစုံပယ်အပ်ပြီးသောကြောင့် ဝေးခြင်းဖြစ်၏ဟု ပြလို၍ "မဂ္ဂေန ကိလေသာနံ ဝိဒ္ဓံသိတတ္တာ" ဟု ဆိုပါသည်။

သဝါသနာနံ။ ။ဘုရားမှတပါး အခြားရဟန္တာများလည်း ကိလေသာများကို ပယ်အပ်ပြီးသည်သာ မဟုတ်ပါလော–ဟု စောဒနာဖွယ်ရှိ၍ "သဝါသနာနံ" ဟု ဆိုပါသည်။ မှန်ပါသည်။ မြတ်စွာဘုရားမှတပါး အခြားပုဂ္ဂိုလ်များသည် ဝါသနာနှင့်တကွ ကိလေသာတို့ကို ပယ်ခြင်းငှာ မစွမ်းနိုင်ကြပါ။ ဤ "သဝါသနာနံ"ပါဒ်ဖြင့် မြတ်စွာဘုရား၏ အရဟတ္တဖိုလ်သည် အခြားပုဂ္ဂိုလ်များနှင့် မဆက်ဆံဟု ပြပါသည်။

ဝါသနာ ဟူသည်။ ။ကိလေသာ ပယ်ပြီးပါသော်လည်း ကိလေသာမပယ်ရသေးသော ပုဂ္ဂိုလ်၏ ပယောဂနှင့်တူသော ပယောဂ၏ အကြောင်းဖြစ်သော ကိလေသာသည် ထားအပ်ခဲ့သော အစွမ်းသတ္တိ အထူးတည်း။ အရှင်ပိလိန္ဒဝစ္ဆ၏ "ဝသလ"ဟု ပြောဆိုခြင်း၏အကြောင်းကဲ့သို့ဘည်း။

ကိလေသေဟိ။ ။သာမညစောဒနာသည် ဝိသေသဒ္ဓ တည်သောကြောင့် လည်းကောင်း၊ အထူးကို အလိုရှိသူသည် အထူးကို

သုံးစွဲနိုင်သောကြောင့်လည်းကောင်း "ကိလေသေဟိ" ဟူသောအနက်ကို ရနိုင်ပါသည်၊ [အာရကဿ ဟောန္တိ ပါပကာ အကုသလာ ဓမ္မာ]

ကိလေသာရယော။ ။အကျိုးမဲ့ကိုကျင့်ခြင်းကြောင့် ကိလေသာတို့သည်ပင် ရန်သူမည်ပါသည်။

အဝိဇ္ဇာဘဝတဏှာမယနာဘိ။ ။မူလ၏အစိတ်ဖြစ်သော အတွင်း၌ လည်းကောင်း၊ အပြင်၌လည်းကောင်း ကောင်းစွာတည်သော အဝိဇ္ဇာ, ဘဝတဏှာ နှစ်ပါးသည် ရထားစက်ဘီး၏ပုံတောင်းချက်မနှင့်တူပါသည်။ ထို့ကြောင့် "အဝိဇ္ဇာဘဝတဏှာမယနာဘိ" ဟု ဆိုပါသည်။

ပုညာဒိအဘိသင်္ခါရာရုံ။ ။အကြောင်းအကျိုးဖြစ်သော အဝိဇ္ဇာ, တဏှာ, ဇရာ, မရဏတို့နှင့် ဆက်စပ်သော ပုညာဘိ-သင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့သည် ပုံတောင်းချက်မ အကွပ်တံကူနှစ်ခု၏ အစပ်ဖြစ်သော အကန့်ထောက်ဆံနှင့် တူကုန်၏။ ထို့ကြောင့် "ပုညာဒိ အဘိသင်္ခါရာရုံ" ဟု ဆိုပါသည်။

ဇရာမရဏနေမိ။ ။ဇရာ မရဏသည် ထိုထိုဘဝ၌ အဆုံး၏အဖြင်ဖြင့် ထင်ရှားပါသည်။

ထို့ကြောင့် ထိုဇရာ မရဏကို အကွပ်တံကူအရာ၌ထား၍ "ဇရာမရဏနေမိ" ဟု ဆိုသည်။

အာသဝသမုဒယမယေန အကွေန ဝိဇ္ဈိတ္ဝာ။ ။ဝင်ရိုးသည် ရထားစက်ဘီးလည်ခြင် ၏ပဓာနအကြောင်းဖြစ်သကဲ့သို့ ဤအတူ အာသဝသမုဒယသည်လည်း သံသရာစက်ဘီးလည်ခြင်း ပဓာနအကြောင်းဖြစ်ပါသည်။ ထို့ကြောင့် "အာသဝသမုဒယမယေန အကွေန ဝိဇ္ဈိတ္ဝာ" ဟု ဆိုပါသည်။ [အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော]

ဝိရိယပါဒေဟိ။ ။သံကိလေသပကိုယ, ဝေါဒါနပကိုယတို့၌ တည့်မတ်စွာ ဖိနှိပ်ခြင်း, ရှေ့သို့ လှမ်းခြင်းကိစ္စရှိသည်၏အဖြစ်ဖြင့် နှစ်ဖြာဖြစ်သော ကိုယ်တော်မြတ်၏ ဝိရိယဘည်းဟူသော ခြေတော်တို့ဖြင့်။

သီလပထဝိယံ ပတိဋ္ဌာယ။ ။တည်ရာဟူသောအနက်ကြောင့် သီလသည်ပင် မြေကြီးမည်ပါသည်။ ထိုသီလမြေကြီး၌ ပြည့်စုံ စေခြင်း၏ အစွမ်းဖြင့်တည်ပါသည်။

သဒ္ဓါဟေးတ္ထန်။ ။အပြစ်မရှိသောတရားတို့ကို ယုံခြင်းကိစ္စကို ပြီးစေတတ်သောကြောင့် သဒ္ဓါသည်ပင် လက်မည်ပါသည်။

ကမ္မဿကရံ။ ။ကာယကံစသော ကံအပြားအားလုံးတို့၏ ကုန်ခြင်းကို ပြုတတ်သောကြောင့် ကမ္မဿကရ မည်ပါသည်။

ဥဏဖရသုံ။ ။သမာဓိ တည်းဟူသော ကျောက်၌ ကောင်းစွာ သွေးအပ်သော အရဟတ္တမဂ်တည်းဟူသော ပုဆိန်ကို ဧ့ကိုင်ပါသည်။

အထဝါ စသည်။ ။ပဋိစ္စသမုပ္ပါဒ် ဒေသနာအစဉ်ဖြင့် အနက်ယောဇနာပုံ တမျိုးပြလိုရ၍ ''အထဝါ'' စသည်ကိုမိန့်။

ဒုက္ခာဒီသု အဉ္ဇော်။ ။ဒုက္ခသစ္စာ စသည်တို့၌ မသိသော မောဟသည် သဘောအမှန် အားလျော်စွာ ထိုးထွင်း၍ သိမှုကို မဖေးခြင်းကြောင့် ထိုသဘောအမှန်ကို ဖုံးလွှမ်းခြင်း၏ အစွမ်းဖြင့်သာဖြစ်ပါသည်။ မှန်ပါသည်။ လောကုတ္တရာ သစ္စာနှစ်ပါးမှတပါ၊ အခြားဌာနတို့၌ အာရုံ၏အစွမ်းဖြင့်လည်း အဝိဇ္ဇာဖြစ်နိုင်ပါသည်။ သို့သော် ဖုံးလွှမ်းခြင်း၏ အစွမ်းဖြင့်သာ(အဝိဇ္ဇာဖြစ်မှုကို) ဤနေရာ၌အလုံရှိအင်ပါသည်။

အဝိဇ္ဇာ (၃)မျိုး။ ။ ၁။ ကာမဘဝေ အဝိဇ္ဇာ။
၂။ ရူပဘဝေ အဝိဇ္ဇာ။
၃။ အရူပဘဝေ အဝိဇ္ဇာ ဟု (၃)မျိုးရှိပါသည်။

ပစ္စယော ဟောတိ။ ။အဝိဇ္ဇာသည် ပုညာဘိသင်္ခါရတို့အား အာရမ္မဏပစ္စယသတ္တိ, ဥပနိဿယပစ္စယသတ္တိ (၂) မျိုးဖြင့် ကျေးဇူးပြုပါသည်။ အပုညာဘိသင်္ခါရတို့တွင် သဟဇာတဖြစ်သော အ-ပုညာဘိသင်္ခါရအ ; သဟဇာတပစ္စယသတ္တိ စသည်ဖြင့် ကျေးဇူးပြုပါသည်။ သဟဇာတမဟုတ်သော အပုညာဘိသင်္ခါရအား အနန္တရ,သမနန္တရ စသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ဒ နန္တရမဟုတ်သော အပုညာဘိသင်္ခါရအား အာရမ္မဏပစ္စယသတ္တိ, ဥပနိဿယသတ္တိ(၂)ပါးဖြင့် ကျေးဇူးပြုပါသည်။ အဝိဇ္ဇာသည် အာနေဉ္ဇာဘိသင်္ခါရတို့အား ဥပနိဿယပစ္စယသတ္တိဖြင့်သာ ကျေးဇူးပြု၏။

တိဏ္ဏံ အာယတနာနံ။ ။ ၁။ စက္ခာယတန
၂။ သောတာယတန
၃။ မနာယတန ဟူသော (၃)ပါးကိုယူပါ။ ဘဝ

ကြောင့်နည်း- ဃာန စသော (၃)ပါးအပေါင်းသည် ရူပဘုံ၌ မဖြစ်သင့်သောကြောင့်တည်း။[ရူပလောကေ ဃာနာဒိတ္တယံ နတ္ထိ]

ကေသာယတနဿ။ ။မနာယတနကိုယူပါ။ ဘာ့ကြောင့်နည်း-မနာယတနမှတပါး အခြား စက္ခာယတန စသော တရားတို့သည် အရူပဘုံ၌ မဖြစ်သင့်သောကြောင့်တည်း။

ဆဋ္ဌမဿ ဖဿဿ။ ။ ၁။ စက္ခုသမ္ဖဿ ၂။ သောတသမ္ဖဿ
၃။ ဃာနသမ္ဖဿ ၄။ ဇိဝှါသမ္ဖဿ
၅။ ကာယသမ္ဖဿ ၆။ မနောသမ္ဖဿ

ဆန္နံ ဝေဒနာနံ။ ။
၁။ စက္ခုသမ္ဖဿဇာဝေဒနာ ၂။ သောတသမ္ဖဿဇာ ဝေဒနာ
၃။ ဃာနသမ္ဖဿဇာဝေဒနာ ၄။ ဇိဝှါသမ္ဖဿဇာဝေဒနာ
၅။ ကာယသမ္ဖဿဇာဝေဒနာ ၆။ မနောသမ္ဖဿဇာဝေဒနာ

ဆန္နံ တဏှာကာယာနံ။ ။ ၁။ ရူပဘဏှာ ၂။ သဒ္ဒတဏှာ
၃။ ဂန္ဓတဏှာ ၄။ ရသတဏှာ
၅။ ဖောट္ဌဗ္ဗတဏှာ ၆။ ဓမ္မတဏှာ

ကာမုပါဒါနပစ္စယာ။ ။တဏှာသည် ပြင်းစွာယူခြင်း၏ အစွမ်းဖြင့် ဖြစ်လေ၏ ကာမုပါဒါန် မည်ပါသည်။ ထို့ကြောင့် "ကာမုပါဒါနပစ္စယာ" ဟုဆိုပါသည်။

ကာမုပါဒါနပစ္စယာဝေ မေတ္တံ ဘာဝေတိ စသည်။ ။"သဗ္ဗေပိ တေဘူ-မကာ ဓမ္မာ ကာမ-နီယဋ္ဌေန ကာမာ" ဟု ဟောတော်မူသောကြောင့် ဘဝရာဂသည်လည်း ကာမုပါဒါန် မည်သည်သာ။ ထို ကြောင့် "ကာမုပါဒါနပစ္စယာဝေ မေတ္တံ ဘာဝေတိ" စသည်ကိုဆိုပါသည်။

ဥဘော ပေတေ ဟေတုသမုပ္ပန္နာ။ ။သင်္ခါရတို့သည် အကြောင်းကြောင့် ဖြစ်ကြသကဲ့သို့ ဤအတူ အဝိဇ္ဇာသည်လည်း ကာမာသာ စသည်ဖြင့် အကြောင်းရှိသည်သာ။ထို ကြောင့် "ဥဘော ပေတေ ဟေတုသမုပ္ပန္နာ" ဟု ဆိုပါသည်။

ပညာ။ ။ကခ်ါဝိတဧ္ဏာဝိသုဒ္ဓိဉာဏ်ကိုကောက်ပါ၊

သခ်ါရာ ဟေတုသမုပ္ပန္နာ။ ။ပစ္စယပရိဂ္ဂဟပညာသည်သာ ဓမ္မဋ္ဌိတိဉာဏ် မည်ပါသော်လည်း သခ်ါရတို့ကို မမြင်ကုန်သော် အဝိဇ္ဇာ၏ သခ်ါရတို့၏အကြောင်း၏ အဖြစ်ကို မြင်ခြင်းငှာ မစွမ်းနိုင်ပါ။ ထို့ကြောင့် "သခ်ါရာ ဟေတုသမုပ္ပန္နာ"ဟု ဆိုပါသည်။

ဥဘော ပေတေ ဟေတုသမုပ္ပန္နာ။ ။အဝိဇ္ဇာ,သခ်ါရ (၂) ပါးတို့၏လည်း ပစ္စယုပ္ပန်အဖြစ်ကို ပြလိုသည်၏အဖြစ်ကြောင့် "ဥဘော ပေတေ ဟေတုသမုပ္ပန္နာ"ဟု ဆိုပါသည်။

အတီတမ္မိ အဒ္ဓါနံ စသည်။ ။ဓမ္မဋ္ဌိတိဉာဏ် သည်လည်း ကာလ(၃)ပါး အပေါင်းဟု ကခ်ါအသစ်အကြေးကို လွန်မြောက်ခြင်း၏ အစွမ်းဖြင့် ဖြစ်သောကြောင့် "အတီတမ္မိ အဒ္ဓါနံ" စသည်ကို ဆိုပါသည်။

သခ်ေပါ။ ။သံခိပ္ပန္တိ တွေ အဝိဇ္ဇာဒယော ဝိညာဏာဒယောစာတိ သခ်ေပါ။ (ဟေတုဝိပါဒကာ) သခ်ေပခြင်းတူသောကြောင့် "သခ်ေပါ"ဟု ကေဝုစ်ဖြင့် ဆိုထားပါသည်။ ထိုသခ်ေပတို့ယည် (၁) အတိတ်အကြောင်း၊ (၂) ပစ္စုပ္ပန်အကျိုး၊ (၃) ပစ္စုပ္ပန်အကြောင်း၊ (၄) အနာဂတ်အကျိုးဟု (၄)ပါးရှိပါသည်။

တဏှုပါဒါနဘဝါ ဂဟိတာဝ ဟောန္တိ။ ။အဝိဇ္ဇာကိုယူသဖြင့် ကိလေသာခြင်းတူသောကြောင့် တဏှာ, ဥပါဒါန်တို့ကို ယူပြီးဖြစ်ပါသည်။ သခ်ါရကိုယူသဖြင့် ကံခြင်းတူသောကြောင့် ဘဝကို ယူပြီးဖြစ်ပါသည်။ အဝိဇ္ဇာ, သခ်ါရတို့သည် တဏှာ, ဥပါဒါန်, ဘဝတို့နှင့်ကင်းရှ် မိမိ၏ကိစ္စကို မပြုနိုင်ခြင်းကြောင့် တဏှာ, ဥပါဒါန်, ဘဝတို့ကိုလည်း ယူပြီးပင် ဖြစ်ပါသည်။

အာယူဟနသခ်ါရနှင့်ဘဝအခွဲ။ ။အာဝဇ္ဇန်းတူ ဝိသိတခုတည်းခွဲ ရှေ့ဇော (၆) ပါးတို့ခွဲရှိသော စေတနာသည် အာယူဟနသခ်ါရမည်၍ သတ္တမဇော စေတနာသည် ဘဝမည်ပါသည်။ တနည်း .... ဓမ္ဘနာအားလုံးသည် ဘဝမည်၍ ဓမ္ဘနာနှင့်ယှဉ်သော သမ္ပယုတ်တရားများသည် အာယူဟနသခ်ါရ မည်ပါသည်။

ဣမေ ပဌ ဓမ္မာ အတီတေ ကမ္မဝဏ္ဏေ။ ။အဝိဇ္ဇာ စသောတရားအားလုံး တို့ကိုလည်း ဝဏ္ဏ (၂) ပါ၊ ဖြင့်ပင် သိမ်းယူ၍ ပြုလိုသော အဋ္ဌကထာဆရာသည် "ဣမေ ပဌ ဓမ္မာ အတီတေ ကမ္မဝဏ္ဏေ" ဟု မိန့်ပါသည်။ ဤ၂ခ်ိုးမှုချအားဖြင့် သခ်ၤါရနှင့်ဘဝသည် ကံမည်ပါသည်။ အဝိဇ္ဇာ စသည်တို့ကား ကံဟူသော အဖော်ရှိသောကြောင့် ကံနှင့်လည်းတူ, ကံအားလည်း ကျေးဇူးပြုကြပါသည်။ ထို့ကြောင့် ဥပစာရအားဖြင့် အဝိဇ္ဇာစသည်တို့ကို "ကံ"ဟု ဆိုရပါသည်။

အဝိဇ္ဇာသခ်ၤါရာ ဂဟိတာ ဝေ ဟောန္တိ။ ။ရှေးခ်ဦးကဲ့သို့ ကိလေသာခြင်း ကံခြင်း တူသောကြောင့် တဏှာ, ဥပါဒါန် တို့ကို ယူသဖြင့် အဝိဇ္ဇာကို ယူပြီးဖြစ်ပါသည်။ ဘဝကိုယူသဖြင့် သခ်ၤါရကို ယူပြီးဖြစ်ပါသည်။

ဇာတိဇရာမရဏောပဒေသေန ဝိညာဏာဒီနံ နိဒ္ဒိဋ္ဌတ္တာ။ ။ဝိညာဏ်, နာမ်ရူပ်, သဠာယတာန, ဖဿ, ဝေဒနာတို့၏ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်းအခိုက်အတန့်ကို ဇရာမရဏဟူ ဟောတော်မူသောကြောင့် အခိုက်အတန့်တို့ကို ယူသဖြင့် အဝိနာဘာဝနည်းဖြင့် အခိုက်အတန့်ရှိသော တရားတို့ကိုယူပြီးပင် ဖြစ်ပါသည်။ ထို့ကြောင့် "ဇာတိဇရာမရဏောပဒေသေန ဝိညာဏာဒီနံ နိဒ္ဒိဋ္ဌတ္တာ" ဟုဆိုပါသည်။

အာယတိ ဝိပါကဝဏ္ဏေ။ ။ပစ္စုပ္ပန်အကြောင်းကြောင့် ဖြစ်လေ့ရှိသော အနာဂတ်တရားတို့ကို ယူအပ်ပါသည်။

အာကာရတော။ ။တသ္မိं တသ္မိं သင်္ခေ အာကိရိယန္တိ အဝိဇ္ဇာသခ်ၤါရာ-ဒိဂ္ဂဟဏောဟိ ပကာသိယန္တိတိ အာကာရာ။

သခ်ၤါရဝိညာဏာနံ စေတ္ထ အန္တရာ ကော သန္ဓိ။ ။(၁) အကြောင်းမှ အကျိုးသည် အဆက်မပြတ်ဖြစ်သောကြောင့် သခ်ၤါရနှင့် ဝိညာဏတို့၏ အကြားသည် အကြောင်းအကျိုး တစပ်၊ (၂) အကြောင်းမှအကျိုးဟူသည် အဆက်မပြတ်ဖြစ်နေသောကြောင့် ဘဝ, ဇာတိတို့၏ အကြားသည် အကြောင်းအကျိုးတစပ်၊ (၃) အကျိုးမှ အကြောင်းတို့သည် အဆက်မပြတ်ဖြစ်နေသောကြောင့် ဝေဒနာနှင့်တဏှာတို့၏အကြားသည် အကျိုးအကြောင်းတစပ်၊ ပေါင်းသုံးပါး။ [ဆောင်–သခ်ၤါရနှင့်, ဝိညာဏသာ, ဝေ-တဏှာပ, ဘဝဇာတိ, တိသန္ဓိ, စပ်ဘိမြဲသေချာ]

ဘဂဝန္တံ ဥဒ္ဒိဿ။ ။ဓမ္မကွန္ဒာ ဟခုတခုကို ကျောင်းတကျောင်းစီဖြင့် ပူဇော်အံ့ဟုဆိုပါသော်လည်း မြတ်စွာဘုရားကိုသာ ရည်စူး၍ ပြုအပ်သောကြောင့် "ဘဂဝန္တံ ဥဒ္ဒိဿ" စသည်ကို ဆိုပါသည်။

ဝေမေသ နု ကဒါစိ ကရောတိ။ ။မြတ်စွာဘုရားသည် မကောင်းမှု၏ အကြောင်းတို့ကို ဗောဓိမဏ္ဍိုင်ခွင်ပင် ကောင်းစွာပယ်အပ်ကုန်ပြီးသောကြောင့် တရံတခါမျှသော်မှလည်း ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုကို ပြုတော်မမူပါ။

အဋ္ဌကထာမှ အလွတ်နည်းမျှား။ ။အာရကာတိ အရဟံ၊ အလွန်ဝေးသောကြောင့် အရဟံမည်တော်မူ၏။ ခဲ့ပါဦးအံ့-ကိုယ်, သီလ, စိတ်, ပညာတို့ကို မပွားသူမျှားသည် ထိုကိုယ်, သီလ, စိတ်, ပညာတို့ကို မပွားမျှားသောကြောင့်ပင် ရာဂ, ဒေါသ, မောဟတို့ကို မပယ်နိုင်ပါ၊ အရိယာတရား၌ မကျွမ်းကျင်, မယဉ်ကျေးပါ၊ အရိယာတရားကို မမြင်ကြပါ၊ မကျင့်ကြပါ၊ အမှားကျင့်ကြပါသည်။ ထိုပုဂ္ဂိုလ်မျှားမှ အလွန်ဝေးတော်မူသောကြောင့် "အရဟံ" မည်တော်မူပါသည်။

တနည်း—အာရကာတိ အရဟံ။ နီးသောကြောင့် အရဟံမည်၏။ ခဲ့ပါဦးအံ့-ကိုယ်, သီလ, စိတ်, ပညာတို့ကို ပွားမျှားသူတို့သည် ထို ကိုယ်, သီလ, စိတ်, ပညာတို့ကို ပွားမျှားသောကြောင့်ပင် ရာဂ, ဒေါသ, မောဟတို့ကို ပယ်နိုင်ပါသည်။ အရိယာတရား၌ ကျွမ်းကျင်ယဉ်ကျေးကြပါသည်။ အရိယာတရားကို မြင်ကြပါသည်။ ကောင်းစွာကျင့်ပါသည်။ ထိုပုဂ္ဂိုလ်မျှားနှင့် နီးသောကြောင့် "အရဟံ" မည်တော်မူပါသည်။

သဗ္ဗဓမ္မာနံ။ ။တစိတ်တဒေသကို မယူသောကြောင့် သဗ္ဗဓမ္မာနံဟူသော အထူးကို ရနိုင်ပါသည်။ ခဲ့ပါဦးအံ့ - တစိတ်တဒေသကို ယူခြင်းမရှိလျှင် ယူထိုက်သောတရား၏ တစိတ်တဒေသဟုတ်၊ အလုံးစုံ၏ အဖြစ်ကို သိနိုင်ပါသည်။ ဥပမာ—"ဒိက္ခိတော နု ဒဒါတိ" ကဲ့သို့တည်း၊ ဗုဒ္ဓသဒ္ဒါ ကတ္တားအနက်၌သာ ဖြစ်သည်ဟုသိပါ။ ဘာဝကြောင့်နည်း-ကံကို ဟောလိုမှုမရှိသောကြောင့်တည်း၊ "သဗ္ဗဓမ္မာနံ" ဟူသော ကံပုဒ်ကို အနက်အားဖြင့် ရနိုင်၍ ထည့်ဆိုပါသည်။ မှန်၏၊ ဗုဒ္ဓနကြိယာသည် ကံမပါလျှင် မသင့်ပါ။

အဘိညေယ္ယ။ ။အနိစ္စ စသည် အားဖြင့်လည်းကောင်း၊ လက္ခဏ, ရသ စသည်အားဖြင့်လည်းကောင်း၊ အလွန်ထူးကဲသောညာဏ်ဖြင့် သိထိုက်ကုန်သော သစ္စာလေးပါး တရားတို့ကို။

အဘိညေယျတော ဗုဒ္ဓေါ။ ။ရှေ့အဖို့၌ ဝိပဿနာ,ပညာ စသည်တို့ဖြင့် လည်းကောင်း၊ သိရာခဏ၌ ဓက်ပညာဖြင့် လည်းကောင်း၊ နောက်အဖို့၌ သဗ္ဗညုတညာဏ် စသည်တို့ဖြင့် လည်းကောင်း၊ သိတော်မူပြီးသောကြောင့် ဗုဒ္ဓ မည်တော်မူပါသည်။

သစ္ဆိကာတဗ္ဗေ။ ။နိဗ္ဗာန်ကိုရည်ရွယ်၍ "သစ္ဆိကာတဗ္ဗေ" ဟု ဆိုပါသည်၊ သို့သော် သဉ္ဇာတိဒေသသ နိဗ္ဗာန်စသော ပရိယာယ်အားဖြင့် ထင်ရှားသောအပြားကို ရှင်း၍ "သစ္ဆိကာတဗ္ဗေ"ဟု ဗဟုဝုစ်ဖြင့် ဆိုပါသည်။ တနည်း–သစ္စာလေးပါးတို့၏ ဥဒ္ဒေသ ဖြစ်သောကြောင့် ဗဟုဝုစ်ဖြင့်ဆိုပါသည်။ ဥဒ္ဒေသမည်သည်ကို မဆုံးဖြတ်ရသေးသော အနက်အပိုင်းအခြားရှိသော တရား၏အစွမ်းဖြင့် ပြုအပ်ပါသည်။ ခဲ့ပါဦးအုံ- ဥဒ္ဒေသဖြင့် ပြုအပ်သောတရားတို့၏ ရှိကြောင်းမျှကို ဆိုပါသည်။ အပိုင်းအခြားကို မဆိုပါ။ ထို့ကြောင့် အ ပရိစ္ဆေဒ ဗဟုဝုစ်ဖြင့်ဆိုပါသည်။ ဥပမာ–"အပ္ပစ္ဆယာ ဓမ္မာ၊ အသခ်တာ ဓမ္မာ" တို့ကဲ့သို့တည်း။ တနည်း ...သစ္ဆိကာတဗ္ဗေ-အရ နိဗ္ဗာန်သာမက၊ ဖိုလ်, ဝိမုတ္တိတို့ကိုလည်း ယူရသောကြောင့် "သစ္ဆိကာတဗ္ဗေ" ဟု ဗဟုဝုစ် ဖြင့်ဆိုပါသည်။ "ဘာဝေတဗ္ဗေ" ၌လည်း မဂ် သာမက စျာန်တို့ကိုလည်းယူပါ။

တေဒနဝစဝဟ။ ။သေလပုဏ္ဏားအား ကိုယ်တော်မြတ်၏ ဘုရားအဖြစ်ကို ပြီးစေလိုရှိ"အဘိညေယ္ယ အဘိညာတံ"စသောဂါထာ ကို ဆိုပါသည်။

ဓမ်းဖွယ်။ ။မြတ်စွာဘုရားသည် ကိုယ်တော်တိုင်ပင် ကိုယ်တော် မြတ်၏ "သမ္မာသမ္ဗုဒ္ဓ"အဖြစ်ကို ပြီးစေပါသလော ဟုမေးဖွယ်ရှိ၏။ အဖြေကား- ပြီးစေပါသည်။ ဘာ့ကြောင့်နည်း– မဟာကရုဏာတော်သည် အခြားသူတို့၏အရာမဟုတ်သောကြောင့်တည်း။ [ကောမို့ သမ္မာသမ္ဗုဒ္ဓေါ၊ သဗ္ဗာဘိဘူ သဗ္ဗဝိဒူဟမသ္မိ စသော သုတ်ပုဒ်တို့နှင့် "အဘိညေယ္ယ" စသော ဂါထာ]

အဘိညေယ္ယ စသောဂါထာ။ ။ပြောဟူအ-သေလပုဏ္ဏား၊ မေ-ငါ၏ဘုရား သည်၊ အဘိ-ညေယ္ယ-သူးသော ဉာဏ်ဖြင့် သိသိုက်သော ဒုက္ခသစ္စာတရားကို၊ အဘိညာတံ-သူးသောဉာဏ်ဖြင့် သိအပ်ပြီ။ ဘာဝေတဗ္ဗဥ္စ-မိမ်သန္တာန်၌ဖြစ်စေသိုက်သော မဂ္ဂသစ္စာတရားကိုလည်း၊ ဘာဝိတံ-ဖြစ်စေအပ်ပြီ၊ ဝါ-ပွားစေအင်ပြီ။ သစ္ဆိကာတဗ္ဗဥ္စ- မှတ်မှောက်

ပြုထိုက်သော နိရောဓသစ္စာတရားကိုလည်း၊ သစ္ဆိကတံ-မျက်မှောက်ပြုအပ်ပြီ။ ပဟာတဗ္ဗံ-ပယ်ထိုက်သော သမุဒယသစ္စာတရားကို၊ ပဟီနံ-ပယ်အပ်ပြီ။ တသ္မာ-ထို့ကြောင့်၊ ဗုဒ္ဓေါ-ဗုဒ္ဓ မည်တော်မူသည်၊ အသ္မိ-ဖြစ်၏။ [ဤနည်းအလို ဘာဝေတဗ္ဗဒ္ဓ ဌာပါသော အဝုတ္တသမုစ္စည်း အနက်ရှိသော စသဒ္ဒါဖြင့် သစ္ဆိကာတဗ္ဗဒ္ဓ သစ္ဆိကတံ ကိုဆည်းသည် ဟုမှတ်ပါ။]

တနည်း-ဗြာဟ္မဏ-သေလပုဏ္ဏား၊ မေ-ငါဘုရားသည်၊ အဘိညေ-ယျ-ထူးသောဉာဏ်ဖြင့်သိထိုက်သော ဒုက္ခသစ္စာ, နိရောဓသစ္စာ (၂)ပါးကို၊ အဘိညာတံ-ထူးသောဉာဏ်ဖြင့်သိအပ်ပြီ။ ဘာဝေတဗ္ဗဒ္ဓ-မိမိသန္တာန်ဌ ဖြစ်စေထိုက်သော မဂ္ဂသစ္စာတရားကိုလည်း၊ ဘာဝိတံ- ဖြစ်စေအပ်ပြီ။ ဝါ-ပွားစေအပ်ပြီ။ ပဟာတဗ္ဗံ-ပယ်ထိုက်သော သမุဒယသစ္စာတရားကို၊ ပဟီနံ-ပယ်အပ်ပြီ။တသ္မာ-ထို့ကြောင့်၊ ဗုဒ္ဓေါ-ဗုဒ္ဓ မည်တော်မူသည်၊ အသ္မိ-ဖြစ်၏။ [ဤနည်းအလို "အဘိညေယျံ" ၌ ပါရိသေသနည်းကြံပါ။]

တနည်း-ဗြာဟ္မဏ-သေလပုဏ္ဏား၊ မေ-ငါဘုရားသည်၊ အဘိညေယျ-ထူးသောဉာဏ်ဖြင့် သိထိုက်သော သစ္စာ(၄)ပါး တရားကို၊ အဘိညာတံ-ထူးသောဉာဏ်ဖြင့် သိအပ်ပြီ။ ဘာဝေတဗ္ဗဒ္ဓ-မိမိသန္တာန်ဌ ဖြစ်ထိုက်သော မဂ္ဂသစ္စာ, ထိုမဂ္ဂသစ္စာ၏ အကျိုးဖြစ်သော နိရောဓသစ္စာ တရားကိုလည်း၊ ဘာဝိတံ-ဖြစ်စေအပ်ပြီ။ ဝါ-ပွားစေအပ်ပြီ။ ပဟာတဗ္ဗံ-ပယ်ထိုက်သော သမุဒယသစ္စာ, ထိုသမุဒယသစ္စာ၏ အကျိုးဖြစ်သော ဒုက္ခသစ္စာတရားကို ပဟီနံ-ပယ်အပ်ပြီ။ တသ္မာ-ထို့ကြောင့်ဗုဒ္ဓေါ-ဗုဒ္ဓ မည်တော်မူသည်၊ အသ္မိ-ဖြစ်၏။ [ဤနည်းအလို "ဘာဝေတဗ္ဗဒ္ဓ ဘာဝိတံ၊ ပဟာတဗ္ဗံ ပဟီနံ မေ" တို့၌ အဝိနာ ဘာဝနည်းကြံပါ။]

အကြောင်းသစ္စာ (၂)ပါးအထူး။ ။မင်္ဂလာသည် နိဗ္ဗာန်သို့ရောက်စေတတ်သော သမ္မာပဋိပတ္တိတ်ဖြစ်၍ သမုဒယသည် ဒုက္ခကိုဖြစ်တတ်သော ဇနကဟိတ်ဖြစ်ပါသည်။

မူလကာရဏဘာဝေန။ ။အဝိဇ္ဇာ စသော အခြားအကြောင်းများ ရှိကြသော်လည်း ထိုအဝိဇ္ဇာ စသည်တို့၏လည်း မူလဖြစ်ခဲသော အကြောင်းဖြစ်ပါသည်။ မှန်ပါသည်။ တဏှာသည် ကံဆန်းကြယ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် လည်းကောင်း၊ အဖော်၏အဖြစ်သို့ရောက်ခြင်းကြောင့် လည်းကောင်း ဆင်းရဲအမျိုးမျိုး၏ ပဓာနအကြောင်းဖြစ်ပါသည်။

ရူပတဏှာဒယော ဆ တဏှာကာယာ။ ။တဏှာမှာလည်း ပရိညေယျ အဖြစ် ထင်ရှားရှိသောကြောင့် လည်းကောင်း၊ ဥပါဒါနက္ခန္ဓာ၌ အကျုံးဝင်သည့်အတွက် သင်္ခါရဒုက္ခ ဖြစ်သောကြောင့်လည်းကောင်း၊ ဒုက္ခသစ္စာ၌သိမ်းယူ၍ပြခြင်းငှာ "ရူပတဏှာ-ဒယော ဆ တဏှာကာယာ" ဟု ဆိုပါသည်။ ဖြစ်ဆဲဘဝ၌ တဏှာသည် ခန္ဓာ၌ အကျုံးဝင်သောကြောင့် လည်းကောင်း၊ သင်္ခါရဒုက္ခဖြစ်သောကြောင့် လည်းကောင်း၊ ဒုက္ခသစ္စာ မည်၏။ ဖြစ်ဆဲအတ္တဘောကို ဖြစ်စေတတ်သော ရှေးဘဝ၌ ထင်ရှားသောတဏှာသည် သမုဒယသစ္စာ မည်၏ ဟု သူပါ။

နဝ ဘဝါ။ ။၁။ ကာမဘဝ ၂။ ရူပဘဝ
၃။ အရူပဘဝ ၄။ သညီဘဝ
၅။ အသညီဘဝ ၆။ နေဝသညီနာသညီဘဝ
၇။ ကေဝေါကာရဘဝ ၈။ စတုဝေါကာရဘဝ
၉။ ပဉ္စဝေါကာရဘဝ

နေဝသညာနာသညာ။ ။ရှုန့်ရှင်းကြမ်းတမ်းသော သညာမရှိသောကြောင့် နေဝသညာ မည်၍ နူးညံ့သိမ်မွေ့သောသညာကား ထင်ရှားရှိသောကြောင့် နာသညာ မည်ပါသည်။

သမ္မာ သာမဇ္ဇ သမ္ဘဝမ္မာနံ ဗုဒ္ဓတ္တာ။ ။ဤပါဠိဖြင့် မြတ်စွာဘုရား၏ သူတပါး တို့ ညွှန်ပြခြင်းမှ ကင်းသောအားဖြင့် အခြင်းအရာအားလုံးဖြင့် တရားအားလုံးကို ထိုးထွင်း၍ သိစွမ်းနိုင်သော အလိုရှိမှုနှင့် စပ်သော ဖြစ်ခြင်းရှိသော အနာဝရဏဉာဏ်ဟု ဆိုအပ်သော သဗ္ဗညုတဉာဏ်ခေတ် ရနိုင်ပုံကိုပြပါသည်။

မေးဖွယ်။ ။အနာဝရဏဉာဏ်သည် သဗ္ဗညုတဉာဏ်ခေတ်မှ အခြားမဟုတ်ပါလော၊ ထိုသို့မဟုတ်လျှင် "ဆ ဒေ သာဓာရဏဉာဏာနိ ဗုဒ္ဓဉာဏာနိ" ဟူသော မြတ်စွာဘုရား စကားတော်သည် ဆန့်ကျင်ရာသည် မဟုတ်ပါလော ဟု မေးဖွယ်ရှိ၏။

အဖြေကား–မဆန့်ကျင်ပါ။ အာရုံကွဲပြားခြင်း၏ အစွမ်းဖြင့် အခြားပုဂ္ဂိုလ်ဘို့နှင့် မဆက်ဆံကြောင်းကို ပြခြင်းငှာ ဉာဏ်ဘာမျိုးတည်းကိုပင် နှစ်ခုခွဲ၍ ဟောကြောင်းမူသောကြောင့်တည်း။ ခဲ့ပါပြီ အုံ – ထိုဉာဏ်တမျိုးတည်းကို၎င်း သင်္ခတဘုရားအားလုံး, အသင်္ခတ တရားအားလုံး, ပညတ်တရားအားလုံးတို့ကို အာရုံပြုသောကြောင့် သဗ္ဗညုတဉာဏ်ဟု လည်းကောင်း၊

ထိုအာရုံ၌ပင် အပိတ်အပင်အတားဆီးမရှိသောအားဖြင့် ငြိုကပ်မှုမရှိပဲ ဖြစ်နိုင်ပုံကို အကြောင်းပြု၍ အနာဝရဏာဉာဏ်ဟု လည်းကောင်း ဆိုပါသည်။

တနည်း–အနာဝရဏာဉာဏ်သည် သဗ္ဗညုတဉာဏ်မှ အခြားသာဖြစ်လျှင် ဤနေရာ၌ကား အာရုံအားလုံးတို့၌ အတားအဆီးမရှိပဲ ဖြစ်နိုင်သောကြောင့် သဗ္ဗညုတဉာဏ်ကိုပင် အနာဝရဏာဉာဏ် ဟု အလိုရှိအပ်ပါသည်။

သဗ္ဗညုတဉာဏ် အကြောင်း သိကောင်းစရာ။ ။သဗ္ဗညုတဉာဏ်တော် ဖြစ်လသော် တကြိမ်တည်းသာ အာရုံအားလုံးဘို့၌ ဖြစ်ပါသ်လော၊ သို့မဟုတ် အစဉ်အတိုင်း ဖြစ်ပါသလော ဟု မေးဖွယ်ရှိ၏။ အဖြေကား–တကြိမ်တည်းသာ အာရုံအားလုံးတို့၌ ဖြစ်လျှင် အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ စသော အပြားအားဖြင့် ကွဲပြားကြသော သခ်ၦာတရား,အသခ်ၦတတရား, ပညတ်တရားတို့၏ တပေါင်းတည်း ထင်ရှား၌ (အဝေးမှ ဆန်းကျယ်သော ပုဆိုးကို ကြည့်ရသကဲ့သို့) သီးသန့်ခွဲခြား ဝေဖန်သောအားဖြင့် ထိုးထွင်း၍ မသိနိုင်တော့ရာ၊ ထိုသို့မသိလျှင် "တရားမှန်သမျှတို့သည် အနတ္တ"ဟု ဝိပဿနာရှုသူတို့မှာ အနတ္တအခြင်းအရာအားဖြင့်ကဲ့သို့ တရားဟူသမျှတို့သည် မထင်ရှားသောသဘောဖြင့် မြတ်စွာဘုရား ဉာဏ်တော်၏ အာရုံဖြစ်ကြသည် ဟူသော အပြစ်ရောက်ရာပါသည်။

ဥယျမမ် တရားအားလုံးတို့၏ တည်ခြင်းလက္ခဏာကို အာရုံပြုသော ဘုရားရှင်တို့၏ ဉာဏ်တော်သည် အခါခပ်သိမ်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားတို့ကို "သဗ္ဗဝိဒူ" ဟု ဆိုကြပါသည်။ ထို့ကြောင့် "စရံ-သမာဟိတော နာဂေါ၊ တိဋ္ဌန္တောပိ သမာဟိတော" ဟူသော ဤစကားတော်သည်လည်း ကောင်းသောစကားတော်ဖြစ်၏ ဟု အချို့ဆရာတို့ ဆိုကြပါသည်။ ထိုဆရာတို့၏ အဆိုသည်လည်း ဆိုခဲ့ပြီးသောအပြစ်မှ မလွတ်နိုင်ပါ။ ဘာကြောင့်နည်း–ထိုဆရာတို့၏ ဝါဒ၌တည်ခြင်းလက္ခဏာကို အာရုံပြုသောကြောင့် လည်းကောင်း၊ အတိတ်တရား, အနာဂတ်တရား, ပညတ်တရားတို့မှာ တည်ခြင်းလက္ခဏာ မရှိသောကြောင့် လည်းကောင်းတည်း။ ထိုဆရာတို့၏ ဝါဒအတိုင်းဆိုလျှင် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် တဝိတ်တဒေသကို အာရုံပြုသည်ဖြစ်ရာ၏။ ထို့ကြောင့် တကြိမ်တည်းသာ သဗ္ဗညုတဉာဏ်ဖြစ်သည် ဟု မယူသင့်၊ ထိုသို့မဟုတ်လျှင် အစဉ်အတိုင်း အာရုံအားလုံးတို့၌ သဗ္ဗညုတ ဉာဏ်တော်ဖြစ်၏ ဟု ယူရမည်လော – ဤသို့လည်းမသင့်ပါ။ မှန်ပါသည်။ ဇာတိ, ဘူမိ, သဘာဝ စသည်တို့၏အစွမ်းဖြင့် လည်းကောင်း၊ ဒိသာ,ဒေသ,ကာလ စသည် တို့၏

အစွမ်းဖြင့်လည်းကောင်း၊ တပါးမက မျှားသောအပြားအားဖြင့်ကဲ့ပြားသော ဥယျာဉ်ရားတို့ကို အစဉ်အတိုင်းယူလျှင် ထိုဥယျာဉ်ရားတို့ကို အလုံးစုံ ထိုးထွင်း၍ သိမ္မာမဖြစ်နိုင်ပါ။ ဘာ့ကြောင့်နည်း—ဥယျာဉ်ရားသည် အဆုံးအပိုင်းအခြား မရှိသောကြောင့်တည်း။

ဝါဒတမျိုး။ ။အနက်ကို မချွတ်ယွင်း စေသော အားဖြင့် ဥယျာဉ်ရား၏ တစိတ်တဒေသကို မျက်မှောက်ပြု၍ အကြွင်းဌာနလည်းနည်းတူ ဟု ဆုံးဖြတ်ချက်ချ၍ ပိုင်းခြားသတ်မှတ် ဆုံးဖြတ် ခြင်းကြောင့် မြတ်စွာဘုရား သည်သဗ္ဗညူ။ မည်ပါသည်။ ထိုသဗ္ဗညုတ ဉာဏ်တော် သည်လည်း သံသယမရှိသောကြောင့် "အနုမာန"မဟုတ်ပါ။ မှန်ပါသည်။ လောကဌ် အနုမာနဉာဏ်သည် သံသယနှင့်ဆက်စပ်၏ ဟု အချို့ဆရာတို့က ဆိုကြပါသည်။ ထိုဆရာတို့၏ အဆိုလည်းမသင့်ပါ။ ဘာ့ကြောင့်နည်း— အလုံးစုံကို မျက်မှောက်မပြုနိုင်ပဲ အနက်ကို မချွတ်ယွင်းစေသောအားဖြင့် ဥယျာဉ်ရား၏ တစိတ်တဒေကို မျက်မှောက်ပြု၍ အကြွင်းဌာနလည်းနည်းတူ ဟု ဆုံးဖြတ်ချက်ချ၍ ပိုင်းခြားသတ်မှတ် ဆုံးဖြတ်မှု မဖြစ်သင့်သောကြောင့်တည်း။ မှန်ပါသည်။ ပစ္စက္ခမှကြွင်းသမျှ အပစ္စက္ခသာ ဖြစ်ပါသည်။

အားလုံးမမှန်။ ။အရာမဟုတ်သည်ဌ စိစစ်နေသောကြောင့်တည်း။ [ဗုဒ္ဓ-ဝိသယော ဘိက္ခဝေ အစိန္တေယ္ယော နစိန္တေတဗ္ဗော၊ယော စိန္တေယ္ယ၊ ဥမ္မာဒဿ ဝိဃာတဿ ဘာဂီ အဿ။]

လိုရင်းမှတ်ရန်။ ။မြတ်စွာဘုရား သိလိုသမျှ အလုံးစုံဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ၊ အာရုံတို့ဌ အပိတ်အပင် အတားအဆီး မရှိပဲ ဖြစ်သောကြောင့် မျက်မှောက် အားဖြင့် သဗ္ဗညုတ ဉာဏ်တော် ဖြစ်နိုင်ပါသည်။ ပြန့်လွင့်ခြင်းမရှိသောကြောင့် အမြဲတည်ကြည်ပါသည်။ သိလိုသမျှ အားလုံး၏ အာရုံမဖြစ်နိုင်သော် ထိုဉာဏ်တော်သည် အလိုတော်ရှိသမျှနှင့် စပ်သော ဖြစ်ခြင်းမရှိတော့ဘု၊ စင်စစ်ကေန် အမှန်အားဖြင့်သာ ထိုအလိုတော်ရှိမှုနှင့်စပ်သော ဖြစ်ခြင်းရှိနိုင်ကြောင်းကို လက်ခံရပါမည်။ ဘာ့ကြောင့်နည်း-"သဗ္ဗေ ဓမ္မာ ဗုဒ္ဓဿ ဘဂဝတော အာဝဇ္ဇနပဋိဗဒ္ဓါ အာကခ်ပဋိဗဒ္ဓါ မနသိကာရပဋိဗဒ္ဓါ စိတ္တုပ္ပါဒပဋိဗဒ္ဓါ" ဟု ဟော တော် မူသောကြောင့်တည်း။ မြတ်စွာဘုရားဉာဏ်တော်သည် အတိတ်, အနာဂတ်ကိုသာ အာရုံပြုသော်လည်း မှန်းဆ၍ယူခြင်း,အာဂုံယောက်၍ယူခြင်း,ကြံဆ၍ယူခြင်းတို့မှ ကင်းသောကြောင့် ပစ္စက္ခသာ ဖြစ်ပါသည်။

မေးဖွယ်။ ။ထိုဝါဒဌာလည်း အလုံးစုံကို သိလိုရာအခါဌ တကြိမ်တည်းဖြင့် ပင် အလုံးစုံသော အာရုံရှိခြင်းကြောင့် မဖြင့်ရှားသော

သဘောဖြင့် မြတ်စွာဘုရား၏ ဉာဏ်တော်ဖြစ်ရာသည် ဟူသောအပြစ်မှ မလွတ်နိုင်သည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။

အပြေကား--မလွတ်နိုင်သည်မဟုတ်ပါ။ အကြောင်းကား-ထိုဇဋ္ဌဝိသယသည် အစိန္တေယျ ဖြစ်သောကြောင့်တည်း။ ဤကဲ့သို့မဟုတ်လျှင် မျှားစွာသော လူပေါင်း၏ ဉာဏ်နှင့်တူသော ဖြစ်ခြင်းရှိသောကြောင့် ဘုရားရှင်၏ ဉာဏ်တော်သည် အစိန္တေယျမဖြစ်တော့ရာ။ ထို့ကြောင့် အလုံးစုံသော တရားတို့ကို အာရုံပြုသော်လည်း တရားတမျိုးကို အာရုံပြုသကဲ့သို့ ထိုဉာဏ်တော်သည် ကောင်းစွာပိုင်းဖြတ် သတ်မှတ်အပ်သော တရားတို့ကိုပင် အာရုံပြုသည် ဖြစ်ပါသည်။ ထို့ကြောင့် ဤဉာဏ်တော်သည် အစိန္တေယျသာ ဖြစ်ပါသည်။ "ယာဝတကံ ဥ ယံ၊ တာဝတကံ ဉာဏံ။ ယာဝတကံ ဉာဏံ တာဝတကံ ဥ ယံ၊ ဥ ယျပရိယန္တိကံ ဉာဏံ။ ဉာဏပရိယန္တိကံ ဥ ယံ" ဟု ဆိုသောကြောင့် တပေါင်းတည်း အသီးသီး တကြိမ်တည်း အစဉ်အတိုင်း အလိုရှိသလောက် မဟောက်မပြန် ကိုယ်တော်တိုင် အလုံးစုံသော တရားတို့ကို သိတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါသည်။

အမှာ–ဌီကာဆရာများ မကြာမကြာ ကျယ်ဝန်းစွာ ဖွင့်တတ်၍ သဗ္ဗညုတ ဉာဏ်နှင့်စပ်၍ ဗဟုသုတဖြစ်ရန် ရည်သန်လျက် ဌီကာများ ဖွင့်ထားသည့် အတိုင်း ရေးသားလိုက်ပါသည်။

ဝိဇ္ဇာ။ ။ဝိန္ဒိယံ ဝိန္ဒတိ ဝိဇ္ဇာ။ တနည်း–အတ္တနော ပဋိပက္ခံ ဝိဇ္ဇတိ ဝိဇ္ဇာ။

သမ္ပယုတ္တာ။ ။ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့်၊ ဝါ-ပြည့်ဝတော်မူသည်၏အဖြစ်ကြောင့် ဟု သဒ္ဒတ္ထပေးရ၍ မချို့တဲ့တော်မူသည်၏ အဖြစ်ကြောင့်ဟု အဓိပ္ပာယ်မှတ်ပါ။

မနောမယိဒ္ဓိယာ။ ।ကေ ဘိက္ခု ကေ မမ္ဘာ ကာယာ အညံ ကာယံ အဘိနိမ္မိနာတိ ရူပံ မနောမယံ သဗ္ဗင်္ဂပစ္စင်္ဂီ အဟီနိန္ဒြိယံ" ဟူသောနည်းဖြင့် လာသောကိုယ်အတွင်းခ္ခ အခြားသာလျှင် ဖြစ်သော စျာန်စိတ်ကြောင့်ဖြစ်သော မနောမယကိုယ်တမျိုးကိုဖြစ်စေတတ်သော တန်ခိုးသည် "မနောမယိဒ္ဓိ" မည်၏။

အဘိညာ။ ။အာသဝက္ခယဉာဏ်နှင့် ကျန်ဒွိဝိဓ စသောအဘိညာဥ် (၅)ပါး။

တိဿော ဝိဇ္ဇာ ဘယဘေရဝသုတ္တေ၊ ဘဒ္ဒ ဝိဇ္ဇာ အမ္မဋ္ဌသုတ္တေ။ ။ဝေနေယျတို့၏အလို ဆန္ဒနှင့်အညီ ဟောတော်မူပါသည်။

သတ္တ သဒ္ဒမ္မာ။ ။သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, သတိ, ပညာ။

ဣမေ ယေဝ ဟိ စသည်။ ။အာဘယ်ကြောင့် သီလစသော(၁၅)ပါးတို့ကို "စရဏာ" ဟု ဟောတော်မူပါသနည်းဟူသောစောဒနာကို ရည်ရွယ်၍ "ဣမေယေဝ ဟိ" စသည်ကို ဆိုပါသည်။ ထို "ဣမေယေဝ ဟိ" စသည်ဖြင့် သီလ စသည်တို့ကို သိက္ခာ(၃)ပါးအပေါင်းဖြင့် သိမ်းယူနိုင်သောကြောင့် နိဗ္ဗာန်သို့ ကပ်ရောက်ခြင်းခွဲ ကေန်အားဖြင့် ပြီးစေနိုင်ကြောင်းကို ပြဆိုပါသည်။

တတ္ထ ဝိဇ္ဇာသမ္ပဒါ စသည်။ ။ဝိဇ္ဇာစရဏသမ္ပဒါကို သာဝကတို့၌ ရအပ်ပါကုန်သော်လည်း ဘုရားနှင့်မတူ ဟု ပြလို၍ "တတ္ထ ဝိဇ္ဇာသမ္ပဒါ" စသည်ကိုဆိုပါသည်။ အာသဝက္ခယဉာဏ်ကြောင့် သဗ္ဗညုတဒေသဖြစ် ပြီးရကား"ဝိဇ္ဇာသမ္ပဒါ ဘဂဝတော သဗ္ဗညုတံ ပူရေတွာ ဌိတာ" ဟု ဆိုပါသည်။

စရဏသမ္ပဒါ မဟာကာရုဏိကတံ ပူရေတွာ ဌိတာ။ ။ကရုဏာ ဗြဟ္မဝိဟာရသည် စျာန်(၄)ပါးတို့၌ အကျုံးဝင်သည့်အတွက် စရဏတရား၌ အကျုံးဝင်သောကြောင့်လည်းကောင်း၊ ထိုက်သည့်အားလျော်စွာ မဟာကရုဏာသမာပတ်၏ အစွမ်းဖြင့် ဆက်ဆံခြင်းသဘောမရှိသော ထိုကရုဏာ ဗြဟ္မဝိဟာရကို မြတ်စွာဘုရား၌ ရအပ်သောကြောင့် လည်းကောင်း "စရဏသမ္ပဒါ ။ပ။ ဌိတာ" ဟု ဆိုပါသည်။

သော သဗ္ဗညုတဿ စသည်။ ။သတ္တဝါတို့ကို အကျိုးမဲ့ကိုရှောင်ကြဉ်စေ၍ အကျိုးရှိသည်၌ တိုက်တွန်းတော်မူခြင်းသည် ပညာမပါပဲ မဖြစ်နိုင်သကဲ့သို့ ဤအတူ သတ္တဝါတို့၏ အကျိုးမဲ့ကို သိတော်မူခြင်းသည် မြတ်စွာဘုရား၏ မဟာကရုဏာပေါပဲ မဖြစ်နိုင်ပါ။ ဤသို့လျှင် ဉာဏ်တော်နှစ်ခုလုံးသည်လည်း နှစ်ဌာနတို့၌ မမိကိစ္စရှိကြသည်သာ။ သို့သော် ပဓာနဖြစ်ရာဌာနနှင့် ပဓာနဖြစ်သော ဉာဏ်ကို ပြုခြင်းငှာ "ဣဿ သဗ္ဗညုတဿ" စသည်ကို ဆိုပါသည်။

ယသာ တံ ဝိဇ္ဇာစရဏသမ္ပန္နော။ ။ဤပါဠိဖြင့် ဤအကျင့်သည် ဝိဇ္ဇာစရဏနှင့် ပြည့်စုံသူ၏သာ သီးသန့်အကျင့်ဖြစ်သည်ဟု ပြပါသည်။ ဝိဇ္ဇာသမ္ပဒါဖြင့် မြတ်စွာဘုရား၏ ပညာကြီးကြောင်းကိုပြ၍ စရဏသမ္ပဒါဖြင့် မြတ်စွာဘုရား၏ ကရုဏာကြီးကျယ်ကြောင်းကို ပြပါသည်။

ပရိသုဒ္ဓမနဝဇ္ဇံ။ ။စင်ကြယ်သောကြောင့် တင့်တယ်မှုဖြစ်ပါသည်။ ထို့ကြောင့် "သောဘနံ"ကို "ပရိသုဒ္ဓံ" ဟု ဖွင့်ပါသည်။ အပြစ်မှကင်းသောကြောင့် စင်ကြယ်မှုဖြစ်ပါသည်။ ထို့ကြောင့် "ပရိသုဒ္ဓံ"ကို "အနဝဇ္ဇံ" ဟု ထပ်ဆင့်ဖွင့်ပါသည်။

သုန္ဒရဏ္ဍေသ ဌာနံ ဂတော အမတံ နိဗ္ဗာနံ။ ။အသင်္ခတဓာတ်သည် မဲကာင်းသော သင်္ခါရဒုက္ခမျိုး မရှိရကား စင်စစ်သုခဖြစ်သောကြောင့် ဧကန်အားဖြင့် ကောင်းသည် မည်ပါသည်။ ထို့ကြောင့် "သုန္ဒရဏ္ဍေသ ။ပ။ နိဗ္ဗာနံ" ဟု ဆိုပါသည်။[နိဗ္ဗာနံ ပရမံ သုခံ]

ပဟီနေ ကိလေသေ ပုန အပစ္စာဂစ္ဆန္တော၊ ။ကောင်းစွာသွားခြင်း မည်သည်လည်း ဆန့်ကျင်ဘက် လွှမ်းမိုး မခံရသူ၏ သွားခြင်းတည်း။ ထို့ကြောင့် "ပဟီနေ ။ပ။ အပစ္စာ-ဂစ္ဆန္တော"ဟု ဆိုပါသည်။

သမ္မာ ဝါ အာဂတော။ ။သိခါပတ္တသမ္မာဂမန ပြီးစီးကြောင်း အာဂမန ပဋိပဒါသည် သမ္မာဂမနပင်ဖြစ်သောကြောင့် ဤနည်းဖြင့်လည်း ဘုရားရှင်သည် သုဂတ မည်တော်မူ၏ဟု ပြခြင်းငှာ 'သမ္မာ ဝါ အာဂတော" စသည်ကို ဆိုပါသည်။

သဗ္ဗလောကဿ ဟိတသုခမေဝ ကရောန္တော။ ။ဤပါဠိဖြင့် မဟာဗောဓိ အကျိုးငှာ အကျင့်သည် ခွဲခြားမှုမရှိသောအားဖြင့် သတ္တဝါအားလုံး တို့၏ စီးပွားချမ်းသာကို အခါခပ်သိမ်း ဆောင်ခြင်း၏ အဖြစ်ဖြင့်သာလျှင် ဖြစ်၏ဟု ပြပါသည်။

သဿတံ ဥစ္ဆေဒန္တိ ဣမေ အန္တေ အနုပဂစ္ဆန္တော ဂတော။ ။ဤပါဠိဖြင့် ပဋိစ္စသမုပ္ပါဒဂတိကို ပြပါသည်။

ကာမသုခ် ဟာကိတ္တလမထန်ဒီ ဣဒမ အနေ့ အနုပဂစ္ဆနော့ ဂတောဝ။ ။ဤပါဠိ၌ ဖြင့် အရိယ မဂ္ဂဂတိကို ပြပါသည်။

စကား (၆) ခွန်း။ ။

၁။ မဟုတ်မမှန်, အကျိုးမရှိ, သူတပါးတို့ မနှစ်သက်သော စကား။

သီလရှိသူကို ဒုသီလ ဟုလည်းကောင်း, စဏ္ဍာလ မဟုတ်သူကို စဏ္ဍာလ ဟု လည်းကောင်း စသည်ဖြင့် ပြောဆိုသောစကားမျိုး ဖြစ်ပါသည်။

၂။ ဟုတ်မှန်, အကျိုးမရှိ, သူတပါ.တို့ မနှစ်သက် သော စ.ကား။

ဒုသီလကို ဒုသီလ ဟု လည်းကောင်း၊ စဏ္ဍာလ ကို စဏ္ဍာလ ဟု လည်းကောင်း စသည်ဖြင့် ပြောဆိုအပ် သောစကားမျိုး ဖြစ်ပါသည်။

၃။ ဟုတ်မှန်,အကျိုးရှိ,သူတပါးတို့ မနှစ်သက်သောစကား။

"အာပါယိကော ဒေဝဒတ္တော နေရယိကော" စသော စကားတော်ကဲ့သို့ ငရဲ၌ ကျမည့် ပုဂ္ဂိုလ်ကို ငရဲ၌ ကျမည်ဟု စသည်ဖြင့် ပြောဆိုသောစကားမျိုး ဖြစ်ပါသည်။

၄။ မဟုတ်, မမှန်, အကျိုးမရှိ, သူတပါးတို့ နှစ်သက် သော စကား။

ဝေဒကျမ်းလာအစီအရင်, ယဇ်အစီအရင်ဖြင့် ပြုအပ် သော ပါဏာတိပါတကံ စသည်ဟာ သုဂတိကိုဆောင် နိုင်၏ဟု လောကကို တွေဝေစေသော စကားမျိုး ဖြစ်ပါသည်။

၅။ ဟုတ်မှန်,အကျိုးမရှိ,သူတပါးတို့ နှစ်သက်သော စကား။

ဟုတ်မှန်သောနည်းဖြင့် ဂုံးတိုက်စ.ကားမျိုး ဖြစ်ပါ သည်။

၆။ ဟုတ်မှန်,အကျိုးရှိ,သူတပါးတို့ နှစ်သက်သော စကား။

သင့်လျော်လျောက်ပတ်ရာ ဌာနခွဲ ဖြစ်စေအပ်သော ဒါန,သီလ စသည်နှင့် စပ်သောစကားမျိုး ဖြစ်ပါ သည်။

ဤစကား ခြောက်ခွန်းတို့တွင် (၃-၆) အမှတ်ပြုစကား (၂)ခွန်းကို မြတ်စွာဘုရားမိန့်တော်မူ၍ ကျန်လေးခွန်းတို့ကို မိန့်တော်မမူပါ။

လောက၏အကျိုးပြီးခြင်းငှာ စီးပွားချမ်းသာကို ဆောင်နိုင်သောကြောင့် မြတ်စွာဘုရား၏စကားတော်သည် အချို့သူ မနှစ်သက်အပ်သော်လည်း ပိယမနာပ ပင် ဖြစ်ပါသည်။

အဌကထာမုတ္တကနယော။ ။ဂမနသည်-(၁) ကာယဂမန၊ (၂)ဉာဏဂမန ဟူ နှစ်မျိုးရှိ၏။ ထိုတွင် ကာယဂမနသည်-(၁) ဝေနေယျဇနောပသက်မန (၂) ပကတိဂမန ဟု (၂)မျိုးရှိပြန်၏။ ထိုတွင် ဘုရားရှင်၏ ဝေနေယျသတ္တဝါအားပေါင်း ထံသို့ ကြွတော်မူခြင်းသည် ထိုဝေနေယျတို့၏ စီးပွားချမ်းသာကို စင်စစ်ပြီးစေတတ်သောကြောင့် တင့်တယ်တော်မူပါသည်။ ဘုရားရှင်၏ ပကတိကြွတော်မူခြင်းသည် လက္ခဏာဘော်ကြီးငယ် အသွယ်သွယ်တို့ဖြင့် တန်ဆာဆင်အပ်သော ဘုရားရှင်၏ ရူပကာယတော်ကြောင့် ကြွလှမ်းတော်မူသောအခါ ဓုတ(ခြေခါလက်ခါ)၊ ဝိသမ္ဘိတ(ခါးကိုင်း-ခါးကုန်း တဲ့ရရွဲဆွဲ)၊အနုကမုန(ရှုပ်တိုက်)၊ခလိတ(ချွတ်ချော်)၊ နိပ္ပီဠန(ခြေဖျား ဖနောင့် ပျာယီးပျာယာ)၊ ဥက္ကုဋိက(ဖဝါးစွန်း)၊ကုဋိလ(ကောက်တီးကောက်ကွေး)၊ အာကုလတာ(ဖယ်ရမ်းဖယ်ရမ်း) စသောအပြစ်တို့မှ ကင်းသောကြောင့် ပြုံးရွှင်မြူးထူးသော ဟာသ်မင်း, ဆင်မင်း, ခြသေ့မင်း တို့၏ သွားခြင်းကဲ့သို့ ဖူးမြော်၍ မဝအောင် တင့်တယ်တော်မူပါသည်။ အပြစ်မရှိ ပြန့်ပြောသော ကရုဏာ, သတိ, ဝီရိယ အစရှိသောဂုဏ်ထူးတို့နှင့် တကွ ဖြစ်သောကြောင့် ဉာဏဂမနသည် ဘုရားဆုပန်သည်မှစ၍ ဗောဓိမဏ္ဍိုင်သို့တိုင်အောင် အပြစ်မဲ့သောကြောင့် လည်းကောင်း၊ သဗ္ဗဝါတို့၏ စီးပွားချမ်းသာကို ဆောင်သောကြောင့် လည်းကောင်း တင့်တယ်တော်မူပါသည်။

သုဂတ၏အနက်(၄)ချက်။ ။

၁။ သယမ္ဘူ။ဉာဏ်ဖြင့် အလုံးစုံသော လောကကို ပရိညာဘိသမယအစွမ်းဖြင့် ပိုင်းခြားကာ သိတော်မူသော မြတ်စွာဘုရား။(သိ)

၂။ သယမ္ဘူ။ဉာဏ်ဖြင့် လောကသမုဒယကို ပဟာနာဘိသမယအစွမ်းဖြင့် ပယ်တော်မူသော (ဖြစ်ခြင်းသဘောမရှိသည်၏ အဖြစ်သို့ရောက်စေတော်မူသော) မြတ်စွာဘုရား။ (ပယ်)

၃။ လောကနိရောဓကို သစ္ဆိကိရိယာဘိသမယအစွမ်းဖြင့် ရတော်မူသော မြတ်စွာဘုရား (ဆိုက်)

၄။ လောကၦ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောအကျင့်ကို ဘာဝနာဘိသမယ အစွမ်းဖြင့် ကောင်းစွာ ကျင့်တော်မူသော မြတ်စွာဘုရား။(ပွား)

ယတ္ထ ခေါ အာဝုသော စသည်။ ။"ယတ္ထ ခေါ ဘဒ္ဒေ နု ဇာယတိ ။ပ။ ပါပုဏိတုံ ဝါ" ဟု သြကာသလောက ၏ ဂတိကိုရည်ရွယ်၍ ရောဟိတ နတ်သားက မေးလျှောက်၍ မြတ်စွာဘုရား က"ယတ္ထ ခေါ အာဝုသော"စသည်ကိုမိန့်ဆိုပါသည်။ထိုပါဠိ"နု ဇာယတိ" စသည်ဖြင့် ဖြောင့်ဖြောင့် ဇာတိ စသည်ဘို့ကိုပယ်၍ "နစဝတိ နဥပပဇ္ဇတိ" ဟူသော(၂)ပါးဖြင့် တပြောင်းပြန်ပြန်စုတေခြင်း ပဋိသန္ဓေနေခြင်း တို့ကို ပယ်မြစ်ပါသည်။ ကေစိဆရာတို့က-"နု ဇာယတိ"စသည်ကို ဂဗ္ဘသေယျက စသည်တို့၏အစွမ်းဖြင့်ဟောတော်မူ၍"နု စဝတိ နု ဥပပဇ္ဇတိ" ဟူသော ပုဒ်နှစ်ပါးကို သြပပါဘိက၏ အစွမ်းဖြင့် ဟောတော်မူသည်ဟု ဆိုကြပါသည်။

ဥတေယ္ယံ၊ ဒဒ္ဒေယ္ယံ၊ ပတ္ထေယ္ယံ။ ။ဥတေယ္ယံ-သိအပ်၏ စသည်ဖြင့် ကံအနက် ပေးပါ။ ဥတာယံ စသည်မူကွဲများ၌ ဥတာ+အယံ စသည်ပုဒ်ခွဲ၍ အယံ-ဤနိဗ္ဗာန်ကို အလိုရှိသူသည်၊ ဥတာ-သိ၏ စသည်ဖြင့် ကတ္တားအနက်ပေးပါ။

ဗျာမမတ္တေ ကဒ္ဒေဝရေ သသုဝိမှိ သမနကေ။ ။"ဗျာမမတ္တေ ကဒ္ဒေဝရေ" ပါဠိဖြင့် ရူပက္ခန္ဓာကို ပြုပါသည်။ "သသုဝိမှိ"ဖြင့် သညာကိုအဦးပြု၍ (ခေါင်းတပ်၍) ဝေဒနာ စသော ဧကတသိက်ခန္ဓာ (၃)ပါးကို ပြုပါသည်။ ဘာ့ကြောင့်နည်း-သညာ နှင့်တကွ ဖြစ်သောကြောင့်တည်း။ "သမနကေ"ဖြင့် ဝိညာဏက္ခန္ဓာကို ပြုပါသည်။ ဝိသျှာဏ်မရှိသော ဥတုဇရူပ်အပေါင်းမျှ၌ ပညတ်ခြင်းငှာ **မစွမ်းနိုင်** ဟု ဆိုပါသည်။

လောကနိရောဓံ၊ ။နိဗ္ဗာန်ကိုလည်း ခန္ဓာတို့ကို အကြောင်းပြု၍ ပညတ်ရ သောကြောင့် ခန္ဓာကိုယ်၌ပင် ပညတ်ပါသည်။ ခဲ့ပါ ဦးအုံ-နိဗ္ဗာန်သည် အရပ်မရှိသော်လည်း ခုပ်သောတရားတို့၏ အစွမ်းဖြင့် အရပ်ရှိသကဲ့သို့ ဥပစာတင်စား၍ ညွှန်ပြအပ်ပါသည်။ [စကၠု လောကေ ပိယရူပံ သာတရူပံ ဧတ္ထသာ တဏှာ ပဟီယမာနာ ပဟီယတိ။ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။]

အပ္ပဘူဝ၊ ။အရဟတ္တမဂ်ဖြင့် မရောက်မူ၍ (ဝါ) မခေါ်ကသမျှ ဟု အဓိပ္ပာယ်မှတ်ပါ။

လောကန္တဂူ။ ။ပရိညာဘိသမယဖြင့် လောကကိုသိပြီ၍ ဟောနာဘိ-သမယဖြင့် လောက်ကမ်း အဆုံးသို့ ရောက်သူ။

နာသီသတိ။ ။ပဋိသန္ဓေမရှိသောကြောင့် ဤပစ္စုပ္ပန်လောကကို မတောင့်တ သကဲ့သို့ တမလွန်လောကကိုလည်း မတောင့်တဘေဘု။

လောက(၃)ပါး။ ။၁။ သတ္တလောက-ဂျန္ဒြိယဗဟုခန္ဓာတို့၏ အပေါင်းနှင့် ဂျန္ဒြိယဗဟုခန္ဓာတို့၏ အစု [ရူပါဒီသု သဠာယတနေသု ဝိသဠာယတနဘိ သတ္တောဟုလောကီယတိ ဘဝ ကုသလာ ကုသလံ တဗ္ဗိပါကောစာတိ လောကော၊ သတ္တော လောကော သတ္တလောကော]

၂။ သြကာသလောက-အနိန္ဒြိယဗဟုရုပ် စသည်တို့၏ အပေါင်းနှင့် အနိန္ဒြိယဗဟုရုပ် စသည်တို့၏အစု။ [လောကီယန္တိ ဘဝ ဇင်ကမာ ထာဝရာစာတ် လောကော၊ သြကာသော လောကော သြကာသလောကော။]

ထိုဇင်္ဂမ ထာဝရတို့၏ တည်ရာဖြစ်သောကြောင့် သြကာသလောကကို ဘာဇနလောက ဟု လည်း ဆိုကြသေ,၏။

၃။ သင်္ခါရလောက-ဂျန္ဒြိယဗဟုခန္ဓာနှင့် အနိန္ဒြိယ-ဗဟုခန္ဓာ။ [ပဗ္ဗယေဟိ သင်္ခရိယတေတိ သင်္ခါရော၊ လုဇ္ဇတိ ပလုဇ္ဇတိတိ လောကော၊ သင်္ခါရော စ သော လောကောစာတိ သင်္ခါရလောကော]

အာဟာရဋ္ဌိတိကာ၊ ။အကြောင်းနှင့်ပေါ်သော ဖြစ်ခြင်းရှိကုန်၏ ဟု အနက်ပေးပါ။ ဤသို့ပေးမှ "သဗ္ဗေ သတ္တာ" ဟူသော ပါဠိအရ အညသတ်သတ္တဝါတို့ကိုပါ ယူရန်မည်။

အာဟာရဋ္ဌိတိကာတိအာဂတဌာနေ သင်္ခါရလောကော ဝေဒိတဗ္ဗော။ ။ အာဟာရဋ္ဌိတိကာ-ဟူသည် သင်္ခါရဓမ္မဖြစ်ပါသည်၊ သတ္တမ္မေ မဟုတ်ပါ။ ထို့ကြောင့် "အာဟာရဋ္ဌိတိကာတိ ။ပ၊ ဝေဒိတဗ္ဗော" ဟု ဆိုရပါသည်။

မေးဖွယ်။ ။ယင်းသို့ အာဟာရဋ္ဌိတိကာ အရ သင်္ခါရဓမ္မ ဖြစ်လျှင် သဗ္ဗေ-သတ္တာ ဟူသော ဤစကားသည် အဘယ်သို့လျှင် သင့်ပါမည်နည်း ဟု မေးဖွယ်ရှိ၏။

အဖြေကား–ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာပြုစ်သေးကြောင့် အပြစ်မရှိပါ။ အာဘယ်ကြောင့် မြတ်စွာဘုရားသည် အချို့နေရာ၌ ပုဂ္ဂလာဓိဋ္ဌာန်ပြု၍ အချို့နေရာ၌ ဓမ္မာဓိဋ္ဌာန်ပြုကာ တရားဟောပါသနည်း ဟု မေးဖွယ်ရှိ၏။ အဖြေကား–ဒေသနာတော်ကို တင့်တယ်စေလိုသောကြောင့် လည်းကောင်း၊ ဝေနေယျတို့၏ အလိုဆန္ဒကြောင့်လည်းကောင်း ဟောတော်မူပါသည်။

ဒေသနာ (၂)ခု အခွဲ။ ၊ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာသည် ကရုဏာအားလျော်၍ ဓမ္မာဓိဋ္ဌာန်ဒေသနာသည် ပညာအားလျော်ပါသည်။

တနည်း–သဒ္ဓါစရိုက်အကျိုးငှာ လောကာဓိပတိတို့၏ အစွမ်းဖြင့် ပုဂ္ဂလာဓိဋ္ဌာန်ကို ဟောတော်မူ၍ ပညာစရိုက်အကျိုးငှာ ဓမ္မာဓိပတိတို့၏ အစွမ်းဖြင့် ဓမ္မာဓိဋ္ဌာန်ကို ဟောပါသည်။ တနည်း – ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာသည် နေယျတ္ထဖြစ်၍ ဓမ္မာဓိဋ္ဌာန် ဒေသနာသည် နီတတ္ထဖြစ်ပါသည်။ ဤသို့ အထူးများကိုင်း၍ (၂)မျိုးသော ဒေသနာတော်ကို ဟောတော်မူပါသည်။

သဿတော လောကောတိ ဝါ အသဿတော လောကောတိ ဝါတိ အာဂတဋ္ဌာနေ သတ္တလောကော ဝေဒိတဗ္ဗော။ ၊မိစ္ဆာအယူ ရှိသူတို့၏ သဿတ စသည်တို့၏ အစွမ်းဖြင့် အတ္တလောက ဟု ကြုံဆခြင်းသည် များသောအားဖြင့် သတ္တဝါဟူသော အရာရှိပါသည်။ သတ္တဝါကို အာရုံပြုပါသည်။ သင်္ခါရဟူသော အရာမရှိပါ။ သင်္ခါရကို အာရုံမပြုပါ။ထို့ကြောင့် "သဿတော လောကော–တိ ဝါ။ပ။ သတ္တလောကော ဝေဒိတဗ္ဗော" ဟု ဆိုပါသည်။

ဒွေ လောကာ။ ။နိဗ္ဗာန်သည် လောကသဘော မရှိသောကြောင့် နာမအရ နိဗ္ဗာန်ကို မယူပါ။

မေ၊ဖွယ်။ ။အာဟာရဋ္ဌိတိကာဌ် အကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသောကြောင့် မဂ်ဖိုလ်တရားတို့မှာလည်း လောက၏အဖြစ်သို့ရောက်သည်မဟုတ်လော ဟု မေးဖွယ်ရှိ၏။ အဖြေကား–မရောက်နိုင်။ ဘာကြောင့်နည်း–ပရိညေယျဒုက္ခသစ္စာ တရားတို့ကိုသာ ဤနေရာ "လောက" ဟု အလိုရှိအပ်သောကြောင့်တည်း။

စတ္တာရော အာဟာရာ။ ။ဂေဟဋ္ဌိကာရုဟာရသည် သြဇဋ္ဌမကရုပ်ကို လည်းကောင်း၊ ဖဿာဟာရသည် (ဝေဒနာ) သုံးပါးကို လည်းကောင်း၊ မနောသဉ္စေတနာဟာရသည် ဘဝ (၃) ပါးတို့၌

ပဋ္ဌိသန္ဓေကို လည်းကောင်း၊ ဝိညာဏာဟာရသည် ပဋ္ဌိသန္ဓေခဏ၌ နာမ်စုပ်ကိုလည်းကောင်း ဆောင်သောကြောင့် "အာဟာရ" မည်ပါသည်။

၈ါထာ။ ။ဩဇဋ္ဌမကရူပံဒယ၊ ဝေဒနံ ပဋ္ဌိသန္ဓိကံ။
နာမရူပံ အာဟာရန္တိ၊ တသ္မာ ဟာရာတိ ဝုစ္စရေ။

သဗ္ဗ ဝိညာဏဋ္ဌိတိယာ။ ။ ၁။ နာနတ္တကာယာ နာနတ္တသညိ။
၂။ နာနတ္တကာယာ ကေတ္တသညိ။
၃။ ကေတ္တကာယာ နာနတ္တသညိ၊
၄။ ကေတ္တကာယာ ကေတ္တသညိ။
၅၊ အာကာသာနဉ္စာယတန။
၆။ ဝိညာဏဉ္စာယတန။
၇။ အာကိဉ္စညာယတန။

နာနတ္တကာယာ နာနတ္တသညိနော။ ။လူအားလုံး၊ နတ်ပြည် (၆)ထပ်ရှိ ကာမာဝစရ နတ်အားလုံး၊ အချို့ ဝိနိပါတိကမျှား။ အချို့ ဝိနိပါတိက ဟူသည်- အပါယ်(၄)ပါးမှလွတ်သော ဥတ္တရလုလင်၏မိခင် ဘီလူးမ၊ ဝိယက်ရလုလင်၏မိခင် ဘီလူးမ၊ ဓမ္မဂုတ္တာ စသူမျှားတည်း။

နာနတ္တကာယာ ကေတ္တသညိနော။ ။ပြဟ္မပါရိသဇ္ဇာ, ပြဟ္မပုရောဟိတာ မဟာပြဟ္မာ ဟု ဆိုအပ်သော ဟိန မဇ္ဈိမ ပဏီတ ပထမစျာန်ကြောင့်ဖြစ်သော ပြဟ္မာမျှားနှင့် အပါယ် (၄)ဘုံ သားမျှားပဲဖြစ်ပါသည်။

ကေတ္တကာယာ နာနတ္တသညိနော။ ။ပရိတ္တာဘာ,အပ္ပမာဏာဘာ, အာ-ဘဿရာ ဟူသော ဒုတိယစျာန် ဘုံ သားမျှား။

ကေတ္တကာယာ ကေတ္တသညိနော။ ။ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏ္ဏာ ဟူသော တတိယစျာန် ဘုံသားမျှားတည်း။ ထိုပြဟ္မာတို့သည် ခန္ဓာကိုယ်ခြင်းလည်းတူ၊ ဧတုတ္ထ စျာန် ဝိပါက်၏အစွမ်းဖြင့် ပဋ္ဌိသန္ဓေသညာခြင်းလည်းတူသောကြောင့် "ကေတ္တ-ကာယာ ကေတ္တသညိနော" တို့မည်ပါသည်။ ဝေဟပ္ဖလ်ဘုံသားတို့ကိုလည်း

ဤ စတုတ္ထဝိညာဏဌိတိကဋ္ဌသာ သွင်းယူရပါမည်။ ဘာ့ကြောင့်နည်း–နေ့ခါ ကိုယ်နှင့် ပဋ္ဌမစျာန် ဝိပါက်၏အစွမ်းဖြင့် ပဋိသန္ဓေသညာတူကြသောကြောင့် တည်း။

သုဒ္ဓါဝါသ။ ။သုဒ္ဓါပါသ ဘုံသားဘို့သည်ကား တဖန် ပြန်မလာခြင်းကြောင့် ဝိဝဋ္ဋ ဘက်၌ တည်ကြပါသည်။ အခါခပ်သိမ်းမရှိကြပါ။ ကမ္ဘာတသိန်းကာလပတ်လုံး သော်လည်းကောင်း၊ အသင်္ချေယျကပ် ပတ်လုံးသော်လည်းကောင်း ဘုရားမပွင့်ရာအခါ၌ မဖြစ်ကြပါ။ကမ္ဘာ(၁၆၀၀၀)၏အတွင်း၌ ဘုရားရှင်များ ပွင့်တော်မူကြမှသာ ဖြစ်ကြပါသည်။ ဓမ္မစကြာကိုလည်းတော်မူသော မြတ်စွာဘုရား၏ ယာယီကျောင်းတော်နှင့် တူပါသည်။ ထို့ကြောင့် ဝိညာဏဌိတိနှင့် သတ္တာဝါသတို့၌ သုဒ္ဓါဝါသများ မပါဝင်ကြဟု ဆိုကြ၏။

မဟာသီဝထေရ်၏ဝါဒ။ ။"နေ ခေါ ပန သော သာရိပုတ္တ အာဝါသော သုလဘရူပေါ၊ ယော မယာ အနုဝုဋ္ဌပုဗ္ဗော ဣမိနာ ဒီဃေန အဒ္ဓုနာ အညတြ သုဒ္ဓါဝါသေဟိ ဒေဝေဟိ" ဟူသော သုတ်ကိုထောက်၍ သုဒ္ဓါဝါသဘုံသားတို့သည် စတုတ္ထဝိညာဏဌိတိနှင့်စတုတ္ထသတ္တာဝါသတို့၌ ပါဝင်ကြသည်ဟု မိန့်ပါသည်။ ထိုမထေရ်မြတ် ထောက်ထားသောသုတ်ကို မယယ်မြစ်အပ်သောကြောင့် ထိုမထေရ်၏စကားကို ခွင့်ပြုရ လက်ခံရပါမည်။ ထို့ကြောင့် **အသညသတ်**မှတပါး ပရိတ္တသုဘာ အစအာဘဿိဒ္ဓ အဆုံး(၉)ဘုံတို့၌ဖြစ်သော သတ္တဝါတို့ကို ကေတ္တကာယာ ကေတ္တ–သညိနော ဟု ယူရပါမည်။

အသညသတ်။ ။အသညသတ် သတ္တဝါဘို့သည် ဝိညာဏ်မရှိသောကြောင့် ဝိညာဏဌိတိ၌ မပါဝင်ပါ။ ခဲ့ပါဦးအုံ– ဘုရားပွင့်တော်မူရာအခါ တိတ္ထိဘို့၏ သာသနာ၌ ရှင်ရဟန်းပြုကာ ဝါယောဂသိုဏ်း၌ မရိကမ်ပြု၍ စတုတ္ထစျာန်ကိုဖြစ်စေပြီးလျှင် ထုံစျာန်မှထ, ကာ "စိတ်သည်စက်ဆုတ်စရာကောင်း၏၊ စိတ်သည်စက်ဆုတ်စရာ ကောင်း၏၊ စိတ်မရှိခြင်းသာကောင်း၏။ မှန်၏။ စိတ်ကိုအကြောင်းပြု၍ သတ်ခြင်း နှောင်ဖွဲ့ခြင်းစသော ဒုက္ခဖြစ်ရ၏။ စိတ်မရှိလျှင် ဤဒုက္ခမရှိ" ဤသို့ စိတ်မရှိခြင်း၌ နှစ်သက်သဘောကျမှုကိုဖြစ်စေ၍ စျာန်မလျှားပဲ စုဒတလျှင် ရုပ်ပဋိသန္ဓေ၏ အစွမ်းဖြင့် အသညသတ္တဘုံ၌ ဖြစ်ကြပါသည်၊ လူ့ပြည်မှ သေခဲ့သည့်ကျေးရိယာ ပုဏ်အတိုင်း အသညသတ်ဘုံ၌ကမ္ဘာ(၅၀၀)ပတ်လုံး ဖြစ်ပါသည်။ ဤသို့ စိတ်တွေ့ဝိုးဂုဂဘာဝနာ၏အစွမ်းကြောင့် အသညသတ်ပြဟ္မာတို့မှာ ထိုအသည

-သက်ဘုံ၌ ဝိညာဏ်ဖြစ်မှု မရှိပါ။ ဤသို့ ဝိညာဏ်မရှိသောကြောင့် ဝိညာ-ဏဋ္ဌိတိ၌ မပါဝင်ပါ။

နေဝသညာ နာသညာယတန။ ။နေဝသညာ နာသညာယတနကို သညာ ကဲ့သို့ပင် ဝိညာဏ်သည်လည်း နှုးညံ့သိမ်မွေ့သောကြောင့် ဝိညာဏဋ္ဌိတိတို့၌ မသွင်းပါ။

အဋ္ဌ လောကဓမ္မာ။ ။လာဘော,အလာဘော,ယသော, အယသော,နိန္ဒာ, ပသံသာ,သုခံ,ဒုက္ခံ။ ဤရှစ်ပါးတို့သည် သတ္တလော-ဂ၏ သဘောတံထွာ ဓမ္မတာဖြစ်သောကြောင့် လောကဓမ္မ မည်ပါသည်။ ဤတရားတို့သည် သတ္တလောကအတွက် မချွတ်ကေန်အမှန် ဖြစ်လေ့ရှိသော တရားများဖြစ်ပါသည်။ထို့ကြောင့် ဤတရားတို့မှလွတ်သော တစုံတယောက်သော သတ္တဝါမည်သည် မရှိပါ။

နဝ သတ္တာဝါသာ။ ။ဝိညာဏဋ္ဌိတိ(၇)ပါး။ အသညသတ်, နေဝသညာ နာသညာယတန။

ဒသာယတနာနိ။ ။ရူပ်သက်သက် အာယတန(၁၀)ပါးတို့ကို ကောက်ပါ။ နာမ်သဘော ရှိသော ကြောင့် မနာယတနကို လည်းကောင်း၊ နာမ်ရူပ် စသည် ရောသောကြောင့် ဓမ္မာယတနကို လည်းကောင်း မကောက်ရပါ။

အားထုတ်တတ်သောကြောင့်လည်းကောင်း၊ အာဝယဖြစ်သောတရားတို့ကို ခဲ့တတ်သောကြောင့်လည်းကောင်း ရှည်လျားသောသံသရာကို ဆောင်တတ်သောကြောင့်လည်းကောင်း အာယတနမည်၏။

ဓာတုယော။ ။တိတ္ထိတို့၏ အတ္တမည်သည် သဘောအားဖြင့် မရှိသကဲ့သို့ ဤအတူ ဤဓာတ်တို့သည်လည်း သဘောအာ.ဖြင့် မရှိသည် မဟုတ်ပါ။ ဤဓာတ်တို့သည် မိမိ၏သဘောကို အမှန်ပင် ဆောင်တတ်သော ကြောင့် ဓာတ်တို့မည်ပါသည်။

အာဟာရဋ္ဌိတိကာဖြင့်သာမညလက္ခဏာ (၃)ပါးလုံးကိုယူ။ ။အာဟာရ-ဋ္ဌိတိကာ ဟူသော အကြောင်းနှင့် စပ်သောဖြစ်ခြင်းကို ဆိုခြင်းကြောင့် သခ်ါရတို့၏ အနိစ္စတာကို လည်းကောင်း၊ ထို့အနိစ္စဘာဖြင့် 'ယဒနိစ္စံ တံဒုက္ခံ၊ ယံ ဒုက္ခံ

တဒနုဂ္ဂာ''ဟု ဟောဘော်မူခြင်းကြောင့် ဒုက္ခတာ အနတ္တတာ တို့ကိုပါပြ အပ်ပြီးဖြစ်ပါသည်။ ဤသို့လျှင် သာမညလက္ခဏာ (၃)ပါးလုံးတို့ကိုလည်း ယူနိုင်ပါသည်။

အာသယ။ ။သားသမင်သည် ကျက်စားရာအရပ်သို့ သွားသော်လည်း ပြန်လာ၍ ထိုတောရွက်အရပ်၌ပင် အိပ်တတ်သောကြောင့် ထိုတောရွက်အရပ်ကို ထိုသားသမင်၏အာသယ ဟု ခေါ်ဆိုအပ်သကဲ့သို့ ထို့အဘူ စိတ်သည် အခြားသော အချင်းအရာအားဖြင့် ဖြစ်ပါသော်လည်း အကြင်အယူသို့ (မိမိယူနေကြအားရုံအယူသို့) ပြန်လာ၍ ကိန်းအောင်းသောကြောင့် ထိုအယူကို စိတ်၏ကိန်းအောင်းရာ "အာသယ" ဟု ဆိုအပ်ပါသည်။

အာသယသည်-ဝဋ္ဋာသယ, ဝိဝဋ္ဋာသယအားဖြင့် (၂)မျိုးရှိ၏။ ထို(၂)မျိုးတွင် ဝဋ္ဋာသယသည်-သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ၏ အစွမ်းဖြင့် လည်းကောင်း၊ ဝိဝဋ္ဋာသယသည်-ဝိပဿနာ ဟု ဆိုအပ်သော အနုလောမိကဇ္ဈာန်မဂ် ဟု ဆိုအပ်သော ယထာဘူတဉာဏ်အားဖြင့် လည်းကောင်း (၂)ပါးစီသာ ရှိ၏။

အနုသယ၊ ။မဂ်ဖြင့်မပယ်ရသေး၍ လျှောက်ပတ်သောအကြောင်းကိုရသော် ဖြစ်ပေါ်လာမည့် ကာမရာဂ စသောအနာဂတ်ကိလေသာ (၇)ပါးသည် အနုသယမည်၏။ အနာဂတ် ကိလေသာနှင့် သဘောခြင်းတူသောကြောင့် ၆စွဲပွန်ကိလေသာနှင့် အဘိတ်ကိလေသာတို့ကို ဥပစာအားဖြင့် "အနုသယ"ဟု ခေါ်နိုင်ပါသည်။

စရိတ။ ။၁။ သုစရိတ၊ ၂။ ဒုစ္စရိတ၊ တနည်း-ရာဂစရိုက်ဝေသော (၆)ပါးတည်း။

အဓိမုတ္တိ။ ။အဓိမုတ္တိ-ဟူသည် အဇ္ဈာသယဓာတ်တည်း။ ထိုအဓိမုတ္တိသည်-ဟီနာဓိမုတ္တိ ပဏီတာဓိမုတ္တိဟု (၂)မျိုးရှိပါသည်။

ဘဒ္ဒ အဘဒ္ဒေ။ ။အရိယာမဂ်ကိုထိုးထွင်း၍ သိခြင်းအား လျှောက်ပတ်ကုန်သော ဥပနိဿယနှင့် ပြည့်စုံကုန်သော ဂမ္ဘီရဝရဏ, ကိလေသာဝရဏ,ဝိပါဟာဝရဏတို့မှ ကင်းသော သတ္တဝါတို့သည် "ဘဒ္ဒ"မည်ကြ၍ မကင်းသော သတ္တဝါတို့သည်ကား "အဘဒ္ဒ" မည်ကြပါသည်။

မေးဖွယ်။ ။သတ္တဝါတို့၌သိထိုက်ဘော ပမာဏ စသည်လည်း ရှိသည်မဟုတ်ပါလော ဟု မေးဖွယ်ရှိ၏။ **အဖြေကား-** ရှိပါသည်။ သို့သော် ထိုပမာဏ စသည်ကိုသိခြင်းသည် နိဗ္ဗိဒါဝိရာဂ နိရောဓအကျိုးငှာ မဖြစ်သောကြောင့် ဤနေရာ၌မယူပါ။ဘုရားရှင်သည် ထိုပမာဏ စသည်ကိုလည်း ကောင်းကောင်းသိပါသည်။ ကောင်းကောင်းပိုင်းခြားသတ်မှတ် ဆုံးဖြတ်နိုင်ပါသည်။ အကျိုးမရှိသောကြောင့် ဒေသနာသို့မတင်ပါ။

စက္ကဝါဠံ။ ။**စက္ကဝါဠ** - ဟူသည် လောကဓာတ်တည်း။ မှန်ပါသည်။ ထိုလောကဓာတ်ကို အကွပ်တံကူဒေဝန်းအဝိုင်းနှင့် တူသော စက္ကဝါဠာတောင်ဖြင့် ပတ်ဝန်းကျင်မှ ကာရံအပ်သောကြောင့် **စက္ကဝါဠ** ဟု ဆိုပါသည်။

တွေကံ ဗဟလတ္တေန သခ်ါတာယံ။ ။ဤ မြေကြီးမည်သည်ကို ဖီလာကန့်လန့် မပိုင်းဖြတ်အပ်ပါ။ ထို့ကြောင့် "ဗဟလတ္တေန သခ်ါတာယံ ဝသုန္ဓရာ" ပါဌ်ဖြင့်အထူ (အထူ) အားဖြင့်သာ ပိုင်းဖြတ်ခြင်းကိုဆိုပါသည်။

မေးဖွယ်။ ။**စကြဝဠာတောင်တို့ဖြင့်** ထိုထိုစကြဝဠာမြေကြီးကိုပိုင်းဖြတ်အပ်သည်မဟုတ်ပါလော ဟု **မေးဖွယ်ရှိ၏။** **အဖြေကား-** မပိုင်းဖြတ်အပ်ပါ။ ဘာ့ကြောင့်နည်း- အခြားစကြဝဠာမြေကြီးနှင့် တစပ်တည်းဖြစ်နေသောကြောင့်တည်း။ ခဲ့ပါဦးအံ့ - သပိတ်(၃)လုံးတို့၏ အထောင့်အရုပ်နှင့်တူသော လောကဓာတ်သုံးပါးတို့၏အကြား အရပ်၌သာ (လောကန္တရိက်ငရဲရှိသောကြောင့်) မြေကြီးမရှိပါ။ သို့သော် စကြဝဠာတောင်တို့၏ အခြားစကြဝဠာ တောင်တို့နှင့် ဆက်စပ်ရာ အရပ်၌ မြေကြီးသည် တစပ်တည်းသာ ဖြစ်ပါသည်။

သိနေရူပမ္ဘုတ္တေမာ၊ ။**မြင်းမိုရ်ဘောင်၏** အရှေ့ဘက်သည် ငွေဖြင့်ပြီးပါသည်။ ထို့ကြောင့် ထိုငွေရောင်၏ အလွှမ်းမိုးခံရသော အရှေ့အရပ်၌ သမုဒ္ဒရာရေသည် နီ့ရည်ရောင်ကဲ့သို့ ထင်ရမပါသည်။ တောင်ဘက်အရပ်သည် ကျွန်ုနီလာပတ္တမြားဖြင့် ပြီးပါသည်။ ထို့ကြောင့် တောင်ဘက်အရပ်၌ သမုဒ္ဒရာရေသည် မျှားသောအာ.ဖြဲ့ ညိုသောအဆင်းရှိသကဲ့သို့ ထင်ရပါသည်။ ကောင်.ကင်.ကိုလည်းထို့အတူ ညိုသောအဆင်းရှိသကဲ့သို့ ထင်ရပါသည်။ အနောက်ဘက်သည် ဖလ်ဖြင့် ပြီးပါသည်။

မြောက်အရပ်သည် ရွှေဖြင့်ပြီးပါသည်၊သမုဒ္ဒရာ(၄)စင်းတို့ကိုလည်း မြင်းမိုရ်တောင် အရောင်တို့ဖြင့်ပင် ပိုင်းခြားအပ်ပါသည်။

ယုဂန္ဓရပဗ္ဗတောဝ။ ။ယူဇနာ(၄၂၀၀၀)သမုဒ္ဒရာ၌ မြုပ်၍ ထိုအတူပင် (၄၂၀၀၀)အသက်သို့ တက်ပါသည်။

ဣသိသဝေရော။ ။ယူဇနာ(၂၁၀၀၀)မဟာသမုဒ္ဒရာ၌ မြုပ်၍ ထိုအတူပင် ယူဇနာ(၂၁၀၀၀) အသက်သို့တက်ပါသည်။

သီဒန္တရသမုဒ္ဒါ။ ။မြင်းမိုရ်တောင်,ယုဂန္ဓရတောင် ၉သော တောင်တို့၏ အကြား၌ သီဒန္တရသမုဒ္ဒရာများရှိကြပါသည်။ထိုသမုဒ္ဒရာများ၌ ရေသည်သိမ်မွေ့နူးညံ့ပါသည်။ ဒေါင်းတောင်မျှကိုချပါသော်လည်း မတည်နိုင်ပဲ နစ်မြုပ်သွားသည်သာဖြစ်ပါသည်။ ထို့ကြောင့် ထိုသမုဒ္ဒရာများကို "သီဒန္တရသမုဒ္ဒရာ"ဟု ဆိုကြပါသည်။

သိနေရုဿ သမန္တတောဝ။ ။ဝန်းရံခြင်း၏ အစွမ်းဖြင့် မြင်းမိုရ်တောင်၏ ပတ်ဝန်းကျင်မှ တည်ကြပါသည်။

ဟိမဝါ။ ။ဟိမံ အဿ အတ္ထိတိ ဟိမဝါ။ တနည်း- ဟိမံ ဝမတီတိ ဟိမဝါ။

ပဗ္ဗတောဝ။ ။ပဗ္ဗဘောတိ သေလောဝ။ သေလော ဟိ သန္ဓိသခ်ါတေဟိ ပဗ္ဗေဟိ သဟိတဘ္ဘာ ပဗ္ဗတောတိ ဝုစ္စတိ။ ရေ၏အနှစ် ဖြစ်ကြ၍ သော ဆေးစသောဝတ္ထုတို့ကို မျိုချတတ်သောကြောင့် တောင်ကို "ဂိရိ" ဟုလည်း ဆိုပါသည်။

ဟိမဝန္တာဒေဝတောဝ။ ။ထိုတောင်သည် ထက်ဝန်းကျင်မှ စီးဆင်းသောမြစ် (၅၀၀)တို့ဖြင့် ဆန်းကျယ်ပါသည်။ ယင်းတောင်မှာ အလျား,အနံ,အစောက် ယူဇနာ(၅၀)စီရှိ၍ အဝန်းအပိုင်းအားပြင့်ယူဇနာ (၁၅၀)ရှိ၏။ အိုင်ကြီး(၇)အိုင် တည်ရှိပါသည်။

အိုင်ကြီး ၇အိုင်။ ။အနောတတ္တော တထာဂတ္ကာ မုဏ္ဍာ စ ရဿကဝရကော။ ဆဒ္ဒန္တာ စ၊ ကုဏာဒလာ စ ဝုတ္တာမန္ဒာကိနီတ္ထိယော။ ဟာသသီဟပါတောတိ ဧသော သတ္တ မဟာသရာ။ [အဘိဓာန်]

အနောတတ္တအိုင်။ ။အနောတတ္တအိုင်ကို (၁) သုဒဿနကူဋ် (၂) စိတြ-ကူဋ် (၃) ကာလကူဋ် (၄) ဂန္ဓမာဒနကူဋ် (၅) ကေလာသကူဋ် ဤတောင်(၅)လုံးတို့ဖြင့် ဝန်းရံအပ်ပါသည်။

ဂန္ဓမာဒနကူဋ် တောင်၌ ရှိသော နံ့သာမျိုး (၁၀)ပါး။ ။

၁။ ကရမက် စသော အမြစ်နံ့သာ။
၂။ စန္ဒကူး စသော အနှင်း နံ့သာ။
၃။ ထင်းရှူး စသော အကာနံ့သာ။
၄။ လေးညှင်း စသော အခွံနံ့သာ။
၅။ သီးသီး စသော အပွေးနံ့သာ။
၆။ အင်ကြင်း စသော အရသာ နံ့သာ။
၇။ ပန်းညို့ စသော အရွက်နံ့သာ။
၈။ ကံ့ကော်,ကုံကုမ် စသော အပွင့် နံ့သာ။
၉။ ဇာတိပွေ့လ် စသော အသီးနံ့သာ။
၁၀။ အလုံးစုံနံ့သာဖြစ်သောကြောင့် တဂယ်နံ့သာ အစစ်။

ကေလာသကူဋ်။ ။ကေလာသကူဋ် တောင်သည် ငွေဖြင့်ပြီးပါသည်။ပမာဏ ကား–အပြန့်ယူဇနာ(၅၀)ရှိ၍ အလျားနှင့် အစောက်သည် ယူဇနာ(၂၀၀) ရှိပါသည်။

အနောတတ္တံ။ ။လ,နေ တို့သည် တောင်အရပ်ကဖြစ်စေ, မြောက်အရပ်ကဖြစ်စေ,သွားလသော် တောင်ကြားဖြင့် ထိုအနောတတ္တအရပ်၌ အလင်းအရောင်ကိုပြုကြပါသည်။ ဖြောင့်ဖြောင့်သွားသော် အလင်းရောင်ကို မပြုကြပါ။ ထို့ကြောင့်ပင် ထိုအရပ်ကို "အနောတတ္တ" ဟု ခေါ်ကြပါသည်။

ဂင်္ဂါ(၅)မျိုး။ ။(၁) အာဝဇ္ဇဂင်္ဂါ၊ (၂) ကဏ္ဏဂင်္ဂါ။ (၃) အာကာသဂင်္ဂါ၊ (၄) ဗဟလဂင်္ဂါ၊ (၅) ဥမင်္ဂဂင်္ဂါ။

မြစ်ကြီး(၅)သွယ်။ ။ဂင်္ဂါ,ယမုနာ,အစိရဝတီ,သရဘူ,မဟီ ၊ ပါ၁ီ(၅)ပ.ါ။ [ဂင်္ဂါစိရဝတီစေဝ,ယမုနာသရဘူမဟီ။]

ဆဒ္ဒန္တအိုင်၌ရှိသောတော (၁၀)မျိုး။ ။

၁။ ဝလ္လိဝန(နွယ်တော) ၂။ ဥစ္ဆုဝန(ကြံတော)
၃။ ကဒလီဝန(ငှက်ပျောတော) ၄။ သာလဝန(အင်ကြင်းတော)

၅။ ပနသဝန(ပိန္နဲတော) ၆။ အမ္ဗဝန(သရက်တော)
၇။ စိဉ္စဝန(မန်ကျည်းတော) ၈။ ကပိတ္ထဝန(သီးသီးတော)
၉။ မဟာဝနသဏ္ဍ(ကျွန်းတောကြီး)၁၀။ ဝေဠုဝန (ဝါးတော)

ဝါးတောကိုရံသောတောင်(၇)လုံး။ ။စူဠကာဠတောင်,မဟာ-ကာဠတောင်, ဥဒကပဿတောင်, ဧနီပဿတောင်, သူရိယပဿတောင်,မဏိပဿတောင်, သုဝဏ္ဏပဿတောင်။

ယသဝနုဘာဝေန။ ။သပြေပင်၏အာနုဘော်ဟူသည် ကမ္ဘာပတ်လုံးတည် ခြင်းစသော အာနုဘော်တည်း။

သပြေပင်နှင့် ပမာဏတူသော သင်္ဘင်္ဂျား။ ။၁။ အသုရာဘုံ၌ သဒ္ဓတ်ပင်၊ ၂။ ဂဠုန်ပြည်၌ လက်ပံပင်၊ ၃။ အနောက်ကျွန်းရှိ မအူပင်၊ ၄။ မြောက်ကျွန်းရှိပဒေသာပင်၊ ၅။ အရှေ့ကျွန်းရှိ ကုက္ကိုပင်၊ ၆။ ၎င်းဝတိ သာနတ်ဘုံ၌ ပင်လယ်ကသစ်ပင်။

ဂါထာ။ ။ပါဠိလီ သိမ္ဗလီ ဇမ္ဗု၊ ဒေဝါနံ ပါရိဆတ္တကော။
ကဒမ္ဗော ကပ္ပရုက္ခော စ၊ သိရီသေန ဘဝတိ သတ္တမံ။

ဒွေအသီတိသဟဿာနိ စသောဂါထာ။ ။စက္ကဝါဠသိလုစ္စယော-စက္ကဝဠာ ကျောက်တောင်သည် ဒွေ အသီတိသဟဿာနိ-ရှစ်သောင်းနှစ်ထောင်တို့ တိုင်တိုင်၊ မဟာ-ဏ္ဏဝေ-ကြီးစွာသော သမုဒ္ဒရာ၌၊ အဇ္ဈောဂါ-ဠော-သက်ဝင်၏။ ဘာဝဒေဝ-ထိုရှစ်သောင်းနှစ်သောင်းတို့ တိုင်တိုင်ပင်၊ အစ္ဆရိယတော-အထက်သို့တက်၏။အယံ-ဤစက္ကဝဠာတောင်သည်၊ တံသဗ္ဗံ-ထိုအလုံးစုံကို၊ ပရိက္ခိပိတ္ဝာ- ဝန်းရံ၍ ဌိတော-တည်၏။ အယံ-ဤသည်ကား၊ လောကဓာတု-လောကဓာတ်တခု မည်၏၊ တံနည်း-သဗ္ဗံ-အလုံးစုံသော၊ တံ လောကဓာတုံ-ကို၊ ပရိက္ခိပိတ္ဝာ-၍၊ ဌိတော-၏။

စန္ဒမဏ္ဍလံ ဧကူနပညာသယောဇနံ။ ။လဝီမင်္ဂလာနက်ကို အဖြောင့်တိုင်းလျှင် အလျား အနံ အစောက် (၄၉)ယူဇနာစီရှိ၍ အဝန်းအဝိုင်းအားဖြင့်ကား (၁၄၇)ယူဇနာရှိသည်။

သူရိယမဏ္ဍလံ ဒြေဝယောဇနံ။ ။နေကိုအဖြောင့်တိုင်းလျှင် အလျားအနံ အစောက် ယူဇနာ (၅၀)စီရှိ၍ အဝန်းအဝိုင်းအားဖြင့် ယူဇနာ (၁၅၀) ရှိပါသည်။

လ, နေ။ ။လဗိမာန်သည် အောက်ကဖြင့်၍ နေဗိမာန်သည် အထက်ကဖြစ်ပါသည်၊ ၎င်းဗိမာန် (၂) ခုတို့၏အကြားဌ် တယူဇနာ ရှိပါသည်။ လဗိမာန်၏ အောက်အစွန်းမှ နေဗိမာန်၏ အထက်အစွန်းအထိ ယူဇနာ (၁၀၀)ရှိပါသည်။ လဗိမာန်၏အတွင်းဌ် ပတ္တမြားဖြင့်ပြီး၍ အပြင်ဌ် ငွေဖြင့်ကာရံဝန်းရံထားကာ အတွင်းအပြင် (၂)နှုလုံးဌ် အလွန်အေးမြပါသည်။ နေဗိမာန်သည် အတွင်းဌ် မျှောင်ပြီး၍ အပြင်ဘက်ကို ဖလ်ဖြင့်ဝန်းရံကာ အတွင်းအပြင် နှစ်နှုလုံးဌ် ပူပါသည်။

လသွား, နေသွား။ ။လသည်အဖြောင့်(အရှေ့အနောက်) သွားလျှင် နှေးပါသည်။ ခဲ့ပါဦးအုံ-လကွယ်နေ့ဌ် **လ**သည် နေနှင့် အတူ ထွက်လာသော် တနေ့တနေ့မှာ အနည်းငယ် အနည်းငယ် ကျန်ရစ်၍ လပြည့်နေ့ဌ် လမ်းထက်ဝက်မှာ ကျန်ရစ်ပါသည်။ တ**လ**တည်းမှာပင် တခါတရံ ဘောင်အရပ်မှ တခါဘုံ မြောက်အရပ်မှ လကိုတွေ့မြင်ရ၍ ကန့်လန့် (တောင်မှမြောက် မြောက်မှတောင်) သွားလျှင်ကား မြန်သည်ဟု သိပါ။ လ၏ဘေးနှစ်ဘက်ဘို့ဌ် နက္ခတ်တာရာများ သွားကြပါသည်။ နွားမကြီးသည် နွားကလေးတို့ ခေါ်ကပ်သကဲ့သို့ ဤအတူ လသည်သည်း နက္ခတ်များသို့ ချဉ်းကပ်ပါသည်။ နက္ခတ်များသည် နက္ခတ်သွားကြောင်း လမ်းအတိုင်းသွားပါသည်။ နေသည်အဖြောင့် (အရှေ့မှအနောက်သို့) သွားလျှင် မြန်၍ (ကန့်လန့်) တောင်မှမြောက်မြောက်မှတောင်သို့ သွားလျှင် (၆)လ ကြာမှ ပြီးသောကြောင့် နှေးပါသည်။

လရောင်ပေါ် မီးပေါ်။ ။နေသည် လကွယ်နေ့ဌ် လနှင့်အတူထွက်လာပါသည်။ လဆန်း(၁)ရက်နေ့ဌ် လသည် နေ့၍ နေကမြန်သောကြောင့် လသည် ယူဇနာ တသိန်းကျန်ရစ်ပါသည်။ ထိုအခါဌ် လကို အရေးကဲ့သို့ထင်ရပါသည်။ ထို့နောက်လဆန်း (၂)ရက်နေ့ဌ် လသည် ယူဇနာတသိန်းထပ်၍ ကျန်ရစ်ပါသည်။ ဤနည်းဖြင့် ယူဇနာတသိန်းတသိန်း လေ့ကျင့်ကျန်ရစ်၍ လပြည့်နေ့ရောက်သော် ယူဇနာတဆယ်ငါးသိန်း (၁၅၀၀၀၀၀) ကျန်ရစ်ပါသည်။ လ**သ**သည် အစည်**အ**ဘိုင်း တိုးပွား၍ လပြည့်ဥပုသ်နေ့ဌ် ပြည့်ဝိုင်းလာပါသည်။ နေကဝေးသွားသည့်အဘွက် နေရောင်အလင်းမိုးမခံရသောလ၏ အရောင်ကို အစည်အတိုင်း တိုးပွားသကဲ့သို့ ထင်ရပါသည်။ ထို့ကြောင့် အစည်အတိုင်း တိုးပွား၍ လပြည့်ဥပုသ်နေ့ဌ် ပြည့်ဝိုင်းသကဲ့သို့ မှတ်ထင်ရပါသည်။ ထိုမှနောက်နေ့သည် လဆုတ်(၁)ရက်မှ ထွက် ၈ရက်နေ့ဌ် ယူဇနာတသိန်းပြားသွား၍

လသည် အသွားနှေးရ၏ နေသည် အသွားမြန်သောကြောင့် လကိုတဖန် ပြန်ရှိမီသောပါသည်။ ထို့အတူ လဆန်း (၂)ရက်နေ့၌ တသိန်း ဤသို့နေ့တိုင်း နေ့တိုင်း တသိန်း တသိန်းပြေးသွား၍ လကွယ်နေ့သို့ ရောက်သော် ၎င်းကို မီပါသည်။ ထိုအခါ၌ လသည် အစဉ်အတိုင်း ဆုတ်ယုတ်၍ လကွယ်ဥပုသ်နေ့၌ လုံးဝမမြင်ရတော့ပါ။ ခွက်ကြီးဖြင့် ခွက်ကလေးကို ပိတ်ထားသကဲ့သို့ နေသည် လကိုအောက်ကထား၍ အသက်ကဆုံးပြီး ပိတ်ထားပါသည်။ မွန်းတည့်အခါ အိမ်၏အရိပ်ကဲ့သို့ လ၏အရိပ်သည် မထင်ရှားတော့ပါ။ အဝေးဌာ်တည်နေသော ပုဂ္ဂိုလ်တို့သည် နေ့အခါ၀ယ် ဆီမီးကိုကြည့်ရာ၌ မထင်ရှားသကဲ့သို့ ထို့အတူ သ၏အရောင်လည်း မထင်ရှားတော့ပါ။

ဂမနဝိထိယော။ ။၁။ အဇဝိထိ-ဆိတ်မျှားသည် ရေကို စက်ဆုတ်ကြပါသည်။

၂။ နာဂဝိထိ-ဆင်မျှားသည် ရေကို နှစ်သက်ကြပါသည်။

၃။ ဂေါဝိထိ-နွား မျှားသည် အအေးအပူ မျှကြပါသည်။

အဇဝိထိ။ ။အဇဝိထိဖြင့် နေသွားလသော် မိုးတိမ်စောင့် နတ်သားတို့သည် နေကအလွန် နှိပ်စက်အပ်သည်ဖြစ်၍(နေ၏ အပူဒဏ်ကို အလွန်ခံရ၍) မိမိ၏ ဗိမာန်မှ မထွက်ကြပါ။ ကစားမြူးထူး၍ ဟိုဟိုဒီဒီ မလှည့်လည်ကြပါ။ ထိုအခါ၌ နေဗိမာန်သည် ပင်ကိုယ်ပကတိလမ်းမှ အောက်သို့သက်ဆင်း၍ လှည့်သွားပါသည်။ နေသည်ဒေါက်သို့ သက်ဆင်း၍ သွားလျှင် လသည်လည်း နေနှင့်အတူသွားသောကြောင့် အောက်သို့သက်ဆင်း၍ သွားပါသည်။ ထို့ကြောင့် ထိုလမ်းကို ရေမရှိသည့်အတွက် ဆိတ်အားလျော်သောကြောင့် အဇဝိထိဟု ခေါ်ပါသည်။

နာဂဝိထိ။ ။နာဂဝိထိဖြင့် နေသွားလသော် မိုးတိမ်စောင့်နတ်သားတို့သည် နေ၏ အပူဒဏ်ကို မခံရသည့်အတွက် အမြဲမပြတ် မိမိ၏ ဗိမာန်မှ အပြင်သို့ ထွက်ကြကာ မြူးထူးပျော်ပါး ကစားကြကုန်လျက် ဟိုဟိုဒီဒီ လှည့်လည်ကြပါသည်။ ထိုအခါနေဗိမာန်သည် ပကတိလမ်းမှ အသက်သို့တက်၍ သွားပါသည်။ နေအထက်သို့ တက်သွားလျှင် လသည်လည်း နေနှင့်အသွားတူသောကြောင့် အသက်သို့ တက်သွားပါသည်။ လသည် ဗိမာန်ကို တုန်လှုပ်စေအပ်သောကြောင့် တူသောသွားခြင်း မည်

ပါသည်၊ ထို့ကြောင့် ထိုလမ်းကို ရေမျှားစွာရှိသည့်အတွက် ဆင်အား လျှော်သောကြောင့် နာဂဝိထိဟု ခေါ်ပါသည်။

ဂေါဝိထိ။ ။နေသည် အသက်သို့လည်းမတက် အောက်သို့လည်း မဆင်းပဲ ရိုးရာလမ်းခြင့်သာ သွားရာအခါ၌ မိုးတိမ်စောင့်နတ်တို့သည် အခါအားလျှော်စွာ နှစ်သက်သည့်အားလျှော်စွာ ဗီမာန်မှထွက်၍ ခွမ်းခွမ်းသာသာ လှည့်လည်ကြပါသည်။ ထိုအခါ၌ အချိန်မှန်မှန် မိုးရွာသောကြောင့် သောကဋ္ဌ ဥဘုမ္ဘတပါသည်။ ဥတုညီမျှသောကြောင့် လ,နေတို့၏ သွားခြင်းကို နွားတို့အားလျှော်သောကြောင့် ဂေါဝိထိဟု ခေါ်ကြပါသည်၊ ထို့ကြောင့် လ,နေတို့သည် အဇဝိထိသို့ တက်ရာအခါ၌ မိုးသည် တပေါ်ကမ်းမျှမရွာပါ။ နာဂဝိထိသို့ တက်ရာအခါ၌ ကောင်းကင်ကွဲသ ကဲ့သို့ ရွာချပါသည်။ ဂေါဝိထိသို့ တက်ရာအခါ၌ ဥတုညီမျှပါသည်။

မင်းမျှားဘရားမရှိမူကြောင့် အိမ်ရှေ့မင်း စင်သူကြီးမှစ၍ နတ်ပြည်ဟွာ အားလုံး တရားမဲ့ရာအခါ၌ ထိုရှင်ဘုရင်မှ၍ သက်ရှိသတ္တဝါတို့၏ ထိုသို့ တရားမရှိကြသောကြောင့် လ,နေတို့သည် မညီမညွတ် လှည့်လည်ကြပါသည်။ ထိုအခါ၌ အနာရောဂါမျှားမှုစသော အနိဋ္ဌာရုံတို့၏ မှိုရာဖြစ်သော မတရားမှုဟု အသိအမှတ်ပြုအပ်သော အားလုံးနှင့်ဆက်ဆံသော မကောင်းမှု၏ အစွမ်းကြောင့် (လေသည် မညီမညွတ်တုန်လှုပ်စေကုန်လသော်) လ,နေတို့သည် မြင်းမိုရ်တောင်ကို ဝန်းရံကုန်လျက် မညီမညွတ် လှည့်လည်ကြပါသည်။ လမ်းမှန် အတိုင်း မလှည့်ပတ်ကြပါ။ လေသည်လမ်းမှန်အဟိုင်း မဘိုက်ခတ်ပဲ လမ်းမဟုတ်သဖြင့် တိုက်ခတ်ပါသည်။ ယမ်းမဟုတ်သဖြင့် တိုက်ခတ်လျက် ကောင်းကင်၌ တည်သောဗိမာန်တို့ကို တုန်လှုပ်စေပါသည်။ ဗိမာန်မျှား တုန်လှုပ်ကုန်လသော် နတ်ဘို့မှာ ကစားဖို့ရန် စိတ်မညွတ်ကြတော့ပါ။ စိတ်မညွတ်ကုန်လသော် ဥတုမညီမျှတော့ပါ၊ ဥတုမညီမျှလသော် မိုးကောင်းကောင်းမရွာပါ၊ တရံဘခါ၌ ရွာ၍ တရံဘခါ၌ မရွာပါ။ အချို့အရပ်၌ ရွာ၍ အချို့အရပ်၌ မရွာပါ၊ စိုက်ပျိုးရာ, အညောက်ပါက်ရာ, ရိုးတန်းပါက်ရာ, ပန်းပွင့်ရာ, နို့ရည်ယူရာ စသောအခါတို့၌ ကောက်စပါးတို့အား ကျေးငှားမမျှ၊ အောင် ရွာပါသည်။ ကျေးငှားမမျှားအောင် မိုးခေါင်ပါသည်။ ထို့ကြောင့် ကောက်စပါးမှား မညီမညွတ် မှည့်ရင့်ကြပါသည်။ အနံ့အရသာ စသည်တို့နှင့် မပြည့်စုံပါ။

ထမင်းတအိုးတည်း၌ ချက်သော်လည်း အချို့အရပ်၌ ထမင်းသည် မနပ်ပါ။ အချို့နေရာ၌ အလွန်ပျော့၍ အချို့နေရာ၌ ကောင်းစွာ ကျက်ပါသည်။ ထိုသမင်းကိုစားပြီးလျှင် ဝမ်း၌လည်း အားလုံးဝမကျေပါ။ တ

ချို့တလေ ကျေ၍ အချို့တယောကား ကောင်းကောင်းမကျေပါ။ အစာ ဟောင်း အိမ်သို့သည်း ကောင်းစွာမဝင်ပါ။ ထို့ကြောင့် သတ္တဝါ တို့သည် အနာဒုက္ခများဖြင့်၍ အသက်သည်း တိုကြပါသည်။

လဲသွာ၊ နေသွား လ,ဖြင့်နုပ်။ ။တရားရှိသော ရှင်ဘုရင်တို့၏ လက်ထက်၌ လ,နေ တို့သည် ညီညွတ်စွာ လှည့်ပတ်ကြပါသည်။ လမ်းမှန်မှန် လှည့်ပတ်ကြပါသည်။ ဥတုလည်းညီမျှပါသည်။ လ,နေ တို့သည် ၆`လတို့ပတ်လုံး မြင်းမိုရ်တောင်မှ အပြင်ဘက်သို့ ထွက်ကြ၍(၆)လပတ်လုံး မြင်းမိုရ်တောင်၏အတွင်း၌ လှည့်လည်ကြပါသည်။ မြင်းမိုရ်ဘောင်၏အနီးဖြင့် မြင်းမိုရ်တောင်ကို လက်ယာရစ်၍ သွားကုန်လသော်(၆)လတို့ပတ်လုံး ထိုသွားကြောင်းလမ်းမှ အပြင်ဘက်၌ မိမိ၏ ကန့်လန့် လဲသွားခြင်းဖြင့် စကြဝဠာသို့ ရှေးရှုထွက်သွားကြပါသည်။ ဤသို့(၆)လတို့ပတ်လုံး ခဏခဏ မြင်းမိုရ်တောင်မှ ဖဲသွားခြင်း၏ အစွမ်းဖြင့် ထိုမြင်းမိုရ်တောင်မှ ထွက်၍ စကြဝဠာ၏အနီးသို့ ရောက်ကြပါသည်။

ထိုစကြာဝဠာမှလည်း (၆) လတို့ပတ်လုံး ခဏခဏ ဖဲခွာခြင်း၏ အစွမ်းဖြင့်ထွက်၍ မြင်းမိုရ်တောင်၏အနီးသို့ ရောက်ကုန်လသော် အတွင်း၌ လှည့်လည်ကြပါသည်။ ထို လ,နေ တို့သည် ဝါဆိုလ၌ မြင်းမိုရ်တောင် ၏ အနီးဖြင့် လှည့်လည်ကြပါသည်။ ထို ဝါဆိုလမှနောက်၌ ဝါခေါင်,တော်သလင်း(၂)လတို့ပတ်လုံး ထွက်၍ အပြင်၌ လှည့်လည်ကြပါသည်။ သီတင်းကျွတ်သ၌ မြင်းမိုရ်တောင်၏အလယ်ဖြင့် သွားကြပါသည်။ ထိုသီတင်းကျွတ်လမှနောက်- တန်ဆောင်မုန်း, နတ္တော် (၂)လတို့ပတ်လုံး စကြဝဠာသို့ ရှေးရှုသွား၍ ပြာသို,တပို့တဲ့,တပေါင်း(၃)လတို့ပတ်လုံး စကြဝဠာအနီးဖြင့် လှည့်လည်ပြီးလျှင် တဖန်ထွက်ခါ တန်ခူးလ၌ စကြဝဠာ၏ အလယ်လမ်းဖြင့် သွားသည်။ ထိုတန်ခူးလမှနောက် ကဆုန်,နယုန်(၂)လတို့ပတ်လုံး မြင်းမိုရ်တောင်သို့ ရှေးရှုသွား၍ တဖန် ဝါဆိုလ၌ မြင်းမိုရ်တောင်၏အနီးဖြင့် လှည့်လည်ကြပါသည်။

သုံးကျွန်းလင်းခိုက်။ ။လ,နေ တို့သည် လှည့်လည်ကုန်လသော် တပြိုင်နက် ကျွန်း(၃)ကျွန်းလုံးတို့၌ လင်းကြပါသည်။ အရပ်တခုဘခုယူဇနာ(၉`သိန်းစီ(၉ဝ,ဝဝဝ)စီ အမိုက်မှောင်ကိုပယ်၍ အလင်းရောင်ကို ဆောင်ကြပါသည်။

နေထွက်	မွန်းဘည့်	နေဝင်	မတ္ဆီမယ်
တောင်ကျွန်း	အရှေ့ကျွန်း	မြောက်ကျွန်း	အနောက်ကျွန်း
အရှေ့ကျွန်း	မြောက်ကျွန်း	အနောက်ကျွန်း	တောင်ကျွန်း
မြောက်ကျွန်း	အနောက်ကျွန်း	တောင်ကျွန်း	အရှေ့ကျွန်း
အနောက်ကျွန်း	တောင်ကျွန်း	အရှေ့ကျွန်း	မြောက်ကျွန်း

တနည်း -နှစ်ကျွန်းလင်းခိုက်။ ။လ,နေတို့သည် လှည့်လည် သွားလာကုန်လ သော် ကျွန်း(၂)ကျွန်းခွဲ တပြိုင်နက်လင်း ကြ ပါသည်။ အကြင်ကျွန်းခွဲ နေဝင်သည်၏ အစွမ်းဖြင့် နေဗိမာန်သည် တဝက် ထင်ရှားပါသေးသည်။ နေဝင်ပြီးသော်ကား ထိုကျွန်းခွဲ မထင်ရှားတော့ပါ။ အလင်းရောင်ကိုလည်း မမြင်ရတော့ပါ။ ကျွန်း (၂)ကျွန်းတို့သာ တပြိုင် နက်အလင်းရောင် (၂)ခု ရှိနိုင်ပါသည်။ အရပ်တခုဘခုခွဲ ယူဇနာ (၉)သိန်း (၉)သိန်း အမိုက်မှောင်ကိုပယ်ဖျောက်၍ အလင်းရောင်ကို ဆောင်ကြပါ သည်။ ခဲ့ပါဦးအုံ-ဤဇမ္ဗူ။ဒီပ်ကျွန်း မွန်းတည့်ချိန် အရှေ့ကျွန်းသူ ကျွန်း သားတို့အား နေဝင်သည်၏ အစွမ်းဖြင့် နေဗိမာန်သည် တဝက်ထင်ရှားပါ သည်၊ ဤသို့ အရှေ့ကျွန်းခွဲ ယူဇနာ (၉)သိန်း ပမာဏရှိသော အရပ်ခွဲ အမှောင်ပျောက်၍ အလင်းရောင်ကိုပြနိုင်ပါသည်။

အနောက်ကျွန်းခွဲ နေထွက်သည်၏ အစွမ်းဖြင့် နေဗိမာန်သည် တဝက် ထင်ရှား၍ ထိုအနောက်ကျွန်းခွဲသည်၊ လဆက်ဝက်ဆင်ရှားရှိသောကြောင့် ယူဇနာ (၉)သိန်း ထင်ရှားပါသည်။ အရှေ့ကျွန်းသားတို့မှာ . နေဝင်လ သော် မထင်ရှားတော့ပါ။ ဤသို့ ကျွန်း(၂)ကျွန်းတို့၏ အလုံ စုံသောအရပ်ခွဲ အမိုက်မှောင်ကို ပယ်ဖျောက်၍ အလင်းရောင်ကို ပြနိုင်ပါသည်။ အနောက် ကျွန်းခွဲလည်း နေထွက်လသော် အရပ်အားလုံးတို့ခွဲ အမိုက်မှောင်ကို ပယ် ဖျောက်သောကြောင့် အလင်းရောင်ကိုပြပါသည်။ (ဇ.ကျွန်းလုံးဝလင်း၏။ ကျွန်းနှစ်ကျွန်းခွဲ တဝက်စီသာလင်း၍ အကုန်ပြိုင်တူမလင်းသဖြင့် တဝက်စီ သာ လင်းသော နှစ်ကျွန်းကို တကျွန်းယူ၍ နှစ်ကျွန်းလင်းဟု ဆိုပါသည်။)

နေလမျှားဖြစ်ပေါ်လာပုံ။ ။လ,နေတို့ ဖြစ်ပေါ်လာကြလျှင် ပြိုင်တူပင် လောကခွဲ ဖြစ်ပေါ်ကြပါသည်။ နေသည် ရှေးဦးစွာ ထင်ရှားပါသည်။ ခဲ့ပါဦးအုံ-ကမ္ဘာဦးအစ သတ္တဝါတို့၏

ကိုယ်ရောင်ကွယ်ပျောက်လတ်သော် မောင်သွားပါသည်။ ထိုကမ္ဘာဦးအဇ သတ္တဝါတို့သည် ကြောက်ရွံ့ထိတ်လန့်ကြ၍ "ငါတို့၏ ကိုယ်ရောင်မှတပါး အခြားအရောင်တခု ဖြစ်ပေါ်လာလျှင် ကောင်းမှာပဲ" ဟု ကြံစည်ကြပါသည်။ ထိုသို့ကြံစည်ပြီးနောက် လူပေါင်းများစွာ၏ သန္ဓာန်၌ မဲရင့်မှုကို ဖြစ်စေသျှက် နေဝန်းဗိမာန်ထွက်လာပါသည်။ ထို့ကြောင့်ပင် နေဝန်း ဗိမာန်ကို "သူရိယ"ဟု ခေါ်ကြပါသည်။

ထိုနေသည် တနေ့ပတ်လုံး အလင်းရောင်ကို ပြုပြီး၍ ဝင်သွားသော် တဖန်မှောင်သွားပါသည်။ ထိုအခါ ကမ္ဘာဦးအစသတ္တဝါတို့သည် ကြောက်ရွံ့ထိတ်လန့်ကြ၍"နေအရောင်မှတပါး ဒုခြားအရောင်တမျိုး ဖြစ်ပေါ်လာ လျှင် ကောင်းမှုခဲ"ဟု ကြံစည်ကြပြန်ပါသည်။ ထိုအခါ၌ ကမ္ဘာဦးအစ သတ္တဝါတို့၏ အလိုကိုသိသကဲ့သို့ လဝန်းဗိမာန်ထွက်ပေါ် လာပါသည်။ ထို့ကြောင့်ပင် ထိုလဝန်း ဗိမာန်ကို ဆန္ဒ(စန္ဒ)ဟု ခေါ်ကြပါသည်။ ဤသို့ လ, နေများ ဖြစ်ပေါ်လာပြီးမှ နက္ခတ်တာရာများ ဖြစ်ကြပါသည်။ ထို လ နေ နက္ခတ်တာရာများဖြစ်သည်မှစ၍ ညဉ့်, နေ့, လ, လထက်ငယ်, ဥတု, နှစ်များဖြစ်ကြပါသည်။ လ နေ ဖြစ်ရာနေ့၌ပင် မြင်းမိုရ်တောင်,စကြဝဠာ, ဟိမဝန္တာတောင်,နှင့် ကျွန်းကြီး(၄)ကျွန်းတို့ ဖြစ်ပေါ်လာကြပါသည်။ ထို လ် နေ စသည်တို့သည် တမ်ပြိုင်နက် ဝေပေါင်းလပြည့်နေ့၌ပင် ဖြစ်ပေါ်လာ ကြပါသည်။

ဒသသဟဿယောဇနံ။ ။သိုကြားမြို့ကိုရည်၍ ဤ"ဒသသဟဿယောဇနံ" ကိုဆိုပါသည်။ တောင်၌နေသော တာဝတိံသာ နတ်များ, ကောင်းကင်၌နေသော တာဝတိံသာ နတ်များသည်၊ ရှိကြပါ သည်။ ထိုနတ်တို့၏ အဆက်ဆက်သည် စကြာဝဠာတောင်အထိ ရောက်ပါ သည်။ စဘုမဟာရာဇ်,ယာမော၊သေ၊နတ်တို့ကိုလည်း ဤနည်းအတိုင်းသိပါ။ တခုသောနတ်ပြည်၌မှလည်း နတ်တို့၏ အဆက်ဆက် စကြာဝဠာ တောင် အသိ မရောက်သည်မရှိပါ၊ (နတ်ပြည်တိုင်း ရောက်သည်ဟူလို,။ တာဝတိံ သာ နတ်ပြည်သည် မြင်းခိုရ်တောင်၏အထက်ပြင် ယူဇနာ(၁၀၀၀၀)ရှိ ရာအရပ်၌ တည်ပါသည်။ ဆိုတာဝတိံသာနတ်ပြည်၏ အရှေ့တံခါးအနောက် တံခါးဘို့၏အကြား၌ ယူဇနာ(၁၀၀၀၀)ရှိပါသည်။ တောင်တံခါးမြောက် တံခါးတို့၏အကြား၌လည်း ထို့အတူ ယူဇနာ(၁၀၀၀၀)ရှိပါသည်။ ၎င်း တာဝတိံသာနတ်မြို့သည် တံခါး(၁၀၀၀)ရှိ၍ အာရာမ်, ရေကန်များဖြင့် တန်ဆာဆင်ထားအုပ်သော မြို့တော်ဖြစ်ပါသည်။

ဝေဇယန္တာပြာသာဒ်။ ။တာ၁ဝဟိ သာ နတ်ပြည်၏အလယ်၌ ယူဇနာ(၃၀၀) အမြင့်ရှိသော အလံတံခွန်စိုက်ထူ အပ်သော ရတနာ (၇)ပါးဖြင့်ပြီးသော အမြင့်ယူဇနာ(၃၀၀)ရှိသောသိကြားမင်း၏ ပြာသာဒ်သည် ဝေဇယန္တာ မည်ပါသည်။

ဝေဇယန္တာရထား၊ ။ဌင်းရထား၏လုံးပတ်သည် ယူဇနာ (၁၅၀)ရှိပါသည်။ ရထား၏အနောက်အစွန်းသည် ယူဇနာ(၅၀) ရှိ၍ အလယ်၌ ရထားအိမ်သည် ယူဇနာ(၂၀)ရှိပါသည်။ ရထား၏အနေပ်မှ ရထားဦးအထိ ယူဇနာ ၅၀ ပင်ရှိပါသည်။ ထိုပမာဏကိုပင် နှစ်ဆတက်ပြု၍ အလျားယူဇနာ ၃၀၀ ရှိသည်ဟု ဆိုကြသေး၏။

ရောဝဏ်ဆင်။ ။ဌင်းဆင်သည် ယူဇနာ(၁၅၀)ရှိပါသည်။ ဝိုရောဝဏ်ဆင်သည်လည်း တိရစ္ဆာန်မဟုတ်ပါ။ နတ်သားသာဖြစ်ပါသည်၊ မှန်၏။ နတ်ပြည်၌ တိရစ္ဆာန်မျိုးမရှိကြပါ။ ထိုရောဝဏ်နတ်သားသည် ဥယျာဉ်ထွက်ရာအခါ၌ မိမိ၏ နတ်ကိုယ်ကိုစွန့်၍ ယူဇနာ ၁၅၀ ရှိသော ရောဝဏ်မည်သော ဆင်ကြီး ဖြစ်သွားပါသည်။ ထိုရောဝဏ်ဆင်သည် ပတ်လည်အားဖြင့် တာ၁ါဝုတ်, ယူဇနာဝက်, ပမာဏရှိသော ဆင်ဦးကင်း ခုံ ၃၃ ခု ဖန်ဆင်းပါသည်။ နတ်အားလုံးကို၏ အလယ်၌ သိကြားမင်းအတွက် သုဒဿနမည်သော ယူဇနာ ၃၀ ရှိသော ဆင်ဦးကင်းကို ဖန်ဆင်းပါသည်။ ထို ဆင်ဦးကင်း၏အထက်၌ ၁၂ ယူဇနာရှိသော ရတနာမဏ္ဍာ ရှိပါသည်။

နန္ဒာရေကန်။ ။ယူဇနာ ၅၀ ရှိပါသည်။ ယူဇနာ ၅၀၀ ရှိသည် ဟုလည်းဆိုကြပါသည်။

စိတ္တလတာဥယျာဉ်။ ။ယူဇနာ ၆၀ ရှိပါသည်။ ယူဇနာ ၅၀၀ ရှိသည် ဟုလည်း ဆိုကြပါသည်။ နန္ဒဝန်ဥယျာဉ်,ဖားရုသကဥယျာဉ်တို့ကိုလည်း ဤအဘိုင်းသိပါ။ သိကြားမင်းသည် နတ်သမီးအပေါင်းခြံရုံလျက် ယူဇနာ ၆၀ ရှိသော ရွှေလမ်းကြီးသို့သက်ဆင်း၍ နက္ခတ်ကစားကာ နန္ဒဝန်ဥယျာဉ်တို့၌ လှည့်လည်နေပါသည်။

ပန်လယ်ကသစ်ပင်။ ။ပတ်ဝန်းကျင် လုံးပတ်ယူဇနာ ၃၀၀ ရှိပါသည်။ ပင်စည်လုံးပတ် ၁၂ ယူဇနာရှိ၍ အမြင့် ယူဇနာ ၁၀၀ ရှိပါသည်၊

ပဏ္ဍုကမ္မသသိလာ။ ။ပင်လယ်ကသစ်ပင်၏ အရင်းခို အလျား ယူဇနာ ၆၀၊ အနံ အပြန့် ယူဇနာ ၅၀၊ အစောက် ၁၅ ယူဇနာ ရှိသော လယ်ခေါင်ရမ်းပွင့်အဆင်းရှိသော ကျောက်ဖျာသည် ပဏ္ဍုကမ္မလ ကျောက်ဖျာ မည်ပါသည်၊ ယင်းကျောက်ဖျာသည် နူးညံ့သော ကြောင့်သိကြားမင်းထိုင်လျှင် ကိုယ်တဝက် အတွင်းသို့မြုပ်သွား၍ ထသော အခါ၌ ပြန်ပြည့်လာပါသည်။

သုဓမ္မာနဟ်သဘင်။ ။အလျားအနံ အားဖြင့် ယူဇနာ ၃၀၀ စီ ရှိသည့် အတွက် အဝန်းအဝိုင်းအားဖြင့် ယူဇနာ ၉၀၀ ရှိပါသည်။ အခြေခံယူဇနာ ၅၀၀ ရှိ၍ မြေကြီးကား ဖလ်ဖြင့် ပြီးပါသည်။ [အစုံသမ္ပိုက ဋီကာ၌ ကြည့်ပါဦး။]

အာသသာဝတီ၊ ။ပန်းပွင့်လိမ့်မည်ဟု ဆိုဆိုက်ရာအခါမှ၊ ၍ နတ်များသည် အနှစ် ၁၀၀၀ တိတိ ပန်းပင်၏အနီးသို့ ချဉ်းကပ်ကြပါသည်။ ပင်လယ်ကသစ်ပန်းပွင့်လျှင် တနှစ်ပျော်ကြပါသည်။ ထိုနတ်များသည် ထိုပင်လယ်ကသစ်ပင်၏ ရွက်ဝါစသည် ဖြစ်ချိန်မှ၍ နှစ်သက်သော စိတ်ရှိကြပါသည်။ တပင်လုံးပွင့်သော ပင်လယ်ကသစ်ပင်၏ အရောင်သည် ထက်ဝန်းကျင် ယူဇနာ ၅၀၀ အသီ ရောက်၍ပြန့်နှံ့ပါသည်။ လေညာသို့ ယူဇနာ ၁၀၀ အထိ အနံ့ပြန့်ရောက်ပါသည်။

တဿ အသုရာဘာနံ။ ။သိကြားမင်းသည် မစလရွာဝယ်၌ မာဃမည်သော လုလင် ဖြစ်၍ ၃၃ ယောက် သော ယောက်ျားတို့နှင့်အတူ ကောင်းမှုပြုလျက် ကျင့်ဝတ် ၇ ပုံးတို့ကို ဖြည့်ခဲ့သည့်အဘွက် ကွယ်လွန်သော် ၎ရိတ်သတ်နှင့်အတူ နတ်ပြည်၌ ဖြစ်ပါသည်။ သိကြားမင်း မရောက်ခင်ရှိနေကြသော နတ်တို့သည် "ညီ့သည် နတ်သားများလာကြပြီ ထိုညီ့သည် နတ်သားတို့အတွက် ပူဇော်မှု ပြုကြ ကုန်စို့" ဟု ပြောကာ ပဒုမ္မာ နတ်ပန်းတို့ကို ဆက်သကြပြီးလျှင် တိုင်းပြည်တဝက် ဖြင့်လည်း ဖိတ်မန်မှု ပြုကြပါသည်။ သိကြားမင်းသည် တိုင်းပြည်တဝက် ဖြင့် မဘင်းတိမ် မရောင့်ရဲပါ။ ထိုအခါ အိမ်ရှင်နတ်တို့သည် ညီ့သည်နတ်သားတို့အတွက် ပူဇော်မှုပြုကြကုန်စို့ ဟု ပြော၍ နံ့သာဖျော်ရည်ကို စီရင်ကြပါသည်။ သိကြားမင်းသည် မိမိ ပရိသတ် အား "အမောင်တို့ နံ့သာဖျော်ရည်ကို မသောက်ကြပါလင့်၊ သောက်ဟန်မျှကိုသာပြုကြပါ" ဟု သတိပေးပါသည်၊ ထိုသိကြားပရိသတ်ဟို့သည် သိကြားပြောသည့်အတိုင်းလိုက်နာကြပါသည်။ အိမ်ရှင်နတ်တို့သည် ရှေ့ဆက်ဘို့ဖြင့် နံ့သာဖျော်ရည်ကို အလို

ရှိသလောက် သောက်ပြီးလျှင် ယစ်မူးကုန်လျှက် ထိုထိုရွှေမြကြီးတို့၌ လဲကျ၍ အိပ်ကြပါသည်။ သိကြားမင်းသည် "သေသောက်ကြ||းတို့ကို ဖမ်းကြကုန်၊ သေသောက်ကြ||းတို့ကို ဆဲထုတ်ကြကုန်"ဟု ပြောကာ ဗြဟ္မာတို့၏အကိုင်ခိုင်း၍ မြင်းမိုရ်တောင်ခြေရင်း၌ ပစ်ချခိုင်းပါသည်။ သိကြားမင်း၏ ကောင်းမှုအစွမ်းကြောင့် ထိုအိမ်ရှင်နတ်တို့၏ အဖေါ်နတ် အားလုံးတို့သည်လည်း ထိုမြင်းမိုရ်တောင် ခြေရင်း၌ပင် လဲကျကြပါသည်။ ထိုအခါ၌ ထိုနတ်တို့၏ ကံအရင်းခံရှိသော ဥတုကြောင့်ဖြစ်သော ယူဇနာ ၁၀၀၀၀ ရှိသော အသုရာဘုံသည် မြင်းမိုရ်တောင်ခြေ၌ဖြင်းပါသည်။ ပင်လယ်ကသစ်ပင်ဖြင့် ဖုံးလွှမ်းအပ်သော သခွတ်ပင်ဖြင့် ကောင်းစွာတင့်တယ်ပါသည်။ သိကြားမင်းသည် ထိုနတ်ဟောင်းတို့ ပြန်မလာခြင်းအကျိုးငှာ အစောင့်အရှောက်ထားပါသည်။

ဒီနံ အယုဇ္ဈပုရာနံ။ ။အယုဇ္ဈပုရမြို့(၂)မြို့တို့သည် နတ်မြို့နှင့် အသုရာမြို့ဖြစ်ပါသည်။ ခဲ့ပါဦးအုံ– ၎င်းမြို့(၂)မြို့တို့ကို စစ်တိုက်၍ယူခြင်းငှာ မစွမ်းနိုင်သောကြောင့် အယုဇ္ဈမြို့တို့ဟု ခေါ်ရသည်။ မှန်ပါသည်။ အသုရာတို့ အားကောင်းရာအခါ၌ နတ်များပြေး၍ နတ်မြို့သို့ဝင်ပြီးလျှင် တံခါးပိတ်အပ်သော် အသုရာ တသိန်းတို့သော်မှလည်း ဘာမျှမလုပ်နိုင်ပါ။ နတ်များ အားကောင်းရာ အခါ၌ အသုရာများ ပြေး၍ အသုရာမြို့သို့ဝင်ကာ တံခါးပိတ်ပြီးသော် သိကြားတသိန်းတို့ သော်မှလည်း ဘာမျှမလုပ်နိုင်ပါ။ ထို့ကြောင့် ဤ(၂)မြို့တို့သည် အယုဇ္ဈမြို့တို့ မည်ပါသည်။ ထို(၂)မြို့တို့၏အကြား (၅)ဌာနတို့၌ သိကြားမင်းသည် အစောင့်အရှောက်ထားပါသည်။

တပ်ချပုံ။ ။နဂါးတို့ကို ရေ၌ အားရှိကြသောကြောင့် မြင်းမိုရ်တောင်၏ အဦးစမုခ်၌ အစောင့်ချထားပါသည်။ ဂဠုန်ဘို့ကို မြင်းမိုရ်တောင် ၏ ဒုတိယအဦးစမုခ်၌ လည်းကောင်း၊ ဂုမ္ဘာန်တို့ကို တတိယအဦးစမုခ်၌ လည်းကောင်း၊ ဘီလူးတို့ကို စတုတ္ထအဦးစမုခ်၌ လည်းကောင်း၊ နတ်မင်းကြီး(၄)ယောက်ကို ပဉ္စမအဦးစမုခ်၌ လည်းကောင်း အစဉ်အတိုင်း ချထားပါသည်။ အသုရာတို့သည် ဟာဝတီသာ နတ်တို့နှင့် သက်တန်း, အဆင်း, အခြံအရံ, အစိုးရမှု, စည်းစိမ်တို့တူကြပါသည်။ ထို့ကြောင့် သခွတ် မပွင့်မီအကြား၌ မိမိကိုယ်ကိုမသိနှုတ်၍ သခွတ်ပန်းပွင့်မှ "ဤမျှသည်နတ်မြို့ဟုတ် နတ်မြို့ပင်လယ်ကသစ် ပွင့်၏။ ဤအသုရာဘုံ၌ကား သခွတ်ပင် ငွင့်၏ သိကြားအို သည် ငါတို့ကို သေရည်တိုက်၍ လှည့်စားခဲ့ပြီ။ ငါ့၏ နတ်မြို့ကိုလည်း

သိမ်းယူပြီ။ သွားကြစို့။ ထိုသင်္ကြားအိုနှင့်အတူ စင်္ကတိုက်ကုန်အုံ့။'' ဟုပြော၍ ဆင် မြင်းရထား၊တို့ကို ဧ်း၍ ရွှေအကား(ဒိုင်း)၊ ငွေအကား၊ တွေ့ကြားအကာ တို့ကိုစွဲကိုင်ပြီးလျှင် ဧစ်ဆင်ကြီးလျက် အသုရာစည်ကြီးကိုတီး၍ မဟာသမုဒ္ဒရာ ရေကို နှစ်ခြမ်းခွဲကာ တက်လာကြပါသည်။ (မိုးရွာသော် တောင်ပိုင်ရှိ သော ပလူ,ခြ တို့သည် တောင်ပိုသို့တက်ခြင်းငှာ အားထုတ်ကုန်သကဲ့သို့) ဤအတူ အသုရ.တို့သည် မြင်းမိုရ်တောင်သို့ တက်ခြင်းငှာ အားထုတ်ကြ ပါသည်။

ထိုအခါ၌ ထိုအသုရာတို့သည် ရှေးဦးစွာ နဂါးတို့နှင့် စင်္ကတိုက်ကြပါ သည်။ ထိုစစ်ပွဲ၌ တစုံဘယောက်၏ အရေပါးအရေထူမှ မပြတ်ပါ။ သွေး လည်းမထွက်ပါ။ (ဂ.လေးတို့၏ သစ်သား,သိုးရုပ်ဖြင့် စစ်တိုက် သကဲ့သို့) အချင်းချင်း လှန့်ရုံမျှသာ ဖြစ်သည်။ ကုဋေ အရာ၊ ဂုဋေ အထောင်သော နဂါးတို့သည်လည်း ထိုအသုရာတို့နှင့် စစ်ထိုး၍ အသုရာဘုံသို့သာ ဝင်စေ၍ ပြန်သ.ာကြပါသည်။ အသုရာတို့ အင်အားမျှားရာ အခါ၌ နဂါး တို့သည် ဆုဘ်၊ ဒုတိယ အဦးစမုခ်ရှိ ဂဠုန်တို့နှင့်ပေါင်း၍ စစ်တိုက်ကြပါသည်။

(ဂဠုန်စ သည်ဘို့၌လည်း ဤနဂါးတို့နည်းအတိုင်းသိပါ) အသုရာတို့က (၅)ဌာနလုံးတို့ကိုလည်း နှိမ်နင်းရာအခါ၌ တပေါင်းတည်း စစ်တင်ကို ပေါင်း၍ဆုတ်ကြပါ၏။ ထိုအခါ၌ နတ်မင်းကြီး (၄) ယောက်တို့သည် သွား၍ သိကြားမင်းအား ဖြစ်ပုံကို သံဘော်ဦးတင်ကြပါသည်။

သိကြားမင်းသည် နတ်မင်းကြီး (၄) ယောက်တို့၏ ဖြစ်ပုံကို ကြား၍ ယူဇနာ (၁၅၀) ရှိသော ဝေဇယန္တာရထားသို့ တက်စီး၍ ကိုယ်တိုင်သော် လည်းထွက်ပါသည်။ (ကိုယ်တိုင်မထွက်လျှင် သားတယောက်ကို စေလွှတ် ပါသည်။) တနေ့သ၌ ကိုယ်တိုင်ထွက်၍ အသုရာတို့ကို စစ်ထိုး၍ပြန်တက် ကာ သမုဒ္ဒရာ၌ ပြစ်ချ၍ တံခါး (၄)ခုတို့၌ မိမိနှင့်တူသော ရုပ်ထုတို့ကို ဖန် ဆင်း၍ ထားပါသည်။ ထို့ကြောင့် အသုရာတို့သည် နဂါးစည်တို့ကို အောင်၍လာပါသော်လည်း သင်္ကြားရုပ်တို့ကို မြင်ကာ ''သင်္ကြားထွက်လာ ၏''ဟု ကြုံကာ ပြေးကြပါသည်။ ဤသို့ နတ်တို့၏ ဒန့်ကျင်ဘက် ဖြစ်သော ကြောင့် အသုရာတို့ မည်ပါသည်။ အရကား-ဝေပစိတ္တိ ပဟာရာဒ စသည် တို့တည်း။ ထိုအသုရာဘုံသည် အလျား အနံ ယူဇနာ(၁၀၀၀၁) ရှိပါသည်။

အဝီစိမဟာနိုရယော။ ။အဝီစိမဟာဝရဲ၏ အတွင်းသည် အလျားနှင့်အနံ ယူဇနာ (၁၀၀)ရှိပါသည်။ ခြေကြီးနှင့်အမိုးသည် သံဖြစ်၍ နံရံတခုခု (၃)ယူဇနာစီရှိပါသည်။ အနှေ့အရပ် နံရံမှ မီးလျှံထ၍ အနောက်အရပ် နံရံသို့ရောက်ပါသည်။ ထိုအနောက်နံရံကို ဖောက်ထွင်းပြီး

နောက်ယူဇနာ (၁၀၀)သို့ ရောက်ပါသည်၊ ကြွင်းသောအရုပ်တို့၌လည်း ဤနည်းအတိုင်းသိပါ။ ဤသို့မီးလျှံ အဆုံး၏ အစွမ်းဖြင့် အလျားအနံတို့သည် (၃၁၀) ယူဇနာစီရှိကြ၍ အဝန်းအဝိုင်းကား (၉၅၄)ယူဇနာရှိပါသည်။ ထက်ဝန်းကျင်မှ ဥသဘဝရဲတို့နှင့်တကွ ယူဇနာ(၁၀၀၀၀) ရှိပါသည်။

အဘယ်ကြောင့် ဤဝရဲကို အဝီစိဟု ခေါ်ပါသနည်း ဟု မေးဖွယ်ရှိ၏။ အဖြေကား–ဝီစိသဒ္ဒါသည် အကြားအနက်ကို ဟောပါသည်။ ထိုဝရဲ၌ မီးအလျှံများ သတ္တဝါများ ဆင်းရဲများ၏ အကြားမရှိသောကြောင့် ထိုဝရဲကို အဝီစိဟု ခေါ်ပါသည်။ ခဲ့ပါဦးအုံ–ထိုအဝီစိဝရဲ၏ အရှေ့နံရံမှ မီးလျှံထ၍ တစပ်တည်းစပ်လျက် ယူဇနာ (၁၀၀)သို့ရောက်ကာ နံရံတခုကို ထုတ်ခြင်းပေါက်အောင် ဖောက်ပြီး နောက်ယူဇနာ (၁၀၀)အထိ သွားပါသည်။ ကြွင်းသောအရုပ်တို့၌လည်း နည်းတူသိပါ။ ဤသို့ မီးအလျှံများ အကြားမရှိသောကြောင့် အဝီစိမည်ပါသည်။

အဝီစိ၏ ယူဇနာ(၁၀၀) အတွင်း၌ (ကျည်တောက်ထဲ၌ ထောင်း၍ ထည့်ထားသော ခဲမှုန့်များကဲ့သို့) ဤအတူ သတ္တဝါတို့သည် အကြားမရှိကြပါ။ ဤနေရာ၌ သတ္တဝါရှိ၏။ ဤနေရာ၌ မရှိဟုပင် ဆိုလို့မရပါ။ သွားသောပုဂ္ဂိုလ်တို့၏ လည်းကောင်း၊ ရပ်သောပုဂ္ဂိုလ်တို့၏ လည်းကောင်း၊ ထိုင်သောပုဂ္ဂိုလ်တို့၏ လည်းကောင်း၊ လျောင်းသော ပုဂ္ဂိုလ်တို့၏ လည်းကောင်း၊ ကျက်သောပုဂ္ဂိုလ်တို့၏ လည်းကောင်း အဆုံးမရှိပါ။ သွားသော ပုဂ္ဂိုလ်တို့သည် ရပ်သောပုဂ္ဂိုလ်တို့ကို လည်းကောင်း၊ ထိုင်သောပုဂ္ဂိုလ်တို့ကို လည်းကောင်း၊ လျောင်းသောပုဂ္ဂိုလ်တို့ကို လည်းကောင်း မတိုက်မိကြပါ။ ဤသို့ သတ္တဝါများ အကြားမရှိသောကြောင့် အဝီစိမည်ပါသည်။

ကာယဒွါရ၌ ဥပေက္ခာသဟဂုတ်စိတ်(၆)ပါး၊ ဒုက္ခသဟဂုတ်စိတ် (၁) ပါး ဖြစ်ပါသော်လည်း လျှာဖျား၌ ပျားရည်(၆)စက်နှင့် ကြေးနီပြောက် တပြောက် တင်ထားသော် လောင်ကျွမ်းမှု အားကြီးသောကြောင့် ကြေးနီပြောက်သာထင်ရှား၍ ပျားရည်(၆)စက်တို့ကား မပြောပလောက် သကဲ့သို့ ဤအတူ လောင်ကျွမ်းမှုအားကြီးသောကြောင့် ဤအဝီစိဝရဲ၌ ဆင်းရဲသာ ထင်ရှားပါသည်။ ဥပေက္ခာ သဟဂုတ်စိတ်(၆)ပါးတို့ကား မပြောပလောက်တော့ပါ၊ ဤသို့ ဆင်းရဲအကြားမရှိသောကြောင့် အဝီစိ ဟု ခေါ်ပါသည်။ ဤ အဝီစိဝရဲသည်လည်း ဇမ္ဗူဒီပ်ကျွန်း၏ အောက်၌ တည်၏ ဟု ဆိုကြပါသည်။

ဇမ္ဗူဒီပ်။ ။ဇမ္ဗူဒီပ်သည် အလျားအားဖြင့်လည်းကောင်း၊ အနံ့အာဝေးဖြင့် လည်းကောင်း ယူဇနာ(၁၀၀၀၀) ပမာဏရှိပါသည်။ ယူဇနာ

(၁၀၀၀၀)တို့တွင် ယူဇနာ(၄၀၀၀) ပမာဏရှိသောအရင်းကို ဇမ္ဗူဒီပ်၌ နေ့သော ပုဂ္ဂိုလ်တို့၏ ကုသိုလ်ကုန်ခြားမကြာင့် ရေလွှမ်းမိုး၍ သမုဒ္ဒရာဟု ခေါ်ကြပါသည်။ ယူဇနာ(၃၀၀၀) ပမာဏရှိသော အရပ်၌ ဟိမဝန္တာ တောင်တည်၍ ယူဇနာ(၃၀၀၀) ပမာဏရှိသော အရပ်၌ လူများနေကြပါသည်။

အပရဂေါယာနံ သတ္တသဟဿယောဇနံ။ ။အနောက်ကျွန်းသည် အလျား အနုံ ယူဇနာ(၇၀၀၀) စီရှိပါသည်။

ကျွန်းသဏ္ဌာန်။ ။ဇမ္ဗူဒီပ်သည် လှည်း သဏ္ဌာန်ရှိ၍ အနောက်ကျွန်းကား ကြေးမုံ (မှန်) သဏ္ဌာန်ရှိပါသည်။ အရှေ့ကျွန်းသည် လခြမ်း သဏ္ဌာန်ရှိ၍၊ မြောက်ကျွန်းကား အင်းပျဉ် သဏ္ဌာန်ရှိပါသည်။ ထိုကျွန်းများနှင့် ထိုကျွန်းများ၏ အခြံအရံကျွန်းများ၌ နေကြသူများ၏ မျက်နှာသဏ္ဌာန်သည်လည်း ကျွန်းသဏ္ဌာန်နှင့် တူသည်ဟု ဆိုကြပါသည်။

မြောက်ကျွန်းအကြောင်း သိကောင်းစရာ

ဓနခြင်းကိစ္စ။ ။အရပ်တိုင်းမှာ တခဲနက်ပီတ်သဲသောအရှက်ဖြင့် ဖုံးအုပ်နေသော အခက်ကြီး အခက်ငယ် ရှိသော စုလစ်မွမ်းချွန် အထွတ်တပ်သောအိမ်နှင့် တူသော"မနောရမ" သစ်ပင်တို့၌ မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့ နေကြပါသည်။

ကိုယ်ခန္ဓာ။ ။မြောက်ကျွန်းသားတို့၏ ခန္ဓာကိုယ်သည် အပြစ် (၆) ပါးမှ လွတ်၍ အရပ် အမောင်း လုံးပတ် နှင့် ပြည့်စုံပါသည်။ ဇရာသည် မလွှမ်းမိုးအပ်သောကြောင့် အရေတွန့်ခြင်း ဆံဖြူခြင်း စသည် မရှိပါ။ အသက်သက်ဆုံး အဟုန်,ကိုယ်အား,ဉာဏ်အား,ကျိုးစားမှု မကုန်ခမ်းပဲ တင့်တင့်တယ်ဘယ်ဖြစ်၍ တည်ပါသည်။

အလုပ်အကိုင်။ ။ဃရကြွေမှုဒေ.ကျို့ ကိုမှီ၍ အသက်မွေးမှု မရှိသော.ကြောင့် (အလုပ်လုပ်စရာမလိုသောကြောင့်) မြောက်ကျွန်းသား

တို့မှာ လယ်ထွန်မှု၊ ကုန်သွယ်မှု စသည်ဖြင့် အာဟာရရှာမှီးခြင်း ဒုက္ခမရှိပါ။ ထို့ကြောင့်ပင် ကျွန်ယောက်ျား, ကျွန်မိန်းမ, အမှုလုပ် ၊သည် မရှိပါ။

ရာသီဥတု။ ။အအေး, အပူ, မှုက်, ခြင်, ယင်, နေပူ, လေ, မြွေ, ကင်း, သန်း, သားရဲ စသော ဘေးရန်မရှိပါ။ ဤဇမ္ဗူဒီပ်၌ နွေလတို့၏ အဆုံးလ မိုးသောက်ယံအချိန်၌ ဥတုသည် အအေး အပူမျှတ သကဲ့သို့ ဤအတူမြောက်ကျွန်း၌ အခါခပ်သိမ်း ဥတုသည် အအေး အပူမျှတ ပါသည်။ မြောက်ကျွန်းသားတို့အား ညှဉ်းဆဲနှိပ်စက်ထိခိုက်မှု တခုမျှ မရှိပါ။

ထမင်း။ ။ထမင်းကို ထင်းဖြင့်မချက်ရပါ။ သလေးထမင်း ဖြစ်ပါသည်။ ဆန်ကွဲမပါ၊ ဖဲ့မရှိ၊ စင်ကြယ်၍ ကောင်းသောအနံ့ရှိပါသည်။ ခဲ့ပါဦးအုံ–ထိုမြောက်ကျွန်း၌ ဇောတိကမည်သော ကျောက်မျှားရှိကြပါသည်။ ထိုအခါ မြောက်ကျွန်းသားတို့သည် ဇောတိကကျောက် (၃)လုံး အနေပါ၌ ထမင်းအိုးတည်ထားပါသည်။ ကျောက်တို့မှ မီးတက်လာ၍ ထမင်းကို ကျက်စေပါသည်။ (ချက်ပါသည်) ထမင်းသာရှိ၍ ဟင်းမရှိပါ။ စားသူတို့၏စိတ်တိုင်းကျ အရသာဖြစ်ပါသည်။ မြောက်ကျွန်းထမင်းစားသူတို့မှာ နွားနှာ, မြင်းဖု, ခယရုပ်, ချောင်းဆိုးနှာ, ရိုးရိုးချောင်းဆိုးနှာ, အရွှေးနှာ, အဖျားနှာ စသော ရောဂါတစုံတရာမဖြစ်ပါ။ မြောက်ကျွန်းသားတို့သည် စားရာအရပ်သို့ ရောက်သူများအား ထမင်းလှူလိုက်ကြပါသည်။ ဝန်တို့စိတ်မရှိ၊ ဘုရား, ပစ္စေကဗုဒ္ဓါ စသော တန်ခိုးရှင်များသည် ထိုမြောက်ကျွန်းသို့ကြွကာ ဆွမ်းခံတော်မူကြပါသည်။

လူနေမှုအဆင့်အတန်း။ ။ထိုမြောက်ကျွန်းသားတို့တွင် ခါးကုန်းသူ, ပုကွသူ, ကန်းသူ, လက်ကောက်သူ, ခြေခွင်သူ, ဂုံယပ်ဟပိုင်းသေသူ, အင်္ဂါချွတ်ယွင်းသူ, ဂွန်ဒြီချို့တဲ့သူများ မဟုတ်ကြပါ။

ပြောက်ကျွန်းသူများ။ ။မြောက်ကျွန်းသူတို့သည် အလွန် အရပ်ရှည်ခြင်း စသော အပြစ်(၆)ပါးတို့မှလွတ်၍ အလွန် တင့်တယ်ကြပါသည်။ ခဲ့ပါဦးအုံ – လက်ချောင်းများရှည်ကြ၍ လက်သည်းနီကာ အသားမြတ်များ တွဲမကျပါ။ ခါးသေး၍ မျက်နှာဝိုင်းပြီး မျက်စိမှာ ပြူးကျယ်ပါသည်။ ကိုယ်ခန္ဓာနှုးညံ့သိမ်မွေ့၍ စေ့ ၊ပ်သောပေါင်ရှိကာ သွားကား ဖြူဖွေးနေပါသည်။ ချက်မှာနက်ပြီး ခြေသလုံးသေးပါသည်။ ဆံပင်ညိုရှိ၍ရှည်ပြီး (အဖျားမှာ) ကောက်နေပါသည်။ ကျယ်ပြန့်၍ ကောင်း

သောတင်ပါးရှိပြီး အမွေးရှိသော်လည်း မရှည်လွန်းပါ။ ကောင်းသော ယောနိရှိပါသည်။ ဥတုအားလျော်၍ ချမ်းသာသောအတွေ့ရှိကာ ပြေပြစ်ပါသည်။ အပြောအဆိုလည်း ပြေပြစ်၍ တန်ဆာအမျိုးမျိုးဖြင့် တန်ဆာဆင်ကြလျက် လှည့်လည်ကြပါသည်။ ဘယ်အခါမဆို (၁၆)နှစ်အရွယ်ကဲ့သို့ ဖြစ်၍ ယောက်ျားတို့ကား (၂၅)နှစ်အရွယ်ကဲ့သို့ ဖြစ်ပါသည်။ သားတို့သည် မိခင်စသည်တို့ဘက် မကပ်မက်ကြပါ ဤသို့မတပ်မက်ခြင်းသည် မြောက်ကျွန်းဌ ဓမ္မတာအစဉ်အလာဖြစ်ပါသည်။

အိမ်ဆောင်သားမွေးမှု။ ။မြောက်ကျွန်းသူ မြောက်ကျွန်းသား တို့သည် (၇)ရက်သာ ကာမဂုဏ်ဖြင့် နေကြပါသည်။ ၎င်းနောက် ရာဂကင်းသူတို့ကဲ့သို့ ချမ်းချမ်းသာသာ သွားကြပါသည်။ ထိုမြောက်ကျွန်းဌ ဤဇမ္ဗူဒီပ်ကျွန်းကဲ့သို့ ကိုယ်ဝန်နေရမှု ကိုယ်ဝန်ဆောင်မှု သားဖွားမှု ဒုက္ခများမရှိပါ။ သင်တိုင်းအနီးကြီးမှ ရွှေရုပ်များသွက်လာကြသကဲ့သို့ ဤအတူ ကလေးများသည် မိခင်၏ဝမ်းမှသလိပ်စသည်ဖြင့် မလိမ်းမကျံပဲ ချမ်းချမ်းသာသာထွက်လာကြပါသည်။ ဤကားမြောက်ကျွန်းဌ ဓမ္မတာတည်း။ မိခင်သည် သားကိုဖြစ်စေ, သမီးကိုဖြစ်စေ ဖွားမြင်ပြီးသော် ထိုသားသမီးတို့အား သွားရာအရပ်ဌ ထားခဲ့၍ မင့်ကွက်ပဲ အလိုရှိသလို သွားကြပါသည်။ အိပ်နေသော ကလေးတို့၏အထံသို့ မြင်သော ယောက်ျားတို့သည် သော်လည်းဆကာင်း၊ မိန်းမတို့သည်သော်လည်းကောင်း၊ မိမိ၏ လက်ချောင်းတို့ကို ညွှတ်စေကြပါသည်။ ထိုကလေးတို့၏ကံ အစွမ်းကြောင့် လက်ချောင်းတို့မှ နို့ရည်များထွက်ပါသည်။ ထိုနို့ရည်ဖြင့် ကလေးတို့သည် အသက်ရှင်ကြပါသည်။ ဤသို့ ကြီးကုန်လျှက် နှစ်ရက်သုံးရက်ဌပင် အားရှိကြ၍ ကလေးမတို့သည် မိန်းမတို့ အထံသို့ သွား၍ ယောက်ျား ကလေး တို့သည် ယောက်ျားတို့အထံသို့ သွားကြပါသည်။

အဝတ်တန်ဆာများ။ ။ပဒေသာပင် မှသာ မြောက်ကျွန်းသား တို့သည် အဝတ်တန်ဆာများ ရကြပါသည်။ ထိုထိုတပ်မက်ဖွယ်တို့ဖြင့် ဆန်းကြယ်သော နှုးညံ့၍ကောင်းသော အတွေ့ရှိသော အဝတ်တို့သည် ပဒေသာပင်တိုင်းဌ တွဲရရှိဆွဲကုန်လျက်တည်ကြပါသည်။ တန်ဆာများလည်း ပဒေသာပင်များမှပင် တွဲရရှိဆွဲလျက် တည်ကြ၏။ ဖြစ်တို့သည် ကောင်းစွာ အထူးစင်ကြယ်သော ရေရှိကြ၏။ ဆိပ်ကမ်း များသည် လည်း မကောင်းသောမွှေ့ လျော်ဖွယ်ရှိလှ၏။ ညွှန်မရှိပဲ သဲပြင်ရှိ၍ မအေးလွန်း မပူလွန်းပါ။ ၎ကောင်းသော်အနှံ့ရှိကုန်သော ရေဌဖြစ်သော ပန်းတို့ဖြင့် ဖုံး

လွှမ်းထားပါသည်။ အခါခပ်သိမ်း ပန်းကောင်းအနံ့များ လှိုင်လျက်စီးဆင်းကြပါသည်။ ဆူးနှင့် ကြမ်းတမ်းသော ချုံနွယ်များမရှိပါ။ ဆူးမရှိသော အပွင့်အသီးတို့ဖြင့် ကောင်းစွာ ဖုံးလွှမ်းထားပါသည်။ စန္ဒကူးပင် ကုံကော်ပင်များ အလိုလို အရည်ထွက်ကြပါသည်။ ရေချိုးလုံကြီးလျှင် မြစ်ဆိပ်ကမ်းနှင့် တပေါင်းတည်းအဝတ်တန်ဆာတို့ကို ပုံထား၍ မြစ်သို့ဆင်း၍ ရေချိုးပြီးလျှင် တက်လာ သူတို့သည် အသက်၌ ရှိသော အဝတ်တန်ဆာ တို့ကို ယူကြပါသည်။ မြောက်ကျွန်းသားတို့အား "ဤဥစ္စာသည်ငါ့ဥစ္စာ၊ ဤဥစ္စာကားသူ့ဥစ္စာ" ဟု အကြံမဖြစ်ပါ။ ထို့ကြောင့်ပင် မြောက်ကျွန်းသားတို့မှာ ခိုက်ရန်ဖြစ်မှု ငြင်းခုံမှု တစုံတရာမျှမရှိပါ။ အိပ်လိုသော သင်ပင်တို့၌ပင် အိပ်နိုင်ပါသည်။

ကွယ်လွန်သော်။ ။ကွယ်လွန်သော် မင်ကြွေးမပူဆွေးကြပါ။ ထို သူသေကောင် သတ္တဝါကို တန်ဆာဆင်၍ ပြစ်ချကြပါသည်။ ထိုပြစ်ချရာခဏ၌ပင် သူသေကောင်လောက် ပမာဏရှိသော ငှက်ကြီးဝန်ပိုတို့သည် သွား၍ သူသေကောင်ကို အခြားကျွန်းသို့ပို့ကြပါသည်။ ထို့ကြောင့် မြောက်ကျွန်း၌ သုသာန် မစင်ကြယ်ရာအရပ်များမရှိပါ။ မြောက်ကျွန်းမှ သေသူတို့သည် ငရဲ,တိရစ္ဆာန်,ပြိတ္တာဘုံ၌ မဖြစ်ကြပါ။ ဓမ္မတာသိဒ္ဓိ ပဋ္ဌသီလ၏ အာနုဘော်ကြောင့် မြောက်ကျွန်းသား,တို့သည် နတ်ပြည်၌ဖြစ်ကြရပါသည်။ မြောက်ကျွန်းသားတို့၏ အသက်တန်းသည်-အနှစ်(၁၀၀၀) ရှိပါသည်။ မြောက်ကျွန်းသားတို့၏ အလုံးစုံသော ထိုအမှုသည် ငါးပါးသီလကဲ့သို့ ဓမ္မတာသိဒ္ဓိပင် ဖြစ်ပါသည်။

လောကန္တရိက်ငရဲ။ ။အချင်းချင်း နီးကပ်စွာ ထားအပ်သော လှည်းဘီး (၃) ခု၊ တနည်း-သပိတ်(၃)လုံးတို့၏ အကြားအရပ်နှင့်တူသော (၃)ခု (၃)ခုသော စကြဝဠာတို့၏ အကြားတို့၌ တခုတခုသောအရပ်သည် လောကန္တရိက် ငရဲမည်ပါသည်။ ထိုလောကန္တရိက်ငရဲသည် အဝန်းအဝိုင်းအားဖြင့် ယူဇနာ (၈၀၀၀) ပမာဏရှိ၍ အမြဲဟင်းလင်း ပွင့်နေပါသည်။ အထက်မှလည်းကောင်း၊ အောက်မှလည်းကောင်း တစုံတခုဖြင့် ပိတ်မထားပါ။ ခဲ့ပါဦးအုံ-အောက်၌ ရေကိုခံသော မြေမရှိ၍ အောက်မှ အပိတ်မရှိသလို အထက်မှလည်း စကြဝဠာတို့၌ကဲ့သို့ နတ်ဗိမာန်များ မရှိသောကြောင့် အပိတ်မရှိပါ။ စက္ခုဝိညာဏ်မဖြစ်နိုင်အောင် မှောင်နေပါသည်။ ထိုလောကန္တရိက်၌ အသင်းရောင်မရှိသောကြောင့် စက္ခု-ဝိညာဏ်မဖြစ်ပါ။ (၃)ကျွန်းလုံးတို့၌ လင်းနိုင်သော လ,နေ များလည်း ထိုလောန္တရိက် ငရဲ၌ အလင်းရောင်ကို မပြုနိုင်ကြပါ။

စက္ခုဝိညာဏ်မဖြစ်ခြင်းအကြောင်း။ ။လ, နေတို့သည်-ယုဂန္ဓိုရ်တောင်နှင့် တူသော ပမာဏရှိသော ကောင်းကင်အရပ်၌ လှည့်လည်သောအားဖြင့် စကြဝဠာတောင်၏ အလယ်ဖြင့် လှည့်လည်ကြပါသည်။ လောကန္တရိက် ငရဲတို့ကား စကြဝဠာတောင်ကို ကျော်လွန်၍ တည်ကြပါသည်။ ထို့ကြောင့် ထို လ, နေတို့သည် လောကန္တ-ရိက်ငရဲ၌ အလင်းရောင်ကို မပြုနိုင်ကြပါ၊ ထို့ကြောင့် စက္ခုဝိညာဏ် မဖြစ်ပါ။

စက္ခုဝိညာဏ်ဖြစ်ရာအခါ။ ။ဘုရားအလောင်း ပဋိသန္ဓေယူမှု စသည်တို့ ကြောင့် အလင်းရောင်ဖြစ်ရာအခါ၌ စက္ခု-ဝိညာဏ်ဖြင့်ပါသည်။ ထိုနေ့၌ ငါတို့မှတပါး အခြားသော ဤလောကန္တ-ရိက်ငရဲ၌ဖြစ်နေကြသော သတ္တဝါများလည်း ရှိသေးသည် ဟု အချင်းချင်း မြင်ကြပါသည်။ ထိုအလင်းရောင်သည် ယာဂုတသောက် တကြိမ်သောက်မျှ မတည်ပါ။ လက်ဖျစ်ဘတွက်မျှသာ လျှပ်စစ်လက်သကဲ့သို့ အရောင်ထွက်၍ "သည်အရောင်ဘာလဲ"ဟု ပြောနေကြစဉ်ပင် ကွယ်ပျောက်ပါသည်။

ဘယ်လိုကံကြောင့် လောကန္တရိက်ရောက်။ ။လေးလံကြမ်းကြုတ်ကြီးလေး သော အမိအဘ, တရားရှိ သောသမဏ,ဗြာဟ္မဏတို့အပေါ်၌ ပြစ်မှားမှုကို ပြုခြင်းကြောင့်သော်လည်း ကောင်း၊ အခြားသောနေ့စဉ် သူ့အသက်သတ်မှုစသော ကြမ်းကြုတ်သော နိုင်ထက်ကလူ နှိပ်စက်မှုကံကို ပြုခြင်းကြောင့်သော်လည်းကောင့် သီဟိုဠ် ကျွန်း၌ အဘယသူပုန်, နံဘဝသူပုန် စသူတို့ကဲ့သို့သော သတ္တဝါများ ရောက် ကြပါသည်။ [လောကန္တရိက်ငရဲသားများ၏ 'အတ္တဘောသည် (၃)ဂါဝုတ် ရှိ၏။]

အနန္တာနိ။ ။အနန္တ ဟူသည် "ဤမျှတို့သာတည်း" ဟု အခြားသူများ ပိုင်းခြား ခြင်းငှာ မစွမ်းနိုင်သော အရာများတည်း။ အာကာ သ, သတ္တနိကာယ, စက္ကဝါဠ, ဟူသော အနန္တ (၃)မျိုးကို အနန္တဖြစ်သော ဘုရားရှင်၏ ဉာဏ်တော်ဖြင့် ပိုင်းခြားနိုင်ပါသည်။ ဘာ့ကြောင့်နည်း-- ဉာဏ်တော်ကလည်း အနန္တဖြစ်သောကြောင့်တည်း။ ခဲ့ပါဦးအုံ-ဥ ယျ ရှိသမျှ ဉာဏ်တော်ဖြစ်၍ ဉာဏ်တော်ရှိသမျှ ဥ ယျဖြစ်ပါသည်။ ဉာဏ်တော် သည် ဥ ယျအဆုံးအပိုင်းအခြားရှိ၍ ဥ ယျလည်း ဉာဏ်တော်အဆုံးအပိုင်း အခြား ရှိပါသည်။ ထို့ကြောင့် "အနန္တေန ဗုဒ္ဓဉာဏေန အဗ္ဗေါဒိ"စသည် ကို မိန့်ဆိုပါသည်။

အနန္တအဖြစ်ကို ထိုးအာရုံမျှားခ့ဲ အပိတ်အပင်မရှိ ဖြစ်နိုင်သောကြောင့် အဆုံးမရှိ သိဖွယ်မျှားကို ထိုးထွင်း၍ သိခြင်း၏ အစွမ်းဖြင့် သိပါ။

အသင်္ခေယျကပ်(၄)မျိုး။ ။၁။ သံဝဋ္ဋ-ပျက်ဆဲသော အသင်္ခေယျကပ်။

၂။ သံဝဋ္ဋဋ္ဌာယီကပ်-ပျက်ပြီးနောက် အပျက်အတိုင်း တည်ရှိသောအခါ။

၃။ ဝိဝဋ္ဋ-တိုးတက်ဆဲသော အသင်္ခေယျ-ကပ်။

၄။ ဝိဝဋ္ဋဋ္ဌာယီ - တိုးတက်ပြီးနောက် တိုးတက်သည့်အတိုင်း တည်နေသောအခါ။

ကပ်-ဟူသည် ပရမတ္ထအားဖြင့် မရှိ၊ ကာလပညတ်သာ ဖြစ်ပါသည်။ ကာလပညတ်ကား ပျက်စီးမှု တိုးတက်မှု မရှိနိုင်ပါ။ သို့အတွက် ထိုကာလ၌ ဖြစ်သော သင်္ခါရတရားတို့၏ အစွမ်းဖြင့် ပျက်စီးမှု တိုးတက်မှုမျှားကို သိပါ။

သံဝဋ္ဋ(၃)မျိုး။ ။၁။ မီးကြောင့်ပျက်ခြင်း၊

၂။ ရေကြောင့် ပျက်ခြင်း၊

၃။ လေကြောင့် ပျက်ခြင်း။

သံဝဋ္ဋသီမာ(၃)မျိုး။ ။၁။ အာဘဿရာ၊

၂။ သုဘကိဏ္ဏာ၊

၃။ ဝေဟပ္ဖိုလ်။

ဇွဲစပ်ပုံ။ ။၁။ မီးကြောင့် ကမ္ဘာပျက်ရာအခါ - အာဘဿရာ အောက်ပျက်၏။

၂။ ရေကြောင့် ကမ္ဘာပျက်သည့်အခါ-သုဘကိဏ္ဏာအောက်ကြေမွသည်။

၃။ လေကြောင့် ကမ္ဘာ ပျက်သည့်အခါ-ဝေဟပ္ဖိုလ်အောက် ပျက်စီးသည်။

ဤကား အထက်အောက် သတ်မှတ်ချက်တည်း။ အကျယ်အဝန်းဖြင့် ဆိုသော် အထက်ပါ ပျက်ရာအခါ(၃)မျိုးလုံးဟို့၌ပင် ဗုဒ္ဓခေတ်တခုပျက်သည်ဟု မှတ်ပါ။

အဂ္ဂိနာဘဿရာ ဟေဋ္ဌာ၊ အာပေန သုဘကိဏ္ဏတော။
ဝေဟပ္ဖလတော ဝါတေန၊ ဒေဝ လောကော ဝိနသတိ။

ဗုဒ္ဓခေတ်(၃)မျိုး။ ။၁။ ဇာတိခေတ်-ဘုရားရှင်၏ ပဋိသန္ဓေယူမှု သည်တို့ကြောင့် တုန်လှုပ်ရာဖြစ်သော စကြဝဠာ တသောင်း။

၂။ အာဏာခေတ် - ခန္ဓ, ဓဇဂ္ဂ, အာဠာနာဋိယ, မောရ စသောပရိတ်များ၏ အာနုဘော်ဖြစ်ရာ စကြဝဠာ ကုဋေတသိန်း။

၃။ ဝိသယခေတ်-အဆုံးအပိုင်းအခြားမရှိပါ။ မှန်ပါသည်။ အဆုံးအပိုင်းအခြားမရှိသော စကြ-ဝဠာတို့၌ ဘုရားရှင် သိလိုသမျှကို သိနိုင်ပါသည်။ ဘာ့ကြောင့်နည်း....ဗုဒ္ဓဉာဏ်တော်သည် လိုလား မှုနှင့် စပ်သော ဖြစ်ခြင်း ရှိသောကြောင့်တည်း။ ဗုဒ္ဓခေတ် (၃) မျိုးတို့တွင် တခုသော အာဏာ ခေတ်ပျက်သည်။ အာဏာခေတ်ပျက်သော် ဇာတိ ခေတ်လည်း ပျက်ပါသည်။ ဤခေတ်များသည် ပျက်လည်းအတူ တည်လည်းအတူ တည်ပါသည်။

ကမ္ဘာပျက်ပုံ။ ။မီးကြောင့် ကမ္ဘာပျက်ရာအခါ၌ အစဆုံး ကမ္ဘာဖျက် မိုး ကြီး ပေါ်ထွက်၍ စကြဝဠာ ကုဋေတသိန်း၌ တခုသော မိုးကြီး ရွာချပါသည်။ ထိုအခါ လူတို့သည် နှစ်သက်ကြ၍ မျိုးစေ့အား လုံးထုတ်ကာ စိုက်ပျိုးကြသည်။ ကောက်ပင်များ နွားစားလောက်ရုံ ရှိရာ အခါ၌ မိုးသည် ချိန်းရုံသာချိန်း၍ တပေါက်မျှ မရွာတော့ပါ။ လုံးဝမိုး ပြတ်သွားပါသည်။ သတ္တဝါအားလုံး ငြိုးငွေ့ပြည်ရောက်ကြပါသည်။

မေးဖွယ်။ ။စျာန်မပါပဲ ငြိုးငွေ့ပြည်၌ မဖြစ်နိုင်သည်မဟုတ်ပါလော။ ငတ် မွတ်မှု နှိပ်စက်မှုခံရသူ, စျာန်ရခြင်းငှာ မထိုက်သူများသည် အဘယ်နည်းဖြင့် ငြိုးငွေ့ပြည်၌ ဖြစ်နိုင်ကြသနည်း ဟု မေးဖွယ်ရှိ၏။ အဖြေ ကား- နတ်ပြည်၌ရအပ်သော စျာန်၏အစွမ်းကြောင့် ဖြစ်နိုင်ကြပါသည်။

ကမ္ဘာမှာသိန်း။ ။ကမ္ဘာမပျက်မီ အနှစ်တသိန်းက ကြိုတင်၍ လောကဗျူ-ဟာ အမည်ရသော ကာမာဝစရ နတ်များသည် ဝမ်းနည်းပန်းနည်း ဆံပင် ဖရိုဖရဲချ၊ ငိုယိုကြကာ လက်များဖြင့် မျက်နှာကိုသုတ်, အဝတ်နီကြီးကိုဝတ်, အလွန်ဖောက်ပြန်သော အဆင်းကိုဆောင်ကြ.လျက် လူ.ပြည်၌ လှည့်လည် ကာ "အချင်းတို့ ယနေ့မှနောက် အနှစ်တသိန်းကျော်သည့်အခါ ကမ္ဘာပျက် မပါဟော့မည်။ မဟာသမုဒ္ဒရာကြီး ခြောက်သွေ.ပါတော့မည်။ ဤ လောက

ကြီး ပျက်စီးပါတော့မည်။ ဤမဟာပထဝီမြေကြီး နှင့် မြင်းမိုရ်မြေတောင်ကြီး သည်း မီးလောင်၍ပျက်ပါတော့မည်။ ဗြဟ္မာ့ပြည်တိုင်အောင်ပျက်ပါလိမ့်မည်။ ဗြဟ္မာစိုရ်ဘရား(၄)ပါးတို့ကို ပွားများကြပါ။ မိခင် ဖခင် ကျေးဇူးရှင်တို့ကို ပြုစု လုပ်ကျွေးကြပါ။ အမျိုးဌာကြီးသူများကို အရိုအသေပြုကြပါ'' ဟု ကြွေး ကြော်ကြပါသည်။ (ထိုနတ်များကို လောကကို ပေါင်းစုတတ်သော အနက် ကြောင့် လောကဗျူဟာ ဟု ခေါ်ဆိုကြပါသည်။)

ကမ္ဘာပျက်မည်ကို ဘယ်လိုသိ။ ။ ၁။ ဓမ္မတာသည် တိုက်တွန်းအပ်သော ကြောင့် သိပါသည်။ (အာစရိယဝါဒ)

၂။ပျက်မည့် အရိပ်နိမိတ်တို့ကို မြင်သောကြောင့် သိပါသည်။ (ဧကေဝါဒ)

၃။ ဗြဟ္မာနတ်များက တိုက်တွန်းအပ်၍ သိပါသည်။ (အပရေဝါဒ)

နတ်ပြည်၌ရှိအပ်သော စျာန်ကြောင့် ဗြဟ္မာ့ပြည်ရောက်ပုံ။ ။လောကဗျူ ဟာ မည် သော ကာမာဝစရ နတ်များ၏စကားကို ကြားရခြင်းကြောင့် များသော အားဖြင့် လူများ, ဘုံမဟာစိုးနတ်များသည် သံဝေဂရကြသဖြင့် အချင်းချင်း နှုးညှံ့သော စိတ်ထားရှိပြီးလျှင် မေတ္တာစသော ကောင်းမှု များကို ပြုကာ နတ်ပြည်၌ ဖြစ်ကြရပါသည်။ နတ်ပြည်၌ သုခာဘေးဇဉ်ကို သုံးဆောင်ကာ ဝါယောကသိုဏ်း၌ ပရိကမ်ပြု၍ စျာန်ရကြပါသည်။ နတ်တို့မှာ ချမ်းသာ သော အတွေ့ရှိသော လေကိုယူလေ့ရှိသောကြောင့် ဝါယော ကသိုဏ်း ၌ စျာန်များပြည့်စုံလွယ်ပါသည်။ အပါယ်သတ္တဝါများသည် အပရာပရိယ– ဝေဒနီယကံကြောင့် နတ်ပြည်၌ဖြစ်ကြပါသည်။ မှန်၏။ အပရာပရိယဝေဒ– နီယကံမှ လွတ်ကင်းသော သံသရာ၌ ကျင်လည်သော သတ္တဝါ တယောက် မျှမရှိပါ။ ထိုအပါယ်သားများလည်း နတ်ပြည်ရောက်သည့်အခါ အခြား နတ်များနည်းတူပင် စျာန်ရကြပါသည်။ ဤသို့ နတ်ပြည်၌ရှိအပ်သော စျာန် ၏အစွမ်းကြောင့် အားလုံး ဗြဟ္မာ့ပြည်၌ ဖြစ်ကြပါသည်။ ဤစကားကို ယေဘုယျ အစွမ်းဖြင့် ဆိုခြင်းဖြစ်ပါသည်။ အချို့ အပါယ် သတ္တဝါ များ သည် ပျက်ဆဲ လောကဓာတ်မှ အခြား လောကဓာတ်တို့၌လည်း ဖြစ်ရပါ သည်။ မှန်ပါသည်။ အပါယ်သတ္တဝါ အားလုံး ထိုအချိန်၌ ရူပဘုံ,အရူပဘုံ တို့၌ မဖြစ်ဟု သိနိုင်ပါသည်။ ဘာကြောင့်နည်း– အပါယ်ဘုံတို့၌ အသက် ရှည်သော သတ္တဝါများ နတ်ပြည်၌ ပဋိသန္ဓေနေမှု မဖြစ်သင့်သောကြောင့် တည်း။

နယ်ဘမိစ္ဆာဒိဋ္ဌိ ရှိသူသည် ကမ္ဘာပျက်သော်လည်း ငရဲမှ မလွတ်နိုင်ပါ။ ထို့ကြောင့် ထိုနယ်ဘမိစ္ဆာဒိဋ္ဌိ ရှိသူသည် ထိုစကြဝဠာ၌မဖြစ်ပဲ အခြားစကြဝဠာ၌ ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်မှာ ဘဝမှ ထမြောက်မူမည်သည် မရှိ။ နတ်ပြည်,မင်,ဖိုလ် မည်သည်မရှိ။ ထို့ကြောင့်ထိုပုဂ္ဂိုလ်သည် ပျက်ဆဲ စကြ-ဝဠာမှ အခြားစကြဝဠာများ၏ ငရဲ၌ဖြစ်၍ ခံရပါသည်။ အခြားစကြဝဠာများ မီးလောင်ပြန်သော် ကောင်းကင်၏တခုသောအရပ်၌ ခံရမည်ဟု ဆိုကြပါသည်။

အမှာ– ဤစာပိုဒ်၏အစ "ကေစိ" ကို စာပိုဒ်၏အဆုံး "ဝဒန္တိ" ၌ စပ်စေလိုသော အထားအသိုဖြင့် ဆင်ခြင်မှု၌ စာ ရိုက်ထားသည်ကို တွေ့ရပါသည်။ မိမိက "ကေစိ" ကို နောက်၌ ကပ်လျက်ရှိသော "အပါယသတ္တာ" ၏ ဝိသေသန ဟု ယူဆကာ ပြန်ဆိုထားပါသည်။

ဒုတိယနေတစင်း။ ။မိုးပြတ်ပြီးနောက် ကြာမြင့်သောအခါ၌ ဒုတိယ နေ တစင်း ထွက်လာပါသည်။ ထိုဒုတိယ နေတစင်း ထွက်သည့်အခါ ညဉ့်, နေ့ မထင်ရှားတော့ပါ။ နေတစင်းထွက်လာလျှင် နေ တစင်းဝင်ပါသည်။ လောကသည် အမြဲတမ်းပူနေပါသည်။ ကမ္ဘာမပျက်ခင် ကာလ၌ နေဗိမာန်ဝယ် နေနတ်သားရှိ၍ ကမ္ဘာပျက်နေ၌ နေနတ်သား မရှိ တော့ပါ။ ကမ္ဘာပျက်ရာအခါ၌ နေနတ်သားသည် အခြားကာမာဝစရ နတ်များ နည်းတူ စျာန်ရ၍ ပြဟ္မာ့ပြည်၌ ဖြစ်ရပါသည်။ နေအာဝန်းသည် အ ရောင်ပိုထွက်၍ အပူရှိန်ကြီးပါသည်။ ထိုပကတိ နေ ကွယ်ပျောက်နေလျှင် အခြားနေတစင်းထွက်ပါသည်။ ပကတိနေထွက်စဉ် ကောင်းကင်၌ မိုးတိမ်, မီးခိုး မီးလျှံများ ဖြစ်ကြ၍၊ကမ္ဘာပျက်နေထွက်လျှင် ကောင်းကင်သည် မီးခိုး, တိမ်တိုက်ကင်း၍ ကြေးမုံပြင် ကဲ့သို့ အညစ်အကြေးကင်းစင်နေပါသည်။

ထိုမှနောက် အချိန်ကြာသည့်အခါ တတိယ နေတစင်း ထွက်ပါသည်။ တတိယနေ တစင်း ထွက်သောကြောင့် မြစ်ကြီး(၅)သွယ် ခန်းခြောက် ပါ သည်။ ထိုမှနောက် အချိန်ကြာသည့်အခါ စတုတ္ထနေတစင်း ထွက်ပါသည်။ ယင်းကြောင့် မြစ်ကြီး(၅)သွယ်တို့၏ စရေဖြစ်ရာ အိုင်ကြီး (၇)အိုင် လည်း ခန်းခြောက်ပါသည်။ ထိုမှနောက် အချိန်ကြာသည့်အခါ ပဉ္စမ နေတစင်း ထွက်ပါသည်။ ယင်းကြောင့် တဖြည်းဖြည်း မဟာသမုဒ္ဒရာ၌ လက်ဆစ် စိုဝ ခေါ်ရုံ ရေလည်းမတည်တော့ပါ။ ထိုမှနောက် အချိန် ကြာသည့်အခါ ဆဋ္ဌမ နေတစင်းထွက်ပါသည်။ ယင်းကြောင့် စကြဝဠာအားလုံး မီးခိုးလုံး ချည်းဖြစ်၍ အစိုဓာတ်မရှိပါ။ မှုန်ပါသည်။ အာပေါဓာတ်ကြောင့် ပထဝီ

ခေတ်သည် ဖွဲ့၍ ထိုထို အရပ်၌ပေါင်းကာ တည်ကြ၏။ ထိုအာပေါခေတ်သည် ဆဋ္ဌမ နေထွက်ခြင်းကြောင့် ကုန်သွားပါသည်။ ဤ စကြဝဠာ ကုန်သကဲ့သို့ စကြဝဠာ ကုဋေတသိန်းလည်း ကုန်ပါသည်။ ထိုမှနောက် အချိန်ကြာသည့်အခါ သတ္တမ နေတစင်းထွက်လာသည်။ ယင်းကြောင့် စကြဝဠာ ကုဋေတသိန်းလုံး မီးလျှံကြီးတခု ဖြစ်ပါသည်။ ယူဇနာ (၁၀၀) စသော အပြားရှိသော မြင်းမိုရ်တောင်၏ တောင်ထွတ်များ ပြတ်၍ ကောင်းကင်၌ပင် ပျောက်ကွယ်ကြပါသည်။ မီးလျှံတခု တက်လာကာ စတုမဟာရာဇ်နတ်ပြည်၊ ထိုနတ်ပြည်၌ ရွှေဗိမာန်, ရတနာဗိမာန်, ပတ္တမြားဗိမာန်တို့ကို လောင်ပြီး၍ တာဝတိ်သာဘုံကို လောင်ပါသည်။

ဤနည်းအတိုင်းပထမဈာန် ဗြဟ္မာ့ဘုံအထိ လောင်ပါသည်။ ပထမဈာန် ဗြဟ္မာ့ဘုံ(၃)ခုတို့ကို လောင်ပြီး၍ အာဘဿရာဘုံ အထိ တည်ပါသည်။ ထိုမီးအလျှံသည် အကုန်မြူပမာဏရှိသော သင်္ခါရ တရားရှိသမျှ လောင်ပါသည်။ မငြိမ်းပါ။ သင်္ခါရ တရားအားလုံးကုန်မှငြိမ်းပါသည်။ ထောပတ်ကို လောင်သောမီးအလျှံ ဆီမီးကိုလောင်သောမီးအလျှံကဲ့သို့ ပြာကိုသော်မှ လည်း အကြွင်းမရှိအောင် လောင်ပါသည်။ အောက်ကောင်းကင်နှင့် အထက်ကောင်းကင် တပြင်တည်းဖြစ်၍ သြကာသ လောက တည်လတ်သော် ကမ္ဘာတည်မိုးရှာပါသည်။ အစဉ် အနန္တရဌက (တပို့တွဲ,တပေါင်းလကြား)အရပ်မှာ ဆီးနှင်းကျသကဲ့သို့ ဖြစ်ပါသည်။ ၎င်းနောက် ဆန်ကဲ့ပမာဏ, ဆန်ပမာဏ, ပဲနောက်ပမာဏ,ပဲကြီးပမာဏ,ဆီးသီးပမာဏ,သျှီသျှားသီးပမာဏ, ရေသခွားသီးပမာဏ,ကျောက်ဖရုံသီးပမာဏ,ဗူးသီးပမာဏ ရှိသောမိုးပေါက် ဖြစ်ကာ အစဉ်အတိုင်း ကြီးလာပြီး ဘဉ္ဇသဘ,နှစ်ဉသဘ,၇ါဝုတ်ဝက်, တ၇ါဝုတ်,ယူဇနာဝက်,နှစ်ယူဇနာ ။ပ။ ယူဇနာအရာ,ယူဇနာအထောင် ပမာဏရှိကာ စကြဝဠာ ကုဋေတသိန်း၏ အတွင်းအရပ်ကို မပျက်စီးသော ဗြဟ္မာပြည်အထိ ပြည့်စေလျက် ရှာပါသည်။ ထိုရေကို အောက်၌ဖြစ်စေ၊ ကန့်လန့်ဖြစ်စေ လေသည်တိုက်၍ ပဒုမ္မာကြာ ရွက်၌ ရေလုံးကဲ့သို့ တခဲနက်လုံးအောင် ပြုပါသည်။

ဝေးဖွယ်။ ။အဘယ်နည်းဖြင့် ကြီးစွာသော ရေဒေါလုံးကို တခဲနက် ပြုနိုင်ပါသနည်း ဟုမေးဖွယ်ရှိ၏။ အဖြေကား– ဝိဝရသမ္ပဒါနတောဝါတသာ။ ရေသည် လေအား အပေါက်ပေးသောကြောင့် ကြီးစွာသော ရေဒေါလုံးကို တခဲနက်ပြုနိုင်ပါသည်။ ခဲ့ပါဦးအုံ–ရေသည် လေအား ထိုထိုအခါ၌ အပေါက်ပေးပါသည်။ ရေသည် ဤသို့ အပေါက် ပေးလတ်သော် လေက ပေါင်းအပ်သော် တခဲနက်ပြုအပ်ကုန်သော် ကဖြည်းဖြည်း အောက်

သို့ကျသွားပါသည်။ ဗြဟ္မာ့ပြည်တည်ရာအရပ်၌ ဗြဟ္မာ့ပြည် အထက် ကာမာ ဝစရ နတ်ပြည်(၄)ထပ် တည်နေရာအရပ်၌ အထက် ကာမာဝစရ နတ်ပြည် (၄) ထပ်ဖြစ်ပေါ်လာကြပါသည်။ စတုမဟာရာဇ် နတ်ပြည်နှင့် တာဝတိံသာ နတ်ပြည်တို့သည် မြေကြီးနှင့်စပ်နေသောကြောင့် မ,ဖြစ်ပေါ်လာသေးပါ။ ကမ္ဘာမပျက်ခင် ရှေးမြေတည်ရာဌာနသို့ ရေကျလတ်သော် အားကြီးသောလေကျား ဖြန်းကြပါသည်။ ထိုလေတို့သည် ရေကို(အပေါက်ပိတ် ထားအပ်သော ဓမ္မကရိုဏ်ရေစစ်၌ တည်သောရေကဲ့သို့) ထွက်ပေါက်မရှိအောင် ပိတ်သားပါသည်။ ရေချိုကုန်သော် မြေကြီးပေါ်၌ ရသပထဝီ ဖြစ်လာပါသည်။ ရေပြင်ပေါ်၌ ကြာချပ်ကဲ့သို့ မြေကြီးတည်ပါသည်။ ထိုရသပထဝီသည် ရေမပါသောနို့၏အထက် မလိုင်ကဲ့သို့ အဆင်း,အနံ့,အရသာတို့နှင့် ပြည့်စုံပါသည်။

ဤလောကဓာတ်၌ မဟာဗောဓိပလ္လင်တည်ရာအရပ်သည် ကမ္ဘာပျက်လျှင် နောက်မှပျက်၍ ကမ္ဘာတည်လျှင် အလျင်တည်ပါသည်။ထိုအခါ၌ အာဘဿရာပြည်၌ အလျင်ဖြစ်နှင့်ကြသော သတ္တဝါတို့သည် သက်တမ်းကုန်သောကြောင့် လည်းကောင်း၊ ကုသိုလ်ကုန်သောကြောင့် လည်းကောင်း ထိုအာဘဿရာပြည်မှ စုတေပြီးလျှင် သြပပါတိကဖြစ်၍ ဤလူ့ပြည်၌ ဖြစ်ကြပါသည်။ ထိုသတ္တဝါတို့မှာ ကိုယ်ရောင်ရှိကြ၍ ကောင်းကင်၌ သွားလာကြပါသည်။ ထိုသတ္တဝါတို့သည် ရသပထဝီကိုလျက်၍ တဏှာအလွမ်းမိုးခံရကာ ဆုပ်လွေးဖို့ရာ ချဉ်းကပ်ကြပါသည်။ ထိုအခါ ကိုယ်ရောင်များ ပျောက်ကွယ်၍ မှောင်သွားပါသည်။မှောင်သောကြောင့် ထိုသတ္တဝါများကြောက်လာကြပါသည်။ ထိုအခါမှ နောက်၌သတ္တဝါတို့၏ အကြောက်ပျောက်အောင် ရဲရင့်ဧလျှက် ယူဇနာ (၅၀)ဝဲသော နေဝန်းကြီးဖြစ်ပေါ်လာပါသည်။ ထိုသတ္တဝါတို့သည် နေကိုမြင်ရ၍ ငါ၀ို့မှာ အလင်းရကြကုန်ပြီဟု အလွန်နှစ်သက်လျက် "ကြောက်သောငါတို့အား အကြောက်ပျောက်အောင် ရဲရင့်မှုကို ဖြစ်စေလျက် တက်လာ၏။ ထို့ကြောင့် နေသည် သူရိယ–ဖြစ်ပေသတည်း" ဟု အမည်ပေးကြပါသည်။ ထိုအခါ၌ နေသည် တနေ့ပတ်လုံးလင်း၍ ဝင်သွားသော် "အလင်းရောင်ကိုတော့ ရကြပါသည်၊ ငါတို့၏ အလင်းရောင်သည် ပျောက်ပြီ"ဟု ပြော၍ တဖန် ကြောက်ကြပါသည်။ ထိုပုဂ္ဂိုလ်တို့အား "နေ၏အရောင်မှတပါး အခြားအရောင်တခုရသော် ကောင်းလေစွ" ဟု အကြံဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်တို့၏ စိတ်ကိုသိသကဲ့သို့ (၄၉)ယူဇနာရှိသော လဝန်းထွက်လာပါသည်။ ထိုပုဂ္ဂိုလ်တို့သည် လဝန်းကိုမြင်ရ၍ အဇိုင်းထက်အလွန် နှစ်သက်ကြလျက် "ငါတို့၏ အလိုကို သိသကဲ့သို့ တက်လာသောကြောင့် "ဆန္ဒ (စန္ဒ)–ဖြစ်စေသတည်း"ဟု အမည် ပေးကြပါသည်။

လ,နေများ ဖြစ်ပေါ်လာပြီးသော် နက္ခတ်တာရာများ ဖြစ်ပေါ်လာကြပါသည်။ ထိုအခါမှစ၍ ညဉ့်,နေ့ ကွဲပြားလာပါသည်။ အစဉ်အတိုင်း လ, လထက်ဝက်, ဥတု, နှစ်များလည်း ဖြစ်လာကြပါသည်။ လ,နေတို့ ဖြစ်ပြီးရာနေ့၌ပင် မြင်းမိုရ်တောင်, စကြဝဠာ, ဟိမဝန္တာတောင်, ကျွန်း, သမုဒ္ဒရာများ ဖြစ်ကြပါသည်၊ ထို လ, နေ, နက္ခတ် စသည်တို့သည် မရှေး မနှောင်း တပေါင်းလပြည့်နေ့၌ပင် ဖြစ်ပေါ်ကြပါသည်။

ဖြစ်ပေါ်လာပုံ။ ။ဆတ်ဆန်ထမင်းချက်ရာ၌ တပြိုင်နက်ပင် ပုဇ္ဇဥ္စကာ-ဖူးပွ၍ ပေါ်လာသကဲ့သို့ အချို့နေရာ၌ မောက်၍ အချို့နေရာ၌ နိမ့်ကာ အချို့နေရာ၌ ညီသကဲ့သို့ ဤအတူ မြင့်မောက်သော အရပ်၌ တောင်များဖြစ်၍ နိမ့်သောအရပ်၌ သမုဒ္ဒရာများ ဖြစ်လာကာ မြေညီသောအရပ်၌ ကျွန်းများဖြစ်လာကြပါသည်။

ရသပထဝီပျောက်။ ။ရသပထဝီကို စားသုံးကြသော သတ္တဝါတို့၏ ကံကြောင့် တဖြည်းဖြည်း အချို့ပုဂ္ဂိုလ်တို့မှာ ရုပ်လှ၍ အချို့မှာ ရုပ်မလှပါ။ ရုပ်လှသူတို့သည် ရုပ်ဆိုးသူတို့ကို အထင်အမြင်သေးကြပါသည်။ အထင်အမြင်သေးသောကြောင့် ရသပထဝီ ကွယ်ပျောက်ပါသည်။

စားဖွယ်အဆင့်ဆင့်။ ။ရသပထဝီ ကွယ်ပျောက်သော် မြေလွှာပေါ်လာပါသည်။ မြေလွှာကွယ်ပျောက်သော် ပဒါလတာနွယ်ချို ဖြစ်လာပါသည်၊ ထိုနွယ်ချိုကွယ်သော် သလေးစပါး ပေါ်လာပါသည်။ ထိုသလေးဆန်သည် တင်းဖြင့်မချက်ရပါ။ ဆန်ကဲ့ ဖွဲ့မရှိပါ။ အနုကောင်းသော စပါးသီးတမျိုး ဖြစ်ပါသည်။ ထိုမှ နောက် ထိုပုဂ္ဂိုလ်တို့မှာ ခွက်များရှိလာကြပါသည်။ သလေးစပါးကို ခွက်ထဲထည့်၍ ကျောက်အပြင်၌ တင်လိုက်ရာ အလိုလိုမီးအလျှံ ထတောက်ကာ ကျက်သွားပါသည်။ ထိုထမင်းသည် မြလေးပန်းနှင့်တူပါသည်။ ဟင်းချက်ဖွယ်မလိုပါ။ စားလိုသည့်အရသာ ရှိပါသည်။

ကျင်ကြီး, ကျင်ငယ်။ ။ကြမ်းတမ်းသော အာဟာရကို စားသည်မှစ၍ ကျင်ကြီးကျင်ငယ်များ ဖြစ်ပေါ် လာပါသည်။ ခဲ့ပါဦးအုံ–ရသပထဝီ, မြေလွှာ, နွယ်ချို–ဟူသော သုံးမျိုးတို့ကို သုံးဆောင်ရာအခါ၌ နုတ်သုဓာအာဟာရကဲ့သို့ ဆွာလောင်မှုကို ပယ်ဖျောက်၍ စား

ဖွယ်ဝတ္ထုက သိမ်မွေ့သောကြောင့် ရသာကြောတို့ဖြင့် ရသာကိုသာ စုပေါင်းထုတ်၍ တည်ကြပါသည်။ အကျိုးဆက် မရှိပါ။ နှုးညံ့သောကြောင့် ပင် ဝမ်းမီးစာ ဖြစ်သွားပါသည်။ထမင်းကိုစားလျှင် အရသာ တိုးပွားသော်လည်း စားဖွယ်ဝတ္ထုက ကြမ်းတမ်းသောကြောင့် အကျိုးဆက်ကို စွန့်လျက် ကျင်ကြီး ကျင်ငယ် ဖြစ်ရပါသည်။ ထိုအခါ၌ ကျင်ကြီးကျင်ငယ်ထွက်ဖို့ရာ အမာဝမျှား ဖြစ်လာပါသည်။ ယောက်ျားသည် ပုလ္လိင်ဖြစ်၍၊ မိန်းမသည် ဣတ္ထိလိင်ဖြစ်ပါသည်။ ခဲ့ပါဦးအုံ-ရှေးအတ္တဘောတို့၌ ဖြစ်သော ဥပစာရ စကားန်၏ အစွမ်းကြောင့် သတ္တဝါတို့၏ သန္တာန်၌ ကာမရာဂသည် ဝိဂ္ဂမ္ဘနအဟုန်ကြောင့် ငြိမ်းနေသမျှ ထူထဲသော ကာမရာဂ၏ အားကြီးသောမှိုရာ ဖြစ်သော ဣတ္ထိဘာဝ၊ ပုရိသဘာဝမျှား ဖြစ်မလာကြသေးပါ၊ ဝိဂ္ဂိမ္ဘနအဟုန်ပြတ်သောကြောင့် ထူထဲသော ကာမရာဂသည် အခွင့်ရရာအခါ၌ ထိုထူထဲသော ကာမရာဂ၏ အားကြီးသော မှိုရာဖြစ်သော ဣတ္ထိနှေ့, ပုရိသိနှေ့တို့သည် သတ္တဝါတို့၏ အတ္တဘောတို့၌ ထင်ရှား ဖြစ်လာကြပါသည်။

မေထုန်။ ။ထိုအခါ၌ မိန်းမသည် ယောကျ်ားကို အချိန်အကြာကြီးကပ်၍ ကြည့်ရှုပါသည်။ ယောကျ်ားလည်း မိန်းမကို အချိန်အကြာကြီး ကပ်၍ ကြည့်ရှုပါသည်။ မိန်းမ ယောက်ျားတို့မှာ အချိန်ကြာမြင့်စွာ ကပ်၍ ကြည့်ရှုခြင်းကြောင့် ကာမဂုဏ်ပူလောင်မှု ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် မေထုန်မှီဝဲကြပါသည်။ ထိုမေထုန် မှီဝဲသူတို့သည် မေထုန်မှီဝဲခြင်းကြောင့် ပညာရှိတို့ ကဲ့ရဲ့မှု, ညှဉ်းဆဲမှုကို ခံရ၍ မေထုန်ကိုဖုံးလွှမ်းရန်အတွက် အိမ်မျှား ဆောက်ကြပါသည်။

ဆန်ညံ့လာသည်။ ။ထိုမေထုန်မှီဝဲသူတို့သည် အိမ်၌နေကြလျက် တဖြည်းဖြည်း လူပြင်းတယောက်ကို အာဘုလိုက်ပြီး သိုမှီးသိမ်းဆည်းကြပါသည်။ ထိုမှစ၍ ဆန်ကဲ့ ဖွဲမျှား မြေးယှက်လာပါသည်။ ကောက်စပါးရိတ်ရာအရပ်၌လည်း ပြန်မပေါက်တော့ပါ။

အုပ်ချုပ်ရေးပေါ်လာပြီ။ ။ထိုဗုဒ္ဓိုလ်တို့သည် စုဝေး၍ အကုသိုလ်နှင့် ပတ်သက်၍ ညည်းတွားပြောဆိုပြီးနောက် နယ်မြေသတ်မှတ်မှု ပြုကြပါသည်။ ထို့နောက် သတ္တဝါတယောက်သည် အခြားသတ္တဝါတို့၏အဖို့ အစုကို မပေးအပ်ပဲခိုးယူ၏၊ထိုသတ္တဝါကို နှစ်ကြိမ်တိုင်တိုင် ရေရွတ်ကြိမ်းမောင်း၍ သုံးကြိမ်မြောက်၌ လက်သီးတို့ဖြင့် ထိုးကြ၊ ခဲဖြင့်

ပေါက်ကြ၊ တုတ်တို့ဖြင့် ပေါက်ကြပါသည်။ ထိုသတ္တဝါတို့သည် ဤသို့ခိုးမှု ရန်ဖြစ်မှု, မုသားပြောမှု, တုတ်ကိုင်မှုများ ပေါ်လတ်သော် စုဝေး၍ "ငါတို့သည် သတ္တဝါတယောက်ကို သမုတ်ရလျှင် ကောင်းလေစု၊ ယင်း သတ္တဝါသည် ငါတို့အား ရှုတ်ချသင့်လျှင် ရှုတ်ချရာ၏၊ ကဲ့ရဲ့ထိုက်လျှင် ကဲ့ရဲ့ရာ၏၊ နှင်ထုတ်သင့်လျှင် နှင်ထုတ်ရာ၏၊ ငါတို့သည် ထိုပုဂ္ဂိုလ်အတွက် သလေးစပါး အခွန်ဆက်ကြမည်" ဟု တိုင်ပင်ကြပါသည်။ ထိုအချိန်၌ ထို သတ္တဝါတို့တွင် ဤဘုရားအလောင်းသည် အဆင်းအလှဆုံး, ရှုချင်စဖွယ် အရှိဆုံး, တန်ခိုးအကြီးဆုံးဖြစ်၍ ဉာဏ်ပညာနှင့် ပြည့်စုံ၍ နှိပ်ကွပ်မှု, ချီးမြှောက်မှု ပြုခြင်းငှာ စွမ်းနိုင်ပါသည်။ ထိုသတ္တဝါတို့သည် ဘုရား အလောင်းကို ချဉ်းကပ်၍ တောင်းပန်ကာ သမုတ်ကြပါသည်။ ဘုရား အလောင်းသည် ထိုလူများက သမုတ်အပ်သောကြောင့် "မဟာသမ္မတ" ဟု လည်းကောင်း၊ လယ်တို့၏အရှင်သခင် အကြီးအမှူးဖြစ်သောကြောင့် "ခတ္တိယ" ဟု လည်းကောင်း၊ တရားနှင့်အညီ သူတပါးတို့ကို နှစ်သက်စေတတ်သော ကြောင့် "ရာဇာ" ဟု လည်းကောင်း အမည်သုံးမျိုးတို့ဖြင့် ထင်ရှားခဲ့ပါသည်။

အသင်္ခေ်ယျကပ်လေးမျိုး။ ။

ကမ္ဘာဖျက်မိုးကြီးမှ မီးလျှံ ငြိမ်းသည်အထိ အသင်္ခေ်ယျ ကပ်ကို သံဝဋ္ဋကပ် ဟု လည်းကောင်း၊

ကမ္ဘာဖျက် မီးလျှံငြိမ်းသည်မှ စကြဝဠာ ကုဋေတသိန်း ပြည့်တတ် သောကမ္ဘာပြုမိုးကြီးရွာသည်အထိဒုတိယအင်္ခေ်ယျကပ်ကို သံဝဋ္ဋ-ဋ္ဌာယီကပ် ဟု လည်းကောင်း၊

ကမ္ဘာပြုမိုးကြီး ရွာသည်မှ လ,နေများ ထွက်ပေါ်လာပြီးသည်အထိ တတိယအသင်္ခေ်ယျ ကပ်ကို ဝိဝဋ္ဋကပ်ဟု လည်းကောင်း၊

လ,နေများ ထွက်ပေါ်လာပြီးသည်မှ နောက်တခါ ကမ္ဘာဖျက်မိုး ကြီးအထိ၊ စတုတ္ထအသင်္ခေ်ယျကပ်ကို ဝိဝဋ္ဋဋ္ဌာယီကပ် ဟု လည်း ကောင်း ဆိုပါသည်။ အသင်္ခေ်ယျကပ်တခုမှာ အန္တရကပ် (၆၄) ကပ်ရှိ၍ မဟာကပ်တခုမှာ အသင်္ခေ်ယျကပ် လေးခုရှိပါသည်။

ရေကြောင့်ပျက်စီးပုံ။ ။ရေကြောင့်ပျက်စီးရာ၌ ကမ္ဘာဖျက် မိုးသည် အစပထမ မိုးပေါက်သေးသေးမှ တဖြည်းဖြည်းကြီး ကာ စကြဝဠာ ကုဋေတသိန်း ပြည့်အောင်ရွာပါသည်။ ထိုရေငံနှင့်ထိသမျှ မြေ, ဇတောင် စသည်တို့ ကြေမွကြပါသည်။ ထိုရေကို ပတ်ဝန်းကျင်မှ လေ များက ဆောင်သွားပါသည်။ မြေ၏အောက်စွန်းမှ ဒုတိယဈာန် ဘုံအထိ

ရေးလို့ကြေမွပါသည်။ ထို့ကြောင့် မြေခံရေနှင့် ကမ္ဘာဖျက်ရေသည် တစပ်တည်းဖြစ်သွားသည် ဟု ကေစိဆရာတို့ ဆိုကြပါသည်။

အပရေဆရာတို့ကား—မြေခံရေကိုရော လေခံရေကိုပါ တခုမကျန် ဖျက်ဆီး၍ နေရာတိုင်းမှာ ကမ္ဘာဖျက်ရေသားရှိသည်ဟု ဆိုပါသည်။ ဤအပရေ ဝါဒကပို၍ သင့်ပါသည်။ ဤနေရာ၌ အသင်္ခေါ်ယျ လေးမျိုးကို အထက်မှီ၍ သိပါ။

အသင်္ခေါ်ယျလေးမျိုး။ ။

(၁) ကမ္ဘာဖျက်မိုးကြီးရွာသည်မှ ကမ္ဘာဖျက်ရေငံပျက်သည် အထိ အသင်္ခေါ်ယျတခု၊

(၂) ကမ္ဘာဖျက် ရေငံ ပျက်သည် မှ ကမ္ဘာပြုမိုး ရွာသည် အထိ အသင်္ခေါ်ယျတခု၊

(၃) ကမ္ဘာပြုမိုးရွာသည်မှ လ,နေ မျှား ထင်ရှား ဖြစ်ပေါ်သည် အထိ အသင်္ခေါ်ယျတခု၊

(၄) လ, နေမျှားထင်ရှားဖြစ်ပေါ်သည်မှ ကမ္ဘာဖျက်မိုး ရွာသည် အထိ အသင်္ခေါ်ယျတခု၊

ဤအသင်္ခေါ်ယျလေးခုသည် မဟာကပ်တခုမည်၏။

လေကြောင့်ပျက်ပုံ။ ။လေကြောင့်ပျက်ရာအခါ၌ သေးသေးဖွဲ့ဖွဲ့မှ တဖြည်းဖြည်းကြီးကျယ်လာကာ စကြဝဠာ တောင်ကြီးများ မြင်းမိုရ်တောင်ကြီးများ အထိ ကောင်းကင် ရောက်အောင် တိုက်လွှင့်၍ ကောင်းကင်၌ပင် အချင်းချင်းတိုက်မိကာ ကြေမွကြသည်။မြေကြီးမှ တတိယ စ္စာန်ဘုံအထိ တည်စရာအကြောင်းမရှိတော့သောကြောင့် တခုမကျန်အကုန် ကြေမွပျက်စီးရပါသည်။

ဘဝ့ကြောင့်ကမ္ဘာကြီးပျက်။ ။အကုသိုလ်မူလကြောင့် ပျက်ပါသည်။ ခဲ့ပါ ဦးအုံ- ကမ္ဘာလောက၌ဖြစ်သော သတ္တဝါတို့၏ ကုသိုလ်အစွမ်းကြောင့် ရှေးဦးအစ ပထမ လောကကြီးဖြစ်လာသလို ဤအတူ သတ္တဝါတို့၏ အကုသိုလ်ကံအစွမ်းကြောင့် ကမ္ဘာလောကကြီးပျက်ရပါသည်။ ရာဂ,ဒေါသ,မောဟများ လွန်ကဲမှုကြောင့် ရောဂန္တရ,သတ္တန္တရ, ဒုဿိက္ခန္တရ ဟူသောအန္တရကပ်သုံးပါး ဝိဝဋ္ဋဌာယီ အသင်္ခေါ်ယျကပ်၌ ဖြစ်ကြသကဲ့သို့ ဤသံဝဋ္ဋသုံးမျိုးတို့လည်း ရာဂ စသည် လွန်ကဲသော ကြောင့်ပင် ဖြစ်ကြပါသည်။

မူလနှင့်သံဝဋ္ဌတွဲစပ်ပုံ။ ။ရာဂများသော် မီးကြောင့်ပျက်။
ဒေါသများသော် ရေကြောင့်ပျက်။
မောဟများသော် လေကြောင့်ပျက်။

ဒေါသနှင့်ရေ။ ။ဒေါသများရာအခါ၌ အထူးလွန်ကဲသော ဒေါသနှင့် တူသော ရေငံကြောင့် ပျက်စီးခြင်းသည် သင့်၏။ ကေစီဆရာတို့ကား-ဒေါသများရာ အခါ၌ မီးကြောင့်ပျက်၍ ရာဂများရာ အခါ၌ ရေကြောင့် ပျက်သည်ဟု ဆိုကြပါသည်။ ထိုကေစီဆရာတို့၏ အလိုကား ထင်ရှားသော ရန်သူနှင့်တူသော ဒေါသကိုမီးနှင့် နှိုင်း၍ မထင်ရှားသော ရန်သူနှင့်တူသော ရာဂကို ရေငံနှင့် နှိုင်းသင့်သည် ဟူလို။

ပျက်သည့်အကြိမ်။ ။သတ္တသတ္တဂ္ဂိနာ ဝါရာ၊ အဋ္ဌမေ အဋ္ဌမေ ဒကာ။
စတုသဋ္ဌိ ယဒါ ပုဏ္ဏာ၊ ဧကော ဝါယုဝရော ဃိယာ။

မီးကြောင့်အကြိမ်များစွာပျက်ခြင်းအကြောင်း။ ။သတ္တဝါတို့ သန္ဓာန်၌ ရာဂအဖြစ် များသော ကြောင့် မီးကြောင့် အကြိမ်များစွာ ပျက်ပါသည်။

သဗ္ဗထာ။ ။သခ်ါရလောကကို လက္ခဏာ စသောအပြားအားဖြင့်, သတ္တ-လောကကို အာသယစသော အပြားအားဖြင့်, သြကာသ-လောကကိုအတိုင်းအရှည်သဏ္ဌာန် စသော အပြားအားဖြင့် ဤသို့အလုံးစုံသော အပြားအားဖြင့် လောကကို သိတော်မူသောကြောင့် "လောက-ဝိဒူ" မည်တော်မူပါသည်။

ဝိသိဋ္ဌတရဿ ၌ တရ။ ။အနုတ္တရောပုဒ်၏ အနက်အကျယ် ဖြစ်သောကြောင့် "တရ" သဒ္ဒါကို ထည့်ထားပါသည်။ ထူးကဲသော တစုံတယောက်ရှိသောကြောင့် ထည့်ထားသည် မဟုတ်ပါ။ မှန်ပါသည်။ နတ်နှင့်တကွသော လောကဌ် မြတ်စွာဘုရားမှာ တူသယောင်ယောင်ပုဂ္ဂိုလ်ပင် တစုံတယောက်မျှ မရှိပါ။ ဤသောသူကား အဘယ်မှာ ရှိအံ့နည်း။ ထူးသောပုဂ္ဂိုလ်ကား ပြောစရာပင် မလိုတော့။

အဘိဘူတိ။ ။သီလသမ္ပဒါ၏ အားကြီးသော မှီရာဖြင့်ကြသော ဟိရိ, သြတ္တပ္ပ, မေတ္တာ, ကရုဏာတို့၏လည်းကောင်း၊ ထူးသော အကြောင်းဖြစ်သော သဒ္ဓါ, သတိ, ဝီရိယ, ပညာတို့၏ လည်းကောင်း၊

အမြင့်ဆုံးအပိုင်းအခြားသို့ ရောက်ခြင်းကြောင့် ဟုရားဆုပန်ရာအခါမှစ၍ မြတ်စွာဘုရား၏ သီလဂုဏ်တော်သည် အခြားသူများနှင့် မဆက်ဆံပါ။ ဝါသနာနှင့်တကွ ဆန့်ကျင်ဘက်ကို ပယ်အပ်ပြီးသောကြောင့် အမြင့်ဆုံးအပိုင်းအခြားသို့ ရောက်နေပါသည်။

ထိုသီလဖြင့် မြတ်စွာဘုရားသည် နတ်နှင့်တကွသော လောကကို စင်စစ်လွှမ်းမိုး၍ ဖြစ်ပါသည်။ ကိုယ်တော်မြင်းကို ဝ စုံဟယောက်ကမျှ မလွှမ်းမိုးနိုင်ပါ။

သီလ စသည်အရ။ ။လောကီ လောကုတ္တရာ (၂) မျိုးလုံးကို ကောက်၍ "ဝိမုတ္တိဉာဏဒဿန" အတွက်ကား-လောကီ ကာမာ-ဝစရဟရားသက်သက်ကိုသာ ကောက်ပါ။

မေးဖွယ်။ ။ဝိမုတ္တိဉာဏဒဿနဟူသည် လောကီကာမာဝစရ တရားသာဖြစ်ခဲ့သော်အဘယ်သို့လျှင် ထိုဝိမုတ္တိဉာဏဒဿနဂုဏ်တော်ဖြင့် နတ်နှင့်တကွသော လောကကို လွှမ်းမိုးနိုင်ပါသနည်း ဟု မေးဖွယ်ရှိ၏။ အဖြေကား-ထိုဝိမုတ္တိဉာဏဒဿနဂုဏ်တော်သည်လည်း အာနုဘော်အားဖြင့် အတူမရှိသောကြောင့် နတ်နှင့်တကွသော လောကကို လွှမ်းမိုးနိုင်ပါသည်။ ခဲ့ပါဦးအုံ-ထိုဝိမုတ္တိဉာဏဒဿနဂုဏ်တော်သည်လည်း အာရုံအားဖြင့် ထည်းကောင်း၊ ဖြစ်ခြင်းအားဖြင့် လည်းကောင်း၊ ဖြစ်ပုံ အခြင်းအရာအားဖြင့် လည်းကောင်း အလွန်မြတ်သည်သာ ဖြစ်ပါသည်။ ထပ်ဆင့်ခဲ့ပါဦးအုံ-ထိုဝိမုတ္တိဉာဏဒဿနဂုဏ်တော်သည် အခြားသူများနှင့် မဆက်ဆံသော မြတ်စွာဘုရား၏ ဝိမုတ္တိဂုဏ်ကို အာရုံပြု၍ ဖြစ်ပါသည်။ ဖြစ်လသော် ဝိတက်၏ ကျက်စားနေရာမဟုတ်ပါ။ အလွန်နက်နဲ၏။ နူးညံ့၏။ သိမ်မွေ့၏။ အလွန်အကဲဆန့်ကျင်ဘက်တရားတို့ကို ကောင်းစွာပယ်သတ်အပ်ပြီး ဖြစ်သောကြောင့် အလွန် ထင်ရှားစွာဖြစ်ပါသည်။ ကောင်းစွာသာလျှင် ဝသီဘော်သို့ရောက်စေတတ်သောကြောင့်လည်းကောင်း၊ ဘဝင်ဖြစ်ကြိမ် အလွန်နည်းသောကြောင့် လည်းဒကောင်း အလွန်လျင်မြန်စွာ ဖြစ်ပါသည်။

ပဋ္ဌာန, ပဋ္ဌာဟဒေါ, ပဋ္ဌိပုဂ္ဂလော။ ။သာမန်ဥပမာသည် ပဋ္ဌိမာဖြစ်၍ အဟူကျသော ဥပမာသည် ပဋ္ဌိဟာဟုခေါ်ပါသည်။ ပဋ္ဌိပုဂ္ဂလော ဟူသည်ကား-အပိုင်ယူခြင်း၏အစွမ်းဖြင့်တည်သော ပုဂ္ဂိုလ်တည်း။

နဲ ဒေါ ပနာဟံ ဘိက္ခဝေ သမနုပဿာမိ စသည်။ ။ငါဘုရား၏ သမန္ထ-စက္ခုသဗ္ဗညုတညာဏ်ဖြင့် လက်ဝယ်တင်ထား သျှိသျှားသိုးကဲ့သို့ လောကအားလုံးကို ကြည့်တော်မူသော်လည်း လောကအားလုံးဌာ ငါဘုရားထက် သာလွန်၍ သီလနှင့်ပြည့်စုံသော တစုံတယောက်သော ပုဂ္ဂိုလ်ကိုမျှ မြင်တော်မမူပါ။ ဘာကြောင့်နည်း-ထိုကဲ့သို့ရှုအပ်သော ပုဂ္ဂိုလ်မရှိသောကြောင့်တည်း။

ပုရိသဒမ္မသာရထိ။ ။မာတုဂါမလည်း အုံးဝထိုက်ပါသော်လည်း မြတ်သော ပုဂ္ဂိုလ်ကို ပိုင်းခြားခြင်း၏ အစွမ်းဖြင့် "ပုရိသ" သဒ္ဒါကို ဆိုသားပါသည်။

ဒမေတိ ဝိနေတိ။ ။ဒမေတိ-ကိုယ်ငြိမ်းမှုစသည်တို့နှင့် ယှဉ်စေ၏။ ထိုကိုယ်ငြိမ်းမှုစသည်တို့နှင့် ယှဉ်စေခြင်းဟူသည် ထိုက်သည့် အားလျော်စွာ တဒင်္ဂဝိနယ စသည်တို့၌ တည်စေခြင်းဖြစ်ပါသည်။ ထို့ကြောင့် "ဒမေတိ"ကို "ဝိနေတိ"ဟု ထင်ဖွင့်ပါသည်။

အဒန္တာ။ ။လုံးဝဆုံးမထိုက်သည်၏ အဖြစ်သို့ မကပ်ရောက်ထိုက်သေးသူတို့ကို "ပုရိသဒမ္မ"ဟု ဆိုအပ်၏ဟုနှလုံးသွင်း၍ "အဒန္တာ"ပုဒ်ကို အဋ္ဌကထာဆရာဆိုပါသည်။ ထိုသို့ဆုံးမ၍ မပြီးဆုံးသေးကုန်သော လုံးဝဆုံးမထိုက်သည်၏အဖြစ်ကို မလွန်သေးကုန်သော ပုဂ္ဂိုလ်တို့သည် "ပုရိသဒမ္မ" ဖြစ်ပါသည်။ တနည်း-လုံးဝ မဆုံးမရသေးသူများ, တစိတ်တဒေသ ဆုံးမပြီးသူများကို ဤနေရာ၌ "အဒန္တ"သဒ္ဒါဖြင့်ပင် ယူပါ။

ဟိရဘ္ဘာနမုရိသာ။ ။ဥဒ္ဓံ ဘာနုဂ္ဂန္ဓာ တိရိယံ အဠိတာ ဂတာ ဝမုတာတိ တိရစ္ဆာနာ။ နတ်လူ စသည်တို့ကဲ့သို့ ဖားထက်မရှည်ပဲ ဖီလာကန့်လန့်ရှည်သည် ဟု ဆိုလိုပါသည်။

မနုဿာ။ ။မနဿ ဥဿန္နတာယ မနုဿာ။ သတိကောင်းခြင်း, ရဲရင့်ခြင်း, မြတ်သောဒေါကျင့်အား ထိုက်တန်ခြင်းစသော ဂုဏ်တို့၏ အစွမ်းဖြင့် မြင့်မြတ်သောစိတ်ရှိသူများသည် "မနုဿ" ဟုခေါ်ပါသည်။ ဇမ္ဗူဒီပ၌ဖြစ်နေသောသတ္တဝါအထူးတို့သည် မုဆိုးအားဖြင့် မနုဿ မည်ပါသည်။ ထိုစကားကို ချေပါဦးအုံ့။ ဘုရား,ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝကဟု, စကြဝဠာမင်းတို့သည်လည်းကောင်း၊ အခြားသော အာနုဘော်ကြီးကြီးသော သတ္တဝါတို့သည်လည်းကောင်း၊ ထိုဇမ္ဗူဒီပ၌ပင် ဖြစ်ကြပါသည်။ သို့သော် ထိုဇမ္ဗူဒီပ၏ ဘုရားနှင့် ရဟန္တာ စသည် တူသောကြောင့်

ကျွန်းငယ်တို့၌ နေသူများနှင့် အခြားကျွန်းကြီး (၃) ကျွန်း၌ နေသူများ သည်လည်း "မနုဿ" ဟုပင် ထင်ရှားကြပါသည်။

အပရေဝါဒ။ ။လောဘ စသောတရားများ အလောဘ စသောတရား များနှင့် ယှဉ်သောစိတ်အဖြစ်များသောကြောင့် "မနုဿ" မည်ပါသည်၊လူဇာတ်ရှိသောသတ္တဝါတို့၌အထူးအားပြုင့် လောဘ စသော တရားများ, အလောဘ စသောတရားများအဖြစ် များပါသည်။ ထိုလူတို့ သည် လောဘ စသောတရားများအဖြစ် များ၍ အပါယ်ရောက်ကြောင်း လမ်းကိုလည်းကောင်း၊ အလောဘ စသောတရားများအဖြစ် များသော ကြောင့် သုဂတိရောက်ကြောင်းလမ်းနှင့် နိဗ္ဗာန်သို့ရောက်ကြောင်းလမ်းကို လည်းကောင်း၊ ဖြည့်ကျင့်ကြပါသည်။ ထိုသို့ လောဘစသောတရားများ၊ အလောဘ စသောတရားများနှင့် ယှဉ်သော စိတ်အဖြစ်များသောကြောင့် ကျွန်းငယ်တို့၌ နေသူများနှင့် ကျွန်းကြီးလေးကျွန်းတို့၌ နေသောသတ္တဝါ အထူးတို့ကို "မနုဿ" တို့ဟုခေါ်ကြပါသည်။ [ဤဝါဒနှင့်ကျွန်းကိုအကြောင်း ပြု၍ မုခ-ဥပစာ ခွဲခြားမှု မပြုပါ။]

လောကီအလို။ ၊လောကီဆရာတို့က "မနုနော အပစ္စံ မနုဿော" ဟု ဝိဂြိုဟ် ပြုကြကာ - မနုဿ ဟူသည် - ကမ္ဘာဦး အစဉ်ဖြစ်သော လောကအပိုင်းအခြား၏ အစဖြစ်သော စီးပွားရှိ စီးပွားမဲ့ကို စမ်းတတ်သော သတ္တဝါတို့၏ အဖအရာ၌ တည်သော သာသနာတော်၌ မဟာသမ္မတဟု ထင်ရှားခေါ်ဝေါ်အပ်သော မင်းဖြစ်၍၊တိုက်ရိုက်အားဖြင့် လည်းကောင်း၊ အဆက်ဆက်အားဖြင့်လည်းကောင်း၊ ထိုမနု၏ သြဝါဒ အနုသာသနီ၌ တည်သောပုဂ္ဂိုလ်များကို မနု၏သားနှင့်တူသောကြောင့် မနုဿဘို့ဟုလည်းကောင်း၊ မာနုသတို့ဟုလည်းကောင်း၊ ခေါ်ကြ၏။ မနုဇ တို့ဟုလည်း ခေါ်ကြသေး၏။

အမနုဿဟုရိသာ၊ ။နု မနုဿာတိ အမနုဿာ။ ဤ၌ နုသဒ္ဒါသည် သဒိသ အနက်ကို ထွန်းပြပါသည်။ထို့ကြောင့် အမနုဿ အရ လူနှင့်တူသော နတ်ဘီလူး ၊သည်ကို ယူရပါမည်။ အညအနက်ကို မယူရပါ။ အညအနက်ကိုယူခဲ့သော် တိရစ္ဆာန် ၊ ပေါက်ကျားတို့ကို သင်းသန့်ယူစရာမရှိ ဖြစ် သွားပါလိမ့်မည်။ ယခုကား-တိရစ္ဆာန် ပေါက်ကျားတို့ကို သီ.ခြားယူထား၍ နုသဒ္ဒါသည် သဒိသအနက်ဟော ဟု ဖွင့်ပါ။

နိဗ္ဗိသ ကဟာ၊ ။ဒေါသအဆိပ်ကို ငယ်ဖျောက်သောအားဖြင့် အဆိပ်မရှိ ၊အောင် ပြုအပ်ပြီ။

ဣဒ္ဓေတ္ထ သုတ္တံ။ ။ထိုက်သည့်အားလျော်စွာ သဏ္ဌာန်သောနည်းတို့ဖြင့် ဆုံးမခြင်းကို ပြထားသောကြောင့် ''ဝိနီတာဝိစိတြေဟိ ဝိနယနုပါယေဟိ''ဟူသော ဤစကားရပ်၌ ဤကေသိသုတ်ကို အကျယ်ခဲ့ထိုက်ပါသည်။

အတ္ထပဒံ။ ။အတ္ထပဒ-ဟူသည် အနက်ကိုထင်ရှားပြတတ်သော ပုဒ်တည်း။ ပုဒ်ဟုဆိုသော်သည်း ဝါကျသာ ဖြစ်ပါသည်။ [ဝိဘတ္တန္တံ ပဒံ ကဲ့သို့မဟုတ် ဟူလို] မှန်ပါသည်။ ဝါကျကြောင့် အနက်သင်ရှား၍ နာမ်, စသော ပုဒ်မျကြောင့် အနက်မထင်ရှားပါ။ ''အနုတ္တရော''နှင့် ''ပုရိသ-ဒမ္မသာရထိ'' ဟူသော ဝိဘတ္တန္တ (၂)ပုဒ်ဘို့က တပုဒ်တည်း တဝါကျတည်း အဖြစ်ဖြင့် အခြားသူများနှင့် မဆက်ဆံသော မြတ်စွာဘုရား၏ ပုရိသ-ဒမ္မသာရထိဂုဏ်တော်ကိုပြပါသည်။

အဒ္ဓ ဒိသာ။ ။အဒ္ဓဒိသာ အရ-သမာပတ် (၈)ပါးတို့ကို ကောက်ယူရပါ မည်။ မှန်ပါသည်။ ထိုသမာပတ် (၈)ပါးတို့သည် အချင်းချင်း ဆက်စပ်ပါကုန်သော်လည်း မရောယှက်သည်၏ အဖြစ်ဖြင့် ညွှန်ပြအပ်ကုန်သောကြောင့် ဒိသာမည်ပါသည်။

တနည်း—အရပ်နှင့်တူသောကြောင့် သမာပတ် (၈)ပါးတို့သည် ဒိသာ မည်ပါသည်။

အသင်္ဘမာနာ။ ။ဝသီဘော်သို့ ရောက်သောကြောင့် ငြိုကပ်မှုမရှိပါ။

ဓာဝဝန္တီ။ ။ဇောအဟုန်ဖြင့် ပြေးကြသည်။

ဧကံ ယေဝ ဒိသံ ဓာဝတိ။ ။ဆင်သည် မိမိ၏ခန္ဓာကိုယ်ကို အရပ်တပါး သို့ မလှည့်ပဲ ပြေးသွားနိုင်သည် ဟူလို။

ဧကပလ္လင်္ကေနေဝ နိသိန္နာ။ ။ဘုရားရှင်ဆုံးမအပ်ပြီးသော ပုရိသဒမ္မတို့သည် ဣရိယာပုထ်တခုတည်းဖြင့်ပဲ အရပ် (၈) မျက်နှာသို့ ပြေးနိုင်ကြပါသည်။ ထို့ကြောင့် ''ဧကပလ္လင်္ကေနေဝ နိသိန္နာ'' ဟု ဆိုပါသည်။

အဒ္ဓ ဒိသာ။ ။ဤစကားသည် နိဒဿနမျှသာ ဖြစ်ပါသည်။ ဘာကြောင့်နည်း—သောကီလူများ မရောက်ဘူးသေးသော နိရေဓ-သမာပတ်အရပ်နှင့် အမြိုက်နိဗ္ဗာန် အရပ်တို့သို့လည်း ပြေးဝင်သော ကြောင့်တည်း။

ဒိဋ္ဌမမ္မိကသမ္မရာယိကပရမတ္ထေဟိ စသည်။ ။ဒိဋ္ဌမမ္မ အရ-ပစ္စက္ခအတ္တဘော ကို ကောက်၍ "ဒိဋ္ဌမမ္မေ နိယုတ္တော ဒိဋ္ဌမမ္မိကော"ဟု ဝိဂြိုဟ်ပြုပြီးနောက် ဒိဋ္ဌမမ္မိက အရ-ဤပစ္စုပ္ပန်လောကအကျိုးစီးပွားကို ကောက်ပါ။ ကံ, ကိလေသာတို့၏ အစွမ်းဖြင့် ကောင်းစွာ ရောက်အပ်သောကြောင့် တမလွန်လောကသည် သမ္မရာယမည်၏။ "သမ္မရာယေ နိယုတ္တော သမ္မရာယိကော။ (တမလွန်လောကအကျိုးစီးပွား)ပရမော ဥတ္တမော အတ္ထော ပရမတ္ထော" (နိဗ္ဗာန်)။

သတ္ထာ။ ။သဟ အတ္ထေန ယော ဝတ္တတိတိ သတ္ထော။ (ဥစ္စာအရင်းအနှီးဖြင့် ကုန်သွယ်ခြင်းငှာ အရပ်တပါးသို့ သွားသောလူအပေါင်း) သတ္ထော ဇေဋ္ဌ အတ္ထိတိ သတ္ထော။ (အစီးအပွားကိုညွှန်ပြခြင်းစသည်တို့၏အစွမ်းဖြင့် စောင့်ရှောက်စရာ တပည့်အပေါင်း ရှိသော ကုန်သည်မှူးကြီး) သတ္ထော ဝိယာတိ သတ္ထာ။ (မြတ်စွာဘုရား)

ဥဿာရေတိ စသည်။ ။ဥ-စသည် သည် "ဓာတ္ဌတ္ထာနုဝတ္တက"ဖြစ်၍ အနက်တူ၏။ တနည်း- ဥတ္တာရေတိ- သေးကင်းရာဒေသသို့ ကပ်ဆောင်လျက် လွှန်မြောက်စေ၏။ နိတ္တာရေတိ- သေးရှိရာဒေသမှ ထုတ်ဆောင်လျက် လွှန်မြောက်စေ၏။ ပတာရေတိ-သိမ်းသိမ်းပိုက်ပိုက်လွှတ်မြောက်စေ၏။

ဇာဘိကန္ဓာရော။ ။ (၁) ကြီးကျယ်သော တောရှုပ် ဖြစ်သော ကြောင့်လည်းကောင်း၊ (၂) အကျိုးမဲ့မျှားသောကြောင့်လည်းကောင်း၊ (၃) ထုတ်ဆောင်နိုင်ခဲသောကြောင့်လည်းကောင်း ဇာတိသည်ပင် "ကန္တာရ"မည်ပါသည်။

ဘဗ္ဗပုဂ္ဂလပရိစ္ဆေဒဝသေန။ ။သမ္မတ္တနိယာမ မဂ်သို့ သက်ရောက်ထိုက်သော ပုဂ္ဂိုလ်ကို ပိုင်းခြားခြင်း၏ အစွမ်းဖြင့်။

ဘဂဝတော။ ။ဘဂဝတော-မြတ်စွာဘုရားမှ၊ (ဥပဇ္ဈာယတော အဇ္ဈေတိ ကဲ့သို့ အပါဒါန်အနက်၌ ဆင်ခြင်သက်ပါ) တနည်း- ဘဂ-ဝတော-၏၊ သန္ဓိကေ-အထံတော်၌ ဟုပေးပါ။

ဥပနိဿယသမ္ပတ္တိ။ ။ဘိဟိဘ်ပဋိသန္ဓေအစရှိသော မဂ်ဖိုလ်ရခြင်း၏ အားကြီးသော အကြောင်း။

ဂဠုရာယ။ ။ဂဠုရာ မည်သော မိဖုရားသည် ပြုအပ်သောကြောင့် ဂဠုရာ အမည်ရသည်။(ကာရဏူပစာဘည်း)

အာဝဇ္ဇနော။ ။နတ်ပြည်၌ဖြစ်သောသတ္တဝါတို့၏ ဝမ္မတာထုံးစံ ဖြစ်သော ကြောင့် ဤကဲ့သို့ဆင်ခြင်သည်။

ဘဂဝတော ပါဒေ သိရသာ ဝန္ဒိ၊ ။ကတညုတာ (ကျေးဇူးသိမှုဂုဏ်) သည်တိုးပွားစေအပ်သောချစ်ခြင်း, သေးဘာခြင်း,မျှားစွာမြတ်နိုးခြင်းကြောင့် ရှိခိုးပါသည်။

ဇာနန္တော၀ ပုစ္ဆိ။ ။မြတ်စွာဘုရားသည် ကံ၏အကျိုးနှင့် ဘုရားရှင်၏ အာနုဘော်ကို လူအပေါင်းအား မျက်မှောက်ပြုစေလိုသော ကြောင့်''ကော မေ ဝန္ဒတိ''စသော ဂါထာဖြင့် မေးတော်မူပါသည်။

ဥဒကေ မဏ္ဍူကော။ ။ဤပါဠိဖြင့် ဆူးဖားပြုတ် စသော ကုန်းဖါး ကို နှစ်စေပါသည်။

ဝါရိဂေါစရော။ ။အချို့လိပ် စသည်သည် ရေ၌သွားလာပါသော်လည်း ရေ၌မကျက်စားသည်လည်း ရှိတတ်ပါ၏။ ထို့ကြောင့် ''ဝါရိဂေါစရော''ဟု အထူးပြု၍ဆိုပါသည်။

သိတံ ကတွာ။ ။အလွန်သေးငယ်သောကောင်းမှု အာနုဘော်တို့ကြောင့် လည်း ဤသို့ လွန်ကဲခြင့်မြတ်သော လောကီစည်းစိမ် လောကုတ္တရာ စည်းစိမ်များကို ရကြ၏ဟု တွေးကာ ဝိဟိသောမနသဖြစ်၍ ပြုံးပါသည်။

ယံ ပန ကိဉ္စိ။ ။ယံနှင့် ကိဉ္စိသည် အနိယမ်တ စကားဖြစ်၍ ပနကား ဝစနာလင်္ကာရ (ပဒပူရဏ)မျှသာ ဖြစ်ပါသည်။ ထို့ ကြောင့် ''ယံကိဉ္စိ''ပါဠိဖြင့် သိဒ္ဓယ်တရားအားလုံး သိမ်းယူမှုပြုပါသည်။ ဟနည်း-ပနသည် ဝိသေသတ္ထဒီပကနိပါတ်ပုဒ်တည်း။ ထိုပနသဒ္ဒါဖြင့် ''သမ္မာသမ္ဗုဒ္ဓေါ''ပါဠိဖြင့် အကျဉ်းအကျယ်နှစ်နည်းတို့ဖြင့် မြတ်စွာဘုရား၏ သစ္စာ(၄)ပါးကို ထိုးထွင်း၍ သိမှုကိုဟော၍ ''ဗုဒ္ဓေါ'' ပါဠိဖြင့်ကား သစ္စာ(၄)ပါးမှတပါး အခြားဥယျတရားကို ထိုးထွင်း၍သိမှုကို ဟော

သည်ဟု လည်းကောင်း၊ တနည်း-"သမ္မာသမ္ဗုဒ္ဓေါ"ပါဌ်ဖြင့် မြတ်စွာဘုရား၏ ပဋိဝေဓဉာဏ်၏ အာနုဘော်ကိုဟောရ၍ "ဗုဒ္ဓေါ" ပါဌ်ဖြင့် ဒေသနာဉာဏ်၏ အာနုဘော်ကိုလည်း ဟောသည်ဟု လည်းကောင်း အထက်၌ ဆိုအပ်လတ္တံ့သော အထူးကို ထွန်းပြပါသည်။

မှတ်ချက်-ဆဋ္ဌမု၌ ဒေသနာဉာဏာနုဘာဝေါနှင့် ပိ၏အကြား၌ ပိုဒ် ဖြတ်ထားပါသည်။ ဤ၌ကား ၎င်းပိုဒ်ကိုဖြုတ်၍ ပြန်ဆိုပါသည်။

ဝိမောက္ခန္တိကံ။ ။သဗ္ဗသော ပဋိပက္ခေဟိ ဝိမုစ္စတိတိ ဝိမောက္ခော။(အဂ္ဂမဂ္ဂေါ) ဝိမောက္ခဿ အန္တော ဝိမောက္ခန္တော။ (အဂ္ဂဖလံ)

ဝိမောက္ခန္တေ ဘဝံ ဝိမောက္ခန္တိကံ။ သဗ္ဗညုတဉာဏ်တော်နှင့်တကွ ဘုရားဉာဏ်တော်အားလုံးသည်လည်း အရဟတ္တဖိုလ်ရလျှင် ရသောကြောင့် "ဝိမောက္ခန္တိက" မည်ပါသည်။

ဂုဏဝိသိဋ္ဌသတ္တုတ္တမဂရုဂါရဝါဒိဝစနံ။ ။လောကနာထ - မြတ်ဗုဒ္ဓသည် မနှိုင်းယှဉ်အပ် မနှိုင်းယှဉ်နိုင် လောက်အောင် ဥပမာပြုလို့ မရနိုင်လောက်အောင် အစွမ်းရှိသောသီလ စသော ဂုဏ်အထူးတို့နှင့် ပြည့်စုံသောကြောင့် လည်းကောင်း၊ အကျိုးမဲ့အားလုံးကို ပယ်ရှားခြင်း ရှေ့သွားရှိသော စီးပွားချမ်းသာအားလုံးကို စီမံမှု၌ ကြောင့်ကျစိုက်သော မိမိသက်အလွန်အကဲမရှိသော ပယောဂ-သမ္ဘတ္တိကြောင့် နတ်လူနှင့်တကွသော သတ္တဝါအပေါင်းအား စင်စစ်ကျေးဇူးပြုတော်မူသောကြောင့်လည်းကောင်း၊ အတိုင်းအရှည်မရှိသော လောကဓာတ်တို့၌ အတိုင်းအရှည်မရှိသော သတ္တဝါတို့၏ မြတ်သော ရိုသေလေးစားရာဌာနဖြစ်ပါသည်။

ဘဂဝါတိဝစနံ သေဋ္ဌံ။ ။မြတ်သောဂုဏ်နှင့်တကွဖြစ်သောကြောင့် ဘဂဝါ သဒ္ဒါကို မြတ်သည်ဟု ဆိုပါသည်။ (ကာရဏူ-ပစာတည်း)၊ တနည်း-ဘဂဝါတိဝစနံ-ဘဂဝါဟူသော သဒ္ဒါသည် ဟောအပ်သော အနက်သည်၊ သေဋ္ဌံ-မြတ်၏ ဟု ပေးပါ။

ဂါရဝယုတ္တော။ ။လေးစားဖွယ် ဂုဏ်နှင့် ယှဉ်တော်မူ၏။ အတတ်ပညာ စသည်ကို သင်ပေးသောပုဂ္ဂိုလ်မျှားသည် ဂရု (ဆရာတော)ဖြစ်ပါသည်။ သို့သော်- ဂါရဝယုတ္တ (လေးစားဖွယ်ဂုဏ်ရှိသူမျှား) မဟုတ်ကြပါ။ ဤမြတ်စွာဘုရားသည်ကား ထိုဆရာမျှားကဲ့သို့ မဟုတ်ပါ။ (ဂရု)လည်းဖြစ်၍ (ဂါရဝယုတ္တ)လည်း ဖြစ်ပါသည်။ ထို့ကြောင့် ဂရုဟု

ဆိုပြီး နောက် "ဂါရဝယုတ္တော"ဟု ဆက်၍ ဆိုသည်ဟု ကေစိ ဆရာများ ဆိုကြ၏။

ဝိမောက္ခန္တိကံ။ ။ဤပါဠိဖြင့် ဘဂဝါ ဟူသောအမည်တော်သည် အရိယာ ဇာတ်ဖြင့် ဖြစ်ရာခဏာ၌ပင် ဖြစ်ခဲ့ပြီဟု ပြပါသည်။ ဘဂဝါ အမည်သည် ဝိမောက္ခန္တိက ဖြစ်လျှင် အဘယ်ကြောင့် အခြား ရဟန္တာများ နှင့် မဆက်ဆံသနည်း ဟု မေးဖွယ်ရှိသောကြောင့် "သဟ သဗ္ဗညုတညာဏသ ပဋိသောဘာ"ဟု မိန့်ပါသည်။ ဘုရားရှင်တို့မှာ အရဟတ္တဖိုလ် ဖြစ်သော် သဗ္ဗညုတညာဏ် ၉သော ဗုဒ္ဓဂုဏ်တော်အားလုံးတို့နှင့် အဘူတကွ သာလျှင် ဖြစ်သောကြောင့် "ဝိမောက္ခန္တိက"ဟု ဆိုပါသည်။

ဝဒန္တိ။ ။အရှင်သာရိပုတ္တရာမထေရ်သည် လေးမျိုးစရာ ပုဂ္ဂိုလ် ဖြစ်သော ကြောင့် တပါးတည်းဖြစ်သော်လည်း "ဝဒန္တိ"ဟု ဗဟုဝုစ်ဖြင့်ဆို ပါသည်။ တနည်း–သင်္ဂါယနာတင် မထေရ်မြတ်တို့ ပြုအပ်သော အနုဝါဒ (ရှင်သာရိပုတ္တရာ နည်းတူဆိုအပ်သောစကား)ကို ရည်ရွယ်၍ "ဝဒန္တိ" ဟု ဆိုပါသည်။

အတ္ထရသဿ။ ။ဝိမုတ္တာယတနအဦးဌာတည်၍ တရားဟောသူ တရားနာသူများ မှာ ထိုတရား၏အနက်ကို အကြောင်းပြု၍ဖြစ်သော ပီတိ–သောမနဿသည် "အတ္ထရသ"မည်၏။

ဆန္ဒံ ဗုဒ္ဓဝမ္မာနံ။ ။အသာဓာရဏာဉာဏ်ကော် (၆)ပါးကို ရည်ရွယ်၍ဆိုပါ သည်။

အယံ ပန အပရော နယော။ ။ဘာဝ၇ဝါ စသောပုဒ်တို့ဖြင့် ဆိုအပ်လတ္တံ့သော အနက် အားလုံးကို ဘဂီ,ဘဇီ စသော နိဒ္ဒေသ ဂါထာဖြင့် သိမ်းယူအပ်ပြီး ဖြစ်ပါသော်လည်း ပုဒ်ပြီးပုံ, အနက်ဝေဖန်ပုံ, အနက်ယောဇနာပုံ စသည်တို့နှင့် တကွဖြစ်သော သံဝဏ္ဏနာ နည်းသည် ထို နိဒ္ဒေသနည်းမှအခြားသော အခြင်းအရာ အားဖြင့် ဖြစ်သောကြောင့် "အယံ ပန အပရော နယော"ဟု ဆိုပါသည်။

ပိသောဒရာဒိပကွေ့ပလကွဏံ ဂဟေတ္ဝာ။ ။ပိသောဒရနှင့်တူသော သဒ္ဒါ တို့၏ ရုပ်ပြီးပုံ အခြင်းအရာ တူသောအားဖြင့် ယူအပ်သောသဒ္ဒါအပေါင်း၏ အဖြစ်ကြောင့် "ပိသောဒ–

ရာဒီပကွေ့ပလက္ခဏံ ၊ ပေ့ဟတွာ'' ဟု ဆိုပါသည်။ ထည့်-ဟူသည် ထိုကိုဖော်ဒ်ပါ ပါဝင်အောင် ပြုခြင်းတည်း။

ဘာဂျံ။ ။မင်ကုသိုလ်သည် လောဘကုတ္တရာ ချမ်းသာကို ဖြစ်စေ၍ အခြားသော တေဘူမက ကုသိုလ်ကား လောကီချမ်းသာကို ဖြစ်စေပါသည်။ တနည်း-ဘေဘူမက ကုသိုလ်သည်လည်း ဝိဝဋ္ဋ။ပနိဿယဖြစ်လျှင် ပရိယာယ်အားဖြင့် လောကုတ္တရာ ချမ်းသာကို ဖြစ်စေနိုင်စရာရှိပါသည်။

လောဘ။ပ။တဏှာဝိဇ္ဇာ။ ။လောဘ စသည်တို့ကို ကောက အစွမ်းဖြင့် ယူ၍ အဟိရိက စသည်တို့ကို ဒုက အစွမ်းဖြင့် ယူထားပါသည်။ ဝိပလ္လာသ(၁၂)ပါးရှိ၍ မျှားသော်လည်း ဝိပလ္လာသချင်းတူ သောကြောင့် ကောက အဖြစ်ဖြင့်ပင် ယူထားပါသည်။

ကောဓနှင့်ဥပနာဟ။ ။တကြိမ်ဖြစ်သော ကောဓသည် ကောဓ သာမည်၍ တကြိမ်ထက်အလွန်ဖြစ်မူ ဥပနာဟ မည်၏။

မက္ခော။ ။လူ၏သန္တာန်မှာ ဖြစ်စေ၊ ရှင်ရဟန်းတို့၏ သန္တာန်မှာ ဖြစ်စေ သူတပါးတို့ကောင်းစွာပြုအပ်သော အမှုကိုဖျက်ဆီးတတ်သော သဘောတည်း။

ပဠာသော။ ။သူတပါး၏ဂုဏ်ကိုပြ၍ မိမိဂုဏ်နှင့်အတူပြုသော သဘောတည်း။

မာယာနှင့်သာဌေယျ။ ။မာယာသည် မိမိမှာရှိသောအပြစ်ကို ဖုံးလွှမ်းခြင်းကြောင့် မျက်လှည့်နှင့်တူ၍၊ သာဌေယျကား-မိမိမှာမရှိသော ဂုဏ်ကို ထင်ရှားပြခြင်း ပေကျွေးရှာရှိ၍ အာယနငါးနှင့် ဇူပါသည်။ (အာယနငါး ဟူသည်-ပါးစင်က မြွှန့်တူ၍ အမြီးကငါးနှင့် တူသော ငါး ၁မျိုးတည်း။)

[ဆောင်....]မာယာပြစ်ဖုံး, ဟိတ်ဘန်သုံး, ခေါ်ထုံးသာဌေယျ။

သာရမ္ဘော။ ။သာရမ္ဘ ဟူသည်- သူများသက် သာလွန်အောင် ပြုခြင်းတည်း။ ထို သာရမ္ဘ သည် အကုသိုလ် အစွမ်းဖြင့် လည်းကောင်း၊ကုသိုလ်အစွမ်းအားဖြင့်လည်းကောင်း နှစ်မျိုးရှိနိုင်ပါသည်။ ဤ

နေရာ၌ကား-အကုသိုလ်တက်၌ဖြစ်သော သူမျှားထက်သာ အာင်ပြုသော သဘောတရားကို "သာရမ္ဘ"ဟု ဆိုပါသည်။

မဒေါ။ ။မဒ ဟူသည် ဇာတ်စသည်တို့ကိုစွဲ၍ မာန်ယစ်ခြင်းတည်း။ အရကား-မာနဖြစ်ပါသည်။ထိုမဒ-သည်-ဇာတိမဒ,ဂေါတ္တမဒ,အာ-ရောဂျမဒ,ယောဗ္ဗနမဒ, ဇီဝိတမဒ, လာဘမဒ, သက္ကာရမဒ, ဂရုကာရမဒ, ပုရေက္ခာရမဒ,ပရိဝါရမဒ,ဘောဂမဒ,ဝဏ္ဏမဒ,သုတမဒ,ပဋိဘာနမဒ, ရတ္တ-ညုမဒ,ပိဏ္ဍပါတိကမဒ,အနဝဇ္ဇတ္ထိမဒ, ဣရိယာပထမဒ,ဣဒ္ဓိမဒ,ယသမဒ, သီလမဒ,ဈာနမဒ,သိပ္ပမဒ,အာရောဟမဒ,ပရိဏာဟမဒ, သဏ္ဌာနမဒ,ပါရိ-ပူရိမဒ စသောအားဖြင့် မျှားသောအပြားရှိ၏။

ကိဝိဓမလာနိ။ ။ရာဂ စသည်တို့သည် စိတ်ညစ်နွမ်းအောင် ပြုတတ်သော ကြောင့်"မလ"တို့ မည်သည်။

တိဝိဓသမာနိ။ ။ရာဂ,ဒေါသ,မောဟ သုံးပါး။ တနည်း-ကာယဒုစရိုက် စသောသုံးပါး၊ ရာဂ စသည်တို့နှင့် ကာယဒုစရိုက်စသည် တို့၌ ချွတ်ချော်သော သတ္တဝါမျှားသည် သာသနာဘော်မှ လည်းကောင်း၊ သုဂတိမှလည်းကောင်း ကျတတ်ပါသည်။ ထိုသို့ ချွတ်ချော်ခြင်း ကျခြင်းတို့၏ အကြောင်းဖြစ်သောကြောင့် ထို ရာဂစသည်တို့ကို လည်းကောင်း၊ ကာယဒုစရိုက်စသည်တို့ကိုလည်းကောင်း"ဝိသမ"ဟု ခေါ်ဆိုရသည်။

တိဝိဓသညာ။ ။ (၁) ကာမသညာ၊ (၂) ဗျာပါဒသညာ၊ (၃) ဝိဟိံသာသညာ။ (တိဝိဓဝိတက္ကလည်းနည်းတူ)

တိဝိဓပဗ္ဗ။ ။(၁) တဏှာပဗ္ဗ (၂) ဒိဋ္ဌိပဗ္ဗ (၃) မာနပဗ္ဗ။ ဝဋ္ဋ၌ သတ္တဝါတို့ကို ခဲ့ထွင်တတ်သောကြောင့် တဏှာ စသည်တို့ကို "ပဗ္ဗ"ဟု ခေါ်ပါသည်။

စတုဗ္ဗိဓဝိပရိယေသ။ ။

အနိစ္စ နိစ္စန္တိ	သညာဝိပရိယေသ စိတ္တဝိပရိယေသ ဒိဋ္ဌိဝိပရိယေသ
ဒုက္ခေ သုခန္တိ	သညာဝိပရိယေသ စိတ္တဝိပရိယေသ ဒိဋ္ဌိဝိပရိယေသ

အသုဘေ သုဘန္တိ	သညာဝိပရိယေသ စိတ္တဝိပရိယေသ ဒိဋ္ဌိဝိပရိယေသ
အနတ္တနိ အတ္တာတိ	သညာဝိပရိယေသ စိတ္တဝိပရိယေသ ဒိဋ္ဌိဝိပရိယေသ

ဤသို့လာသော ဝိပလ္လာသ (၁၂) ပါးတို့ကို အနိစ္စ စသော ဝတ္ထုလေးပါးတို့၏ အစွမ်းကြောင့် "စတုဗိဓဝိပရိယေသ"ဟု ခေါ်ပါသည်။

အင်အားအသင့်ဆင့်။ ။စိတ်၏ကိစ္စ အားနည်းရာဌာနဌ ဒိဋ္ဌိမှကင်းသော အကုသိုလ် သညာ၏ မိမိကိစ္စ အားကြီးရာအခါဌ သညာဝိပလ္လာသ ဖြစ်ပါသည်။ ဒိဋ္ဌိမှကင်းသော အကုသိုလ်စိတ်၏ မိမိကိစ္စ အားကြီးရာအခါဌ စိတ္တဝိပလ္လာသ ဖြစ်ပါသည်။ ဒိဋ္ဌိနှင့်ယှဉ်သော စိတ်ဌ ဒိဋ္ဌိဝိပလ္လဿသဖြစ်ပါသည်။ ထို့ကြောင့် သညာဝိပလ္လာသသည် အားလုံးအောက်(စိတ္တ.ဒိဋ္ဌိဝိပလ္လာသတို့အောက်)အားအနည်းဆုံးဖြစ်၍စိတ္တဝိပလ္လာသသည် သညာဝိပလ္လာသထက် ပို၍အားကြီးပါသည်။ ဒိဋ္ဌိဝိပလ္လာသကား သညာစိတ္တ ဝိပလ္လာသတို့ထက် အားအကြီးဆုံး ဖြစ်ပါသည်။

ဥပမာများ။ ။သညာသည် အာရုံ၏ ထင်သော အခြင်းအရာများကိုသာ ယူနိုင်သောကြောင့် အသိဉာဏ်မဖြစ်သေးသော ကလေး၏ အသပြာမြင်ရမှုနှင့်တူ၍၊ စိတ်သည် လက္ခဏာကို ထိုးထွင်း၍ သိမှုသို့လည်း ရောက်စေတတ်သောကြောင့် ရွာသားယောကျ်ား၏ အသပြာမြင်မှုနှင့် တူပါသည်။ ဒိဋ္ဌိကား စွဲစွဲမြဲမြဲသက်ဝင်၍ မှားသောအားဖြင့် သုံးသပ်တတ်သောကြောင့် ပန်းထိမ်ဆရာ၏ ညှပ်ကြီးဖြင့် သံကို ကိုင်သည်နှင့်တူပါသည်။

မဂ်ဖြင့်ပယ်ပုံ။ ။ဒိဋ္ဌိဝိပလ္လာသလေးပါး, အနိစ္စ နိစ္စန္တိသညာဝိပလ္လာသ, အနိစ္စ နိစ္စန္တိ စိတ္တဝိပလ္လာသ, အနတ္တနိ အတ္တာတိ သညာဝိပလ္လာသ, အနတ္တနိအတ္တာတိ စိတ္တဝိပလ္လာသ လေးပါး၊ ပေါင်းရှစ်ပါးတို့ကို သောတာပတ္တိမဂ်ဖြင့် ပယ်ပါသည်။ အသုဘေ သုဘန္တိ သညာဝိပလ္လာသ, အသုဘေသုဘန္တိ စိတ္တဝိပလ္လာသ ဟူသော ဝိပလ္လာသနှစ်ပါးကို သကဒါဂါမိမဂ်ဖြင့် ခေါင်းပါးအောင်ပြု၍ အနာဂါမိမဂ်ဖြင့် ပယ်ပါသည်။ ဒုက္ခသုခန္တိ သညာဝိပလ္လာသ, ဒုက္ခ သုခန္တိ စိတ္တဝိပလ္လာသ ဟူသော (၂)ပါးတို့ကိုကား အရဟတ္တမဂ်ဖြင့် ပယ်ပါသည်။

အာသဝါ။ ။ကာမဆာဇာ စသည်တို့သည် စက္ခုစသည်မှ ယိုစီးတတ်သော ကြောင့် အာသဝ မည်ကြပါသည်။ ဘုသိုလ် စသည်တို့နှင့်သည်း စက္ခုစသည်ကြောင့် ဖြစ်ဖြင်းရှိပါသော်လည်း ဤကာမဆာဝေ စသည်တို့ကိုသာ အနာမှုလွှမ်းမိသော အရည်ကဲ့သို့ ယိုစီးတတ်သည်မ-ဖြစ်, ဒေါ-ကြယ်သည်၏ အဖြစ်ဖြင့် ဖြစ်တတ်သောကြောင့် အာသဝ ဟု ခေါ်ကြပါသည်။ အထင်ရှင်ဖြစ်နည်းတည်း။

ဂန္ထာ။ ။အဘိဓမ္မာ စသော (၄)ပါးတို့သည် မိမိရှိရာ ဖြစ်ရာ သဘော-ဝါကို စုတီပင့်သန္ဓေအစွမ်းဖြင့် ဝန်ခံခြင်း ထုံးမဲ့တတ် ဆက်ပပ်တတ်သော ကြောင့် ဂန္ထ မည်ကြပါသည်။

သြဃာ။ ။ကာမတဏှာ စသော (၄)ပါးတို့သည် မိမိရှိရာ ဖြစ်ရာ သဘော-ဝါကို ဝန်ခံခြင်း နစ်မြုပ်စေတတ်သောကြောင့် သြဃ မည်ကြပါသည်။

ယောဂါ။ ။ကာမယောဂ စသော(၄)ပါးတို့သည် ဝန်ခံခြင်း ယှဉ်ဆက်တတ်သောကြောင့် ယောဂ မည်ကြပါသည်။

အဂတိ။ ။အရိယာပုဂ္ဂိုလ်များ မခရောက်ခကြောင်း ဖြစ်သောကြောင့် ဆန္ဒာ-ဂတိ စသော(၄)ပါးတို့သည် **အဂတိ** မည်ပါသည်။

တဏှာပဋိဘာဂါ။ ။(၁) သက်နှံးကြောင့် ဖြစ်သောတဏှာ၊ (၂)အွမ်းကြောင့် ဖြစ်သောတဏှာ၊ (၃) ကျောင်းအိပ်ရာ နေရာကြောင့် ဖြစ်သောတဏှာ၊ (၄) ဂုတိဘဝါဘဝကြောင့် ဖြစ်သောတဏှာ။ (ဘဝါ ဘဝ အရ-အလွန်မြတ်သော ဆီ,ပျား,တင်လဲ စသည်များကို ယူပါ။)

ပဋ္ဌ စေတောခိလာ။ ။(၁)ဗုဒ္ဓေ ကင်္ခါ၊ (၂) ဓမ္မေ ကင်္ခါ၊ (၃)သံဃေ ကင်္ခါ၊ (၄) သိက္ခာယ ကင်္ခါ၊ (၅) သဒြဟ္မ-စာရီသု ကုပိတေသု ဟောတိ အနုဋ္ဌာမနော အာဃာတစိတ္တော ခိလဇာတော။ ဟု(၅)ပါးတို့သည် စိတ်၏ ခက်ထန်ကြမ်းတမ်းကြောင်း ဖြစ်သောကြောင့် စေတောခိလ မည်ကြပါသည်။

ပဋ္ဌ ဝိနိဗန္ဓာ။ ။(၁) ကာယေ အပိတရာဂေါ ဟောတိ၊(၂) ကာယေ အပိ-တရာဂေါ ဟောတိ၊ (၃) ရူပေ အပိတရာဂေါ ဟောတိ။ (၄) ယာဝဒတ္ထံ ဥဒရာဝဒေါမဟာဝ ဘုဉ္ဇိတ္တာ ဟေယ္ယသုခံ ပယဿသုခံ ဝိဠုသုခံ

အနုယုတ္တောဝ ဝိဟရတိ။ (၂) အညတရံ ဒေဝနိကာယံ ပဏိဓာယ ဗြဟ္မစရိယံ စရတိ။ [ဤ(၂)ပါးတို့သည် စိတ်ကိုနှောင်ဖွဲ့၍ လက်ဆုပ်၌ ထားသကဲ့သို့ ပြု၍ ယူတတ်သောကြောင့် စေတောဝိနိဗန္ဓ တဲ့ မည်ပါသည်။]

ဆ ဝိဝါဒမူလာ။ ။ကောဓ၊ (၂)မက္ခ၊ (၃) ကွာသာ၊ (၄) သာဌေ-ယျ၊ (၅) ပါပိစ္ဆတာ၊ (၆) သန္ဒိဋ္ဌိပရာမာသ။အမျက်ထွက်သောပုဂ္ဂိုလ်သည် အမျက်အစွမ်းဖြင့် ငြင်းခုံခိုက်ရန်ဖြစ်ခြင်းသို့ ရောက်ရပါသည်။ သန္ဒိဋ္ဌိပရာမာသပုဂ္ဂိုလ်သည် သန္ဒိဋ္ဌိပရာမာသကြောင့် ငြင်းခုံခိုက်ရန်ဖြစ်ခြင်းသို့ ရောက်ရပါသည်။ ထို့ကြောင့် ကောဓ စသည်တို့ကို ''ဆ ဝိဝါဒမူလ''တို့ဟု ခေါ်ကြပါသည်။

နဝ တဏှာမူလကာ။ ။(၁) တဏှာ ပဋ္ဌိစ္စ ပရိယေသနာ၊ (၂)ပရိယေ-သနံ ပဋ္ဌိစ္စ လာဘော၊ (၃) လာဘံ ပဋ္ဌိစ္စ ဝိနိစ္ဆ-ယော၊ (၄) ဝိနိစ္ဆယံ ပဋ္ဌိစ္စ ဆန္ဒရာဂေါ၊ (၅) ဆန္ဒရာဂံ ပဋ္ဌိစ္စ အဇ္ဈော-သာနံ၊ (၆) အဇ္ဈောသာနံ ပဋ္ဌိစ္စ ပရိဂ္ဂဟော၊ (၇)ပရိဂ္ဂဟံ ပဋ္ဌိစ္စ မစ္ဆရိယံ၊ (၈) မစ္ဆရိယံ ပဋ္ဌိစ္စ အာရက္ခော၊ (၉) အာရက္ခာဓိကရဏံ ဒဏ္ဍာဒါန သတ္ထာဒါနကလဟဝိဂ္ဂဟဝိဝါဒတုံဝံတုံဝေသုညမုသာဝါဒါ အနေကေ ပါ-ပကာ အကုသလာ ဓမ္မာ သမ္ဘဝန္တိ။

ဝိနိစ္ဆယော။ ။ဝိနိစ္ဆယ အရ- ဝိတက်ကိုကောက်ပါ။ လာဘ်လာဘ ရ၍ အလိုရှိအပ် မရှိအပ်၊ကောင်း မကောင်းကို ဝိတက်ဖြင့်သာ ဆုံးဖြတ်ပါသည်။''ငါ၏ဤဥစ္စာသည်ရှုပါရုံအကျိုးငှာဖြစ်လိမ့်မည်။ဤမျှလောက်သောဥစ္စာသည် သဒ္ဒါရုံ စသည် အကျိုးငှာဖြစ်လိမ့်မည်။ ဤ ဥစ္စာသည် ငါ့အတွက်ဖြစ်လိမ့်မည်။ ဤဥစ္စာသည် သူတပါးအတွက်ဖြစ်လိမ့်မည်။ ဤဥစ္စာကို သုံးဆောင်အုံ့။ ဤဥစ္စာကိုသိမ်းထားအုံ့''ဟု ဝိတက်ဖြင့်သာ ဆုံးဖြတ်ပါသည်။ ထို့ကြောင့်''လာဘံ ပဋ္ဌိစ္စ ဝိနိစ္ဆယော''ဟု ဟောတော်မူပါသည်။

ဆန္ဒရာဂေါ။ ။အားနည်းသောရာဂသည် ဆန္ဒမည်၍၊အားကြီးသော ရာဂသည် ရာ၊ မည်ပါသည်။

မစ္ဆရိယံ။ ။သူဘပါးတို့နှင့်ဆက်ဆံသည်၏အဖြစ်ကိုဘာသည်းမခံနိုင်ခြင်း။''ကျွန်တော် အမ္ဘရိယံ မဟာမော ဟောတု။ မာ အညသာ အမ္ဘရိယံဟောတူ-တိ ပဝတ္တတ္တာ မစ္ဆရိယန္တိဝုစ္စတိ''ဟု ရှေးဆရာတို့ ဝေစနတ္ထပြုကြပါသည်။

ကာလဟ(၂)မျိုး။ ။(၁) ကာလဝကာလဟ၊ (၂) ပါစာကာလ။

ဝိဂ္ဂဟနှင့်ဝိဝါဒအထူး၊ ။ခန္ဓာရှေ့ဆန့်ကျင်ခြင်းသည် ဝိဂ္ဂဟမည်၏ နောက်နောက် ဆန့်ကျင်ခြင်းသည် ဝိဝါဒ မည်ပါသည်။

ဒုါသဒ္ဓိ ဒိဋ္ဌိဂဘာနိ။ ။သသတဝါဒ(၄)ပါး။ စကားသသတဝါဒ (၄) ပါး။ အန္တာနန္တိက(၄)ပါး အမရုဝိက္ခေပိက(၄) ပါး။ အဓိစ္စသမုပ္ပန္နဝါဒ(၂)ပါး။ သညီဝါဒ(၁၆)ပါး။ အသညီဝါဒ(၈)ပါး။ နေဝသညီ နာသညီဝါဒ(၈)ပါး။ ဥစ္ဆေဒဝါဒ(၇)ပါး။ ပရမတ္တဓမ္မနိဗ္ဗာန်ဒိဋ္ဌ-နဝါဒ(၅)ပါး။ ပေါင်း (၆၂)ပါး။

အဌာရသတဏှာ။ ။ရူပတဏှာ စသော (၆)ပါးတို့ကွင် တပါ၊တပါးခ္ခ် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ဟု သုံးမျိုး ပြား၍ (၁၈)ပါးရှိပါသည်။ (၆×၃=၁၈)

ရူပတဏှာ(၃)မျိုး။ ။

၁။ ရူပတဏှာသည် ကာမဘုဝ၏ အပြစ်ပြင့်ရူပါမှုံကို သာယာလျက် ဖြစ်သော် ကာမတဏှာ မည်၏။

၂။ သဿတဒိဋ္ဌိနှင့် တကွဖြစ်သောရာဂ၏ အပြစ်ဖြင့် "ရုပ်သည်မြဲ၏" ဟု သာယာလျက်ဖြစ်သော် ဘဝတဏှာ မည်၏။

၃။ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော ရာဂ၏ အပြစ်ပြင့် "ရုပ်သည်ပြတ်၏ နောက်တမလွန်ခဏ် မဖြစ်တော့" ဟု သာယာလျက် ဖြစ်သော် ဝိဘဝတဏှာမည်၏။

[သဒ္ဒတဏှာ(၃)ပါး စသည်လည်းနည်းတူ]

အဌာရသတဏှာဝိစရိတဘေဒနိ။ ။ရူပတဏှာ စသော တဏှာ (၁၈) ပါးကို တည်၍ သန္တာန်နှစ်ပါးဖြင့်မြှောက်-၃၆ ပါးရ၏။ ၎င်း (၃၆)ပါးကိုတည်၍ ကာလသုံးပါးဖြင့် မြှောက် (၁၀၈)ပါး ဖြစ်၏။

(ဆောင်) တဏှာသုံးဘုန်း၊ အရင်းခံ၊ အာ-ကာ-သန်နှင့်မြှောက်။
တဏှာအစစ်၊ တရားရှစ်၊ ပြစ်၏ကိုယ်မှာရောက်။

မာရ် (၅) ပါး။ ။၁။ ကိုလေသမာရ-ခုနှောနောင်ပါ သတ္တဝါတို့၏ အကျိုးမဲ့ကို ဆောင်တတ်သောကြောင့် သတ်တတ်ညှဉ်းဆဲတတ်၏ဟူသော အနက်အားဖြင့် ကိုလေသာတို့သည်ပင် မာရမည်ပါသည်။

၂။ ခန္ဓမာရော-သတ်တတ်၏ ဟူသောအနက်သဘော ကြောင့် ခန္ဓာတို့သည်ပင် မာရမည်ပါသည်။
၃။ အဘိသင်္ခါရမာရော-ဇာတိဇရာ စသော ကြီးကျယ်သော ပျက်စီးမှုကို ဖြစ်စေတတ်သောကြောင့် အဘိသင်္ခါရသည်ပင် မာရမည်ပါသည်။
၄။ ဒေဝပုတ္တမာရော-ညစ်နွမ်းကြောင်းဖြင့်၍ ဂုဏ်ကို သတ်တတ်သောကြောင့် ဒေဝပုတ္တသည်ပင် မာရမည်ပါသည်။
၅။ မစ္စုမာရော-သတ္တဝါတို့၏ အသက်နှင့် အသက်၏ အဆောက်အဦတို့ကို ဆုံးရှုံးပျက်စီးအောင် ပြုသောအားဖြင့် ကြီးကျယ်သော အနာသဘော ဖြစ်သောကြောင့် သေမင်းသည်ပင် မာရမည်ပါသည်။

ချီးပျက်တော်မူပုံ။ ။၁။ သမုဒ္ဓေဒပဟာန်၏ အစွမ်းဖြင့် လုံးဝမဖြစ်အောင် ပြုသောအားဖြင့် ကိလေသမာရ်ကို လည်းကောင်း။
၂။ သမုဒယပဟာန ပရိညာ၏ အစွမ်းဖြင့် ခန္ဓမာရ်ကို လည်းကောင်း၊
၃။ အဖေါ်ကိုချို့တဲ့အောင် ပြုခြင်း၏ အစွမ်းဖြင့် လုံးဝမဖြစ်အောင် ပြုသောအားဖြင့် အဘိ-သင်္ခါရမာရ်ကို လည်းကောင်း၊
၄-၅။ စစ်တပ်ကို ဖျက်ဆီးခြင်း၊ နယ်မြေကို လွန်ခြင်း၏အစွမ်းဖြင့် ဒေဝပုတ္တမာရ်နှင့် မစ္စုမာရ်တို့ကို လည်းကောင်း ချီးဖျက်တော်မူသည်။

သတပုညဇလကွဏဓရသ။ ။ဤပါဠိ၌ သက်သက်တရာမျှသော ကောင်းမှုကံကြောင့် တပါးတပါးသော လက္ခဏာ ဖြစ်သည်ဟူသော ဤအနက်ကို အဋ္ဌကထာဆရာများ လက်မခံပါ။ ဘာ့ကြောင့် လက်မခံသနည်း-ဤအနက်တိုင်းဖြစ်ခဲ့လျှင် လူအားလုံး ဘုရားချည်း ဖြစ်ရာ၏။ ဟူသော အနက်သဘောသို့ သက်ရောက်စရာ ရှိသောကြောင့်တည်း။ အမှန်မှာ-အနန္တဇလာကဓာတ်တို့၌ ရှိရှိသမျှ သတ္တဝါအားလုံးတို့ အကြိမ်တရာစီ ပြုအပ်သော ဒါနစသော ကောင်းမှုကံများရှိသည် ဆိုကြပါစို့။ ထို ကောင်းမှုကံကြောင့် တခုတမုသော ကောင်းမှုကံကို ဘုရားအလောင်းသည်

အဆတရာစီ ပြုခဲ့ပါသည်။ ဤမျှလောက်များပြားသော ကုသိုလ်ကံကို "သတ"ဟု ယူပါ။ ထို့ကြောင့် ဤနေရာ၌ သတသဒ္ဒါသည် များခြင်းအနက်ဟောဖြစ်၍ သန်းချီအထူးကိုဟောသော သဒ္ဒါမဟုတ်ဟု မှတ်ပါ။

ဘာဝျဝန္ဓတာယ ရူပကာယသမ္ပတ္တိ ဒီပိတာ ဟောတိ။ ။အခြားသော ဖလ-သမ္ပဒါတို့၏ မူလဖြစ်သောကြောင့် လည်းကောင်း၊ တည်ရာဖြစ်သောကြောင့် လည်းကောင်း ဘာဝျဝန္ဓတာဂုဏ်တော်ဖြင့် ရူပကာယ၏ ပြည့်စုံခြင်းကိုပြပါသည်။

ဘဂ္ဂဒေါသတာယ မမ္မကာယသမ္ပတ္တိ ဒီပိတာ ဟောတိ။ ။ဉာဏသမ္ပဒါ စသည်တို့သည် ပဟာနသမ္ပဒါ ရှေ့သွားရှိသောကြောင့် မမ္မကာယ၏ ပြည့်စုံခြင်းကို ပြပါသည်။

လောကိယသရိက္ခကာနံ ဗဟုမတဘာဝေါ။ ။ဘာဝျဝန္ဓတာ ဂုဏ်တော်ကြောင့် လောကီလူတို့ မျှားစွာမြတ်နိုးကြောင်းကို လည်းကောင်း၊ ဘဂ္ဂဒေါသတာ ဂုဏ်တော်ကြောင့် ပညာရှိပုဂ္ဂိုလ်တို့ မျှားစွာမြတ်နိုးကြကြောင်းကို လည်းကောင်း ပြပါသည်။

ဂဟဋ္ဌပဗ္ဗဇိတေဟိ အဘိဂမနီယတာ။ ။ဘုန်းရှိသူအထံသို့ ခတ္တိယ စသော လူတို့သည် ချဉ်းကပ်ကြပါသည်။ အပြစ်ကင်းသော ပုဂ္ဂိုလ်ထံသို့ အပြစ်ပယ်ဖျောက်ခြင်းငှာ တရားဟောတတ်၏ဟု ကြံ၍ ရသေ့ ပရိဗိုဇ်စသော ပဗ္ဗဇိတတို့သည် ချဉ်းကပ်ကြပါသည်။ ထို့ကြောင့် "ဂဟဋ္ဌပဗ္ဗဇိတေဟိ အဘိဂမနီယတာ"ဟု ဆိုပါသည်။

အဘိဂတာနဉ္စ နေသံ ကာယစိတ္တဒုက္ခာပနယနေ ပဋိဗလဘာဝေါ။ ။အာမိသ ဒါန, ဓမ္မဒါနတို့ဖြင့် ကျေးဇူးပြုမှုရှိသောကြောင့် မြတ်စွာဘုရား၏ ရူပကာယဘော်ကို ပသာဒစက္ခုဖြင့်, ဓမ္မကာယကို ပညာစက္ခုဖြင့် ဖူးမြင်ရ၍ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ နှစ်ပါးကို ပယ်ခွာနိုင်သောကြောင့် ဆည်းကပ်ကြသော လူဝတ်ကြောင် ရသေ့ ရဟန်းတို့၏ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ပယ်ရှားခြင်းငှဲ့ စွမ်းနိုင်ကြောင်းကို ပြပါသည်။

အာမိသဒါနဓမ္မဒါနေဟိ ဥပကာရိတာ။ ။ဘာဂျဝန္တာ ဂုဏ်တော်ကြောင့် ဆည်းကပ်ကြသော သူတို့အား အာမိသဒါနကို ပေးတော်မူ၍ ဘဂဝေါသတာ ဂုဏ်တော်ကြောင့် ဆည်းကပ်ကြသူတို့အား ဓမ္မဒါနကို ပေးတော်မူပါသည်။ ထို့ကြောင့် "အာမိသဒါန ဓမ္မဒါနေဟိ ဥပကာရိတာ"ဟု ဆိုပါသည်။

လောကိယလောကုတ္တရသုခေဟိစ သံယောဇနသမတ္ထတာ ဒီပိတာ ဟောတိ။ "ရှေးဘဝ၌ အာမိသဒါန, ဓမ္မဒါနတို့ကြောင့် ငါဘုရားသည် ဤကဲ့သို့ လောက၏ အမြတ်ဆုံးပုဂ္ဂိုလ်အဖြစ်ကို ရခဲ့ဘော်မူ၏။ ထို့ကြောင့် သင်တို့သည်လည်း ဤအတူပင်ကျင့်ပါလေ"ဟု သမ္မာပဋိပတ် အကျင့်မြတ်၌ တိုက်တွန်းတော်မူသောအားဖြင့် ဆည်းကပ်ကြသော ပုဂ္ဂိုလ်တို့အား လောကီချမ်းသာ လောကုတ္တရာချမ်းသာတို့နှင့် ယှဉ်စေခြင်း၌ စွမ်းနိုင်ကြောင်းကို ပြပါသည်။

သကစိဇ္ဇာ ဣသရိယံ။ ။သကစိတ္တော်ဣသရိယမည်သည်-ကိုယ်တော်၏စိတ်ကို ဝသီတော်သို့ ရောက်စေခြင်းပင်ဖြစ်ပါသည်။ ပဋိဂ္ဂိုလ စသောအာရုံ၌ အပ္ပဋိဂ္ဂိုလ ဟု အမှတ်ရှိခြင်းစသော ဝိဟာရသီဒ္ဓိဘည်း။ စိတ္တဘာဝနာကြောင့် ဝသီတော်သို့ရောက်၍ ပြီးစီးသောကြောင့် အခဏဋ္ဌာနိဒ္ဓိ စသော တန်ခိုးမျိုးသည်လည်း စိတ္တဣသရိယ ပင် ဖြစ်ပါသည်။

အဏိမာဒိကံ။ ။အာဒိဖြင့် မဟိမာ, ပတ္တိ, ပါကမ္မ, ဤသိတာ, ဝသိတာ, ယတ္ထကာမာဝသာယိတာ ဟူသော (၆)တို့ကို ယူပါ။

၁။ အဏိမာ-ကိုယ်တော်ကို အဏုမြူသဖွယ် သေးငယ်အောင် ပြုတော်မူနိုင်ခြင်း။
၂။ လဃိမာ-တောင်းကင်၌ ခြေတော်ဖြင့် သွားမူစသည်ထိုက်အောင် ပေါ့ပါးတော်မူခြင်း။
၃။ မဟိမာ-ကိုယ်တော်ကို ကြီးမားအောင် ပြုတော်မူနိုင်ခြင်း။
၄။ ပတ္တိ-အလိုရှိရာအရပ်သို့ ရောက်တော်မူနိုင်ခြင်း။
၅။ ပါကမ္မံ-အခဏ နှိုးခြင်း စသည်တို့၏ အစွမ်းဖြင့် အလိုရှိတိုင်း ပြီးစီးတော်မူနိုင်ခြင်း။
၆။ ဤသိတာ-အစိုးရတော်မူနိုင်ခြင်း။

၇။ ၀သိတာ - တန်ခိုးအမျိုးမျိုးခြင်း ဂသိပေါက်သို့ ရောက်တော်မူနိုင်ခြင်း။

၈။ ယတ္ထကာမာ၀သာယိတာ - ကောင်းကင်ဖြင့်ကြွတော်သော် လည်းကောင်း၊ အခြားပြုဖွယ်ကိစ္စ တစုံတခု ပြုသော်လည်းကောင်း အရှုပ်အာ:လုံးခြင်း အပြီးအဆုံးသို့ ရောက်တော်မူနိုင်ခြင်း။

သမ္ဘာကာရပရိပူရံ အတ္ထိ။ ။ထိုအကြိမ်မှာ စသော (၈)ပါးတို့သည် မြတ်စွာဘုရား၏ ဣဒ္ဓိဝိဓာ၌ အကျုံးဝင်ပါသည်။ အခြားသူများနှင့်လည်း မဆက်ဆံပါ၊ ထို့ကြောင့် "သမ္ဘာကာရပရိပူရံ အတ္ထိ" ဟု ဆိုပါသည်။

လောကတ္ထယဗျာပကော။ ။အမျိုးပုဂ္ဂိုလ်တို့၏ ကျေးဇူးမှသည် တာဝိတ်တဒေသ၌ဖြစ်၍ မဟုတ်မမှန်သော ဂုဏ်တို့ကို မှီရသောကြောင့် မစင်ကြယ်မှုလည်း ဖြစ်ပါသည်။ မြတ်စွာဘုရား၏ ကျေးဇူးမှသည်ကား ထိုပုဂ္ဂိုလ်တို့ကဲ့သို့ မဟုတ်ပါဟု ပြခြင်းငှာ "လောကတ္ထယ-ဗျာပကော" ဟု ဆိုပါသည်။ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို သိကြသော အရှုပဗြဟ္မာတို့၏ အထံ၌ "ကျွတ်ပ် သော ဘဂ၀ါ" စသည်ဖြင့် မြတ်စွာဘုရား၏ ကျေးဇူးသင်ရှားပါသည်။ ထို့ကြောင့် "လောကတ္ထယ-ဗျာပကော" ဟု ဆိုပါသည်။

ယံ ယံ ဧတေန ဣစ္ဆတိ ပတ္ထေတိ။ ။ဣစ္ဆတိ-မနောပဏိဓာန ၀စီပဏိဓာန အစွမ်းဖြင့် အလိုရှိအပ်၏။ ပတ္ထေတိ-ကာယပဏိဓာနအစွမ်းဖြင့် တောင့်တအပ်၏။

သမ္မာ၀ါယာမသခ်ါတော ၀ယော။ ။ဝီရိယပါရမီ၏အဖြစ်သို့ ရောက်သော အရိယာမဂ်၌ အကျုံး၀င်သော သမ္မာ၀ါယာမ ဟု ခေါ်အပ်သော အားထုတ်မှုကို "၀ယော" ဟု ခေါ်ပါသည်။

ပဋ္ဌိစ္စသမုပ္ပါဒါဒီဟိ။ ။အာဒိ သဒ္ဒါဖြင့် သက်သက်ဝိဘင်း ပါဠိတော်၌ လာသောသတိပဋ္ဌာန် စသည်တို့ကိုသာ ယူရမည် မဟုတ်၊ သင်္ဂဟ စသည်, သမယ၀ိမုတ္တ စသည်, ဌပနာ စသည်, ဝိဘင်းပဋ္ဌာန်း စသည်တို့ကိုလည်း ယူပါ။

သစ္စာအနက် (၁၆)ချက်။ ။

(က) ဒုက္ခသစ္စာ။ ၁။ ပဋ္ဌနဋ္ဌော-ဒုက္ခသစ္စာနှင့် ပြည့်စုံသော သတ္တဝါကို ညှဉ်းဆဲခြင်း။

၂။ သန္တာပဋ္ဌော-ပေါင်းဆုံ၍ အကြောင်းတရားတို့၏ ပြုစီမံခြင်း။

၃။ သန္ဓာဝပဋ္ဌော-ဒုက္ခ ဒုက္ခတာ စသည်ကြောင့် ပူလောင်ခြင်း။

၄။ ဝိပရိဏာမဋ္ဌော-ဇရာ, မရဏာ နှစ်ပါးတို့က ဖောက်ပြန်စေအပ်ခြင်း။

(ခ) သမုဒယသစ္စာ။ ၁။ အာယူဟနဋ္ဌော-ဒုက္ခကို ဖြစ်စေခြင်း၏အစွမ်းဖြင့် ပေါင်းစုခြင်း။

၂။ နိဒါနဋ္ဌော-ထိုဒုက္ခဟူသည် ဤဟာတည်းဟု ပြသကဲ့သို့ ဖြစ်စေခြင်း။

၃။ သံယောဂဋ္ဌော-သံသရာဆင်းရဲနှင့်ယှဉ်စေခြင်း။

၄။ ပလိဗောဓဋ္ဌော-မဂ်ရမှုကို တားမြစ်ခြင်း။

(ဂ) နိရောဓသစ္စာ။ ၁။ နိဿရဏဋ္ဌော-ဥပဓိ အားလုံးတို့ကို စွန့်ခြင်းသဘောရှိသောကြောင့် ဥပဓိအားလုံးတို့မှ ထွက်မြောက်ခြင်း။

၂။ ဝိဝေကဋ္ဌော-သင်္ခါရတရားအားလုံးတို့နှင့် မယှဉ်ခြင်း။

၃။ အသင်္ခတဋ္ဌော-မည်သည့်အကြောင်းကမျှ မပြုပြင်မစီမံနိုင်ခြင်း။

၄။ အမတဋ္ဌော-မြဲသော သဘောရှိသောကြောင့် သေမှုမရှိခြင်း။

(ဃ) မဂ္ဂသစ္စာ။ ၁။ နိယျာနဋ္ဌော-ဝဋ်ဆင်းရဲမှထွက်မြောက်ခြင်း။

၂။ ဟေတုအဋ္ဌော-နိဗ္ဗာန်သို့ ရောက်စေတတ်သော အကြောင်းဖြစ်ခြင်း။

၃။ ဒဿနဋ္ဌော-တကယ်သိမ်မွေ့သော နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ခြင်း။

၄။ အာဓိပတေယျဋ္ဌော-သစ္စာ(၄)ပါးမြင်မှုဟူ သမ္မယုတ်တရားတို့၏ အကြီးအမှူးပြုခြင်း (၀ါ) အာရမ္မဏာဓိပတိဖြစ်ခြင်း။

အာရမ္မဏာဓိပတိဖြစ်ခြင်း။ ။အထူးအားဖြင့် မဂ္ဂါဓိပတိကို ဟောထားသောကြောင့် အာဓိပတေယျ အရ အာရမ္မဏာဓိပတိဖြစ်ခြင်းကို ကောက်နိုင်ပါသည်။ ရှင်းပါဦးအုံ-စျာန်စသည်တို့မှာ အာရမ္မဏာဓိပတိအဖြစ်ရှိပါသော်လည်း "စျာနာဓိပတိနော ဓမ္မာ" စသည်ကို မဟောပဲ "မဂ္ဂါဓိပတိနော ဓမ္မာ" ဟုသာဟောသောကြောင့် မဂ်မှာ အာရမ္မဏာဓိပတိအဖြစ်၌ ထူးခြားမှုရှိသည် ဟု သိနိုင်ပါသည်။

ဝိဟာရဲ(၃)မျိုး။ ။ ၁။ ဒိဋ္ဌဝိဟာရ- ကသိုဏ်းစသည်ကို အာရုံပြုသော် ရူပါဝစရစျာန်များ။
၂။ ဗြဟ္မဝိဟာရ-မေတ္တာစသော စျာန်များ။
၃။ အရိယဝိဟာရ-ဖလသမာပတ်။

ဝိဝေက(၃)ပါး။ ။ ၁။ ကာယဝိဝေက-ကာမဂုဏ်တို့မှ ကင်းဆိတ်မှု ဌာ်တည်သောကိုယ်ရှိသည်၏ အဖြစ်ဖြင့် တယောက်တည်းဖြစ်ခြင်း။
၂။ စိတ္တဝိဝေက- ပထမစျာန် စသည်ဖြင့် နီဝရဏစသည်တို့မှ ကင်းဆိတ်သောစိတ်ရှိခြင်း (သမာပတ်ရှစ်ပါး)
၃။ ဥပဓိ ဝိဝေက-နိဗ္ဗာန်။

ဥပဓိဝိဝေကာ။ ။ ၁။ ကာမုပဓိ-ကာမဂုဏ်တို့သည် "ယံ ပဋ္ဌ ကာမဂုဏော ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ ကာမာနံ အဿာဒေါ"ဟု ဆိုအပ်သော သုခ၏တည်ရာ ဖြစ်သော်ကြောင့် ဥပဓိ မည်ပါသည်။
၂။ ခန္ဓုပဓိ-ခန္ဓာတို့သည် ခန္ဓမူလကဒုက္ခ၏ တည်ရာ ဖြစ်သောကြောင့် ဥပဓိ မည်ပါသည်။
၃။ ကိလေသုပဓိ-ကိလေသာတို့သည် အပါယ် ဆင်းရဲ၏ဘည်ရာ ဖြစ်သောကြောင့် ဥပဓိ မည်ပါသည်။
၄။ အဘိသင်္ခါရုပဓိ-အဘိသင်္ခါရတို့သည် ဘဝဒုက္ခ၏ တည်ရာဖြစ်သောကြောင့် ဥပဓိ မည်ပါသည်။ ဤ ဥပဓိ(၄)ပါးတို့မှ ကင်းဆိတ်သောကြောင့် နိဗ္ဗာန်ကို ဥပဓိဝိဝေက ဟု ဆိုပါသည်။

ဝိပေါက္ခ (၃) ပါး။ ။ ၁။ သုညတဝိမောက္ခ – သုညတ အခြင်းအရာ.အား ဖြင့် နိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သောအရိယာမဂ်။
၂။ အပ္ပဏိဟိတဝိမောက္ခ–အပ္ပဏိဟိတ အခြင်းအရာအားဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော အရိယာမဂ်။
၃။ အနိမိတ္တဝိမောက္ခ-အနိမိတ္တ အခြင်းအရာအား ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော အရိယာမဂ်။

တဏှာသင်္ခါတံ ဂမနံ။ ။ကိလေသာဘိသင်္ခါရ၏ အစွမ်းဖြင့် ဘဝတို့၌ ချာချာလည်ဖြစ်၏။ ထိုချာချာလည်ဖြစ်မှုသည် တဏှာပြဋ္ဌာန်း၏။ ထို့ကြောင့် "တဏှာသင်္ခါတံ ဂမနံ" ဟု ဆိုပါသည်။

ဝန္ဒံ။ ။ထိုဘဏှာကို အရိယာမဂ်တည်းဟူသော ပါးစပ်ဖြင့် ထွေးအံ့အပ်ပါသည်။ နောက်တဖန် ပြန်မလာအောင် စွန့်အပ်ပါသည်။

အဋ္ဌကထာမှအခြားနည်းများ။ ။ဘာဂဝါတိ ဘဂဝါ။ဘတဝါတိ ဘဂဝါ။ ဘာဂေ ဝန်တိဘဂဝါ။ ဘဂေ ဝန်တိ ဘဂဝါ။ ဘတ္တဝါတိ ဘဂဝါ။ ဘဂေ ဝမိတိ ဘဂဝါ။ ဘာဂေ ဝမိတိ ဘဂဝါ။

ဘာဂဝါတိ ဘဂဝါ။ ။ဘုရားရှင်မှာ အခြားသူများနှင့် မဆက်ဆံသော မိမိထက်အလွန်အကဲပရှိသော သီလဂေသောဂုဏ်တော်အစုတို့ ရှိကြပါသည်။

ဘတဝါတိ ဘဂဝါ။ ။ပါရမီ (၁၀)ပါးစသော ဘုရားဖြစ်ကြောင်း တရားပို့ကို ရိုရိုသေသေ အမြဲမပြတ် အကြွင်းမရှိအောင် ဖြည့်ကျင့်တော်မူခဲ့သောကြောင့် ဘဂဝါမည်ပါသည်။

ဘာဂေ ဝန်တိ ဘဂဝါ။ ။ကုဋေဒေပါင်း နှစ်သန်းလေးသိန်း အရေအတွက်ရှိသော နေ့ဃဉ်သုံးဌဲအပ်သော သမာပတ်အဖွဲ့ဘို့ကို အကြွင်းမရှိအောင် သောကမီးပွားအလို့ငှာ လည်းကောင်း၊ ကိုယ်တော်မြတ်၏ ဒိဋ္ဌဓမ္မသုခဝိဟာရ၏ အကျိုးငှာလည်းကောင်း အမြဲမှီဝဲတော်မူ, မျှားစွာ ပြုခဲတော်မူသောကြောင့် ဘဂဝါမည်ပါသည်။

ဘဝေ ဝန်တိ ဘဂဝါ။ ။လောကစည်းစိမ် လောကုတ္တရာစည်းစိမ်ဝို့ကို မှီဝဲတော်မူသောကြောင့် ဘဂဝါမည်တော်မူ၏။

ဘတ္တဝါတိ ဘဂဝါ။ ။ခိုင်ပြဲသော ကိုးကွယ်ဆည်းကပ်သူများ ရှိသောကြောင့် ဘဂဝါ မည်တော်မူ၏။

ဘဝေ ဝမိတိ ဘဂဝါ။ ။ဘုရားရှင်သည် ဘုရားလောင်းဖြစ်စဉ်ကလည်းကောင်း၊ ရှေးရှေးဘဝဖြစ်စဉ်က လည်းကောင်း

ဘဝဟု ဆိုအပ်သော အသရေတော် အစိုးရမှု အခြံအရံများကို တံတွေး ပမာ ငဲ့ကွက်မှုမရှိ စွန့်ပစ်တော်မူခဲ့ပါသည်။ ထို့ကြောင့်လည်း ဘဝ၀ါ မည်တော်မူပါသည်။

ဘာဝေ ဇမိတိ ဘဝ၀ါ။ ။ခန္ဓာ, အာယတန, ဓာတ် စသည်တို့၏ အစွမ်းဖြင့် လည်းကောင်း၊ ရုပ်, ဝေဒနာ စသည်တို့၏ အစွမ်းဖြင့် လည်းကောင်း၊ အတိတ်စသည်တို့၏ အစွမ်းဖြင့် လည်းကောင်း များပြားသောအပြားရှိသော သဘောတူတရားအစုတို့ကို ဘုရား ရှင်သည် ပပဉ္စ, ယောဂ, ဂန္ထ သံယောဇဉ်အားလုံးတို့ကို အကြွင်းမဲ့ ပယ် ဖြုတ်၍ အမတဓာတ်ကို ရလတ်သော် ငဲ့ကွက်မှုမရှိ စွန့်ပစ်တော်မူပါသည်။ ထို့ကြောင့် ဘဝ၀ါမည်ပါသည်။

ဝိဘာဝနတ္ထမျှား။ ။

၁။ အရဟံဖြင့် ပဟာန သမ္မဒါ၏အစွမ်းဖြင့် ဘုရားရှင်၏ အတ္တဟိတ သမ္မတ္တိကို လည်းကောင်း။

၂။ သမ္မာသမ္မုဒ္ဓေါ, လောကဝိဒူ (၂) ပုဒ်ဖြင့် ဉာဏသမ္မဒါ၏ အစွမ်းဖြင့် ဘုရားရှင်၏ အတ္တဟိတ သမ္မတ္တိကို လည်းကောင်း။

၃။ ဝိဇ္ဇာစရဏသမ္ပန္နောဖြင့် ဘုရားရှင်၏ အတ္တဟိတ သမ္မတ္တိအား လုံးကို လည်းကောင်း။

၄။ သုဂတောဖြင့် စတင်ပါရမီဖြည့်ရာအခါမှစ၍ဘုရားရှင်၏ အတ္တ-ဟိတ သမ္မတ္တိ, ပရဟိတ ပဋိပတ္တိ အားလုံးကို လည်းကောင်း။

၅။ အနုတ္တရော پုရိသဒမ္မသာရထိ, သတ္ထာဒေ၀မနုဿာနံ (၂)ပုဒ်ဖြင့် ဘုရားရှင်၏ ပရဟိတ ပဋိပတ္တိကို လည်းကောင်း။

၆။ ဗုဒ္ဓေါ ပါ၎ဖြင့် ဘုရားရှင်၏ အတ္တဟိတသမ္မတ္တိ, ပရဟိတပဋိပတ္တိကို လည်းကောင်း။

၇။ ဘဝ၀ါဖြင့် စတင်ပါရမီဖြည့်ရာ အခါမှ စ၍ ဘုရားရှင်၏ အတ္တ-ဟိတသမ္မတ္တိ, ပရဟိတပဋိပတ္တိ အားလုံးကိုလည်းကောင်း ထင်ရှားပြပါသည်။ ဤဝိဘာဝနတ္ထမျှားကို လောက်၍ သမ္မာသမ္မုဒ္ဓဂုဏ်တော်ကို ဟောပြီးနောက် ဗုဒ္ဓဂုဏ်တော်ကို ပေးသင့် ကြောင်း သိပါ။

လောကဝိဒူနှင့်သမ္မာသမ္မုဒ္ဓ။ ။လောကဝိဒူ ဂုဏ်တော်ဖြင့်လည်း သမ္မာ-သမ္မုဒ္ဓအဖြစ်ကို ထင်ရှားပြနိုင်သော်လည်း သမ္မာသမ္မုဒ္ဓေါဖြင့် သဗ္ဗညုတဉာဏ်တော်၏ အစွမ်းကို ထင်ရှားပြ၍လောက

ဝိဒူဂုဏ်တော်ဖြင့် အာသယာနုသယဉာဏ် စသည်တို့၏အစွမ်းအာနုဘော်ကိုပါ ထင်ရှားပြသည်ဟု ဂုဏ်တော်(၂)ပါး၏ အထူးကို မှတ်ပါ။

တနည်း–ဟေတု, ဖလ, သတ္တုပကာရ ဟူသောဂုဏ်တော် (၃)မျိုးဖြင့် ပြ ပါ ဦးအုံ–

၁။ အရဟံ,သမ္မာသမ္မုဒ္ဓေါ,ဝိဇ္ဇာစရဏသမ္ပန္နော,လောကဝိဒူ ဟူသော ဂုဏ်တော် (၄) ပုဒ်တို့ဖြင့် ဖလသပ္ပတ္တိ၏အစွမ်းဖြင့်လည်းကောင်း။

၂။ အနုတ္တရောပုရိသဒမ္မသာရထိ, သတ္ထာဒေဝမနုဿာနံ (၂) ပုဒ်ဖြင့် သတ္တုပကာရ အစွမ်းဖြင့် လည်းကောင်း။

၃။ ဗုဒ္ဓေါဖြင့် ဖလ, သတ္တုပကာရ ဟူသော အစွမ်း (၂) မျိုးဖြင့် လည်းကောင်း။

၄။ သုဂတော, ဘဂဝါ (၂)ပုဒ်တို့ဖြင့် ဟေတု,ဖလ,သတ္တုပကာရ ဟူသောအစွမ်း(၃)မျိုးတို့ဖြင့် လည်းကောင်း ဘုရားဂုဏ်တော်တို့ကို ထင်ရှားပြပါသည်။

ဣဒါနိ ဝတ္ထုဒ္ဒီပနံ ဟောတိ။ ။လူအများ၏ မျက်မြင်လောကမျှကိုသာ ရည်ရွယ်၍ "ဣမံလောကံ" ဟူသောပါဠိတော်ကို ဆိုသည်မဟုတ်ပါ။ အမှန်အားဖြင့် အကြွင်းမရှိ အလုံးစုံသော လောကကို သိမ်းကျုံးယူ၍ ဆိုထားပါသည်။ ဤအနက်အဓိပ္ပာယ်ကို ပြခြင်းငှာ "သဒေဝကံ" စသည်ကို ပါဠိတော်၌ မိန့်ဆိုထားပါသည်။ ထို့ကြောင့် "ဣဒါနိ ဝတ္ထုဒ္ဒီပနံ ဟောတိ" ဟု အဋ္ဌကထာဆရာ ဆိုပါသည်။

သဒေဝကဝစနေန ပဌမ ကာမာဝစရဒေဝဂ္ဂဟဏံ။ ။ပါရိယေသ နည်းအားဖြင့် သဒေဝက- သဒ္ဒါဖြင့် အောက်နတ်ပြည်(၅)ထပ်ရှိ နတ်တို့ကိုသာယူရမည်။ ဘာ့ကြောင့်နည်း- အခြားနတ်တို့ကို အခြားပုဒ်တို့ဖြင့် ယူအပ်သောကြောင့်တည်း။

သမာရကဝစနေန ဒုတိယ ကာမာဝစရဒေဝဂ္ဂဟဏံ။ ။ပစ္စာသတ္တိနည်းအားဖြင့် သမာ ရက သဒ္ဒါ ဖြင့် ဝသဝတ္တီနတ်ပြည်ရှိ နတ်တို့ကိုယူပါ။ မှန်ပါသည်။ ထိုမာရ်နတ်သားသည် ဝသဝတ္တီနတ်ပြည်၌ဖြစ်၍ ဝသဝတ္တီနတ်ပြည်၌ နေပါသည်၊

ပစ္စတ္ထိက ။ပ။ သမဏဗြာဟ္မဏဂ္ဂဟဏံ။ ။နိဒဿန နည်းပြစကားဟုမှတ်ပါ။ ဘာ့ကြောင့်နည်း– ထို သမဏဗြာဟ္မဏ သဒ္ဒါဖြင့် ရန်သူလည်းမဟုတ် ရဟန္တာလည်းမဟုတ်သော သမဏဗြာဟ္မဏတို့ကိုလည်း ယူအပ်သောကြောင့်တည်း။

ပဇာဝသေန သတ္တလောကဂ္ဂဟဏံ၊ ။သဒေဝကံ စသော ဝိသေသနမျှား သည်တူသောယှဉ်ဘက်အနက်ကို ဟောကြ သောကြောင့် ထိုသဒေဝကံ စသောဝိသေသနတို့၏အစွမ်းဖြင့် လောက အရ သတ္တလောကကို ယူရမည် ဟု သိသာ၏။ သို့သော် ဤသမာသ်သည် "သလော. မကော သပေက္ခကော" စသည်တို့၌ တူသောယှဉ်ဘက်ကိုမဟောရောင်ခြည်သမာသ် ဖြစ်နေ၏။ ဤသို့တူသောယှဉ်ဘက်ကို မဟောလျှင် သြကာသလောကလေ လားဟု တွေးတောစရာ (ဗျဘိစာရ)ကို တွေ့ရပေသည်။ ထို့ကြောင့် ပဇာ သဒ္ဒါကို ဟောပါသည်။(ဤသာရဏ္ဌအလိုလောက အရ-သတ္တလောကကိုပင် ယူရပါမည်။)

သမ္မုတိဒေဝဂ္ဂဟဏံ။ ။သဒေဝကံ သဗြာဟ္မဏံ တို့ဖြင့် ဥပပတ္တိနတ်ကိုလည်း ကောင်း၊ သဿမဏဗြာဟ္မဏိ ဖြင့် ဝိသုဒ္ဓိ နတ်ကို လည်းကောင်း၊ယူခဲ့ပြီးဖြစ်၍ ပါရိသေသ နည်းအားဖြင့် "သဒေဝ မနုဿံ" ၌ ဒေဝအရ သမ္မုတိနတ်ဟုဆိုအပ်သော ရှင်ဘုရင်ကိုလည်းကောင်း၊ အဝ-သေသ မနုဿ အရ သမဏ ဗြာဟ္မဏနှင့် ရှင်ဘုရင်တို့မှကြွင်းသော လူတို့ကို လည်းကောင်းယူပါ။

တီဟိ ပဒေဟိ။ ။သဒေဝကံ,သမာရကံ,သဗြာဟ္မဏံ၊

ဒ္ဝီဟိ ပဒေဟိ။ ။သဿမဏဗြာဟ္မဏိံ သဒေဝမနုဿံ။

အပရောနယော

သဒေဝကဂ္ဂဟဏေန အရူပါဝစရဒေဝလောကော ဂဟိတော။ ။အရူပဗြဟ္မာ တို့သည် မ်ိမိ ၏အာနေဉ္ဇဝိဟာရဖြင့် နေကြသောအခါ လွန်စွာ တောက်ပတင့်တယ်ကုန်ရ ကား"ဒိဗ္ဗန္တိတိ ဒေဝါ"ဟူသော ဝစနတ္ထအရ ဒေဝအမည်ရနိုင်ကြပါသည်။ ထို့ကြောင့် "သဒေဝကဂ္ဂဟဏေန ။ပ။ ဂဟိတော" ဟု မိန့်ဆိုပါသည်။ (အာကာသာနဉ္စာယတနူပဂါနံ ဒေဝါနံ သဟဗျတံ-အံ-၁-၂၇၀)

သမာရကဂ္ဂဟဏေန ဆကာမာဝစရဒေဝလောကော။ ။ကာမဝစရ နတ် ပြည် (၆)ထပ်ရှိ နတ်လောကသည် အာဏာပြခြင်း ပူးဝင်ခြင်း စသောအထူးတို့နှင့်တကွဖြစ် လသော် မာရ်နတ်သား၏ အလိုဌ်ဖြစ်ရသောကြောင့် "သမာရကဂ္ဂဟဏေန ဆ ကာမာဝစရဒေဝလောကော" ဟု မိန့်ဆိုပါသည်။

သဗြဟ္မာကဂ္ဂဟဏေနာ ရူပီ ဗြဟ္မလောကော။ ။အရူပဗြဟ္မာလောကကို သီးခြား ယူခဲ့ပြီးသော်ကြောင့် ရူပဗြဟ္မာ လောကကိုသာ ယူရပါသည်။

စတုပရိသဝသေနာ။ ။ခတ္တိယ, ဗြာဟ္မဏ, ဂဟပတိ, သမဏ, စာတုမဟာ ရာဇိက, တဒ္ဓါတိ'သာ, မ:ရ, ဗြဟ္မ ဟူသော ပရိသတ် (၇) မျိုးတို့တွင် ခတ္တိယ ဟူသော (၄)မျိုးတို့ကိုယူပါ။ အခြား (၄)မျိုးတို့ကို သမာရက သဒ္ဒါဖြင့် ယူခဲ့ပြီးဖြစ်ပါသည်။ [ဝိပတိဌ် အခြား (၄)မျိုးကို သဒေဝက ဟူသော သဒ္ဒါဖြင့် ယူခဲ့ပြီးသောကြောင့်တည်း ဟု ဖွင့်၏။ ပို၍ ကောင်း သည်ဟု ထင်ပါသည်။]

ပရိသတ် (၄) ပါး၏ အစွမ်းဖြင့် လူ့လောကကိုယူပုံ။ ။၁။ သဿမဏ-ဗြာ ဟ္မ ဏိ ဖြင့် သမဏပရိသတ်နှင့် ဗြာဟ္မဏပရိသတ်ကိုလည်းကောင်း၊ သဒေဝမနုဿံဖြင့် ခတ္တိယပရိသတ်နှင့် ဂဟပတိပရိသတ်ကိုလည်းကောင်း၊ ပဇံဖြင့် ဆိုခဲ့ပြီးသော ဤပရိသတ် (၄)မျိုးကို လည်းကောင်း ယူပါ။

သမ္မုတိနိတ်တို့နှင့်တကွ လူ့လောကကိုယူပုံ။ ။၁။ သဿမဏောဗြာဟ္မဏော်ဖြင့် အထက်နည်းတူ ပရိသတ် (၂)ခုကို လည်းကောင်း၊ ၂။ သဒေဝမနုဿံဖြင့် သမ္မုတိနတ်ဟုဆိုအပ်သော ခတ္တိယမျာ:, ဂဟပတိ, သုဒ္ဓ ဟု ဆိုအပ်သော ကြွင်းလူမျာ:ကိုလည်း ကောင်း၊ ၃။ ဤဆိုခဲ့ပြီးလူမျာ:မှတပါး အခြာ:လူမျာ: မရှိတော့သော ကြောင့် ပဇံဖြင့်လည်း ဤလေးမျိုးကိုယူပါ။

ဘဝသေသသဗ္ဗသတ္တလောကော ဝါ၊ ။အယက်ပါ နှစ်နည်းလုံးဌ်လည်း ပဗာသဒ္ဒါဖြင့် ပရိသတ် (၄) ပါ: စသည်တို့၏ အစွမ်းဖြင့် တည်ကြသော လူတို့ကိုသာ ယူခဲ့သောကြောင့် ယခုအခါ ပဇံပုဒ်ဖြင့် လူမကြွင်းသော နဂ !:, ဂဠုံ ။ သောသတ္တဝါတို့ကို သိမ်းယူ၍ ပြုပို့ကား ''ဘဝသေသ သဗ္ဗသတ္တလောကော ဝါ'' ဟု မိန့်ဆို ပါသည်။

အပိစတ္ထ။ ။ဘဝတို့စီအား:ဖြင့် လောကကိုယူကာ အနက်ယောဇနာပုံကို ပြုပြီး၍ ယခုအခါ ဒေဝမာရစသော ဝိသေသနဖြင့် တဘို့စီ မခွဲပဲ အနက်ယောဇနာပုံကို ပြခြင်း:ငှာ ''အပိစတ္ထ'' သည်ကို မိန့်ဆို ပါသည်။

ဥက္ကဋ္ဌပရိစ္ဆေဒဘေဒ။ ။ဂတိ (၅)ပါးတို့တွင် ဒေဝဂတိ၌ အကျုံးဝင်သူ မျှားသည် အမြတ်ဆုံးဖြစ်ကြပါသည်။ ဤဒေဝဂတိတွင်လည်း အရူပဗြဟ္မာမျှားသည် ကိုလေသာဒုက္ခမျှားကို ငေးစူးပယ်ရှားပြီးခြင်း၊ ငြိမ်သက်မွန်မြတ်သော အာနေဉ္ဇပိဟာရနှင့် ပြည့်စုံခြင်း၊ အလွန်အသက်ရှည်ခြင်းစသော ဂုဏ်ထူးတို့ကြောင့် အလွန်အကဲ မြတ်ကြပါသည်။ ဤအလို "သဒေဝကံ–အရူပဗြဟ္မာတို့နှင့်တကွဖြစ်သော" ဟု ပေးပါ။

ဗြဟ္မာ မဟာနုဘာဝေါ။ ။လောကဓာတ်တသောင်းခု၌ အစိုးရသော မဟာဗြဟ္မာ၏ အစွမ်းဖြင့် "ဗြဟ္မာ မဟာနုဘာဝေါ" ဟု ဆိုပါသည်။ ဘာကြောင့်နည်း–"ဥက္ကဋ္ဌပရိစ္ဆေဒတော" ဟု ဆိုအပ်သော ကြောင့်ဟည်း။

ပေါရာဏာဒိ။ ။သဒေဝကံ–နတ်မျှားနှင့်တကွ ကြွင်းသောလောကကို၊ သမာရကံ–မာရ်နတ်နှင့်တကွ ကြွင်းသောလောကကို၊ သဗြဟ္မကံ–ဗြဟ္မာမျှားနှင့်တကွ ကြွင်းသောလောကကို၊ ဤသို့ ဘဝ(၃)ပါး၌ ကပ်ရောက်သော သတ္တဝါအားလုံးတို့ကိုလည်း သဒေဝကဘာဝ, သမာရကဘာဝ, သဗြဟ္မကဘာဝ ဟူသော ပကာရ (၃)မျိုးဖြင့် သဒေဝကံ စသော (၃)မျိုးတို့၌ ထည့်ပြီး နောက်တဖန် (၂)ပုဒ်တို့ဖြင့် အကုန် သိမ်းကျုံး ယူလိုရကား၊ "သဿမဏာဗြဟ္မဏိံ ပဇံ သဒေဝမနုဿံ" ဟု မိန့်ဆိုပါသည်။ (၅)ပုဒ်လုံးဖြင့် သုံးလောကကိုယူပါ။

အနုပဝနာဒိဝိဇ္ဇိတကေ ပေါ။ ။အာဒိဖြင့် ဥပမာန, အတ္ထာပတ္တိ စသည်ကိုယူပါ။ အနုမာနနည်းဖြင့်သိခြင်း၊ ဥပမာနဖြင့်သိခြင်း၊ အတ္ထာပတ္တိအားဖြင့် သိခြင်း စသည်အားလုံးကို "သစ္ဆိကတ္တာ" ပါ၌ဖြင့်ပယ်ပါသည်။ ဘာကြောင့်နည်း–ဇင်းသိခြင်းမျှားသည် တူသော ပမာဏရှိခြင်းကြောင့်တည်း။ ဘုရားရှင်တို့သည်ကား ဒ လုံးစုံသော အာရုံတို့၌ အပိတ်အပင်မရှိဉာဏ်ဟော်ဖြစ်နိုင်သောကြောင့် ဒ လုံးစုံကို မျက်မှောက်ပြုနိုင်ပါသည်။

ဟိတ္ဝာပိ။ ။တရုံတခါ၌ ဘုရားရှင်၏ ဒေသနာတော်သည် ဖလသမာပတ်ဇောအစဉ်နှင့် ရောလျက်လည်း ဖြစ်နိုင်သောကြောင့် "ဟိတ္ဝာ-ပိ"၌ "ပိ"ကို ထည့်၍ဆိုပါသည်။ ခဲ့ပါပြီးဒုံ–ဘုရားရှင်သည် တရားဟောတော်မူစဉ် တရားနာပရိသတ်မျှား သာဓုခေါ်ခြိန်နာပြီးတရားကို ဆင်ခြင်ခြိန်

များကို ပိုင်းဖြတ်၍ ဖလသမာပတ် ဝင်စားပါသည်။ အပိုင်းအခြားအတိုင်း သမာပတ်မှ ထ၍ တရားတော်ကို ရောက်ရာအရပ်မှ တည်ရာဒေရပ်မှ ဆက်၍ ဟောပါသည်။

အပ္ပံဝါ ဗဟုံဝါ ဒေသေန္တော။ ။ဥဋ္ဌဋ္ဌိတည်ကုပ္ပဂ္ဂိုလ်၏ အစွမ်းဖြင့် အနည်းငယ်သော တရားကို ဟောတော်မူ၍ ဝိ-ပဋ္ဌိတည်ကုပ္ပဂ္ဂိုလ်တို့၏အစွမ်းဖြင့် နေယျပုဂ္ဂိုလ်တို့၏အစွမ်းဖြင့် များစွာသော တရားကို ဟောတော်မူပါသည်။

အာဒိကလျာဏံ စသည်။ ။ဝဋ္ဋဆင်းရဲမှ ထုတ်ဆောင်နိုင်သောကြောင့် ကောင်းပါသည်။ လုံးဝ အပြစ်မရှိသော ကြောင့် ဝဋ္ဋဆင်းရဲမှ ထုတ်ဆောင်နိုင်ပါသည်။

ပဋ္ဌမေန် ပါဒေန အာဒိကလျာဏာ။ ။အစိတ်လွတ်သောအပေါင်းမည်သည် ပရမတ္ထအားဖြင့် မရှိပါသော်လည်း အပေါင်းဖြစ်သော ဂါထာမှ အစိတ်ဖြစ်သော ပါဒကို မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ သံ,သာမိ ဝေါဟာရသို့ တင်၍ အဘေဒူပစာရအားဖြင့် "ပဋ္ဌမေန ပါဒေန အာဒိကလျာဏာ" စသည်ကို မိန့်ပါသည်။

နိဒါန်း,နိဂုံး။ ။နိဒါန်း ဟူသည် အာနန္ဒာမထေရ်မြတ် ထားအပ်သော ကာလ, ဒေသ, ဒေသက, ပရိသတ်စသည်ကို ညွှန်ပြခြင်း လက္ခဏာရှိသော "တေနသမယေန" စသည်တည်း။ နိဂုံးဟူသည်ကား- "ဣဒမဝေါစ" စသည်နှင့် "ဣတိ ယံ တံ ဝုတ္တံ၊ ဣဒ မေတံ ပဋ္ဌိစ္စ ဝုတ္တံ" စသည်ဘည်း။ ထိုနိဒါန်း နိဂုံးများသည်လည်း ဘုရားစကားတော် အားလျော်စွာ စီမံဆားသောကြောင့် ဘုရားဒေသနာတော်၌ အတွင်းဝင်ပါသည်။

သာသနဓမ္မဂါဟာ စသည်။ သာသနဓမ္မ အရ-သတ္ထုသာသနကို ပြုတော်သော ပရိယတ္တိဓမ္မကို ကောက်ပါ။

(၁) သာသနာတော်မှာ သီလအရင်းမူလရှိသောကြောင့် "သီလေန-အာဒိကလျာဏာ" ဟု လည်းကောင်း၊ (၂) သမထ ဧသည်တို့သည် သာ-သနသမ္ဘတ္တိ၏ အလယ်ဖြစ်သောကြောင့် "သမထ။ပ။ကလျာဏာ" ဟုလည်း ကောင်း၊ (၃) နိဗ္ဗာန်ရခြင်းထက် ကိုလွန်သော ပြုဖွယ်မရှိသောကြောင့် "နိဗ္ဗာနေန ပရိယောသာနကလျာဏာ" ဟု လည်းကောင်း မိန့်ဆိုပါသည်။

တနည်း- ၁။ သာသနာတော်၌ ကောင်းစွာကျင့်မူ ဟူသမျှသည် ပညာ အကျိုးငှာဖြစ်ပါသည်။ ထိုပညာ၏မူလ သည် သီလနှင့်သမာဓိ ဖြစ်ပါသည်။ ထို့ကြောင့် "သီလသမာဓိဟိ၀ါ အာဒိကလ္လာဏော" ဟု လည်းကောင်း၊ ၂။ ပညာသည် အနုဇောဝ ပဋိဝေဓ အစွမ်းဖြင့် (၂)ပါး ရှိသောကြောင့် ထို(၂)ပါးစုကိုယူလိုရကား "ဝိပဿနာမဂ္ဂေဟိ မဇ္ဈေကလ္လာဏော" ဟုလည်းကောင်း၊ ၃။ ပညာ၏ပြီးပီးခြင်းဟူသည် ဝိုလ်ကိစ္စနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းပင်ဖြစ်ပါသည်၊ ထို့ထက် အလွန်ပြုစရာမရှိပါ။ ဤအနက်အဓိပ္ပါယ်ကိုပြလိုရှိ ဖလနိဗ္ဗာနေဟိ ပရိယောသာသန ကလ္လာဏော ဟု လည်းကောင်း၊ တနည်း- ဖလဖြင့် သဉ္ဇပါဒိသေသနိဗ္ဗာန်ကိုယူ၍ နိဗ္ဗာနပြင့်အနုပါဒိသေသနိဗ္ဗာန်ကိုယူပါ။ ထိုနိဗ္ဗာန်(၂)မျိုးသည် သာသနသမ္ပတ္တိ၏ အဆုံး ဖြစ်သောကြောင့် "ဖလနိဗ္ဗာနေဟိ ပရိယောသာန ကလ္လာဏော" ဟု မိန့်ဆိုပါသည်။

ဗုဒ္ဓသုဗောဓိတာယ ၀ါ အာဒိကလ္လာဏော။ ။ဗုဒ္ဓသုဗောဓိတာ ဟူသည်- သဗ္ဗညုတညာဏ်တော်တည်း။ ပရိယတ်တရားတော်သည် သဗ္ဗညုတညာဏ်တော်လျှင် အစအမှန်ရှိရကား- သဗ္ဗညုတညာဏ်တော်ကြောင့် တရားတော်မှာ အစကောင်းခြင်း ဂုဏ်တော်ရပါသည်။

ဓမ္မသုဓမ္မတာယ မဇ္ဈေ ကလ္လာဏော။ ။ဓမ္မသုဓမ္မတာ ဟူသည် ကိုလေသာကိုပယ်နိုင်ခြင်း, တရားတော်၏ ဖြူစင်သန့်ရှင်းခြင်း, ရာဂစသောအညစ်အကြေးကင်းခြင်း, ဟောထား သမျှသည် ထည့်သွင်းစရာမလို ဖျက်စရာလည်းမရှိ ပြည့်စုံလုံလောက်ခြင်းတည်း။ပရိယတ်တရားတော်မှာ တရားတော်လည်းဟူသော အထည်ကိုယ်ရှိရကား ဓမ္မသုဓမ္မတာ ကြောင့် မဇ္ဈေကလ္လာဏ ဖြစ်ရပါသည်။

သံဃသုပ္ပဋိပတ္တိယာ ပရိယောသာန ကလ္လာဏော။ ။ဘုရားရှင် ဆုံးမတော်မူသည့်အတိုင်း ကျင့်ခြင်းသည် သံဃသုပ္ပဋိပတ္တိမည်ပါသည်။ထိုသံဃသုပ္ပဋိပတ္တိကြောင့် ပရိယောသာနကလ္လာဏ ဖြစ်သည်။ ဘာ့ကြောင့်နည်း-သံဃာ၏ ကောင်းစွာကျင့်မှုကြောင့် သာသနာတော်ကြီးသောကာ၌ ကောင်းစွာ တည်နိုင်သောကြောင့်တည်း။

ဗောဓိ။ ။ဗောဓိ(၃)ပါးမှတပါး အခြားနည်းဖြင့် နိဗ္ဗာန်ရမှု မရှိသောကြောင့် တဆင့်တွယ်ယှဉ်၍ ဟောဟော်မူဟုံးဖြစ်ဟူသည် ဗောဓိ(၃)

ပါးတည်း။ ထိုဇောဓိ(၃)ပါးတို့တွင် အဘိသမ္မောဓိသည် အလုံးစုံသော ဂုဏ်မျှားဖြင့်အမြတ်ဆုံးဖြစ်သောကြောင့်လည်းကောင်း၊ အခြားဇောဓိ(၂)ပါး၏ အရင်းမူလဖြစ်သောကြောင့် လည်းကောင်း၊ အာဒိကလျာဏ ဖြစ်ပါသည်။ ပစ္ဆိမဇောဓိသည် ဂုဏ်အားဖြင့်အလယ်အလတ်ဖြစ်ရကား ထိုပစ္ဆိမ ဇောဓိကြောင့်မဇ္ဈေကလျာဏဖြစ်ပါသည်။ သာဝကဇောဓိသည်ကား- သာသနမမ္မ၏အဆုံးဖြစ်ရကား (ဂုဏ်အားဖြင့်နောက်ဆုံးဖြစ်သောကြောင့်) သာဝက ဇောဓိကြောင့် ပရိယောသာနကလျာဏ ဖြစ်ပါသည်။[ဤနေရာ၌ "တဒုဘယတာယ ဝါ"ဟု ပါဠိတမျိုးတွေ့ရ၏။ ထိုပါဠိအတွက် စဉ်းစားပါဦး။]

အတ္ထသုဒ္ဓိယာ မဇ္ဈေ ကလျာဏော။ ။ဥပဂ္ဂိုလေသ မရှိသောကြောင့် နိယျာနိ ကအဖြစ် (အနက်စင်ကြယ်မှု) ဖြစ်ပါသည်။ လိုစင်ကြယ်နှုကြောင့် မဇ္ဈေကလျာဏ ဖြစ်ပါသည်။

ကိစ္စသုဒ္ဓိယာ ပရိယောသာနကလျာဏော။ ။သာသနမမ္မသည် ကောင်းစွာ ကျင့်ခြင်းလျှင် အဆုံး ရှိရကား ကောင်းစွာကျင့်ခြင်းဟု ဆိုအပ်သောကိစ္စ၏ စင်ကြယ်မှုကြောင့် ပရိယောသာနကလျာဏ ဖြစ်ပါသည်။

သာသနပြဟ္မစရိယ။ ။သာမညအားဖြင့် သိက္ခာ (၃)ပါးနှင့် ပါဋိတော်မမ္မအားလုံးသည် သာသနပြဟ္မစရိယ မည်၏။ [ကတမေသာနံ ခေါ ဘုဒ္ဓါနံ ဘဂဝန္တာနံ ပြဟ္မစရိယံ နစိရဋ္ဌိတိကံ အဟောသိ။ ၀ိ-၁-၇။]

အရိယအဋ္ဌင်္ဂိကမဂ်သည် မဂ္ဂပြဟ္မစရိယမည်၏။ (ခ်ဏာ ဇာတ်၊ ဝုသိတံ ပြဟ္မစရိယံ၊ ကတံ ကရဏီယံ။)

အတ္ထသမ္ဘတ္တိယာ သံဝဏ္ဏနာ ဟောတိ။ ။ယာဂုထမင်း စသည်ကို ချီးမွမ်းမှု, မိန်းမယောက်ျားစသည်တို့ကို ချီးမွမ်းမှု၌ မြီးသောဒေသနာရှိသူသည် အနက်နှင့်ပြည့်စုံစွာ တရားဟောသည်မမည်ပါ။ ဘာကြောင့်နည်း--ထိုပုဂ္ဂိုလ်၏ ထိုဒေသနာသည် နိယျာနတ္ထ မှကင်းသောကြောင့်ပ ည်း။ ဘုရားရှင်သည်ကား ထိုသို့သော ဒေသနာမျိုးကို ပယ်၍ သဟိပဋ္ဌာန် (၄)ပါး စသည်၌ မြီသော ဒေသနာကို ဟောတော်မူပါသည်။ထို့ကြောင့် ဘုရားရှင်ကို "အတ္ထသမ္ဘတ္တိယာ သာတ္ထံ ဒေသေတိ" ဟု ဆိုပါသည်။

ဗျဥ္ဇနသမ္ပတ္တိယာ သဗ္ဗဥ္ဇနံ ဒေဒသတိ။ ။ပ။ ဘုရားရှင်သည် ဘုရားတို့ သဒ္ဓါကဖျိုး စသည်နှင့် ယှဉ်သော ဗေဒသနာ သည် လည်းကောင်း၊ ကိုရောတဘာသာကဲ့သို့ နှုတ်ခမ်းကိုမယိမ်းပဲ လုံးဝ နှုတ်ခမ်းမပါသော သဒ္ဓါရှိသော ဗေဒသနာသည် လည်းကောင်း၊ ယာဝန ဘာသာကဲ့သို့ အလုံးစုံတို့၌ပင် ဝိသဇ္ဇနီသံနှင့် ယှဉ်ဒေါ်သောကြောင့် လုံးဝ လွဲတော်သော သဒ္ဓါရှိသော ဗေဒသနာသည် လည်းကောင်း၊ မိလက္ခဘာသာ ကဲ့သို့ အလုံးပုံတို့၌ပင် အနုသာရနှင့်တကွဖြစ်သောကြောင့် လုံးဝနိုဂ္ဂဟီတ် ပါသော သဒ္ဓါရှိသော ဗေဒသနာသည်လည်းကောင်း သဒ္ဓါပြည့်စုံမှုရှိ သောကြောင့် အဗျဥ္ဇနဗေသနာတော်မှား ပြစ်ပါသည်။ ဘုရားရှင်သည်ကား-

သိထိလံ ဓနိတဉ္စ ဒီဃရဿံ၊ ဂရုကံ လဟုဂ ဉ္စ နိဂ္ဂဟီတံ။
သမ္ဘန္ဓံ ဝဝတ္ထိတံ ဝိမုတ္တံ၊ ဒသဓာ ဗျဉ္ဇနဗုဒ္ဓိယာ ပဘေဒေါ။

ဟူသောဗျဉ္ဇန (၁၀)ပါးကို မပျက်စေပဲ သဒ္ဓါပြည့်စုံစွာ ဟောတော်မူ ပါသည်။ ထို့ကြောင့် ဘုရားရှင်ကို "ဗျဉ္ဇနသမ္ပတ္တိယာ သဗ္ဗဥ္ဇနံ ဒေဒသတိ" ဟု ဆိုပါသည်။

သက်ဝသန ။ပ။ ပညတ္တိ။ ။၁။ "မညမာနော ခေါ ဘိက္ခု ဗဟွေါ မာရသ အမညမာနော မုတ္တော" စသည် ဟိုဠ်ကဲ့သို့ အကျဉ်းယောရုံးဖြင့် သိမ်းလောက်သော နောက်သပ်ချ,စရာမလိုသော အနက်ကို "သက်ဝသန"ဟု ခေါ်၍-

၂။ "သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ" စသည်ကဲ့သို့ နောက်ထပ်ချ,ဖို့ရန် အခြေခံပထမ စကားကို "ပကာသန" ဟု ခေါ်၏။ [ဤသက်ဝသန, ပကာသန (၂)ပုဒ်သည် အကျဉ်း ပြုစုသောကြောင့် တိကွိန္ဒြိယ ပုဂ္ဂိုလ်ကို ငဲ့၏။]

၃။ ချ,ရုံသာချ,၍ အစိတ်စိတ် ဝေဖန်သော အနက်ကို "ဝိဝရဏ"ဟု ခေါ်၍-

၄။ ဆိုပြီးကိုထပ်၍ဆိုအပ်သော နှစ်မျိုးသုံးမျိုး စသည်ခွဲခြားဝေဖန်အပ်သော အနက်ကို "ပဝိဘဇန"ဟု ခေါ်၏။

ဤနှစ်ပုဒ်သည် မဇ္ဈိမိန္ဒြိယ ပုဂ္ဂိုလ်ကို ငဲ့၏။နဒ္ဒေသ ဖြစ်သောကြောင့်တည်း။

၅။ ဖွင့်အပ်ပြီးသော အနက်ကိုပင် သာ၍ကျယ်ဝန်းစွာ ယင်ရှားမအောင် ပြုအပ်သောအနက်သည် "ဥတ္တာနီကရဏ" မည်၏။

၆။ နှစ်မျိုးသုံးမျိုး စသည်ဖြင့် အကျယ်ဝေဖန် အပ်ပြီးနောက် သာ၍ကျယ်ဝန်းစွာ အမျိုးမျိုး အစားဝင်း သိမ်းစုအပ်ပေါင်းအပ်သော အနက်သည် "ပညတ္တိ" မည်၏။

ပါးတည်း။ ထိုဇောဓိ(၃)ပါးတို့တွင် အဘိသမ္မောဓိသည် အလုံးစုံသော ဂုဏ်မျှားဖြင့်အမြတ်ဆုံးဖြစ်သောကြောင့်လည်းကောင်း၊ အခြားဇောဓိ(၂)ပါး၏ အရင်းမူလဖြစ်သောကြောင့် လည်းကောင်း၊ အာဒိကလျာဏ ဖြစ်ပါသည်။ ပစ္ဆိုကဇောဓိသည် ဂုဏ်အားဖြင့်အလယ်အလတ်ဖြစ်ရကား ထိုပစ္ဆိုက ဇောဓိကြောင့်မဇ္ဈေကလျာဏဖြစ်ပါသည်။ သာဝကဇောဓိသည်ကား- သာသနာ၏အဆုံးဖြစ်ရကား (ဂုဏ်အားဖြင့်နောက်ဆုံးဖြစ်သောကြောင့်) သာဝကဇောဓိကြောင့် ပရိယောသာနကလျာဏ ဖြစ်ပါသည်။[ဤနေရာ၌ "တဒုဘယတာယ ဝါ"ဟု ပါဠိတမျိုးတွေ့ရ၏။ ထိုပါဠိအတွက် စဉ်းစားပါဦး။]

အတ္ထသုဒ္ဓိယာ မဇ္ဈေ ကလျာဏော။ ။ဥပက္ကိလေသ မရှိသောကြောင့် နိယျာနိကဘာဝဖြစ် (အနက်စင်ကြယ်မှု) ဖြစ်ပါသည်။ လိုစင်ကြယ်နှုကြောင့် မဇ္ဈေကလျာဏ ဖြစ်ပါသည်။

ကိစ္စသုဒ္ဓိယာ ပရိယောသာနကလျာဏော။ ။သာသနာမမှသည် ကောင်းစွာ ကျင့်ခြင်းလျှင် အဆုံး ရှိရကား ကောင်းစွာကျင့်ခြင်းဟု ဆိုအပ်သောကိစ္စ၏ စင်ကြယ်မှုကြောင့် ပရိယောသာနကလျာဏ ဖြစ်ပါသည်။

သာသနပြဟ္မစရိယ။ ။သာမညအားဖြင့် သိက္ခာ (၃)ပါးနှင့် ပါဠိတော်မှအားလုံးသည် သာသနပြဟ္မစရိယ မည်၏။ [ကတမေသာနံ ခေါ ဘုဒ္ဓါနံ ဘဂဝန္တာနံ ပြဟ္မစရိယံ နစိရဋ္ဌိတိကံ အဟောသိ။ ၀ိ-၁-၇။]

အရိယအဋ္ဌင်္ဂိကမဂ်သည် မဂ္ဂပြဟ္မစရိယမည်၏၊ (ခိဏာ ဇာတိ၊ ဝုသိတံ ပြဟ္မစရိယံ၊ ကတံ ကရဏီယံ။)

အတ္ထသမ္ဘတ္တိယာ သံဝတ္ထံ ဟောတိ။ ။ယောဂုထမင်း စသည်ကို ချီးမွမ်းမှု, မိန်းမယောက်ျားစသည်တို့ကို ချီးမွမ်းမှု၌ မှီသောဒေသနာရှိသူသည် အနက်နှင့်ပြည့်စုံစွာ တရားဟောသည်မမည်ပါ။ ဘာ့ကြောင့်နည်း--ထိုပုဂ္ဂိုလ်၏ ထိုဒေသနာသည် နိယျာနတ္ထ မှကင်းသောကြောင့်ပည်း။ ဘုရားရှင်သည်ကား ထိုသို့သော ဒေသနာမျိုးကို ပယ်၍ သဟိပဋ္ဌာန် (၄)ပါး စသည်၌ မှီသော ဒေသနာကို ဟောတော်မူပါသည်။ထို့ကြောင့် ဘုရားရှင်ကို "အတ္ထသမ္ဘတ္တိယာ သံဝတ္ထံ ဒေသေတိ" ဟု ဆိုပါသည်။

ဓမ္မဒေဿနာတို့က ဗျာဒုနသမ္ပတ္တိကို ပြန့်ပြားသောကြောင့် "မြေဂမ္ဘီရတာ ပဋိ-ဝေဓဂမ္ဘီရတာဟာ သဗျာဒုနံ" ဟု ဆိုပါသည်။

အတ္ထပဋိဘာနပဋိသမ္ဘိဒါဝိသယတော သာတ္ထံ။ ။ပဋိဘာနပဋိသမ္ဘိဒါစသည်လည်း အနက်လျှင် အရာရှိသောကြောင့် "အတ္ထ ။ပ။ သာတ္ထံ" ဟု ဆိုသည်။ အနက် ပြည့်စုံမှုမရှိလျှင် ထိုပဋိသမ္ဘိဒါ (၂)မျိုး မရှိနိုင်ပါ။

ဓမ္မနိရုတ္တိပဋိသမ္ဘိဒါဝိသယတော။ ။ဗျာဒုနသမ္ပတ္တိ မရှိလျှင် ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါ မရှိနိုင်သောကြောင့်တည်း။

ပဏ္ဍိတဝေဒနီယတော သရိဂ္ဂုဏဇနပ္ပသာဒကံ သာတ္ထံ။ ။အောက်ခ်ုမြစ်ရေတိုးနေခြင်းအကျိုးကိုယောက်ရ အထက်ခ်ု မိုးရွာ၏ ဟု အကြောင်းကိုမှန်းဆနိုင်သကဲ့သို့ပညာရှိများ ကျေနပ်ပုံကိုထောက်ရ အနက်ပြည့်စုံခြင်းကိုလည်း မှန်းဆနိုင်သော ဖလာနုမာန နည်းတည်း။

[သဒ္ဓေယျတော လောကိယဇနပ္ပသာဒကံ သဗျာဒုနံ ခ်ုလည်း အနုမာန နည်းပင်တည်း။]

ဗြဟ္မစရိယံ ပကာသေတိ။ ။ဗြဟ္မစရိယသဒ္ဒါသည် ဒါန, ဝေယျာဝစ္စ, ပဉ္ဇသိက္ခာပဒသီလ, အပ္ပမညာ, မေထုနဝိရတိ, သဒါရသန္တောသ, ဝိရိယ, ဥပေါသထင်, အရိယာမဂ်, သာသနာ ဟူသော အနက်များစွာကို ဟောနိုင်သည်။ ဤနေရာ၌ သာသနာ အနက်ကိုယူပါ။

ဒါနသ္မိံ ဗြဟ္မစရိယ၊ အပ္ပမညာသု သာသနေ။
မေထုနာရတိယံ ဝေယျာ၊ ဝစ္စေ သဒါရတုဋ္ဌိယံ။
ပဉ္စသီလာရိယာမဂ္ဂေါ၊ ပေါသထင်ဝိတိသုစ။

လောကာမိသနိရဂ္ဂေ ပဟိသုဠ္ဠံ။ ။ဤတရား ဒေသနာတော်ကို မြို့ရွာ လာဘ် ပူဇော်သက္ကာရကို ရလိမ့်မည်ဟုကြံ၍ ဟောသူ၏ဒေသနာသည် မစင်ကြယ်ပါ။ ဘုရားရှင်သည်ကား

လောကအာမိသကို ငဲ့တော်မမူ၊ အလုံးစုံတို့၏ အကျိုးစီးပွားခွဲ ပြန့်နှံ့သော မေတ္တာဘာဝနာဖြင့် နှုးညံ့သောစိတ်တော်ရှိ၍ အားလုံးကို ကယ်တင်လို သောသဘောခွဲ တည်သောစိတ်ဖြင့် ဟောတော် မူပါသည်။ ထို့ကြောင့် ဘုရားရှင်၏ ဒေသနာတော်သည် စင်ကြယ်ပါသည်။

သာမု။ ။သာမုသဒ္ဒါသည် အာယာစန, သမ္ပဋိစ္ဆန, သမ္ပဟံသန, ဒဋ္ဌိကမ္မ, အာဏတ္တိ, သုန္ဒရ အနက်များတွင် ဤနေရာ၌ သုန္ဒရ အနက် ဟော။

သုန္ဒရေ ဒဋ္ဌိကမ္မေစ၊ ယာစနေ သမ္ပဋိစ္ဆနေ။
သဇ္ဇနေ သမ္ပဟံသာယံ၊ သာမုဝါဘိဓေယ္ယလိင်္ဂကံ။

အတ္ထာဝဟံ။ ။ဒိဋ္ဌမမ္ပိကတ္ထ,သမ္ပရာယိကတ္ထ, ပရမတ္ထ ဟု ဆိုအပ်သောစီးပွားကိုဆောင်၏။

ယထာရူပေါ စသည်။ ။ဘုရားရှင်မှာ ရှိသောဂုဏ်တော်များသည် ဟုတ်မှန်သော သဘောရှိသောကြောင့် ထိုဂုဏ်များကို အကြောင်းပြု၍ စတုပ္ပမာဏိက လောကသည် အခါခပ်သိမ်း အတိုင်းထက် အလွန်ကြည်ညိုခြင်း ဟု၎ပြလိုရကား"ယထာရူပေါ"စသည်ကိုမိန့်။

ယထာဘူတ ။ပ။ အရဟတ်ဖြင့် ခမ္ဘပ္ပမာဏ လူခပ္ပမာဏ သတ္တဝါတို့၏ ဘုရားရှင်၌ ကြည်ညိုမှု ဆောင်နိုင်ကြောင်းကို ပြပါသည်။ ထိုသို့ပြသဖြင့် ကြွင်းသော ရူပပ္ပမာဏ ဃောသပ္ပမာဏ သတ္တဝါတို့၏ ကြည်ညိုမှုဆောင်ကြောင်းကိုလည်း အဝိနာဘာဝနည်းအားဖြင့် ပြပြီးပင်ဖြစ်ပါသည်။

ဣသနမတ္တမ္ပိ သာခု။ ။သာဓက- ကောသိယသကုဏာဝတ္ထုကို ဘာသာဋီကာ၌ရှုပါ။

ယေန ဝါ ကာရဏေန။ ။ဟိတ်အနက်သည် ကြိယာ၏အကြောင်းဖြစ်ပါသည်။ ကရိုဏ်းကဲ့သို့ ကြိယာ၏ အကျိုးမဟုတ်ပါ။ ထို့ကြောင့် ဤနေရာ၌ ချဉ်းကပ်ခြင်း ကြိယာသည် အထူးထူးအပြားပြားသော ဂုဏ်ထူးကိုရလိုခြင်းအကျိုး ရှိပါသည်။ ထို့ကြောင့် ဤနေရာ၌ ဟိတ် အနက်သာသင့်ပါသည်။ ကရိုဏ်းအနက်ကို မယှဉ်စပ်အပ်သောကြောင့် ကရိုဏ်းအနက်မသင့်ပါ။ ထို့ကြောင့်"ယေန ဝါ ကာရဏေန" ဟု မိန့်ဆိုပါသည်၊

ဘုရားရှင်ကိုသစ်ပင်ကြီးနှင့်နှိုင်း။ ။ခွဲခြား ဝေဖန်မှုရှိသောအားဖြင့် အမြဲမပြတ်ဖြစ်သော မိမိသက် အလွန်မရှိသော သာယာဖွယ်ကောင်းသော ပြန့်ပြောသော အမြိုက်အရသားသဒ္ဓမ္မတည်းဟူသော အသီးရှိတော်မူသောကြောင့် သာယာဖွယ် ကောင်းသော အသီးရှိသော အမြဲတမ်းသီးသော သစ်ပင်ကြီ ဖြင့် ဘုရားရှင်ကို ဥပမာနှိုင်းထားပါသည်။

ဂဟောတိ ဝုတ္တံ ဟောတိ။ ။ရောက်လိုသဖြင့် တစုံတခုသောအရပ်သို့ သွားသူကို ထိုထိုအစီတ်အပိုင်းကို လွန်ခြင်းကြောင့် ဥပသက်မိ ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် "ဂတောတိ ဝုတ္တံ ဟောတ်"ဟု မိန့်သည်။

အာသန္နတရံ ဌာနံ။ ။ပြဿနာမေးရန် ဟရားနာရန် စွမ်းနိုင်သောအရပ်။

သောပိ ဘဂဝတာ သဒ္ဓိ' သမပ္ပဝတ္တမောဒေါ။ ။ဘုရားရှင်သည် ရှေးဦးစွာ ပြောတော်မူလေ့ရှိသောကြောင့် လည်းကောင်း၊ ပုဏ္ဏားသည် ဘုရားရှင်၏နောက်မှ အတူလိုက်၍ ပြုရသောကြောင့်လည်းကောင်း ထိုပုဏ္ဏားသည်လည်း ဘုရားရှင်နှင့်အတူ အညီအမျှဖြစ်သော ဝမ်းမြောက်မှု ဖြစ်ပါသည်။

ပိတိပါမောဇ္ဇ။ ။အားရှိသည်၏အဖြစ်သို့ရောက်သော ပီတိသည် ပီတိမည်၍ နူသောပီတိသည် ပါမောဇ္ဇ မည်ပါသည်။

ဗျဉ္ဇနပရိသုဒ္ဓါယ။ ။သဘာဝနိရုတ္တိ ဖြစ်သောကြောင့် ကောင်းပါသည်။

နာတိဒူရံ နာစ္စာသန္နံ။ ။အောက်ဆုံးအားဖြင့် လေးစားသူ လေးစားအပ်သူ ပုဂ္ဂိုလ်(၂)ဦးတို့ ဆန့်အပ်သောလက်ခြင်းမယိမ်းလောက်သော အရပ်တည်း။

ဇိဏ္ဏေတိ ပေါရာဏေ။ ။ဇိဏ္ဏဖြစ်ခြင်းသည် အရွယ်မျှကြောင့်မဟုတ်၊ စင်စစ်အားဖြင့် အမျိုးအဆက်ဆက်အားဖြင့် ရှေးကျသောကြောင့်ဟု ပြလိုရကား"ဇိဏ္ဏေတိ ပေါရာဏေ"ဟု မိန့် ဆိုလိုသည်မှာ အသက်အရွယ်အိုသောကြောင့် ဇိဏ္ဏာဟု ခေါ်သည်မဟုတ်၊ အမျိုးကရှေးကျ

သောကြောင့် ဇီဝကွာခေါ်သည် ဟူလို။ တိုဝိဇ္ဇော ဟူသော ပါဠိဖြင့် ထိုပုဏ္ဏား တို့၏ အမျိုးနှင့်စပ်၍ အသွန်ကျော်ကြားကြောင်းကို ပြဆိုသည်။

ဝုရေတိ သီလာစာရာဒိဂုဏဝုဠိယုတ္တော။ ။ဝယောအနုပ္ပတ္တော ပါဠိဖြင့် ဇာတိ ပုဒ်ကိုဆိုအပ်လတ္တံ့ ဖြစ်သောကြောင့် လည်းကောင်း၊ ဇာတိဂုဏ်ကို ဂုဏဝုဠိက လွန်ကဲသောကြောင့် လည်းကောင်း "ဝုရေတိ ။ပ။ ယုတ္တော" ဟုမိန့်၊

မဟာလွဒက။ ။ဇာတိမဟာလွဒကအဖြစ်ကိုလည်း ဝယောအနုပ္ပတ္တော ပါဠိဖြင့် ပင် ဆိုအပ်လတ္တံ့ ဖြစ်သောကြောင့် မဟာလွဒကော ပုဒ်ဖြင့် ဧည်း စိမ် ပေါမျှားခြင်းကိုယူရသည်။

ဒိသ္မာ။ ။နာသနာ ဝုဋ္ဌဟတိဋ္ဌ ဝုဋ္ဌဟနကြောင့်သာသည် ဒုတိယာဝိဘတ်ကို မဲ့သောကြောင့် ဇီဝေဟာ စသည်နှောင် ဒိသ္မာထည့်၍၊ ပစ္စုဒ္ဒေတို့ စသည်စပ်ခိုက်ခဲ့ကား ထည့်ဖွယ်မလို။

တံ အညာဏံ။ ။ဣမိုဂ္ဂိုလ်သည် ဝါ့အားရှိခိုးခြင်း ဧသည် ပြုခြင်းငှာ မထိုက်ဟု မသိ။

သြလောကေန္ဒော။ ။ဒုက္ခံ ခေါ် အဂါရဝေါ ဝိဟရတိ အပ္ပတိဿော၊ ကိ နုခေါ် အဟံ သမဏံ ဝါ ပြာဟ္မဏံ ဝါ သက္ကရေယ္ယံ ဂရုံကရေယ္ယံ စသောသုတ်၏ အစွမ်းဖြင့် ဉာဏစက္ခုဖြင့် ကြည့်တော်မူသည်။

သတ္တပဒဝိတိဟာဝရေန ဂန္ဓာ သကလံ ဒသသဟဿီလောကဓာတုံ သြလောကေသိ။ ။ဤစကားကို "ဓမ္မတာ ဧသာ ဘိက္ခဝေ ဣမဿ တိဏ္ဏာ ဝေဒါနံ ဝေဒါသတ္တာ သမေဟိ ပါဒေဟိ ပတိဋ္ဌဟိတ္တာ ဥတ္တာရာ-ဘိမုခေါ သတ္တပဒဝိတိဟာရေန ဂစ္ဆတိ၊ ဧတဿ မဟာပုရိသဿ ဝုဋ္ဌာ ဒိသာ ဝိဝေလာ ဒကတိ၊ အာသဘိဋ္ဌ ဝါစံ ဘာသတိ" ဟု ပါဠိတော်ခဲ့၍ (၇) လှမ်းကြွပြီးနောက် အလုံးလုံသော အရပ်ကြည့်သကဲ့သို့ ဟောတော်မူ သောကြောင့်ဆိုပါသည်။ သို့သော် ဟုပြီးမှကြည့်သည်ဟု မမှတ်ရပါ၊ ဘာကြောင့်နည်း-(၇)လှမ်း မကြွမခင်ပြုရင်ပင် အရပ်ကြည့်မှုကို ပြုတော်မူ သောကြောင့်တည်း။

ဩလော်ကေသိ။ ။ငါဘုရား၏ ကောင်းမှုအာနုဘော်ကြောင့် လောက ဝိဝရဏ တန်ခိုးပြာဋိဟာ ဖြစ်လတ်သော် ဥင်ရှားသော တသောင်းသောလောကဓာတ်ကို မံသစက္ခုဖြင့် ကြည့်ရှုတော်မူသည်။

မဟာပုရိသော။ ။ဇာတိ, ဂေါတ္တ, ကုလ, ပဒေသ စသည်အစွမ်းဖြင့် မြင့်မြတ်သော ယောဟ်ကျား။

အဂ္ဂေါ စသည်။ ။

၁။ အဂ္ဂေါ-ဂုဏ်တို့ကြောင့် အလုံးစုံတို့၏ ပဓာနဖြစ်သည်။
၂။ ဇေဋ္ဌော-ဂုဏ်တို့ကြောင့် အကြီးဆုံးဖြစ်သည်။
၃။ သေဋ္ဌော-ဂုဏ်တို့ကြောင့် အမြတ်ဆုံးဖြစ်သည်။

စိတ္တမုဒုဘာဝဇနနတ္ထံ။ ။ငါသည် အရသရူပမဟုတ်၊ ငါတို့လိုပုဂ္ဂိုလ်များသည် အရသရူပမဟုတ်ကြဟု မိန့်ကြားခဲ့လျှင် ပုဏ္ဏားကြီး စိတ်ဆိုးခက်ထန်စရာရှိ၏။ ထို့ကြောင့် "စိတ္တမုဒုဘာဝဇနနတ္ထံ" ဟု မိန့်သည်။

ပရိယာယေ။ ။ပရိယာယေတိ ဒေသေတဗ္ဗံ အတ္ထံ အဝဂမေတိ ဗောဓေတိ ပရိယာယော(ဒေသနာ)၊ ပရိယာယတိ အပရာပရံ-ပရိဝတ္တေတိ ပရိယာယော(ဝါရော)၊ ပရိယာယတိ အဟ္ဘာနော ဖလံ ပရိဂ္ဂဟေတ္တာ ဝတ္တတိတိ ပရိယာယော (ကာရဏံ)။

အဘိနန္ဒန္တာနံ ရဇ္ဇန္တာနံ။ ။အဘိနန္ဒန္တာနံ-သပ္ပိတိဂတဏ္ဍာ၏ အစွမ်းဖြင့် နှစ်သက်ဝမ်းမြောက်ကုန်လသော်၊ ရဇ္ဇန္တာနံ-ဗလဝဏ္ဍာဂ အစွမ်းဖြင့် တပ်နှစ်သက်ကုန်လသော်။

ရူပရသာ။ ။ရူပါရုံကိုသုံးဆောင်မှုကြောင့်ဖြစ်သော ဗဟုဏ္ဍနှင့်ယုဉ်သော ဝေဒနာတို့ကို ရူပါရုံမှဖြင့်၍ စိတ်နှလုံးကိုနှစ်သိမ့် စေတတ်သည်၏အဖြစ်ကြောင့် သရက်သီးစသည်မှဖြစ်သော အာရသာကို အမှီရသ ဟုခေါ်ရသကဲ့သို့ ရူပရသ ဟု ခေါ်ရပါသည်၊

ဘနုကိုပန္ဓော။ ။မယုံ ပဟီနာ-ငါပယ်သည် ဟု ငါဟူသောစကားဖြင့် မိမိကိုယ်ကို မြှောက်၍ ပြောလျှင် ပုဏ္ဏားအား သပ္ပါယမဖြစ်သောကြောင့် ကိုယ်တော်မြတ်ကိုချီးမြှောက်တော်မမူပဲ "တထာဂတသ ပဟီနာ" ဟု ဟောတော်မူသည်။

တာလဝတ္ထု။ ။အာရာမ်၏နေရာဖြစ်သော အရပ်ကို အာရာမ် မရှိသော် လည်း အာရာမဝတ္ထုဟု ဆိုရသကဲ့သို့ ထန်းပင်၏ တည်ရာ ဖြစ်သောအရပ်ကို (ထန်းပင်ကိုအမြစ်နှင့်တကွ နုတ်ပြီး၍ နေရာမျှရှိသော် လည်း ထန်းပင်၏တည်ရာ ဖြစ်ဖူးသောကြောင့်) ဘုတပုဗ္ဗဂတိက နည်း အားဖြင့် "တာလဝတ္ထု"ဟု ဆိုရသည်။

တေသံ ပုဗ္ဗေ ဥပ္ပန္နပုဗ္ဗဘာဝေန ဝတ္ထုမတ္တေ စိတ္တသန္တာနေ် ကတေ။ ။ ရူပါရုံစသည်ကိုသုံးစွဲမှုကြောင့်ဖြစ်သောတဏှာနှင့် ယုဉ်သော သောမနဿ ဝေဒနာဟုဆိုအပ်သော ရူပါရုံစသည်တို့သည် စိတ်အစဉ်၏တည်ရာဖြစ်သောကြောင့် "တေသံ ။ပ။ ကတေ"ဟု မိန့်။

တာလာဝတ္ထုကတာတိ ဝုစ္စန္တိ။ ။ထန်းပင်၏တည်ရာကဲ့သို့ မိမိ၏တည်ရာကို ပြုအပ်သောကြောင့် ရူပရသ စသည်တို့ကို "တာလာဝတ္ထုကတာ"ဟု ဆိုရသည်။ ဤပါဠိဖြင့်ပယ်ပြီး ကိလေသာတို့၏ နောက်တဖန် ဖြစ်မှုမရှိကြောင်းကို ပြပါသည်။

မတ္ထကစ္ဆိန္နတာလောဝိယ ကတာ၊ ။ဤပါဠိဖြင့် "တာလာဝတ္ထုဝိယ ကတာ-တိ တာလာဝတ္ထုကတာ"ဟူသော ဝိဂြိုဟ် ကိုပြပါသည်။ "အဝတ္ထုဘူတော တာလော ဝိယ ကတာတိ အဝတ္ထုတာလာ-ကတာ" ဟု ဆိုသင့်လျက် ဝိသေသနပုဒ်ကို နောက်ချ၍ တာလာဝတ္ထုကတာ ဟု ဆိုသားသည်။ ရူပရဏ စသောသဒ္ဒါဖြင့် အကျိုးပေးတတ်သော သဘော သတ္တိရှိသော ရှေးဦးဖြစ်ခဲ့သော ကုသိုလ်တရား အကုသိုလ်တရားတို့ကိုယူပါ။ ထိုဘရားတို့သည် ဖြစ်ကုန်သော်လည်း ထန်းပင်၏လည်ဆစ်နှင့်တူသောတဏှာ အဝိဇ္ဇာတို့ကို အရဟတ္တမဂ်ခေါ်လက်နက်မြတ်ဖြင့် ဖြတ်အပ်ပြီးသောကြောင် နောင်အခါ၌ ထန်းဖူးရှက်နှင့်တူကြသော ဝိပါကဂ္ဂန္ဓာတို့ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်ကြတော့ပါ။ ထို့ကြောင့် ရူပရသ စသည်တို့သည် "တာလာဝတ္ထု ဝိယ ကတာဟိ တာလာဝတ္ထုကတာ"ဟူသော ဝစနတ္ထနှင့်အညီ တာလာ ဝတ္ထုကတာ အမည်ရကြသည်။ ဤအလို–အဘိနန္ဒနာနုံ-ပုဒ်ဖြင့် ကုသိုလ် သောမနဿကိုလည်း ယူအပ်သည်ဟုဆိုကြ၏။

အနုဘာဝံ ကတာ။ ။နောက်ထပ်မဖြစ်နိုင်တော့သည်၏ အစွမ်းဖြင့် မဖြစ်ခြင်း, ပျက်စီးခြင်းသို့ရောက်ပြီ။ ပယ်အပ်ပြီးပြီ။ လုံးဝပြန်မဖြစ်ရတော့ဟူလို။

သန္ဓာယ ဘာသိတမတ္တံ။ ။ပုဏ္ဏား၏ ရည်ရွယ်ချက်, ဘုရားရှင်၏ ရည်ရွယ်ချက်,နှစ်မျိုးလုံး။

ကာယဒုစ္စရိတံ။ ။ကာယဒွါရ၌ အဖြစ်များသောကြောင့်"ကာယဒုစ္စရိတ" ဟုခေါ်သည်။

ပါဏာတိပါတ။ ။ပါဏ-အရ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကိုကောက်၍ ပညတ်အားဖြင့် သတ္တဝါကိုကောက်ပါ။ ပါဏာတိပါတ အရ-သတ္တဝါ၌ သတ္တဝါဟု အမှတ်ရှိ၍ သူတပါး၏ ဇီဝိတိန္ဒြေကို ဖြတ်တတ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော ကာယ, ဝစီနှစ်လီသော ဒွါရတို့တွင် တမျိုးမျိုးသော ဒွါရ၌ဖြစ်သော ဝဓကစေတနာသည် ပါဏာတိပါတမည်၏။ ခဲ့ပါဦးအုံ-အကြင်စေတနာကြောင့် ဖြစ်ဆဲသော ဇီဝိတိန္ဒြေ၏ မှီရာမဟာဘုတ်ဘို့၌ လုံ့လပြုခြင်းဟူသော အကြောင်းရှိသော မဟာဘုတ်များကြောင့် နောက်ထပ်ဖြစ်လတ္တံ့ မဟာဘုတ်များသည် မဖြစ်ကြတော့။

ထိုကဲ့သို့သော ပယောဂကို ဖြစ်စေတတ်သော စေတနာသည် ပါဏာတိပါတမည်၏။ မှန်ပါသည်။ လုံ့လအပြုခံရသော မဟာဘုတ်များသည် အခြားမဟာဘုတ်များကဲ့သို့ မသန့်ရှင်းမစင်ကြယ်ကြသောကြောင့် တူသော ဇာတ်ရှိသော မဟာဘုတ်တို့၏အကြောင်း မဖြစ်နိုင်ပါ။

ရုပ်, နာမ်။ ။ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေ နှစ်မျိုးတွင် ရုပ်ဇီဝိတိန္ဒြေကိုသာ ဖျက်ဆီးလို့ရသည်။ သို့သော် ရုပ်ဇီဝိတိန္ဒြေပျက်သော် ရုပ်ဇီဝိတိန္ဒြေနှင့် ဆက်စပ်နေသောကြောင့် နာမ်ဇီဝိတိန္ဒြေလည်း ပျက်ရသည်။

စေဝနာဗဟုယ်အသွယ်သွယ်။ ။ခဏတိုင်း ခဏတိုင်း ချုပ်ပျက်ခြင်းသဘောရှိသော တရားဘို့၌ အဘယ်ဘရားကသတ်၍ အဘယ်တရားက အသက်ခံရသနည်း။ စိတ်စေတသိက်အစဉ်သည် နာမ်ဘုရားဖြစ်သောကြောင့် ဖျက်ဆီးလို့မရနိုင်၊ ရုပ်ဘရားသည်လည်း စေတနာမရှိသောကြောင့် ထင်းနုတ်ထင်းခဲနှင့်တူပါသည်။ ထို့ကြောင့် ထိုရုပ်အစဉ်၌လည်း အလောင်းကောင်၌ကဲ့သို့ ပါဏာတိပါတမရနိုင်ပါ။ ပါဏာတိပါတ ပယောဂသည် ကာလသုံးမျိုးတွင် အတိုဘ်သခ်ါရ, အနာဂတ်သခ်ါရတို့၌ မဖြစ်သင့်ပါ။ ဘာ့ကြောင့်နည်း-ထိုအတိတ်သခ်ါရ, အနာဂတ်သခ်ါရတို့သည် ထိုပယောဂပြုချိန်၌ မရှိသောကြောင့်တည်း။

ပစ္စုပ္ပန်သန်ဓါရတို့သည်လည်း ခဏိကဖြစ်သည့်အတွက် မိမိသဘောအား ဖြင့်ပင် ချုပ်ခြင်းသဘော ရှိသောကြောင့် ပျက်ဖို့ရာ ရှေးရှုနေသော ပစ္စုပ္ပန်သန်ဓါရတို့၌လည်း ပါဏာတိပါတ ပယောဂသည် အကျိုးမရှိရာပါ။ ပျက်စီးခြင်းသည် အကြောင်းကင်းသောကြောင့် သေခြင်းသဘောတရားမှာ ပယောဂအကြောင်းမရှိနိုင်ပါ။ သန်ဓါရတရားတို့သည် အားထုတ်ခြင်းမရှိသောကြောင့် သတ်ကြောင်း ပယောဂမရှိနိုင်ပါ။ ခဏိက ဖြစ်သည့်အတွက် သက်လိုသည်နှင့် တပြိုင်နက် ပျက်နေသောကြောင့် သတ်ခြင်းကြိယာလည်း မရှိနိုင်ရာ။ အဆုံးကာလ၌ မတည်သောကြောင့် ပါဏာတိပါတကံသည်လည်း မရှိရာ။ ဤကား စောဒနာချက်များတည်း။

ဖြေရှင်းချက်။ ။၁။ ဝခဘစေတနာနှင့်တကွဖြစ်သော သတ္တဝါဟု သမုတ်အပ်သော သန်ဓါရတရားတို့၏ အစုအပုံသည် သတ်တတ်သူ မည်ပါသည်။

၂။ ထိုသန်ဓါရအစုအပုံသည် ဖြစ်စေအပ်သော သတ်ကြောင်း ပယောဂကြောင့် အသက်, ဝိညာဏ်, အသင်္ခ, ကင်းကွာသွားရာသော လူသေဟု ခေါ်ဝေါ်အပ်သော သတ်ကြောင်း ပယောဂပြုချိန်၌ ဖြစ်ထိုက်သော ရုပ်နာမ်အပေါင်းသည် (တနည်း) စိတ်စေတသိက် အစဉ်သည် သတ်အပ်သူမည်ပါသည်။

၃။ ထိုစိတ်စေတသိက်အစဉ်သည် သတ်ကြောင်းပယောဂ၏ အာဃာတမဟုတ်သော်လည်း ပဋ္ဌဝေါကာရဘုံ၌ ရုပ်အစဉ်နှင့်စပ်သော ဖြစ်ခြင်းရှိသောကြောင့် ရုပ်အစဉ်၌ သတ်သူက အားထုတ်အပ်သော ဇီဝိတိန္ဒြေဖြတ်ကြောင်း ပယောဂ၏ အာဃာတမ်းကြောင့် ရုပ်အစဉ်ဖြစ်ခြင်းကို နှောင့်ယှက်တတ်သော မတူသော ရုပ်အစဉ်ဖြစ်သောအားဖြင့် ရုပ်အစဉ်ပျက်သော် စိတ်စေတသိကလည်း ပျက်ပါသည်။ သို့ကြောင့် ပါဏာတိပါတကံ မဖြစ်သင့်သည်မဟုတ် ဖြစ်သင့်သည်။ ပါဏာတိပါတသည် အကြောင်းမရှိမဟုတ် အကြောင်းရှိပါသည်။ ပယောဂလည်း အကျိုးမရှိမဟုတ် အကျိုးရှိပါသည်။

၄။ ပစ္စုပ္ပန်သန်ဓါရတရားတို့၌ ပြုအပ်သော ပယောဂ၏ အစွမ်းကြောင့် ထိုပစ္စုပ္ပန်သန်ဓါရတို့၏ အခြားမဲ့၌ ဖြစ်ထိုက်သော သန်ဓါရအစုသည် ရိုးဘုအတိုင်းမဖြစ်သောကြောင့် လည်းကောင်း၊ ခဏိကသန်ဓါရတရားတို့၏ ခဏိကမရဏကို ဤနေရာ၌ မရဏအဖြစ်ဖြင့် အလိုမရှိအပ်သောကြောင့်လည်းကောင်း၊ သန္တတိမရဏသည် အကြောင်းရှိသောကြောင့်လည်းကောင်း ဒသခြင်းသဘောတရားသည်အကြောင်းမရှိမဟုတ်အကြောင်းရှိပါသည်။

၅။ သခ်ၢိရတၢးတို့သည် အၢးထုတ်မှု မရှိပါသော်လည်း စုပေါင်းကၢး ကျေးဇူးပြုတတ်သော မိမိ, မိမိဆိုင်ရာ လျှော်သော အကျိုးကို အမြဲဖြစ်စေတတ်သော အကြောင်းတရားတို့၌ ကတ္တားဟူသော ဝေါဟာရ ထင်ရှားသော်ကြောင့် ပါဏာတိပါတပယောဂ လည်း ကတ္တားမှ မကင်းပါ။

၆။ သန္တာန်၏အစွမ်းဖြင့် တည်မှီကိုယင် ဝန်ခံရမည် ဖြစ်သောကြောင့် သတ်လိုမှုနှင့်တကွဖြစ်သော စိတ်စေတသိက်အစု၏ ပါဏာတိ-ပါတကို အလိုမရှိအပ်ပါ။ သို့သော် သန္တာန်အစွမ်းဖြင့် ဖြစ်နေသော ဆိမ်း စသည်တို့၏ အကျိုးပြုမှုကို တွေ့မြင်ရသောကြောင့် ပါဏာတိပါတကံကၢး ရှိနိုင်သည်သာ။

အပြစ်ကြီး-ငယ်။ ။သေးငယ်သော သတ္တဝါကို သတ်ရာ၌ အပြစ်သေး၍ ကြီးကျယ်သော သတ္တဝါကို သတ်ရာ၌ ပယောဂများသောကြောင့် ပယောဂတူသော်လည်း ဝတ္ထုကြီးသောကြောင့် အပြစ်ကြီးပါသည်။ ဂုဏ်မဲ့သူဆိုသတ်ရာ၌ အပြစ်နည်း၍ ဂုဏ်ကြီးသူကို သတ်ရာ၌ အပြစ်ကြီးပါသည်။ကိုယ်နှင့်ဂုဏ်တို့တူညီနေလျှင် ကိလေသာနှင့် လုံ့လနှုတ်က အပြစ်သေး၍ ထက်ကအပြစ်ကြီးပါသည်။

အဒိန္နာဒါန။ ။အဒိန္ဒ အရ-ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးပိုင်ပစ္စည်းဥစ္စာကို ကောက်၍ အဒိန္နာဒါန-အရ သူတပါးဥစ္စာ၌ သူတပါးဥစ္စာဟု အမှတ်ရှိလျက် သူတပါးဥစ္စာကို ခိုးယူကြောင်း လုံ့လကို ဖြစ်စေတတ်သော ကာယ, ဝစီ နှစ်လီသော ဒွါရတို့တွင် တပါးပါးသော ဒွါရ၌ဖြစ်သော ခိုးယူကြောင်းစေတနာကို ကောက်ပါ။

တန်ဖိုးနည်းသော ဥစ္စာကို ခိုးရာ၌ အပြစ်သေး၍ တန်ဖိုကြီးသော ဥစ္စာကို ခိုးရာ၌ ယူဖွယ်သောဝတ္ထုက မွန်မြတ်သောကြောင့် အပြစ်ကြီးကျယ်သည်။ ဝတ္ထုခြင်းတူလျှင် ဂုဏ်ရှိသူ၏ ဥစ္စာကို ခိုးရာ၌ အပြစ်ကြီးကျယ်၍ ဂုဏ်မရှိသူ၏ ဥစ္စာကို ခိုးရာ၌ အပြစ်သေးငယ်သည်။

ကာဗေသုမိစ္ဆာစာရ အရ။ ။မသူတော်တရားကို လိုလားသော အားဖြင့် ကာယဒွါရ၌ဖြစ်သော အဂမနီယဌာန၌ လွန်ကျူးကြောင်း စေတနာသည် ကာမေသုမိစ္ဆာစာရ မည်၏။

သီယစသောဂုဏ်နှင့်ကင်းသော အဂမနီယဌာန၌ အပြစ်ငယ်၍ ဂုဏ်ကြီးသူ၌ အပြစ်ကြီးသည်။

အင်္ဂါ။ ။၁။ အဂမနီယဝတ္ထုဖြစ်ခြင်း၊
၂။ ထိုအဂမနီယဝတ္ထု၌ မှီဝဲလိုစိတ် ရှိခြင်း၊

၃။ မိုဝဲကြောင်း ပယောဂရှိခြင်း၊
၄။ မဂ်မဂ်ခြင်း ကျင့်သည်ကို သာယာခြင်း။

မုသာဝါဒ။ ။မုသာ အရ-မဟုတ်မမှန်သောဝတ္ထုကိုကောက်၍၊ မုသာဝါဒ အရ-မဟုတ်မမှန်သောဝတ္ထုကို ဟုတ်မှန်သောအနေဖြင့် သူတပါးကို သိစေလိုသူ၏ သန္ဓာန်၌ဖြစ်သော ကာယဝိညတ်, ဝစီဝိညတ်ကိုဖြစ်စေသော စေတနာကိုကောက်ပါ။

အညာခံရသူမှာ အကျိုးပျက်စီးမှုနည်းလျှင် အပြစ်နည်း၍ အညာခံရသူမှာ အကျိုးပျက်စီးမှုများလျှင် အပြစ်ကြီးပါသည်။ တနည်း-လူများအတွက် မိမိဥစ္စာကို မပေးလိုရှိပါလျက် မရှိစသည်ပြောသော မုသာဝါဒသည် အပြစ်ငယ်၍သက်သေလိုက်ကာ တဖက်သားအကျိုးပျက်အောင် ပြောသော မုသာဝါဒသည် အပြစ်ကြီးကျယ်ပါသည်။

ရဟန်းများအတွက် အနည်းငယ်သောဆီကိုဖြစ်စေ ထောပတ်ကိုဖြစ်စေ ရ၍ ရယ်လိုသဖြင့် "ယနေ့ရွာထဲမှာ ဆီတွေ မြစ်လိုစီးနေတယ်" ဟု ပူရဏ-ကထာနည်းဖြင့် ပြောအပ်သောမုသာဝါဒသည် အပြစ်ငယ်၍ မမြင်ရသည်ကို မြင်ရ၏ စသည်ဖြင့် ပြောသောမုသာဝါဒသည် အပြစ်ကြီးကျယ်ပါသည်။

အင်္ဂါ၊ ။၁။ မဟုတ်မမှန်သောဝတ္ထုဖြစ်ခြင်း၊
၂။ ချွတ်ယွင်းစေလိုသောစိတ်ရှိခြင်း၊
၃။ ချွတ်ယွင်းမှု အားလျော်သော လုံ့လရှိခြင်း၊
၄။ သူတပါးကို မမှန်သောအနက်ကို သိစေခြင်း။

ပယောဂ။ ။သာဟတ္ထိကတမျိုးသာ။ ထိုသာဟတ္ထိကပယောဂကို ကိုယ်ဖြင့်ဖြစ်စေ, ကိုယ်နှင့်စပ်သောဝတ္ထုဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ, သူတပါးကို ချွတ်ယွင်းစေမှုကို ပြုရာ၌ ရနိုင်ပါသည်၊ ထိုကြိယာဖြင့် အညာခံရသူက ညာသည့်အနက်ကို သိလျှင် ညာသူမှာ ညာမှုကြိယာကိုဖြစ်စေသော စေတနာခဏ၌ပင် မုသာဝါဒကံ ဖြစ်ပါသည်။

အာဏတ္တိက, နိဿဂ္ဂိယ, ထာဝရတို့လည်းရနိုင်။ ။ကာယ, ကာယပဋိဗဒ္ဓ, ဝါစာတို့ဖြင့် သူတပါးကို ချွတ်ယွင်းစေရန် ခိုင်းသောအားဖြင့် လည်းကောင်း၊ စာရေး၍ ရှေ့၌ပြစ်ချ၍သည်းကောင်း၊ ဤအကြောင်းအရာကို ဤသို့ မှတ်ထိုက်၏ ဟု နံရံစသည်တို့၌ ရေးထားလျက်လည်းကောင်း သူတပါးကို ချွတ်ယွင်းစေနိုင်

သောကြောင့် သာဟတ္ထိပကယောဂသာဂေ အာဏတ္တိက, နိဿဂ္ဂိယ, ထာ ၀ရပယောဂတို့ကိုလည်း ရနိုင်သည်။ သို့သော် အဌကထာတို့၌ မလာသော ကြောင့် စဉ်းစား၍ယူပါ။

ပိသုဏာ၀စာ။ ။ပိသတီတိ ပိသုဏာ။ ညီညွတ်သော သတ္တ၀ါတို့ကို ကွဲကွာ အောင် ပြုတတ်သောကြောင့် ပိသုဏာမည်၏။ ညစ်ပတ်သောစိတ်ရှိသူ၏ သူတပါးကွဲအောင် မိမိကိုချစ်အောင် ပြုလုပ်သောကာယ-ပယောဂ ၀စီပယောဂကို ဖြစ်စေသော စေတနာသည် ပိသုဏာ၀စာမည်၏။ ခွဲအပ်သူက ဂုဏ်ငယ်လျှင် အပြစ်ငယ်၍ ဂုဏ်ကြီးလျှင် အပြစ်ကြီးပါသည်။ မကွဲလျှင် ကမ္မပထ မမြောက်ပါ၊ ကွဲမှကမ္မပထမြောက်ပါသည်။

အင်္ဂါ။ ။၁။ ခွဲအပ်သောတပါးသောပုဂ္ဂိုလ်ရှိခြင်း၊
၂။ ကွဲလိုမှုကိုရှေးရှုခြင်း၊ တနည်း-မိမိကိုချစ်စေလိုခြင်း၊
၃။ ကွဲမှုအားလျော်သော လုံ့လရှိခြင်း၊
၄။ ခွဲအပ်သူက မိမိပြောသော အနက်အဓိပ္ပါယ်ကိုသိခြင်း။

ဖရုသ၀စာ။ ။သူတပါး၏ နာလုံးကို ဖြတ်တောက်တတ်သော ကာယ ပယောဂ၊ ၀စီပယောဂကို ဖြစ်စေတတ်သော စင်စစ်ကြမ်းတမ်းသော စေတနာသည် ဖရုသ၀စာ မည်ပါသည်။

ဆရာ.မိဘစကား ကြမ်းသော်လည်း ဖရုသ၀စာမဖြစ်။ ။ဆရာ၊မိဘစကား မျှားသည် တခါ တရံ တပည့်သားသမီးမျှားကို အလိုမကျ၍ ‘ကျွေ့ခတ်ပါစေ,ခိုးသူသတ်ပါစေ’ စသည်ဖြင့် ကျိန်တတ်သော်လည်း စိတ်ထားနူးညံ့.သောကြောင့် ဖရုသ၀စာ မဖြစ်ပါ။

စကားနုလည်းဖရုသပင်။ ။သေစေလိုသူ၏ ‘ဒီကောင်ကို ချမ်းချမ်းသာသာ အိပ်စေကြ’ ဟူသော စကားမျိုးသည် စကား အနေဖြင့် နူသော်လည်း အဘွင်းဓာတ်ခံစိတ်က ကြမ်းသောကြောင့် ဖရုသပင် ဖြစ်ပါသည်။ ဆဲအပ်သူ၏ ဂုဏ်ကိုလိုက်၍ အပြစ်ကြီးငယ်ခွဲပါ။

အင်္ဂါ။ ။၁။ ဆဲအပ်သူ၊ ၂။ ဆဲကြောင်းစိတ်၊ ၃။ ဆဲခြင်း။

သမ္ဖပ္ပလာပ။ ။အဓိပ္ပာယ်မရှိသော အကြောင်းအရာကို သိစေတတ်သော ကာယပယောဂ, ၀စီပယောဂကို ဖြစ်စေတတ်သော အာ ဘုသိုလ်စေတနာသည် သမ္ဖပ္ပလာပ မည်၏။ အာသေ၀နနည်းလျှင် အ

နှည်း၍ အာသေဝနများက အပြစ်ကြီး၏။ နားထောင်သူက ပြောသော စကားကို အတည်ယူမှ ကမ္မပထမြောက်၏၊ အတည်မယူက ကမ္မပထမမြောက်ပါ။

အင်္ဂါ။ ။၁။ ဘာရဘည်နောင်စစ်ထိုးခြင်း, သီတာမိဖုရားကိုဆောင်ခြင်း အစရှိသော အနာဂတ်အဓိပ္ပာယ်မရှိသော စကားကိုရှေးရှုခြင်း၊
၂။ ထိုသို့သောစကားမျိုးကို ပြောကြားခြင်း၊

နားထောင်သူက ပြောစကားကို အမှန်ဟုမယူလျှင် ကမ္မပထမမြောက်ပါ၊ အမှန်ဟုယူမှ ကမ္မပထမြောက်ပါသည်။

အဘိဇ္ဈာ။ ။ပရဿမဟတ္တိ အဘိမုခံ ဗျာယတိတိ အဘိဇ္ဈာ။ သူတပါးစည်း စိမ်အပေါ်၌ တပ်မက်သော လောဘကို အဘိဇ္ဈာအရကောက်ပါ။ ထိုအဘိဇ္ဈာသည် 'သူများစည်းစိမ်ကို ငါ့ဥစ္စာဖြစ်လျှင် ကောင်းလေစွ' ဟု သူများဥစ္စာကို ရှေးရှုကြံစည်ခြင်း လက္ခဏာရှိ၏။ အပြစ်ကြီးငယ်ကို အဒိန္နာဒါနကို မှီသိပါ။ "မိမိဥစ္စာဖြစ်လျှင် ကောင်းလေစွ" ဟု မိမိသို့ညွှတ်ရေမှ ကမ္မပထ မြောက်သည်။ မညွှတ်စေက ကမ္မပထ မမြောက်ပါ။

အင်္ဂါ။ ။ ၁။ သူတပါးဘဏ္ဍာဖြစ်ခြင်း၊ ၂။ မိမိသို့ညွှတ်ရေခြင်း။

ဗျာပါဒ။ ။ဟိတသုခံ ဗျာပါဒေတိ ဝိနာသေတီတိ ဗျာပါဒေါ(ပဒ္ဓိသော)၊ ထိုဗျာပါဒသည် သူဘေးပါးပျက်စီးခြင်းငှာ စိတ်ပျက်စီးခြင်းလက္ခဏာရှိ၏။ အပြစ်ကြီးငယ်ကို ဖရုသဝါစာ မှီသိပါ။ 'ဤပုဂ္ဂိုလ်ပျက်စီးလျှင် ကောင်းလေစွ' ဟု မကြံစည်သေးသမျှ ကမ္မပထ မမြောက်ပါ။ ကြံစည်မှ မြောက်သည်။

အင်္ဂါ။ ။ ၁။ တပါးသော သတ္တဝါဖြစ်ခြင်း။ ၂။ ထိုတပါးသော သတ္တဝါ၏ ပျက်စီးမှုကိုကြံစည်ခြင်း။

မိစ္ဆာဒိဋ္ဌိ။ ။ယထာဘူတံ ဂဟဏာဘာဝေန မိစ္ဆာ ပသီဒတိတိ မိစ္ဆာဒိဋ္ဌိ၊ ထိုမိစ္ဆာဒိဋ္ဌိသည်-"နတ္ထိ ဒိန္နံ" စသည်ဖြင့် ဖောက်ဖောက်ပြန်ပြန်ရှုမြင်ခြင်း လက္ခဏာရှိ၏။ အပြစ်ကြီးငယ်ကို သမ္မပ္ပလာပကို မှီသိပါ။ တနည်း-အနိယတဒိဋ္ဌိသည် အပြစ်ငယ်၍ နိယတဒိဋ္ဌိသည် အပြစ်ကြီး၏။ နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ,အကိရိယဒိဋ္ဌိ တို့ကြောင့် ကမ္မပထမြောက်ပါသည်။

အင်္ဂါ။ ။ ၁။ ဝတ္ထုကိုယူအပ်သော အခြင်းအရာ၏ ကောက်ကြောင်းခြင်း။
၂။ မိမိယူသည့်အတိုင်း ဟုတ်သည်ဟု ထင်ခြင်း။

ဌပေတွာ တေ ဝေမေ။ ။အနေကဝိဟိတာနံ ပါပကာနံ အကုသလာနံ ဝမ္မာနံ ဟု သာမညဆိုသော်လည်း ပါရိုဟသာနုညီးအားဖြင့် ဆိုခဲ့ပြီးသော ဒုစရိုက်မျိုးမှ ကြဉ်းသော အကုသိုလ်တရားတို့ကိုသာ ယူရမည်ဖြစ်သောကြောင့် "ဌပေတွာ တေ ဝေမေ" ဟု ဖွင့်ပါသည်။

လောကတန္တိ။ ။လောကတန္တိသည် ကြီးသူများကို ရှိခိုးခြင်းပင်သော ဒေမှုများကို ပြုခြင်းလက္ခဏာရှိ၏။

ပဋ္ဌကာမဂုဏိကရာဂ ဿ။ ။အနာဂါမ်ပြဟ္မာတို့မှာ တန်ဆာ စသည်တို့၌ အနာဂါမ်ရဟန်းများမှာ သက်နှီးစသည်တို့၌ ဟပ်မက်ခြင်း၏ အစွမ်းဖြင့် ရာဂ ဖြစ်နိုင်သောကြောင့် အနာဂါမိမဂ်ဖြင့် ပဋ္ဌကာမဂုဏိကရာဂကိုသာ ပယ်နိုင်သည်။ ထို့ကြောင့် "ပဋ္ဌကာမဂုဏိကရာ-ဂ ဿ" ဟု မိန့်သည်။ ရူပါရုံစသော ကာမဂုဏ်ငါးပါးတို့၌ ဖြစ်သောရာဂကို ပဋ္ဌ ဟာဂုမဏိကရာဂ ဟု မှတ်ပါ။

သဗ္ဗာကုသလသမ္ဘဝ ဿ။ ။မောဟသည် အကုသိုလ်စိတ်အားလုံးနှင့် ဆက်ဆံသောကြောင့် "သဗ္ဗာကုသလသမ္ဘဝ ဿ" ဟု မိန့်။

ဇိဂုစ္ဆတိ မညေ။ ။ငါသည်အမျိုးမြတ်၏၊ ရုပ်လှ၏၊ ပညာတော်၏၊ ဘဲ့ကြောင့် အခြားသူများကို ရှိခိုးမှု စသည်ပြုရခဲ့နည်း-ဟု စက်ဆုပ်သကဲ့သို့ ဖြစ်၏။ စက်ဆုပ်၏ဟု မှတ်ထိ၏။
[ဇိဂုစ္ဆတိ မညေ-စက်ဆုပ်သကဲ့သို့ဖြစ်၏။ တနည်း-စက်ဆုပ်၏ ဟု မှတ်ထင်၏။]

ဒိဋ္ဌိဗြဟ္မာ ဟိ တဒ္ဒိတဝုတ္တိ။ ။ဆန်းကျယ်မှုကို လောကပမာဏအားဖြင့် သိပါ။ ဟဒ္ဒိက်သုံးစွဲမှုသည် လောကပမာဏအားဖြင့်ထင်ရှားပါသည်။ ကို့ကြောင့် လောကဌ် အသံမပြုပါနှင့်ဟုပြောသူကို မာ-သဒ္ဒိုးကာဟု ဆိုနိုင်သကဲ့သို့ ပယ်ဖျောက်ခြင်းငှာ တရားဟောတော်မူသော မြတ်စွာဘုရားကို "ဝေနယ်ကော" ဟု ဆိုနိုင်သည်။

ကပဏာပူရိသော။ ။သူဌေးတော်မောင်း အထက်တန်းလူတို့၏ ဂုဏ်မှကင်း သောကြောင့် လူနှဲ့ လူမဲ့ လူဆင်းရဲ ဖြစ်၏။

ဗျဉ္ဇနာနိ အဝိစာရေတွာ။ ။ဘိသ, ဒတ္တ စသောသဒ္ဒါတို့၌ကဲ့သို့ ဤအနက် ၌ ဤမည်သောပစ္စည်း ဟု သဒ္ဒါကို မစိစစ်ပဲ အနိုဗ္ဗန္ဓပဒေါ်ဝိပဒါကပုဒ်၏ **အစွမ်း**ဖြင့်ဟု ဆိုလိုသည်။

ဒေဝလောကပဋိသန္ဓိပဋိလာဘာယ သံဝတ္တတိ။ ။ဒေဝလောကဂဗ္ဘသမ္ဘတ္တိ-ယာ ဟု ဆိုခြင်းကြောင့် ဘုဇ္ဈင်းနတ်မှတပါး ကြွင်းသောအထက်နတ်များ၌ ကိုယ်ဝန်ယူမှုမရှိရကား ပဋိသန္ဓေကိုပင် ဂဗ္ဘသမ္ဘတ္တိဟု သိမှတ်ထိုက်ပါသည်။ ထို့ကြောင့် ဆိုခဲ့ပြီး အနက်ကိုပင် ချဲ့၍ ပြလိုရကား ''ဒေဝလောက။ပ။သံဝတ္တတိ''ဟု မိန့်။

မာတုကုစ္ဆိသို့ ပဋိသန္ဓိဂဟဏေ ဒေါသံ ဒဿေန္တော။ ။မိခင်ကြောင့် မစင်ကြယ်မှုကိုပြလိုရှိ၍ဆဲ လိုသူ၏'ကျွန်မသား'ဟု ကျွန်မ၏ဝမ်းဗိုက်၌ ဖြစ်ခဲ့ခြင်း၌ အပြစ်ကိုပြု၍ဆဲရေး သကဲ့သို့ မယ်တော်ဝမ်း၌ ဘုရားရှင်ပဋိသန္ဓေယူခြင်း၌အပြစ်ကိုပြု၍ဆဲ ရေးလို သဖြင့် ''အပဂဗ္ဘော'' ဆိုသည်။

အနာဂတေ ဂဗ္ဘသေယ္ယော။ ။ဂဗ္ဘသဒ္ဒါသည် အမိဝမ်း, ကိုယ်ဝန်သူငယ်, အနုတ်နှစ်မျိုးကို ဟောဏ၊ ဤနေရာ၌ အမ်ဝမ်းအနက်ကိုယူ၍ ပြလိုရကား ''အနာဂတေ ဂဗ္ဘသေယ္ယော''ဟု မိန့်။

ဝိဟတကာရဏတ္တာ။ ။ကံ, ကိလေသာတို့ကို မဂ်ဖြင့် ပယ်သတ်အပ်သော ကြောင့် ''ဝိဟတကာရဏတ္တာ''ဟု ဆိုသည်။

ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ။ ။အပဂဗ္ဘောနှင့်လျော်စွာ ဂဗ္ဘသေယ္ယာတမျိုးကိုသာ ဟောသင့်သော်လည်း ဧကာဝစ်ရှိရအပ်သမျှအလုံး စုံကိုလည်း ဟောတော်မူသောကြောင့် ''ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ''ကိုလည်း ဟော သည်ဟု မှတ်ပါ။

ဂဗ္ဘသေယ္ယာ အရ-ဇလာဗုဇယောနိကိုယူ၍ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ အရ-ကျွန်ယောနိ(၃)ပါးကိုယူပါ။ ဤကားအဋ္ဌကထာထေမနည်းတည်း။ ဒုတိယ နည်း၌ ဂဗ္ဘသေယ္ယာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ နှစ်ပုဒ်လုံးကို ဂဗ္ဘသေယျာ၏အစွမ်း ဖြင့်ပင် ဟောသည်ဟု ဋီကာ၌ ပဒန္တရဝါဒလာ၏။

ဓမ္မစာတုံ။ ။မြေမှ အနဝသေသ စာရေတိ ယာဝယာဝ ကေ၊ ဥပစာရေတိ ဓမ္မစာတု။ တရားဘို့ကို သဘောမှန်အတိုင်း ထိုထွင်းရှာပါခြင်း သဘောတည်း၊ သဗ္ဗညုတညာဏ်ဘေဘုန်းကို ကောက်ပါ။

ဒေသနာဝိလာသ။ ။ကြိုက်သလိုပြောင်းလဲပြင်ဆင်၍ ဟောနိုင်ခြင်းသည် ဒေသနာဝိလာသမည်၏၊

ပထဝီသမစိတ္တတံ။ ။ဘာဒိဂုဏ်သလက္ခဏာကိုပင် တဖန်ဥပမာဖြင့် ထင်ရှားပြလို၍ "ပထဝီသမစိတ္တတံ" ဟု မိန့်သည်။ မြေကြီးသည် စင်ကြယ်သောအရာဝတ္ထုကို ချထားခြင်း, မစင်ကြယ်သောအရာဝတ္ထုကိုချထားခြင်း, တူးဆွခြင်း, စသည်ဘို့ကြောင့် နှစ်သက်မှု စိတ်ဆိုးမှုသို့ ရောက်သကဲ့သို့ လာဘ, အလာဘ စသော အကောင်းအဆိုး လောကဓံ အမျိုးမျိုးတို့၌ သာယာမှု စိတ်ပျက်မှုကို ပယ်ထားသောကြောင့် မတုန်လှုပ်သော စိတ်ထားအားဖြင့် မြေကြီးနှင့်တူပါသည်။

အကုပ္ပမေတံ။ ၊အကုပ္ပဓမ္မ အရ- ဖလသမာပတ်ဟု ဂဏ္ဌိပဒသုံး စောင်တို့၌ဆို၏။ သို့သော်အခြားသူများက စိတ်ဆိုးသော်လည်း မိမိ၏မြေကြီးနှင့်တူသော စိတ်ရှိခြင်း လက္ခဏာရှိသော မပျက်စီးသော သဘောရှိသူ၏အဖြစ်ဟူသောအနက်ကိုသာ "အကုပ္ပမေတံ" ပုဒ် အတွက် ဋီကာဆရာနှစ်သက်ပါသည်။

ဝဋ္ဋခါဏုဘူတံ။ ။မျိုးစွဲသော ကြီးပွားမဲ့ပျက်စီးမှုတို့၏ကျခြင်းလက္ခဏာ ရှိသော တိုင်သဖွယ် ဖြစ်သောကြောင့် သံသရာ ဝဋ္ဋ၏ သစ်ငုတ် သဖွယ်ဖြစ်သော ဟု အနက်ပေးပါ။

အဇ္ဇ မရိတ္ဌာ စသည်။ ။ယနေ့တကယ်သေမည်ကို ပြလိုသည်မဟုတ်၊ အသက်အရွယ်ကြီးရင့်ပြီးဖြစ်၍ ပုဏ္ဏားကြီး၏ သေခါနီးကြောင်းကို ထင်ရှားပြလို၍ ကြံစည်ပြောဆိုအပ်သော ပရိကပ္ပ စကားတည်း။

မဟန္ဓနေ ခေါ ပန ဥဿာဟေန။ ။သာဓု ခေါပန တထာရူပါနံ အရဟတံ ဒဿနံ ဟောတိ ဟု လာဖို့ရန် အားထုတ်သရော်ရှိသည်ကို "မဟန္ဓဥဿာဟ" ဟု ဆိုပါသည်။

ပိတိ သမ္ဘာဝနုဇဏ္ဍာ။ ။အပိ-ဟုမဆိုပဲ ပိ-ဟု ဆိုသော အဋ္ဌကထာဆရာသည် "ပိလည်း အပိမှတပါးသီးခြား နိပါတ် တမျိုးဖြစ်၏" ဟု ပြုပါသည်။ သမ္ဘာဝနတ္ထဟူသည် ဤသို့သောဥပမာ မည်သည်လည်း ဖြစ်တန်ရာ၏ ဟု ကြံစည်ခြင်းအနက်တည်း။ ဂရဟာ၏ ဆန့်ကျင်ဘက် သမ္ဘာဝနာ မဟုတ်ပါ။ ထိုအနက်၌ ပိသဒ္ဒါသည် ဝါစကအဖြစ်ဖြင့် ဖြစ်သည်မဟုတ်ပါ။ ဇောတကအဖြစ်ဖြင့် ဖြစ်ပါသည်။ ဤအလို-ယေယျထာပိ-ဤသို့ရံခါ,ဖြစ်တန်ရာသော ဥပမာမည်သည်လည်း ဟု ပေးပါ။

ဝေ ့ လောကေ သိလိဋ္ဌဝစနံ ဟောတိ။ ။ဂဏန်းတနုတည်းကိုသာ မပြော ဆိုပဲ အခြားဂဏန်းတမျိုးနှင့် တွဲ၍ ပြောဆိုခြင်းသည် လောကဌ် ညက်ညောသောစကားဖြစ်ပါသည်။ ဥပမာ-မိုးနှစ်ပေါက် သုံးပေါက်ဟူရာ၌ ကဲ့သို့တည်း။

သမ္ဘ အခ်ိသယိတာနိ။ ။ခြေစသည်တို့ဖြင့် မိမိကိုယ်တိုင် ဥတို့အပေါ်၌ တစုံတရာသိခိုက်အောင်မပြုပဲ ပြင်ပလေ စသော ဘေးရန်တို့ကို ပယ်ရှားခြင်းငှာ ကောင်းမွန်စွာအထက်၌ ဝပ်အပ်ကုန်၏။

ဥတုံ ဂဏှာဒေပန္ဓိယာ။ ။ဥမျှားမှာရှိသော အစုံမာတ်ကုန်အောင် မိမိကိုယ် အငွေ့ဖြင့် အငွေ့ ယူစေသည်။

ဧဝံ တီဟိ ပကာရေဟိ တာနိ အဂ္ဂဟာနိ ပရိပါလိယမာနာနိ။ ။သမ္ဘာအခ်ိ-သယန အမှု သာ ကြက်မကြီးက တမင်တကာပြုအပ်သော အမှုတည်း။ သမ္ဘာပရိသေဒန, ပရိဘာဝန, နှစ်မျိုးကား ကြက်မကြီး၏ ဝပ်ပေးမှုကြောင့် အလိုလိုပြီးစီးရသော အကျိုးများဖြစ်သည်။ သီးခြားလုပ်စရာမလိုပါ။ သမ္ဘာအခ်ိသယန အမှုနှင့်အတူတကွသာလျှင် သမ္ဘာပရိသေဒန ပရိဘာဝန နှစ်မှုလုံးပြီးစီးရသောကြောင့် "ဧဝံ တီဟိ ပကာရေဟိ ။ပ။ ပရိပါလိယမာနာနိ" ဟု မိန့်ပါသည်။

ကပါလဿ တနုကတ္တာ။ ။ဥဇ္ဇုပါးခြင်းသည် အတွင်း၌ အလင်းရောင် ထင်ရှားခြင်း၏ အကြောင်းဖြစ်သ ကဲ့သို့ အစုံမာတ်ကုန်ခြင်းသည်တည်း ဥဇ္ဇုပါးခြင်း၊ ခြေသည်း နှုတ်သီး ထက်ခြင်းတို့၏ အကြောင်းဖြစ်သည်ဟု မှတ်ပါ။

သက်ဦ့ိတဟတ္ထပါဒါ။ ။ဟတ္ထ ဟူသည်–အတောင်တည်း။ မှန်ပါသည်။ ကြက်မျှားမှာ အတောင်မှတပါး အခြားလက်မရှိပါ။

အဝိဇ္ဇာကောသဿ အန္ဓောပဝိဒ္ဓေသု။ ။သတ္တဝါ အာဃလုံးတို့သည် ဘုံ(၃)ပါးခဲ့ အကျုံး ဝင်ကြသော်လည်း ထိုထိုဘုံခဲ့ မပယ်ရသေးသော အဝိဇ္ဇာ၏ ရစ်ပတ်မှုကို ခံကြရသောကြောင့် အဝိဇ္ဇာဥခွံအတွင်းခဲ့ ဝင်သည်မည်ပါသည်။

ဗောဓိ။ ။၁။ အဗုဇ္ဈိ ဘွောတိ ရုက္ခော ဗောဓိ။
၂။ သယံ ဗုဇ္ဈတီတိ မဂ္ဂေါ ဗောဓိ။
၃။ သဗ္ဗဓမ္မေ သဗ္ဗာကာရတော ဗုဇ္ဈတိ ပဋိဗုဇ္ဈတီတိ သဗ္ဗညုတ-ဉာဏံ ဗောဓိ။
၄။ ဗုဇ္ဈိယတိ သစ္ဆိကရီယတီတိ နိဗ္ဗာနံ ဗောဓိ။

အန္တရာစ ဗောဓိ။ ။သစ်ပင်ဟော ဗောဓိအတွက် "ဗောဓိရုက္ခမူလေ" ဟု ပထမဥဒါဟရဏ်ကို ထုတ်ဆိုပြီးလျက် "အန္တရာစ ဗောဓိ" ဟူသော ဣဒုတိယ ဥဒါဟရဏ်ကို ထုတ်ဆိုခြင်းသည် ရုက္ခသဒ္ဒါ မပါပဲလည်း ဗောဓိသဒ္ဒါသည် သစ်ပင်အနက်ခဲ့ ဖြစ်၏ဟု ပြုရခြင်းအကျုံး ရှိပါသည်။

တိဿော ဝိဇ္ဇာ။ ။ဥပနိဿယရှိသူမှာ အရဟတ္တဖိုလ်နှင့် တပြိုင်နက်ပင် ဝိဇ္ဇာသုံးပါးကို ပေးပါသည်။

မေးဖွယ်။ ။အရဟတ္တမဂ်သည် ဝိဇ္ဇာသုံးပါးကိုပေး၏ ဟူရာခဲ့ မဂ်ကိုယ်တိုင် အာသဝက္ခယဉာဏ် ဝိဇ္ဇာဖြစ်နေသည်မဟုတ်ပါလော။ အဘယ်နည်းဖြင့် ဝိဇ္ဇာသုံးပါးကို ပေးသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား–အရ-ဟတ္တမဂ်ဟူရာခဲ့ မဂ္ဂင်ရှစ်ပါးလုံးပါ၏။ အာသဝက္ခယဉာဏ် ဟူသည်ကား–သမ္မာဒိဋ္ဌိ မဂ္ဂင်တပါးသာတည်း။ ထို့ကြောင့် အရဟတ္တမဂ်သည် မိမိနှင့် အတူတကွ ပါဝင်သော အာသဝက္ခယဉာဏ် ဝိဇ္ဇာကို လည်းကောင်း၊ ကြွင်းသော ဝိဇ္ဇာနှစ်ပါးကို လည်းကောင်း ပေးနိုင်ပါသည်။

သာဝကပါရမီဉာဏ်။ ။အဂ္ဂသာဝကတို့သည် ရသင့်ရထိုက်သော အလုံးစုံ သောလောကီ လောကုတ္တရာ ဉာဏ်များတည်း။

အဘိသမ္ဘုဒ္ဓေါတိ အမ္ဘညာသိ။ ။သိဟူသည် ဟဆင့်ကြား စသည်တို့၏ အစွမ်းဖြင့် သိသော အသိမဟုတ်၊ ထို့ကြောင့် "ပဋိဝိဒ္ဓိ" ဟု ဖွင့်ဆိုသည်။ သိုးထွင်း၍သိခြင်း, ဖျက်မှောက်ပြုခြင်း ဟူလို။ ထိုးဖိုဝေဝေသည်ပည်း အဝေးဌာနသည်သော အရာ၏ လက္ခဏာသဘောကို လှမ်းယူသည့် အယူမျိုးမဟုတ်။ ထို့ကြောင့် "ပတ္တောမှိ" ဟု ဖွင့်သည်။ ရောက်ခြင်းဟူသည်လည်း မိမိကသွား၍ ရောက်ခြင်းမဟုတ်။ ထို့ကြောင့် "အဝိဂတောမှိ" ဟု ထပ်ဆင့်ဖွင့်သည်။ မိမိသန္တာန်၌ ဖြစ်စေခြင်း အစွမ်းဖြင့် ရခဲ့သည် ဟူလို။

ယထာ ဟိ ဘသာ ကုက္ကုဋ္ဌိယာ ။ပ။ တိဝိဓာနုပဿနာဝကရဏံ။ ။ကြက်မ၏ ဥ တို့ အပါ၌ အဓိသယနုဝေယော အမှုကိစ္စသုံးမျိုးကို ပြုခြင်းသည် ကြက်ငယ်တို့၏ ဥခဲ့မှထွက်ခြင်း၏ မူလအကြောင်းဖြစ်သလို ဘုရားအလောင်း၏ အနိစ္စစသော အနုပဿနာသုံးမျိုးကို ပြုခြင်းသည် အဝိဇ္ဇာဥခဲ့မှထွက်ခြင်း၏ မူလအကြောင်းဖြစ်ပါသည်။ ထို့ကြောင့် "ယထာ ဟိ" စသည်ကိုမဆုံ။ "သန္တာနေ" ဟု ဆိုသောကြောင့် သန္တာန်၏ ဥနှင့်တူပုံကို လည်းကောင်း၊ ဘုရားဂုဏ်တော်တို့၏ အပြင်ထွက်သော ကြက်ငယ်တို့နှင့် တူပုံကိုလည်းကောင်း သိပါ။ ဘုရားဂုဏ်တို့ဟူသည် ဘုရားပင်ဖြစ်ပါသည်။ ဘာ့ကြောင့်နည်း-"ဝေဒနာ-ဂတသ ခေါ ဧတံ ဝါသေဋ္ဌ အခိဝစနံ ဓမ္မကာယော ဣတိပိ" ဟု ဟောတော်မူသောကြောင့်တည်း။

အဝိဇ္ဇာဝေဓကသသ ဇာနုဘာဝေါ။ ။ဗလဝဝိပဿနာ၏ အစွမ်းကြောင့် အဝိဇ္ဇာဥခွံ၏ ပါးခြင်းဖြစ်ပါသည်။ ဖုံးလွှမ်းဘတ်သော သဘောခြင်း တူသောကြောင့် အဝိဇ္ဇာကို ဥခွံနှင့် တူသည် ဟု ဆိုပါသည်။

ထဒ္ဓခရဘာဝေါ။ ။အချို့အရာသည် နူးညံ့သော်လည်း မာနေတတ်ပါသည်။ ထိုဝတ္ထုမျိုးကို တားမြစ်ဖို့ရာ ထဒ္ဓသဒ္ဒါကို ထည့်၍ဆိုပါသည်။ ကြမ်းတမ်းခက်မာသည် ဟူလို။

ဟိဘွာနုဝိပဿနာနုသုရကာရဝေါ။ ။၁။ ဝိပဿနာဉာဏ်၏ သမာဓိနှင့်၏ အစွမ်းဖြင့် သမ်းသွားသော သင်္ခါရတရားတို့၌ စိုက်၍စိုက်၍ ဝင်မြင်းသည် ဝိပဿနာဉာဏ်ယက်ခြင်းသဘောတည်း။

၂။ မြားသည် ထက်သော်လည်း မှက်တိုင်ပစ်ခွက်သို့ ရောက်သောအခါ တုံးရှိချော်သွားတတ်သကဲ့သို့ အာရုံ၌ ချော်မသွားပဲ သတိနှင့်အစွမ်းဖြင့် စွဲမြဲနေခြင်းသည် ဝိပဿနာဉာဏ်၏ သန့်မာသော သဘောတည်း။

၃။ ထိုသို့ သန့်မာယော်လည်း သိမ်မွေ့သော ကိလေသာနိုဝရဏတို့ဟာဖြစ်ပေါ်လာလျှင်မကြည်မလင်ရှိတတ်၏။ ထိုကိလေသာ ဖြစ်မှုမှကင်းသောကြောင့် သဒ္ဓိနှင့်အစွမ်းဖြင့် ကြည်လင်နေခြင်းသည် ဝိပဿနာဉာဏ်၏ ကြည်လင်ခြင်းသဘောတည်း။

၄။ ကြည်လင်သော်လည်း အကြားအကြားခ၌ ဆုတ်နစ်ဆုတ်နစ် လုပ်နေလျှင် ကိလေသာ ရန်သူများ၏ လွန်စွာလွှမ်းမိုးမှုကို ခံရတတ်သောကြောင့် ဝီရိယိန္ဒြေ၏ အစွမ်းဖြင့် မဆုတ်မနစ် ရဲရင့်ခြင်းသည် ဝိပဿနာဉာဏ်၏ ရဲရင့်ခြင်းသဘောတည်း။

ဤတိကွဘာဝ စသည်တို့ဖြင့် သခ်ါရုပေက္ခာဉာဏ်ကိုပင် ယူရမည်။

ဝိပဿနာဉာဏသ ပရိဏာမကာလေ။ ။ဝိပဿနာဉာဏ်၏ ဝုဋ္ဌာနဂါမိနီ အဖြစ်သို့ ရောက်ခြင်း။

ဂဇ္ဘဂ္ဂဟဏကာလေ။ ။ဝိပဿနာဉာဏ်၏ ဝုဋ္ဌာနဂါမိနီ အဖြစ်သို့ ရောက်ရာအခါ၌ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ် တည်းဟူသော ကိုယ်ဝန်ကို ဆောင်သကဲ့သို့ ဖြစ်သောကြောင့် "ဂဇ္ဘဂ္ဂဟဏကာ-လေ" ဟု ဆိုပါသည်။

ဂဇ္ဘံ ဂဏှာပေတွာ။ ။သခ်ါရုပေက္ခာ၏ အခြားမဲ့၌ အထွတ် အထိပ် သို့ ရောက်သော အနုလောမ ဝိပဿနာဉာဏ်၏ အစွမ်းဖြင့် မဂ်ကိုမွေးဖွားခြင်းငှာ ကိုယ်ဝန်ကိုယူစေသည်။

အနုပုဗ္ဗာဝိဂတေန။ ။ပထမ မဂ်အစဉ်အားဖြင့် ရအပ်လော။

အဘိညာပကွေ။ ။လောကီအဘိညာဉ်တို့ကိုသာယူ။ လောကုတ္တရာအဘိ-ညာဉ်ကား အဝိဇ္ဇာဥဃကိုခွဲခဲ့သည်။ ရှေးခ၌ ပါပြီးဖြစ်သည်။ "ဆ အဘိညာပကွေ"ဟု ရှိလျှင် ပါဠိပျက်မှုတ်ပါ။

စိတ္တမေဝ မုပ္ပန္နံ။ "ဝေ-ဤသို့၊ စိတ္တံ-စိတ်သည်၊ ဥပ္ပန္နံ-ဖြစ်ပြီ။ ဧဝံ-ဖြင့် အယက်၌ ဆိုအပ်လတ္တံ့သော "ကာယ နု ခေါ" စသော အကြံကို ညွှန်ပြပါသည်။ တနည်း-စိတ္တမေဝ ဥပ္ပန္နံ ဟု ရှိသော် စိတ္တမေဝ-

စိတ်သည်သာ ဟူပေးပါ။ ဓဝဖြင့် ဘုရားရှင်အပေါ် ၌ ကြည်ညိုမှုမရှိသေး ဟု ကန့်ပါ။

ဗောဓိမဏ္ဍော။ ။ဗောဓိ(ပညာ)မဏ္ဍာ ပသန္နာ ဇာတာ တ္ထောတိ ဗောဓိ-မဏ္ဍော။

စတုရင်္ဂသမန္နာဂတံ။ ။ကာမ တစော စ နာရ စ၊ အဋ္ဌ စ အဝသိဿတု။ ဥပသုဿတေ ဝ မယှံ၊ သရီရေ မံသလောဟိတံ။

၁,၂,၃။ အရေ, အကြော, အရိုး ဤ(၃)မျိုးတို့၌ ငဲ့ကွက်မှုမရှိ ပျက်စီးသော်လည်း အရေးမလုပ် နောက်မဆုတ်ခြင်းသည် အင်္ဂါ(၃)ပါး။

၄။ အသား,အသွေး ခြောက်ကပ် နေသော်လည်း အရေးမလုပ် နောက်မဆုတ်ခြင်းသည် အင်္ဂါတပါး။ ပေါင်း (၄)ပါး။

ပဂ္ဂဟိတံ။ ။ဝီရိယကို ပေါ့ပေါ့လျော့လျော့ မပြုမူ၍ ခိုင်မြဲစွာအဆင့်ဆင့် မြင့်သော အရာသို့ရောက်အောင် အားထုတ်ခြင်းဖြင့် ယူအပ်ပါသည်။ထို့ကြောင့် "အသိဏိလဟဝတ္ထိတန္တိ ဝုတ္တံ ဟောတိ" ဟု ဆိုပါသည်။

ကာယစိတ္တပဿဒ္ဓိ ဝသေန။ ။စိတ္တပဿဒ္ဓိ၏ အစွမ်းကြောင့် စိတ်သာအေး၍ ကာယပဿဒ္ဓိ၏ အစွမ်းကြောင့် ကိုယ်သာ အေးပါသော်လည်း ကာယပဿဒ္ဓဖြစ်သော် စိတ္တပဿဒ္ဓိနှင့်ခွဲ၍မဖြစ်၊ အမြဲတမ်းတွဲလျက်သာဖြစ်သောကြောင့် "ကာယစိတ္တပဿဒ္ဓိဝသေန" ဟု မိန့်ပါသည်။

ရူပကာယောပိ ပဿဒ္ဓေ၊ယေव။ ။ကာယပဿဒ္ဓိသည် နာမကာယ ရူပ-ကာယ နှစ်မျိုးလုံး၏ ငြိမ်းအေးမှုကို ဆောင်နိုင်သောကြောင့် "ရူပကာယောပိ ။ပ။ ဟောတိ" ဟုမိန့်သည်။

သမ္မာ အာဟိတံ။ ။အာရုံအမျိုးမျိုးတို့၌ ပြေးသွားမှုကိုဖြတ်တောက်၍ အာရုံတမျိုးတည်း၌သာ ပြေးသွားမှု ပုံ့လွင့်မှုမရှိခြင်းသို့ရောက်ဓအောင် ကောင်းစွာထားအပ်ပါသည်။ ထို့ကြောင့် "သုဋ္ဌု ဌပိတံ" စသည်ကို မိန့်သည်။

ဧကဂ္ဂ အစလံ နိမ္မုဇ္ဇနံ။ ။စိတ်မတည်ကြည်ခြင်းဟူသည်ဥပဒ္ဒစ္ဆ၏အစွမ်းကြောင့် ပုံ့လွင့်ကုန်လွှပ်ရှေခြင်းတည်း။ ထိုပုံ့လွင့် တုန်လှုပ်မှုသည် ဧကဂ္ဂတာရှိလျှင် မဖြစ်နိုင်ပါ။ ထို့ကြောင့် "ဧကဂ္ဂ အစလံ နိမ္မုဇ္ဇနံ" ဟုမိန့်ပါသည်။

တွေ့ရ၀တ္ထု။ ။ဝိရိယ, သတိ, ပဿဒ္ဓိ, သမာဓိတို့၏ကိစ္စပြီးပုံကို ပြသော "အာရဒ္ဓံ ခေါ ပန" စသောစကားအစဉ်ဖြင့်။ သဒ္ဓါ, ပညာ တို့၏ ကိစ္စပြီးပုံကိုလည်း စျာန်၏ ပုဗ္ဗ ပဒ္ဓိပဒ ၂ ခု အလိုရှိအပ်ပါသည်။ သို့သော် နာနန္တရိက နည်းအားဖြင့် မဆိုပဲ ပြီးနိုင်သောကြောင့် တိုက်ဝိုက် မယူတော့ပါ။ ခဲ့ပါပြီးအုံ– သဒ္ဓါမရှိလျှင် အားလုတ်မှု စသည် မဖြစ်သင့်၊ ပညာမရှိလျှင် သင့်တင့်စွာ အားထုတ်မှု စသည် မရှိနိုင်ပါ။ ဝိရိယစသည် တို့၏ မတွန့်ဆုတ်မှုစသည်လည်း မဖြစ်နိုင်ပါ။ ထို့ကြောင့် အသင်္ခိုနတာ စသည်ကို ယူခြင်းဖြင့်ပင် ပညာကိစ္စ (သဒ္ဓါကိစ္စ)ကို ယူပြီး ဖြစ်ပါသည်။ တနည်း-စျာနဘာ၀နာ၌ သမာဓိကိစ္စကို လွန်လွန်ကဲကဲအလိုရှိအပ်၏ ဟု ပြခြင်းငှာ သမာဓိအဆုံးရှိသော စျာန်၏ပုဗ္ဗပဒ္ဓိပဒါကိုသာ ဆိုထားသည် ဟု မှတ်ပါ။

ပဌမဈာနကထာ

ဆန္ဒ စသည်။ ။တောင့်တ,သောအခြင်းအရာအားဖြင့် ဖြစ်သော အား နည်းသော လောဘသည် တောင့်တ,တက်သော အနက်သဘောကြောင့် ဆန္ဒမည်၍, ထိုဆန္ဒမည်သော လောဘထက် အားကြီးသောလောဘသည် တပ်မက်တတ်သော အနက်သဘောကြောင့် ရာဂ မည်ပါသည်။ ဆန္ဒရာဂမည်သော လောဘကား ဥာဏ်လောဘနှင့်မျိုးထက် အားကြီး ထူထဲ၏။

သက်ပြေ။ ။နိမိတ္တ, အနုဗျဉ္ဇန တို့ကို ကြည့်ကြောင်း လောဘသည် သက်ပြမည်၏။

၁။ နိမိတ္တသက်ပြ-လက်ခြေ စသောအစိတ်အစိတ်တို့ကို ယောက်ျား မိန်းမ ဟု ပေါင်း၍ အထက်အထက်၌ ကိလေသာ ဖြစ်ဖို့ရာ ပုံသဏ္ဌာန်နိမိတ်ကို ကြည့်ခြင်း။

၂။ အနုဗျဉ္ဇနသက်ပြ-သက်ဘလေးတွေ လှလိုက်တာ, ခြေကလေးတွေ လှလိုက်တာ စသည်ဖြင့် အစိတ်စိတ် ကိုယ်အင်္ဂါ၏ အစွမ်းဖြင့် ခွဲခြားဝေဖန်၍ ကြည့်ခြင်း။ [ကိလေသာတို့ထင်ရှားဖြစ်ပွားခြင်း၏ အကြောင်းဖြစ်သောကြောင့် လက်ခြေစသော ကိုယ်အင်္ဂါအစိတ်စိတ်ကို အနုဗျဉ္ဇန ဟု ခေါ်သည်။]

ရာဂ, သက်ပြရာဂ။ ။သက်ပြအမည်ရခဲ့သော လောဘထက် အားကြီးသော လောဘသည် တပ်မက်သော အနက်သဘောကြောင့်

ရာဂမည်၏။ သက်ပွားရာဂ ဟူသည်ကား-ကြံစည်ခြင်း၏ အစွမ်းဖြင့်ပင် ဖြစ်သော ရှေ့လောဘများထက် သာလွန်အားကြီးသောလောဘတည်း။

လောဘတမျိုးတည်းသာ။ ။အထက်ပါအမည်(၆)မျိုးသည် လောဘ တမျိုးတည်းသာဖြစ်သော်လည်း ဖြစ်ပုံ အခြင်းအရာ၏အစွမ်းကြောင့်လည်းကောင်း၊ အမှိုက်အဟန့် ကွဲပြားသောကြောင့်လည်းကောင်း (၆)မျိုးခွဲထားပါသည်။ ဥပမာ-ဝစ္ဆာ, ဒမ္မာ, ဗလိဗဒ္ဓါ ကဲ့သို့တည်း။

ဝိဝိစ္ဆေဝ။ ။အလိုလိုကင်းခြင်းမဟုတ်, ကင်းအောင်လုပ်ခြင်းကြောင့် ကင်းပြင်းဟု ပြလိုရှိ''အပသက္ကေတွာ''ဟု ဖွင့်သည်။

ဝိဝိစ္စ, ဝိဝိစ္ဆေဝ။ ။ဝိဝိစ္စဖြင့်စျာန်ခဏဌာန်ကာမတို့၏ မရှိခြင်းမျှကို ပြပါသည်။ ဝိဝိစ္ဆေဝဖြင့်ကား-စင်စစ်အားဖြင့် ကာမဂုဏ်တို့ကို ကင်းဆိတ်စေအပ်ကြောင်းကို ပြသောအားဖြင့် ပထမစျာန်၏ ကာမတို့၏ ဆန့်ကျင်ဘက်ဖြစ်ကြောင်းကိုလည်းကောင်း၊ ကာမတို့ကို စွန့်ခြင်းပယ်ခြင်း သည်သာ ပထမစျာန်ရကြောင်း နည်းလမ်းကောင်း ဖြစ်သည်ကို လည်းကောင်း ပြပါသည်။ အနက်အဓိပ္ပါယ်ကိုပြခြင်းငှာ''ပဌမဈာနံ ဥပသမ္ပဇ္ဇ''စသည်ကို မိန့်ကြားပြီးနောက် ထိုဆိုပြီးသောအနက်ကိုပင်အလွန်ထင်ရှားအောင်ပြုခြင်းငှာ ''ကထံ'' စသည်ကို မိန့်ဆိုပါသည်။

အဒ္ဓကာရေ ပဒီပေါ ဝိယ။ ။ဤပါဠိဖြင့် ဆိမ်းမရှိခြင်းကြောင့် ညဉ့်အခါ၌ အမှိုက်မှောင်လွှမ်းမိုးမှု ဖြစ်ရသကဲ့သို့ ဤအာဘု စျာန်မရှိခြင်းကြောင့် စိတ်အစဉ်၌ ကာမလွှမ်းမိုးမှု ဖြစ်ရသည် ဟု ပြပါသည်။

ကာမဓာတုသမတိက္ကမနတော ဟိ စသည်။ ။စျာန်သည် ဝိက္ခမ္ဘန် ဖြစ်လသော် အာဘယ်နည်းဖြင့် ကာမတို့၏သာ နိဿရဏဖြစ်၍ ဗျာပါဒစသည်တို့၏ နိဿရဏမ ဖြစ်ရလေသနည်း ဟူသော စောဒနာကို ယူတွေ့, အာဂမနှစ်မျိုးပြု၍ ရှင်းလင်းပြင်းငှာ ''ကာမဓာတုသမတိက္ကမနတော ဟိ'' စသည်ကို မိန့်ပါသည်။

''ကာမဓာတုသမတိက္ကမနတော''ဖြင့်ဤစျာန်၏ကာမပရိညာဖြစ်ကြောင်းကို ပြဆိုရှိ ''ကာမရာဂပဋိပက္ခတော'' ပါဠိဖြင့်ကား-မေတ္တာ, ကရုဏာ စသည်တို့သည် ဗျာပါဒ, ဝိဟိံသာတို့၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်များ

ဖြစ်ကြသကဲ့သို့ စျာန်သည် ကာမရာဂ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်၏ဟု ပြုပါသည်။

အကျိုးအားဖြင့် ကာမခေါတ်မှ လွတ်မြောက်ပုံကို လည်းကောင်း၊ မိမိဖြစ်ဆဲခဏာ၌ ကာမ၂ပါ၏ ဆန့်ကျင်ဘက်ဖြစ်ပုံကို လည်းကောင်း သိပါ၊ ဤသို့လျှင် မိမိဖြစ်ခိုက် ကာမရာဂမှလည်းကောင်း၊ အကျိုးဖြစ်ခိုက် ကာမခေါတ်မှလည်းကောင်း ဆုတ်နှစ်ခြင်းသဘောရှိသောကြောင့် ဤစျာန်သည် အသူးအားဖြင့် ကာမတို့၏ သာ နိုသရဏာ ဖြစ်ပါသည်။

ဥတ္တရပဒေပိ စသည်။ ။ပထမစျာန်သည် ကာမတို့မှ ထွက်မြောက်ကြောင်း ဖြစ်၏ဟူသော အနက်ကို ပြုခြင်းငှာ ရှေ့ပုဒ်၌ သာ ဝေသဒ္ဒါကို ယူခဲ့သော်သည်း နောက်ပုဒ်၌လည်း ရှေ့ပုဒ်နည်းတူ အနက်ဖြစ်သင့်သောကြောင့် ဝေသဒ္ဒါကိုယူ၍ အနက်ပေးရမည်ဟု ပြုခြင်းငှာ "ဥတ္တံရပဒေပိ"စသည်ကို မိန့်ပါသည်။

ဝိဝိစ္စာတိ ဣမိနာ သာဓာရဏဝစနေန။ ။သာဓာရဏာ ဟူသည် - အလုံးစုံသော ဝိဝေကမျှားနှင့် ဆက်ဆံခြင်းတည်း။ "တဒင်ဝိဝေကာဒယော" ၌ အာဒိဖြင့် ဝိကွမ္ဘန, သမုစ္ဆေဒ, ပဋိပဿဒ္ဓိ, နိုသရဏဝိဝေကတို့ကိုယူ၍ ကာယဝိဝေကာဒယောဟု အာဒိဖြင့် စိတ္တဝိဝေကနှင့် ဥပဓိဝိဝေကကိုယူပါ။

ဤစျာနကထာ၌ ကာယဝိဝေက, စိတ္တဝိဝေက, ဝိကွမ္ဘနဝိဝေက(၃)မျိုးကိုသာ ယူခြင်းကား သမုစ္ဆေဒဝိဝေက စသည်တို့သည် ဤစျာနကထာ၌ မဖြစ်သင့်သောကြောင့်တည်း။

ဝတ္ထုကာမေဟိပိ။ ။ဤ၌ပါသော ပိသဒ္ဒါကို "ဣတ္ထိပိ ဣတ္ထော"ဟု ဣတိနောင် ရှေ့ထိုင်ကာ "ဣတ္ထိပိအဒ္ဓာ-သည်လည်း၊ ယုဇ္ဇတိ-သင့်၏"ဟု အနက်ပေးရမည်ဖြစ်၍ ဤပိသဒ္ဒါသည် သင့်လျော်သော အနက်တမျိုးကို ဆည်းခြင်းအနက်ရှိပါသည်။ ဂ်ီလေသာကာတို့ကို မည်းသော ပီ ဟုတ်ပါ။ ဘာကြောင့်နည်း-ဂ်ီလေသာကာမတို့မှ ကင်းဆိတ်ခြင်းကို "ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ" ဟူသော ဗုဒ္ဓိဝုဒ်ဖြင့် ဆိုအပ်သောကြောင့်တည်း။

တေန ကာယဝိဝေကော ဝုတ္တော ဟောတိ။ ။သားမယားစသည်ကို သိမ်းပိုက်မှုမှ ကင်းဆိတ်ကြောင်းကို ပြုနိုင်သောကြောင့် ဝတ္ထုကာမတို့မှ ကင်းဆိတ်ကြောင်းကို ဟောတော်မူခြင်းဖြင့် ကာယဝိဝေကကို ဟောတော်မူအပ်ရာ ရောက်ပါသည်။

လောလဘာဝဿ ဟေတုပရိစ္စာဂေါ။ ။လောလဘာဝဟူသည်- ထိုထိုရူပါရုံ စသည်တို့၌ တဏှာ ဖြစ်ခြင်းစာည်း။ ထိုတဏှာဖြစ်ခြင်း၏ အကြောင်းကား ဝတ္ထုကာမမျှားတည်း။

ဗာလဘာဝဿ ဟေတုပရိစ္စာဂေါ။ ။ဗာလဘာဝ ဟူသည်- အဝိဇ္ဇာ (တနည်း) ဒုစိန္တိတစိန္တိတ ဖြစ်၍၊ ဗာလဘာဝဟေတု အရကား- အယောနိသောမနသိကာရ (တနည်း) အကုသိုလ်တရားအားလုံးဖြစ်ပါသည်။

ပဌမေန ပယောဂသုဒ္ဓိ။ ။ကာမဂုဏ်ကို ရလိုခြင်း ဟူသော အကြောင်းကြောင့် ပါဏာတိပါတ စသော မစင်ကြယ်သော ပယောဂဖြစ်ပါသည်။ ထို့ကြောင့် ထိုကာမဂုဏ်ကို ရလိုမှုမှ ကင်းကြောင်းကို ဟောတော်မူခြင်းဖြင့် ပယောဂသုဒ္ဓိကို ထင်ရှားပြနိုင်ပါသည်။

ဒုတိယေန အာသယပေါသနံ။ ။တဏှာ သံကိလေသကို သုတ်သင်ခြင်းအားဖြင့်လည်းကောင်း၊ ဝိဝဋ္ဋူပနိဿယကုသိုလ်ကို တိုးပွားစေခြင်းအားဖြင့်လည်းကောင်း၊ အဇ္ဈာသယ စင်ကြယ်စေမှုကို ထင်စွာပြုပါသည်။ အာသယပေါသန ဟူသည်- စျာနဘာဝနာ၏ အကြောင်းဖြစ်သော ပုဗ္ဗဇယောဂ စသည်၏အစွမ်းကြောင့် ပြီးစီးထင်ရှားသော အဇ္ဈာသယသမ္ပဒါတည်း။ ထိုအဇ္ဈာသယသမ္ပဒါသည် တဏှာအပူမှ ကင်းခြင်းကြောင့် ဖြစ်ပါသည်။

အဇနကဘေဒေါ။ ။ကာမာသဝ စသည်၊ ကာမရာဂသံယောဇဉ်စသည်၊ ရူပတဏှာ စသည်။

ကာမစ္ဆန္ဒော ယော ဝ။ ။ကာမသဘောသည်ပင် ဆန္ဒမည်ပါသည်။ ကတ္တုကာမမျှတာ ဆန္ဒ, ကုသလဋ္ဌန္ဒ မျှားမဟုတ်ဟူလို။

အကုသလ ရဏိယာ ပန ဒေါ ပိ။ ။"ဝိဝိစ္စ အကုသလေဟိ" ဟု ဟောတော်မူအပ်သော အကုသိုလ်တို့၌ အကျုံး ဝင်ပါသော်လည်း။

စျာနပဋိပက္ခတော ဝိသုံ ဝုတ္တော။ ။စျာန်၏ ဖြောင့်ဖြောင်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် သီးခြား ယူတော်မူပါသည်။ အကုသိုလ်ခြင်း တူသောအားဖြင့် ပေါင်း၍ ယူတော်မမူပဲ သီးခြားယူခဲ့ကြောင်းမူသည်ဟူလို....။

ဥပရိ စျာနဂ်ပစ္စနီကပဋိပက္ခဘာဝဒဿနတော။ ။သဝိတက္ကံ သဝိစာရံ စသည်ဖြင့် အထက်၌ ဟောတော်မူအပ်လတ္တံ့သော စျာန်အင်္ဂါတို့၏ မိမိတို့နှင့် ဆန့်ကျင်ဘက် နီဝရဏ တို့ကို ပယ်တတ်သော ဆန့်ကျင်ဘက်တို့၏အဖြစ်ကို ပြတော်မူလို ခြင်းကြောင့် ထို၏ဆန့်ကျင်ဘက် နီဝရဏတို့ကိုသာ ဟောရသည်ဟူလို။

"ဥပရိစျာနဂ်ါနံ ပစ္စနီကပဋိပက္ခဘာဝဒဿနတော" ဟု လည်းမှတ်ရမည်။ ဥပရိစျာနဂ်ါနံ-အထက်၌ဆိုအပ်လတ္တံ့သောစျာနင်ဟူ၏၊ ပစ္စနီကပဋိပက္ခဘာ-ဝဒဿနတော-ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်တို့၏ အဖြစ်ကိုပြခြင်းကြောင့် ဟု အနက်ပေးပါ။

စျာနဂ်ပစ္စနီကာနိ။ ။စျာနင်တို့၏ ဖြစ်မှုကို တားမြစ်သောအားဖြင့် ဆန့်ကျင်ဘက်ဖြစ်ကြသည်။

သမာဓိ ကာမစ္ဆန္ဒဿ ပဋိပက္ခော စသည်။ ။၁။ သမာဓိ ကာမစ္ဆန္ဒဿ ပဋိပက္ခော - သမာဓိဟူသည် ရာဂပဏိဓိ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်၍ အမျိုးမျိုးသောအာရုံတို့က ဖြားယောင်းအပ်သဖြင့် ပြေးလွှားနေသောစိတ်ကို တည်ငြိမ်အောင် ထားတတ်သော တရားဖြစ်သော ကြောင့် ကာမစ္ဆန္ဒ၏ ဆန့်ကျင်ဘက်ဖြစ်သည်။

၂။ ပီတိ ဗျာပါဒဿ-ပီတိသည် ပါမောဇ္ဇနှင့်တူသော ယောဂကဲ့မဖြစ်သောကြောင့် ဗျာပါဒ၏ ဆန့်ကျင်ဘက် ဖြစ်သည်။ [စဉ်းစားကြပါဦး]

၃။ ဝိတက္ကော ထိနမိဒ္ဓဿ-သင့်တင့်သောအားဖြင့် ကြံစည်မှု၏ အစွမ်းဖြင့် ပြန့်ပြန့်ပြူးပြူး ဖြစ်ရသောကြောင့် ဝိတက်သည် ထိနမိဒ္ဓ၏ ဆန့်ကျင်ဘက်ဖြစ်သည်။

၄။ သုခံ ဥဒ္ဓစ္စကုက္ကုစ္စဿ - သုခသည် ငြိမ်းအေးခြင်းသဘောရှိသောကြောင့် မငြိမ်းခြင်း, ပူလောင်ခြင်းသဘောရှိသော ဥဒ္ဓစ္စကုက္ကုစ္စ၏ ဆန့်ကျင်ဘက်ဖြစ်သည်။

၅။ ဝိစာရော ဝိစိကိစ္ဆာ-ယာတိ-ဝိစာရသည် အာရုံ၌ အဖန်ဖန်ပွတ်တိုက်ခြင်း၏ အစွမ်းဖြင့် ပညာနှင့်တူသော သဘောရှိသောကြောင့် ဝိစိကိစ္ဆာ၏ ဆန့်ကျင်ဘက်ဖြစ်သည်။

ပေဠကောပဒေသ။ ။မဟာကစ္စာနထေရ်သည် ဟောကြားအပ်သော (ရေးသားအပ်သော) ပိဋကသုံးပုံ၏ အဖွင့်ဖြစ်သော အဋ္ဌကထာသည် "ပေဠကောပဒေသ" မည်၏။

ဝိတက္ကနံ ဝိတက္ကော။ ။အာရုံမနသိကာရ စသော်အကြောင်းအားလျော်စွာ ဖြစ်ကြသော သဘောတရားတို့မှာ အလိုသို့လိုက်စေနိုင်သည်၏အဖြစ်ဟူသော သတ္တိတစုံတရာမရှိပါ။ ထို့ကြောင့် အလိုသို့လိုက်စေနိုင်သည်၏အဖြစ်ဟူသော သတ္တိကို တားမြစ်ခြင်းငှာ ကတ္တုသာဓ်၊ ကရဏသာဓ်မပြုပဲ "ဝိတက္ကနံ ဝိတက္ကော" ဟု သတ္တိတစုံတရာမပါ။ ကြံစီခြင်း ကြိယာသာရသော ဘာဝသာဓ် ဝိဂြိုဟ်ဆိုပါသည်။

ဥဟနဋ္ဌေ ဝုတ္တံ ဟောတိ။ ။ကြံစည်ခြင်းဟူသည်-ဤဒုရာသည်ဤသို့သဘောရှိ၏ဟု အာရုံကို ကြံစည်ဆုံးဖြတ်ခြင်း ဖြစ်သောကြောင့် "ဥဟနဋ္ဌေ ဝုတ္တံ ဟောတိ" ဟူသော ဥဒ္ဒေသတည်း ဝါကျကိုမိန့်ဆိုသည်။

အဘိနိရောပနလက္ခဏော။ ။စိတ်သည် ဝိတက်၏အစွမ်းဖြင့် အာရုံသို့ တက်ရောက်ရသကဲ့သို့ ဖြစ်သောကြောင့် ဝိတက်ကို အဘိနိရောပနလက္ခဏာရှိ၏ ဟု ဆိုပါသည်။ ခဲ့ပါဦးအုံ-အချို့ ပုဂ္ဂိုလ်သည် မင်းကြီးမိုးဝတ်သော ဆွေမျိုးမိတ်သင်္ဂဟကို အမှီပြု၍ နန်းတော်သို့ ကပ်ရောက်ရသကဲ့သို့ ဤဒုတိယစိတ်သည်လည်း ဝိတက်ကိုအမှီပြု၍ အာရုံသို့ တက်ရောက်ရပါသည်။

ဝိတက်ပယျဋ္ဌေသေ စိတ်မျှားအာရုံသို့တက်ပုံ။ ။ဝိတက်၏ အစွမ်းဖြင့်ပင် တက်ပါသည်။ ခဲ့ပါဦးအုံ-ဆွေမျိုးမိတ်သင်္ဂဟကို အမှီပြု၍ နန်းတော်သို့ တက်ရောက်ဖူးသော ယောက်ျားသည် အလေးအလာများလာသော်လည်း အလေးအလာကြောင့် မှီခိုရာဆွေမျိုးမိတ်သင်္ဂဟ မပါခဲသော်လည်း နန်းတော်သို့ ဝင်နိုင်သကဲ့သို့ ဝိတက်မယျဋ္ဌေသေ စိတ်သည်လည်း ပရိစယကြောင့် ဝိတက်မပါသော်လည်း အာရုံသို့ တက်နိုင်ပါသည်။

ပရိစယ ဟူသည်။ ။မိမိ၏စိတ်အစဉ်ဖြစ်သော ဝိတက္က ဘာဝနာတည်း။ ခဲ့ပါဦးအုံ- မိမိစိတ်အစဉ်မပြတ် ဖြစ်သော ဝိတက်၏အစွမ်းဖြင့် ဝိတ်၏အာရုံသို့တက်ရသည် အလေးအလာ မျှားနေပါသည်။ ယိုပရိစယကြောင့် စိတ်သည် တခါတရံ ဝိတက်မပါသော်လည်း အာရုံ၌ ဖြစ်နိုင်ပါသည်။။ ။ဥပမာ-ဥာဏ်နှင့်တကွ သုံးသပ်မှုမျှားလာသော် ဥာဏ်မပါပဲလည်း သုံးသပ်မှု ဖြစ်နိုင်သကဲ့သို့လည်းကောင်း၊ ကိလေသာနှင့် အတူတကွ အကြံမျှားလာသော် နောင်တချိန်ရဟန္တာဖြစ်၍ လုံးဝ ကိုလေသာ

ကင်းသော်လည်း ပရိစယကြောင့် ကိုယ်သာ ဝါသနာဖြစ်သကဲ့သို့ လည်း ကောင်းတည်း။

အာဟနနပရိယာဟနနရသော။ ။ရုပ် နှုပ်, ပထဝီ ပထဝီ ဟု စီးဖြန်း သည့်အခါ ခေါက်သကဲ့သို့ ဖြစ်ခြင်းကို "အာဟနနပရိယာဟနန" ဟု မှတ်ပါ။

မေးဖွယ်။ ။ဤနေရာ၌ ခေါက်ခြင်းအနက်ကို ရသအတွက်ယူခဲ့သော် "အာ-ကောဋ္ဌန လက္ခဏော ဝိတက္ကော" ဟူသော အရှင်နာဂသိန်း၏ စကားနှင့် မဆန့်ကျင်ပါလောဟု မေးဖွယ်ရှိ၏။ အဖြေကား-မဆန့်ကျင်ပါ။ မထေရ်သည် ကိစ္စ၌မှီ၍ လက္ခဏာကိုဆိုထားခြင်း ဖြစ်သောကြောင့် မဆန့်ကျင်ပါ။ မှန်ပါသည်။ တရားတို့မှာ သဘာဝမှလွတ်သော တစုံတခု သောကြိယာမည်သည် မရှိပါ၊ သဘာဝမှလွတ်သော ယူစရာ အခြင်းအရာ လည်းမရှိပါ။

အနုသဠေရဏံ။ ။အာရုံ၌ အဖန်ဖန် လှည့်ပတ်ခြင်းတည်း။ ဤ အယူးသည် စိတ်အာဉ်၌ရမှ စိတ်အစဉ်၌ထင်ရှားမည်။

အနုယောဇနနှင့်အနုပန္ဓန။ ။အနုယောဇနကို အာရုံ၌ စိတ်ကို အဖန်ဖန် ပွတ် တိုက် ခြင်း၏ အစွမ်းဖြင့်သာ သိပါ။ (ရဃ)အနုပန္ဓန ဟူသည်ကား-အာရုံ၌စိတ်၏အဆက်မပြတ်သကဲ့သို့ ဖြစ်ခြင်း တည်း။ (ပစ္စုပဋ္ဌာန်)

ယဏ္ဍာဘိယာတသဒ္ဒေါ ဝိယ။ ။ခေါင်းလောင်းတီးသံသည်ပထမကျရောက် ခြင်းဖြစ်သကဲ့သို့ ဤအတူ အာရုံသို့ရှေးရှု တင်ပေးတတ်သော အနက်သဘောကြောင့် ဝိတက်သည် စိတ်၏ ပထမကျ ခြင်းနှင့်တူပါသည်။ ဘို့ကြောင့် "ယဏ္ဍာဘိယာတသဒ္ဒေါ ဝိယ" ဟု ဆိုပါ သည်။

ဝိပ္ဖါရဝါ။ ။ဝိပ္ဖါရမည်သည်-ဝိတက်၏ ထိန်မိခွန်နှင့်ဆန့်ကျင်ဘက်ဖြစ်၍အာရုံ၌ မတွန့်ဆုတ်ခြင်း သဘောတည်း။ ထိုသဘောသည် ဟက်ရောဟ် ကတ်သည်၏ အဖြစ်ကြောင့် တုန်လှုပ်နေသကဲ့သို့ဖြစ်ပါသည်။ ဤအဓိပ္ပါယ် ဖြင့် "ပရိပ္ဖန္ဒနဘာဝေါ စိတ္တသာ" ဟု မိန့်ပါသည်။

ပရိဿမနံ ဝိယ။ ။ဘေးရန်ရှိ, မရှိကို စုံစမ်းဖို့ရန် ဝဲနေခြင်းကဲ့သို့။

ကျမ်းညွှိပုံ။ ။ဒုကနိပါတ်အင်္ဂုတ္တရာ၌"အာကာသေ ဂစ္ဆတော မဟာသ-
ကုဏ္ဍသ ဥဘောဟိ ပက္ခေဟိ ဝါတံ ဂဟေတ္တာ ပက္ခေ
သန္ဓိသိဒါပေတ္တာ ဂမနံ ဝိယ အာရမ္မဏေ စေတသော အဘိနိရောပနာ-
ဝေန ပဝတ္တော ဝိတက္ကော၊ ဝါဘဂ္ဂဟဏတ္ထံ ပက္ခေ ဖန္ဒာပယမာနသ ဂမနံ-
ဝိယ အနုမဇ္ဇနာဘာဝေန ပဝတ္တော ဝိစာရော"ဟု ဆိုထားပါသည်။ ထိုဒုက
နိပါတ်အင်္ဂုတ္တရာ အဆိုသည် အစဉ်မပြတ်ဖွဲ့စပ်သောအားဖြင့် ဖြစ်ရာအခါ
၌ သင့်ပါသည်။

ခွဲ့ပါဦးအုံ--ဥပစာအခိုက်မှာဖြစ်စေ အပွနာအခိုက်မှာဖြင့်စေ အစဉ်အာ-
ဖြင့် ဖြစ်ရာအခါ၌ ဝိတက်သည် တုန်လှုပ်မှုမရှိ၊ အာရုံသို့ဝင်နေသကဲ့သို့
ဖြစ်ပါသည်။ ရှေးဦးစွာ ကျရောက်ခြင်း၌ မထင်ရှားပါ။ ထပ်ခဲ့ပါဦးအုံ-
အသစ်အာရုံ၌ ရှေးဦးစွာ ကျရောက်ခြင်း သဘောဖြစ်ယော ဝိဟက်သည်
တုန်လှုပ်မှုရှိသကဲ့သို့ အာရုံတမျိုးတည်း၌ပင် အဆက်မပြတ် ဖွဲ့စပ်သောအား
ဖြင့် ဖြစ်ရာအခါ၌ တုန်လှုပ်မှု မရှိပါ၊ ငြိမ်နေသောကြောင့် အလွန်မတုန်
လှုပ်ပါ။

ပဌမဒုတိယဈာနေသု ပါကဋော ဟောတိ။ ။ဝိတက်၏ ထူးခြားမှုဖြစ်သော
အဘိနိရောပန အခြင်းအရာသည်
ပထမဈာန်၌ ထင်ရှား၍ ဝိတက်မရှိသောကြောင့် ၎ဥကနည်း ဒုတိယဈာန်၌
ဝိစာရ၏ ထူးခြားသောသဘောဖြစ်သော အနုမဇ္ဇန အခြင်းအရာသည် ထင်
ရှားပါသည်။ တနည်း-အညစ်အကြေးပေနေသောခွက်ကို လက်တဖက်ဖြင့်
မြဲစွာကိုင်၍ ပွတ်တိုက်ရာ၌ ဝိတက်သည် မြဲစွာကိုင်သော လက်နှင့်တူ၍ ဝိစာရ
သည် ပွတ်တိုက်သောလက်နှင့် တူပါသည်။

ရုက္ခောဝိယ စသည်။ ။အပွင့်, အသီး, အခက်စသော အစိတ်မှလွတ်သော
သစ်ပင်မည်သည် မရှိပါသော်လည်း ထိုသစ်ပင်ကို
သပုပ္ဖ, သဖလ ဟု ခေါ်ရသကဲ့သို့ ဤအတူ ဝိတက်စသော**ဈာန်**အင်္ဂါမှလွတ်
သော **ဈာန်**မရှိ**သော်**လည်း ထိုဈာန်ကို သဝိတ္တံ သဝိစာရံဟု ခေါ်နိုင်သည်ဟု
ပြခြင်းငှာ "ရုက္ခော ဝိယ" စသည်ကိုမိန့်။

ဝိဘင်္ဂေ ပန စသည်။ ။ဈာနဘာဝနာကို ပုဂ္ဂိုလ်**၏**အစွမ်းဖြင့် ဟောအပ်
သောကြောင့်"ဣဓ ဘိက္ခု ဝိဝိစ္စေव ကာမေဟိ"စသည်
ဖြင့် ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဈာန်ဝင်ကို ညွှန်ပြပါသည်။ ဝိဘင်း၌ ပုဂ္ဂလ

မ်ိဳးဌာန်ဒေသနာပြုခဲ့သော်လည်း အနက်ကိုကား ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်ပင် မရှိသောကြောင့် ဤနေရာနှင့်အတူ ထိုဝိတာင်းဌ်လည်း မမ္မ၏အစွမ်းဖြင့်သာ မှတ်ရပါမည်။ တနည်း–ဗျာနသမဓိ ပုဂ္ဂိုလ်၏ ဝိတက်ဝိစာရနှင့် ပြည့်စုံကြောင်းကို ပြခြင်းဖြင့် ဗျာန်၏သာလျှင် ဝိတက်ဝိစာရရှိကြောင်းကို ဟောပါသည်။ ထို့ကြောင့် "အတ္ထော ပန တြာပိ ဧဝမေဝ ဒဋ္ဌဗ္ဗော"ဟု မိန့်ဆိုသည်။

တသ္မာ တသ္မိံ။ ။တသ္မာ ဝိဝေကာသည် ဘာဝသာဓနကို ရည်ရွယ်၍၊ တသ္မိံ ဝါ ဝိဝေကေကား ကတ္တုသာဓနနှင့် ကမ္မသာဓနကို ရည်ရွယ်၍ဆိုသောစကားများ ဖြစ်ပါသည်။

သုခနံ သုခံ။ ။ပရိယာယ်အားဖြင့် ရအပ်,ရနိုင်သော ကတ္တုသာဓနသည် ဓမ္မမှတပါး အခြားကတ္တားမရှိဟု အခြားကတ္တားကို နှစ်စေခြင်း အကျိုးရှိပါသည်။ သို့သော် မုချအားဖြင့် ဘာဝသာဓနကိုသာ ရနိုင်သောကြောင့် "သုခနံ သုခံ"ဟု မိန့်သည်။

သာတလက္ခဏံ။ ။ဣဋ္ဌသဘာဝတွာ တံသမင်္ဂီပုဂ္ဂလံ သမ္မယုတ္တာဓမ္မေ ဝါ အတ္တနိ သာဒယတီတိ သာတံ။ (ဒကို တပြု)

ဥပဗြူဟနရသံ။ ။ဒုက္ခကဲ့သို့လည်း သမ္မယုတ်တရားတို့ကို မစွန့်၊ အဒုက္ခမသုခကဲ့သို့လည်း သမ္မယုတ်တရားတို့ကို လျစ်လျူမရှုပဲ သမ္မယုတ်တရားတို့ကို ခြုံးမြှောက်သကဲ့သို့သော ကိစ္စရှိပါသည်။

ဣဋ္ဌာရမ္မဏပဋိလာဘတ္ထိ ပီတိ။ ပဋိလဒ္ဓရသာနုဘဝနံ သုခံ။ ။ဤကားပီတိနှင့် သုခကို သဘာဝအားဖြင့် ခွဲပြသော အထူးတည်း။

ယတ္ထ ပီတိ၊ တတ္ထ သုခံ။ ။ဤကား အစွန္ဒသံယောဂ, အနုစွန္ဒသံယောဂ အားဖြင့် အထူးကိုခွဲ၍ပြခြင်းတည်း။ ယတ္ထ ပီတိ၊ တတ္ထ သုခံ သည်-ဝိတက်သည် ဝိစာရနှင့်အမြဲယှဉ်သကဲ့သို့ ပီတိ၏သုခနှင့်အမြဲယှဉ်ကြောင်းကို ပြဆို၍ "ယတ္ထ သုခံ၊ တတ္ထ နိယမတော ပီတိ" ဖြင့် ဝိစာရသည် ဝိတက်နှင့် အမြဲမယှဉ်သကဲ့သို့ သုခ၏ပီတိနှင့် အမြဲမယှဉ်ကြောင်းကို ပြဆိုပါသည်။

တသ္မိံ တသ္မိံ သမယေ ပါဏိနော ဘာဝတော၊ ။ဤဌာနတို့ကိုရောအခါ၌ ပီတိ ထင်ရှား၍ ရအပ်ပြီးသော

အာရုံ၏ အရသာကို ခံစားရာအခါ၌ သုခထင်ရှားသည်။ ဇောရိပ်စသည်တို့ကို မြင်ရာအခါ ကြားရာအခါတို့၌ ပီတိထင်ရှား၍ တကယ်သုံးဆောင်ရာအခါ၌ သုခထင်ရှားသည်။

ဂဏနာနုပုဗ္ဗတော ပဌမံ။ ။ဤပါဠိဖြင့် ဒေသနာကျမ်းကိုပြသည်။ "ဂဏနာနုပုဗ္ဗတာ" ဟုလည်းမူကဲ့ရှိသည်။ "ဂဏနာနုပုဗ္ဗတော(ဂဏနာနုပုဗ္ဗတာယ)-ဂဏန်းအစဉ်ဖြင့်" ဟု ယ,အကျေကြ၍ သော်လည်းကောင်း၊ "ပဌမံ-ပထမဟူသောသဒ္ဒါသည်၊ ဂဏနာနုပုဗ္ဗတာ-ဂဏန်းအစဉ်မျှသာတည်း" ဟု သော်လည်းကောင်း ပေးပါ။

ပဌမံ သမာပတ္တိတိ ပဌမံ။ ။ဤနည်း၌ ဂဏန်းအစဉ်အားဖြင့်သာ ပထမအမည်ရသည်မဟုတ်သေး၊ ပထမဝင်စားအပ်သောကြောင့်လည်း ပထမအမည်ရသည် ဟူလို။ ဤအလို "ပဌမံ" နောင် သမာပတ္တိအနက်၌ တဒ္ဓိတ်အပစ္စည်း သက်ထားသည်ဟု မှတ်ပါ။

ရှေးဦးစွာ ဝင်စားအပ်ဟူသော ဤအမှတ်လက္ခဏာသည် ပထမအမည်ရဖို့ရန် ဒုကန်ဖြစ်သော သဒ္ဒပဝတ္တိ နိမိတ်အမှတ် တံဆိပ်မဟုတ်ပါ။ ဘာ့ကြောင့်နည်း။ သမာပတ် (၈)ပါးလုံးကိုရ၍ ဝသီဘော် (၅)ပါးဖြင့် စျာန်ဝင်စားမှု အလေ့အလာများသော ပုဂ္ဂိုလ်သည် အစမှစ၍ အဆုံးသို့လည်းကောင်း၊ အဆုံးမှစ၍ အစသို့လည်းကောင်း၊ အကြားအကြား၌ လိုရာစျာန်ကိုစ၍ လည်းကောင်း ဝင်စားနိုင်သောကြောင့်တည်း။ တနည်း-ရှေးဦးစွာ ဖြစ်ခြင်းဟူသော အနက်သဘောကြောင့် "ပဌမံ ဥပ္ပန္နံ ပဌမံ" ဟူသော ဝစနတ္ထနှင့်အညီ ပထမမည်နိုင်ပါသေးသည်။

ပစ္စနီကဝေမ္မ စျာပေတိ။ ။နိဝရဏစသော ဆန့်ကျင်ဘက်တရားတို့ကို လောင်ကျွမ်းစေ၏။ လောင်ကျွမ်းဟူသည်-ဝိကွမ္ဘနအစွမ်းဖြင့် ပယ်ခြင်းတည်း။

ဝိပဿနာယ ဥပနိဇ္ဈာယနကိစ္စံ။ ။မဂ်သည် အနိစ္စစသော လက္ခဏာကို အာရုံပြုသောအားဖြင့် မရှုသော်လည်း နိစ္စဂသော ဝိပလ္လာသကို ပယ်နိုင်ခြင်းကြောင့် ထိုအနိစ္စစသောလက္ခဏာများကို အသမ္မောဟအနေဖြင့် ရှုရှောက်၏။ သို့ကြောင့် မဂ်လည်းလက္ခဏူပနိဇ္ဈာနစျာန်မည်၏ ဟု ပြလို၍ "ဝိပဿနာယ ဥပနိဇ္ဈာယနကိစ္စံ" ဟု မိန့်သည်။

ကထလက္ခဏံ။ ။မပျက်စီးခြင်းသဘောရှိသော နိဗ္ဗာန်မြတ်ကို ပေါက်ဖေါက်ပြန်ပြန် မရှိခြင်းအားဖြင့် မပေါ်ကပ်ပြန်သော သဘောသည် တထလက္ခဏာ မည်ပါသည်၊

အဋ္ဌကထာမုတနည်း။ ။မင်္ဂလာနှင့် နိဗ္ဗာန်ကို အာရုံပြုနိုင်သောကြောင့် တထလက္ခဏာပနိဗ္ဗာန် ရှိနိုင်သည်။

ယေန ဟိ ။ပ။ ပကာသိတော။ ။ဤပါဠိတော်၌ ကေဂ္ဂတာကို တိုက်ရိုက် မဟောသော်လည်း စျာန်ခြင်းတူသော ကြောင့် စျာနသဒ္ဒါဖြင့် ယူပြီးပင်ပြောပါသည်၊ ထို့ကြောင့်ပင် "ယေန ဟိ" စသည်ကိုသိနိုင်သည်။

အဓိပ္ပါယ် ဟူသည်-ဝိတက်, ဝိစာရ, ပီတိ, သုခတို့နှင့်ယှဉ်သော ကေဂ္ဂတာကို ပြတော်မူလိုသော ဆန္ဒတော်တည်း။ ထိုဆန္ဒတော်ဖြင့် "သ ဝိတက္ကံ သဝိစာရံ" စသည်ဖြင့် ဥဒ္ဒေသကိုပြုတော်မူ၍ ထိုဆန္ဒတော်ကိုပင် ဘုရားရှင်သည် ပိဋကတ်ပါဠိတော်၌ "စိတ္တဿေကဂ္ဂတာ" ဟု ညွှန်ပြတော်မူလျက် ပြတော်မူပါသည်။ ထို့ကြောင့် စျာနအရ ကေဂ္ဂတာကို မယူအပ်ဟု မကြံသင့်ပါ။

အာနာပါနဿတိကမ္မဋ္ဌာနံ။ ။ဘုရားရှင်အားလုံးတို့၏ အလေ့ အကျက်တော် ဖြစ်သောကြောင့် အာနာပါနဿတိ ကမ္မဋ္ဌာန်းကိုသာဆိုပါသည်။

ဒုတိယဗျာနကထာ

ဝူပသမာ။ ။ဝူပသမ အရ-ပယ်ခြင်းကိုယူပါ။ ပယ်ဟူသည်လည်း ဝိတက်, ဝိစာရတို့ကို လွန်မြောက်ခြင်းတည်း။ ဆိုလိုရင်းမှာ-ဒုတိယ စျာန်ခဏာ၌ ဝိတက်, ဝိစာရတို့ မဖြစ်ခြင်းတည်း ထို့ကြောင့် "သမတိက္ကမာ" ကို "ဒုတိယဗျာနက္ခဏေ အပါတုဘावा" ဟု ဇယပ်ဆင့်ဖွင့်ပါ သည်။

တတ္ထ ကိဉ္စာပိ ဝေသည်။ ။အဟာယ်ဝိတက်, ဝိစာရ တို့၏ ငြိမ်းခြင်းကို (မရှိခြင်းကို)အလိုရှိအပ်ပါသနည်း။ ပဌမဗျာ-နိုက ဝိတက်, ဝိစာရ တို့၏ မရှိမှုကို အလိုရှိအပ်ပါသလော၊ ဒုတိယဗျာနိုက ဝိတက်, ဝိစာရ တို့၏မရှိမှုကို အလိုရှိအပ်ပါသလော။ ပဌမဗျာနိုက ဝိတက်, ဝိစာရတို့၏ မရှိမှုကိုလည်း မအံ့သင့်ပါ။ ဘာကြောင့်နည်း- တရုံ တခါမျှ ဝိတက်, ဝိစာရမှကင်းသော ပယဟမစျာန် မရှိသောကြောင့်တည်း။

ဒုတိယဇ္ဈာနိက ဝိဘက်, ဝိစာရတို့၏ငြိမ်းခြင်းလည်းမဖြစ်နိုင်ပါ။ ဘာ့ကြောင့်နည်း- ဒုတိယစျာန်မှာ ဝိတက်, ဝိစာရတို့ လုံးဝမရှိသောကြောင့်တည်း။ ဤသို့သော စိစစ်မှုကို ရည်ရွယ်၍ "တတ္ထ ကိဉ္စာပိ" စသည် မိန့်ဆိုသည်။

သြဠာရိကဿ ပန စသည်။ ။ထိုထိုစျာန်ခဏာ၌ မြင်အပ်သော အပြစ်ရှိသော တရား၏ နောင်တဖန် မဖြစ်ခြင်း သဘောသို့ ရောက်စေခြင်းကို "ဝူပသမန"ဟု ဆိုလိုပါသည်။ ဝိတက်စသော စျာန်အင်္ဂါတို့ကိုသာ ထိုကဲ့သို့မဖြစ်အောင် ပြုအပ်ပါသည်။ ဖဿ စသောတရား တို့ကိုကား မပြုအပ်ပါ။ ထိုကြောင့်ဝိတက်, ဝိစာရ စသည်တို့၏ ငြိမ်းကြောင်းကို ဟောသောစကားသာ စျာနပါဠိတော်၌ လာပါသည်။ ဝိတက် စသည်တို့ကဲ့သို့ပင် ထိုသမ္မယုတ်တရားတို့၏အတွက်လည်း "တေန တေ သြဠာရိကံ" စသော အပြစ်ပြစကားသည် ပါဠိတော်၌ လာပါသည်။ ထိုကြောင့် သာမည အားဖြင့် ဝိတက် စသည်တို့၏လည်းကောင်း၊ ဝိတက် စသည်နှင့်တကွ ဖြစ်သော ဖဿ စသောတရားတို့၏လည်းကောင်း၊ ဝူပသမ စသည်ကို ဆိုသင့်ပါလျက် ဝိတက် စသည်တို့၏ ဝူပသမ ကိုသာ ဆိုအပ်သော် ပိုလွန်သော စကားသည် အခြားအနက်ကို သိစေနိုင်သောကြောင့် အနည်းငယ်သော အထူးကိုပြနိုင်၏ ဟု ပြလိုရကား "သြဠာရိကဿ ပန" စသည်ကို မိန့်ဆိုပါသည်။

ဆိုလိုရင်းကား-ပထမစျာန်၏ ရှုနှိုးရင်းမှုဖြစ်ကြောင်း ဝိတက်,ဝိစာရတို့ကို လွန်ခြင်းကြောင့် ဒုတိယစျာန်ရမှုဖြစ်ပါသည်။ သဘာဝအားဖြင့် မရှုနှိုးရင်းကြသော ဖဿ စသည်ကို လွန်ခြင်းကြောင့် ဒုတိယစျာန်ရမှုဖြစ်သည်မဟုတ်ပါ။ ဤအနက်ကို"ဝိတက္ကဝိစာရာနံ ဝူပသမာ"ပါဌ်ဖြင့် ပြပါသည်။ ထို့ကြောင့် ပဌမဇ္ဈာနိက ဝိတက်,ဝိစာရတို့၏ ငြိမ်းခြင်းကို ယူရမည်လော-သို့မဟုတ် ဒုတိယဇ္ဈာနိက ဝိတက်,ဝိစာရတို့၏ ငြိမ်းခြင်းကို ယူရမည်လော-ဟုစောဒနာဖွယ်မရှိတော့ပါ။

ဥပလက္ခဏနည်း။ ။ဝိတက္ကဝိစာရာနံ ဝူပသမာသည် ဒုတိယစျာန်ရခြင်း၏ အကြောင်းကိုသာ ပြသောစကားမဟုတ်ပါ။ပီတိကိုလွန်မြောက်ခြင်းသည် တတိယစျာန်ကို ရခြင်း၏ အကြောင်းဖြစ်သည်။ သုခကို လွန်မြောက်ခြင်းသည် စတုတ္ထစျာန်ကို ရခြင်း၏အကြောင်းဖြစ်သည်ဟု အထက်စျာန်များကို ရခြင်း၏အကြောင်းများကိုလည်း ပြရာရောက်ပါသည်။ ထို့ကြောင့် ဝိတက္ကဝိစာရာနံ ဝူပသမာ သည် ပီတိ,သုခ,သမတိက္ကမတို့ အတွက်ပါမှတ်၍ ပြသော ဥပလက္ခဏနည်း, ဧကဒေသုပစာ စကားဖြစ်သည်ဟု မှတ်ပါ။

အဗ္ဗတ္တံ။ ။အဗ္ဗတ္တ အရ-အဗ္ဗတ္တဗ္ဗတ္တစသော (၃)မျိုးကို မယူရ၊ နိယကဗ္ဗတ္တ ကို ယူရမည်ဖြစ်သောကြောင့် "နိယကဗ္ဗတ္တမမ်ပေတံ"ဟု မိန့်ပါသည်။ နိယကဗ္ဗတ္တကို ယူရာ၌ အကြောင်းကို ပြလိုရ၍ "ဝိဘင်္ဂေ ပန" စသည်ကိုမိန့်။ ဝိဘင်္ဂေ ပန (ဝိဘင်္ဂေပိ)-ဝိဘင်းဌ၌လည်း ဟု အနက်ပေးပါ။

သမ္မယုတ္တဓမ္မေ ။ပေ။ အဓိဝစနံ။ ။သဒ္ဓါစသည်တို့၌လည်း သမ္မယုတ်တရား ၏ သာမာရဏအကြောင်း အသာဓာ-ရဏအကြောင်းများ ဖြစ်နိုင်ကြပါသည်။ သို့သော် သမာဓိသည် စျာန်ခဏ ၌ အစိုးရမှုကို ပြုသောအားဖြင့် လွန်ကဲသောအကြောင်းဖြစ်၏ဟု ပြလိုရ၍ "သမ္မယုတ္တမမ္မေ ။ပ။ အဓိဝစနံ"ဟု မိန့်ဆိုသည်။

နနုစ စသည်။ ။"သမ္မသာဒနံ စေတသော ကောဒိဘာဝ"ဟူသော ဝိသေ-သနနှစ်မျိုးကို စျာန်အတွက် လွန်ကဲသော အနက်ကို ပေးလို ခြင်း၏ အစွမ်းဖြင့်ယူထားပါသည်။ ထိုလွန်မှုကို ဒုတိယစျာန်၌ ရအပ်သကဲ့သို့ ပထမစျာန်၌မရအပ်ဟူသော အထူးကိုပြုခြင်းငှာ 'နနုစ'စသည်ကိုမိန့်ဆိုသည်။

ဝိတက္ကဝိစာရကျော်ဘေန။ပ။နှ သုပ္ပသန္နံ။ ။အာရုံ၌ အာဟနနပရိယာဟန-နအစွမ်းဖြင့်လည်းကောင်း၊ အနု-မဇ္ဇန, အနုယုဇ္ဇန အစွမ်းဖြင့်လည်းကောင်း ဖြစ်ကြသော တရားတို့သည် နိဝရဏတို့ကို ပယ်ပြီးခြင်းကြောင့် ကိလေသာ နှောက်ယှက်မှုမှ ကင်းသော်-လည်း သမ္မယုတ်တရားတို့ကို အနည်းငယ်ချောက်ချားမှုကို ပြုသကဲ့သို့ ဖြစ်-ကြပါသည်။ ထိုဝိတက် ဝိစာရတို့ကြောင့် သမ္မယုတ်တရားများ မငြိမ်သက်ကြ ပါ။ ထို့ကြောင့် "ဝိတက္ကဝိစာရကျော်ဘေန ။ပ။ နှ သုပ္ပသန္နံ" ဟု မိန့်ဆို ပါသည်။

ဝိဝိ တရဂ်ံ။ ။ခုဒ္ဒိကာ ဥမ်ယော ဝိစ်ယော။ မဟတ်ယော တရဂ်ါ။

သမာဓိပိ နှ သုဒ္ဓ ပါကဋော။ ။ဤနေ့ညီမျှမှု ဝိရိယနှင့် ညီမျှမှုရှိသော်-လည်း ဝိတက် ဝိစာရချောက်ချားမှု-ကြောင့်လည်းကောင်း၊ သဒ္ဓါတရားမရှိသောကြောင့် လည်းကောင်း (ထူထဲ-သောရေ၌ ငါးမထင်ရှားသကဲ့သို့) သမာဓိအလွန်မထင်ရှားပါ။

ဒေ၀ ဝုဋ္ဌေန။ ။စျာန်ကို သမ္ပသာဒနဟု ခေါ်ဝေကြောင်း ဒေ၀ဘေရီတာ၀ဟု ဟောရကြောင်း သဒ္ဓါကေဂ္ဂတာတို့၏သာလျှင် ဖြစ်ပုံ

အခြင်းအရာအသွေးကို ထင်စွာပြသောအားဖြင့် ဗျာနုဝိဘင်း ပါဠိတော်၌ ဟောတော်မူပါသည်။

အယံ အတ္ထဝဏ္ဏနာ။ ။သမ္မသာဒနယောဂတော, သမ္မသာဒနတော ဝါ သမ္မသာဒနံ။ ဧကောဒိ ဘာဝေတိတိ ဧကောဒိဘာဝန္တိ စိတ္တံ ဝုတ္တံ ဟူသော အတ္ထဝဏ္ဏနာ။

အညဒတ္ထု သံသန္ဒတိ ဧစဝ သမေတိ စ။ ။ဗျာနုဝိဘင်း၌ သမ္မသာဒန ပုဒ်ကို ထုတ်၍ "ယာ သဒ္ဓါ သဒ္ဓဟနာ" စသည်ဖြင့် သဒ္ဓါစေတသိက်ကိုလည်းကောင်း၊ စေတသော ဧကောဒိဘာဝံ ကိုထုတ်၍ "ယာ စိတ္တဿ ဌိတိ" စသည်ဖြင့် သမာဓိကို လည်းကောင်း ညွှန်ပြတော်မူ၍ ဤအဋ္ဌကထာ၌ကား ထိုနှစ်ပုဒ်ဖြင့် ဗျာန် ကိုသာဆိုထားသော ကြောင့် ဆန့်ကျင်မှု ဖြစ်ရာသည်မဟုတ်ပါ၊လော ဟု မေးဖွယ်ရှိ၏။ အဖြေကား- မဆန့်ကျင်ပါ။ ဘာ့ကြောင့်နည်း- ဝိဘင်းပါဠိတော်၌လည်း ဤအလို ဖြင့်ပင် အကျယ်နိဒ္ဒေသပြုတော်မူသောကြောင့်တည်း။ ခဲ့ပါဦးအုံ- ဝိဘင်း ပါဠိတော်၌ သမ္မသာဒနံ အရ-သဒ္ဓါကိုသာပြသော်လည်း သမ္မသာဒနံသည် ဗျာန်၏အရတူ တုလျှာမိုကရဏဝိသေသနဖြစ်သောကြောင့် ဘုရား အလို တော်မှာလည်း ထိုသဒ္ဓါနှင့်ယှဉ်သော ဗျာန်တိုင်အောင်ပင် ယူတော်မူလို၏။ ဧကောဒိဘာဝံ အရ-ပါဠိတော်၌ သမာဓိကိုသာပြသော်လည်း ဗျာန် နှင့် အရတူ ဝိသေသနဖြစ်သောကြောင့် ဗျာန်တိုင်အောင်ပင် ယူစေတော်မူလို၏။ ထို့ကြောင့်ထိုပါဠိတော်နှင့် ဤအဋ္ဌကထာဖွင့်ပုံသည် ဂဂ်ါရေနှင့်ယမုနာရေ ရောသကဲ့သို့ နှီးနှောမိပါသည်။

အရှင်ဓမ္မပါလ စသော ဋီကာဆရာများ၏။ ။ဧကောဒိဖြင့် သမာဓိကိုယူ လိုလျှင် ဧကောဒိဘာဝံပုဒ်ကို ထုတ်၍ သမာဓိအတွက်ညွှန်ပြမှု မပြုသင့်။သမာဓိအနက်ဟော ဧကော-ဒိဘာဝ သဒ္ဓါသည် သမ္မသာဒန သဒ္ဒ၊ကဲ့သို့ ဗျာန်၌ဖြစ်၏ ဟု အရှင်ဓမ္မပါလ စသော ဋီကာဆရာများ မိန့်ဆိုကြပါ၊သည်။ ထိုအဆိုသည် အဋ္ဌကထာနှင့် ဆန့် ကျင်သောကြောင့် အဋ္ဌကထာမှအလွတ်နည်းတမျိုး ဟု မှတ်ပါ။ ထိုဋီကာ ဆရာများက ဝိဘက်,ဝိစာရတို့သည် မတော်ရောက်အပ်သောကြောင့် "ကေ ဉ္ဇဒိတိတိ ဧကောဒိ" အရ- ဗျာန်စိတ်ကိုကောက်၍ "ဧကောဒိဿ ဘာဝေါ ဧကောဒိဘာဝေါ" အရ- သမာဓိကိုကောက်လိုကြ၏။ ဋီကာဆရာများက ဧကောဒိ အရ- သမာဓိကိုကောက်ယူလိုလျှင် ဧကောဒိဘာဝံပုဒ်ကို စတည် ကာ သမာဓိကိုညွှန်ပြမှုမပြုရာဟု ယူဆသည်။

ထိုဋ္ဌိကာဆရာများ၏ဝါဒမသင့်။ ။သဒ္ဒါနှင့်အရေကောက် ကိုက်ညီအောင်ညှိ မှုသည် ဧကန်မှုသေမဟုတ်သောကြောင့် ထိုဋ္ဌိကာဆရာများ၏ဝါဒသည် မသင့်ပါ။ မှန်၏။ အခြားနေရာများ၌လည်း သဒ္ဒါစိစစ်မှုမပြုပဲ အနက်မျှကိုသာ များသောအားဖြင့် ဝိဘင်း၌ညွှန်ပြထား မှုကို တွေ့နိုင်ပါသည်။

ပုရိမံ ဝတ္ဌာပိ ပုန ဝတ္ဌမေဝ။ ။ဒုတိယစျာန်စသည်ရခြင်း၏အကြောင်း ကိုလည်းကောင်း၊ အဗ္ဗတ္တသမ္ပသာဒန မည်ခြင်း၏အကြောင်းကိုလည်းကောင်း၊ စေတသော ဧကောဒိဘာဝ မည် ခြင်း၏အကြောင်းကိုလည်းကောင်း၊အုဝိတက္ကအဝိစာရဖြစ်ခြင်း၏အကြောင်း ကိုလည်းကောင်း ပြတတ်သော "ဝိတက္ကဝိစာရာနံဝူပသမာ" ဟူသောစကား ဖြင့်ပင် ဝိတက်, ဝိစာရ မရှိခြင်းကို ပြုအပ်ပြီးမဟုတ်ပါလော၊ "အဝိတက္ကအဝိစာရံ"ကိုထပ်၍ ဟောခြင်းဖြင့် အဘယ်အကျိုးရှိသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား– "အဝိတက္ကအဝိစာရံ" ကို မဟောသင့် မဟုတ်၊ ဟောသင့်ပါ သည်။ ဘာ့ကြောင့်နည်း–ဝိတက်,ဝိစာရမရှိခြင်းအနက်ကို"ဝိတက္ကဝိစာရာနံ ဝူပသမာ" ပါဠိက မပြနိုင်သောကြောင့်တည်း။ မှန်၏။ ဝိတက္ကဝိစာရဝူပသမ သဒ္ဒါဖြင့် ဝိတက်, ဝိစာရတို့၏ မဖြစ်ခြင်းကို မဟောပါ။

ပဌမဗျာနသမာဓိတော။ ။ပထမစျာန်သည် ဒုတိယစျာန်အား ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသောကြောင့် "ပဌမဗျာန-သမာဓိဟော" ဟု မိန့်သည်။

ပရိယာယေနယေ စ ဧသော။ ။"စျာနန္တိ သမ္မသာဒေါ ပိတိ သုခံ စိတ္တဿ-ဧကဂ္ဂတာ" ဟူသော စကားကို ဝိဘင်းပါဠိ တော်၌ အခြံအရံအင်္ဂါနှင့်တကွသော စျာန်ကိုပြခြင်းငှာ ပရိယာယ်အားဖြင့် ပြပါသည်။ မှန်ပါသည်။ သမ္မသာဒနသည် ရတား၏ ပဏ္ဍုကမ္ဗလာအခင်း ကဲ့သို့ စျာန်၏အဆင်းတန်ဆာ အခြံအရံမျှသာ ဖြစ်ပါသည်။ စျာန်၏အင်္ဂါ မဟုတ်ပါ။ ထို့ကြောင့် "ပရိယာယေနယေ စ ဧသော" ဟု မိန့်ပါသည်။

သမ္မသာဒနံ ပန ဌပေတွာ။ ။မုချအားဖြင့် ဥပနိဗျာနလက္ခဏာသို့ ရောက်ကြ သော အင်္ဂါတို့၏အစွမ်းဖြင့် စျာန်သည် အင်္ဂါ (၃)ပါးသာ ရှိသောကြောင့် "သမ္မသာဒနံ ပန ဌပေတွာ" စသည်ကို မိန့်ဆိုသည်။

တတိယဈာနကထာ

ဝိရာဂါ။ ။မဟာပ်မက်မှုဟူသည် ငြီးငွေ့မှုကို ပမာနပြု၍ ရှုတ်ချစက်ဆုပ်ခြင်း, ပိတိနှင့်စပ်သော ရာဂများကို ပယ်ခြင်းများတည်း ဟု ပြုလို၍ "တဿာ ဇိဂုစ္ဆနံ ဝါ သဒ္ဒတိက္ကမော ဝါ" ဟု ဖွင့်သည်။ (သမ္မိုဏ္ဍနံ သမ္ဘုဇယော)

သမံ ပဿတိ။ ။အညီအမျှ ရှုက်ဆောင်သည်၏အဖြစ်ဖြင့် သင့်တင့်သော အားဖြင့်ဖြစ်သော စျာနုပေက္ခာသည်လည်း အညီအမျှ ရှုက်ဆောင်မှုကိုပင် အတွင်းခ၌ဆောင်၍ဖြစ်သောကြောင့် "သမံ ပဿတိ" ဟု မိန့်ပါသည်။

ဤ၌လိုအပ်သောဥပေက္ခာ၏ဂုဏ်ရည်များ။ ။၁။ ဝိသဒါ - သံကိလေသမှ ကင်းသောကြောင့် သန့်ရှင်းတင်ရှားခြင်း၊ ၂။ ဝိပုလာ--အလွန်အကဲမဟာဂုတ်အဖြစ်သို့ ရောက်သောကြောင့် ကြီးကျယ်မြင့်မြတ်ခြင်း၊ ၃။ ထာမဂတာ-ပိတိကင်းခြင်းကြောင့် ခိုင်မြဲခြင်းသို့ ရောက်ခြင်း။

ဥပေက္ခာ ပန ဒသဝိဓာ ဟောတိ။ ။ဤတတိယစျာန်၌ သုခသာယှဉ်၍ ဥပေက္ခာပေဒနာ မယှဉ်သည်မဟုတ်ပါလော၊ ဤတတိယဈာနသမာဓိပုဂ္ဂိုလ်ကို အတယ်နည်းဖြင့် ဥပေက္ခကော ဟု ဟောနိုင်ပါသနည်း ဟု မေးဖွယ်ရှိသောကြောင့် "ဥပေက္ခာ ပန" စသည်ကို မိန့်သည်။

အဓိပ္ပာယ်ကား—ဥပေက္ခာသည် ပေဒနုပေက္ခာသာ ရှိသည်မဟုတ်၊ အခြားဥပေက္ခာများလည်း ရှိသောကြောင့် ဥပေက္ခကောဟု ဟောနိုင်သည် ဟူလို။

ဥပေက္ခာ (၁၀)ပါး

၁။ ရဟန္တာပုဂ္ဂိုလ်၏ ဒွါရ(၆)ပါးဟု၌ ကုန်ဘွားရုံ အနိမ့်ဘွားရုံ ယင်ရာအခါ၌ စင်ကြယ်သော ပကတိသဘောကို မစွန့်သော အခြင်းအရာဖြစ်သော ဥပေက္ခာသည် ဆဠင်္ဂုပေက္ခာ မည်၏။

၂။ သတ္တဝါဟု၌ အလယ်အလတ်သဘောရှိသော အခြင်းအရာဟု ဆိုအပ်သော ဥပေက္ခာသည် ဗြဟ္မဝိဟာရုပေက္ခာမည်၏။

၃။ သဟဇာတ်တရားတို့၏ အလယ်အလတ်ဌိတည်သော သဘော ဟူသော အခြင်းအရာဖြစ်သော ဥပေက္ခာသည် ဇောဇ္ဈင်-ပေက္ခာမည်၏။

၄။ မတင်းလွန်း မလျှော့လွန်း သော ဝီရိယသည် ပီရိယုပေက္ခာ မည်၏။

၅။ နိဝရဏစသည်တို့ကို သိမ်းယူမှုဌိ ကြောင့်ကြ မစိုက်သောအား ဖြင့် အလယ်အလတ်ဌိ တည်မှုဟူသော အခြင်းအရာ ဖြစ်သော ဥပေက္ခာသည် သင်္ခါရုပေက္ခာ မည်၏။

၆။ အဒုက္ခမသုခဝေဒနာသည် ဝေဒနုပေက္ခာ မည်၏။

၇။ လက္ခဏာ (၃)ပါးကို မြင်ပြီးသော ပုဂ္ဂိုလ်၏ ခန္ဓပဋိဂ၏ သင်္ခါရလက္ခဏာကို စိစစ်ရာဌိ လျစ်လျူရှုသော ဥပေက္ခာသည် ဝိပဿနုပေက္ခာ မည်၏။

၈။ ဆန္ဒစသော ယေဝါပနက တရားတို့တွင် ပါဝင်သော သဟ ဇာတ်တရားတို့၏ အညီအမျှဖြစ်ကြောင်း ဥပေက္ခာသည် တစ္ဆာ-မဇ္ဈတ္တုပေက္ခာ မည်၏။

၉။ အမြက်ဆုံးချမ်းသာဌိသော်မှလည်း ဘက်ဌိ မကျအောင်ထိန်း နိုင်သော ဥပေက္ခာသည် စျာနုပေက္ခာ မည်၏။

၁၀။ ဆန်ကျင်ဘက်ဖြစ်သော်လည်းဟို့မှ စင်ကျယ်သော ဆန်ကျင်ဘက်တရား များ၏ခြိမ်းမှုဌိသော်မှလည်း ကြောင့်ကြဗျာပါရ မရှိသောဥပေက္ခာ သည် ပါရိသုဒ္ဓုပေက္ခာ မည်၏။

သမယ၏အစွမ်းဖြင့်ဖြစ်သော သင်္ခါရုပေက္ခာ(၈)ပါး

၁။ ပထမဈာနပဋိလာဘတ္ထာယ နိဝရဏော ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာ သင်္ခါရုပေက္ခာသု ဉာဏံ။

၂။ ဒုတိယ....ဝိတက္ကဝိစာရေ ပဋိသင်္ခါ...ဉာဏံ။

၃။ တတိယ....ပီတိ ပဋိသင်္ခါ... ဉာဏံ။

၄။ စတုတ္ထ....သုခဒုက္ခေ....ဉာဏံ။

၅။ အာကာသာနဉ္စာယတန သမာပတ္တိပဋိလာဘတ္ထာယ ရူပသညံ ပဋိဃသညံ နာနတ္တသညံ ။ပ။ ဉာဏံ။

၆။ ဝိညာဏဉ္စာယတန .... အာကာသာနဉ္စာယတနသညံ ။ပ။ ဉာဏံ။

၇။ အာကိဉ္စညာယတန.... ဝိညာဏဉ္စာယတနသညံ ။ပ။ ဉာဏံ။

၈။ နေဝသညာနာသညာယတန.... အာကိဉ္စညာယတနသည့် ။ပ။ ဥဏာံ။

ဝိပဿနာ၏အစွမ်းဖြင့်သင်္ခါရပေကွာ(၁၀)ပါး

၁။ သောတာပတ္တိမဂ္ဂပဋိလာဘင်္ဂတ္တာယ ဥပ္ပါဒံ ပဝတ္တံ နိမိတ္တံ အာယူ-ဟနံ ပဋိသန္ဓိ ဂတိ နိဗ္ဗတ္တိ ဥပပတ္တိ ဇာတိ ဇရံ ဗျာဓိ မရဏံ သောကံ ပရိဒေဝံ ဥပါယာသံ ပဋိသင်္ခါ သန္တိဋ္ဌနာ ပညာ သင်္ခါရပေကွာသု ဥဏာံ။

၂။ သောတာပတ္တိဖလသမာပတ္တတ္ထာယ ဥပ္ပါဒံ ပဝတ္တံ နိမိတ္တံ အာ-ယူဟနံ ပဋိသန္ဓိ ပဋိသင်္ခါ ။ပ။ ဥဏာံ။

၃။ သကဒါဂါမိမဂ္ဂ....

၄။ သကဒါဂါမိဖလ....

၅။ အနာဂါမိမဂ္ဂ....

၆။ အနာဂါမိဖလ....

၇။ အရဟတ္တမဂ္ဂ....

၈။ အရဟတ္တဖလ....

၉။ သုညတဝိဟာရသမာပတ္တတ္ထာယ

၁၀။ အနိမိတ္တဝိဟာရသမာပတ္တတ္ထာယ

အမှာ—ဥပ္ပါဒံ စသောကံပုဒ်မျှားသည် မဂ် (၄)ပါးဌ် (၁၅)ခုစီရှိ၍ သမာပတ္တိ (၆)ပါးဌ် (၅)ပုဒ်စီသာ ရှိပါသည်။ ပုဒ်ရေမတူခြင်းမှာ သင်္ခါရ-ပေကွာထက်မှ ကိလေသာပယ်စွမ်းနိုင်သော မဂ်ဖြစ်နိုင်သောကြောင့် သင်္ခါရ-ပေကွာ၏ ထက်ကြောင်းကို ပြခြင်းအကျိုးငှာ မဂ်အတွက် ဝေဝုစ်မျှားစွာ ဟောပါသည်။ ဖိုလ်သည်ကား ပြိုမ်သက်သောသဘော ရှိသောကြောင့် လည်းကောင်း၊ မဂ်နှင့်စပ်သောကြောင့် လည်းကောင်း သင်္ခါရပေကွာ နှုတ်-သော်လည်း မထက်သော်လည်း ဖိုလ်၏အကြောင်း ဖြစ်နိုင်၏ဟု ပြခြင်း-အကျိုးငှာ (၅)ပုဒ်သာ ဟောတော်မူပါသည်။

သုညတ စသည်။ ။မဂ္ဂဝါရ (၄)ခုဌ် သုညတမဂ်စသည်တို့တွင် တမျိုးမျိုး-ကို ယူနိုင်၍ ဖလဝါရ (၄)ခုတို့ဌ်ကား အပွဏိဟိတ-ဖလသမာပတ်ကိုသာ ယူရသည်။ ဘာကြောင့်နည်း—"သုညတဝိဟာရ-သမာပတ္တတ္ထာယ၊ အနိမိတ္တဝိဟာရသမာပတ္တတ္ထာယ"ဟု အခြားဖလသမာ-ပတ် (၂)မျိုးကို သီးခြား ဆိုထားသောကြောင့်တည်း။

သခ္ဓပ်နှင့်အရကောက်ပြဆောင်ပုဒ်။ ။

ဆ, ဗြ, ဗော, ဝိ၊ သင်, ဝေ, ဝိ၊ ပါရိ, တ, စျာနှ်။
ဆ, ဗြ, ဗော, တ၊ စျာနှင့်ပ၊ အတ္ထတတြာ။
သင်, ဝိဘေဒ၊ ဒ္ဒေဝမ္မ၊ အတ္ထမြတ်ပညာ။
ရိ, ဝေဘေဒ၊ ဒ္ဒေဝမ္မ၊ အတ္ထကိုယ်စီပါ။

တရားကိုယ်တူလျက်ကွဲပြား။ ။တတြာမဇ္ဈတ္တ၊ ပေကွာသည် အခိုက်အတန့်ကွဲ သောကြောင့် (၅)မျိုးဖြစ်၍ ပညာကား ကိန္ဒကွဲသောကြောင့် (၂)မျိုးပြားပါသည်။

ဘူမိပုဂ္ဂလဝိတ္ထာရမ္မဏတော စသည်

၁။ ဆဋ္ဌဂုံပေကွာသည် ကာမာဝစရဖြစ်၍၊ ဗြဟ္မာ၀ိဟာရ၊ ပေကွာသည် ရူပါဝစရဖြစ်ပါသည်။

၂။ ဆဋ္ဌဂုံပေကွာသည် ရဟန္တာသန္တာန်ဌသာဖြစ်၍၊ ဗြဟ္မာ၀ိဟာ-ရ၊ ပေကွာသည် ပုထုဇဉ်, သေက္ခ, အသေက္ခ (၃)မျိုးလုံးဌ ဖြစ်ပါသည်။

၃။ ဆဋ္ဌဂုံပေကွာသည် သောမနဿသဟဂုတ်စိတ်, ဥပေက္ခာသဟ-ဂုတ်စိတ်များဌ ယှဉ်ပါသည်။

၄။ ဆဋ္ဌဂုံပေကွာသည် အာရုံ(၆)ပါးကို အာရုံပြု၍၊ ဗြဟ္မ၀ိဟာ-ရ၊ ပေကွာကား ဓမ္မာရုံကို အာရုံပြုပါသည်။

၅။ ဝေဒနာ၊ ပေကွာကို ဝေဒနာကွန္ဓာဖြင့် ရေတွက်၍၊ ကျန် (၉)ပါးကို သင်္ခါရကွန္ဓာဖြင့် ရေတွက်ပါ။

၆။ ဆ-ဗြ-ဗော-တ-စျာနှင့်ပတို့သည် လည်းကောင်း၊ သင်နှင့်ဝိ သည် လည်းကောင်း တရားကိုယ်တူကြသောကြောင့် ဟပါး ဖြစ်လျှင် ကျန်ဝေဒနာများ မဖြစ်နိုင်ပါ။ ဝိနှင့်ဝေကား တရား ကိုယ်ကွဲ၍ တပြိုင်နက်မသာခဏာ၌ နှစ်ခုတွဲ၍ ဖြစ်နိုင်ပါသည်။

၇။ ဆဋ္ဌဂုံပေကွာသည် အဗျာကတဖြစ်၍ ဝေဒနာ၊ ပေကွာသည် ကု, အကု, ဗျာဖြစ်၏။ ကြွင်းကု, ဗျာဘည်း။

သုဒ္ဓိပ်။ ။ဤ(၁၀)ပါးကို အကျဉ်းချုပ်သော် ဝီရိယ, ဝေဒနာ, တတြ-မဇ္ဈတ္တဘာ, ပညာဟု (၄)မျိုးသာ ရှိပါသည်။

အနာဘောဂရသာ။ ။မည္ဟုတ်ပဲ နှလုံးမသွင်းပဲ မနေနိုင်လောက်အောင် မွန်မြတ်သော တတိယစျာန်ချမ်းသာ၌ သော်လည်း နှလုံးမသွင်းခြင်း အဓေးမပါခြင်းကိစ္စရှိ၏။

အဗျာပါရပစ္စုပဋ္ဌာနာ။ ။ဤစျာန်မှအထက်၌သုခယှဉ်စရာမရှိတော့သဖြင့် သုခကို၏ဘိပ်ဆုံးသို့ ရောက်နေပါ သော်လည်း သုခ၌ ကြောင့်ကြမစိုက်သည်ဖြစ်၍ ယောဂိတို့ဉာဏ်အား:ထင်လာ၏။

အပရိဗျတ္တိကိစ္စတော။ ။သမ္မယုတ်တရား:တို့၏ ချောက်ချား:မှု ပေါ်လွင်မှုကို ဆောင်တတ်သော ဝိဘက် စသည်တို့က ဖုံး:လွှမ်း အပ်သောကြောင့် ပထမစျာန် ဒုတိယစျာန်တို့၌ တတြမဇ္ဈတ္တတာ၏ကိစ္စသည် မထင်ရှား:ပါ။ ဤဒုတိယစျာန်၌ကား: ဝိတက်ဝိစာရမရှိသောကြောင့် တတြ-မဇ္ဈတ္တတာ၏ ကိစ္စထင်ရှား:ပါသည်။ ထို့ကြောင့် "အပရိဗျတ္တိကိစ္စတော" ဟု မိန့်ဆိုသည်။

သြဠာရိကတ္တာ ပန တေသံ စျာနာနံ။ ။ဥပစာရစျာန် စသည်ကို ထောက်သော် ပထမစျာန် ဒုတိယစျာန် စသည်တို့သည်လည်း သုခုမပင် ဖြစ်ကြပါသည်။ သို့သော် အထက်ဗာတိယ စျာန်ကို၎ထောက်၍ "သြဠာရိကတ္တာ ပန တေသံ စျာနာနံ" ဟု မိန့်ပါသည်။ ဝိဘက်,ဝိစာရ,ပီတိ ဟူသောကြမ်း:တမ်း:သော အင်္ဂါရှိသောကြောင့် သြဠာ ရိက ဟု ဆိုသည်။

အဗျတ္တံ တတ္ထ သဘိသမ္မဇ္ဇညကိစ္စံ။ ။ဤမည်သော ခဲယဉ်း:စွာ ပြုအပ်သော အမှုကို ပြုအပ်ပြုနိုင်၏ဟု ဆိုစရာမရှိ သောကြောင့် "အဗျတ္တံ တတ္ထ သဘိသမ္မဇ္ဇညကိစ္စံ" ဟု မိန့်သည်။

သြဠာရိကင်ပွဟာနေန ပန သုခုမတ္တာ။ ။ဤ အနက်အဓိပ္ပါယ် သည် ဒုတိယစျာန်၌လည်း ဖြစ်သင့်ပါသည်။ သို့သော်များ:သောအား:ဖြင့် မခက္ခမကဘာယှဉ်သောအား:ဖြင့် ဖြစ်ကြသော ပီတိ,သုခတို့တွင် ပီတိဟူသော ရုန်ရင်း:သော အင်္ဂါကို ပယ်နိုင်သည့်အဘွက် သိမ်မွေ့သောကြောင့် ဤတတိယစျာန်၌ သတိ, ပညာတို့၏ ဗျာပါရသည် လွန်ကဲ၏။ ထို့ကြောင့် "သြဠာရိကင်ပွဟာနေန" စသည်ကို မိန့်ဆိုသည်။

ပုနဒေဝ ပိတိ ဥပဂဇ္ဆယျ။ ။ဟာနဘာဂိယ စျာန်ဖြစ်လျှင် ဒုတိယစျာန်သာဖြစ်စရာရှိ၏ဟူလို။ ထို့ကြောင့် "ပီတိ-သမ္မယုတ္တမေဝ သိယာ"ဟု မိန့်ဆိုသည်။

ဣဒဉ္စ အတိမဓုရံ သုခံ။ ။တတိယစျာန်ချမ်းသာကို ရည်ရွယ်၍ဆိုပါသည်။ ရှင်ပြခြင်းသဘော တက်ကြွခြင်းသဘော ရှိသော ပီတိမရှိသောကြောင့်ပင် ဤတတိယစျာန်ချမ်းသာကို အတိမဓုရ ဟု ဆိုသည်။

သုခဉ္စ ကာယေန ပဋိသံဝေဒေသိ။ ။သုခခံစားဉီးမည်ဟု နှလုံးသွင်းမရှိသော်လည်း နာမကာယဖြင့် စေတ-သိကသုခကိုလည်းကောင်း၊ ကာယိကသုခ၏အကြောင်းဖြစ်သောရူပ်ကို ဖြစ်စေသောအားဖြင့် ကာယိကသုခကိုလည်းကောင်း စျာနသမင်္ဂီသည် ခံစား၏ဟု ဆိုနိုင်သည်။

ပသံသန္တိတိ အဓိပ္ပါယော။ ။အာစိဏ्णစသော ပုဒ်မျှားသည် ချီးမွမ်းခြင်း အနက်ဟောပုဒ်မျှား တည်းဟူသော အလို ဖြင့်"ပသံသန္တိတိ အဓိပ္ပါယော"ဟု မိန့်ဆိုသည်။

သတိမာ၊ ။ဤနေရာမျိုးဌ သတိကိုယူလျှင် သမ္ပဇဉ်ကိုယူပြီး ဖြစ်သော ကြောင့် ဤပါဠိတော်ဌ သတိကိုသာယူထားရကား "ဥပဋ္ဌိ-တသတိတာယ သတိမာ"ဟု သာဖွင့်ဆိုသည်။ တနည်း- သမ္ပဇာနော ဟု အောက်ဌ ဟောတော်မူခဲ့သောကြောင့် သမ္ပဇဉ်ကို မသည့်ကောဲ "ဥပဋ္ဌိ-တသတိတာယ သတိမာ"ဟု ဖွင့်သည်၊

အသံကိလိဋ္ဌံ။ ။ကိလေသာဟို့နှင့် မရောသောကြောင့် မညစ်နွမ်း။

သုခံ နာမကာယေန ပဋိသံဝေဒေတိ၊ ။ဈာန်ခဏာဌ မုချအားဖြင့် စေတသိကသုခကိုသာ ရှိနိုင်သော ကြောင့် "သုခံ နာမကာယေန ပဋိသံဝေဒေတိ" ဟု မိန့်သည်။

စတုတ္ထဈာနကထာ

ပဟာနက္ကမေန အဝုတ္ထာနံ။ ။ပဟာနက္ကမ ဟူသည်-ပယ်တော်သောတရားတို့၏ ဖြစ်စဉ်တည်း။ ပယ်တော်သောတရားဟူသည် စျာန်(၄)ပါးတို့၏ (ဥပစာ)တည်း။ထိုပယ်စဉ်ဖြင့် ဟောလျှင် "ဒုက္ခံ ဒေါမနဿံ သုခံ သောမနဿံ" ဟု ဟောရပါလိမ့်မည်၊ ဣန္ဒြိယဝိဘင်းဌ

လာသော ဥဒ္ဒေသအစဉ်အားဖြင့်သာ ဟော်လိုသောကြောင့် ပဟာနက္ကမ အားဖြင့် မဟော်ဟုမှတ်ပါ။

နံ့ဝနာဝဇ္ဇေန။ ။အပ္ပနာဝိထိ၏ဖြစ်ကြောင်း အာဝဇ္ဇန်းမှကဲ့သော အာဝဇ္ဇန်း ရှိသော၊ ဝါ-မျှားသော အာဝဇ္ဇန်းရှိသော ဟု ပေးပါ။ မှန်ပါသည်။ အပ္ပနာဝိထိ၌ ဥပစာသည် အာဝဇ္ဇန်းတမျိုးသာရှိ၍ အခြားဝိထိမျှား၌ ဥပစာသည် အာဝဇ္ဇန်းအများကြီးရှိပါသည်။ ဘာ့ကြောင့်နည်း-အကြိမ်မျှားစွာ ဖြစ်သောကြောင့်တည်း။

ပိတိဖရဏေန။ ။ပိတိမှာ ဖြန့်ခြင်းကိစ္စရှိသောကြောင့်၊ တနည်း-ပိတိကြောင့်ဖြစ်သော ပဏီတရုပ်များ ကိုယ်မှာပြန့်နေသောကြောင့် "ပိတိဖရဏေန" ဟု ဆိုသည်။ ထို့ကြောင့် "**သဗ္ဗေဒ် ကာယော-သုခေါက္ကန္ဒော ဟောတိ**" ဟု မိန့်ပါသည်။

ပဋိပက္ခေန အဝိဟတတ္တာ။ ။ပဏီတရုပ် ပြန့်နေသောကိုယ်သည် သုံခသို့ သက်ရောက်နေသောကိုယ် ဖြစ်ရကား မညှိမသက်တ် ယိုင်နေရသည့်အတွက် ပင်ပန်းမှုစသည်ကြောင့် ဒုက္ခဖြစ်စရာ လုံးဝ မရှိတော့ပါ။ ထို့ကြောင့် "ပဋိပက္ခေန အဝိဟတတ္တာ" ဟု မိန့်သည်။

ဝိတက္ကဝိစာရပစ္စယေပိ။ ။[ပိုကို ပဟီနသဘောင် ရှေ့၍ပေးပါ။] "တဿ မယုံ အတိစိရံ ဝိတက္ကယတော ဝိစာရယတော ကာယောပိ ကိလမတိ၊ စိတ္တမ္ပိ ဥဟညိ" ဟု ဟောခဲ့သော်မူခြင်းကြောင့် ကိုယ်ပင်ပန်းမှု စိတ်ပင်ပန်းမှုများမှာ ဝိတက်ဝိစာရ အကြောင်းရှိကြောင်းကို သိနိုင်ပါသည်။

တတ္ထသ သိယာ ဥပ္ပတ္တိ။ ။ထိုဒုတိယစျာန်၏ ဥပစာ၌ ပဏ်အပ်ခဲ့ပြီးသော်လည်း ထိုဒေါမနဿိန္ဒြေ ဖြစ်ပေါ်စရာ ရှိပါသည်။

ဝါဒန္တရ။ ။"တတ္ထသ သိယာ ဥပ္ပတ္တိ" ဖြင့် စျာနလာဘီတို့မှာလည်း ဒေါမနဿဖြစ်မှု ရှိသည်ဟု ပြသည်။ (ဒဿနတ္ထ) ထိုသို့ပြသဖြင့် နိဝရဏသဘောမရှိသော လောဘရှိသကဲ့သို့ ဒေါသလည်း ရှိသည်ဟု ထင်ရှားပြသည်။ (ဒီပနတ္ထ) ဤသို့ စသည်ဖြင့် ဧကေဆရာတို့ မိန့်ကြ၏။ ထိုအဆို မသင့်ပါ။ ဘာ့ကြောင့်နည်း-နိဝရဏသဘော မရှိ**သော** ဒေါမနဿ မရှိနိုင်ခဲသောကြောင့်ဘည်း။ အကယ်၍ရှိလျှင် ရူပါဝစရသတ္တဝါ အရူပါ-

ဝစရသတ္တဝါများ၏ သန္တာန်မှာလည်း ဒေါမနဿဖြစ်ပေလိမ့်မည်၊ တကယ်ကား မဖြစ်ပါ။ "တတ္ထသ သိယာ ဥပ္ပတ္တိ" ဟူသော ဤပရိကပ္ပစကားသည် ဥပစာရခဏာ၌ ဒေါမနဿကို မပယ်အပ်သောကြောင်းကို ပြခြင်းအကျိုးရှိပါသည်။

အာသန္နတ္တာ။ ။သောမနဿိန္ဒြေကို ပယ်ပြီးသော်လည်း ပီတိကဲ့သို့မဝေး သောကြောင့် "အာသန္န" ဟု ဆိုသည်။

အပ္ပနာပတ္တာယ စသည်။ ။အမျိုးမျိုးသော အာဝဇ္ဇန်းရှိသော ဥပစာအခိုက်၌ ပယ်အပ်ပြီးသော်လည်း ပယ်အပ်ပြီးသောအခါသည် ဆန့်ကျင်ဘက်တရားက ပယ်သတ်အပ်သည် မဟုတ်သောကြောင့်အကြားအကြား၌ ဖြစ်စရာရှိပါသည်။ ဤအနက်အဓိပ္ပါယ်ကိုပြလိုရှိ "အပ္ပနာပတ္တာယ" စသည်ကို မိန့်ဆိုသည်။အလားတူ အာသေဝနကို အလိုရှိအပ်သောကြောင့် မဂ္ဂပိထိမ္မ ရှေးဦးဇောနှစ်ကြိမ်သုံးကြိမ်တို့သည် အနုပဿနာအတူသာဖြစ်ကြသကဲ့သို့ ဤအတူ ဤနေရာ၌လည်း အပ္ပနာဝါရမ္ဘ ရှေးဦးဇောနှစ်ကြိမ်သုံးကြိမ်တို့သည် ဥပေက္ခာသဟဂုတ်သာ ဖြစ်ကြသည်ဟု ဆိုကြ၏။

သုခုမာ။ ။ဒုဗ္ဗညေယျာ-သုခဒုက္ခတို့ကဲ့သို့ မရှုနိုင်း မထင်ရှားသောကြောင့် သိမ်မွေ့၏။ သိမ်မွေ့သည့်အတွက် နည်းမှီကာမှန်•ဆ၍ သိရသောသဘောရှိသောကြောင့် သိနိုင်ခဲ၏။

သက္ကာ ဟောတိ သော ဂါဟယိတုံ။ ။အညာပေါဟန နည်းဖြင့် ယူနိုင်သည် ဟူလို။

ဣဒုက္ခမသုခါယ စေတောဝိမုတ္တိယာ။ ။စတုတ္ထစျာန်ကို ကောက်ပါ။

ပစ္စယဒဿနတ္ထံ။ ။ရခြင်း၏အကြောင်းကိုပြခြင်းငှာ ဟု အနက်ပေးပါ။ထို့ကြောင့် "ဒုက္ခပ္ပဟာနာဒယော ဟိ တဿာ ပစ္စယာ" ဟု မိန့်သည်။ ဒုက္ခပ္ပဟာနာဒယော အရ-ဥပစာရနှင့်တကွ ပဌမစျာန်ကို ကောက်ပါ။

သုခံ သောမနဿဿ ပစ္စယော။ ။ထုံမွှမ်းခြင်း, နံ့သာလိမ်းခြင်း, ပန်းပန်ခြင်း, တန်ဆာ ဆင်ခြင်း စသည်တို့ကြောင့်ဖြစ်သော ကာယိကသုခသည် သောမနဿ၏ အကြောင်း ဖြစ်ပါသည်။

သောမနဿံ ရာဂဿ ပစ္စံယော စသည်။ ။"သုခါယ ခေါ် အာဝုသော ဝိသာခ ဝေဒနာယ ရာဂါနုသယော အနုသေတိ" ဟု ဓမ္မဒိန္နာဘိက္ခုနီက သူ၏ခင်ပွန်းဟောင်း ဝိသာခ ဥပါသကာအား ဟောအပ်သောပါဠိကိုထောက်၍ သောမနဿသည် ရာဂ၏အကြောင်းဟု လည်းကောင်း၊ "ဒုက္ခာယ ခေါ် အာဝုသော ဝိသာခ ဝေဒနာယ ပဋိဃာနုသယော အနုသေတိ" ဟု ဆိုသောကြောင့် ဒေါမနဿသည် ဒေါသ၏အကြောင်းဟု လည်းကောင်း ဆိုပါသည်။

ပဋိပက္ခဘူတံ။ ။တတိယဝေဒနာသို့ ဒုက္ခစသည်တို့ကို လွန်မြောက်ခြင်း၏ အစွမ်းဖြင့်ရောက်ရသောကြောင့် ပဋိပက္ခဟု ဆိုပါသည်။ ကုသိုလ် အကုသိုလ် တို့ကဲ့သို့ ဖြောင့်ဖြောင့်ဆန်ကျင်ဘက် ဖြစ်သောကြောင့် ပဋိပက္ခဲ ဟု ဆိုသည်မဟုတ်ပါ။

အဝိဘူတမစ္ဆရိယဗဟုလာ။ ။ဥပေက္ခာသည်- သုခ,ဒုက္ခတို့ကဲ့သို့ အခြင်းအရာ မထင်ရှားပါ။ ကျောက်ဖျာပေါ်၌ သမင်သွားလမ်းကို မုန်းဆ၍သိရသကဲ့သို့ ထိုသုခ,ဒုက္ခတို့ဖြင့် မုန်းဆ၍ သိအပ်သော မထင်ရှားသော အခြင်းအရာဟု ယောဂီတို့ကုလားအား ဒေါ်ရှုထင်လာ၏။

သတိယာ ပါရိသုဒ္ဓိ၊ သာ ဥပေက္ခာယ ကတာ နု အဝညေန။ ။ဆန့်ကျင်ဘက်တရား အားလုံးတို့မှ စင်ကြယ်သော ဆန့်ကျင်ဘက်စိတ်၌သော်မှလည်း ကြောင့်ကြမဖိုက်သော ပါရိသုဒ္ဓိဥပေက္ခာ ဖြစ်လသော် စတုတ္ထစျာန်၌ သတိသည် သမ္ပယုတ်သနုပညာကဲ့သို့ အလွန်သန့်ရှင်းစင်ကြယ်ပါသည်။ ထို့ကြောင့် "သတိ-ယာ ။ပ။ နု အဝညေန" ဟု မိန့်ဆိုသည်။ သတိသာမက သမ္ပယုတ်တရား အားလုံးပါသည်။ သို့သော် ပဓာနနည်းအားဖြင့် သတိခေါင်းတပ်၍ "သတိပါရိသုဒ္ဓိ" ဟု ဟောတော်မူခြင်း ဖြစ်ပါသည်။

တက္ကေ ကိဉ္စာပိ။ ။ပဓာနနည်းအားဖြင့် သတိကို ခေါင်းတပ်၍ ဟောတော်မူပါလျက် တကြမ္ဘတ္တုပေက္ခာသည်လည်း ဌာနစျာန်တို့၌ ရှိပါလျက် အဘယ်ကြောင့် ဤစျာန်၌ရှိသော သတိကိုမှ "ဥပေက္ခာသတိ ပါရိသုဒ္ဓိ" ဟု ဟောတော်မူပါသနည်း ဟု စောဒနာဖွယ်ရှိသောကြောင့် "ဟတ္ထ ကိဉ္စာပိ" စသည်ကို မိန့်ဆိုသည်။ အောက်ဗျာန်တို့၌ ဤတကြမ္ဘတ္တု-ပေက္ခာ ရှိပါသော်လည်း ဝိဘက်စသော ဆန့်ကျင်ဘက်တို့ လွှမ်းမိုးခံရခြင်း, သဒ္ဓါကဲ့သို့အခြေခံခြင်း၏ ချို့တဲ့ခြင်းတို့ကြောင့် ထိုတကြမ္ဘတ္တုပေက္ခာ

သည် မစင်ကြယ်ပါ၊ ဥပေက္ခာကမစင်ကြယ်ခြင်းကြောင့် သမ္မယုတ် တရား များလည်း မစင်ကြယ်ပါ၊ ဤစျာန်ကျမှ ထိုအုပ်စု်များကင်းရှိ စင်ကြယ် ပါသည်။ ဤအနုက်အဓိပ္ပာယ်ကို ဥပမာ၏ အစွမ်းဖြင့် ပြလိုရှိ "ယထာပန" စသည်ကို မိန့်ဆိုပါသည်။

သောမ္ဘာဝေန စ အတ္ထနှာ ဥပကာရကတ္တေန ဝါ သဘာဝဂါယ။ ။မထက်သည်၏ အဖြစ်ကြောင့် လအရေးကဲ့သို့ ညဉ့်သည်လည်း အေးမြခြင်းသဘောရှိပါသည်။ သဘောတူသော ညဉ့်ဌာသာလျှင် လအရေးသည် အလွန်တောက်ပ ပါသည်။ ဤသို့ လအရေးကို ညကခိုးမြောက်အပ်၏ဟု ပြလိုရှိ "သောမ္ဘ-ဘာဝေန စ ရတ္တိယာ" ဟု မိန့်။

ပုဗ္ဗေနိဝါသကထာ

စတ္တာရိ စျာနာနိ။ ။ရူပဝိရာဂဘာဝနာ၏ အစွမ်းကြောင့်; ဖြစ်သောအရူပ စျာန် လေးပါးကိုလည်း စတုတ္ထစျာန်ဌ သွင်းယူရ သောကြောင့် "စတ္တာရိ စျာနာနိ" ဟု ဆိုပါသည်။

မေးဖွယ်။ ।စိတ္တေကဂ္ဂတာ၏ ရူပဘဝ, အရူပဘဝသို့ သက်ရောက်ခြင်း အကျိုးရှိသကဲ့သို့ ဝိပဿနာ၏ အခြေခံဖြစ်ခြင်းသည်လည်း စျာန်လေးပါးတို့နှင့် ဆက်ဆံ၍ ထိုအကျိုးနှစ်မျိုးအတွက် "စတ္တာရိ စျာနာနိ" ဟု ဆိုခြင်းသည် သင့်ပါ၏။ အဘိညာဉ်၏ အခြေခံဖြစ်မှု နိရောဓ၏ အခြေခံ ဖြစ်မှုများကား စတုတ္ထစျာန်နှင့်သာ ဆိုင်ပါသည်။ အဘယ်သို့လျှင် စျာန် လေးပါးတို့နှင့် ဆက်ဆံသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား – ပရမ္မုရာဓိ-ဌာနဘာဝတော။ ခဲ့ပါဦးအုံ။–တိဏောဟ ဘတ္တံ သိဒ္ဓံ ဟူရာဌ်ကဲ့သို့ အကြောင်း၏ အကြောင်းကိုလည်း အကြောင်း, ပဒဋ္ဌာန်၏ ပဒဋ္ဌာန်ကိုလည်း ပဒဋ္ဌာန် ဟု ဆိုနိုင်ပါသည်။ ဤသို့ယူမှ အကျိုးကိုပြုရာဌ် သမာပတ် (၈)ပါးကို ယူ ခြင်းသည် အသင့်ယုတ္တိရှိမည်။

စိတ္တေကဂ္ဂတတ္ထာနိ။ ။စိတ္တေကဂ္ဂတာကို ခေါင်းတပ်၍ (ပဓာနပြု၍) ဒိဋ္ဌ-ဓမ္မသုခဝိဟာရကို ဆိုလိုရင်းဖြစ်ပါသည်။ ဤစိတ္တေ-ကဂ္ဂတတ္ထာနိ ဟူသော ပါဌ်ကို သုက္ခဝိပဿကရဟန္တာ၏ အစွမ်းဖြင့် ဆိုပါ သည်။ ထို့ကြောင့် "ဧကဂ္ဂစိတ္တာ သုခံ ဒိဝသံ ဝိဟရိဿာမ" ဟု မိန့်သည်။

သတ္တာဟံ အစိတ္တကာ ဟုတ္ဌာ။ ။(၃)ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားရသောကြောင့် "သတ္တာဟံ အစိတ္တ-ကာ ဟုတ္ဌာ" ဟု မိန့်ပါသည်။ (၃)ရက်မျှသာ ဝင်စားရခြင်းကား (၃)ရက်ကာလအပိုင်းအခြား ပြုထားသောကြောင့်တည်း။ ထို(၃)ရက် အပိုင်းအခြားပြုခြင်းသည်လည်း မျှားသောအားဖြင့် ကဗဠိကာရာဟာရကို မှီ၍ အသက်မွေးကြသော သတ္တဝါတို့ တနေ့စား အပ်သော ဥပါဒိန္နက အာဟာရသည် (၃)ရက်မျှသာ မျှတစေနိုင်သောကြောင့်တည်း။

နိရောဓသမာပတ်

၁။ နိရောဓသမာပတ် ဟူသည်-အစဉ်အတိုင်းချုပ်ခြင်း၏ အစွမ်းဖြင့် စိတ်, စေတသိက်တို့၏ မဖြစ်ခြင်းတည်း။

၂။ ပုထုဇဉ်အား လုံး, သောတာပန်အား လုံး, သကဒါဂါမ်အား လုံးနှင့် သုက္ခဝိပဿက အနာဂါမ်, ရဟန္တာမျှားသည် မဝင်စားနိုင်ကြပါ။ သမာပတ်(၈)ပါး ရကြသော အနာဂါမ်, ရဟန္တာမျှားသာ ဝင်စားနိုင်ကြသည်။

၃။ အနုပုဗ္ဗသမာပတ္တိရှိသောကြောင့် ပဌမဝေါဟာရတုံ့ဌာသာ ဝင်စားနိုင်၍ ပထမစျာန် စသည်ဖြစ်မှု မရှိသောကြောင့် စတုဝေါ-ဟာရတုံ့ဌာ မဝင်စားနိုင်ပါ။

၄။ သင်္ခါရဘာရားတို့၏ ဖြစ်မှုပျက်မှုဌာ ငြိုးငွေ့ကြ၍ ပစ္စုပ္ပန်ဘဝပဋ္ဌာ စိတ်မရှိပဲ ချုပ်ရာနိဗ္ဗာန်သို့ရောက်၍ ချမ်းချမ်းသာသာ နေကုန်အံ့ဟု ကြံကြသောကြောင့် ဝင်စားကြသည်။

၅။ သမထဝိပဿနာ၏ အစွမ်းဖြင့်အားထုတ်၍ ပုဗ္ဗကိစ္စပြုပြီးနောက် နေဝသညာနာသညာယတနကို ချုပ်စေသော်သာ သမာပတ် ဝင်စားမှု ဖြစ်နိုင်သည်။

(က) သမထ အစွမ်းဖြင့်သာ အားထုတ် သူသည် နေဝသညာ-နာသညာယတန သမာပတ်သို့ရောက်၍ တည်ပါသည်။

(ခ) ဝိပဿနာအစွမ်းဖြင့်သာ အားထုတ်သူသည် ဖလသမာပတ်သို့ရောက်၍ တည်ပါသည်။

(ဂ) သမထ ဝိပဿနာနှစ်မျိုး၏ အစွမ်းဖြင့် အားထုတ်၍ နေဝ-သညာနာသညာယတနကို ချုပ်စေသူသည်သာ နိ ရော ဓ-သမာပတ်ကို ဝင်စားနိုင်ပါသည်။

ဝင်စားပုံအကျယ်။ ။နိရောဓ သမာပတ် ဝင်စားလိုသော ရ ဟန်း သည် ပ ထ မ စျာန် ဝင် စား ၍ ပထမစျာန်မှထပြီးနောက်

ထိုပဌမစျာန်၌ရှိသော သင်္ခါရတရား၀တ္ထုကို မည့်လွန်း, မထက်လွန်းသော ဝိပဿနာဖြင့် အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုရမည်။ ထို့နောက် ဒုတိယစျာန်မှ ဝိညာဏာဉ္စာယတနစျာန်အထိ အစဉ်အတိုင်း ပထမစျာန်၌ကဲ့သို့ပင်၀င်စား၊ ထိုဈာန်မှထ, ထိုစျာန်၌ရှိသော သင်္ခါရတရား၀တ္ထုကို မည့်လွန်း မထက်လွန်းသော ဝိပဿနာဖြင့် အနိစ္စ, ဒုက္ခ, အနတ္တဟုရှု။ ၎င်းနောက် အာကိဉ္စညာ-ယတနစျာန်ကိုဝင်စား၊ ထိုစျာန်မှထပြီးနောက် ပုဗ္ဗကိစ္စ(၄)ပါး၊ကိုပြု။ ၎င်းနောက် နေ၀သညာနာသညာယတနစျာန်ကိုဝင်စား၊ စိတ်တကြိမ်နှစ်ကြိမ် ဖြစ်၍ ချုပ်ပါသည်။

ဝိပဿနာ(၃)မျိုး

၁။ သင်္ခါရပရိဂ္ဂဟနကဝိပဿနာ- ညံ့သည်ဖြစ်စေ, ထက်သည်ဖြစ်စေ, မဂ်၏နီးစွာသောအုတြောင်း ဖြစ်နိုင်သည်သာ။

၂။ ဖလသမာပတ္တိဝိပဿနာ-ထက်မှသာသင့်ပါသည်။ မဂ္ဂဘာ၀နာနှင့် တူ၏။

၃။ နိဗ္ဗာနသမာပတ္တိ ဝိပဿနာ- မည့်လွန်း ၊ထက်လွန်းမှ သင့်သည်။

ပုဗ္ဗကိစ္စလေးမျိုး

၁။ နာနာဗဒ္ဓအဝိကောပန။

၂။ သံဃပဋိမာနန။

၃။ သတ္ထုပက္ကောသန။

၄။ အဒ္ဓါနပရိစ္ဆေဒ။

နာနာဗဒ္ဓအဝိကောပန။ ။သမာပတ်၀င်စားသောရဟန်းနှင့် တစပ်တည်း မရှိပဲ ကွာနေသော ၀ေးနေသော သပိတ်, သင်္ကန်း, ညောင်စောင်း,အင်းပျဉ်, ကျောင်းစသော ပရိက္ခရာများ မပျက်စီးအောင်၊ မီး,ရေ,လေ,ခိုးသူ,ကြွက် စသည်တို့ မဖျက်အောင် အဓိဋ္ဌာန်ရပါသည်။ အဓိဋ္ဌာန်ထားလျှင် ထို(၂)ရက်အတွင်း ထိုပစ္စည်းများ အတွက် ဘေးရန်မရှိနိုင်ပါ။ အဓိဋ္ဌာန်မထားလျှင်ကား ပျက်စီးနိုင်ပါသည်။

အဓိဋ္ဌာန်ပုံ။ ။ဤမည်ဤမည်သော ပစ္စည်းကို ဤ(၂)ရက်အတွင်းခဏ် မီး မလောင်ပါစေနှင့် ရေမဖျက်ပါစေနှင့်၊ လေမဖျက်ပါစေနှင့်၊ ခိုးသူမခိုးပါစေနှင့်၊ ကြွက်စသည် မကိုက်ပါစေနှင့်။

ဧကာဗဒ္ဓ။ ။ခန္ဓာကိုယ်နှင့်ဆက်စပ်နေသော သင်းပိုင်၊ ကောသီ၊ ထိုင်ခင်း မျှားအတွက် သီးသန့် အဓိဋ္ဌာန်ဖွယ် မလိုပါ။ သမာပတ်ကပင် စောင့်ရှောက်ပါသည်။

သံဃပဋိမာနန။ ။သံဃပဋိမာနန ဟူသည်- ရဟန်းသံဃာ၏ မျှော်လင့်ခြင်း၊ ထိုသမာပတ် ဝင်စားနေသော ရဟန်း မလာသေးသမျှ သံဃကံမပြုနိုင်ခြင်းတည်း။ မျှော်လင့်မှု သံဃကံ မပြုနိုင်မှုသည် ပုဗ္ဗကိစ္စမဟုတ်ပါ၊ မျှော်လင့်မှုကို ဆင်ခြင်ခြင်းသည်သာ ပုဗ္ဗကိစ္စ ဖြစ်ပါသည်။ ထို့ကြောင့် "ငါသည် (၇)ရက်ပတ်လုံး သမာပတ်ဝင်စားနေစဉ် ကံပြုစရာရှိ၍ ငါ့ကို ရဟန်းတပါးပါး လာ၍မခေါ်မီပင် ထ,မည်"ဟု ဆင်ခြင်ရပါမည်။ ဤသို့ဆင်ခြင်၍ သမာပတ်ဝင်စားလျှင် မခေါ်ခင်ပင် ထနိုင် သည်၊ မဆင်ခြင်ပဲ ဝင်စားလျှင်ကား သံဃာ စည်းဝေးပြီးနောက် သူ့ကိုမမြင်မှ "ဘယ်သွားသလဲ,သမာပတ်ဝင်စားနေသည်"စသည်မေးကြ ပြောကြမှသိရ၊ ထိုသို့ သိ၍အခေါ်လွှတ်၊ အခေါ်လာသော ရဟန်းက ကြားလောက်ရာ ဥပစာဋ္ဌရပ်၍ "ငါ့ရှင်....သင့်ကို သံဃာကမျှော်လင့်နေပါတယ်"ဟု ပြောရမည်။ ထိုသို့ ပြောလျှင်ပြောခြင်းပင် ထပါသည်။ မှန်ပါသည်။ သံဃာ့အာဏာမည်သည် ဤမျှလောက်ကြီးလေးပါသည်။ ထို့ကြောင့် သံဃာ၏ မျှော်လင့်မှုကို ဆင်ခြင်၍ အခေါ်မလာခင်က ထနိုင်အောင် ဝင်စားရပါမည်။

သတ္တုပကြောသန။ ။ဤခြုံလည်း ဘုရားရှင်၏ခေါ်မှုကို ဆင်ခြင်ခြင်း သည်သာ ပုဗ္ဗကိစ္စဖြစ်ပါသည်။ ထို့ကြောင့် ဘုရားရှင်ခေါ်မှုကိုလည်း အထက်ပါနည်းအတိုင်းဆင်ခြင်ရပါမည်။

အဒ္ဓါနပရိစ္ဆေဒေါ။ ။အသက်အပိုင်းအခြားတည်း။ ဤသမာပတ်ဝင်စားသောရဟန်းသည် အသက်အပိုင်းအခြား၌ ကျွမ်းကျင်သူဖြစ်ရမည်။ မိမိ၏အာယုသင်္ခါရတို့သည် နောက်ထပ်(၇)ရက် ဖြစ်မဖြစ် ဆင်ခြင်ပြီးမှသာ ဝင်စားရပါမည်။ မှန်ပါသည်။ အကယ်၍(၇)ရက်အတွင်း ချုပ်လတ္တံ့ဖြစ်သော အာယုသင်္ခါရတို့ကို မဆင်ခြင်ပဲသာ ဝင်စားလျှင် သူ၏ သေခြင်းသဘောကို နိုရောဓသမာပတ်က မတားနိုင်ပါ။ သမာပတ်အတွင်း၌ သေမှုမရှိနိုင်သောကြောင့် (၇)ရက်မပြည့်ခင်ပင် သမာပတ်မှထရပါမည်။ ထို့ကြောင့်(၇)ရက် အသက်ရှည် မရှည်ကို ဆင်ခြင်ရမည်သာ။

ဘာ့ကြောင့် စိတ်,စေတသိက်များ မဖြစ်။ ။နိဗ္ဗာနမသေ ပယောဂတ္တာ။ ခဲ့ ပါဦးအုံ- ဤရဟန်း၏ သမထ, ဝိပဿနာစုံဖွဲ့ကာ သမာပတ်(၈)ပါးသို့ တက်ခြင်းသည် အစဉ်အတိုင်း ချုပ်ခြင်း၏ ပယောဂဖြစ်ပါသည်။ နေဝသညာနာသညာယတန သမာပတ်၏ ပယောဂမဟုတ်ပါ။ ဤသို့ချုပ်ခြင်း၏ ပယောဂဖြစ်သောကြောင့် နေဝ-သညာနာသညာယတနဌာ နှစ်ကြိမ်ဖြစ်ပြီးနောက် စိတ်,စေတသိက်များ မဖြစ်တော့ပါ။

ဗောဓိရုက္ခမူလေ နိဗ္ဗတ္တိတံ။ ။အလောင်းတော်သည် ဗောဓိမဏ္ဍိုင်သို့ မကပ်ရောက်ခင်အလျင်ကလည်း ဤနောက်ဆုံးဘဝ၌ စတုတ္ထစျာန်ကို ဖြစ်စေဖူးပါသည်။ သို့သော် ထိုရှေးတုန်းက ဖြစ်စေခဲ့သော စတုတ္ထစျာန်သည် ဖြစ်ရုံမျှသာဖြစ်၍ ဝိပဿနာစသည်၏ အခြေခံမဖြစ်ပါ။ ထို့ကြောင့် "ဗောဓိရုက္ခမူလေ နိဗ္ဗတ္တိတံ"ဟု အလျင်ဖြစ်ခဲ့ပူးသော စတုတ္ထစျာန်မှ အထူးပြုကာဆိုပါသည်။

ပါဒကံ။ ။ဘုရားရှင်အတွက် အစဆုံးအာဃာတ်ရှာ၌သာ အခြေခံဖျာန်လိုပါသည်။ နောက်၌ မလိုတော့ပါ။ မှန်ပါသည်။ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ရရှာအခါမှစ၍ ဉာဏ်တော်ကိစ္စ, သမာဓိကိစ္စအားလုံးသည် အလိုတော်ရှိသမျှနှင့်သာ ဆက်စပ်ပါသည်။
[လိုလျှင်ရ၏၊ အခြေခံဝင်စားဖွယ်မလို ဟူလို]

သဗ္ဗလောကိယလောကုတ္တရဂုဏဒါယကံ။ ။စတုတ္ထ စျာန်သည် ဝိပဿနာ အဘိညာဉ်တို့၏ အခြေခံ ဖြစ်သောကြောင့် ထိုစတုတ္ထဖျာန်က ဘုရားရှင်အား လောကီလောကုတ္တရာဂုဏ်အားလုံးကိုပေးသည်ဟု မှတ်ပါ။ မှန်ပါသည်။ သဗ္ဗညုတဉာဏ်၏ နီးစွာသော အကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်နှင့် အရဟတ္တမဂ်ဉာဏ်ဟူသော နီးစွာသောအကြောင်းရှိသော သဗ္ဗညုတဉာဏ်ဟူသော အဘိသမ္ဘောဓိကို ရသည်နှင့် တပြိုင်နက်ပင် ဘုရားရှင်မှာ ဗုဒ္ဓဂုဏ်တော်အားလုံး လက်ဝယ်သို့ ရောက်ပြီး ဖြစ်ကြပါသည်။ ဘုရားရှင်၏ မဂ်ရမှုသည် စတုတ္ထစျာန်ဟူသော မှီရာရှိ၏။

သော အဟံ။ ။"စတုတ္ထံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟာသိ" ''ဟု ပေးပြီးနောက် "သော"ဟု ပေါသောကြောင့် 'သော'ကို "သော အဟံ" ''ဟု ဖွင့်သည်။

ဒီဃနိကာယ- 20 (က)

ဝေါ။ ။ဤ ဒေါ်သဒ္ဓါသည် အောက်စျာန်(၃)ပါးရှိမှု အစဉ်အားဖြင့် ထင်ရှားသော စတုတ္ထစျာန်သမာဓိကို ညွှန်ပြခြင်းအနက် ရှိပါသည်။ ထို့ကြောင့် "ဝေန္တိ စတုတ္ထဇ္ဈာနက္ကမနိဒဿနမေတံ" ဟု ဖွင့်သည်။ စတုတ္ထစျာန်နှင့် စတုတ္ထစျာန်ကိုရကြောင်း အစဉ်ကို ညွှန်ပြကြောင်း သဒ္ဓါဖြစ်သည် ဟူလို။

စတုတ္ထဇ္ဈာနသမာဓိနာ သမာဟိတော။ ။ဧ ဝံ ဖြင့် လာ ကြောင်း သ မာ ဓိ (အောက်စျာန် သမာဓိ) နှင့် တကွ စတုတ္ထစျာန်သမာဓိကို ပြသော်လည်း သတိ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းကြောင့်ဖြစ်သော သမာဓိသည်သာ တန်ခိုး၏တည်ရာ ဖြစ်သောကြောင့် ပဓာန ဖြစ်ပါသည်။ ထို့ကြောင့် သမာဟိတောကို "စတုတ္ထဇ္ဈာနသမာဓိနာ သမာဟိတော" ဟု ဖွင့်သည်။

ဥပေက္ခာသတိပါရိသုဒ္ဓိဘာဝေန ပရိသုဒ္ဓေ။ ။အလုံးစုံသော ဆန့်ကျင်ဘက်တရား ဟူသော အညစ်အကြေးတို့မှစင်ကြယ်သော ဆန့်ကျင်ဘက်ဖြစ်သော စိတ်ဌိသော်မှလည်း ကြောင့်ကြမပြုသော စင်ကြယ်သော ဥပေက္ခာဖြစ်လတ်သော် စတုတ္ထစျာန်နှင့်သမ္မယုတ်ဝေဒနာများ အားလုံးအလွန်စင်ကြယ်၊အလွန်ထင်ရှားကြပါသည်။ သို့သော်သတိကို ခေါင်းတပ်၍ ဒေသနာတော်ကို ပြုတော်မူအပ်သောကြောင့် "ဥပေက္ခာသတိပါရိသုဒ္ဓိဘာဝေန ပရိသုဒ္ဓေ" ဟု ဖွင့်သည်။

ပရိယောဒါတေ၊ ။အကြောင်းအထူးကြောင့် စင်ကြယ်မှု၏ ဖြစ်ပုံအထူးသည်ပင် ဖြူစင်မှုမည်ပါသည်။ ကောင်းစွာ လှော်အပ်သော ရွှေမှာ ပွတ်တိုက်သဖြင့်အရောင်ထွက်သကဲ့သို့ဖြစ်ပါသည်။ ထို့ကြောင့် "ပရိသုဒ္ဓတ္တာယေဝ ပရိယောဒါတေ၊ ပဘာသရေတိ ဝုတ္တံ ဟောတိ" ဟု ဖွင့်သည်။

ဝသေ ဝတ္တမာနံ ဟိ စိတ္တံ မုဒုတိ ဝုစ္စတိ။ ။မိမိ၏အလိုဌိ ဖြစ်သော စိတ်ကို အဝါးဝစွာ လေ့လာ အပ်သည်၏အဖြစ်သို့ရောက်သောကြောင့် မုဒု-နူးညံ့သည်ဟုဆိုသည်။ဥပမာ- အယပ်ထပ်နယ်အပ်သော သားရေကဲ့သို့လည်းကောင်း၊ ကောင်းစွာပရိကံ ပြုအပ်သော ချိတ်အရေးကဲ့သို့လည်းကောင်းတည်း။

ဘာဝိတံ ဘဟုလီကတံ မုဒု၊ ။ဘာဝိတံ-ဝသီဘော်ရောက်အောင်ပွားစေအပ်သည်၊ ဗဟုလီကတံ- ကြိမ်ဖန်များစွာ ပြုအပ်သည်။ သမာနံ-ဖြစ်လမသော်၊ မုဒု-အထူးနူးညံ့သည်။ ဟောတိ။

ဣဒံ စိတ္တံ။ ။မိမိ(ဟုရား)မှာ လည်းကောင်း၊ ရဟန်းတော်များမှာ လည်း ကောင်း ပစ္စက္ခဖြစ်သောကြောင့် "ဣဒံ စိတ္တံ"ဟု ဣဒံ သဒ္ဒါဖြင့်ဟောတော်မူပါသည်။

ကေသု ပရိသုဒ္ဓဘာဝါဒိသု ဌိတတ္တာ ဌိတော၊ ဌိတတ္တာယေव အာနေဉ္ဇပ္ပတ္တော။ ပရိသုဒ္ဓဘောဂုဏ် စသည်တို့ ကင်းကွာမသွားအောင် ကောင်းစွာ ပွားစေအပ်သောစိတ် တည်တံ့နေသောစိတ်ကို ဌိတ ဟု လည်းကောင်း၊ အာနေဉ္ဇပ္ပတ္တ ဟု လည်းကောင်း ခေါ်၏။ ထို့ကြောင့် "ကေသု ။ပ။ အာနေဉ္ဇပ္ပတ္တ"ဟု မိန့်သည်။

မုဒုကမ္မညဘာဝေန ဝါ အတ္တနော ဝသေ ဌိတတ္တာ ဌိတော။ ။မုဒုကမ္မည အဖြစ်ကို ဝသီဘော်သို့ရောက်ခြင်းဖြင့် မုတ်သားအပ်သကဲ့သို့ ပသီဘော်သို့ရောက်ခြင်းကို လည်း မုဒုကမ္မညတာတို့ဖြင့် အပြန်အလှန်မှတ်သားနိုင်ပါသည်။ ထို့ကြောင့် "မုဒု ။ပ။ ဌိတော" ဟု မိန့်သည်။

သဒ္ဓါဒီဟိ ပရိဂ္ဂဟိတတ္တာ အာနေဉ္ဇပ္ပတ္တော။ ။အကြောင်းဖြင့်အကျိုးကိုထုတ်ဖော်နိုင်သကဲ့သို့ အကျိုးဖြင့် လည်း အကြောင်းကို ထုတ်ဖော်နိုင်ပါသည်။ ထို့ကြောင့် မတုန်လှုပ်သော အားဖြင့်တည်ခြင်းသည် အာနေဉ္ဇဘေဒဂုဏ်သို့ ရောက်ခြင်းကြောင့် လည်း ကောင်း၊ သမ္မယုတ်တရားတို့၌ ခိုင်မြဲသည့်အတွက် ဆန့်ကျင်ဘက် တရားတို့ကြောင့် လှုပ်ရှားမှုမရှိခြင်းကြောင့်လည်းကောင်း၊ ဖြစ်သင့်သော သဒ္ဓါ စသော ဗိုလ်တို့၏ အားနည်းဘော်ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် "သဒ္ဓါ ဒီဟိ ။ပ။ ပတ္တော"ဟု မိန့်သည်။ [ဤကား ဋီကာပါဠိ အရှိအတိုင်းပြန်ဆိုခြင်းတည်း။ ဘာသာဋီကာ၌ကား ဋီကာပါဠိများကို ပြင်ဆင်၍ ပြန်ဆိုတော်မူ၏။]

သဒ္ဓါဒိဂဟိတံ။ ။ကောင်းစွာပွားအပ်သော ဝသီဘော်သို့ ရောက်သော စိတ်သည် စင်စစ်အားဖြင့် အဘိညာဉ်ဖြင့် မျက်မှောက်ပြုဟိုက်သောတရားတို့ကို အဘိညာဉ်ဖြင့် မျက်မှောက်ပြုမြင်းငှာ ဖြစ်သော ကြောင့် သဒ္ဓါတရားဖြင့် ချီးမြှောက်ထောက်ပံ့ရသည်။

အဋ္ဌာသမန္နာဂတံ။

၁။ စတုတ္ထဇ္ဈာနသမာဓိနှာ သမာဟိတတာ။

၂။ ပရိသုဒ္ဓတာ။

၃။ ပရိယောဒါတာ။
၄။ အနုဂ်ဏာတာ။
၅။ ဝိဂတုပက္ကိလေသတာ။
၆။ မုဒုဘာဝေါ။
၇။ ကမ္မနိယတာ။
၈။ အာနေဉ္ဇပ္ပတ္တိယာ ဌိတတာ။

တနည်း-သမာဟိတတာကို အင်္ဂါတခု မယူပဲ ဌိတတာနှင့် အာနေဉ္ဇပ္ပတ္တိ ကို နှစ်ခုခွဲ၍ယူ။

နိဝရဏဒူရီဘာဝေန ပရိသုဒ္ဓေ၊ ဝိတက္ကာဒိသမတိက္ကမေန ပရိယောဒါတေ။

နိဝရဏတို့ကို ပယ်ခွာမှသာ ပထမစျာန်ရမှု, ဝိတက်စသည်တို့ကို ပယ်ခွာမှသာ ဒုတိယစျာန် စသည်ရမှုဖြစ်နိုင်သော်လည်း ထိုပထမစျာန် စသည်တို့၏ နိဝရဏ စသည်တို့မှ ကင်းမှုသည် ဤစတုတ္ထစျာန်လောက်မကင်းပါ။ ဝေးမှုသည်လည်း ဤစတုတ္ထစျာန်လောက် မဝေးပါ။ ထို့ကြောင့် စိတ်ညစ်နွမ်းမှု ချောက်ချားမှု ပေါ်လောပေါ်မှုကို ပြုတတ်သော နိဝရဏစသည်တို့မှ ကောင်းကောင်းလွတ်ကင်းသောကြောင့် ဤစတုတ္ထစျာန်ကိုသာ "ပရိသုဒ္ဓ ပရိယောဒါတ" ဟု ဆိုရသည်။

စျာနပဋိလာဘပစ္စယာနံ။ ။"စျာနပဋိလာဘပစ္စနိကာနံ"ဟု လည်း ပါဠိတမျိုးရှိသေး၏။ ထိုပါဠိသည်-ပမာဒလေခ ဖြစ်ပါသည်။ ဘာ့ကြောင့်နည်း စျာန်ရခြင်း၏ ဆန့်ကျင်ဘက်တို့ ဟူသည် နိဝရဏတို့တည်း။ နိဝရဏတို့၏ မရှိခြင်းဟူကား ပရိသုဒ္ဓေပုဒ်တုန်းကပင် "နိဝရဏဒူရီဘာဝေန ပရိသုဒ္ဓေ" ဟု ဖွင့်ခဲ့သောကြောင့်တည်း။

ဣဒ္ဓိဘာဝစရာနံ။ ။စျာန်ရမှုကို အကြောင်းပြု၍ မိမိကိုယ်ကို အထင်ကြီးသောမာန်၊ ရှိသောအပြစ်ကို ဖုံးလိုသောမာယာ၊ မရှိသောဂုဏ်ကို ရှိဟန်ဆောင်လိုသော သာဒေယျများကို ဣဒ္ဓိဘာဝစရဟု ဆိုသည်။ ဤဣဒ္ဓိဘာဝစရများသည် စျာန်ရသူများ၌လည်း ဖြစ်နိုင်ပါသေးသည်။ ထို့ကြောင့် "စျာနပဋိလာဘပစ္စယာနံ"ပါဠိနှင့် ၎င်း၏အနက်ကို မှီခိုလက်ခံရပါမည်။

သုတ္တာနုသာရေန။ ။အနဂ်ဏာသုတ်, ဝတ္ထသုတ်များ၌ ရှုနှုန်းသောတရားများကို ဣဒ္ဓိဘာဝစရ ဟု ဆိုပြီး စတုတ္ထစျာန်ရသူ၏ အစွမ်းဖြင့် ဟောတော်မူသောကြောင့် သိမ်မွေ့သော အကုသိုလ်တရားတို့ကို

သာ ယူရပါသည်။ အင်္ဂါခေါ်ခြင်း ဥပက္ကိုလေသခြင်း တူသောကြောင့် ထိုသုတ်များကို ညွှန်ပြပါသည်။ ထိုသုတ်များအတိုင်း အတိအကျအမ်ပွာယ်မယူရပါ။ ထို့ကြောင့် "သုတ္တဝေသန" ဟု မဆိုမဲ့ "သုတ္တာနုသာရေန" ဟု ဆိုပါသည်။

ဌိတ အာနေဉ္ဇပ္ပတ္တော။ ။ဘာဝနာပြည့်စုံလုံလောက်ခြင်း မှန်မြတ်မှုသို့ ရောက် ခြင်းကြောင့် ဌိတ ဖြစ်ပါသည်။ [အာနေဉ္ဇပ္ပတ္တောကား တေဇောဝိသေသနတည်း]

ဘာဝနာပါရိပူရိယာ။ ။ဤထက် အလွန်ပြုစရာမရှိသောအားဖြင့်-အဘိနိ ဟာရကုမဘာဝနာပြည့် စုံသောကြောင့် ဌိတ ဖြစ်သည်။

ပုဗ္ဗေနိဝါသာနုဿတိမှိ။ ။သတိကဘာဏ်အား သဟဇာတနိဿယသတ္တိ စသည်ဖြင့် ကျေးဇူးပြုသောကြောင့် "သတိမှ" ဟု မှီရာတည်ရာ အာဓာရဖြင့်ဆိုသည်။

နိဝုတ္ထကဒ္ဒနာ။ ။နိဝါသသဒ္ဒါသည် ကမ္မသာဓန ဖြစ်သောကြောင့် လည်းကောင်း၊ ခန္ဓာမှလွတ်သော နေအပ်ဖူးသော တရားမရှိသောကြောင့် လည်းကောင်း နိဝါသကို "နိဝုတ္ထကဒ္ဒနာ"ဟု ဖွင့်သည်။

နိဝုတ္ထာတိ ။ပ။ နိရုဒ္ဓါ၊ ။နိဝုတ္ထကဒ္ဒနာ ဟူသည်-နေရာဌာန ဘုံဘဝမဟုတ်ပါ။ အဇ္ဈာဝုတ္ထာ-မိမိသန္တာန်၌ စွဲ၍နေအပ်ဖူးသော ဖြစ်ဖူးသောခန္ဓာများတည်း။ ထိုအဇ္ဈာဝုတ္ထကဒ္ဒနာ ဟူသည်-အနုဘူတခန္ဓာတို့တည်း။ အနုဘူတ ဟူသည်-မိမိသန္တာန်၌ ဖြစ်ပြီး၍ ချုပ်ခဲ့ဖူးသော ခန္ဓာများတည်း။

နိဝုတ္ထဝမာ ဝါ။ ။မိမိသန္တာန်၌ အကျုံးဝင်သောတရားတို့၏ အစွမ်းဖြင့် နိဝါသသဒ္ဒါ၏ အနက်ကို ဖွင့်ပြပြီး၍ ယခုအခါ သာမညအားဖြင့် ဖွင့်လို၍ "နိဝုတ္ထမမှာ ဝါ နိဝုတ္ထာ" ဟု မိန့်သည်။

ဧကါစရနိဝါသေန နိဝုတ္ထာ။ ။နိဝုတ္ထာ ဟူသည်-အာရုံပြုသောအားဖြင့် နေအပ်ဖူးသော တရားများတည်း။ ထို ပုဗ္ဗေနိဝါသတရားသည် မိမိဝိညာဏ်ဖြင့် သိအပ်သော တရား, သူတပါး

ဝိညာဏ်ဖြင့် သိအပ်သောတရားဟု နှစ်ပါးရှိသောကြောင့် နှစ်ပါးလုံးကို ပြလိုရှိ "အတ္တနော" စသည် မိန့်သည်။

ပရိစ္ဆိန္နာ။ ။အာရုံပြုသောအားဖြင့် နေအပ်ဖူးသော တရားများသည် ဝိညာဏ်ဖြင့် သိအပ်ကာမျှမဟုတ်၊ ရှေးဘဝ၌ ဖြစ်ခဲ့ရခဲ့သော အမည်, အနွယ်, အဆင်း, အသွင်, အာဟာရစသော ထူးခြားမှုတို့ဖြင့် ပိုင်းခြားမှု ပြုတတ်သောပညာဖြင့် ပိုင်းဖြတ်၍ ယူအပ်သည်မည်လောက် အောင် ဤပုဒ္ဓေနိုဝါသာနုသတိဉာဏ်သည် ပိုင်းဖြတ်၍ယူဝတ်၏ ဟူသော ဤအနက်ကို ပြခြင်းငှာ "အတ္တနော ဝိညာဏေန ဝိညာတာ" ဟု ဖွင့်ပြီး နောက် "ပရိစ္ဆိန္နာ" ဟု ထပ်ဆင့်ဖွင့်ပါသည်။

ဆိန္နဝဋုမကာနုဿရဏာဒီသု။ ။အဝိဇ္ဇာဝတို့၌ပင် အခြားသူများ သိအပ်ပိုင်းဖြတ်အပ်သော ပုဂ္ဂိုလ်များ သည် ပရိနိဗ္ဗာန်စံပြီးလည်း ဖြစ်နိုင်သည်။ သို့သူများသည် မိမိတို့၏ ထိုအချိန် တုန်းက ဖြစ်ခဲ့သော ခန္ဓာအစဉ်သို့ အစဉ်လိုက်သောအားဖြင့် သိအပ်သူတို့ ၏ အဝိဇ္ဇာဝတို့ ဖြစ်မှုကိုလည်း သိနိုင်ပါသည်။ ယို့ကြောင့် သံခါပတ္တ ဖြစ်သော ပုဒ္ဓေနိုဝါသာနုဿတိဉာဏ်၏ အာရုံဖြစ်သော ပုဒ္ဓေနိုဝါသကို ပြခြင်းငှာ "ဆိန္နဝဋုမကာနုဿရဏာဒီသု" ဟု ဆိုပါသည်။ ဆိန္နဝဋုမက ဟူသည်-သမ္ပာသမ္ပုဒ္ဓမျှားတည်း။ အာဒိသဒ္ဒါဖြင့် ပဓေနကဗုဒ္ဓ, ဗုဒ္ဓသာဝက များကို ဖောက်မေ့ခြင်းကို ယူဟု ကေစိတို့ကဆိုကြ၏။ သံသရာသွား လမ်းပြတ်ပြီးသောကြောင့် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံ ပြီးသူ အားလုံးပင် ဆိန္နဝဋုမကမည်၏။ ကဲ့ဆိန္နဝဋုမက အမည်ရသော ပုဂ္ဂိုလ်တို့ကို ဖောက်မေ့ခြင်းဟူသည် ထိုပုဂ္ဂိုလ်တို့၏ အကျင့်ကို ဖောက် မေ့ခြင်းတည်း၊ ယျိုးညီ-အလို အာဒိဖြင့် ရှေးဘဝများ၌ မိမိဝိညာဏ် ဖြင့် မသိအပ်ကုန်သော ပရိနိဗ္ဗာန်မစံရသေးသော ပုဂ္ဂိုလ်တို့ကိုလည်း ဖြစ်ဆဲ ခန္ဓာအစဉ်ဖြင့် မသွားပဲ သီဟောက္ကန္တိကနည်းအားဖြင့် အမှတ်ရခြင်းကို ယူပါ။ ဤဆိန္နဝဋုမကပုဂ္ဂိုလ်များကို ဖောက်မေ့မှုစသည်မှားသည် ဘုရား ရှင်များမှာသာ ဖြစ်နိုင်ပါသည်။ မှန်၏- အခြားသူများ၏ ဉာဏ်မမှီပါ၊ ဝိမိ ဝိညာဏ်ဖြင့် သိအပ်ဟူးသော ပရိနိဗ္ဗာန်စံပြီး ပုဂ္ဂိုလ်ဟို့ကုကား ခန္ဓာနှင့်စပ် နေသောကြောင့် သာဝကများလည်း ဖောက်မေ့နိုင်ကြသည်သာ။

အဘိနိဟာရိ။ ။စိတ်ကို ဗဟုတ္ထစျာန်၏ အာနာပါနဈာနသောအာရုံမှ ဖယ်ရှား၍ ပုဒ္ဓေနိုဝါသအာရုံသို့ ရှေးရှုပို့ဆောင်ပြီ။

သော အဟံ။ ။ပါဠိတော်၌ "အဘိနိန္နာမေသိ"ဟူသော ဥတ္တမပုရိသ်နှင့် ယှဉ်သောကြောင့် သော ပုဒ်၌ အဟံသဒ္ဒါကိုထည့်ဆောင်၍ ဆိုအပ်သော် သဒ္ဒါ၏အနက် ကင်းရှားပါသည်။ ထို့ကြောင့် "သော"ကို "သော အဟံ"ဟု ဖွင့်ပါသည်။

အနေကဝိဓံ။ ။အမျိုးမျိုးသော ဘဝ, ယောနိ, ဂတိ, ဝိသုဒ္ဓိတို သတ္တာ-ဝါသ စသော အားဖြင့် များပြားသောအပြား၌ရှိသော။

ပကာရေဟိ။ ။နာမ, ရူပတို့စသော အပြုံးတို့နှင့်တကွ။

ပဝတ္တိတံ။ ။ဒေသနာတော်၏ အစွမ်းဖြင့် ဖြစ်စေအပ်၏။ ထို့ကြောင့် "သံဝဏ္ဏိတံ"ဟု ဖွင့်သည်။

တတ္ထ တတ္ထ နိဂုတ္ထသန္ဓာနံ။ ။နိဝါသပုဒ်၌ နေအပ်ဖူးခြင်းတူသော ခန္ဓာအနက် များ များစွာ ပါဝင်နေပါသည်။ ထို့ကြောင့် ထိုအနက်များကို ဝိဘာဂအစွမ်းဖြင့် သိမ်းယူ၍ ပြလိုရကား "တတ္ထ တတ္ထ နိဂုတ္ထသန္ဓာနံ"ဟု မိန့်သည်။

စိတ္တေ အဘိနိန္နာမိတမတ္တေ ဝေ သဏာမီတိ ဒသေတိ။ ။"အဘိနိန္နာမေသိ" ဟု ဟောတော်မူပြီးနောက် "အနုဿရామိ"ဟု ဟောသောကြောင့် စိတ်ကိုရှေးရှုဆောင်သည်၏ အခြားမဲ့၌ဖြစ်သော အောက်မေ့မှုကို အနုသဒ္ဒါက ပြပါသည်။ ထို့ကြောင့် "စိတ္တေ ။ပ။ ဒသေတိ"ဟု မိန့်သည်။

ပရိကမ္မံ ဝတ္တမ္ဘံ သိယာ။ ။ပုဗ္ဗေနိဝါသကို အောက်မေ့လိုသော အာဒိကမ္မိ-က ရဟန်းသည် ဆွမ်းစားပြီးနောက် ဆီတပြုပ်ရာ အရပ်သို့ ကပ်ရောက်လျက် ထိုဘုံအာရုံမှ မိမိစိတ်ကို ရုပ်သိမ်းကာ အစည်အတိုင်း စျာန်(၄)ပါးတို့ကို ဝင်စား၍ အတိညာဉ်၏အခြေခံ စတုတ္ထစျာန်ပ္ပယကာ နောက်ဆုံးဖြစ်သော ထိုင်ခြင်းကို ဆင်ခြင်ရမည်။ ဤသို့စသော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၏ ပရိကံကို ဆိုစရာရှိ၏။

ဧကမ္ပိ ဇာတိံ။ ။တံဟမျိုးကြောင့်ဖြစ်သော စတောင်ယူမှု(ပဋိသန္ဓေ)ဘဝကို ပြစ်ချမှု (စုတိ) တို့ဖြင့် ပိုင်းဖြတ်အပ်သော ထိုနှစ်မျိုးခြင်း အတွင်း၌ ဝင်သောတရား အပြားဟူသော ခန္ဓာအစဉ်ကို ဤနေရာ၌ "ဘဝ-ဟိတို့ ဇာတိ"ဟူသော ဝစနတ္ထနှင့်အညီ ဇာတိဟု ခေါ်ပါသည်။

သံဝဋ္ဋကပ်။ ။ပျက်ဆဲဟူသည် အခါမျှသာဖြစ်၍ ဇရမတ္ထအားဖြင့်မရှိပါ။ ထိုအခါ၏ ပျက်မှုဟူသည်လည်း မရှိနိုင်ပါ။ သို့သော် ထိုအခါ၌ဖြစ်သော သင်္ခါရတို့၏အစွမ်းဖြင့် ပျက်မှုကိုသိပါ။

ဇာတိခေတ္တံ။ ။"ကေ ဗုဒ္ဓကွေ့တွံ" ၏ ရည်ရွယ်အပ်သော ခေတ်ကို ပိုင်းခြားမှတ်သား၍ ပြခြင်းငှာ ဗုဒ္ဓခေတ်(၃)မျိုးကို ထုတ်ပြပါသည်။ ကောင်းမှု၏အကျိုးက ကောင်းစွာထက်သန်စေအင်သော မြတ်စွာဘုရား၏ ပဋိသန္ဓေဉာဏ် အစရှိသောဉာဏ်အာနုဘော်၏ မိမိသဘောဖြင့် တင့်တယ်စံပယ်ရာ အရပ်အားလုံးသည် ဘုရားအလောင်း ဖွားမြင်ခြင်း၏ နယ်နိမိတ်ဖြစ်ပါသည်။ ထို့ကြောင့် "ဇာတိခေတ္တံ ဒသသဟဿီ ကွဝါ ဌပရိယန္တံ" ဟု မိန့်သည်။

အာနုဘာဝေါ ပဝတ္တတိ။ ။ဤသာသနာတော်၌ စိတ်၏ဝသီဘော်သို့ရောက်ပြီးသော တန်ခိုးရှင်သည် အာဇာခေတ်တွင် ပါဝင်သော ကြဝဠာ တခုခု၌တည်၍ မိမိအတွက်ပရိတ် အကာအကွယ်ပြုပြီးနောက် ထိုအာဇာခေတ်ထည်း၌ပါဝင်သော အခြားစကြဝဠာ တခုသို့သွားသော်လည်း အကာအကွယ်ပြုပြီးသားပင် ဖြစ်ပါသည်။ ထို့ကြောင့် "အာနုဘာဝေါ ပဝတ္တတိ"ဟု မိန့်သည်။

တနည်း- ထိုအာဇာခေတ်ထည်းက တခုသောစကြဝဠာ၌တည်၍ သတ္တဝါအားလုံးအတွက် ရဟန်သုတ် စသော ပရိတ်ကို ပြုအပ်သော် အာဇာခေတ်အတွင်းရှိ သတ္တဝါအားလုံးအတွက် ပရိတ်အာနုဘော်ရောက်သည်သာ။ ဘာ့ကြောင့်နည်း- ထိုအာဇာခေတ်တွင်ရှိ နတ်ပြဟ္မာတို့က ထိုပရိတ်အာဇာတော်ကို လက်ခံအပ်သောကြောင့်တည်း။ ထို့ကြောင့် "အာ-နုဘာဝေါ ပဝတ္တတိ"ဟု မိန့်သည်။ ထို့ကြောင့်ပင် စကြဝဠာ ကုဋေတသိန်းကို ပရိတ်အာဇာ၏ နယ်နိမိတ် ဟု သတ်မှတ်ရပါသည်။

ဝိသယခေတ်။ ။ရှင်ဘုရင်တဦး၏ ပိုင်ရာနယ်မြေကို ဝိသယဟု ခေါ်ဝေါ်နိုင်သကဲ့သို့ ဘုရားဉာဏ်တော်၏ အာရုံပြုရာ အရပ် ကိုလည်း ဝိသယ ဟု ခေါ်ပါသည်။ ယင်း ဝိသယ ခေတ်ကိုရည်ရွယ်၍ တပြိုင်နက်သောခဏ၌ပင် အသံဖြင့်သိစေမှု ကိုယ်တော်မြတ်၏ရုပ်ပုံတော်ကို ဖူးမြင်မှုမျှားကို ဝန်ခံတော်မူသော ဘုရားရှင်သည် "ယာဝတာ ပန အာကင်္ခေ-ယျ"ဟု မိန့်သည်။

ယံ ယံ ဒိသံ ပဏိဓေတိ။ ။ဘုရားဉာဏ်တော်သည် အောက်မေ့လိုသိလိုသော ဆန္ဒမျှနှင့် စပ်သော ဖြစ်ခြင်း ရှိသောကြောင့်

(သိလိုသောဆန္ဒဖြစ်လျှင် ဉာဏ်ဟော်ကသိနိုင်သောကြောင့်)အနန္တစကြဝဠာ အတွင်း၌ သိလိုသမျှသော အာရုံအားလုံးကို သိနိုင်ပါသည်။

ကေ အာဏာခေတ္တံ ဝိနံ့သဘိ။ ။ကျွမ်းနှာ တိရိယတော သံဝဋ္ဋမာနပရိစ္ဆေဒေါ ဝုတ္တော။

ဇေတသု ဘဂဝါ ဗောဓိမဇ္ဈေ။ ။ဇေတသု-ဤသံဝဋ္ဋကပ်, ဝိဝဋ္ဋကပ်တို့တွင် ဟုပေးပါ၊ ဘာ့ကြောင့်နည်း-သံဝဋ္ဋကပ်, ဝိဝဋ္ဋကပ် အပေါင်းမှများစွာသော သံဝဋ္ဋကပ် စသည်တို့ကို ထုတ်ဆောင်အပ်သောကြောင့်တည်း။

အမုမှိ သံဝဋ္ဋကပ္ပေ။ ။ဤ၌ ဝါသဒ္ဒါဘခု အကျေကြံပါ။ ထိုကျေနေသော အနိယမဝါသဒ္ဒါဖြင့် အခြားသော အသင်္ချေယျကပ်တို့ကိုလည်း သိမ်းယူပါ။ တနည်း....သံဝဋ္ဋကပ်ကို ပါဠိတော်၌ အစထား၍ ယူခဲ့သောကြောင့် "အမုမှိ သံဝဋ္ဋကပ္ပေ"ဟု ဖွင့်သည်။ ဥပလက္ခဏနည်းတည်း။ ဤနည်းအလို ဝါသဒ္ဒါအကျေကြံဖွယ်မလိုပါ။

ဧဝံနာမောတိ ဝေဿဘ္ဘရော ဝါ။ ။ဤပုဗ္ဗေနိဝါသဉာဏ်တော်သည် ဘုရားရှင်၏ အစွမ်းဖြင့် လာသောကြောင့် ဘုရားရှင်၏အမည်တော် စသည်၏အစွမ်းဖြင့်သာ အနက်ယောဇနာ၍ ပြလိုရကား "ဧဝံနာမောတိ ဝေဿဘ္ဘရော ဝါ"စသည်ကို မိန့်သည်။

အာဟ်ာရ။ ။သာလိမ်သောဒနာဟာရော ဝါ-လူဖြစ်စဉ်အခါကို ရည်ရွယ်၍ ဆိုပါသည်။ ပဝတ္တဖလဘောဇနော ဝါ- ရသေ.စသည်ဖြစ်ရာ အခါကို ရည်ရွယ်၍ ဆိုပါသည်။

သာမိသနိရာမိသာဒိဗ်ပဘေဒါနံ။ ။ကာမဂုဏ် တည်းဟူသော အိမ်ခ္ဍ မှီခဲသာ လောဘမူ သုခသည် သာမိသသုခမည်၍ နေကျမ္ဘင်မှီသော သောမနဿစသည်တို့သည် နိရာမိသသုခ မည်ပါသည်။ အာဒိသဒ္ဒါဖြင့် ဝိဝေကဇသုခ, သမာဓိဇသုခ စသည်တို့ကိုယူပါ။

အာခရာဟန္တသ။ ။ပြောင်းပြန်အားဖြင့် ဉာဏ်ဖြင့် ပုဗ္ဗေနိဝါသသို့ တက်ပါသည်။

ဣဒံ ပန သခ်ါရဒုက္ခမတ္တမေဝ။ ။အ လောင်း တော် မျှား ၏ ခန္ဓာ အစဉ် နောက်ဆုံးဖြစ်ရာ အခိုက်၌ နတ်ပြည်ပင်-သန္ဓေကို ဖြစ်စေတတ်သော ကံမည်သည်ကို အကုသိုလ်ကံက မလွှမ်းမိုးနိုင်စွန်ပယ်စက်နိုင်ဟူသော အလိုဖြင့် "ဣဒံ ပန သခ်ါရဒုက္ခမတ္တမေဝ" ဟု မိန့်ပါသည်။ သို့သော် ဘုန်းကြီးသော နတ်သားတို့သော်မှလည်း ပုဗ္ဗနိမိတ်ဖြစ်ရာ အခါဈသည်ဝိုဏ်၌ အနိဋ္ဌာရုံနှင့် တွေ့ကြုံမှုစသည် ဖြစ်တက်ပါသေးသည်။ ထို့ကြောင့် တခါတရံမျှ ဒုက္ခဒုက္ခ မဖြစ်သင့်ဟု မဆိုင်နိုင်ပါ။ သခ်ါရဒုက္ခဟူသည်-ဝေဒနားတို့၏ အဖြစ်အပျက်တည်း။

သတ္တပညာသဝ ဿကောဋ္ဌိသဋ္ဌိဝ ဿသတသဟဿာယုပရိယန္တော။ ။ဤစကား ကို လူတို့၏ နှစ်အရေအတွက်အစွမ်းဖြင့် ဆိုပါသည်။ နတ်တို့၏ နှစ်အရေအတွက်အားဖြင့်ကား အနှစ်လေးထောင်သာ။

သာကာရံ ဃဋ္ဋေသိ။ ။မြင်လျှင်မြင်ခြင်း မ ဟိနိုင်သောကြောင့် သူ့အမည် ဘယ်သူလဲဟုမေးမှ "တိဿပါ, ဂေါဟမပါ" စသည်ဖြင့် အမည်အနွယ်အားဖြင့် ညွှန်ပြအပ်သောကြောင့် အမည်အနွယ်သည် ဃဋ္ဋေသမည်၏။ ဝဏ္ဏစသည်တို့ကား မေးစရာပြောစရာမလို၊ မြင်လျှင်မြင်ခြင်း သိနိုင်သောကြောင့် ဝဏ္ဏ, အာဟာရ, ဝေဒယိတ, အာယုပရိစ္ဆေဒတို့သည် အာကာရမည်၏။

နှ တဇော ပရံ။ ။တိတ္ထိမျှား၏ လေးဆယ်သော သံဝဋ္ဋကပ် ဝိဝဋ္ဋကပ်တို့ကို သာ အောက်မေ့နိုင်ခြင်း၏ အာဂမယုတ္တိသည် ဗြဟ္မ-ဇာလသုတ်စသည်တို့၌ လာသောကြောင့် "နှ ဇဟော ပရံ" ဟု မိန့်ဆိုပြီးလျှင် ယိုသို့ သံဝဋ္ဋကပ် ဝိဝဋ္ဋကပ်(၄၀)မျှသာ အောက်မေ့နိုင်ခြင်း၏ အကြောင်းကို ပြုပြီ၍ "ဒုဗ္ဗလပညတ္တာ" စသည်ကို မိန့်။ ထိုဒုဗ္ဗလပညတ္တာဖြင့် ဝိပဿနာကို လွန်စွာအားထုတ်ခြင်းသည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၏ ထူးသောအကြောင်းဖြစ်သည်ဟု ပြပါသည်။ အညတိတ္ထိယတို့၊ ပုဗ္ဗေနိဝါသကို အပ္ပတ်မရနိုင်ပါ။ ကမ္မဝါဒီ, ကိရိယဝါဒီ ရဟေ့စသော အညတိတ္ထိယမျှားသာ အပ္ပတ်ရနိုင်ကြသည်။

ပဏ္ဏတိသဟ္ဂ ကမ္ပ္ပ။ ။ပညာအားကြီးသောကြောင့် ကမ္ဘာ၁ကာရာ, တထောင်စသည် ကောက်မေ့နိုင်သည်။

ဘုဇ္ဈကော ဟိ တေသံ အဘိနိဟာရော။ ။မဟာသာဝကမျိုးမှာ ကမ္မာ တသိန်း, အဂ္ဂသာဝကမျိုးမှာ တသခြောက်နှင့်ကမ္ဘာတသိန်း, ပစ္စေကဗုဒ္ဓါမျိုးမှာ နှစ်သောင်းခြောက်နှင့်ကမ္ဘာတသိန်း ပါရမီဖြည့်ခဲ့ကြသောကြောင့် ထိုပါရမီဖြည့်ရာ ကာလနှင့် ညီမျှမှာ အောက်မေ့နိုင်ကြပါသည်။

ဗုဒ္ဓါနံ ပန ပရိစ္ဆေဒေါ နတ္ထိ။ ။အထက်အရိယာပုဂ္ဂိုလ်များ၏ အဘိညာဉ် ဉာဏ်ခွန်းကို ပါရမီဖြည့်ရာကာလဖြင့် ပိုင်းဖြတ်ခဲ့ခြင်း ဘုရားရှင်များမှာလည်း အပိုင်းအခြားရှိသလောဟု စောဒနာဖွယ်ရှိ၍ "ဗုဒ္ဓါနံ ပန ပရိစ္ဆေဒေါ နတ္ထိ" ဟု မိန့်သည်။

"ယာဝတကံ ဥဿုယ္ဟိ၊ တာဝတကံ ဥဿဟိ" ဟု ဟောတော်မူသောကြောင့် သဗ္ဗညုတ ဉာဏ်ဘော်မှာ အာရုံအပိုင်းအခြား မရှိသကဲ့သို့ ဘုရားတို့၏ အဘိညာဉ်များမှာလည်း မိမိဆိုင်ရာအာရုံ၌ အပိုင်းအခြားမည်သည်မရှိ၊ သိလိုသမျှ သိနိုင်ကြပါသည်။

တနည်း–ပါရမီဖြည့်ရာကာလ အပိုင်းအခြားရှိသော်လည်း သဗ္ဗညုတ ဉာဏ်တော်၏ အဆောက်အဦးတို့သည် အကြောင်းဥပါယ်ကျမ်းကျင်မှု, ယက်ဝန်းကျင်ယိမ်းယှမ်မှု စသည်အားဖြင့် လွန်ကဲမှုရှိသောကြောင့် ပညာပါရမီ ဖြစ်မှု၏ အစွမ်းသတ္တိ၏ အပိုင်းအခြားမည်သည် မရှိပါ။ ထိုပညာပါရမီတော်တို့ကြောင့်ဖြစ်သော အဘိညာဉ်ဟူ၎င်းတို့ကား အာဘယ်မှာ ကာလအပိုင်းအခြား ရှိပါတော့အုံးနည်း။ (မရှိတော့ပြီ ဟူလို)

ဟိတ္ထိယာဝစ စသည်။ ။ငါးဦးဒသာဂုဏ်ရည်တို့၏ ဗုဒ္ဓေါ့ဝါဒ အောက်မေ့ ပုံကို ကာလအားဖြင့် ခွဲခြမ်းဝေဖန်၍ ပြုခဲ့ပြီးနောက် ကမ္ဘာအခါ၌ အာမုံယူခြင်း၏ အစွမ်းဖြင့် အောက်မေ့မှုဖြစ်ပုံကို ပြလိုရကား "ဟိတ္ထိ ဝါစ" စသည်ကို မိန့်သည်။

ဓနုပဋ္ဌိပါဠိ။ ။ခန္ဓာအစဉ် ဟူသည်–ဇာတိမှစ၍ ပြောင်းပြန်ပြန်မသာ အစဉ်တည်း။ ကောစတို့ကား ဗုဒ္ဓရဟန်းပုဂ္ဂိုလ်သည် ခန္ဓာအစဉ် မည်သည်ဟု ဆိုကြ၏။

တေသဉ္စိ အန္ဓာနံ ဝိယ ဣဒ္ဓိတပေါ့ဒေသောဏ္ဍမနံ နတ္ထိ။ ။အကန်းများသည် တောင် ပေး၊ ကိုမ လွှတ်ပဲသာ သွားကြသကဲ့သို့ ထိုဟိတ္ထိများသည်လည်း ခန္ဓာအစဉ်ကိုမလွှတ်ပဲ သာ အောက်မေ့ကြရပါသည်။

သာဝကာ ဥဘယသောပိ။ ။သာဝကာ အရ-ပကတိသာဝက, မဟာသာ-ဝက, အဂ္ဂသာဝက (၃) မျိုးလုံးကို သာမည အားဖြင့် ယူထားသည်။ ပကတိသာဝက, မဟာသာဝကများသည် ဉာဏ်ကြီးသောကြောင့် ခန္ဓာအစဉ်နည်း, စုတိ ပဋိသန္ဓေနည်း-နည်းနှစ်မျိုးဖြင့် အောက်မေ့နိုင်ကြသည်။ အဂ္ဂသာဝကများမှာကား, ခန္ဓာအစဉ်ဖြင့် အောက်မေ့ဖွယ်မလိုကော့ပါ။ ပုဂ္ဂိုလ်တဦး၏ စုတိကိုမြင်ပြီးနောက် ပဋိသန္ဓေကိုမြင်သည်။ ထို့နောက် အခြားတယောက်၏ စုတိကိုလွန်ပြီးနောက် ပဋိသန္ဓေစသည်ဖြင့် ပြောင်းရွှေ့ကာ အောက်မေ့နိုင်ကြပါသည်။

ဗုဒ္ဓါ ပန။ ။သရဒဥတုအခါ မွန်းတည့်ချိန်ဝယ် လေးတောင်မျှ ရှိသော အိမ်တွင်းဌာနရှိသော ရူပါရုံသည် မျက်စိကောင်းသူ အတွက် အလွန်ထင်ရှားသည်မှာ လောကဝယ် သိသာထင်ရှားလှပါသည်။ သို့သော် အလွန်သိမ်မွေ့သော ရူပါရုံစသည်ဖြင့်မူ ထိုပုဂ္ဂိုလ်မမြင်နိုင်မှုသည် ဖြစ်ချင်ဖြစ်နိုင်ပါသည်။ ဘုရားရှင်တို့မှာကား သိလိုသမျှ သိဖွယ်မှန်သမျှ အာရုံမပြုနိုင်သည် မရှိပါ။ သိဖွယ်ကို ပိတ်ပင်တားဆီးတတ်သော တရားများကို ကောင်းကောင်းပယ်ပြီးဖြစ်သောကြောင့် ဉာဏ်ရောင်လင်းသဖြင့် လက်တွင်တင်ထား သျှိသျှားသီးကဲ့သို့ အလွန်ထင်ရှားစွာ သိမြင်တော်မူပါသည်။

[အာမလကံ—သျှိသျှားသီး ဟု ပြန်ရိုးပြန်စဉ်အတိုင်း ပြန်ဆိုပါသည်။ ''နတ္ထိ မလံ ယဿတိ အမလကံ၊ အမလကံယေव အာမလကံ'' ဟု ဝစနတ္ထပြု၍ ညစ်ကြေးမတင် လွန်သန့်စဉ်သော ပတ္တာမြားဟုလည်း အချို့ ပြန်ဆိုကြပါသေးသည်]။

တံ သဗ္ဗံ သရန္ဒိယေ ဝ။ ။ဘုရားရှင်တို့သည် အောက်မေ့လိုသမျှ သိလိုသမျှ အောက်မေ့နိုင်ကြသည်။ မအောက်မေ့နိုင်သည် မရှိပါ။ မှန်ပါသည်။ ဘုရားရှင်တို့မှာ ခန္ဓာအစဉ်လျှောက်၍ အောက်မေ့ရခြင်းကိစ္စလည်းမရှိ။ စုတိပဋိသန္ဓေအစွမ်းဖြင့် ပြောင်းရွှေ့ကာ အောက်မေ့ရခြင်းလည်းမရှိပါ။ ထိုဘုရားရှင်တို့မှာ ကမ္ဘာကုဋေပေါင်းများစွာတို့၌ အသက်ရှောအောက်ရော သိလိုသမျှ ထင်ရှားသည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ပေယျာလပါဠိကို ရွတ်သူများသည် ''ပထမံ စျာနံ ။ပေ။ ပဉ္စမံ စျာနံ'' ဟု အစနှင့်အဆုံးကိုသာယူ၍ အကျဉ်းချုံးကာ ရွတ်ဆိုကျ, ပုဒ်တိုင်း မရွတ်ဆိုကြသကဲ့သို့ ဤအတူ ကမ္ဘာကုဋေပေါင်းများစွာတို့ကို ပေယျာလပါဠိကဲ့သို့ အကျဉ်းချုံးကာ သိလိုသမျှ ဉာဏ်ဖြင့် တက်ရောက်တော်မူကြလျက် သီဟောဠဒီပနည်း အစွဲပြုဖြင့် အာရုံသို့သွားကြပါသည်။ ဤသို့ သွားကြသိကြသော

ဘုရားရှင်တို့၏ဉာဏ်သည် (ပစ်မှတ်ကို မချွတ်မယွင်း အတိအကျပစ်ဝှေ့ပြီးနှိုင်သော လေးသမားတဦး ပစ်အပ်သော မြားသည် အကြားမှာရှိသမျှ သစ်ပင် နွယ်စသည်တို့၌ မထိမငြိပဲ ပစ်မှတ်၌သာ ကျသကဲ့သို့) ဤအတူ အကြားအကြား ဖြစ်သောဘဝတို့၌ မငြိမထိပဲ လိုအပ်ရာရာ အရပ်သို့သာ ရောက်အောင် သွားနိုင်ကြ, လိုအပ်ရာရာ အာရုံကိုသာ ယူတော်မူနိုင်ကြပါသည်။

ကိုံ ဝိဒိတံ ကရောတိ ။ပေ။ ပုဗ္ဗေနိဝါသံ။ ။အတိတ်ဘဝ၌ ဖြစ်ခဲ့သော ခန္ဓာတို့ကို လည်း ကောင်း၊ ထိုခန္ဓာတို့နှင့် ဆက်စပ်သောအမည်အနွယ်တို့ကိုလည်းကောင်း၊ ပုဗ္ဗေနိဝါသဟု ယူရသောကြောင့် "ကိုံ ။ပေ။ နိဝါသံ" ဟုမိန့်သည်။

သေသံ ပသံသာ ဝစနံ။ ။ဆန့်ကျင်ဘက်တို့ကို မှုတ်ထုတ်နိုင်ခြင်း ဟူသော ဖြစ်ပုံအကူးတို့ကို သိစေနိုင်သောကြောင့် "ပသံသာ" ဟု ဆိုသည်။

အဝိဇ္ဇာ ဝိဟတာ။ ။ဤပါဠိဖြင့် သိတတ်သောကြောင့် ဝိဇ္ဇာ မည်၏ ဟူသောအနက်ကိုလည်း ပြနိုင်သည်ဟုမှတ်ပါ။

ကသ္မာ-ယသ္မာ ဝိဇ္ဇာ ဥပ္ပန္နာ။ ။ဤပါဠိဖြင့် ဝိဇ္ဇာ၏ဆန့်ကျင်ဘက်သည် အ-ဝိဇ္ဇာမည်၏။ အဝိဇ္ဇာသည် ပဟာတဗ္ဗဖြစ်၍ ဝိဇ္ဇာသည် ပဟာယကအဖြစ်ဖြင့် ဆန့်ကျင်မှုဖြစ်သည်ဟူသောအနက်အဓိပ္ပါယ်ကိုပြသည်။

သေနဲယော ဣတရသ္မိံ ပိ ပဒဒ္ဒယော။ ။အလင်းရောင် ဖြစ်သောကြောင့် အမှောင်ပျောက်ရသည်ဟူသော အနက်ကို ညွှန်ပြပါသည်။

ပုဗ္ဗေနိဝါသကထာ နိဒ္ဒေသာ

ဒိဗ္ဗစက္ခုဉာဏကထာ

စုတိယာစ ဥပပါတေစ။ ။ဤစကား များသည် သမိပ္ပုဗ္ဗစာ စကားများ ဖြစ်၍ စုတေခါနိုးအခါ ပဋိသန္ဓေနေနပြီးစအခါတို့ကို ယူပါ။ [ယောပါပန အာသန္နစုတိကာ စသည်ကို ယောက်ပါ။]

ယေန ဥဿေန။ ။ဒီဗွစက္ခုဉာဏ်ဖြင့်သာ သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိနိုင်သောကြောင့် "ယေန ဥဿေန" အရ- ဒိဗွစက္ခုဉာဏ်ကိုကောက်ပါ။

ပရိကမ္မံ ဝတ္တတေ သိယာ။ ။ဒိဗွစက္ခုဉာဏ်ကို ဖြစ်စေလိုသော အာဒိကမ္မိက-ကုသလပုဗ္ဗဘာဂသည် ကသိုဏ်းအာရုံရှိသော အဘိ-ညာဉ်၏ အခြေခံစျာန်ကို အလုံးစုံသောအခြင်းအရာအားဖြင့် အဘိညာဉ်အမှုဆို ခန့်အောင်ပြု၍ တေဇော, သြဒါတ, အာလောကဟူသော ကသိုဏ်း သုံးမျိုးဘွင် တမျိုးမျိုးသော ကသိုဏ်းကို နှိုးဆော်ပြုရမည်၊ ဥပစာရစျာန် အာရုံပြု၍ တိုးပွားစေ၍ တည်စေရမည် စသည်ဖြင့် ဒိဗွစက္ခုဉာဏ်၏ပရိကမ်ကို ဆိုစရာရှိပါသည်။

ဒိဗ္ဗသဒ္ဒိသတ္တာ။ ။ဤစကားသည် ဟိနူပမာပြု စကားမျှဖြစ်ပါသည်။ ဘာ့ကြောင့်နည်း- ဤဒိဗွစက္ခုအဘိညာဉ်သည် နတ်၏ပကတိ စက္ခုတာဝ်လည်း အာနုဘာဝ်ကြီး သောကြောင့်တည်း။

သုစရိတကမ္မနိဗ္ဗတ္တာ။ ။သဒ္ဓါမျှားခြင်း, စင်ကြယ်သောဘယူရှိခြင်း, အကျိုး အာနိသင်ကို ယုံကြည်ရခြင်းစသော ဂုဏ်မျှားနှင့် ပြည့်စုံအောင် ကောင်းစွာကျင့်အပ်သော နတ်ပြည်ပဋိသန္ဓေကို ဖြစ်စေတတ်သော ကောင်းမှုကံကြောင့် ဖြစ်သော။

အပလိဗုဒ္ဓံ။ ။သည်းခြေ စသည်တို့သည် မနှောင့်ယှက် အပ်သောကြောင့် လည်းကောင်း၊ ကံသည် မွန်မြတ်သောကြောင့်လည်းကောင်း ဥပက္ကိလေသတို့မှ လွတ်သည်ဟုဆိုရသည်။ ကံပြုစဉ်တုန်းက ဥပက္ကိလေသတို့မှ လွတ်ကင်းခြင်းကိုပင် အကျိုးဝိပါတ်စက္ခုအပေါ် ၌ တင်စား၍ ကာရ-ဏူပစာ အားဖြင့် စက္ခုကို ဥပက္ကိလေသဝိနိမုတ္တ ဟု ဆိုရသည်။

ဒ္ဓုနရပိ။ ။ပိသဒ္ဒါဖြင့် သိမ်မွေ့သောအာရုံကိုလည်း ခံယူစွမ်းနိုင်ကြောင်းကို သိမ်းယူသည်။

ဝိရိယဘာဝနာဗလနိဗ္ဗတ္တာ။ ။ဝီရိယကိုအားထုတ်မှုသာ ပြီးဖြီးနိုင်ခြင်း-ကြောင့် အားယိုးဆသာ ကုသလဘာဝနာသည် ဝီရိယဘာဝနာမည်၏။

တာဒိသဒေမဝ။ ။ဥပက္ကိလေသတို့မှ လွတ်ကင်းခြင်းအားဖြင့် လည်းကောင်း၊ မပေါ်သောအာရုံ သိမ်မွေ့သောအာရုံမျှားကို ခံယူစွမ်းနိုင်ခြင်းအားဖြင့်လည်းကောင်း နတ်မျက်စိနှင့်တူပါသည်။

ဒိဗ္ဗဝိဟာရဝေနသန ပဋိလဒ္ဓတ္တာ။ ။ဒိဗ္ဗဝိဟာရ အမည်ရှိသော ဈာန်၄လား ပါးတို့၏ အစွမ်းဖြင့် ရရှိတော်မူသောကြောင့် အဘိညာဉ်သည် ဒိဗ္ဗ မည်၏။(ဟာရကျူပစာတည်း)

ဒိဗ္ဗဝိဟာရသန္နိဿိတတ္တာ။ ။အဂ်ါ(၀)ပါးနှင့် အလွန်ပြည့်စုံသော စတုတ္ထ ဈာန် တည်းဟူသော ဒိဗ္ဗဝိဟာရ မည်သော ပါဒက ဈာန်ကို အမှီပြု၍ ဖြစ်ရသောကြောင့် ဒိဗ္ဗ မည်၏။ တနည်း-ဒိဗ္ဗ-ဝိဟာရ၌ အကျုံးဝင်သော မိမိဟူသော အဘိညာဉ်နှင့်ယှဉ်သော ရူပါဝစရ စတုတ္ထဈာန်ကို နိဿယပစ္စည်းဖြစ်၍ မှီသောကြောင့် ဒိဗ္ဗ မည်၏။

အာလောကပရိဂ္ဂဟေန မဟာဇုတိကတ္တာပိ ဒိဗ္ဗံ။ ။ကသိုဏ်းအလင်းရောင် ချီးမြှောက်မှုဖြင့်ရောက် အပ်,ရအပ်သည့်အတွက် ကိုယ်တိုင်ဉာဏ်အလင်းရောင်ကို ဖြန့်သောအားဖြင့် ကြီးမြတ်သော အရောင်ရှိသောကြောင့်လည်း ဒိဗ္ဗမည်၏

တံ သဗ္ဗံ သဒ္ဒသတ္ထာနုသာရေန ဝေဒိတဗ္ဗံ။ ။တံသဗ္ဗံ အရ-ဖော်ကော်ဌိုခဲ့သော အနက် (၅)မျိုးလုံးကို ယူရန် ဆရာများဆိုကြ၏။ ကေစိတို့ကား-ဒိဝုဓာတ်ကို ဇုတ်အနက် ဂတိ အနက်တို့၌ သဒ္ဒဝိဒူများ အလိုရှိကြသောကြောင့် "မဟာဇုတိကတ္တာ မဟာ-ဂတိကတ္တာ"ဟူသော အနက်နှစ်မျိုးကိုသာ ရည်ရွယ်၍"တံ သ-ဗ္ဗံ"ကိုဆိုသည်။ ထို့ကြောင့် "ဒိဗ္ဗတိ ဇောတယတိတိ ဒိဗ္ဗံ၊ ဒိဗ္ဗတိ ဂစ္ဆတိ အာသဇ္ဇမာနံ ပဝတ္တာတိတိ ဒိဗ္ဗံ" ဟူသော ဤအနက်ကိုပြခြင်းငှာ "သဒ္ဒသတ္ထာနုသာရေန ဝေဒိတဗ္ဗံ"ဟူသော စကားကို မိန့်ဆိုသည်ဟုဆိုကြ၏။

စက္ခုကိစ္စကရဏေန စက္ခုမိဝ ဂါတိပိ စက္ခု။ ။ပကတ်မဲသ စက္ခုသည် ဝိညာဉ်၏ တည်ရာဖြင်၍ ညီညွတ်သော အရာ မညီညွတ်သောအရာကို ပြောပြနေသကဲ့သို့ ဤအဘိညာဉ်စက္ခုကား သိုမ်းသစက္ခုနှင့် တူ၍သာမက မိမိကိုယ်တိုင်ပင် ထိုမဲသစက္ခုထက် လွန်လွန်ကဲကဲ စက္ခုကိစ္စကို ပြုနိုင်ပါသည်။ ကို့ကြောင့် "စက္ခု။ ပေ။ စက္ခု" ဟု မိန့်ဆိုသည်။

ယော ဟိ စုတိမတ္တမေဝ ပဿတိ နု ဥပပါတံ၊ သော ဥစ္ဆေဒဒိဋ္ဌိ ဂကျာတိ၊ စုတိမှနောက်၌ ဖြစ်မှုကို မမြင်ရသောကြောင့် သေပြီးနောက်၌ ဤသတ္တဝါ ပြတ်သကဲ့သို့ ဤဒေဝတူ ဤသတ္တဝါမှ အခြား သတ္တဝါများလည်း သေပြီးနောက်၌ ပြတ်သည်ဟု ဥစ္ဆေဒဒိဋ္ဌိယူသည်။

ယော ဥပပါတမတ္တမေဝပသဿတိ နု စုတိ၊ သော နဝသတ္တပါတုဘာဝဒီဋ္ဌိ
ဂဏ္ဍာတိ။ ။စျာန်ရသူသည် အဓိစ္စသမုပ္ပန္နိက ပုဂ္ဂိုလ်ကဲ့သို့ ယူပါသည်။ ခွဲပါဦးအုံ–ပုဂ္ဂိုလ်တဦးသည် အသည်းသတ်ဘုံ၌ စုတေခဲ့၍ လူ့ဘုံ၌ဖြစ်ကာ ရသေ့ရဟန်းပြုပြီးနောက် အဘိညာဉ်ရ၍ ပုဗ္ဗေနိဝါသကို အောက်မေ့လတ်သော် ဤလူ့ဘုံ၌ ပဋ္ဌိသန္ဓေကိုသာမြင်၍ ထို့ထက်အလွန် အသည်းသတ်ဘုံ၌ ဖြစ်မှုကို အောက်မေ့မြင်းငှာ မစွမ်းနိုင်သော် "ငါသည် ရှေးတုန်းက မဖြစ်ခဲ့ဘူးပါ၊ ခုမှသာ ရှေးက မဖြစ်ခဲ့ပဲ သတ္တဝါဖြစ်နေရ၏။ ကြွင်းသော သတ္တဝါများလည်း ဘုံနည်းတူပင် ဖြစ်ကြပေလိမ့်မည်" ဟုသတ္တဝါအသစ် ထင်ရှားပြစ်၏ဟူသော အယူကို ယူဆသကဲ့သို့ ဤပုဂ္ဂိုလ်သည်လည်း ပဋ္ဌိသန္ဓေမှုကိုသာမြင်၍ စုတိကို မမြင်နိုင်သောကြောင့် နဝသတ္တပါတုဘာဝ-ဒိဋ္ဌိကို ယူ၏လည်း။

ကောဒသဥပက္ကိလေသဝိရဟတောဝါ ဝိသုဒ္ဓိ။

၁။ ဝိစိကိစ္ဆာ–ဒီပွဓာတ္တုဟောက်ဖြင့် အမျိုးမျိုးသော အာရုံတို့ကို မြင်လတ်သော် ဤအာရုံသည် ဘာပါလိမ့်ဟု တွေးတောယုံမှားခြင်း။

၂။ အမနသိကာရော–နှလုံးသွင်းလျှင် ရှုပါရုံများထင်၏၊ ထင်လို့ မြင်သော် ဝိစိ.ဘ်စ္ဆာဖြစ်၏။ ထို့ကြောင့် "ယခုဖမခါဘာမျှ နှလုံးမသွင်းပဲနေအုံ" ဟုကြ၍ ဆိတ်ဆိတ်နေခြင်း။

၃။ ထိနမိဒ္ဓ–ဘာကိုမျှ နှလုံးမသွင်းလော် ဖြစ်ပေါ်လာသော ထိုင်းမှိုင်းခြင်း။

၄။ ဆမ္ဘိတတ္တံ–ထိနမိဒ္ဓကို ဖျောက်၍ အားထုတ်အပ်သော မနသိ-ကာရအစွမ်းဖြင့် ဟိမဝန္တာသို့ ရှေးရှုအလင်းရောင်ပြု၍ ရက္ခိုဿ်, ဧပါးကြီးမြွေ စသည်ကို မြင်လတ်သော် ဖြစ်ပေါ်လာသော ကြောက်ခြင်း။

၅။ ဥပ္ပဋိ–ကြောက်စိတ်ပျောက်အောင် ကြံလတ်သော် မိမိ၏ ဆင်ခြင်မှု မကျွမ်းကျင်သည်ကို အကြောင်းပြုကာ ဖြစ်ပေါ်လာသော ပေါ်လွင်မှု။

၆။ ဒုဋ္ဌုल्ल–ဝိရိယလျော့လတ်သော် ဖြစ်ပေါ်လာသော ရုန့်ရင်းမှု, ပူလောင်မှု, ပျင်းရိမှု။

၇။ အစ္ဆာရဒ္ဓဝိရိယ–ဝိရိယပျော့လတ်သော် ရုန့်ရင်းမှုဖြစ်၏ဟုပြော်ကား ဝိရိယကို မြှောက်လတ်သော် ဖြစ်ပေါ်လာသော အလွန်အားထုတ်မှု။

၁။ အတိလီနဝိရိယ–ဝီရိယ လွန်သွားသည်ဟု ကြားလာ ဝီရိယကို လျှော့လတ်သော် ဖြစ်သော အလွန်လျှော့သော ဝီရိယ။

၂။ အဘိဇပွါ–နတ်ပြည်သို့ရှေးရှု အလင်းရောင်ပြု၍ နတ်အဓေါင်းကို မြင်လတ်သော် ဖြစ်သော တရား။

၁၀။ နာနတ္တသညာ–နတ်ပြည်သို့ရှေးရှု တိုးပွားမှုပြု၍ အမျိုးမျိုးသော အာရုံတို့ကို နှလုံးသွင်းလတ်သော် ဖြစ်သော နာနတ္တ-သညာ။

၁၁။ အတိနိဗ္ဗာယိတတ္တံ--အမျိုးမျိုးသော အာရုံတို့ကို နှလုံးသွင်းလတ်သော် နာနတ္တသညာ ဖြစ်၏။ ကောင်းကောင်း ဆိုးဆိုး တမျိုးမျိုးကိုသာ နှလုံးသွင်းတောဲ့အံ့ဟု ကြံစည်၍ နှလုံးသွင်းသူမှာ ဖြစ်သော ရူပါရုံတို့ကို အလွန်စူးစိုက်စွာရှုမှု။

ဩဘာသံ။ ။ပရိကမ္မဘာဝနာကြောင့် ပေါ်လာသော အရောင်အလင်း။

နစ ရူပါနိ ပဿတိ။ ။ပရိကံကြောင့်ဖြစ်သော အရောင်အလင်းကို နှလုံးသွင်းမှုများသောကြောင့် ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကို မမြင်ရ။

အတိက္ကန္တမာနုသကံ။ ။မာနုသကံ–လူတို့၏ဥစ္စာဟူသည် လူအများ၏ အာရုံဖြစ်နိုင်သော ရူပါရုံတည်း။ ဒိဗ္ဗစက္ခုအဘိညာဉ်သည် ထိုရူပါရုံမှတပါး နတ်ပြည်၌ဖြစ်သောရူပါရုံ, နံရံတဘက်၌ ကွယ်နေသောရူပါရုံ, သိမ်မွေ့နုးညံ့သောရူပါရုံ စသည်တို့ကို မြင်နိုင်သောကြောင့် "အတိက္ကန္တမာနုသက" မည်၏။ လူတို့၏ ဥပစာကို လွန်သည်မည်သောကြောင့် "မနုဿူပစာရံ အတိက္ကမိတ္တာ ရူပဒဿနေန အတိက္ကန္တမာနုသကံ" ဟု ဖွင့်ပါသည်။ မနုဿူပစာရ ဟူသည်--လူအများ၏ ပကတိဈာန်ဒွါရဖြင့် ယူနိုင်သောအာရုံတည်း။ တနည်း-ဝိသယ(အာရုံ)ကို ပဓာနအားဖြင့် ပြခဲ့ပြီး၍ ယခုအခါ ဝိသယီ (အာရမ္မဏိက)ကို ပဓာနပြုကာ တနည်းပြပြန်လို၍ "မာနုသကံ ဝါ" စသည်ကို မိန့်။ မံသစက္ခု၏ကိစ္စကို လွန်ခြင်းဖြင့်ပင် မံသစက္ခုလွန်ပုံကို သိမှတ်ပါ။

ဒိဗ္ဗစက္ခုနာ ဒဋ္ဌုံ သက္ကာ။ ။စုတိခဏ, ပဋိသန္ဓေခဏသည် အလွန်တို့သောကြောင့်လည်းကောင်း၊ အချို့ပုဂ္ဂိုလ်၏ရုပ်သည် အလွန်သိမ်မွေ့သောကြောင့်လည်းကောင်း၊ ဒိဗ္ဗစက္ခုဖြင့်သော်မှ မမြင်နိုင်ပါ။

သတ္တော ပဿာမိ။ ။ဒိဋ္ဌစက္ခုသည် ရူပါရုံကိုသာ အာရုံပြု၍ သတ္တဝါပညတ်ကို အာရုံမပြုနိုင်သော်လည်း မျှားသော အားဖြင့် သတ္တဝါတို့၏ သန္တာန်၌ဖြစ်သော ရူပါရုံကို မြင်ရသောကြောင့် "သတ္တော ပဿာမိ"ဟု ဟောပါသည်။ တနည်း–သတ္တဝါဟူ စွဲယူခြင်း၏အကြောင်းဖြစ်သောကြောင့် ပညာအားဖြင့် "သတ္တော"ဟု ဟောသည်ဟု ဆိုကြသေး၏။

ဟီနေ။ ။မောဟလျှင် မှိုရာရှိသောကံသည် ကိုယ်တိုင်လည်းယုတ်ညံ့၊အကျိုးလည်းယုတ်ညံ့သောကြောင့် "မောဟနိဿန္ဒယုတ္တတ္တာ"ဟု မိန့်သည်။ ကုသိုလ်ကံ၏ မောဟမှိုရာရှိမှုကို ကုသိုလ်မပြုခင်က မောဟ အဖြစ်မျှားခြင်းဖြင့်သိပါ။ ထိုမောဟဖြစ်မှုကြောင့် ညစ်နွမ်းသော ကုသိုလ်ကံသည် ယုတ်နိမ့်သော ဇာတိစသည်ကိုသာ ဖြစ်စေပါသည်။ ဤသို့လျှင် ယုတ်နိမ့်သော ဇာတိစသည်တို့သည် မောဟ၏အကျိုးဆက်မျှားဖြစ်ကြပါသည်။ ထို့ကြောင့် "ဟီနာနံ ဇာတိကုလဘောဂါဒီနံ" စသည်ကိုမိန့်ဆိုပါသည်။

အမောဟနိဿန္ဒယုတ္တတ္တာ။ ။ဤ၌ အမောဟသည် သမ္မယုတ် အစွမ်းအားဖြင့်လည်းကောင်း၊ ပုဗ္ဗဘာဂ အစွမ်းအားဖြင့်လည်းကောင်း ဖြစ်နိုင်ပါသည်။ ဤပါဠိဖြင့် တိဟိတ်ပဋိသန္ဓေ ရှိသူမျှားကို ပြပါသည်။

သုဝဏ္ဏေ ဒုဗ္ဗဏ္ဏေ။ ။အဆင်းလှမှု,မလှမှုသည် အစဉ်အတိုင်း ကံ၏အဒေါသ မှိုရာရှိမှု ဒေါသမှိုရာရှိမှုတို့ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် "အဒေါသနိဿန္ဒယုတ္တတ္တာ" စသည်ကို မိန့်သည်။ ကံ၏အဒေါသ မှိုရာရှိပုံကို မေတ္တာစသည်တို့ဖြင့် ထုံမွှမ်းအပ်သော သန္တာန်၌ဖြစ်သော အားဖြင့်သိပါ။ ဤ"သုဝဏ္ဏေ ဒုဗ္ဗဏ္ဏေ"ကို အဌကထာ၌ နှစ်နည်းဖွင့်၏။ ထို နှစ်နည်းတွင် ပထမနည်း၌ ဝဏ္ဏသဒ္ဒါ အဆင်းဟောဟု ယူ၍၊ ဒုတိယ နည်း၌ သဏ္ဌာန်ဟောဟုယူပါ။ သို့အတွက် "သုဝဏ္ဏေ- ကောင်းသော အဆင်း ရှိကုန်သော၊ ဝါ--ကောင်းသောသဏ္ဌာန်ရှိကုန်သော"ဟု အနက်ပေးရမည်။ ဒုဗ္ဗဏ္ဏေ ကိုလည်း နည်းမှီ၍ပေးပါ။

သုဂတေ။ ။အလောဘ အစ္ဆာသယ ရှိကြသော သူတော်ကောင်းတို့၏ တောင်းခံစကားကိုသိကြသော မစ္ဆေရ အညစ်အကြေးမှကင်းကြသော ပုဂ္ဂိုလ်မျှားသည် အလောဘ မှိုရာရှိသောကံကြောင့် ပြည့်ဝကြွယ်ဝသူမျှားဖြစ်နိုင်ကြပါသည်။ ထို့ကြောင့် "အလောဘနိဿန္ဒယုတ္တတ္တာ ဝါ

အမေရဲ့ မဟာဒွန်နေ''ဟု သုဝဟေပုဒ်ပြောကျက်ဒုတိယပေါ်ကုသိုလ်ကိုပွားပါသည်။ ''သုဝ-လေ-ဒကာင်းသောဂတိသို့ ရောက်ကုန်သော၊ ဝါ-ချမ်းသာသို့ ရောက်ကုန်သော၊ ဝါ-ကြွယ်ဝကုန်သော''ဟု ပေးပါ။

လောဘနိဿန္ဒယုတ္တတ္တာဝါ ဒလိဒ္ဓေ စသည်။ ။လောဘဓာတ်ခံရှိကြသော ကြမ်းကြုတ်ဝန်တိုကြသော သတ္တဝါများသည် လောဘမှီရာရှိသောကံကြောင့် ဆင်းရဲရပါသည်။ ထို့ကြောင့် ''လောဘ ။ပေ။ ဒလိဒ္ဓေ''ဟုမိန့်ဆိုသည်။

ဥပစိတံ။ ။အကျိုးကိုဆောင်အောင်ပြုအပ်၏။ အကျိုး ပေးစွမ်း နိုင်အောင် ကံကို ပြုအပ်သည်ဟု ဆိုလိုသည်။

စဝမာနေတိအာဒီဟိ ဒိဋ္ဌစကျုကိစ္စ ဝုတ္တံ။ ။ဝိသယကိုပဓာနပြု၍ (ဝိသယ ကိုတိုက်ရိုက်ပြု၍) ဝိသယိ၏ ကိစ္စ ဗျာပါရကိုလည်း ကာရဏဘူပစာ အားဖြင့်ပြသည်။ အာဒီဟ်နောင်စ ကျေနေပါသည်။ ထို့ကြောင့် ''ဒိဋ္ဌေန ။ပေ။ ပဿာမီတိလူ့မေဟိ-ဤပုဒ်တို့ ဖြင့်လည်းကောင်း၊ စဝမာနေတိ အာဒီဟိစ-တို့ဖြင့်လည်းကောင်း၊ ဒိဋ္ဌစကျု-ကိစ္စံ-ကို၊ ဝုတ္တံ-ပြီ''ဟု အနက်ပေးပါ။

ဣမိနာ ပန ပဒေန။ ။''ယထာကမ္မုပဂေ သတ္တေ ပဿာနာမိ'' ဟူသော ဤ ဝါကျဖြင့်ဟု ပေးပါ။ မှန်ပါသည်။ ''ပဋ္ဌတ် ဥယတ် အတ္ထော ဣမိနာတိ ပဒံ'' ဟူသော ဝစနတ္ထနှင့်အညီ ဝါကျသည် ပဒမည် ပါသည်။

မဟန္တံ ဒုက္ခံ အနုဘဝမာနေ။ ။ဒိဋ္ဌစကျုဉာဏ်ဖြင့် နှုပါရုံကိုမြင်၍ ကိုသက္ကပါတို့၏ ဒုက္ခခံစားပုံကို ကာမာဝစရစိတ်ဖြင့်သာ သိပါသည်။

ဝေဝံ မနသိ ကရောတိ။ ။ငရဲသားတို့၏ ငရဲခံဖြစ်ရခြင်း၏ အကြောင်းကံကို သိလိုသော် ပါဒကဈာန်ကိုဝင်စား၍ ထိုဈာန်မှ ထ ကာ ပရိကံ၏အစွမ်းဖြင့် နှလုံးသွင်းရပါသည်။

ယထာကမ္မုပဂဉာဏ်။ ။ပရိကံပြုပြီးနောက် ပါဒကဈာန်ကို ဝင်စား၍ ထိုဈာန်မှထကာ ကံကိုအာရုံပြုသော မနောဒ္ဓါဒု-

ဝဇ္ဇန်း၊ ထို့နောင် ပရိကံ, ဥပစာ, အာသေဝနပစ္စယ, ဂေါတြဘု ဟူသော ကာမဇော (၃)ကြိမ်၊ (၄)ကြိမ်၊ ထို့နောင် ရူပါဝစရ ဈာနတွင်းမှ ဈာန်ဟူသော အပ္ပနာ-ဇော (၁)ကြိမ်ဖြစ်၏။ ထိုအပ္ပနာဇောနှင့်ယှဉ်သောဉာဏ်ကို ယထာဂတမ္ဘူ-ပဂဉာဏ်ဟု မှတ်ပါ။

ဝိသုံ ပရိကမ်မံ နတ္ထိ။ ။ဤစကားကို ဒိဗ္ဗစက္ခုဉာဏ်နှင့်ဝင်း၍ ယထာဂတမ္ဘူ-ပဂဉာဏ်အတွက် သီးခြားပရိကံမရှိဟူသော အလို ပြင့် ဆိုပါသည်။ လုံးဝ ပရိကံမရှိဟု မမှတ်ရ၊ လုံးဝပရိကံမရှိဟုဆိုလျှင် ယထာဂတမ္ဘူပဂဉာဏ်ကို မဟာဂ္ဂုတ် မဟုတ်ဟု ဆိုရပေမည်။ အမှန်ကား မဟာဂ္ဂုတ်ဖြစ်ဖို့အတွက် သီးခြားသာ ပရိကံမရှိ၊ လုံးဝမရှိမဟုတ်ဟုမှတ်ပါ။

နေရယိကသတ္တေ ဒေဝလောကာဘိမုခံ။ ။ဤ၌ နေရယိကသတ္တဝါနှင့် ဒေဝ-သတ္တဝါများကို နိဒဿနနည်းပြ စကားများဟု မှတ်ပါ။ မှန်၏။ ဒိဗ္ဗစက္ခုဉာဏ်ရသူသည် သိလိုမြင်လိုလျှင် အခြားဂတိများ၌လည်း သိနိုင် မြင်နိုင် ပါသည်။ "အပါယဂ္ဂဟဏေန တိရစ္ဆာနယောနိ ဒီပေတိ" စသည်နှင့် "သုဂတိဂ္ဂဟဏေန မနုဿဂတိပိ သင်္ဂဏှာတိ" စသော အဋ္ဌကထာစကားကိုလည်း ထောက်ပါ။

ယထာ စိမဿ စသည်။ ။ယထာ စ ဣမဿ ယထာဂတမ္ဘူပဂဉာဏဿ ဝိသုံ ပရိကမ်မံ နတ္ထိ၊ ဧवံ အနာဂတံသညာဏဿပိတိ ဝိသုံ ပရိကမ္မာဘာဝဋ္ဌ နိဒဿေတိ၊ တတ္ထ ကာရဏမာဟ ဒိဗ္ဗစက္ခုပါဒ-ကာနေ ဝ ဟိ ဣမာနိတိ။ ဆိုလိုသည်မှာ ဒိဗ္ဗစက္ခုဉာဏ်ရသူသည် ငရဲစသည် သို့ရှေးရှု အလင်းရောင်ပြုကာ ငရဲသား သတ္တဝါစသည်ကို မြင်ပြီးနောက် ထိုသတ္တဝါများ ရှေးဘ၀အားထုတ်ခဲ့သော ကံနှင့်စိတ်တို့ကို ဟုတ်မှန်သော အားဖြင့် သိသကဲ့သို့ အနာဂတ်ဘ၀ကို သိလိုလျှင်လည်း သိလိုသောသတ္တဝါ ကိုရည်ရွယ်ကာ အလင်းရောင်ပြု၍ ထိုသတ္တဝါ ရှေးဘ၀ ယခုဘ၀များ၌ ပြုခဲ့သောကံကို ယထာဂတမ္ဘူပဂဉာဏ်ဖြင့် သိမြင်၍ အနာဂတ်အတွင်ဘောက်ကို သိလိုလသော် အနာဂတ်ဘ၀၌ ဆောက်တည်မှု နှလုံးသွင်းမှုများနှင့် ခြံရံ အပ်သော စိတ်များကို အနာဂတံသညာဏ်ဖြင့် သိပါသည်။

ဣမာနိ ဒိဗ္ဗစက္ခုနာ သဟေव ဣဒ္ဓန္တိ။ ။ဤ ယထာဂတမ္ဘူပဂဉာဏ် နှင့် အနာဂတံသညာဏ် နှစ်ပါးသည် ဒိဗ္ဗစက္ခုဉာဏ်မပါလျှင် မပြီးစီးနိုင်သောကြောင့် "ဣမာနိ။ ... ဣဒ္ဓန္တိ" ဟု မိန့်ဆိုသည်။

ကာယဒုစ္စရိုကေန။ ။ဒုစ္စရိုတဝိုဂြိုဟ်နှစ်ခုနှင့် ကာယဒုစ္စရိုတ အကျဉ်နှစ်ခုကို ယာထာကျွမတ္ထဲစပ်ရမည်။ ကာယ အရ- စောပနုကာယကိုယူပါ။ ကာယ-ဝိညတ်အစွမ်းဖြင့်ဖြစ်သော အကုသိုလ်ကာယကံသည် ကာယဒုစရိုက်မည်၏။

သမန္နာဂတာတိ သမဂ်ီဘူတာ။ ။ကံပြုရာဆည်းပူးရာသန္ဓာန်သည် အာဟာ ရပြတ်မှုမရှိလျှင် အကျိုးပေးဘိုဝ်မသာသ ဏာ မကင်းသောကြောင့် ကာယဒုစရိုက်နှင့်တကွ ဖြစ်သည်သာဟု ဆိုထိုက်ပါသည်။ ထို့ကြောင့် "သမန္နာဂတာတိ သမဂ်ီဘူတာ" ဟု မိန့်ဆိုသည်။

"အနဏ္ဍကာမာ ဟုတ္တာ" ဟူသော ဤပါဠိဖြင့် မိဘတို့သည် အကျိုးလိုလား မှုဖြင့်သားသမီးကိုကဲ့ရဲ့ကြသကဲ့သို့လည်းကောင်း၊ ဆရာသမားတို့သည်တပည့် တို့ကို အကျိုးလိုလားစွာဖြင့် ကဲ့ရဲ့စွပ်စွဲကြသကဲ့သို့လည်းကောင်း မဟုတ် ကြဟူသော အဓိပ္ပာယ်ကို ပြပါသည်။

ဂုဏပရိဓံသဝေန။ ။အန္ဓိမဝတ္ထုဖြင့် စွပ်စွဲမှုသည်လည်း ဂုဏပရိဓံသနပင် ဖြစ်သော်လည်း ဂုဏ အရ-ဈာန်စသော ဥတ္တာရိပနုဿ ဝမ္မဘရားထူးတို့ကို အလိုရှိအပ်သောကြောင့် သီလပရိဓံသနကို သီးခြားယူ အပ်ပါသည်။ ထို့ကြောင့် "နတ္ထိ ဣမေသံ သမဏာဝမ္မာ" စသည်ကို မိန့်ပါ သည်။ သီလသံယမကို ရည်ရွယ်၍ သမဏာဝမ္မာဟု ဆိုပါသည်။

ဥဘယထာပိ အရိယူပဝါဒေါ ဟောတိ။ ။စွပ်စွဲအပ်သူ အရိယာ ဖြစ် ကြောင်းကို သိမှု မသိမှုသည် လိုရင်းမဟုတ်၊ အရိယာဖြစ်မှုသည်သာ လိုရင်းဖြစ်ပါသည်။ ထို့ကြောင့် "ဥဘယထာပိ ။ပ ဟောတိ" ဟု မိန့်သည်။ အရိယာ ဟု မသိခြင်းကြောင့် ဖွက်ဆိုးလိုစိတ်မရှိသူမှာ အရိယူပဝါဒမဖြစ်ဟု ဆိုကြသေး၏။

ဘာရိယံ ကမ္မံ။ ။အာနန္တရိယကံနှင့်တူသောကြောင့် ဝန်လေးသောကံ ဖြစ် ပါသည်။ သို့သော် သည်းခံစေသောအားဖြင့် (တောင်း ပန်သောအားဖြင့်) ကုစားလို့ရပါသည်။ အာနန္တရိယကံကဲ့သို့ ကုစားလို့မရ သည် မဟုတ်ပါ။

မဟာလွေကော။ ။ရဟန်းတို့အား လျှောက်ပတ်သည်, မလျှောက်ပတ်သည်ကို မသိ။ လောကထုံးစံကိုမှ မသိဟူသောအကြောင်းဖြင့် ပြောအပ် သောကြောင့် ဂုဏပရိဓံသနဖြင့် ကဲ့ရဲ့ရာရောက်ပါသည်။

အမှာကံ လင်္ဂဟပ္ပကံ အကာသိ။ ။"ရဟန်းဆိုတာ ဒီလို လူသွားလမ်းအနီး၊ တံခါးခုံပေါ်၌ စားသောက်မှုကို လုပ်အပ်တာပဲ"ဟု လူများကပြောဆိုအပ်သော် "ငါတို့ ခေါင်းမခေါ်နိုင်ကုန်လတ္တံ့"ဟူလို။

အတ္ထိ ဟေ အာဝုသော ဣမသ္မိံ သာသနေ ပတိဋ္ဌာတိ။ ။"သင့်မှာ ဤသာသနာတော်၌ဗဟုသုတ ရှိပြီလား"ဟု ကိုလျက်ပင် မဃထရ်ကြီးကပေး၏၊ ရဟန်းငယ်သားလည်း သစ္စာသိမှုသည် သာသနာတော်၌ တည်ရာဖြစ်သောကြောင့် "သောတာပန္နော အဟံ"ဟု လျှောက်ထားသည်။ မဃထရ်သည် ရဟန်းငယ်ကို သနား၍ "သင်သည် ရဟန္တာကိုစွပ်စွဲမိပြီ"ဟု မိမိကိုယ်တိုင် ထင်စွာပြုသည်။

ဧတေနသ တံ ပါဟတိကံ အဟောသိ။ ။ထိုသို့ တောင်းပန်လိုက်ခြင်းကြောင့် သောတာပန် ရဟန်းငယ်၏ ရဟန္တာကြီးကို စွပ်စွဲမိသော အရိယူပဝါဒကံသည် မဂ္ဂါဝရဏ မဖြစ်တော့ဟု ဆိုလိုပါသည်။ ပစ္စပ်စွဲမိကပင် သောတာပန်ဖြစ်ပြီးသည်အတွက် အပါယဂါမိကံ ဝဋ်ကို ကောင်းကောင်းပယ်အပ်ပြီးသောကြောင့် ထိုအရိယူပဝါဒကံသည် ထိုရဟန်းငယ်အတွက် သဂ္ဂါဝရဏကိုကား မပြုနိုင်ပါ။

အဇ္ဇုနာ ဝုတ္တရော ဟောတိ။ ။မိမိက ကြီးလည်း ဆောင့်ကြောင့်ထိုင်၍ တောင်းပန်ရမည်ဟု ဝိသုဒ္ဓိမဂ်၌ဆိုလို၏။ အဋ္ဌကထာ၌ကား ရပ်လျက်သာ ဟု ဆို၏။

သစေ ဧသော နုက္ခမတိ။ ။သောတာပန်, သကဒါဂါမ်မျှားသည် ဒေါသကြောင့်သည်းမခံတာ, ခွင့်မလွှတ်နိုင်တာ ဖြစ်နိုင်ပါသည်။ အနာဂါမ်, ရဟန္တာများကား စွပ်စွဲသူ၏အကျိုးကို ယုံလားကြ၍ နောင်အခါ ဆောင့်စည်းခြင်းအကျိုးငှာ သည်းမခံခြင်းဖြစ်စရာ ရှိပါသည်။ ထို့ကြောင့် "သစေ ဧသော နုက္ခမတိ"ဟု မိန့်ပါသည်။

ပရိနိဗ္ဗုတပဋ္ဌာနံ။ ။ပူဇော်မှုပြုရာအရပ်ကိုရည်၍ ဆိုပါသည်။

ပါဟတိကဝေဝ ဟောတိ။ ။တောင်းပန်လိုက်သော် မိမိ၏စိတ်ကြည်သွားသောကြောင့် ထိုအရိယူပဝါဒကံသည် သဂ္ဂါဝရဏ, ပဂ္ဂါဝရဏ ဖြစ်တော့ဟူလို။ (ဤကား ကေစိပါဌတည်း)

တနည်း–အဋ္ဌကထာဆရာ, ဋီကာဆရာများအလို- အရိယူပဝါဒကံသည် သဂ္ဂ မဂ္ဂကိုတားမြစ်နိုင်ရာ သာတော်ရှိ၏။ ကန်တော့ တောင်းပန်လိုက်သော

အခါ ကန်တော့တောင်းပန်မှုဟူသော ပယောဂသမ္ဘတ္တိ၏ တားမြစ်မှုကြောင့် သဂ္ဂ မဂ္ဂကို တားမြစ်နိုင်သောသတ္တိသည် အဟောသိက်ဖြစ်ကာ အကျိုးမပေးခြင်းသဘောသို့ ရောက်သွားပါသည်။ ထို့ကြောင့် သဂ္ဂါဝရဏာ မဂ္ဂါဝရဏာ မဖြစ်တော့ဟု အနက်အဓိပ္ပာယ်ယူပါ။

သီလသမ္ပန္နော စသည်။ ။သီလသမ္ပန္နော စသည်ကို အရဟတ္တဖိုလ်ရလောက်အောင် ရင့်ကျက်ပြီးသော ဣန္ဒြေရှိသော အောက်မက်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်အတွက် ဆိုပါသည်။ အရဟတ္တမဂ်၌ တည်သော သီလစသည်နှင့်ပြည့်စုံသူမှာ အရဟတ္တဖိုလ်ကို ယခုဘဝမှာပင် ပြီးစေရာ၌ ဆိုဖွယ်မရှိပါ။

တနည်း–သီလသမ္ပန္နော စသည်၌ သီလ စသည်အရ–အရဟတ္တမဂ်၌ယှဉ်သော သီလစသည်ကိုသာယူပါ။ မှန်ပါသည်။ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၏ သီလစသည်တို့သာ ပစ္စုပ္ပန်ဘဝ၌ အရဟတ္တဖိုလ်ကို အသေအချာ ကေန်ပြီးစေနိုင်ကြပါသည်။ အခြားပုဂ္ဂိုလ်တို့၏ သီလစသည်တို့ကား ကေန်မပြီးစေနိုင်ကြပါ။ အနေကန်တို့သာ ဖြစ်ကြပါသည်။

ဧဝံ သမ္ပဒမိဒံ။ ။မဂ်၏အခြားမဲ့၌ မချွတ်မယွင်းပဲသာ ဖိုလ်ဖြစ်သကဲ့သို့ ဤပုဂ္ဂိုလ်မှာလည်း စုတိ၏အခြားမဲ့၌ မချွတ်မယွင်းပဲသာ ငရဲ၌ ပဋိသန္ဓေဖြစ်သည်ဟု ဆိုလိုပါသည်။ ဘုရားစကားတော် အားလုံးတွင် ဤဥပမာထက်တင်းအောင် ဟောထားသော ဥပမာမရှိပါ။ အတင်းအကြပ် အပြင်းအထန် အုံး ဥပမာ ဖြစ်သည်ဟူလို။

တံ ဝါဒံ အပဟာယ စသည်။ ။၁။ အရိယူပဝါဒကို ရည်ရွယ်၍ နောင်တဖန် ဤသို့သဘောရှိသော စကားကို မပြောတော့အုံ့ဟု ဆိုသူသည် စကားကိုစွန့်သည်မည်၏။ ၂။ နောင် တဖန် ဤသို့သဘောရှိသောစိတ်ကို မဖြစ်စေတော့အုံ့ဟုကြံသူသည် စိတ်ကိုစွန့်သည်မည်၏။ ၃။ နောင်တဖန် ဤသို့သဘောရှိသော အယူကို မယူတော့အုံ့ဟု စွန့်သူသည် အယူကိုစွန့်သည်မည်၏။

ယထာဘတံ နိက္ခိတ္တော၊ ဧဝံ နိရယေ။ ။ယထာ နိရယပါလေဟိ အာဟရိတ္တာ နိရယေ ဌပိတော၊ ဧဝံ နိရယေ ဌပိ-တောယေဝ၊ နာသ နိရယူပပတ္တိယာ ကောစိ ဝိဗန္ဓော။ နယတမိစ္ဆာအယူကို မစွန့်သမျှ မိစ္ဆာဒိဋ္ဌိက ငရဲချမှာ သေချာသကဲ့သို့ အရိယူပဝါဒကံရှိသူသည်လည်း ထိုအယူကို မစွန့်ခြင်းကြောင့် ငရဲရောက်ရပါမည်။ ထိုအယူကိုမစွန့်ခြင်းကြောင့်သာ အရိယူပဝါဒသည် အန္တရာယ်ပြုတတ် အကျိုးမဲ့ကို ဒုဆောင်

တတ်ပါသည်။ စွန့်လိုက်လျှင် အပြစ်ကိုပြု၍ တောင်းပန်လိုက်လျှင် ထပြီး ဒေသနာကြားပြီး အာပတ်ကဲ့သို့ အန္တရာယ်မပြုတော့ပါ။ အကျိုးမဲ့ကို မဆောင်တော့ပါ။ ဤအဓိပ္ပာယ်ကို ''ဝံ ဝါစံ အပ္ပဟာယ'' စသည်ဖြင့် ပြပါသည်။

မိစ္ဆာဒိဋ္ဌိပရမာနိ ဘိက္ခဝေ ဝဋ္ဋာနိ။ ။မိစ္ဆာဒိဋ္ဌိအစွမ်းကြောင့် မပြုထိုက်သော အကုသိုလ်မည်သည် မရှိပါ။ ယင်းမိစ္ဆာဒိဋ္ဌိကြောင့် သံသရာ၏ ဆူးငြောင့်မည်သည်လည်း ဖြစ်ရပါသည်။ ထို့ကြောင့် ''မိစ္ဆာ ။ပ။ ဝဋ္ဋာနိ'' ဟု မိန့်ဆိုသည်။

ကာယသ ဘေဒါ။ ။''ဥစ္ဆိန္နဘဝနေတ္တိကော ဘိက္ခဝေ တထာဂတသ ကာယော တိဋ္ဌတိ၊ အယဉ္စေဝ ကာယော ဗဟိဒ္ဓါ စ နာမရူပံ'' စသည်တို့၌ကဲ့သို့ ဤနေရာ၌ ကာယသဒ္ဒါသည် ခန္ဓာ(၅)ပါးကို ဟောသောကြောင့် ''ဥပါဒိန္နက္ခန္ဓပရိစ္စာဂါ'' ဟု ဖွင့်သည်။ တနည်း- ခန္ဓာကိုယ်ကြီးသည် ဇီဝိတိန္ဒြေကြောင့် တည်ရ, ပျက်ရ၍ ဇီဝိတိန္ဒြေသည် ခန္ဓာကိုယ်ပျက်မှ၌ ပေါ်နေဖြစ်ပါသည်။ ထို့ကြောင့် ကာယသကို ဇီဝိတိန္ဒြိ-ယသ ဟု ဖွင့်သည်ဟု ထင်ပါသည်။ [ဘာသာဋီကာ၌ကား-ဇီဝိတိန္ဒြိယသသည် ကာယသ၏ အဖွင့်မဟုတ်၊ ဥပစ္ဆေဒါ ပုဒ်နှင့်တဲ့၍ ဘေဒါပုဒ်ကိုသာ ဖွင့်သည်ဟု မိန့်တော်မူ၏။]

ပရံ မရဏာ။ ။ရာဂမကင်းသူအတွက် သေခြင်းမှ နောက်မည်သည် အခြားဘဝကို ယူခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ပရံကို ''အဘိနိဗ္ဗတ္တိက္ခန္ဓဂဟဏော'' ဟု သရုပ်ဖော်သည်။

ဝိဝသာ။ ။ကံ၏အလိုဌ်ဖြစ်ရသောကြောင့် မိမိအလိုဌ် မပြစ်နိုင်ကြပါ။ ထို့ကြောင့် ''ဝိဝတော ပသော ဘေသန္တိ ဝိဝသာ'' ဟူသော ဝစနတ္ထအရ ဝိဝသမည်ကြသည်။

သုဂတိဂဟဏေန မနုဿဂတိပိ သင်္ဂယှတိ။ ။''ဣတော ဘော သုဂတိ' ဂစ္ဆ'' ဟု ဆိုသောကြောင့် မနုဿဂတိလည်း သုဂတိပင် ဖြစ်ပါသည်။ ထို့ကြောင့် ''သုဂတိဂဟဏေန မနုဿဂတိပိ သင်္ဂယှတိ'' ဟု မိန့်သည်။

ဒီဃနိကာယ ဋီကာ

အာသဝကွယညာဏကထာ

ဝိပဿနာပါဒကံ။ ။ဝိပဿနာသည် ဝိပဿကပုဂ္ဂိုလ်နှင့်ခွဲလျှင် (၃)မျိုး ရှိ၏။ ၁, ၂။ မဟာဗောဓိသတ္တ,ပစ္စေကဗောဓိဘုရားတို့၏ ဝိပဿနာသည် စိန္တာမယဉာဏ်က တိုးပွားစေအပ်သောကြောင့် သယမ္ဘူ။ ဉာဏ်ဖြစ်ပါသည်။ ၃။ သာဝကများ၏ ဝိပဿနာသည်ကား-သုတမယ ဉာဏ်က တိုးပွားစေအပ်သောကြောင့် ပရောပဒေသ ဖြစ်ပါသည်။ ထို ပရောပဒေသဝိပဿနာသည် အရူပမုခအစွမ်း, ဓာတုပရိဂ္ဂဟမုခ အစွမ်း တို့ဖြင့် ခွဲခြမ်းသော် များစွာပြား၏။

မဟာဝဇိရဉာဏ်။ ။မဟာဝဇိရဉာဏ် ဟူသည် - ဘုရားအလောင်းတို့၏ သန္တာန်၌ ကုဋေပေါင်း နှစ်သန်းလေးသိန်းမျှ များပြား သောကြောင့် အမျိုးမျိုးသော နည်းရှိသော သဗ္ဗညုတဉာဏ်၏မှီရာ အရ-ဟတ္တမဂ်ဉာဏ်၏ တည်ရာဖြစ်သော ပုဗ္ဗဘာဂဉာဏ်တည်းဟူသော ကိုယ်ဝန်ကို ယူစေသော ရင့်ကျက်ခြင်းသို့ရောက်သော အလွန်နက်နဲ သိမ်မွေ့နူးညံ့ သော အခြားသူများနှင့် မဆက်ဆံသော ဝိပဿနာဉာဏ်တည်း။

အာသဝါနံ ခယဉာဏာယ။ ။အာသဝေါတရားတို့ကို ကုန်စေတတ်သော ကြောင့် အရိယာမဂ်သည် အာသဝကွယ မည်၏။ဤနေရာ၌ ဥက္ကဋ္ဌနိဒ္ဒေသအစွမ်းဖြင့် အာသဝကွယ အရ-အရဟတ္တမဂ် ကိုသာ ယူပါ။ ခယေသည် ဝိသယဘုမ္မမဟုတ်၊ အာဓာရဘုမ္မာ ဟု ပြလိုရ်ာ "တပ္ပရိယာပန္နတ္တာ"ဟု မိန့်သည်။

ဣဒံ ဒုက္ခံ စသည်။ ။၁။ "ဣဒံ ဒုက္ခံ"ဖြင့် ဒုက္ခအရိယသစ္စာကို သုံးအချိန်၌ မျက်မှောက်အားဖြင့် ယူနိုင်ကြောင်း (မျက်မှောက် ပြုနိုင်ကြောင်း)ကို လည်းကောင်း၊ ၂။ "တေဟိ ဒုက္ခံ"ဖြင့် ဒုက္ခသစ္စာဟိုပိုင်းခြားရှိ ယူနိုင်(သိနိုင်) ကြောင်းကို လည်းကောင်း၊ ၃။ "နဟိ ဣတော ဘိယ္ယော"ဖြင့် အကြွင်းမရှိ ယူနိုင် သိနိုင်ကြောင်းကို လည်းကောင်း ပြသည်။ ထို့ကြောင့် "သဗ္ဗမ္ပိ ဒုက္ခသစ္စံ" စသည်ကို မိန့်သည်။

သရသလက္ခဏပဋိဝေဓေန။ ။မိမိ၏ သဘောလက္ခဏာကို မတွေ့ဝေသော အားဖြင့် သိခြင်းဟူသည်-အရဟတ္တ မဂ်ဉာဏ် ဖြစ်ပြီးနောက်၌ ဒုက္ခသစ္စာ၏ သရုပ်စသည်ကို ပိုင်းခြားရာ၌ တွေ့ဝေမှုမရှိ အောင် ဉာဏ်ဖြစ်ခြင်းတည်း။

ယံ ဌာနံ ပတ္တော။ ။မင်္ဂ၏အာရမ္မဏာပစ္စည်း၏ အဖြစ်ဖြင့် အကြောင်းဖြစ်သော နိဗ္ဗာန်သို့ ရောက်၍ ထိုဒုက္ခသမုဒယ နှစ်ပါးစုံ၏ နိဗ္ဗာန်ဌာနသို့ ရောက်ခြင်းဟူသည် ထိုနှစ်ပါးစုံရှိသော ပုဂ္ဂိုလ်၏ ရောက်ခြင်းတည်း။ ပတ္တာ-ရောက်၍၊ ဝါ-ရောက်ခြင်းကြောင့် ဟု ပေးပါ။

ပရိယာယတော။ ।ကိလေသဝေသနဋ္ဌ ကိလေသ အရ-အာသဝေါတရားများကို ယူပါ။ အာသဝေါတရားတို့သည် ပရိယာယ်အားဖြင့် ဒုက္ခသစ္စာမည်၏။ ပရိယာယ်ဆိုသည်ကား ဒုက္ခသစ္စာအတွင်းဌ အာသဝေါတရားများလည်း ပါဝင်သောကြောင့် ဒုက္ခသစ္စာအမည် ရနိုင်ကြသည် ဟု ဆိုသည်။အာသဝေါတရားတို့က ဒုက္ခသစ္စာအမည်ရလျှင် တဏှာစသည်တို့ကိုလည်း အာသဝသမုဒယ စသည်ဆိုနိုင်တော့၏။ ''အာသဝါနံ ခယညာဏာယ'' ဟု အားထုတ်တော်မူအပ်သောကြောင့် အာသဝေါတရားတို့ကိုသာ ယူထားပါသည်။ အာသဝေါတရားတို့မှ လွတ်မြောက်မှုကို အဦးပြု၍ ကိလေသာအားလုံးမှ လွတ်မြောက်မှုကို ဟောပါသည်။

သဟ ဝိပဿနာယ ကောဋိပ္ပတ္တံ မဂ္ဂံ ကထေသိ။ ။''ဣဒံ ဒုက္ခန္တိ ယထာဘူတံ အဗ္ဘညာသိ'' စသည်ဖြင့် ဤနေရာ၌ မိသကမင်္ဂ်ကို ဟောတော်မူသောကြောင့် ''သဟ။ပ။ ကထေသိ'' ဟု မိန့်သည်။

ယထာဘူတံ အဗ္ဘညာသိ'၊ ဧဝံ ဇာနတော ဧဝံ ပဿတော။ ။သစ္စာတို့ကို သိုးထွင်း၍ သိမှသည် ထိုဝေဒနာပုဏ္ဏားအား ပြန်ဟောရာအခါ၌ အတ်တကာလိကဖြစ်သောကြောင့် ''ယထာဘူတံ အဗ္ဘညာသိ'' ဟု အတ်တ်ဖြင့်ဟောခဲ့ပါသော်လည်း သိရာအခါ၌ သိမှု၏ ပစ္စုပ္ပန်အဖြစ်ကို စွဲ၍ ''ဧဝံ ဇာနတော ဧဝံ ပဿတော'' ဟု ပစ္စုပ္ပန်ကာလဖြင့် ညွှန်ပြတော်မူပါသည်။

ဝိမုစ္စိတ္ထာတိ ဣပိနာ ဖလက္ခဏံ ဒဿေတိ။ ။သိမှုသည် မင်ခဏမှ နောက်ယနေ့အထိ အတီတကာလိကပင်ဖြစ်သော်လည်း အလုံးစုံသော အတီတကာလိကတို့၏ ရှေးဦးစွာသိမှု၏ အဟ်တကာလိအဖြစ်ကို ဖိုလ်ခဏဖြင့်သာ သိထိုက်သောကြောင့် ''ဝိမုစ္စိတ္ထာတ်။ပ။ဒဿေတိ'' ဟု မိန့်သည်။

ဇာနတော ပဿတော။ ။ဇာနတော ပဿတော-သော၊ တဿ မေ-၏၊ တနည်း-တဿ မေ-၏၊ ဧဝံ-၊ဇာနတော ပဿတော-ခတော-ခြင်းကြောင့် [ကာမာသဝါဒိ စိတ္တံ ဝိမုစ္စိတ္ထ စသည်၌စပ်ပါ]

ဒိဋ္ဌာသဝ။ ။ဘဝါသဝဖြင့်ပင် ဘဝရာဂကဲ့သို့ ဘဝဒိဋ္ဌိကိုလည်း ယူနိုင်သောကြောင့် ဒိဋ္ဌာသဝကိုလည်း ယူနိုင်သည်။ ထို့ကြောင့် "ဒိဋ္ဌာသဝါပိ စိတ္တံ ဝိမုစ္စိတ္ထ" ဟု ဟောတော်မမူ။

ခီဏာ ဇာတိတိအာဒီဟိ တဿ ဘူမိ။ ။ပယ်ပြီးကိလေသာကို ဆင်ခြင်သော အားဖြင့် ကံရှိပါသော်လည်း နောက်ဘဝ၌ ပဋိသန္ဓေမရှိတော့သောကြောင့် "ခီဏာ ဇာတိ" ဟု သိတော်မူပါသည်။ မဂ္ဂပစ္စဝေက္ခဏာ စသည်တို့ဖြင့် "ဝုသိတံ ဗြဟ္မစရိယံ" စသည်ကို သိတော်မူသောကြောင့် "ခီဏာ။ပ။ ဘူမိ" ဟု မိန့်သည်။

နာ တာဝ်ဿ အတိတာ ဇာတိ ခီဏာ။ ။မဂ္ဂဘာဝနာကြောင့် ကုန်သည်မဟုတ်၊ ခီဏာ ဇာတိ၌ ဇာတိ အရ-အတိတ်ဇာတိ မဒကာက်ယူရခြင်း၏ အကြောင်းကိုပြလို၍ "ပုဗ္ဗေ ခီဏာတ္တာ" ဟု မိန့်သည်။

နာ အနာဂတာ။ ။အနာဂတ်သာမညကိုယူ၍ အမြဲက်အားဖြင့် "နာ အနာဂ-တာ" ဟု ဆိုပါသည်။ ထို့ကြောင့် "အနာဂတေ ဝါ-ယာမာဘာဝတော" ဟု အကြောင်းပြသည်။ မှန်၏-ရှိဆဲတရားခ၌ သာ ပယောဂဖြစ်သင့်၍ ရှိဆဲမဟုတ်သောတရားခ၌ ပယောဂ မဖြစ်သင့်ပါ။ အနာ-ဂတ် အထူးကိုကား ဤ၌ အလိုရှိအပ်ပါသည်။ ထိုအနာဂတ်အထူးဇာတိကို ကုန်စေခြင်း၌ လုံ့လကိုလည်း မနှိုင်သည်ယာ။ ထို့ကြောင့် "ယာ ပန မဂ္ဂဿ" စသည်ကို မိန့်သည်။ မှန်၏- ယာ ပန စသည်ဖြင့် မဂ္ဂဘာဝနာကြောင့် အနာဂတ်ဇာတိ၏ အကြောင်းကို ဖျက်ဆီးသောအားဖြင့်ပင် ဇာတိကုန်ကြောင်းကို ထင်ရှားပြအပ်ပါသည်။

ဧကစတုပဉ္စဝေါကာရဘဝေသု။ ။ဘဝ (၃)ပါးလုံးကို ယူခြားသည့် ဆိုအပ်ပြီးသောနည်းဖြင့် အကြွင်းပရိယာယ်သော အားဖြင့် ဇာတိကုန်ကြောင်းကို ပြခြင်းအကျိုးရှိပါသည်။

နိဋ္ဌိတံ။ ။ဗြဟ္မစရိယဝါသမည်သည် ဤနေရာ၌ မဂ္ဂဗြဟ္မစရိယပြီးခြင်းသာ တည်း။ ထို့ကြောင့် "နိဋ္ဌိတံ" ဟု မိန့်။

စတူဟိ မဂ္ဂေဟိ။ပ။ဝသေန။ ။သမ္မာဒိဋ္ဌိသည် သစ္စာ(၄)ပါးတို့၌ ပရိညာ စသောကိစ္စကို ပြီးစေသောအားဖြင့် ဖြစ်လသော် သမ္မာသင်္ကပ္ပစသည်တို့လည်း ဒုက္ခသစ္စာ၌ ပရိညာဘိသမယအား လျော်စွာ ဖြစ်ပါသည်။ အခြားသစ္စာတို့၌လည်း ထိုမဂ္ဂင်တို့၏ ပဟာနာဘိ-

သမယ စသည်တို့၏အစွမ်းဖြင့် ဖြစ်မှုထင်ရှားပါသည်။ ထို့ကြောင့် "စတူဟိ-မဂ္ဂေဟိ ပရိညာပဟာနသစ္ဆိကိရိယာဘာဝနာဘိသမယဝသေန" ဟုမိန့်သည်။

ဣတ္ထတ္တာယ။ ။ဣတ္ထတ္တာယဝယ် ဣတ္ထ အရ-အရိယာမဂ်၏ ဗျာပါရဖြစ်သော ပရိညာ စသည်တို့ကို ဤနေရာ၌ လိုအပ်သောကြောင့် "ဧဝံ သောဠသကိစ္စဘာဝါယ" ဟု မိန့်သည်မှန်၏။ ထိုကိစ္စ ၁၆-ပြာ တို့သည် မဂ်ကိုဆင်ခြင်လသော် မဂ်၏အာနုဘော်ကြောင့် ထင်ထင်ရှားရှား ပေါ်ထင်ကြပါသည်။ ပရိညာစသည်တို့သည် ပဟာနကိစ္စဟူသော အကျိုးဌာ ဖြစ်ကြရသောကြောင့် ပရိညာစသည်တို့တွင်လည်း ပဟာနသည်သာ ပဓာန ဖြစ်၏။ ထို့ကြောင့် "ကိလေသက္ခယာယ ဝါ" တနည်းဖွင့်သည်။

နည်းနှစ်ပါးအထူး။ ။ဒွေနည်း၌ ကိစ္စ(၄)ပါးလုံးကိုယူ၍ ဤနောက်နည်း၌ ပဟာနကိစ္စကိုသာ ပဓာနအားဖြင့်ယူ၏။

အဌကထာမုတ္တက။ ။ဣတ္ထတ္တာယ - ဤသို့ပြားသော ဖြစ်ဆဲခန္ဓာအစဉ်မှ၊ အပရိ-အခြားသော အနာဂတ် ခန္ဓာအစဉ်သည်၊ (မေ-ငါ့အား) နှ-မမျှော်တော့။

ပစ္စဝေက္ခဏာဉာဏပရိဂ္ဂဟိတံ။ ။ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခုဉာဏ်နှစ်ပါးကို ရခြင်းကဲ့သို့ ရရှိသက်သက်မဟုတ်။ ပစ္စဝေက္ခဏာ-ဉာဏ်လည်း ပူးတွဲပါသော အာသဝက္ခယဉာဏ်ကို ရခြင်းဟု ဆိုလိုသည်။

ဒသေဇ္ဇော။ ။ရှေး၌ သရုပ်ကို ထုတ်ရှုပြပြီး ဖြစ်သောကြောင့် ယခုအခါ နိဂုံးချုပ်အဖြစ်ဖြင့် ပြလိုရကား "အယံ ခေါ ဗြာဟ္မဏ" စသည် မိန့်သည်။

တိက္ခတ္တုံ ဇာတော။ ။ပယသမဝိဇ္ဇာဖြင့် ရှေးဦးစွာဖြစ်စဉ်ကပင် မိမိထက်အလျင် ဖြက်သူလည်းမရှိ အဘူဖြစ်သူလည်း ပရိုရ်၍ အကြီးဆုံး ဖြစ်လေသည်။ ဝိဇ္ဇာ (၃)ပါးတို့ဖြင့် (၃)ကြိမ် တိုင်အောင်ပြုလျှင်ကား အကြီးဆုံးဖြစ်ကြောင်း ပြောဖွယ် မလိုတော့။

ပုဗ္ဗေနိဝါသဉာဏေန ဘာဝိတံသဉာဏံ စသည်။ ။အ ကိတ် အာ ရုံ ပြု ခြင်းသဘောတူသောကြောင့်လည်းကောင်း၊ ပုဗ္ဗေနိဝါသဉာဏ်ဖြစ်သော် အဟိတံသဉာဏ်ဖြစ်လေ ရှိသောကြောင့်လည်းကောင်း၊ ပုဗ္ဗေနိဝါသဉာဏ်ဖြင့် အတီတံသဉာဏ်ကိုပြသည်။ အတီတံသဉာဏ်ဟူသည်—အတီတ်ခန္ဓာ, ဃာယတန, ဓာတ်ဒေါ့ အစုတို့ကို အပိုက်အဝင်မရှိ သိနိုင်သောဉာဏ်တည်း။

ပစ္စုပ္ပန္နာနာဂတံသညာဏံ။ ။ဒီဗွစက္ခုဉာဏ်သည် ပစ္စုပ္ပန်အာရုံရှိသောကြောင့် လည်းကောင်း၊ ယထာကမ္မူပဂဉာဏ်, အနာ-ဂတံသညာဏ်များသည် ဒိဗွစက္ခု၏ အာနုဘော်ဖြင့်သာ ပြီးစီးရကား ဒိဗွစက္ခု၏ အခြံအရံဉာဏ်များ ဖြစ်သောကြောင့်လည်းကောင်း၊ ဒိဗွစက္ခုဉာဏ်၌ တည်သောသူအားသာ စေတောပရိယဉာဏ် ပြီးစီးနိုင်သောကြောင့်လည်းကောင်း ဒိဗွစက္ခုဉာဏ်ဖြင့် ပစ္စုပ္ပန်သညာဏ် အနာဂတံသညာဏ်များကို ပြနိုင်ပါသည်။ ပစ္စုပ္ပန်သညာဏ်ဟူသည်-ယထာကမ္မူပဂဉာဏ်နှင့် စေတောပရိယဉာဏ်တည်း။ [ဂဏ္ဌိသစ်၌ ဒိဗွစက္ခုဝသေနေဝ ဣဇ္ဈနတောကိုလည်း ဟိတ်ကချက်ယူ၍ ဟိတ် ၄-ချက် ခွဲထားသည်ကို တွေ့ရပါသည်။ မိမိကား ယင်းကို အကူဟိတ်ဟု ယူဆ၍ ဟိတ် ၃-ချက်ပြုကာ ပြန်ဆိုပါသည်။]

အာသဝက္ခယေန သကလလောကိယလောကုတ္တရဂုဏံ။ ။အာသဝက္ခယဉာဏ်ကို ရရှိခြင်းဖြင့်ပင် သဗ္ဗညုတဉာဏ်ပြီးသကဲ့သို့ ကြွင်းသောအသာဓာရဏာ ဉာဏ်တော်, ဒသ-ဗလဉာဏ်, အာဝေဏိကဗုဒ္ဓဂုဏ် စသောအခြားသူများနှင့် မဆက်ဆံသော ဗုဒ္ဓဂုဏ်များလည်း ပြီးစီးသောကြောင့် "အဿသဝက္ခယေန ။ပ။ ဂုဏံ"ဟု မိန့်သည်။ ထို့ကြောင့် "သဗ္ဗညုဂုဏော ပကာ သေတွာ"ဟု မိန့်သည်။

အာသဝက္ခယဉာဏကထာ နိဋ္ဌိတာ။

ဝေသနာနုမောဒနကထာ

ဓိရတ္ထု ။ပ။ အညာဏံ။ ။ခိသဒ္ဒါနှင့် ယှဉ်ယောကြောင့် သာမိအနက်၌ ဒုတိယာ ဝိဘတ်လက်ထားသည်။

ကော ဟေ ဝန္ဒတိ စသောဂါထာ။ ။ပါဒါနိ-လိင်္ဂဝိပလ္လာသ။
ဣဒ္ဓိ-နုတ်တန်ခိုး။
ယသ- ပရိဝါရယသ။
ဝဏ္ဏ-အာဝိဝဏ္ဏ(သရီရဝဏ္ဏ)

သဗ္ဗာ ဩဘာသယံ။ ။အရပ်(၁၀)မျက်နှာတို့ကို ထွန်းလင်းစေလတ်သော် လရောင်, နေရောင်ကဲ့သို့ တာရာရောင်တည်း ပြုလျက် ထွန်းလင်းစေပါသည်။

ဘယော ကောခေ စသောဂါထာ။ ။"အာဘိဂ္ဂန္တွဲ ဘော ဂေါတမ အာဘိဂ္ဂန္တွဲ ဘောဂေါတမ"ဟူသောယဒ္ဒါနှစ်ခု၏ အနက်ကို အာမေဋိတ်၏ အစွမ်းဖြင့် ပြုပြီး၍ ထိုအာမေဋိတ်ဖြစ်ရာဌာနကို ပြလိုရကား "ဘယော ကောခေ" စသည်မိန့်။

၁။ ဘယော-စောရာ စောရော၊ သပ္ပေါ သပ္ပေါ။
၂။ ကောခေ-ဝိဠ္ဍ ဝိဠ္ဍ၊ ပဟရ ပဟရ။
၃။ ပသံသာယံ-သာဓု သာဓု။
၄။ တုရိတေ-ဂစ္ဆ ဂစ္ဆ၊ လုနာဟိ လုနာဟိ။
၅။ ကောတူဟလေ-အာဂစ္ဆ အာဂစ္ဆ။
၆။ အဿရေ-ဗုဒ္ဓေါ ဗုဒ္ဓေါတိ စိန္တေန္တော။
၇။ ဟာသေ-အာဘိဂ္ဂမထာယသ္မန္တော အာဘိဂ္ဂမထာယသ္မန္တော။
၈။ သောကေ-ကဟံ ကေပုတ္တက၊ ကဟံ ကေပုတ္တက။
၉။ ပသာဒေ-အဟော သုခံ အဟောသုခံ။

ပသာဒေစ ဌ် စသဒ္ဒါ။ ။စသဒ္ဒါသည် အဝုတ္တသမုစ္စည်း အနက် ရှိသော ကြောင့် ဂရဟ အသမ္ဘာန စသည်တို့ကို သိမ်းယူပါ။ ၁။ ဂရဟာယံ- ပါပေါ ပါပေါ။ ၂။ အသမ္ဘာနေ- အာဘိရူပက အာဘိရူပက။

အထ ဝါ စသည်။ ။အာမေဋိတ်၏ အစွမ်းကြောင့်သာ နှစ်ကြိမ်ဆိုသည်မဟုတ်သေး၊ အနက်(၂)မျိုး ပြားသောကြောင့်လည်း နှစ်ကြိမ်ဆို၏ဟု ပြလိုရ၍ "အထ ဝါ" စသည်မိန့်။

သဒ္ဓါဇနနတော ပညာဇနနတော။ ။ဒေသနာတော်ကြောင့် ရသောဂုဏ်တို့တွင် ပဓာနဖြစ်သောဂုဏ်တို့ကို ပြထိုက်သောကြောင့် ပဓာနဖြစ်သောဂုဏ်တို့ကို ပြခြင်းငှာ "သဒ္ဓါဇနနတော ပညာဇနနတော" ဟု မိန့်သည်။ (သဒ္ဓါပမုခါဟု လောကိယဂုဏ်၊ ပညာပမုခါ လောကုတ္တရာ။)

သာတ္ထတော သဗ္ဗဇ္ဇနတော။ ။သာတ္ထတော-သီလစသောအနက်နှင့်ပြည့်စုံသောကြောင့် ပထမအာဘိဂ္ဂန္တွဲကို ဆိုရ၍၊ သဗ္ဗဇ္ဇနတော-သဘာဝနိရုတ္တိနှင့်ပြည့်စုံသောကြောင့် ဒုတိယအာဘိဂ္ဂန္တွဲကို ဆိုသည်။

ဥတ္တာနပဒဇာတာ ဂမ္ဘီရတ္ထတောဝ။ ။ဥတ္တာနပဒတော- သိလွယ်သော သဒ္ဒါကို သုံးစွဲခြင်းရှိသည့်အတွက် ပေါ်လွင်သော ပုဒ်ရှိသောကြောင့် အဘိဂ္ဂန္တာ၊ ဂမ္ဘီရတ္ထတော- သိမ်မွေ့နုံးညံ့သည့် အတွက် သိနိုင်ခဲသောအနက် ရှိသောကြောင့် အဘိဂ္ဂန္တာ။

ကဏ္ဏသုခတော ဟဒယင်္ဂမတော။ ။ကဏ္ဏသုခတော- စိုသော နူးညံ့သော ချိုမြိန်သောသဒ္ဒါကို သုံးစွဲမှုရှိသည့် အတွက် နားချမ်းသာစေသောကြောင့် အဘိဂ္ဂန္တာ၊ ဟဒယင်္ဂမတော- ပြုန်ပြောစင်ကြင်သော ချစ်ဖွယ်ကောင်းသော အနက်ရှိသည့် အတွက် စိတ်နှလုံးသို့ ရောက်စေသောကြောင့် အဘိဂ္ဂန္တာ။

အနတ္တုက္ကံသနတော အပရဝမ္ဘနဒတော။ ။အနတ္တုက္ကံသနတော - မာန အတိမာန တို့ကို ပယ်ရှားပြီ ကိုယ့်ကိုယ်ကို မြှောက်ရာမရောက်သောကြောင့် အဘိဂ္ဂန္တာ၊ အပရဝမ္ဘနတော-ထမ္ဘ သာရမ္ဘ တို့ကို နင်းခြေဖျက်ဆီးလာပြီ သူတပါးကို မရှုတ်ချသောကြောင့် အဘိဂ္ဂန္တာ။

ကရုဏာသီတလတော ပညာဝဒါတတော။ ။ကရုဏာသီတလတော-အစီး အပွားကို လိုလားမှုဖြစ်သော အားဖြင့် သူတပါးတို့၏ ရာဂအပူစသည်ကို ပြေမ်းစေနိုင်သဖြင့် ကရုဏာ တော်ဖြင့် အေးမြသောကြောင့် အဘိဂ္ဂန္တာ၊ ပညာပဒါဟတော-ဂ်ိုလသာ အမိုက်တိုက်ကို မှုတ်ထုတ်ထားပြီ ပညာ ရောင် ဖောက်သော ကြောင့် အဘိဂ္ဂန္တာ။

အာပါထရမဏီယတော ဝိမဒ္ဒကွမတော။ ။အာပါထရမဏီယတော- ဂ,ရ-ဝိဟ်ဌက်မင်း၏ အသံကဲ့သို့ သာယာသည့် အတွက် ထင်လာသော် မွေ့လျော်ဖွယ် ကောင်းသောကြောင့် အဘိဂ္ဂန္တာ၊ ဝိမဒ္ဒကွမတော-ရှေ့နောက် ဆန့်ကျင်မှုမရှိ အလွန်စင်ကြယ်သော အနက် ရှိသည့်အတွက် နှိပ်နယ်ခြင်းကင်းခဲနိုင်သောကြောင့် အဘိဂ္ဂန္တာ။

သုယျမာနသုခတော ဝိမံသိယမာနဟိတတော။ ။သုယျမာနသုခတော- အာပါဟရမဏီယ ဖြစ်သည့် အတွက် နားကိုချမ်းသာစေတတ်သောကြောင့် အဘိဂ္ဂန္တာ၊ ဝိမံသိယမာန-ဟိတတော-ဝိမဒ္ဒကွမ ဖြစ်သည့်အတွက် စူးစမ်းအပ်သည်ရှိသော် စီးပွားရှိသောကြောင့် အဘိဂ္ဂန္တာ။

ဝေမာဒိဟိ၊ ။အာဒိဖြင့် ၁-သံသာရစက္ကနိဝတ္တနတော, သဒ္ဓမ္မစက္ကပဝတ္တနတော။ ၂-မိစ္ဆာဝါဒဝိဓမနတော, သမ္မာဝါဒပတိဋ္ဌာပနတော။ ၃-အကုသလမူလသမုဒ္ဓရဏတော, ကုသလမူလသံရောပနတော။ ၄-အပါယဒ္ဒါနုပိမာနတော, သဂ္ဂမဂ္ဂဒ္ဒါရဝိဝရဏတော။ ၅-ပရိယုဋ္ဌာနဝူပသမနတော, အနုသယသမုဗ္ဘဝါတနတော စသည်တို့ကိုယူပါ။

အဓောမုခဋ္ဌပိတံ ဟေဋ္ဌာပုခဏ္ဍာတံ။ ။အဓောမုခဋ္ဌပိတံ– တစုံတယောက်က မှောက်ထားအပ်သော၊ ဟေဋ္ဌာမုခဏ္ဍာတံ – အလိုလို သူသောဘာအတိုင်း မှောက်နေသော၊ နိက္ကုဋ္ဌိတံအတွက် အနက်နှစ်နည်း ဖွင့်ခြင်းတည်း။ ထိုနှစ်နည်းတွင် ပထမနည်းသည် ဂမ္ဘီရာဓိပ္ပာယ်ပြုဖြစ်၍ ဒုတိယနည်းကား ကတ္တုသာဓကပြသည်။

သဒ္ဓမ္မဝိမုခံ အသဒ္ဓမ္မေ ပတိဋ္ဌိတံ။ ။ဟေဋ္ဌာမုခဏ္ဍာတတာယ သဒ္ဓမ္မဝိမုခံ၊ အဓောမုခဋ္ဌပိတတာယ အသဒ္ဓမ္မေ-ပတိဋ္ဌိတန္တိ ဝေါ ပဒမ္ဘယံ ယထာရဟံ ယောဇေတဗ္ဗံ, နယသာသင်္ခ်ံ။

မိစ္ဆာဒိဋ္ဌိဂဟနပဋိစ္ဆန္နံ။ ။ကာမစ္ဆန္ဒစသည်တို့လည်းနီဝရဏဖြစ်သောကြောင့် ဖုံးလွှမ်းတက်ကြပါသည်။ သို့သော် မိစ္ဆာဒိဋ္ဌိသည် သဘ္ဘာဝါတို့ကို မှားမှားယွင်းယွင်း နှလုံးသွင်းစေသောအားဖြင့် အထူးဖုံးလွှမ်းတတ်ပါသည်။ ထို့ကြောင့် "မိစ္ဆာဒိဋ္ဌိဂဟနပဋိစ္ဆန္နံ" ဟုမိန့်သည်။ (မ်ိစ္ဆာဒိဋ္ဌိပရမာဟံ ဘိက္ခဝေ ဝဋ္ဋ ဝဒါမိ)

ကုမ္မဂ္ဂေါ။ ။ကုစ္ဆိတော မဂ္ဂေါ ကုမ္မဂ္ဂေါ ဟူသော ဝစနတ္ထနှင့်အညီ အပါယ်ရောက်ကြောင်းလမ်းမှန်သမျှသည် ကုမ္မဂ္ဂ မည်၏။

မိစ္ဆာမဂ္ဂေါ။ ။သမ္မာဒိဋ္ဌိတို့၏ ဖြောင့်ဖြောင့်ဆန့်ကျင်တက်ဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိစသောမိစ္ဆတ္တတရား(၈)ပါးသည် မိစ္ဆာမဂ္ဂ မည်၏။

တေလပဇ္ဇောတံ။ ။ထောပတ်ဆီသည် မှိုရှိရှိသော မီးရောင်သည် ဆီမီးလောက်အရောင်မတောက်သောကြောင့် "တေလပဇ္ဇောတံ" ဟု မိန့်သည်။

ဒေဝေဟိ ပရိယာဒယဟိ။ ။ပရိယာယ အရ-၁။ နိက္ကုဋ္ဌိတဉ္စကဒ္ဒုနဉ္စပမာ ပဋိစ္ဆန္နဝိဝရဏစသော ဥပမာနည်းပရိယာယ်၊ ၂။ အရယနရူပတာ စသည်တို့၏ ပုဏ္ဏားရည်ရွယ်ချက်မှတပါး အခြားတမျိုး

အားဖြင့် ကိုယ်တော်မှာရှိကြောင်းကို ပြသော နည်းပေါ်ယာယ်၊ ၃။ ကိုယ်တော်မြတ်မှာစူးနှီးတည်းဟူသောဒီဗွဝိဟာရ ရှိကြောင်းကိုပြသော နည်းပရိယာယ်၊ ၄။ ဝိဇ္ဇာ(၃)ပါးကို ထင်ရှားပြရင်း သဗ္ဗညုတညာဏ်တော်ကို ထင်ရှားစေသောနည်းပရိယာယ်မျှားကို ယူပါ။ တို့ကြောင့် "အာနုဘာဝရိယာ-ယေန် ဓမ္မော ပကာသတော" ဟု မန္ဒသည်။

ဒေသနာနုမောဒနုကယာ နိဋ္ဌိတာ။

ပသန္နာကာရကထာ

ပသန္နာကာရံ။ ၊ပသန္နေဟိ ကာရော ပသန္နာကာရော-ကြည်ညိုသူတို့သည် ပြုအပ်သောသက္ကာရ။ ပသန္နကာရ ဟု ရှိသင့်လျက် ဝ၊-စာသိလ်ပ္ပအကျိုးငှာ ဒီဃပြုထားသည်။

သရဏန္တိ ဂစ္ဆာမိ။ ။သရဏံ ဂစ္ဆာမိ၌ ဣတိသဒ္ဒါကျေသည်ဟု ပြလိုမှ "သရ-ဏန္တိ ဂစ္ဆာမိ" ဟု ဖွင့်သည်။ မှန်၏။ ဤဂမုဓာတ်သည် နိဓာတ် စသည်ကဲ့သို့ ဒွိကမ္မကမဟုတ်၊ ဧကကမ္မက သာ ဖြစ်သည်။ တို့ကြောင့် "အဇ ဂါမံ နေတိ" ဟု ဆိုနိုင်သကဲ့သို့ "ဂေါတမံ သရဏံ ဂစ္ဆာမိ" ဟု မဆိုနိုင်ပါ။ "သရဏန္တိ ဂစ္ဆာမိ" ဟုသာ ဆိုနိုင်ပါသည်။ ယိုကြောင့် ဣတိသဒ္ဒါ ကျေနေသည်ဟု မှတ်ပါ။

အယသ တာတာ ဟိတသ စ ဝိဓာတာ။ ၊ယုံကြည်စွာဖြင့် လဲလျောင်းနေ ရာဖြစ်ခြင်းမှာလည်း စီးပွားမဲ့ကိုတားခြင်း၊ စီးပွားလမ်းကိုသွားစေခြင်းကြောင့်ဟု သိစေလိုမှ "ပရေ ယဏံ" ကို "အယသ တာတာ ဟိတသ စ ဝိဓာတာ" ဟု ဖွင့်သည်။

ဣတိ ဣမိနာ အဓိပ္ပါယေန။ ။သရဏ-ကိုးကွယ် ဆည်းကပ်ခြင်း ဟူသည် ကိုးကွယ်လိုသောအားဖြင့် ဆည်းကပ်ခြင်း ကိုးကွယ်ရာဟု သိမှတ်ခြင်းဟည်း ထို့ကြောင့် "ဣတိ ဣမိနာ အဓိပ္ပါယေန" စသည်မိန့်သည်။

ဂစ္ဆာမိ စသည်။ ။ဘဇာမိ စသော နောက်ပုဒ်မျှားသည် ရှေ့ရှေ့ပုဒ်မျှားအား အဖွင့်တည်း။ တနည်း ကိုးကွယ်လိုသော အားဖြင့် သွားခြင်းသည် ဘဇန၊ အနီးဌိုလှည့်လည်နေခြင်းသည် ဥပဓာန၊ ပတ်ကြီး ပတ်ငယ်ပြုလျက် အနီးဌိုဟည်ခြင်းသည် ပယိုရုပါသန ဟုခေါ်။ ဤပုဒ်အား

လုံးဖြင့် ရတနာ (၃) ပါးမှတပါး အခြားကိုးကွယ်ရာ မရှိကြောင်းကိုပင်ပြ သည်။

ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ စ။ ။အဓိဂတမဂ္ဂေ, သစ္ဆိကတနိရောဓေ နှစ်ပုဒ် ဖြင့် ဖလဋ္ဌပုဂ္ဂိုလ်တို့ကိုသာပြ၍ မဂ္ဂဋ္ဌ-ပုဂ္ဂိုလ်တို့ကို မပြဒသာကြောင့် မဂ္ဂဋ္ဌပုဂ္ဂိုလ်တို့ကို ပြခြင်းငှာ "ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ စ"ဟု မိန့်သည်။ ကလျာဏပုထုဇဉ်တို့ကိုလည်း "ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာန"ဟု ဆိုသင့်သော်လည်း မုခ္ဃအားဖြင့် မဂ္ဂဋ္ဌတို့ကိုသာ "ယထာနု-သိဋ္ဌံ ပဋိပဇ္ဇမာန"ဟု ဆိုနိုင်၍ ကလျာဏပုထုဇဉ်တို့ကို မဆိုနိုင်ပါ။ ဘာ့ကြောင့်နည်း နိယာမသို့ သက်ရောက်ခြင်း မရှိသောကြောင့်တည်း။ ထို့ကြောင့်ပင် ထိုမဂ္ဂဋ္ဌတို့ကိုသာ "အပါယေသု အပတမာနေ ဓာရေတိ"ဟု မိန့်သည်။ မှန်၏။ သမ္မတ္တနိယာမသို့ရောက်မှ အပါယ်မှလွတ်မည်။

အက္ခာယတိတိ။ ။ကွတ်သဒ္ဒါ အာဒိအနက်ရှိ၏။ တနည်း-ပကာရအနက်ရှိ ၏။ ထိုကွတိသဒ္ဒါဖြင့် တနည်း-"ဝိတ္ထာရော"ဟူသော ပါဋိဖြင့် "ယာဝတာ ဘိက္ခဝေ ဓမ္မာ သခ်ံတာ ဝါ အသခ်ံတာ ဝါ၊ ဝိရာဂေါ ဧတေသံ အဂ္ဂမက္ခာယတိ"ဟူသောသုတ်ပုဒ်ကိုယူ။

ဓမ္မ။ ။၁-အရိယာမဂ်သည် နိယျာနိက ဖြစ်သောကြောင့် လည်းကောင်း၊ ၂-နိဗ္ဗာန်သည် အရိယာမဂ်၏ နိယျာနအကျိုး ပြီးစီးကြောင်းဖြစ် သောကြောင့်လည်းကောင်း၊ မုခ္ယအားဖြင့် ဓမ္မမည်၏။ (မဂ်သည် နိဗ္ဗာန်ဟူ သော အာရမ္မဏာပစ္စည်းကိုရမှ အကျိုးပြီးနိုင်သည်)။ ၃-ဖိုလ်သည် မဂ်ပယ် သင်္ခါအပ်ကုန်သော ကိလေသာတို့ကို တဖန်ငြိမ်းစေသောအားဖြင့် ပယ်ခြင်း ကိစ္စရှိသည့်အတွက် မဂ်အားလျော်သောကြောင့်လည်းကောင်း၊ မဂ်၏အဆုံး ဖြစ်သောကြောင့်လည်းကောင်း။ ၄-ပရိယတ်သည် နိယျာနဓမ္မကိုရခြင်း၏ ပဒေကြောင်း ဖြစ်သောကြောင့်လည်းကောင်း ပရိယာယ်အားဖြင့် ဓမ္မမည်၏။

အနေဇမသောကံ။ ။ဇောမည်သောတဏှာ၊ အနေဇာနိဗ္ဗာန လက္ခဏာရှိ သော သောကနှစ်မျိုးသည် ဖိုလ်ဖြစ်ရာအခါ၌ လုံး၁ ကုန်သောကြောင့် "အနေဇမသောကံ"ဖြင့် ဖိုလ်ကိုဟော၏။

ဒိဋ္ဌိသီလသမ်ပန္နေ။ ။ဒိဋ္ဌိ အရ-"ယာယံ ဒိဋ္ဌိ အရိယာ နိယျာနိကာ နိယျာ-တက္ကရသ သမ္မာ ဒုက္ခက္ခယာယ၊တထာရူပါယ ဒိဋ္ဌိယာ ဒိဋ္ဌိသာမညဂတော ဝိဟရတိ"ဟု ဟောတော်မူအပ်သော ဒိဋ္ဌိကိုကောက်၍၊ သီလ ဗဟု-"ယာနိ တာနိ သီလာနိ အဓိဂ္ဂဟာနိ အစ္ဆိဒ္ဒါနိ အသဗလာနိ အဝိကမ္မာသာနိ ဘုဇိဿာနိ ဝိညုပ္ပသတ္ထာနိ အပရာမဋ္ဌာနိ သမာဓိသံဝတ္တနိကာနိ၊ တထာရူပေဟိ သီလေ-

ဟိ သီလသာမညဂေဟာ ဝိဟရတိ'' ဟု ဟောကော်မူအပ်သော သီလကို ကောက်ပါ။

သံဟတော။ ။အရိယာပုဂ္ဂိုလ်တို့သည် ဘယ်လောက်ဝေးသော အရပ်မှာ နေနေ ဂုဏ်တူသောအားဖြင့် ပေါင်းမိကြသည်။

အဋ္ဌ စ ပုဂ္ဂလာ။ ။အစုံအားဖြင့် (၄) စုံဖြစ်၍ တပါးခြင်းကွက်ကော (၈) ပါးဖြစ်သည်။

ဓမ္မဒသမ။ ။အရိယာဓမ္မကို ပစ္စက္ခအားဖြင့် မြင်သောကြောင့် ဓမ္မဒသမည်၏။

ပြာဟွဏော တိဏိ သရဏဂမနာနိ ပဋိဇဝေဒေသိ။ ။ပုဏ္ဏားသည် ရတနာ (၃) ပါးတို့ကို ကိုးကွယ်ရာဟု (၃)ကြိမ် ဆည်းကပ်သောအားဖြင့် မိမိ၏နှလုံးသားဌာ ဖြစ်သော အကြောင်းအရာကို နှုတ်ဖြင့်လျှောက်ထားပါသည်။

ပဿန္နာကာရကထာ နိဋ္ဌိတာ။

သရဏဂမနကထာ

သရဏ။ ။သရဏံ ဟိ လတိတိ သရဏံ။ ကိုးကွယ်ဆည်းကပ်သူတို့၏ ကိုးကွယ်ဆည်းကပ်မှုကြောင့်ပင် ရတနာ (၃)ပါးက ဝဋ္ဋဘေး, ကြောက်ခြင်း, ကာယိကဒုက္ခ, ဒုဂ္ဂတိဌာနအကျိုးဝင်သော ဒုက္ခအားလုံးကို ပယ်ဖျောက်နိုင်၏။ ထို့ကြောင့် ရတနာ(၃)ပါးသည် သရဏမည်၏။

တနည်း- စီးပွားဌာပြစ်စေ, စီးပွားမဲ့မှ နှစ်စေသောအားဖြင့် သတ္တဝါတို့၏ ဘေးအမျိုးမျိုးကို ဖျက်ဆီးတော်မူတတ်သောကြောင့် ဘုရားရှင်သည် သရဏမည်၏။ ဘဝကန္တာရမှ ထုတ်ဆောင်သောအားဖြင့် သတ္တဝါများ၏ ဘေးကိုဖျက်ဆီးတတ်သောကြောင့် မဂ်တရားသည် သရဏမည်၏။ အခြားသော တရားများသည် သက်သာရာကိုပေးသောအားဖြင့် သတ္တဝါများ၏ ဘေးကို ဖျောက်တတ်သောကြောင့် သရဏမည်၏။ သံဃာတော်သည် အနုတ္တရ-ဒက္ခိဏေယျဖြစ်သောကြောင့် ဒါနအစွမ်း ပူဇာအစွမ်းဖြင့် ကပ်ဆောင်အပ်ကုန်သော အနည်းငယ်မျှသော သတ္တဝါတို့အကျင့် ကြီးကျယ်ပြန့်ပြောသော အကျိုးကို ရရှိအောင်ပြုသောအားဖြင့် သတ္တဝါတို့၏ဘေးကို ပယ်ဖျောက်တတ်သောကြောင့် သရဏမည်၏။

သရဏာကုံ။ ။ဟုရားသည် သမ္မာသမ္ဗုद္ဓဖြစ်၏။ တရားတော်သည် သွာက္ခာတ ဖြစ်၏။ သံဃာတော်သည် သုပဋိပန္နဖြစ်၏ ဟု ရတနာ(၃)ပါး၊ အပေါ်ဌ ယုံကြည်လေးစားမှုတို့ဖြင့် ဒိဋ္ဌ, ဝိစိကိစ္ဆာ, အသမ္မောဟ, အသဒ္ဓိယ စသောတရားဆိုးတို့ကို မှုတ်ထုတ်နိုင်၍ ကိုယ်သောကင်းကာ ရတနာ (၃) ပါးသာ ကိုးကွယ်လဲလျောင်း ပုန်းအောင်းရာဖြစ်ပေ၏ ဟု ယုံကြည်သော အခြင်းအရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည် သရဏဂမန မည်၏။

ယော သရဏံ ဂစ္ဆတိ။ ။အသက်ပါစိတ္တုပ္ပါဒ်နှင့် ပြည့်စုံသူသည် သရဏံ ဂစ္ဆတိမည်၏။

သရဏာကုံအပြား။ ။၁။ လောကိယသရဏာကုံ။ ၂။ လောကုတ္တရာသရဏာကုံ။

လောကုတ္တရာသရဏာကုံ။ ။လောကုတ္တရာသရဏာကုံသည် သစ္စာမြင်ပြီးသူတို့၏ မဂ်ခဏာ၌ သရဏာကုံ၏ ညစ်နွမ်းကြောင်း တရားတို့ကို အကြွင်းမဲ့ဖြတ်သောအားဖြင့် နိဗ္ဗာန်ကို အာရုံပြုကာ ကိစ္စအားဖြင့် ရတနာ (၃)ပါးလုံး၌ ပြည့်စုံနိုင်သည်။ မှန်၏။ လိုရင်းအနက်အားဖြင့် လောကုတ္တရာ သရဏာကုံသည် သစ္စာသိမှပင် ဖြစ်ပါသည်။ ခဲ့ပါဦးအုံ-၁။ နိဗ္ဗာန်တရားသည် သစ္စာကိုးရိယအာဘိသမယ အစွမ်းဖြင့်လည်းကောင်း၊ ၂။ မဂ်ဘုရားသည် ဘာဝနာဘိသမယ အစွမ်းဖြင့်လည်းကောင်း၊ ၃။ ပုထုဇဉ်ဂုဏ်တော်များနှင့် အရိယာသံဃာဂုဏ်တော်များသည် ပရိညာဘိသမယ အစွမ်းဖြင့်လည်းကောင်း ထိုးထွင်း၍ သိအပ်မှသာ သရဏာကုံအကျိုးကို ပြီးစေနိုင်သည်။ ထို့ကြောင့် "ကိစ္စတော သကလေပိ ရတနတ္တယေ သိဒ္ဓတိ" ဟု မိန့်သည်။ ပြည့်စုံသော် တပြိုင်နက်ပင်ပြည့်စုံသည်။ လောကိယသရဏာကုံကဲ့သို့ ဖြည်းဖြည်းခြင်း အစဉ်အတိုင်း ပြည့်စုံသည်မဟုတ်၊ ဘာ့ကြောင့်နည်း- အသမ္မောဟ ပဋိဝေဓအားဖြင့် ထိုးထွင်း၍ သိအပ်သောကြောင့်တည်း။

ဝ၃ဋ္ဌိ ဝါ ၆။ ။အချို့ဆရာများက သရဏာကုံသည် နိဗ္ဗာန်ကို အာရုံမပြုပါ။ မဂ်ကိုမှီသောကြောင့် အချို့သူများမှာ လောကိဝိဇ္ဇာများ ရသကဲ့သို့ သရဏာကုံကို ရပြီးပင်ဖြစ်သည်ဟု ဆိုကြသည်။ ထိုဆရာတို့ပြော မယာ သရဏာကုံသည် လောကိယသရဏာကုံသာ ဖြစ်စေရမ်းရှိသည်။ လောကုတ္တရာ သရဏာကုံ မဖြစ်နိုင်။ ဤနေရာ၌ သရဏာကုံနှစ်မျိုးလုံးကို အလိုရှိအပ်သော ကြောင့် ထိုဆရာတို့၏ စကားသည်မသင့်ပါ။

လောကိယသရဏာကုံ။ ။လောကိယသရဏာကုံသည် ပုထုဇဉ်တို့၏သန္တာန်၌ သရဏာ-ကုံ ညစ်နွမ်းကြောင်းတရားတို့ကို ပယ်ခွါသောအားဖြင့်

ဘုရားဂုဏ်စသည်ကို အာရုံပြု၍ ပြည့်စုံပါသည်။ ထိုလောကီသရဏဂုံဟူသည် လိုရင်းအနက်အားဖြင့် ရတနာ(၃)ပါးအပေါ်၌ "ဘုရားသည် သမ္မာသမ္ဗုဒ္ဓ ဖြစ်၏"စသည်ဖြင့် သဒ္ဓါဘရားကိုရခြင်း၊ သဒ္ဓါရှေးရှိသော သမ္မာဒိဋ္ဌိ ဖြစ်ခြင်းတည်း။ ယင်းကို ဒိဋ္ဌိဇုကမ္မ ဟုခေါ်၏။

"သဒ္ဓါပဋိလာဘော"ဖြင့် မိဘဆွေတို့ကတိုက်တွန်းအပ်၍ကလေးငယ်စသည် တို့မှာကဲ့သို့သော ဉာဏဝိပ္ပယုတ် သရဏဂုံကိုပြု၍ သမ္မာဒိဋ္ဌိဖြင့် ဉာဏသမ္ပယုတ် သရဏဂုံကို ပြသည်။ ဘာကြောင့်နည်း- ဘုရား၏ ကောင်းသောဘုရားဖြစ်ကြောင်း, တရားတော်၏ကောင်းသောတရားဖြစ်ကြောင်း, သံဃာတော်၏ ကောင်းစွာကျင့်ကြောင်းကို လောကီထိုးထွင်း၍သိခြင်း၏ အစွမ်းဖြင့်သာ မှန်ကန်သောနည်းဖြင့် သိမြင်သောကြောင့်တည်း။

လောကီသရဏဂုံ(၄)မျိုး

၁။ အတ္တသန္ဓိယျာတန- "ယနေ့မှစ၍ တပည့်တော်သည် ကိုယ်ကို ဘုရား,တရား,သံဃာအား အပ်နှင်းပါ၏" ဟု သံသရာ ဆင်းရဲမှ ထွက်မြောက်ခြင်းငှာ မိမိ၏အတ္တဘောကို ဘုရား စသည်တို့အား သာ စွန့်လှူခြင်း။

၂။ တပ္ပရာယဏတာ-"ယနေ့မှစ၍ တပည့်တော်သည် ဘုရား,တရား, သံဃာ ဟူသော် လဲလျောင်းရာရှိသူဖြစ်၏' ဟု တပည့်တော်ကို မှတ်တော်မူပါ" ဟု ရတနာ(၃)ဖြာလျှင် လဲလျောင်းရာ ရှိခြင်း။

၃။ သိဿဘာဝူပဂမနဟာ-"ယနေ့မှစ၍ တပည့်တော်သည် ဘုရား, တရား,သံဃာ ၏ တပည့်ဖြစ်၏' ဟု တပည့်တော်ကို မှတ်တော်မူပါ"ဟု တပည့်အဖြစ်သို့ ကပ်ရောက်ခြင်း။

၄။ ပဏိပါတ-"ယနေ့မှစ၍ တပည့်တော်သည် ရှိခိုးမှု, ဧရိုးဦးကြိုးမှု, လက်အုပ်ချီမှု, ရှိသေမှုများကို ဘုရားစသော ရတနာ(၃)ပါးခွဲ သာပြု၏' ဟု တပည့်တော်ကို မှတ်တော်မူကြပါ" ဟု ဘုရား စသည်တို့ခွဲ အလွန်ရှိသေခြင်း။ မှန်၏။ ဤ(၄)မျိုးတို့တွင် တမျိုးမျိုးကိုပြုလျှင် သရဏဂုံယူရာ ရောက်သည်သာ။

တနည်း-

၁။ အတ္တသန္ဓိယျာတန-"ဘုရား,တရား,သံဃာ အား မိမိကိုယ်ကို စွန့်ပါ၏။ အသက်ကိုစွန့်ပါ၏။ ကိုယ်ကိုလည်းကောင်း၊ အသက်ကို လည်းကောင်း စွန့်ပြီးဖြစ်ပါ၏။ အသက်သုံးသည့် ဟိုင်ငအောင် ဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။ ဘုရားသည် တပည့်ရှင်တော်၏

ကိုးကွယ်ပူန်းအောင်း လဲလျောင်းရာဖြစ်၏''ဟု မိမိကိုယ်ကိုအပ်နှင်းခြင်း။

၂။ သိသဘာဝူပဂမန-''ငါသည် ဆရာဟူရှုမြင်သော် ဘုရားရှင်ကိုသာ ဆရာအဖြစ်ရှုမြင်၏'' စသည်ဖြင့် အရှင်မဟာကဿပမထေရ်၏ သရဏာဂုံကဲ့သို့သော သရဏာဂုံ။

၃။ ကပ္ပရာယဏာတာ–ဘုရား, တရား, သံဃာဟူသော ရတနာ (၃) ဖြာကို ရှိခိုးလျက် လှည့်လည်ကြသော အာဠာဝက, သဒ္ဒေ-ဂိရိ, ဟေမဝတ စသည်တို့၏ သရဏာဂုံကဲ့သို့သော သရဏာဂုံ။

၄။ ပဏိပါတ–ဘုရားရှင်၏ ခြေတော်တို့၌ ဦးခေါင်းဖြင့်ပွတ်ဝပ်၍ ခြေတော်တို့ကို ပါးစပ်ဖြင့်စုတ် လက်ဖြင့်ဆုပ်နယ်ကာ မိမိ၏ အမည်ကိုလည်း လျှောက်ထားသော ဗြဟ္မာယုပုဏ္ဏား စသည်တို့၏ သရဏာဂုံကဲ့သို့သော သရဏာဂုံ။

မေးဖွယ်။ ။အာဠာဝကစသည်တို့သည် မဂ်ဖြင့်လာသော သရဏာဂုံရှိသူ မျှားဖြစ်ကြလျက် အဘယ်နည်းဖြင့် တပ္ပရာယဏာသရဏာဂုံဟု ဆိုရသနည်းဟု မေးမှယ်ရှိ၏။ အဖြေကား-မဂ်ဖြင့်လာသော သရဏာဂုံရှိသူ မျှားဖြစ်ကြသော်လည်း''သောအဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ''စသည်ဖြင့် သူတို့သည် တပ္ပရာယဏာ အခြင်းအရာကို သိစေးပ်သောကြောင့် တပ္ပရာယ-ဏာသရဏာဂုံဟု ဆိုပါသည်။

ပဏိပါတအပြား။ ။၁။ ဥတိ၊ ၂။ ဘယ၊ ၃။ အာစရိယ၊ ၄။ ဒကွဲ-ဏေယျတာ။

ဒကွဲဏေးယျအကြောင်းခံ၍ ရှိခိုးမှုစသည်ပြုမှ သရဏာဂုံဖြစ်၍ ဥတိ,ဘယ စသည် အကြောင်းခံ၍ ရှိခိုးမှုစသည်ပြုလျှင် သရဏာဂုံမဖြောက်ပါ။ မနှိပါသည်။ အမြတ်အစွမ်းဖြင့် သရဏာဂုံယူရာ ရောက်၍ အပြုတ်အစွမ်းဖြင့်ပင် သရဏာဂုံပျက်ရသည်။ ဥတိစသော ရှေ့ ၃-မျိုးဖြင့် ရှိခိုးမှုစသည်ပြုခြင်းသည် သရဏာဂုံနှင့် မဆိုင်ပါ။

အနုသာသနီကိုရည်ရွယ်၍ ဘုရားကိုကန်တော့လျှင် သရဏာဂုံ ဖြောက်, မဖြောက်။ ။ပစ္စုပ္ပန်အကျိုးပြု အနုသာသနီကိုရည်ရွယ်၍ ရှိခိုးလျှင် သရဏာဂုံ မဖြောက်ပါ။ ဘမလွန်နှင့် မင်ဖိုလ်နိဗ္ဗာန်ပြု အနုသာ-သနီကိုရည်ရွယ်၍ ကန်တော့လျှင် သရဏာဂုံဖြောက်ပါသည်။

[အခြားဘာသာဝင် ဆရာသမားများကို ဆရာအမှတ်ဖြင့် ရှိခိုးမှုကြောင့် သရဏာဂုံ မပျက်ကြောင်း စသည်ကိုလည်း ဋီကာ၌ ပြထားသေး၏]

သရဏဂမနဖလ။ ။သာမည်ဖိုလ်(၄)ပါးသည် ဝိပါကဖလမည်၏ အလုံးစုံ သော ဝဋ်ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သည် အာနိသံသဖလ မည်၏။ ဘာကြောင့်နည်း-အရိယာမဂ်ကိုသာ လောကုတ္တရာသရဏဟုခေါ်ရမည်ဖြစ်သောကြောင့်တည်း။ ဤကား-လောကုတ္တရာသရဏ၏ အကျိုးတည်း။

လောကီသရဏ၏အကျိုး။ ။ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိများတည်း။ ဘာနည်း-ဝေလာမသုတ် စသည်တို့၏ အစွမ်းဖြင့်လည်း သရဏ၏အကျိုးထူးကိုသိပါ။

ဝေလာမသုတ္တန်။ ။ထိုသုတ်တော်၌ ကရီသ၏(၄)ဖို(၁)ဖို ပမာဏရှိသော ငွေဖြင့်ပြည့်သော ရွှေခွက် (၇၄၀၀၀)၊ ရွှေဖြင့်ပြည့်သော ငွေခွက် (၇၄၀၀၀)၊ ရွှေဖြင့်ပြည့်သော ကြေးခွက် (၇၄၀၀၀)အားလုံးသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော ဆင်, မြင်း, ရထား, နွားမ, အမျိုးသမီးကညာ, ပလ္လင်ပေါင်း (၇၄၀၀၀) အတိုင်းအရှည်မရှိ များပြားလှသော ခဲဖွယ်ဘောဇဉ်စသော အာဟာရများကို စွန့်လွှတ်ခြင်း၏ အစွမ်းဖြင့် (၃)နှစ် (၃)လ တိုင်တိုင် အဆက်မပြတ်လှူခဲ့သော ဝေလာမ ပုဏ္ဏား၏ ဒါနကြီးထက် သောတာပန်တယောက်အား လှူအပ်သော ဒါနသည် သာ၍အကျိုးရှိ၏။ သောတာပန် (၁၀၀)အား လှူအပ်သော ဒါနထက် သကဒါဂါမ်တယောက်အား လှူအပ်သောဒါနသည် သာ၍အကျိုးကြီး၏။

ထို့ထက် အနာဂါမ်, ရဟန္တာ, ပစ္စေကဗုဒ္ဓါ, မြတ်စွာဘုရား, ဘုရားအများ ရှိသော သံဃာစသည်ဖြင့် တက်ကာ ဗုဒ္ဓပွမုခ သံဃဒါနထက် စာကုဋ္ဌိသ သံဃာကိုရည်ရွယ်၍ ကျောင်းဆောက်မှုသည် သာ၍အကျိုးကြီး၏။ ကျောင်းဆောက်မှုထက် သရဏဂုံသည် သာ၍အကျိုးကြီး၏ ဟု ပြဆိုထားပါသည်။

သရဏဂမနသံကိလေသ။ ။အညာဏ-ရတနာ(၃)ပါးတို့၏ ဂုဏ်တော်တို့ကို မသိခြင်း၊ ဂုဏ်တော်တို့၌ တွေဝေခြင်း၊ သံသယ-ဘုရားဟုတ်လေသလား....မဟုတ်လေသလား....စသည်ဖြင့် ယုံမှားခြင်း။ မိစ္ဆာညာဏ-ရတနာ(၃)ပါး၏ ဂုဏ်တော်တို့ကို ဂုဏ်မဟုတ်ဟုကြံဆ၍ ဖောက်ပြန်စွာယူခြင်း စသည်တို့ကြောင့် **လောကီသရဏဂုံ**သည် ညစ်နွမ်း၍ အရောင်မတောက် မစင်ကြယ် မမွန်မြတ်တော့ပါ။ လောကုတ္တရာသရဏဂုံ မှာကား-ညစ်နွမ်းမှုမရှိနိုင်ပါ။

သရဏဂမနဘေဒ။ ။လောကီသရဏဂုံမှာ-၁။ သာဝဇ္ဇဘေဒ။ ၂။ အ-
နဝဇ္ဇဘေဒ ဟု ပျက်ခြင်းနှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင် ဘုရားမှတပါး အခြား ဆရာ စသည်တို့အပေါ်၌ အတ္တသန္ဓိယျာတန စသည် ပြုမူကြောင့် သရဏဂုံပျက်ခြင်းသည် သာဝဇ္ဇဘေဒဖြစ်၍ မကောင်းသော အနိဋ္ဌအကျိုးကိုပေးပါသည်။ ကွယ်လွန်မှုကြောင့် ပျက်ခြင်းသည် အနဝဇ္ဇ ဘေဒ ဖြစ်၍ အကျိုးမပေးပါ။ မှန်ပါသည်။ လောကီသရဏဂုံသည်သိက္ခာ ပုဒ်ဆောက်တည်သကဲ့သို့ ကာလ အပိုင်းအခြား မရှိပါ။ အသက်ဆုံးသည် အထိ တည်ပါသည်။ ထို့ကြောင့် သေမှပျက်သည်။ထိုပျက်ခြင်းသည်မကောင်း ကျိုး မပေးနိုင်ပါ။ လောကုတ္တရာသရဏဂုံမှာ ပျက်ခြင်းမရှိပါ။ ဘာ့ကြောင့် နည်း–ဘဝတပါး ရောက်သော်မှလည်း အရိယာပုဂ္ဂိုလ်သည် ဘုရားမှတပါး အခြားပုဂ္ဂိုလ်ကို ဆရာဟု မယွန်ပြသောကြောင့်တည်း။

ဖြူစင်ပုံကို မပြဆိုခြင်းအကြောင်း။ ။ဖြူစင်ပုံကို ပြဆိုခြင်း သည်လည်း သရဏဂုံ၌ကျွမ်းကျင်မှု အကျိုးရှိနိုင်ပါသည်။ သို့သော် ထိုဖြူစင်ကြောင်းကို သံကိလေသ သဒ္ဒါဖြင့် အနက်အား ဖြင့် ပြအပ်ပြီးဖြစ်ပါသည်။ ထို့ကြောင့် အဋ္ဌကထာ၌ မပြဆိုတော့ပါ။ မှန်ပါသည်။ ညစ်နွမ်းကြောင်းဖြစ်သော အညာဏစသည် လုံး၀ မဖြစ်သော်လည်းကောင်း၊ ဖြစ်လာသည်ကိုပယ်နိုင်လျှင်သည်လည်းကောင်း ဖြူစင်မှုဖြစ်ပါသည်။

သရဏဂမနကထာ နိဋ္ဌိတာ။

ဥပါသကတ္တပဋိဝေဒနားကထာ

ကော ဥပါသကော။ ။ဤပုဒ္ဓောသည် သရူပပုဒ္ဓောဖြစ်၏၊ ဥပါသကဟူသည် အဘယ်သို့သော အမှတ်လက္ခဏာ ရှိသနည်း ဟု မေးလိုရင်းဖြစ်သည်။ ရတနာ(၃)ပါးကို ကိုးကွယ်ဆည်းကပ်သော လူ၀တ်ကြောင်မှန်လျှင် ဥပါသကာမည်သည်။ ရတနာ(၃)ပါးကို ကိုးကွယ်ဆည်းကပ်မှုသည်သာ ဥပါသကာ မည်ခြင်း၏ အကြောင်းဖြစ်၍ဇာတ်စသောအထူးသည် ဥပါသကာ မည်ခြင်း၏အကြောင်းမဖြစ်နိုင်ပါ။ ထို့ကြောင့် ကိုးကွယ်သူအားလုံး ဥပါသကာဖြစ်ပါသည်။[ယတော ခေါ မဟာနာမ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ၊ ဓမ္မံ။ ပေ။ သံဃံ သရဏံ ဂတော ဟောတိ။ ဧတ္တာ ဝတာ ခေါ မဟာနာမ ဥပါသကော ဟောတိ]

ကသ္မာ ဥပါသဒကာ။ ။ဤကား အကြောင်းကို မေးသောပုစ္ဆာတည်း။ ထိုပုစ္ဆာဖြင့် အဘယ်ပဝတ္တိနိမိတ်ကြောင့် ဥပါသကသဒ္ဓါသည် ထိုဂုဏ်လေးပါး ထင်ရှားတင်စားသနည်း ဟူသောအမေးကို ပြု၏။ ရတနာ(၃)ပါးကို ရိုသေလေးမြတ်စွာ ကိုးကွယ်ဆည်းကပ်မှုကြောင့် ဥပါသကာမည်၏။

ကိမသ သီလံ။ ။(၅)ပါးသီလ။

ကော အာဇီဝေါ။ ။မိစ္ဆာဝဏိဇ္ဇ (၅)မျိုးကိုရှောင်ရှား၍ ဘဏ္ဍားနှင့်အညီ အသက်မွေးခြင်း။

မိစ္ဆာဝဏိဇ္ဇ(၅)မျိုး။ ။၁။ သတ္ထဝဏိဇ္ဇ။ ၂။ သတ္တဝဏိဇ္ဇ။ ၃။ မံသ-ဝဏိဇ္ဇ။ ၄။ မဇ္ဇဝဏိဇ္ဇ။ ၅။ ဝိသဝဏိဇ္ဇ။

သတ္ထဝဏိဇ္ဇကို သူတပါးကို ညှဉ်းဆဲကြောင်း ဖြစ်၍လည်းကောင်း၊ သတ္တဝဏိဇ္ဇကို ကိုယ့်ကိုယ်ကို မပိုင်အောင် ကျွန်ဖြစ်အောင် ပြုကြောင်းဖြစ်၍လည်းကောင်း၊ မံသနှင့်ဝိသကို သတ်ကြောင်း ဖြစ်သောကြောင့် လည်းကောင်း၊ မဇ္ဇကို ကုသိုလ်တရားတို့၌ မေ့လျော့ကြောင်းဖြစ်သောကြောင့် လည်းကောင်း မပြုကောင်းပါ။

ကာ ဝိပတ္တိ။ ။သီလပျက်ခြင်း, အာဇီဝပျက်ခြင်း။

ဥပါသကာအမျိုးအစား။ ။၁။ သဒ္ဓါတရားမရှိခြင်း။ ၂။ သီလမရှိခြင်း။ ၃။ ကောတူဟလမင်္ဂလာရှိသူဖြစ်ခြင်း။ ၄။ မင်္ဂလာကိုသာယုံ၍ ကံကိုမယုံခြင်း။ ၅။ သာသနာတော်၌ အပြင်ပဋ္ဌ အလှူခံပုဂ္ဂိုလ်ကိုရှာ၍ ထိုသာသနာတော်၏ပြင်ပဋ္ဌ ကုသိုလ်ပြုခြင်း ဤအင်္ဂါ ၅-ဖြာနှင့်ညီသော ဥပါသကာသည် ညစ်ပတ်ပေရေ ယုတ်ညံ့လေသော အောက်တန်းစား ဥပါသကာမည်၍- ၁။ သဒ္ဓါတရားရှိခြင်း။ ၂။ သီလရှိခြင်း။ ၃။ ကောတူဟလမင်္ဂလာမရှိခြင်း။ ၄။ မင်္ဂလာကိုယုံ ကံကိုသာယုံခြင်း။ ၅။ သာသနာတော်၏ အပြင်ဘက်ဋ္ဌ အလှူခံပုဂ္ဂိုလ်ကို မရှာ၊ သာသနာတော်ဋ္ဌသာ ကောင်းမှုပြုခြင်းဟူသော ဂုဏ်အင်္ဂါ ၅-ဖြာနှင့်ညီသော ဥပါသကာကား ပုဏ္ဏရိက် ပဒုမ္မာကြာသဖွယ် တင့်တယ်သောရတနာဟု ခေါ်လောက်သော အထက်တန်းစား ဥပါသကာမည်၏။

ကာ သမ္ပတ္တိ။ ။သီလသမ္ပဒါ, အာဇီဝသမ္ပဒါ။

ပါဏေဟိ ဥပေတံ။ ။အသက်ရှိသမျှ(အသက်ရှည်သမျှ) ကိုးကွယ်ဆည်းကပ်ပါမည်။ ကိုးကွယ်ဆည်းကပ်သော် နှုတ်မျှဖြင့် စိတ်

တကြိမ်ဖြစ်ရုံမျှဖြင့် ကိုးကွယ်ဆည်းကပ်မည်မဟုတ်ပါ။ အမှန်အားဖြင့် အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ပါမည်။

ခန္ဓိ စာရေတွာ။ ။ခန္ဓိ ဓာရေတွာတိပိ ပါဌော။

သစေ မေ သမဏော ဂေါတမော စသည်။ ။ဝေရဉ္ဇာပုဏ္ဏားသည် ဘုရား၏ စိတ်တော်ကို မျက်မှောက်မပြုနိုင်ပါပဲလျက် ဘုရားရှင်လက်ခံကြောင်းကို အခြင်းအရာ အာကာရကို မှတ်သားမှု၌ ကျွမ်းကျင်သောကြောင့် အနွယ, ဗျတိရေက တို့၏ အစွမ်းဖြင့် မှန်းဆကာ သိသည်ဟု ပြလို၍ "သစေ မေ သမဏော ဂေါတမော" စသည်ကို မိန့်ပါသည်။

ပရိမုခေါယေ ဝ။ ။ဘုရားဘက်သို့ ကျောမပေး ဟူလို။

ဝန္ဒိတ္ဝာ။ ။ပန္ဒိတ္ဝာတိ ပဋ္ဌပတိဋ္ဌိတေန ဝန္ဒိတ္ဝာ။

ဥပါသကတ္တပဋိဝေဒနာကထာ နိဋ္ဌိတာ။

ဒုဿီကွကထာ

ပုဗ္ဗဏ္ဏာပရဏ္ဏေ။ ။သလေးစသော စပါးသည် ပုဗ္ဗဏ္ဏမည်၍ ပဲနောက် စသော ပဲမျိုးသည် အပရဏ္ဏ မည်ပါသည်။

ဒ္ဝိဓာ ပဝတ္တာ ဣတိဟိတိကာ။ ။စိတ်၏ ကြောင့်ကြဗျာပါရဖြစ်ပုံ (၂)မျိုးတွင် "လစ္ဆာမ နု ခေါ" ဟူသော ပထမနည်းကို ဆင်းရဲသူတို့၏ အစွမ်းဖြင့်ဆိုရ "ဗိုဝိတုံ ဝါ သက္ခိဿာမ နု ခေါ နော" ဟူသော ဒုတိယနည်းကို အစိုးရသူ လူတန် စားတို့၏ အစွမ်းဖြင့် ဆိုပါသည်။

ဗျာမိ ရောဂေါ။ ။ဗျာမိနှင့်ရောဂေါသည် အာတုရတာ၏ ဝေဝုစ်ပရိယာယ် စကားလုံးများဖြစ်ပါသည်။ "အဋ္ဌိတိ အာတုရတာ ဗျာမိ ရောဂေါ" ဟူသော ပါဠိဖြင့် သေတင်္ဂါးကားမည်သည် ရောဂါတမျိုး ဖြစ်သည်ဟူသော အနက်ကိုပြုပါသည်။ ထိုရောဂါသည် ပိုးဝယ်များ၏အပြုစ်ကြောင့် ဖြစ်ပါသည်။

ပစ္ဆိန္နခီရံ စသည်။ ။ပိုး၊ ယ်တကောင်သည် ရိုးတံ၏ အလယ်၌ ရောက်နေ ၁ ၁ အဆစ်ကိုထိုးသောကြောင့် သလေးနှံထွက်သော် လည်း နို့ရည်ကို မယူနိုင်ပါ။ ထို့ကြောင့် "ပစ္ဆိန္နခီရံ" စသည်တို့ မိန့်သည်။

သလာကာ ၀ေ သမ္ပဇ္ဇတိ။ ။စိုက်အပ်သော ဥပါးသည် ရိုးတံမျှသာ ဖြစ်၍ အသီးမသီး ဟူလို။

နှ သုကရာ ဥဇ္ဇေန ပဂ္ဂဟေန ယာပေတုံ။ ။ပဂ္ဂယ္ဟတိတိ ပဂ္ဂဟော၊ ပတ္ထော။ တေန ပဂ္ဂဟေန ပတ္ထေနာတိ အတ္ထော၊ ပတ္တံ ဂဟေတ္မာ ဘိက္ခာစရိယာယ ယာပေတုံ နှ သက္ကာတိ ဝုတ္တံ ဟောတိ။ ပဂ္ဂဟေန-ပွေ့ပါက်အပ်သောသပိတ်ဖြင့်၊ ဥဇ္ဇေန-ဆွမ်းရှာခြင်းဖြင့်၊ ယာပေတုံ-ရှည်သော အချိန်သို့ ရောက်စေခြင်းငှာ၊ ၀ါ-မျှတခြင်းငှာ၊ နသု-ကရာ-လွယ်ကူစွာပြုအပ်ကုန်၏အဖြစ်မရှိ၊ ၀ါ-မလွယ်ကူ။

ပိဏ္ဍာယ စရိတ္ဝာ။ ။စရိ ဂွာ- လှည့်လည်ခြင်းကြောင့် ဟူပေး။ [ဟေတု-အ,ကွပိ ဟိ တ္ဝာသဒ္ဒံ ဧကေ ဣစ္ဆန္တိ။]

ဥတ္တရုပထကာ။ ။ဥတ္တရုပထတော် အာဂတာ,ဥတ္တရုပထော ၀ါ နိ၀ါသော ဧတော နှ ဥတ္တရုပထကာတိ ၀တ္တဗ္ဗေ နိရုတ္တိနယေန "ဥတ္တရုဟကာ"တိ ဝုတ္တံ။ တနာဟ "ဥတ္တရုပထ၀ါသိကာ"တိအာဒိ။ "ဥတ္တ-ရုပထကာ"ဣစ္စေ၀ ၀ါ ဝါဒ္ဒိပါ ဣဿ ၀ေဒိတဗ္ဗော။ ကေစိ ပန "ဥတ္တရံ ဝိသိ-ဋ္ဌံ ဘဏ္ဍံ အာဟရန္တီတိ ဥတ္တရုဟကာ၊ ဥတ္တရံ ၀ါ အမိကံ အဋ္ဌံ နေန္တီတိ ဥတ္တရုဟကာတိအာဒိနာ နယေန အတ္ထံ ၀ဏ္ဏယန္တိ။ ဤအဖွင့်များကိုထောက်ရှု-ဥတ္တရုပထကာ- ဥတ္တရပထတိုင်းမှ လာကြကုန်သော၊ ၀ါ- ဥတ္တရုပထကိုင်း ဟူသော နေရာရှိ,ကြကုန်သော၊ (ဤကား သမာနဝါဒတည်း။) ကေစိတို့အလို- ဥတ္တရုဟကာ-ထူးခြားသောဘဏ္ဍာကို ဆောင်ယူလာကုန်သော၊ တနည်း-ဥတ္တရုဟကာ-ပိုလွန်သော အဖိုးကို ဆောင်ယူတတ်ကုန်သော ဟူပေးပါ။

အာသမဏ္ဍလိကာ ၀ေ ဝေ ၀ တိ ,ညာယ်သ။ ။၀န်းဝိုင်းသော အခြင်းအရာအား ဖြင့် ,ုပ်အပ်သောကြောင့် အာသ-မဏ္ဍလိကာတို့ ဟု ထင်ရှား ပါသည်။ ဤကဲ့သို့ ၀န်းဝိုင်းသော အခြင်းအရာ အားဖြင့်ပြုထားသော မြင်းတင်းကုပ်တွေများ၏သောကြောင့် ဇဟုဝုစ်ဖြင့် ဆို ပါသည်။ မြင်း(၁၀)ကောင်(၁၀)ကောင် နေလျောက်ရေ အရပ်သည် မြင်း-ကင်းကုပ်တခုတခုဟူလည်း ဆိုကြ၏။

နဟိ တေ ဒကွိဏာပထမနုဿာ ဝိယ။ ။ဂ်ဂ်ါမြစ်၏ တောင်ဘက် အရပ်သည် အပွင့်ရှုပဒေသအရပ်ဖြစ်၍ မြောက်ဘက်အရပ်သည်ပင်ရှုပဒေသဖြစ်၏ ဟူသောအလိုဖြင့် "နဟိ ဧတ" စသည်ကို မိန့်သည်။

ဝိဟာရနိဝါသနပရိဝတ္တနဝသေန။ ။ကျောင်းဝတ်သက်နှုန်းကို ပြုင်ဆင်၍ ဝတ်ခြင်း ဟူသည်-ကျောင်းဌာနေထိုင်ရာ အခါဝယ် သင်းပိုင်ဝတ်ပြီးဖြစ်သော်လည်း တဖန် ရွှာသို့ဝင်ခါနီးအခါ၌ ထိုသိုက္ခါ၏ ကောင်းစွာတည်စေ၍ သေခိ၀ယနှင့်အညီ ကောင်းမွန်စွာ ပြုင်ဆင်၍ ဝတ်ခြင်းပင်တည်း။

ပတ္တစီဝရမာဒါယ။ ။လက်ဖြင့်ယူမှသာ အယူမဟုတ်၊ အဘယ်အခြင်းအရာဖြင့်ယူယူ(ဘာနှင့်ယူယူ)ယူဆောင်သည်မည်သည်သာဟု ပြလို၍ "ပတ္တံ ဟတ္ထေဟိ"စသည်ဖြင့် ဖြစ်သင့်သလို ယောဇနာထား၊ပါသည်။

သမဏသာရုပ္ပံ နံ ဟောတိ၊ နံ စ ဝဋ္ဋတိ။ ။အပ်,မအပ်ကို မရွှင့်မှ၍ ရဟန်းတို့အား ဤသို့ကိုယ်တိုင်ချက်မှုသည် မလျောက်ပတ်ဟု မိန့်ဆိုပြီးနောက် တဖန်ထပ်၍ မအပ်ကြောင်းကိုလည်း ပြလိုရကား "နံ စ ဝဋ္ဋတိ"စသည်ကို မိန့်ဆိုသည်။

သလ္လဟုကဝုတ္တိတာ။ ။ခွက်စသည်ကို ဆောင်ခြင်း၏ အစွမ်းဖြင့် ပစ္စည်းဘဏ္ဍာမျှားမှု မရှိသောကြောင့် "သလ္လဟုကဝုတ္တိတာ" စသည်ကို ဆိုပါသည်။

အပ္ပေါ်ဿုက္ကာ။ ။အပ္ပေါ်ဿုက္ကာတိ သမဏာမမ္ဗေတာ အညတ္ထ နိရုဿဟာ။

လဒ္ဓါ လဒ္ဓေါ၊ ။စခေါ-ထိုသို့ပင်ဖြစ်ပါသော်လည်း၊ ဥပဒ္ဒါကဌာနံ-ဥပဒ္ဒါက ရာထူးကို၊ လဒ္ဓါ-ရ၍၊ နော ဟောတိ-ဖြစ်သည်မဟုတ်။ တနည်း-စခေါ-လည်း၊ ဥပဒ္ဒါကဌာနံ-ကို၊ နော လဒ္ဓေါ-မရသေး။

[အရှင်အာနန္ဒာထေရ် ဥပဒ္ဒါက ရာထူးမရခင်က ဘုရားရှင်မှာ အလုပ်အကျွေး မပြေလည်မှုမျှား ရှိခဲ့ပါသည်။ နာဂသမာလထေရ်သည် ဘုရားရှင်၏ သပိတ်ကို မြေဦးချရန် အားထုတ်ဖူး၍ အရှင်မေဃိယသည် ဘုရားရှင်ကားမြစ်သည်ကို မှန်ခဲ့ပဲ လမ်းခွဲသွားဖူးပါသည်။]

ထေရော၊ ပ။အဋ္ဌ ဝေရ ယာစီ။ ။ပယ်ဆု (၄)၊ တောင်းဆု (၄)၊ ပေါင်း (၈)ဆု။

ပယ်ဆု(၄)

၁။ ဘုရားရှင်ရဲသော မွန်မြတ်သောသက်နှံးကို တပည့်တော်အား မပေးလျှင် ဘုရားရှင်ကို ပြုစုလုပ်ကျွေးပါမည်။

၂။ ဆွမ်းကိုမပေးလျှင်....၊

၃။ ဂန္ဓကုဋီတခုတည်း၌ နေခွင့်မပေးလျှင်....၊

၄။ ပင့်ဖိတ်ရာသို့ခေါ်၍ ကြွတော်မမူလျှင် တပည့်တော် သည် ဘုရားရှင်ကို ပြုစုလုပ်ကျွေးပါမည်။

တောင်းဆု(၄)

၁။ ဘုရားရှင်သည် တပည့်တော်လက်ခံထားသော ပင့်ဖိတ်ရာသို့ ကြွကော်မူပါလျှင် ပြုစုလုပ်ကျွေးပါမည်။

၂။ အခြားတိုင်းပြည် အခြားဇနပုဒ်မျှားမှ ဘုရားဖူးရန်လာသော ပရိသတ်ကို လာရောခဏ၌ပင် ဖူးခွင့်ပေးနိုင်သော အခွင့်အရေး ရပါလျှင်....၊

၃။ တပည့်တော်မှာ ယုံမှားမှုဖြစ်ရာခဏ၌ပင် ဘုရားရှင်ထံသို့ ချဉ်းကပ်ခွင့်ရပါလျှင်....၊

၄။ တပည့်တော်၏ မျက်ကွယ်၌ ဟောခဲ့သောတရားများကို ပြန်ကြွကော်မူလာ၍ တပည့်တော်အား တဆင့်ဟောတော်မူပါလျှင် ဘုရားရှင်ကို ပြုစုပါမည်။

ပယ်ဆုတောင်းခြင်းအကြောင်း။ ။ပယ်ဆုလာ အခွင့်အရေးမျိုးကို ပယ်မထားပဲ ပေးခဲ့ပါလျှင် "ဤလောဘ်မျိုး ရ၍ အာနန္ဒာသည် ဘုရားရှင်ကို ပြုစုတာပါ၊ ဒီလိုပြုစုဖို့အတွက် ဝန်လေးစရာမရှိပါ"ဟု အထင်သေးစကား ပြောကြားသူများ ရှိနိုင်သောကြောင့် ပယ်ဆု (၄)မျိုးကို တောင်းပါသည်။

တောင်းဆု,တောင်းခြင်းအကြောင်း။ ။တောင်းဆုလာ ၁, ၂, ၃ ကို မရလျှင် "အာနန္ဒာသည် ဘုရားရှင်ကို ဘာ့ကြောင့်ပြုစုနေသလဲ၊ အာနန္ဒာအား ဘုရားရှင်က ဒီမျှလောက် ချီးမြှောက်မှုလေးကိုမျှ မပြု"ဟု ပြစ်တင်စကား ပြောကြားသူများ ရှိနိုင်သောကြောင့် တောင်းရပါသည်။ ၄-နံပါတ်ဆုကို မရလျှင် "အာနန္ဒာသည်

ဒါလေးတောင်မသိ၊ သင်သည် အဟယ် ကြောင့် အရိပ်ကဲ့သို့ ဘုရားရှင်ကို မစွန့်ပဲ ဒီလောက်ကြာအောင် နောက်က ထားကာကာကိုက်ကာ လှည့်လည်နေရသနည်း'' ဟု ကဲ့ရဲ့စကားပြော ကြားသူများ ရှိနိုင်သော ကြောင့် တောင်းရပါသည်၊

ဥပဋ္ဌာကရာထူး။ ။ဆု(၈)မျိုးကို ဘုရားရှင်ကလည်း ပေးတော်မူပါသည်။ ထိုဆု (၈)မျိုးရပြီးနောက် အမြဲတန်း ဥပဋ္ဌာက ဖြစ်ပါသည်။ ဤရာထူးအကျိုးငှာ ကမ္ဘာတသိန်းပတ်လုံး ဖြည့်ဆည်းပူးခဲ့သော ပါရမီတော်တို့၏ အကျိုးသို့ ရောက်ရှိသည်။ ရောက်ပြီးနောက် ဥပဋ္ဌာက ဧတဒဂ်ရရှိပြီးလျှင် ဘုရားရှင်ကိုပြုစုသည်။

ပြုစုပုံ။ ။ဥပဋ္ဌာက ရာထူးရပြီးအချိန်မှစ၍ ဆန်(၂)မျိုး, ဒန်ပူ(၃)မျိုး ဆက်ကပ်ခြင်း၊ ခြေထောက်ကို ချေးပွန်းခြင်း၊ ကျောကုန်းကို ချေးတွန်းခြင်း၊ ဂန္ဓကုဋီပရိဝုဏ်ကို တံမြက်လှဲခြင်း စသောကိစ္စတို့ဖြင့် ပြုစုလုပ်ကျွေးလတ်သော် ''ဒီအချိန်မှာ ဘုရားရှင်အားကြက် ဤမည်သော ပစ္စည်းကို ရသင့်၏၊ ဤမည်သော အလုပ်ကို လုပ်ပေးပါင့်၏''ဟု ကြံစည်စိတ်ကူးကာ ထိုထိုကိစ္စကို ပြီးစေလျက် မီးတုတ်ကြီးကိုကိုင်ကာ တည်လျှင် (၉)ကြိမ် ဂန္ဓကုဋီပရိဝုဏ်ကို လှည့်ပတ်စောင့်ရှောက်သည်။ 'အကယ်၍ ငါ့မှာ ထိန်မိုဒ္ဓ ဖြစ်နေလျှင် ဘုရားရှင်ခေါ်တော်မူသည့်အခါ မဝံ့နိုင်ပဲဖြစ်ပေလိမ့်မည်''ဟု ကြံမိသောကြောင့် တည်လုံး မီးတုတ်ကြီးကိုလက်မ မလွှတ်ပါ။ ဤကဲ့သို့သော အမြဲတန်း ဥပဋ္ဌာက ရာထူးမရသေးသည်ကို ရည်ရွယ်၍ ''နော ဝ ခေါ ဥပဋ္ဌာကဋ္ဌာနံ လဒ္ဓါ'' ဟု ဗုဒ္ဓသိုသည်။

ဥတိသေဋ္ဌော။ ။ဆွေမျိုးလည်းဖြစ် အလွန်ချီးမွမ်းထိုက်သော ဂုဏ်များ လည်း ရှိသောကြောင့် ''ဥတိသေဋ္ဌ'' ဟု ဆိုသည်။

ဇေဝ္ဗုဓပသု ဌာနေသု အယမေဝ ပတိရူပေါ။ ။ဘားရန်ရှိရာ အခါများ၌ ဗုဒ္ဓမိသကို ပြုပြင်စီမံ၍ ဆက်ကပ်မှုမည်သည့် ဆွေမျိုးဖြစ်သူသာ ပြုလုပ်ရန် အလွန်သင့်လျော်သည် ဟူသို့။

တိဋ္ဌန္တု ။ပ။ တမ်ပိ မာဇရာ အာဝဇ္ဇေယ္ယု။ ။ဖုဿ ဘုရားရှင် လက်ထက်တော် အခါ ၈ ပြုခဲ့မိ, ဆည်းပူးခဲ့မိ သော အကုသိုလ်ကံသည် ယိုဝါတွင်းအခါ၌ ဗဟုကျိုးပေးခွင့်ရ၍ အကျိုး မပေးရန် ကပ်၍တည်နေသော်ကြောင့် မာရ်နတ်ကသည်ပတ်နိုင်သည်။

ဖုဿသောဟံ ပါဝစနေ၊ သာဝကေ ပရိဘာသယိ။
ယဝံ ခါဒယ ဘုဉ္ဇထ၊ မာ စ ဘုဉ္ဇထ သာလယော။
တေန ကမ္မဝိပါကေန၊ ဟေမာသံ ခါဒိတံ ယဝံ။
နိမန္ဒိတော ဗြာဟ္မဏေန၊ ဝေရဉ္ဇာယံ ဝသိံ တဒါ။ (အပဒါန်)

အာဘိဟပ္ပဘိက္ခာ ။ပ။ ဝတ္ထသ။ ။အိမ်ခ္ဍီချက်ခဲ့ပြီး၍ ပို့ဆောင်အပ်သော ဆွမ်းသည် အာဘိဟပ္ပဘိက္ခာမည်၍ တလန္ဒစ်လ စသည်သတ်မှတ်၍ "ဤမျှလောက်သောကာလပတ်လုံး ဘုရားရှင်အား လှူကုန်အံ့"ဟု နိစ္စဘက်အစွမ်းဖြင့်ပိုင်းဖြတ်၍ ထားအပ်သော ဒါနသည် နိဗဒ္ဓ-ဒါန မည်၏။ အပ်ပြီးတဝတ္ထုမည်သည်ကား–မြတ်စွာဘုရား၏ ပစ္စည်းလေးပါး အတွက်ဟု လျှောက်ထားကာ ကျောင်းသို့ယူဆောင်ကာ လှူအပ်သောဝတ္ထု တည်း။

ဣမေသံ စတုန္နံ။

၁။ ဘုရားရှင်ဖို့ရည်ရွယ်အပ်သော ဆွမ်းစသောပစ္စည်းဝတ္ထု။
၂။ ဘုရားရှင်၏ အသက်တော်။
၃။ (၈၀)သော လက္ခဏာတော်ငယ်နှင့် တလံမျှလောက်သော ကိုယ်ရောင်တော်၊ (အရောင်တော်မျှားကို မလင်းအောင်ပြုခြင်းသည် အန္တရာယ်ပြုခြင်း မည်၏။)
၄။ သဗ္ဗညုတညာဏ်တော်။

[သဗ္ဗညုတညာဏ်တော်၏ အန္တရာယ်ဟူသည်- ဥယျဓံတရားတို့၌ မသိအောင် ပိတ်ထားခြင်းတည်း]

အနုဗျဉ္ဇနဗျာမပ္ပဘာပ္ပဒေသံ ပတ္ဝာ။ ။လက္ခဏာတော်ငယ်မျှားသည် တလံမျှလောက်သော ကိုယ်ရောင်တော်နှင့် တစပ်တည်းစပ်နေသောကြောင့် "အနုဗျဉ္ဇနဗျာမပ္ပဘာပ္ပဒေသံ ပတ္ဝာ"ဟု မိန့်သည်။

အနတ္ထသဠိတေ သေတုယာတော။ ။အကျိုးမဲ့နှင့် စပ်သော စကားကို အကြွင်းမဲ့ဖြတ်ခြင်းဟူသည် ထိုအကျိုးမဲ့နှင့်စပ်သောစကားကို ပြောဆိုကြောင်း ကိလေသာတို့ကို ဖြတ်ခြင်းတည်း။

[အကြောင်းဖြတ်ခြင်းကို အကျိုးဖြတ်ခြင်းခ္ခတင်စားသော ကာရကူပစာ-ရ ဟု မှတ်ပါ။]

အာကာရေဟိတိ ကာရဏေဟိ။ ။''အာကရောတိ အတ္တနော အနုရူပတာယ သမရိယာဒံ သပရိစ္ဆေဒံ ဖလံ နိဗ္ဗတ္တေတီတိ အာကာရော ကာရဏန္တိ အာဟ အာကာရေဟိတိ ကာရဏေဟိ''တိ။

တာယ ပုစ္ဆာယ ဝိတိက္ကမံ ပါကဋံ ကတ္ဝာ။ ။သစ္စံ ကိရ တံ ဘိက္ခု စသော မေး ခွန်း ဖြင့် ''ထိုပြစ်မှု ရှင် ရဟန်းပြုခဲ့သော ကျွန်းလွန်မှုကို ထင်ရှားပြတော်မူသည်။ ထိုသို့ ထင်ရှားပြုတော်မူခြင်းသည် သိက္ခာပုဒ်ပညတ်ရသောကြောင့် ခွင့်ပြုခြင်းအကျိုးရှိ၏။ [ဂဏ္ဌိသစ်၌ မြန်မာပြန်ဆိုချက် ပါရှိပါသည်၊ ဤပြန်ဆိုပုံနှင့် မတူပါ]။

နတ္ထိ ကိဉ္စိ ဝတ္တဗ္ဗံ။ ။ရှေးဦးဆိုအပ်ပြီးသော နည်းရှိသောကြောင့် ဤနေရာ၌ အနည်းငယ်မှ ဆိုစရာမရှိဟု ပြသည်။ ထို့ကြောင့် ''ပုဗ္ဗ ဝုတ္တမေဝ ဟိ''စသည် မိန့်သည်။

သာဓု သာဓု။ ။ပသံသာအာမေဋိတ်ဖြစ်သည်။ ထို့ကြောင့် ''အာယဿ သ္မိန္တိ အာနန္ဒံ သမ္ဗဟံသေန္တော''ဟု မိန့်သည်။

ဣမာယ သလ္လဟုကဝုတ္တိတာယ။ ။သွားလေရာသို့ အိုးခွက်စသောဘဏ္ဍာကို ယူဆောင်ရခြင်း၏ အစွမ်းအားဖြင့် မျှားဖွာသောဘဏ္ဍာရှိသူတို့၏ အဖြစ်မရှိသောကြောင့် ''ဣမာယ သလ္လဟုက-ဝုတ္တိတာယ''ဟု မိန့်သည်။ (နောက်နား၌လည်း ရေးခဲ့ပြီ)

ဣမိနာစ သလ္လေခေန။ ။ဤမျှလောက်ဆိုလျှင် မျှတလောက်ပြီဟုကြံ၍ အပိုအမို တောင့်တခြင်းမရှိသောကြောင့် ''ဣမိနာ စ သလ္လေခေန''ဟု မိန့်သည်။

ဒုဿိက္ခံ ဝိဇိတံ။ ။ဒုဿိက္ခကြောင့်ဖြစ်သော စိတ်ဆင်းရဲမှု မရှိသောကြောင့် အောင်သည်ဟု ဆိုရသည်။

လောဘော ဝိဇိတော။ ။အာမိသကြောင့် ညဉ့်ပြုတ်မှု, ဝါကျိုးမှုကိုဖြစ်စေတတ်သော လောဘဖြင့်မှုသော်မှုမရှိသောကြောင့် အောင်သည်။

ဣဒ္ဓိဘိသေနော ဝိဇိတော။ ။အာမိသကြောင့် အချင်းချင်း၏ ဥတ္တရိမနုဿဓမ္မကို လူတို့အား ထင်ရှားပြသောအားဖြင့် ဂုဏ်

ကုန်သွယ်မှုပြု၍ အသက်မွေးကုန်ပန်းပန်းသော အလိုဆိုးမျှ မရှိသောကြောင့် ကုစ္ဆာဘာရကို အောင်သည်။

စိန္တာ ဝါ ဝိယာတော ဝါ။ ။စိတ္တုပ္ပါဒ်ကျမဖြစ်ဘည်ကိုရည်ရွယ်၍ "စိန္တာ-ဝါ"ဟုဆို၍ အဖန်ဖန်ဝမ်းနည်း၍ စိတ်ပင်ပန်းခြင်းလည်း မဖြစ်ဟုပြုခြင်းငှာ "ဝိယာတော ဝါ"ဟု ဆိုသည်။

ရတ္တိဿ ဒေါ ဝါ။ ။သတ္တာဟကရဏီယ၏ အစွမ်းဖြင့်သော်မှလည်း တစုံတခုသော အရပ်သို့မျှမသွားသောကြောင့် သတ္တာဟ-ကရဏီယ၏ အစွမ်းဖြင့်သွား၍ ဥပစာရသိမ်၏ပြင်ပ၌ အရုဏ်တက်စေခြင်း၏ အစွမ်းဖြင့် ညဉ့်ပြတ်ခြင်းကိုသော်လည်း မပြုဟုအဓိပ္ပာယ်မှတ်ပါ။ မှန်ပါသည်။ သတ္တာဟကိစ္စ၏အစွမ်းဖြင့် အခြားအရပ်၌နေခြင်း၊ ညဉ့်ကင်းခြင်းကို ရည်ရွယ်၍ "ရတ္တိဿ"ဟု အဋ္ဌကထာများသုံးစွဲပါသည်။ ထို့ကြောင့်ပင် ဝဿူပနာယိကကွန္ဒက အဋ္ဌကထာ၌ ပါဠိမုတ္တကရတ္တိဿဝိနိစ္ဆယ ဟု အစချီကာ "တရားနာရန်မဖိတ်လျှင် မသွားသင့်"စသည်ဖြင့် သတ္တာဟကရဏီယကို ပင် ဝေဖန်ထားပါသည်။ မဟာအဋ္ဌကထာ၌လည်း သတ္တာဟကိစ္စဖြင့်သွား၍ ရဟန်းတပါးမျှ ညဉ့်ပြတ်ခြင်းကို မပြုအပ်ဖူးဟု မိန့်ဆိုပါသည်။ ထို့ကြောင့် ရတ္တိဿမည်သည် သတ္တာဟကရဏီယ၏ အစွမ်းဖြင့် ဖြစ်သည်။ အခြားသော အခြင်းအရာအားဖြင့် ဖြစ်သည်မဟုတ်ဟု ရတ္တိဿဒလက္ခဏာကိုလည်း ဆိုသည်ဟု မှတ်ပါ။

ဂဏ္ဍိ(၂)စောင်၏ဝါဒ။ ။စူဠဂဏ္ဍိပဒ, မဇ္ဈိမဂဏ္ဍိပဒတို့၌ကား ဝါပျက်နိုင်ခြင်း၏ အကြောင်းရှိလျှင် ညဉ့်ပျက်နိုင်မှုကို ဟောတော်မူသောကြောင့် ဝါပျက်ကြောင်း ရရာအခါ, ရရာအရပ်၌ သတ္တာဟကိစ္စဖြင့် သွားခြင်းငှာလည်းအပ်သည်ဟု ဆို၏။ ထိုဂဏ္ဍိပဒ (၂) စောင်၏အဆိုသည် အလွန်ကောင်းပါသည်။ ဘာ့ကြောင့်နည်း–"တေနခေါ ပန သမယေန အညတရသ္မိं အာဝါသေ ဝဿူပဂတာနံ ဘိက္ခူနံ ဂါမော စောရေဟိ ဝုဋ္ဌာသိ၊ ဘဂဝတော တေမတ္တံ အာရောစေသုံ၊ အနုဇာနာမိ, ဘိက္ခဝေ ယေန ဂါမော တေန ဂန္တုံ" ဟူသော ဝဿူပနာ-ယိကကွန္ဒက ပါဠိတော်ကို ဖွင့်သော "သစေ ဂါမော အဝိဒူရဂတော ဟောတိ၊ တတ္ထ ပိဏ္ဍာယ စရိတ္တာ ဝိဟာရမေव အာဂန္တာ ဝသိတဗ္ဗံ။ သစေ ဒူရဂတော၊ သတ္တာဟာ'ရေန အရုဏော ဥဋ္ဌာပေတဗ္ဗော။ နော သက္ကာ စေ ဟောတိ တတ္ထေव သဘာဂဋ္ဌာနေ ဝသိတဗ္ဗံ" ဟူသော အဋ္ဌ

ကဿာစကားနှင့်လည်း ညီညွတ်သောကြောင့်တည်း။ ထိုစကားကို ခဲ့ပါဦး အုံ--ရှာပြောင်းသော် ဆွမ်းမရခြင်းကြောင့် ဝါပျက်သော်လည်း အာပတ်မသင့်ဟု ဟောတော်မူသော ဘုရားရှင်သည် "အနုဇာနာမိ ဘိက္ခဝေ ယေန ဂါမော တေန ဂန္တုံ" ဟု ဟောတော်မူအပ်သောကြောင့် ဆွမ်းမရခြင်းသည် ဝါပျက်နိုင်ခြင်း၏ အကြောင်းဖြစ်ပါသည်။ "သစေ ဒူရဂ-တော သဘ္ဘာဟဝါရေန အရုဏော ဥဒ္ဒါပေတဗ္ဗော" ဟူသော အဋ္ဌကထာ စကားသည် ဝါပျက်နိုင်ခြင်း၏ အကြောင်းရှိသော် သတ္တာဟကိစ္စဖြင့် သွားသင့်၏ ဟူသော အနက်ကို ပြီးစေပါသည်။

ဝဇိရဝါဒ။ ။သတ္တာဟကိစ္စကိုရည်ရွယ်၍ ရတ္တိစ္ဆေဒ ဟု ဆိုသည်။သတ္တာဟ-ကရဏီယဖြင့်သွား၍ ရတ္တိစ္ဆေဒကိုသော် လည်းကောင်း၊ ဝါပျက်ခြင်းကို သော်လည်းကောင်း ရဟန်းတပါးမျှ မပြုဟု မဟာအဋ္ဌကထာ၌ ဆိုသတဲ့၊ ထို့ကြောင့် ဝါပျက်ခြင်း၏အကြောင်းရှိသော် သတ္တာဟကိစ္စကို ပြုသင့်၏ ဟု ကေဆရုတို့ ဆိုကြ၏။ ထိုအဆိုကို ဝိနည်းဓိုရ်မျှားအလိုမရှိ မနှစ်သက်ကြပါ။ ထို့ကြောင့် အဋ္ဌကထာလာ အဓိပ္ပါယ်ကို စဉ်းစားသင့်၏ဟု ဝဇိရ ဆိုး၏။

ဝဇိရကိုသာရတ္ထပြောပုံ။ ။ထိုဝဇိရစကားသည် ကိုယ်တိုင်တွေ့ဝေ၍ သူတပါးတို့ကို တွေ့ဝေမှု ဖြစ်စေခြင်းသာတည်း၊ အဋ္ဌကထာနှင့် ဆန့်ကျင်မှု ယုတ္တိမရှိမှုမျှားကြောင့် ဝိနည်းဓိုရ်မျှား အလိုမရှိစရာ မနှစ်သက်စရာအကြောင်း မတွေ့ရ ဟု သာရတ္ထဆရာမိန့်လေသည်။

ပစ္ဆိမိကာယ တတ္ထ ဝဿံ ဥပဂစ္ဆာမ။ ။ဤစကားသည် ထိုရဟန်းတို့ အားလျော်သောအကြံကိုပြုသောစကား ဖြစ်ပါသည်။ ထူးခြားသော အနက်ကို မပြပါ။ မှန်၏။ ဒုဗ္ဘိက္ခဖြစ်မှုသည် ဝါကျိုးပြတ်မှုကို ပြုနိုင်သောအကြောင်း ဖြစ်သောကြောင့် ပုရိမဝါ၌ ဝါကျိုးမသော်လည်း အာပတ်မသင့်ပါ။ ပစ္ဆိမဝါကပ်ရာ နေ့မရောက်သေးသောကြောင့် ပစ္ဆိမပါ မကပ်လို၍ သွားလည်းအပြစ်မရှိပါ။

ပစ္ဆာ သီလံ အဓိဋ္ဌဟေယျာမ။ ။ဝမ်းကိုစောင့်ရှောက်မှုရှိသော် စျာန် မဂ် ဖိုလ် ပြော၍ လာဘ်ရှာခြင်း ဟူသော အလိုဆိုးသည် မစင်ကြယ်သောကြောင့် လည်းကောင်း၊ အားဇီဝသုဒ္ဓိ ပြစ်

ဒသာကြောင့်လည်းကောင်း၊ တဖန်ကြိုးစား၍ သံဝရဌ် ဟည်သင့်ပါသည်။ ထို့ကြောင့် "ပစ္ဆာ သီလံ အဓိဋ္ဌဟေယျာမ" ဟု မိန့်ပါသည်။

ကိ' ဣဒံ။ ။ကဲ့ရဲ့ခြင်း၏အစွမ်းဖြင့် ဆိုပါသည်။

အတိမညိဿတိ။ ။ထို မံသောဒနကို **အောက်တန်း**အစာဟု ရှုတ်ချသော အားဖြင့် ထိုမံသောဒနကို ကျော်လွန်၍ မှတ်ထင်လိမ့်မည်။ (သဒ္ဒတ္ထ) ၀ါ-အထင်သေးလိမ့်မည်။ (အဓိပ္ပါယတ္ထ)

ကုမ္မေ နိဿာယ။ ။သင်တို့၏ ဤအပ်ပ်ဆ အကျင့်ကိုမှီ၍။

သပြဟ္မစာရိသခ်ါတာ။ ။ဆဗ္ဗဂ္ဂိ စသည်။

မာနံ ဩမာနံ။ ။အတိမာနကိုပင် ဤနေရာ၌ ကဲ့ရဲ့ရှုတ်ချအပ်သောကြောင့် "ဩမာန"ဟု ဆိုပါသည်။ အထင်သေးရှုတ်ချ၍မှတ်ထင်မှုကို"ဩမာန"ဟု ဆိုသည်မဟုတ်ပါ။"တုမ္မေဟိ အာနန္ဒ"စသော ပါဠိ၏ဆိုလိုရင်းမှာ"အာနန္ဒာ သင်တို့ကဲ့သို့သော သူတော်ကောင်းများသည် ရသမျှနှင့်ပင် နှစ်သက်ကျေနပ်ကြ၍ သာလိမံသောဒန၌ တပ်မက်သော တဏှာကို ဖြတ်နိုင်သောကြောင့် သင်တို့သည် သာလိမံသောဒနကို အောင်နိုင်သည်မည်၏။ သင်တို့၏ သပြဟ္မစာရီဟု ဆိုအပ်သော နောင်လာ နောက်သား ရဟန်းများသည် ထိုသာလိမံသောဒန၌ တပ်မက်မှုတဏှာကို မဖြတ်နိုင်ကြ၍ ထိုသာလိမံသောဒနကို အထင်ကြီးကြလိမ့်မည်"ဟူလို။

ဒုဋ္ဌိကွဂတာ နိဋ္ဌိတာ။

မဟာမောဂ္ဂလ္လာနသုသီဟန်ဝေဒကထာ

ပိယ၀စနမေတံ။ ။ ၁။ အာယသ္မာ။ ၂။ ဒေ၀ါနံပိယ။ ၃။ဘဒ္ဒ ဘဝံ။ ဤစကားများသည် ပိယ၀စနများ ဖြစ်ကြသည်။ ပညာရှိသူများသည် အခြားသူကို ချစ်ဖွယ်စကားဖြင့် ပြောကြားသည့်အခါ "ဘဝံ ဒေ၀ါနံပိယ အာယသ္မာ"စကားများတွင် တမျိုးမျိုးဖြင့် ပြောဆိုကြသည်။ ထို့ကြောင့် "အာဝုသော" သည် မျက်နှာမှောက်ပြောဖြစ်၍"အာယသ္မာ"သည် မျက်ကွယ်ပြောဖြစ်သည်။ ထိုပိယ၀စနကို ဂရုဂါရ၀ သပ္ပတိဿ အစွမ်းဖြင့်ဆိုအပ်သောကြောင့် "ဂရုဂါရ၀သပ္ပတိဿာဓိ၀စနမေတံ" ဟု မိန့်သည်။

မဟာ စ သော ဂုဏမဟန္တတာယ။ ။ဂုဏ်အားဖြင့်မြတ်သောကြောင့် ဟာ
မောဂ္ဂလာန် မည်ပါသည်။စူဠမောဂ္ဂလာန်
ရှိသောကြောင့် မဟာမောဂ္ဂလာန်မည်သည်မဟုတ်ပါ။

ပပ္ပဋ္ဌကောဇံ။ ။မြေကိုဆောင်သော ရေကိုထိ၍တည်သော မဟာပထဝီ၏
အောက်အပြင်၌ ကောင်းစွာပေါ်ထွက်သော ရေလွှမ်းမိုး
ထားသော မြေအပြင်ဝယ်ဖြစ်ပေါ်လာသော ရွှံ့ညွန်လွှာနှင့်တူသော အလွန်
ချိုသော မြေဆီမြေလွှာ မြေသြဇာတည်း။

နမေတံ အသိ ပတိရူပံ။ ။မပန်ပြောပဲ လုပ်ခြင်းသည် မကောင်း ဟူလို။

ယုဂဂ္ဂါဟော ဝိယ ဘဂဝတာ သဒ္ဓိံ ကတော ဘဝေယျ။ ။မပန်ကြား မ
လျှောက်ထား
ပဲပြုသော်"ဘုရားရှင်သည် အလိုတော်ရှိသမျှ မည်သူ့ကိုမျှ မပန်ကြားပဲ ပြု
သကဲ့သို့ ငါလည်း ပြုမည်"ဟု ဘုရားနှင့်တန်းတူပြု၍ မိမိကိုယ်ကို မာနဖြင့်
ပြုအပ်သကဲ့သို့ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် "ယုဂဂ္ဂါဟော ဝိယ ။ပ။ ဘ-
ဝေယျ"ဟု မိန့်သည်။ ယုဂဂ္ဂါဟ ဟူသည်-သူတပါးနှင့်အတူ မိမိကို တန်းတူ
ပြု၍ယူခြင်း, "သူနှင့်ငါ ဘာထူးသလဲ"ဟု ယူခြင်းတည်း။

သမ္ပဒုံ။ ။ပြည့်စုံမှုရှိ၏၊ ထိုပြည့်စုံမှု အရ-သာမညဇောတနာသည် ဝိသေသ
ဌိတည်သောကြောင့် အရသာနှင့် ပြည့်စုံမှုကိုယူပါ။ ထို့ကြောင့်
"သမ္ပဒုန္တိ မဓုရံ၊ သာဓုရသန္တိ အတ္ထော"ဟုမိန့်သည်။ မှန်ပါသည်။ ထိုသမ္ပဒု
သည် ပရိပုဏ္ဏ, သမဂ္ဂီ, မဓုရအားဖြင့် (၃)မျိုးရှိ၏။

၁။ "သမ္ပဒုံ သာလိကေဒါရံ" စသော ဂါထာ၌ ပရိပုဏ္ဏသမ္ပဒု
(သမန္တတော ပဒုံ ပတ္တံ သမ္ပဒုံ၊ ပရိပုဏ္ဏံ)
၂။ "ဣမိနာ ပါတိမောက္ခသံဝရေန ဥပေတော ဟောတိ။ပ။
သမ္ပဒုနာ သမန္နာဂတော"၌ သမဂ္ဂီသမ္ပဒု (သမ္ဗဒေ ပဒုနာ
ဂတော ဥပဂတောတိ သမ္ပဒုနာ၊ သဂ္ဂီ)
၃။ တတြဿ ရုက္ခော သမ္ပဒုဖလောစ ဥပပဒုဖလောစ၌ မဓုရသမ္ပဒု၊
ဤနေရာ၌ မမုရသမ္ပဒုကိုယူပါ။

အနိဋ္ဌကံ။ ။ဌေါသဒ္ဒါသည် အပြစ်ဟူသောအနက်ကို ဟောတ်။ ဤနေရာ၌
အပြစ်ဟူသည်- ပျားရည်၌ပါတတ်သော ပျားကောင် ပျားဥ
များည်း။ ထို့ကြောင့် "နိမ္မက္ခိကံ နိမ္မက္ခိကဏ္ဍကံ"ဟု မိန့်သည်။ နိမ္မက္ခိကံ၌
မက္ခိကာ အရ-သာမညအားဖြင့် ပျားဥကိုလည်းယူဟု ဆိုကြ၏။ ထို့ကြောင့်

ဂဏ္ဍိုပဒ (၃) စောင်လုံးကို၌ "နိမ္မာန်ကိန်တို့ ကုမၼသေ အတ္ထံ ပကာသေတုံ နိမ္မာန်ကလွှကန်တို့ ဝုတ္တံ၊ မကို့ကာဟိ တာသံ အလွှကေဟိ စ ဝိရဟိတန်တို့ အတ္ထော" ဟု မိန့်ဆိုသည်။ ဤကာဆရာ့အကြိုက်-အရမတူပါ။ နိမ္မာန်ကိုက်ဖြင့် ပျားကောင်မနှိုးခြင်းကိုပြုဆို၍ နိမ္မာကလွှက်ဖြင့် ပျားဥမရှိခြင်းကို ဆိုသည် ဟု မှတ်ပါ။

သဗ္ဗမဝူဟိ။ ။ပျားကြီး ပျားပိတုန်းစသည်။

သာဝူတိ အာယာစနဝစနမေတံ။ ။ဤပါဠိဖြင့် သမ္ဘဒ္ဓိစ္ဆန သမ္ဘဟံသန စသော အနက်များကို ကန့်သည်။

ဘယံ နု ခေါ ပထဝီ ဥဒါဟု နု ဘယံ။ ။နိမ္မိတ ပထဝီကို လည်းကောင်း၊ ရိုးရိုးပထဝီကိုလည်းကောင်း တွေ့နေရသောကြောင့် "ဤပထဝီသည် ငါတို့ ပထဝီဟုတ်လေသလား, မဟုတ်လေသလား" ဟုဖြစ်သော ကုက္ကုစ္စကိုပြသည်။

နိဂမော။ ။အမြဲများစွာသော အခွန်အတုတ်၏လာရာဖြစ်သော ရွာကြီး။

အစိန္တေယ္ယော ဟိ ဣဒ္ဓိမတော ဣဒ္ဓိဝိသယော။ ။တန်ခိုးအစွမ်းကြောင့်ပင် ထိုသတ္တဝါများမှာ ကိုယ့်မြေ ဟုတ်လေသလား, မဟုတ်လေသလားဟူသော တွေးတောယုံမှားမှု မဖြစ်လတ္တံ့ ဟူလို။

ဂရဟန္ဓာ ဥပဝဒန္ဓာ။ ။ဂရဟန္ဓာတိ သမ္ဘုခါ ဂရဟန္ဓာ။ ဥပဝဒန္ဓာတိ ပရမ္ဘုခါ အဂ္ဂေါသန္ဓာ။

ဝိပလ္လာသမ္ပိ သတ္တာ ပဋိလဘေယ္ယုံ။ ။မြောက်ကျွန်းသို့ဆွမ်းခံသွားခွင့်ပယ်ရာ၌ "ဝိပလ္လာသမ္ပိ သတ္တာ ပဋိလဘေ-ယ္ယုံ" ကို ဟောတော်မမူပါသော်လည်း ရှေ့စကားတော်များမှ လိုက်လာသောကြောင့် ထိုဝိပလ္လာသ ရမည့်အရေးကြောင့်ပင် ဆွမ်းခံခွင့် ပေးတော်မမူပဲ ပယ်တော်မူသည်ဟု သိနိုင်ပါသည်။ ထို့ကြောင့် ထိုအကြောင်းကိုဤ၌လည်း ယူသင့်၏ဟု ပြလိုရကား "ပုဗ္ဗေ ဝုတ္တနယေနေဝ ဂဟေတဗ္ဗံ" ဟု မိန့်သည်။ "ဝိပလ္လာသမ္ပိ သတ္တာ ပဋိလဘေယ္ယုံ" ကို ဤနေရာ၌ မဟောသော်လည်း ဆောင်ယူ၍ သမ္မန်ရမည် ဟူလို။

အတ္ထောပိ စဿ ဝုတ္တသဒိသမေဝ ဝေဒိတဗ္ဗော။ ။ဝိပလ္လာသရပုံတူသည်ကို သာ ရည်ရွယ်၍ဆိုသည်။

ဧမြလှန်၍ခမြဲသြဘာဘုဉ်းပေးကြသည်ဟူသော၊ ကားကိုကား ဤနောက်နည်း

၌ မယူရ၊ ထိုစကားကိုဖယ်၍ မြောက်ကျွန်းသို့ ဆွမ်းခံသွားကြသည်ဟူသော စကားဖြင့် အစားထိုး၍အဓိပ္ပါယ်မှတ်ပါ။

ကေန ပဒေါ်တိဟာရေန။ ။ခြေတလုမ်းဖြင့် ကျော်လွန်ထိုက်သော အရပ် ဟူသည်-မှန်မှန်သွားသည့်အခါ ခြေနှစ်ဘက်တို့၏အကြား၌ တောင်ဆုပ်ခန့်ရှိ၏။ ထို့ကြောင့် "မာတိကာမတ္တံ"၌ ၄တောင်ဆုပ်ခန့်ကျယ်သော မြောင်းငယ်ကလေးဟုမှတ်ပါ။

မဟာမောဂ္ဂလ္လာနသ သီဟနာဒကထာ နိဋ္ဌိတာ။

ဝိနယပညတ္တိယာစနကထာ

ဝိနယပညတ္တိယာ။ ။ဝိနည်းပညတ်ဖို့ရန် တောင်းပန်ချိန်၌ အချို့သိက္ခာပုဒ် တော်များကို ပညာတ်တော်မူပြီးဖြစ်ပါသည်။ တချို့ ပညတ်တော်မူပြီးကြောင်းကိုလည်း ဤအဋ္ဌကထာ၌ပင်ဆိုခဲ့သော "သာမမ္ပိ ပစနံ သမဏာသာရုပ္ပံ နု ဟောတိ၊ နု စ ဝဋ္ဋတိ၊ရတ္တိစ္ဆေဒေါ ဝါ ဝသ္ဆေ-ဒေါ ဝါ နု ကတော"ဟူသော စကားများကိုထောက်၍ သိနိုင်ပါသည်။ ထို့ကြောင့် ပညတ်တော်မူပြီးသိက္ခာပုဒ်များမှတပါး ယခုမှပညတ်ရမည့် ရှေးက မပညတ်ရသေးသော သိက္ခာပုဒ်များနှင့် ပါတိမောက္ခုဒ္ဒေသကိုရည်ရွယ်၍ "တေသ ဘဂဝါ ကာလော ။ပ။ ဥဒ္ဒိသေယျ ပါတိမောက္ခံ" ဟု တောင်းပန်လျှောက်ထားသည်။

မူလတော ပဘုတိ နိဒါနံ ဒသေတုံ၊ ။ကြွင်းသော သိက္ခာပုဒ်များကိုလည်း ကောင်း၊ပါတိမောက္ခုဒ္ဒေသကိုလည်း ကောင်း အရှင်သာရိပုတ္တရာထေရ်၏ တောင်းပန်မျက်အရ ပညတ်တော်မူ အပ်သောကြောင့် "မူလတော ပဘုတိ နိဒါနံ ဒသေတုံ"ဟု မိန့်သည်။

ရဟောဂတသ။ ။ဆိတ်ပြိမ်ရာအရပ်၌ ရောက်သည်ဖြင့်၍(အဋ္ဌကထာနည်း) ရဟောဂတသ-လူတို့မှကင်းဆိတ်သောအရပ်သို့ ရောက်သည်ဖြစ်၍ (ဋီကာနည်း) ထို"ရဟောဂတသ" ပါဠိဖြင့် ဂဏသင်္ဂါဟိက မရှိသောကြောင့် မထေရ်မြတ်၏ ကာယဝိဝေကကို ပြဆိုသည်။

ပဋိသလ္လီနသ။ ။အာရုံများစွာ, စိတ်ကိုခွာ၍, သင့်ရာကောင်းမြတ်, တခု တည်းသော အာရုံ၌အရပ်၌ ငြိုကပ်နေသည်ဖြစ်၍၊ ဝါ-

ကပါးတည်း ကိန်းအောင်းစဉ်။ ဤပါဠိဖြင့် စိတ္တသင်္ကေတက မရှိသောကြောင့် မထေရ်မြတ်၏ ရှေးအဖွဲ့ဖြစ်သော စိတ္တဝိဝေကကို ပြပါသည်။

စိရံ စိရာ။ ။စိရံ-ကြာမြင့်စွာသော အခါပတ်လုံး၊(ကာလကိုင်ရှိသောအစ္စန္တ-သံယောဂ ဒုတိယာဝိဘတ္တန္တ)စိရာ-ကြာမြင့်သော၊ ဌိတိ-တည်မြင်းသည်၊ (ဌိတိနှင့်အရတူဝိသေသန)

ဇတံ နု သဇ္ဇောတိ။ ။အဌကထာဌာန်လည်း မထေရ်မြတ်သည် သိပါသော်လည်း ကောင်းမွန်စွာဝင် ပိုင်းဖြတ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် ''နု သဇ္ဇောတိ'' ဟု ဆိုသည်ဟုမှတ်ပါ။ (ဝဒန္တီ)

သောဠသ ဝိဓာယ ပညာယ။ ။၁-မဟာပညာ။ ၂-ပုထုပညာ။ ၃-ဟာသပညာ။ ၄-ဇဝနပညာ။ ၅-တိက္ခပညာ။ ၆-နိဗေဓိကပညာ။ ၇-။ပ။ ၁၅-အနုပုဗ္ဗဝိဟာရသမာပတ္တိပညာ (၉)ပါး။ ၁၆-အရဟတ္တမဂ်ပညာ။

ဝိပဿီ အာဒီနံ။ ။ဗုဒ္ဓဝင်ဌာကဲ့သို့ နှစ်ကျိပ်ငါးဆူသာ ဘုရားရှင်တို့ကိုလည်းကောင်း၊ ထို့ထက်များသော ဘုရားများကို လည်းကောင်း၊ မပြဆိုပဲ ဝိပဿီစသော ဘုရား(၇)ဆူကိုသာ ဤနေရာ၌ ပြုခြင်းကား စင်စစ်မုချ ယနေ့အထိထင်ရှားရှိ၍ မကွယ်သေးသော ပဋ္ဌိဝေဓသာသနာတော်၏ ပိုင်ရှင်မြတ်စွာဘုရားတို့ကိုသာ ပြလို၍ ဝိပဿီစသော မြတ်စွာဘုရားတို့၏ သာသနာတော်အရှည် တည်,မတည်ကို ဤဌာနတော်မှ ပါသည်။ မှန်ပါသည်။ ထိုဝိပဿီစသော ဘုရားရှင်တို့၏ သာဝကများသာ ဘုရားလက်သက်တော် အချိန်အခါ၌ လည်းကောင်း၊ ယခုအချိန်အခါ၌လည်းကောင်း သုဒ္ဓါဝါသဘုံ၌ တည်ကြပါသည်။ အခြားဘုရားရှင်တို့၏ သာဝကများသည် ပရိနိဗ္ဗာန် စံဝင်ကြပြီးဖြစ်သောကြောင့် မတည်ရှိကြတော့ပါ။ ခဲ့ပါဦးအုံ-သိဒ္ဓတ္ထ, တိဿ, ဖုဿ ဘုရား (၃) ဆူတို့၏ သာဝကများသည် သုဒ္ဓါဝါသ၌ဖြစ်ကြသော်လည်း ဖြစ်သည်၏အခြားမဲ့၌ပင် (ဤသာသနာတော်၌ ဥပက စသူတို့ကဲ့သို့) အရဟတ္တဖိုလ်ကို ရကြ၍ မကြာမြင့်မီမှာပင် ပရိနိဗ္ဗာန် စံဝင်ခဲ့ကြပါသည်။ ထိုဘုရား (၃) ဆူတို့၏ သာဝကများသည် ထိုထိုသုဒ္ဓါဝါသဘုံများ၌ သက်ဆုံးတိုင် မတည်ကြဟု ဆိုကြပါသည်။

အပုံဗ္ဗံ အစရိမံ။ ။ဘုရားနှစ်ဆူပြိုင်၍ မပွင့်နိုင်၊ ဘုရားတဆူ၏ သာသနာရှိနေသေးသမျှ အခြားဘုရားတဆူ ပွင့်တော်မမူသေးဟူသော သတ်မှတ်ချက် ကို တခြားပြန်ပြန် ကျင်လည်နေသော သတ္တာဝါသ

အစွမ်းဖြင့် လောကဓာတ်တခုခု အလိုရှိအပ်ပါသည်။ သုဒ္ဓါဝါသနှင့် မဆိုင်ပါ။ ထို့ကြောင့်အထက်ပါစကားမျှားသည် အပုဗ္ဗအစရိမ သတ်မှတ်ချက်နှင့် မဆန့်ကျင်ဟု မှတ်ပါ။

ဟေတု ပစ္စယော။ ။အသာဓာရဏ အကြောင်းသည် ဟေတုမည်၍၊သာ-ဓာရဏ အကြောင်းသည် ပစ္စယမည်၏စသည် ခွဲခြားမှုဖြင့် ဤနေရာ၌ အကျိုးမရှိပါ။ ဤနေရာ၌ ဝိပဿီဗုဒ္ဓသော ဘုရားရှင်တို့၏ သာသနာတော် အရှည်တည်, မတည်၏ အကြောင်းကိုသာ မေးလိုရင်းဖြစ်သောကြောင့် ဟေတု,ပစ္စယ နှစ်ပုဒ်လုံးအကြောင်းဟောဟုသာမှတ်ပါ။

[ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု။(၄) တနည်း-(၄)-ဟိနောတိ ဖလဿ ဟေတုဘာဝံ ဥပဂစ္ဆတီတိ ဟေတု၊ ပဋ္ဌိစ္စ ဖလံ ဧတသ္မာ ဧတိ ပဝတ္တတီတိ ပစ္စယော။]

ကိလာသုနော။ ။အားထုတ်တော်မမူကြဟု ဆိုလိုသည်။ ထို အားထုတ်တော် မမူခြင်းသည် ပျင်းရိမှုကြောင့် မဟုတ်ဟု ပြလိုရှိ "နှ အာလသိယကိလာသုနော"ဟု မိန့်သည်။

အာလသိယံ ဝါ ဩသန္ဓိရိယတာ ဝါ။ ။"အာလသိယံ ဝါ"ဖြင့် ထိနမိဒ္ဓအစွမ်းဖြင့် ဖြစ်ကြသော အကုသိုလ်တရားများ မရှိကြောင်းကို ပြဆိုရှိ"ဩသန္ဓိရိယတာ ဝါ"ဖြင့် "အာလသိယာဘာဝေပိ အန္တရာယော အန္ဓဘာရနေသာဒါနမိ သက္ကစ္စံယေव ဓမ္မံ ဒေသေတိ"ဟု ဆိုသောကြောင့် အဘယ်သူ့အားဟောဟော၊ တရားဟောမှု၌ ကြိုးစားမှုမပါသည်မရှိဟု ပြပါသည်။ ဘာကြောင့်နည်း-အလုံးစုံသော ပုဂ္ဂိုလ်တို့အား ညီမျှသောအားထုတ်မှုဖြင့်ပင် တရားဟောမှုဖြစ်သောကြောင့် တည်း။

ဘေသံ ကိရ ကာလေ ဒီဃာယုကာ သတ္တာ။ ။ဝိပဿီဘုရားလက်ထက်တော်မှာ သက်တမ်း အနှစ် (၈၀၀၀၀)၊ သိခီဘုရားလက်ထက်တော်မှာ (၇၀၀၀၀)၊ ဝေဿဘူဘုရားလက်ထက်တော်မှာ (၆၀၀၀၀)ရှိကြ၍ "ဒီဃာယုက"ဟု ဆိုပါသည်။

အပညတ္တံ သာဝကာနံ သိက္ခာပဒံ။ ။ဝိတိက္ကမဒေါသ မရှိကြသောကြောင့် မပညတ်ပါ။ ဤမည်သောလွန်ကျူးမှုကြောင့် ဤမည်သောအာပတ်ဟု အာပတ်၏အစွမ်းဖြင့် ပေညတ်မှု၍ "ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ"စသည်ဖြင့်

ဓမ္မဒေသနာအစွမ်းအားဖြင့် သြဝါဒသိက္ခာပုဒ်ချားကိုသာ ပညတ်တော်မူ အပ်သောကြောင့် "သတ္တာပတ္တိကွန္ဒဝသေန အာဏာသိက္ခာပဒံ အပညတ္တံ" ဟု ဖွင့်ဆိုသည်။

ဆန္နံ ဆန္နံ ဝဿာနံ။ ။ဆန္နံ ဆန္နံ ဝဿာနံ-တို့၏ဟု ပေး၍ "အစ္စယေန-လွန်ရာအခါ၌" ဟူသော ပါဌသေသ၌ စပ်ပါ။ တနည်း-(၆)နှစ် (၆)နှစ်တို့၏ အဆုံးနေ့ကိုရှုင့်၍ "သကိုံ ဘကိုံ" ဟု ဆိုသောကြောင့် "ဆန္နံ ဆန္နံ ဝဿာနံ"၌ သာမိဝိဘတ်သည် အန္တရာပေကွဟု မှတ်ပါ။ ဤအလို-ဆန္နံ ဆန္နံ ဝဿာနံ- (၆)နှစ် (၆)တို့၏ အဆုံးနေ့၌၊ သကိုံ သကိုံ-တကြိမ်ဘကြိမ် ဟုပေးပါ။

ခေမေ မိဂဒါယေ။ ။ကျွဲသိပဘုရားသည် ဝိပဿီဘုရားလက်ထက်တော်အခါက ခေမ,မည်သော ဥယျာဉ်ဖြစ်ခဲ့ပါသည်။ သားကောင်တို့အား ဘေးမဲ့နေခြင်းငှာ ပေးအပ်သောကြောင့် မိဂဒါယမည်၏။ [မိဂဒါယုံ-မိဂဒါဝုန်။ ဒီဃာယု-ဒီဃာဝု။ အာယုဓ-အာဝုဓ စသည်ဖြင့် ယနှင့် ဝ၏ ကာရီ-ကာရီယသဟုကို သတိပြုပါ။]

ကေမေကသ္မိံ ဝိဟာရေ။ ။တခကျောင်း တခ်ောင်းမှာ ဝိသဘာဂပုဂ္ဂိုလ်များနှင့် မရောနှောပဲ တသောင်း နှစ်သောင်းနေထိုင်ကြသည်။ ဒီဃနိကာယ်အဋ္ဌကထာ၌ကား ထိုကျောင်းတိုက်များအားလုံး တသောင်းနှစ်ထောင်စီဆန့်သော ကျောင်းတိုက်ကြီးများ ဖြစ်ကြသည်။ အဘယဂိရိကျောင်း, ဇေတိယပဗ္ဗတကျောင်း, စိတ္တလပဗ္ဗတကျောင်းများနှင့် တူသည်ဟု မိန့်ဆို၏၊

ဥပေါသထာရောစိကာ။ ။ဥပုသ်နေ့ လျှောက်ဆားကြားသော နတ်သားတို့သည် တနှစ်လွန်ရာ အခါ၌ ထိုသိုကျောင်းသို့ သွား၍ "အရှင်ဘုရားတို့ တနှစ်လွန်ပါပြီ။ (၅) နှစ်ကျန်ပါသေးသည်။ (၅)နှစ်လွန်ရာအခါ၌ ဗန္ဓုမတိမင်းနေပြည်သို့ ပါတိမောက် ပြခြင်းငှါ ချဉ်းကပ်ရပါမည်" ဟု လျှောက်ဆားကြသည် [(၂)နှစ်လွန်ရာအခါ စသည်၌ လျှောက်ထားပုံကို နည်းမှီသိလောက်၍ မရေးတော့ပါ။]

ဘေ ကိရ ဘိက္ခဝေ ပါဒီနသမုဒ္ဒေ ဝါ။ ။ဘိက္ခဝေ-နတ်တန်ခိုးဖြင့် ကြွတတ်ရဟန်းများ။

ဂမိကဝတ္တံ။ ။ခရီးသွားမည့်ရဟန်းများ ပြုရမည့် ကျောင်းရှင်းမှု သုတ်သင်မှု စသောဝတ်။

ခန္ဓိ ပရမံ တပေါ တိတိက္ခာ။ ။ပရူပဝါဒံ ပရာပကာရံ သီတုဏှာဒိဘေဒဒုဿဟံ ဂုဏောပရောဓံ ခမတိ သဟတိ အဓိဝါသေ-တီတိ ခန္ဓိ။ သာ ပန သီလာဒီနံ ပဋိပက္ခဓမ္မေ သဝိဓေသဿ တပတိ သန္တပတိ ဝိဓမတီတိ ပရမံ ဥတ္တမံ တပေါ။ တိတိက္ခနံ ခမနံ တိတိက္ခာ၊ ခန္ဓိယာယေဝ ဧတံ ဝေဝစနံ။

နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ၊ ။တဏှာသည် ဘဝတခုဖြင့် ဘဝတခုကို ဘဝ-နိကန္တိ အဖြစ်ဖြင့် ချုပ်စင်တတ် ပါသည်။ တနည်း- တဏှာရှိသူမှာသာ နောင်အခါ၌ တဖန်ဘဝဖြစ်နိုင်သောကြောင့် အကျိုးနှင့်ကံကို ချုပ်စပ်တတ်ပါသည်။ ထို့ကြောင့်တဏှာကို ဝါနဟု ဆိုရပါသည်။ နိဗ္ဗာန်၌ ထိုဝါနမည်သော တဏှာလုံးဝ မရှိသောကြောင့် နိဗ္ဗာန်သည် တဏှာမှ ထွက်မြောက်သည် မည်ပါသည်။ ထို့ကြောင့် "ဝါနတောနိက္ခန္တံ" ဟူသော ဝစနတ္ထနှင့်အညီ နိဗ္ဗာန်ဟု အမည်ရသည်။ ထိုနိဗ္ဗာန်သည် သန္တ,ပဏီတ, နိပုဏ, သိဝ, ခေမ စသော အားလုံးသော အခြင်းအရာဖြင့် ဘယ်တရားနှင့် ယှဉ်ယှဉ် အသာဆုံးဟု ဘုရားရှင်တို့ဟောတော်မူကြပါသည်။

နဟိ ပဗ္ဗဇိတော ပရူပဃာတီ။ ။အဓိဝါသနခန္တိ မရှိ သော ကြောင့် သူတပါးကို ညှဉ်းဆဲ သူသည် ပဗ္ဗဇိတ မမည်နိုင်ပါ။ ဘာကြောင့်နည်း- မိမိသန္တာန်မှ နှင်ထုတ်တိုက်သောတရား တို့ကို နှင်မထုတ်နိုင်သောကြောင့်တည်း။

နဟိ သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။ ။ဤစတုတ္ထပါဒသည် တတိယ ပါဒနှင့် အနက်ထူး မရှိသော ကြောင့် တတိယပါဒ၏ ဝေဝုစ်ပရိယာယ် စကားလှ ယ်ပင်ဖြစ်ပါသည်။ "နဟိ ပဗ္ဗဇိတော" သည် "နသမဏော ဟောတိ" နှင့်လည်းကောင်း၊ "ပရူပဃာတီ" သည် "ပရံ ဝိဟေဌယန္တော" နှင့်လည်းကောင်း တူမျှပါသည်။ တနည်း- ပရ အရ-သီလကို ကောက်ပါ။ ပရသဒ္ဒါ သေဌအနက်ကို ဟောနိုင်သောကြောင့် သီလသည် မြတ်၍ ပရမည်သည်၊ ဤနည်းအလို တတိယပါဒနှင့် စတုတ္ထပါဒ သည် ဝေဝုစ်ပရိယာယ်မဟုတ်ပါ။ ယောသမဏော-သည်၊ ပရံ-အခြားသော သတ္တဝါကို၊ ဝိဟေဌယန္တော-ညှဉ်းဆဲလျက်၊ ပရူပဃာတီ-မိမိ၏ သီလကို ဖျက်ဆီးတတ်သည်၊ ဟောတိ-ဖြစ်၏၊ သော-၊ ပဗ္ဗဇိတော-မည်သည်၊ နဟောတိ-မဖြစ်နိုင်။

[ဤနည်း၌ နသဒ္ဒါတခုနှင့် ဟိနိပါတ်တို့ အနက်မရှိ]။

တနည်း-ယော-အကြင်ရဟန်းသည်၊ ပရူပယာတိ- အဓိဝါသနခန္တီ မရှိသောကြောင့် အခြားသောသတ္တဝါကို သတ်တတ်သည်၊ ဟောတိ-။သော-သည်၊ နပဇ္ဇတိဘော-။ မကောင်းမှုအညစ်အကြေးကို မိမိသန္တာန်မှ မထုတ်နိုင်သောကြောင့် ပဇ္ဇတိတ မမည်ပါ။ မှန်ပါသည်။ "ပဇ္ဇာဇယမတ္တနော မလံ၊ တသ္မာ ပဇ္ဇတိတောတိ ဝုစ္စတိ"သည် ပဇ္ဇတိဘ လက္ခဏာ ဖြစ်ပါသည်။

ယော-သည်၊ ပရံ-ကို၊ ဝိဟေဌယန္တော-တုံတ်စသည်ဖြင့် ညှဉ်းဆဲတတ်သည်၊ ဟောတိ-၊ သော-၊ သမဏော နဟောတိ။ ညှဉ်းဆဲမှုကို မငြိမ်းစေသောကြောင့် သမဏာ မမည်ပါ။ ငြိမ်းစေခြင်းသည် သမဏာ လက္ခဏာမည်၏။[သမိတဘာ ဟိ ပါပါနံ၊ သမဏောတိ ပဝုစ္စတိ]

တနည်း-ဘုရားရှင်သည် ရဟန်းတို့အား ပါတိမောက် ပြတော်မူ လတ်သော် ပါတိမောက္ခကထာမှာ သီလ ပဓာနဖြစ်သောကြောင့် လည်းကောင်း၊ ဒေါသသည် သီလ၏ အသူးဆန့်ကျင်ဘက်ဖြစ်သောကြောင့် လည်းကောင်း၊ ဒေါသနှိပ်ကွပ်ပုံ အစီအရင်ကို ပြတော်မူခြင်းငှာ အစဋ္ဌ "ခန္တီ ပရမံ" ဟု ဟောတော်မူပါသည်။ ထို"ခန္တီ ပရမံ တပေါ"ပါဋ္ဌဖြင့် အနိဋ္ဌာရုံပယ်ဖျောက်နည်းကိုပြတော်မူ၍ တိတိက္ခာဖြင့် ကာမဋ္ဌာရုံ ပယ်ဖျောက်နည်းကို ပြတော်မူသည်။ ထိုပါဋ္ဌ(၂)မျိုးစုံဖြင့် ဖြစ်ပေါ်လာသော မမွေ့လျော်မှု ဖြစ်ပေါ်လာသော ကာမဂုဏ်မွေ့လျော်မှုအပြားကို လွှမ်းမိုးရှိနေသည်ဟု ပြသည်။

တနည်း-ခန္တီဖြင့် ပဓေယျဝဝိပတ္တိမရှိကြောင်းကိုပြ၍ တိတိက္ခာဖြင့် အာသယဝိပတ္တိမရှိကြောင်းကိုပြသည်။

နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။ ။တဏှာတည်းဟူသော ဝါန၏ငြိမ်းရာဖြစ်သောကြောင့် နိဗ္ဗာန်ကို အမြတ်ဆုံးဟု ဘုရားရှင်များဟောကြားတော်မူကြသည်။

နဟိ ပဗ္ဗဇိတော စသည်။ ။အခြားကိုအဦးပြုကာ အနွယ အားဖြင့် ပါတိမောက်ကိုပြခဲ့ပြီး၍ ယခုအခါ၌ ဗုတိ-ရေကအားဖြင့် ပါတိမောက်ကိုပြခြင်းငှာ"နဟိ" စသည်ကို မိန့်သည်။ ထို"နဟိ ပဗ္ဗဇိတော"စသော ပါဋ္ဌ ၂ ခုဖြင့် သတ်မှု ညှဉ်းဆဲမှုကို ပရူပယာတ ပရဝိဟေဌန ဟု ဆိုအပ်သကဲ့သို့ ကြွင်းသော အကုသလကမ္မပထ မျှားကို ပြုခြင်းလည်း ပရူပယာတ ပရဝိဟေဌနပင်ဖြစ်သောကြောင့် ဘယ်အကုသလကမ္မပထကိုပဲပြုပြု ပြုမိလျှင် ပဗ္ဗဇိတသမဏာ မဖြစ်နိုင်ဟု ပြပါသည်။

ဒုတိယဂါထာ

၁။ သဗ္ဗပါပဿ အကရဏံ- အကုသိုလ်စိတ္တုပ္ပါဒ် အားလုံးကို မိမိသန္တာန်၌ မဖြစ်စေခြင်း။

၂။ ကုသလသမ္ပယုတ္တမဒါ-"တေ ဗုဒ္ဓါနသာသနံ"ဟုဆိုအပ်လတ္တံ့ ဖြစ်သော်ကြောင့် ကုသိုလ်အားလုံးကိုရအောင်ပြုရခြင်း။

၃။ သစိတ္တပရိယောဒပနံ- မိမိစိတ်ကို အရောင်တောက်အောင် စင်ကြယ်အောင် ပြုရခြင်း။

အဂ္ဂမဂ္ဂသမင်္ဂီပုဂ္ဂိုလ်၏စိတ်သည် လုံးဝဖြူစင်စေအပ်ဆဲမည်၍ အရဟတ္တ-ဖိုလ်ခဏာ၌ နောက်ထပ်ဖြူစင်စေစရာ မရှိသောကြောင့် ဖြူစင်စေအပ်ပြီးမည်ပါသည်။ ထို့ကြောင့် ဖြူစင်စေအပ်ပြီးသည်ကို ရည်ရွယ်၍ "တံ ပန အရဟတ္တေန ဟောတိ"ဟု ဋီကာဆရာ မိန့်ဆိုသည်။ ဤသို့လျှင်-

၁။ သီလသံဝရဖြင့် အကုသိုလ်အားလုံးကိုပယ်၍။

၂။ လောကီ လောကုတ္တရာ သမထဝိပဿနာတို့ဖြင့် ကုသိုလ်တို့ကို ပြည့်စုံစေပြီးလျှင်။

၃။ အရဟတ္တဖိုလ်ဖြင့် စိတ်ကိုစင်ကြယ်စေရမည်။

တတိယဂါထာမှ။ ။အနုပဝါဒေါ-နှုတ်ဖြင့်မစွပ်စွဲခြင်း၊ အနုပဃာတော-ကိုယ်စိတ်တို့ဖြင့် မညှဉ်းဆဲမနှိပ်စက်ခြင်း၊ ပါတိ-မောက္ခ-မိမိကိုစောင့်သူကို သုဂတိ ဒုဂ္ဂတိ ဘေးမျှားမှ လွတ်စေတတ်သောကြောင့် သီလသည် ပါတိမောက္ခမည်၏။ သံဝရော-အာပတ်(၇)ဖုံးကို မလွန်ကျူးခြင်းလက္ခဏာရှိသော သီလစောင့်စည်းခြင်း။

မတ္တညုတာ။

၁။ ပဋိဂ္ဂဟမတ္တာ။

၂။ ပရိဘောဂမတ္တာ။

စတုပစ္စယသန္တောသ။ ။ဤတတိယဂါထာ၌ "မတ္တညုတာ စ ဘတ္တသ္မိံ ပန္ဓဋ္ဌ သယနာသနံ"ဖြင့် ဆွမ်း, ကျောင်းဟူသော ပစ္စည်းနှစ်ပါး၌ သန္တောသအကျင့်ကိုပြ၏။ ထိုနှစ်ပါး၌ သန္တောသဖြစ်ပုံကို တိုက်ရိုက်ပြသဖြင့် သက်နဲ့, ဆေးဟူသော အခြားနှစ်ပါး၌ သန္တောသဖြစ်ပုံကိုလည်း ပြပြီးဖြစ်သည်ဟု မှတ်ရမည်။ ဘာ့ကြောင့်နည်း-ပစ္စယသန္တောသခြင်းတူ၍ အခြားနှစ်ပါးကိုလည်း လက္ခဏာဟာရနည်းဖြင့် ထွန်းပြနိုင်သောကြောင့်တည်း။

အဓိစိတ္တေ ၀ အာယောဂေ ၂။

၁။ ဝိပဿနာ၏အခြေခံဖြစ်သော သမာဓိဟာ (၈)ပါးတည်းဟူသော အဓိစိတ္တာ။

၂။ ထိုထက်သာသော မဂ်ဖိုလ်တည်းဟူသော အဓိစိတ္တာ။

ယာဝ သာသနပရိယန္တာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။ ။ယာဝ သာသနာပရိယန္တာ ဟူသော စကားကို သက်တော်ထင်ရှား မြတ်စွာဘုရားတို့၏ ဆုံးမမှုအဆုံးကိုရည်ရွယ်၍ ဆိုပါသည်။ ဘုရားရှင်မျှား သက်တော်ထင်ရှား ရှိတော်မူသမျှ ရွတ်ပြတော်မူကြသည်ဟု ဆိုလိုပါသည်။ မှန်ပါသည်။ သြဝါဒပါတိမောက်ကို ဘုရားရှင်တို့သာ ရွတ်ပြတော်မူကြ၍ သာ၀ကတို့ မပြုကြပါ။

ပဌမဗောဓိယံ ယော ၀။ ။(ဥဒ္ဒေသံ အာဂစ္ဆန္တိ ၌ စပ်) အောက်အဋ္ဌကထာ၌ ပင် "ဘဂ၀တော ဟိ ပဌမဗောဓိယံ ဝီသတိ-၀ဿန္တရေ နိဗ္ဗုပဋ္ဌာ၊ကောနာမ နတ္ထိ"ဟု ဆိုခဲ့သောကြောင့် ပဌမဗောဓိ မည်သည် ၀၊ (၂၀)ဟု မဟာဂဏ္ဌိ၌ဆို၏။ ဓမ္မပါလ၊ထေရ်မြတ်ကား ၀၊ တော် (၄၅)တွင် ပဌမ (၁၅) ၀ ၊သည် မဟာဗောဓိမည်၏ဟု ဆိုပါသည်။ အလယ် (၁၅) ၀ ၊သည် မဇ္ဈိမဗောဓိ၊ အဆုံး (၁၅) ၀ ၊သည် ပစ္ဆိမဗောဓိ ဟု ဗောဓိသုံးပါး ပမာဏညီမျှ၍ သင့်မြတ်လှပါသည်။ မှန်ပါသည်။ ၁၅× ၃=၄၅ ဖြစ်ပါသည်။ အဋ္ဌကထာ၌ကား ပထမဗောဓိသည် ၀ ၊ (၂၀) အတွင်း၌ ၀င်သောကြောင့် "ပဌမဗောဓိယံ ဝီသတိ၀ဿန္တရေ"ဟု ဆိုသည် ဟု မှတ်ယူသင့်ပါသည်။

စေ၁ဒနာဖဒယ်။ ။အချို့သိက္ခာပုဒ်များကို ပညတ်ပြီးပါသော်လည်း နောင် တချို့နဲ့ အရှင်သာရိပုတ္တရာ တောင်းပန်မှု ခွင့်ပြုတော်မူ သောကြောင့် အာဏာပါတိမောက်ကို ခွင့်မပြုရသေးသည် မဟုတ်ပါလော။ ထို့ကြောင့် အဘယ်နည်းဖြင့် "သိက္ခာပဒပညတ္တိကာလတော ပန ပဘုတိ အာဏာပါတိမောက္ခမေ၀ ဥဒ္ဒိသိယတိ" ဟူသောစကားကို မိန့်သနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား- အချို့ သိက္ခာပုဒ်များကို ပညတ်ပြီးလျက်ပင် အာဏာပါတိမောက်ကို ခွင့်မပြုရသေး သည်မှာ မှန်ပါသည်။ သို့သော် သိက္ခာပုဒ် မပညတ်မီက အာဏာပါတိမောက်မရှိ၊ ပညတ် ပြီးမှသာ ရှိ၏ ဟူသောအနက်ကို ပြခြင်း၌ "သိက္ခာပဒပညတ္တိကာလတော ပန ပဘုတိ" ဟုမိန့်သည်။

ပုဗ္ဗာရာမေ။ ။သာဝတ္ထိမြို့၏အရှေ့ဘက်၌ ဆောက်ထား၍ ပုဗ္ဗာရုံမည်သော ကျောင်း။

မိဂါရမာတုပါသာဒေ။ ။မိဂါရသဒ္ဒေး၏ အမိအရာ၌ တည်သောကြောင့် မိဂါရမာတာဟု အမည်တွင်သော ဝိသာခါသည် ဆောက်လုပ်လှူဒါန်းအပ်သော ပြာသာဒ်။

သမ္မုခသာဝကာနံ။ ။သုဘဒ္ဒကဲ့သို့သော နောက်ဆုံးမျက်မှောက် သာဝကများ။

ဥစ္စ နိစ။ ။ခတ္တိယပြာဟ္မဏာသည်-ဥစ္စကုလ။ တနည်း - ခတ္တိယ,ပြာဟ္မဏာ ဂဟပတိသည် ဥစ္စကုလ၊ ကြွင်း နီစကုလ ဟု ခွဲပါ။

ဥဋ္ဌာရုဋ္ဌာရဘောဂါဒိ။ ။အလွန်မြတ်ကြောင်းကို ထွန်းပြခြင်းငှါ ဥဋ္ဌာရ နှစ်ထပ်ဆိုသည်။ ဒုက္ခဒုက္ခံ စသည်တို့ကဲ့သို့တည်း။ အာဒိဖြင့် ဥဋ္ဌာရ အနုဋ္ဌာရ တို့ကိုယူ။

ယသ္မာ ဧကနာမာ ။ပ။ တသ္မာ အညမညံ ဝိဟေဋ္ဌန္တာ။ ။သိက္ခာပုဒ် မ ပ ညတ် သော်လည်း ဇာတ်စသည်ဘူကြလျှင် မိမိတို့၏အမျိုးစဉ်လာအားဖြင့်လာသော ကျမ်းစာကို မမျက်စိးစေကြသကဲ့သို့ ဗြဟ္မစရိယကို မဖျက်ဆီးကုန်ရာ။ သိက္ခာပုဒ်ကိုလည်း မပညတ်၊ ဤရဟန်းများကလည်း ဇာတ်စသည် မတူကြသောကြောင့် ဖျက်ဆီးကြလိမ့်မည်ဟူသောအနက်ကို ပြခြင်းငှါ ''ယသ္မာ။ပ။ဝိဟေ-ဋ္ဌန္တာ''ဟုမိန့်သည်။စိရဋ္ဌိတိကဝါရ၌လည်း''နာနာ နာမာ''စသည်ကို ဟောရခြင်းကား-ဇာတိကဲ့သော်လည်း သိက္ခာပုဒ်ပညတ်ခြင်းကြောင့်သာ သာသနာတော် အရှည်ဘည်၏ ဟု ပြခြင်းအဂ်ကျိုးရှိပါသည်။ ဘုရားရှင်များသည် ပရိနိဗ္ဗာန်စံပြီးနောက် ဆုံးမစရာ သတ္တဝါရှိလျှင် သိက္ခာပုဒ်ပညတ်ကြ၍ မရှိလျှင် မပညတ် ကြပါ။

ဝဂ္ဂသင်္ဂဟပဏ္ဏာသသင်္ဂဟာဒီဟိ။ ။သီလက္ခန္ဓဝဂ္ဂ မဟာဝဂ္ဂ စသော ဝဂ္ဂ-သင်္ဂဟ,မဇ္ဈိမပဏ္ဏာသ စသော ပဏ္ဏာသ-သင်္ဂဟ။ အာဒိဖြင့် သံယုတ်စသည်ကို ယူပါ။

ဧဝံ ဝိတက္ကေထ မာ ဧဝံ ဝိတက္ကယိတ္ထ။ ။ဧဝံသဒ္ဒါသည် ဆုံးမအပ်တိုင်းသော အနုသာသနီကို စီမံခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ တားမြစ်ခြင်း၏အစွမ်းဖြင့် လည်းကောင်း၊ ဖြစ်စေအပ်စသော အခြင်းအရာကို သိုးသပ်ကြောင်းသဒ္ဒါ ဖြစ်သည်။ ထိုအနုသာသနီသည်

သမ္မာဝိတက်, မိစ္ဆာဝိတက်တို့၏ဖြစ်ပုံအခြင်းအရောကို ပြသောအားဖြင့် မဂ္ဂင်း အာနိသင်နှင့် အပြစ်ကို ထင်ရှားပြခြင်း အကျိုးငှါ ဖြစ်ပါသည်။

နေက္ခမ္မဝိတက္ကာဒယော တယော ဝိတက္ကေ။ ။ (က) လောဘမှ ထွက်မြောက် သော ကြောင့် အ လောဘသည်လည်းကောင်း။ (ခ) နိဝရဏတို့မှ ထွက်မြောက်သောကြောင့် ပထမဈာန်သည်လည်းကောင်း။ (ဂ) အကုသိုလ် တရားအားလုံးတို့မှထွက်မြောက်သောကြောင့် ကုသိုလ်တရား အားလုံးသည် လည်းကောင်း။ (ဃ) သင်္ခတ တရားအားလုံးတို့မှ ထွက်မြောက်သောကြောင့် နိဗ္ဗာန်သည် လည်းကောင်း နေက္ခမ္မမည်၏။ ဝိတက်သည် နေက္ခမ္မ မည်သော တရားများနှင့် ဥပနိဿယအားဖြင့်သော်လည်းကောင်း၊ သမ္မယုတ်အားဖြင့်သော်လည်းကောင်း၊ အာရုံပြုခြင်းအားဖြင့် သော်လည်းကောင်း ယှဉ်သောကြောင့် နေက္ခမ္မဝိတက်မည်၏။ (သမ္မာသင်္ကပ္ပတည်း) ယုံနေက္ခမ္မဝိတက်သည် အသုဘ ဈာန်၏ ရှေ့အဖို့ဌာနမာဝစရ ဖြစ်၍ အသုဘဈာန်အခိုက်၌ ရူပါဝစရဖြစ်ပြီးလျှင် ထိုအသုဘဈာန်ကို အခြေခံ၍ဖြစ်ပေါ်လာသော မဂ်ဖိုလ် အခိုက်၌ လောကုတ္တရာဖြစ်၏။ ထို့အတူ အဗျာပါဒဝိတက်သည်- မေတ္တာဈာန်၏ ရှေ့အဖို့၌ ကာမာဝစရဖြစ်၍ မေတ္တာဘာဝနာအစွမ်းကြောင့် ရအပ်သော ပထမဈာန်၌ ရူပါဝစရဖြစ်ပြီးလျှင် ထိုဈာန်ကိုအခြေခံ၍ ဖြစ်ပေါ်လာသော မဂ်ဖိုလ်အခိုက်၌ လောကုတ္တရာဖြစ်၏။

အဝိဟိंသာ ဝိတက်သည် (က) ကရုဏာဈာန်၏ရှေ့အဖို့၌ ကာမာဝ-စရဖြစ်၍ (ခ) ကရုဏာဘာဝနာ၏အစွမ်းကြောင့် ရအပ်သောပထမဈာန်၌ ရူပါဝစရဖြစ်ပြီးလျှင် (ဂ) ထိုပထမဈာန်ကိုအခြေခံ၍ ဖြစ်ပေါ် လာသော မဂ်ဖိုလ်အခိုက်၌ လောကုတ္တရာဖြစ်၏။

အချင်းချင်းမရော။ ။အလောဘ,အဒေါသ,အမောဟ တို့သည်အမျင်းချင်း မကင်းကြသောကြောင့် ထိုတရား(၃)ပါးတို့၏အစွမ်း ဖြင့်ဖြစ်ကြသော နေက္ခမ္မ စသော ဝိတက်တို့မှာ အချင်းချင်း မရောအောင် သတ်မှတ်လို့မဖြစ်နိုင်ဟု ထင်စရာရှိသော်လည်း မရောအောင် သတ်မှတ်လို့ ဖြစ်နိုင်ပါသည်။ အလောဘသည် နိယမိတ ပရိဏတ သမုဒါစာရ စသည် တို့၏အစွမ်းဖြင့် ပဓာနဖြစ်ရာမှအခါ၌ ကျန်(၂)ပါးသည် နောက်လိုက် ဖြစ်ကြ ပါသည်။ ဤနည်းတူ ကျန်(၂)ပါး၏ ပဓာနဖြစ်ရာအခါ စသည်ကိုလည်း နည်းမှီသိပါ။

ကာမဝိတက္ကာဒယော။ ။ (က) ဝိတက်သည်ဝတ္ထုကာမတို့နှင့် အာရုံပြု သောအားဖြင့်လည်းကောင်း၊ ကိလေသာကာမ

နှင့်သမ္မာဃရာဂအစွမ်းဖြင့် လည်းကောင်းယှဉ်သောကြောင့် ကာမဝိတက်မည်၏။ (ခ) ဗျာပါဒနှင့် ယှဉ်သော ဝိတက် သည် ဗျာပါဒဝိတက် မည်၏။ (ဂ) ဝိဟိံသာနှင့်ယှဉ်သော ဝိတက်သည် ဝိဟိံသာဝိတက်မည်၏။ ဤဝိတက် (၃)မျိုးတွင် ကာမနှင့်ဗျာပါဒတို့သည် သတ္တဝါသင်္ခါရ(၂)မျိုးတို့၌ဖြစ်နိုင်သည်။ ကာမဝိတက်သည် ချစ်ခင်နှစ်သက်အပ်သော သတ္တဝါသင်္ခါရ တို့ကို ကြံစည်သူမှာဖြစ်၍ ဗျာပါဒဝိတက်ကား မချစ်မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့ကို စိတ်ဆိုး၍ ကြည့်ရာအခါမှ ပျက်စီးသည်အာဃာ ဖြစ်ပါသည်။

ဝိဟိံသာဝိတက်။ ။ဆင်းရဲ စေအပ်သော သင်္ခါရမည်သည် မရှိသော ကြောင့် (သင်္ခါရကို ညှဉ်းဆဲလို့ မရသောကြောင့်) ဝိဟိံသာဝိတက်သည် သင်္ခါရ တရားတို့၌ မဖြစ်ပါ။ 'ဤသတ္တဝါများ အသက်ခံရပါစေ, အဖြတ်ခံရပါစေ၊ ဤသတ္တဝါများ ပျက်စီးပါစေ၊ မဖြစ်ပါစေနှင့်' စသည် ကြံရာအခါဝယ် သတ္တဝါတို့၌သာ ဝိဟိံသာဝိတက် ဖြစ်ပါသည်။

မေးဖွယ်။ ။ဆင်းရဲစေအပ်သော သင်္ခါရမည်သည် မရှိဟု အဘယ်ကြောင့် ဆိုပါသနည်း၊ ဆင်းရဲစေအပ်သော သတ္တဝါများလည်း တရားကိုယ်ကောက်က သင်္ခါရများပင် ဖြစ်သည် မဟုတ်ပါလော-ဟု မေးဖွယ်ရှိ၏။ အဖြေကား- သတ္တဝါများလည်း သင်္ခါရများပင် ဖြစ်ကြသည်မှာ မှန်ပါသည်။ သို့သော် ဇီဝိတိန္ဒြေနှင့် ဆက်စပ်သော သတ္တဝါများသည် ဝိညာဏ်ရှိသောကြောင့် ဒုက္ခခံစားနိုင်ကြပါသည်။ ထို့ကြောင့် ဝိဟိံသာ-ဝိတက်၏ အာရုံဖြစ်သော ကျွန်ုပ်ယဇဒ္ဓသင်္ခါရများကို သတ္တဝါဟု အလိုရှိအပ်ပါသည်။ ဇီဝိတိန္ဒြေမရှိ ဝိညာဏ်မရှိသောကြောင့် ဒုက္ခမခံစားနိုင်ကြသော သင်္ခါရများကို ရည်ရွယ်၍ ဝိဟိံသာဝိတက်သည် သင်္ခါရတို့၌ မဖြစ်ဟု ဆိုပါသည်။

အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု၊ ။အာသဝေဟိ - တို့သည်၊ အနုပါဒါယ - အာရုံပြုသောအားဖြင့် မယူမူ၍၊ စိတ္တာနိ-တို့ကို၊ ဝိမုစ္စိံသု-လွတ်အပ်ကုန်ပြီ။

တနည်း- အာသဝေဟိ-တို့မှ၊ စိတ္တာနိ-တို့သည်၊ ဝိမုစ္စိံသု-လွတ်ကုန်ပြီ။

တနည်း- အာသဝေဟိ-တို့မှ၊ စိတ္တာနိ-တို့ကို၊ ဝိမုစ္စိံသု-လွတ်စေကုန်ပြီ။

ဝိကသိတစိတ္တာ။ ။လွန်ကဲသော ဉာဏ်ရောင်ခြည် အတွေ့ကြောင့် ပွင့်လင်း သော စိတ်ရှိကြကုန်သည်၊ အဟောသုံ-ပြီ။

ယေဘုယျေန။ ။ယေဘုယျေန ကို အဓိပ္ပါယ်ပေါက်အောင် ဗဟုတရာနိဟု လည်းကောင်း၊ ဗဟုတရာနံ ဟု လည်းကောင်း၊ အဋ္ဌ-ကထာ၌ (၂)နည်း ဖွင့်၏။ ပထမအဖွင့်သည် ရှင်သော အမွေးများ၍ မရှင်သော အမွေးနည်းသည်ဟူသောအဓိပ္ပာယ်ကိုပြု၍၊ဒုတိယအဖွင့်ကား ကြက်သီး မွေးညင်းထသူများ၍ အနည်းငယ်သော အလွန်ရဲရင့်သော ပုဂ္ဂိုလ်များသာ ကြက်သီးမွေးညင်းမထ ဟူသော အဓိပ္ပာယ်ကို ပြပါသည်။

ပုရိသယုဂဝသေန။ ။ပုရိသယုဂ ဟူသည်- ယောက်ျားတို့၏အသက်ရှည်ရာ ကာလဖြစ်ပါသည်။

ဒ္ဒေယေ ပုရိသယုဂါနိ။ ။ယုဂသဒ္ဒါသည် ပြောရိုးဆိုစဉ်အရ ထည့်ထား သော သဒ္ဒါမျှသာ ဖြစ်ပါသည်။ အနက်ထူး မရှိပါ။ ဘုရားလက်ထက်တော်၌ တဆက်၊ မစ္ဆိမသာဝကတို့ လက်ထက်၌ တဆက်အားဖြင့် (၂)ဆက် ဖြစ်သည်။

ဂဇ္ဈံ ဂဏ္ဍာပေန္ဓိသ။ ။သဗ္ဗညုတဉာဏ်တော် ဖွားမြင်ဖို့ရာ ဉာဏ်ကိုယ် ဝန်ကို ယူတော်မူစဉ်။

ဒိဋ္ဌမ္မိကသမ္ပရာယိကာ။ ။ပရူပဝါဒ စသည်တို့သည် ဒိဋ္ဌမ္မိကအာသဝ ဖြစ်၍ အပါယ်ဆင်းရဲ အထူးများသည် သမ္ပရာ-ယိက အာသဝ ဖြစ်ပါသည်။

ပရူပဝါဒါ ဂရဟဒေါသာ။ ။မျက်ကွယ်ဆဲရေးခြင်းသည် ပရူပဝါဒမည်၏ မျက်မှောက် ကွဲရခြင်းသည် ဂရဟဒေါသ မည်ပါသည်။ ပရူပါရမ္ဘ ဟူသည်ကား- သူတပါးတို့က မိမိပြောအပ်သမျှ စကားတို့၌ အပြစ်တင်ခြင်းတည်း။

ဉာတိပရိဝဋ္ဋော။ ။"အမှာတ် ဧကတ် ဉာဏန္တိ"တ် ဉာတိ၊ ပိတာမဟာပိတု-ပုတ္တာဒိဝသေန ပရိဝဋ္ဋနဋ္ဌေန ပရိဝဋ္ဋော။ ဉာတိယေဝ ပရိဝဋ္ဋော ဉာတိပရိဝဋ္ဋော။

ဃာသစ္ဆာဒနပရမတာယ။ ။စားမှု, ပတ်မှုသာ လွန်ကဲသော အားတိုင်း အရှည်ရှိကြ၍ စားမှု,ပတ်မှုထက်အလွန် တစုံ တခုသော အာမိသကိုမျှမရှာကြသူများသည် ဃာသစ္ဆာဒနပရမ မည်ပါသည်။

လောကာမိသဘူတံ။ ။မေထုန်သည် လောကဌ် အကျုံးဝင်၍ ကိလေသာတို့ဖြင့် သုံးသပ်အပ်သောကြောင့် လောကာမိသ-မည်ပါသည်။

ပမ္ဘဋ္ဌာသခေ်ပ ဟူသည်။ ။ရှင်အဖြစ်ဌ် ပမာနဖြစ်သော ပါဏာတိပါဟာ ဝေရမဏိ စသော သိက္ခာပုဒ်တည်း။

ထာမံ ဗလံ။ ။သိက္ခာပုဒ်တို့ကို ပညတ်မူပြုဖို့ရန် စွမ်းနိုင်ခြင်းသည် ထာမမည်၍၊ဟုတ်မှန်သောအားဖြင့် အလုံးစုံသော တရားတို့ကို ထိုးတွင်း၍သိခြင်းဌါ စွမ်းနိုင်သော ဉာဏဗလသည် ဗလ မည်ပါသည်။

အကုသလော။ ။ဆေးကုသင့်ရာအခါကို မသိသောကြောင့် "အကုသလ" ဟု ဝိသေသန ပြုသည်။

သာသနေ ကေစ္စေ အာသဝဋ္ဌာနိယာ ဓမ္မာ နာ ဥပ္ပဇ္ဇန္တိ။ ။ကျောင်းများ လောက်သော ကြောင့် အာဝါသမစ္ဆရိယ စသည်အကြောင်းရှိသော အချို့သော အာသ-ဝဋ္ဌာနိယတရားများ သာသနာတော်ဌ် မဖြစ်ကြသေး၊ ၊။

ဣမိနာ နယေန။ ။ပဒသောဓမ္မသိက္ခာပုဒ်စသည်ကိုယူ။ (ဝေပုလ္လမဟာတ္တ-ခန်းမှ)။

ရသေန ရသံ သံသန္ဒိတ္ဝာ။ ။ခွင့်ပြုတော်မူအပ်သောအခင်း, အခြုံ,အစ ရှိသည်တို့ဌ် ကောင်းသောအတွေ့ခြင်းတူသည်၏ အဖြစ်ကြောင့် ဥပါဒိန္နက ဖြစ်သော မာတုဂါမ၏ အတွေ့ဟူသော အရသာကို သာယာခြင်းဌ်လည်း အပြစ်မရှိဟု မှတ်ထင်ခြင်း ရှိသည်၏အဖြစ်ကြောင့် အနုပါဒိန္နက ဖယသ၏အရသာနှင့် ဥပါဒိန္နကဖယသ၏ အရသာကို အတူဆောင်ခြင်း, အတူပြုခြင်းကို "ရသေန ရသံ သံသန္ဒိတ္ဝာ" ဟု ဆိုသည်။

သာရောတိ ဝုစ္စတိ။ ။သာသနပြဟ္မစရိယ၏အနှစ်ဖြစ်သောကြောင့် သီလ စသည်ကို သာရ ဟုဆိုပါ၊သည်။

ဥဒ္ဓမ်ံ ဥဋ္ဌိနယံ သတ္ထုသာသနံ ဒီပေန္တိ။ ။"တသာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ" စသည်ဖြင့် သာသနာတော်ကို ဓမ္မဝိနယ မဟုတ်အောင်ပြကြသည်။

သော သောတာပန္နော။ ။အာနန္ဒာမထေရ်ကို ရည်ရွယ်ပါသည်။

သောတောတိ မဂ္ဂသေတံ အဓိဝစနံ။ ။ပဋ္ဌိပဂ္ဂဓမ္မေ အနဝသေသတော သဝတိ ပေလ္လတီတိ သောတော။ (အရိယမဂ္ဂေါ)။

သောတာပန္နောတိ တေန သမန္နာဂတသ ပုဂ္ဂလဿ။ ။အာပန္နဋ္ဌ တပစ္စည်းကို ပစ္စုပ္ပန္နကာလိကယူလျှင် မုချအားဖြင့် မဂ္ဂသမဂ်ိသာ သောတာပန္နမည်၍ ဖလသမဂ်ိကား–သဒိသူပစာအားဖြင့် သောတာပန္နမည်ပါသည်။ ထို့ကြောင့် "မဂ္ဂေန ဖလဿ နာမံ ဒိန္နံ"ဟု မိန့်ပါသည်။ တနည်း–တပစ္စည်းကို အတိတ်ဟောယူလျှင် ဖလသမဂ်ိပုဂ္ဂိုလ်လည်း မုချအားဖြင့်ပင် သောတာပန္နမည်နိုင်ပါသည်။ မှန်ပါသည်။ မဂ်ခဏာ၌ မဂ္ဂသောတသို့ ရောက်ဆဲဖြစ်၍ ဖိုလ်ခဏာ၌ ရောက်ပြီးဖြစ်ပါသည်။

အဝိနိပါတဓမ္မော။ ။အပါယ်ဆင်းရဲ၌ ပစ်ချတတ်သော သဘောမရှိသော ကြောင့် "နိ အတ္တာနံ အပါယေသု ဝိနိပါတနသဘာ-ဝေါ"ဟု ဖွင့်သည်။ တနည်း–အပါယ်ကျစေတတ်သော အကုသိုလ်တရားအားလုံးကို ဖယ်ပြီးသောကြောင့် မိမိကို အပါယ်တို့၌ကျစေခြင်း သဘောမရှိ။ ထို့ကြောင့် "နိ အတ္တာနံ။ပ။ဝုတ္တံ ဟောတိ"ဟု မိန့်သည်။

သမ္မတ္တနိယာမေန မဂ္ဂေန။ ။ကောင်းစွာ ဘဝကိုမြဲစေတတ်သော ရအပ်ပြီးသောမဂ်။

နိယတော။ ။အောက်ဆုံးအားဖြင့် (၇) ဘဝမှ အထက်မဖြစ်ခြင်းသဘောအားဖြင့် မြဲ၏။

[ဤကာဋ္ဌ "နိယတောတိ ဝါ"ဟု ဝါသဒ္ဒါပါရှိ၏။ အဋ္ဌကထာနည်းမှ အခြားတနည်း ဖွင့်သည့်သဘောဟု ယူဆဖွယ်ရှိ၏။]

သမ္ဘောဓိ။ ။ပထမ မဂ်ကို ရပြီးသောကြောင့် ကြွင်းသောအထက်မဂ်(၃) ပါးကိုယူ။

ဝိနယပညတ္တိယာစနကထာ နိဋ္ဌိတာ။

ဗုဒ္ဓါစိဏ္ဏကထာ

ဇနပဒစာရိကံ ပဏ္ဏမန္တိ။ ၊ဣတိထည့်၍ ရှေ့ပြန်လှည့် အနက်ပေးပါ၊ ဣ လောက်သောကြောင့် ဣတိသဒ္ဒါတိုက်ရိုက်မဆို။

[အဋ္ဌကထာနှင့် တွဲကြည့်မှ ရှင်းပါမည်။ "ကတမံ ဗုဒ္ဓါစိဏ္ဏံ" ဟူသော အမေး၏ အဖြေအဆုံးဖြစ်၍ "ဣတိ-ဣကား ဗုဒ္ဓါစိဏ္ဏတည်း" ဟု ပေးရန် ဣတိ ထည့်ရသည်။]

ပဏ္ဏမန္တိယေဝ။ ။ဝေဖြင့် မကြွမရှိ အမြဲတမ်း ကြွတော်မူကြ၏ ဟူသော အဓိပ္ပာယ်ကိုပြသည်။

စာရိကာ(၂)မျိုး

၁။ တုရိတစာရိကာ။

၂။ အတုရိတစာရိကာ။

တုရိတစာရိကာ။ ။အလွန်ဝေးသော အရပ်ဒွီလည်း သိ စေ ထိုက် သော (ချွတ်ထိုက်သော)ပုဂ္ဂိုလ်ကို မြင်တော်မူလျှင် ထိုပုဂ္ဂိုလ်ကို သိစေတော်မူခြင်းငှာ အဆောတလျင် ကြွတော်မူခြင်းသည် တုရိတစာ-ရိကာ မည်၏။

၁။ အရှင်မဟာကဿပကိုကြိုရန် ဇမုဟုတ်မျှဖြင့် (၃) ဂါဝုတ် ကြွတော်မူခဲ့သည်။

၂။ အာဠာဝကအတွက် ယူဇနာ(၃၀)။

၃။ အင်္ဂုလိမာလအတွက် ယူဇနာ (၃၀)။

၄။ ပုက္ကုသာတိအတွက် ယူဇနာ (၄၅)။

၅။ မဟာကပ္ပိနအတွက် ယူဇနာ (၁၂၀)။

၆။ ဓနိယအတွက် ယူဇနာ (၇၀၀)။

၇။ ဝနဝါသီတိဿအတွက် ယူဇနာ (၁၂၀) နှင့် (၃) ဂါဝုတ် ကြွတော်မူခဲ့သည်။

အတုရိတစာရိကာ။ ။ရွာစဉ်, နိုဂုံးစဉ်, မြို့စဉ်အားဖြင့် နေ့တိုင်း နေ့တိုင်း ဟယူဇနာ,ယူဇနာဝက် အစွမ်းဖြင့် အွတ်မ်းခံမှုစသည်တို့ဖြင့် လောကတို့ချီးမြှောက်ကာ ဖြည်းဖြည်းကြွလေတော်မူခြင်းသည် အတုရိတ-စာရိကာ မည်၏။ "ဇနပဒစာရိကာ"ဟု ဆိုသောကြောင့် ဣရိယာပထ် အတု-ရိတစာရိကာကိုသာ လိုအပ်ပါသည်။ ယိုအတုရိတစာရိကာကိုပင် ဝေဖန်၍ ပြလိုရကား "မဟာမဂ္ဂလံ မဇ္ဈိမမဂ္ဂလံ"စသည်ကို မိန့်တော်မူသည်။

အန္တိမမလ္လလံ။ ။ငယ်သောမလ္လာလ (၀၊) မဟာ မဇ္ဈိမမလ္လာလ နှစ်မျိုး၏ အတွင်းခ္ခဝင်သော မလ္လာလ။

မဟာမဿာလံ နဝယောဇနသတိကံ။ ။ယူဇနာ (၉၀၀) အရပ် သည်လည်း မဇ္ဈိမဒေသ၌ အကျုံးဝင်သောအရပ်သာ ဖြစ်ပါသည်။ ယူဇနာ (၉၀၀) အထက်ပိုရှိ (မဇ္ဈိမဒေသထက်ပိုရှိ) ဤနေရာ၌ အလိုမရှိအပ်ပါ။ ဘာကြောင့်နည်း-တုရိတစာရိကာ အစွမ်းဖြင့် ကြွတော်မူခြင်း မဟုတ်သောကြောင့်တည်း။

ဂါမနိဂမဝဒိသု မဟာဇနံ အာမိသပဋိဂ္ဂဟေန အနုဂ္ဂဏ္ဍန္တာ စသည်။ ။ထွက်တော်

မူရာအခါမှစ၍ ရောက်သောရာအရပ်တိုင်း၏ လေးဘက်လေးတန် ပတ်ဝန်းကျင်ယူဇနာ (၁၀၀) ရှိသော အရပ်သည် တခဲနက် အုတ်အုတ်ကျက်ကျက် ဖြစ်နေပါသည်။ အရင်ဆုံးရောက်လာသူများသာ ဘုရားရှင်ကို ပင့်ဖိတ်ခွင့်ရကြပါသည်။ မဇ္ဈိမ,အန္တိမမလ္လာလ (၂)မျိုး၌ သက္ကာရသည် မဟာမလ္လာလသို့ သက်ရောက်ရသည်။ ထိုမဟာမလ္လာလ၌ ဘုရားရှင်တို့သည် ထိုထိုရှာ နိဂုံးတို့၌ (၁) ရက်, (၂)ရက် သီတင်းသုံးတော်မူကြလျက် အာမိသ ခံယူခြင်းဖြင့် များစွာသော လူအပေါင်းကို ချီးမြှောက်တော်မူကြသည်။ ဓမ္မဒါနဖြင့်လည်း ဝိဝဋ္ဋဥပနိဿယတရားသို့လ်ကို တိုးပွားစေကြ ပါသည်။ ထို့ကြောင့် ''ဂါမ ။ပ။ အနုဂ္ဂဏ္ဍန္တာ'' စသည်ကို မိန့်သည်။

သမထဝိပဿနာ တရုဏာ ဟောန္တိ။ ။တရုဏဝိပဿနာ ဟူသည်- သခ်ါရပရိစ္ဆေဒဉာဏ်, ကခ်ၢိဝိဘရဏဉာဏ်, သမ္မသနဉာဏ်, မဂ္ဂါမဂ္ဂဉာဏ်များတည်း။ တရုဏသမထကိုကား– ဥပစာရသမာဓိ၏ အစွမ်းဖြင့် သိပါ။

သစေ ပန် အန္တောဝေသေ ဘိက္ခူနံ သမထဝိပဿနာ တရုဏာ ဟောန္တိ။

ဤစကားသည် နိဒဿနနည်းပြစကားမျှသာ ဖြစ်သည်ဟု မှတ်ပါ။ ပဋ္ဌိမမလ္လာလ၌ ဝေနေယျတို့၏ ဉာဏ်ရင့်ကျက်ခြင်းစသောအခြားအကြောင်းများကြောင့်လည်း မဇ္ဈိမမလ္လာလ၌ ဒေသစာရီ ကြွချီတော်မူလိုသော ဘုရားရှင်များသည် လေးလ သီဘင်း သုံးတော်မူပြီးမှသာ ထွက်တော်မူကြသာကြောင့်တည်း။

ပဝါရဏာသင်္ဃံ ဒတ္တွာ။ ။အနုမတိဒါနံ ဝေသေန ဒတ္တွာ။

မ္ဟာဂုသိရသ ပဋ္ဌမဒိဝေသေ။ ။နတ်တော်လဆန်း (၁) ရက်နေ့ကည်း။ ယခုခေတ် ဝေါဟာရ အသုံးအနှုန်း အားဖြင့်

တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်နေ့ကိုပင် ရည်ရွယ်၍ "မာဂသိရသာ ပဌမဒိဝသေ" ဟုဆိုသည်။

တေသံ ဝေနေယျသတ္တာ။ ။ဘုရားရှင်တို့သည် ဒေသစာရီ ကြွခိုတော်မူယင်း ဆုံးမအပ်သော သတ္တဝါများ။

မာဂသိရမာသမ္မိ တတ္ထေဝ ဝသိတ္ဝာ ဖုဿမာသသ ပဌမဒိဝသေ။ ။ဤစကား လည်း နဒသနနည်းမျှ ဖြစ်သည်ဟု မှတ်ပါ။ ဘာကြောင့်နည်း- (၄) လ ပတ်လုံး သီတင်းသုံးတော်မူကြပြီးသော ဘုရားရှင်တို့မှာ ဝေနေယျများ ကွန်ရှေ့မရင့် ကျက်သေးလျှင် ဝေနေယျတို့၏ ကွန်ရှေ့ရင့်ကျက်မှုကို စောင့်ဆိုင်းတော်မူကြ ယင်း နောက်ထပ်၍ (၁)လ, (၂)လ, (၃) လ, (၄)လဆက်၍ ထိုအရပ်၌ပင် သီတင်းသုံးတော်မူကြကာ မျှားစွာသောရဟန်းအပေါင်း အခြံအရံဖြင့် ထွက်တော်မူ၍ ရှေ့နည်းအတိုင်းပင် လောကကို ချီးမြှောက်တော်မူကြကုန်လျက် (၂)လ, (၆)လ, (၅)လ,(၄)လတို့တို့ဖြင့် ဒေသစာရီကို ပြီးစေတော်မူကြသောကြောင့်တည်း။

ဝေနေယျဝသေနေဝ။ ။ဝေဖြင့် သက်နှံးစသည်ကြောင့် ကြွတော်မူကြ,သည် မဟုတ်ဟူသော အဓိပ္ပာယ်ကိုပြသည်။ ခဲ့ပါဦးအုံ- သက်နှံးစသည်ကြောင့် ကြွတော်မမူကြပါ။ အမှန်အားဖြင့် ဆင်းရဲသူများ ငယ်သူများ, အိုသူများ, နာသူများ လာရောက်၍ မဖူးနိုင်ကြသဖြင့် ထိုပုဂ္ဂိုလ်များ ဖူးခွင့်, ကြည်ညိုခွင့်, ပူဇော်ခွင့်, လှူခွင့်ရပါစေ၊ အမြင်မှားကို ဖျောက်၍ အမြင်မှန်သို့ ရောက်ကြပါစေ၊ ထိုသို့ဖူးခွင့်စသည်ကို ရခြင်းသည် ထိုပုဂ္ဂိုလ်များ အတွက် ရှည်စွာသောညဉ့်ပတ်လုံး စီးပွားချမ်းသာအလို့ငှာ ဖြစ်လိမ့်မည်ဟု ရည်ရွယ်တော်မူကြ၍ လောကကို သနားစောင့်ရှောက် ချီးမြှောက်တော်မူခြင်းငှာ ဒေသစာရီကြွခိုတော်မူကြသည်။

တနည်း - စတူဟိ ကာရဏေဟိ ဗုဒ္ဓါ ဘဂဝန္တော စာရိကံ ဧရန္တိ။ ၁။ ဇယ်ဝိဟာရဝသေန သရီရဖာသုကတ္ထာယ။ ၂။ အဋ္ဌုပ္ပတ္တိကာလဘိ-ကခ်ိန္တ-ယ၊ ၃။ ဘိက္ခူနံ သိက္ခာပဒပညာပနတ္ထာယ။ ၄။ တတ္ထ တတ္ထ ပရိပါကဘာဝတိန္ဒြိယေ ဗောဓနေယျသတ္တေ ဗောဓနတ္ထာယ။

တနည်း(၄)မျိုး။ ။ ၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆိဿန္တိ ဝါ။ ၂။ ဓမ္မံ....။ ၃။ သံဃံ....။ ၄။ မဟာဂ္ဂ,ဓမ္မဝသေန စတသော ပရိသာ သန္နပ္ပေဿန္တီတိ ဝါ။

တနည်း(၅)ပါး။ ။၁။ ပါဏာတိပါတာ ဝိရမိသိက္ခာပဒံ ဝါ။ ၂။ အဒိန္နာ-ဒါနာ....။ ၃။ ကာမေသုမိစ္ဆာစာရာ....။ ၄။ မုသာ-ဝါဒါ....။ ၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ....။

တနည်း(၇)ပါး။ ။၁။ ပဌမံ ဈာနံ ပဋိလဘိသိက္ခာပဒံ ဝါ။ ၂။ ဒုတိယံ ။ပ။ ၇။ နေဝသညာနာသညာယတနသိက္ခာပဒဏ္ဍ ....။

တနည်း(၈)ပါး။ ။ ၁။ သောတာပတ္တိမဂ္ဂံ အဓိဂမိသိက္ခာပဒံ ဝါ ။ပ။ ၈။ အရဟတ္တဖလံ သစ္ဆိကရိသိက္ခာပဒံ ဝါ။ (မဂ်-အဓိ။ ဖိုလ်-သစ္ဆိ။)

ပုဗ္ဗါနိ ဩစိနန္တာ ဝိယ စရန္တိ။ ။ပန်းခူးသူသည် မျှားစွာသော ပန်းရှိသော ချုံကိုတွေ့လျှင် ထိုချုံ၌ အလွန်ကြာစွာရပ်၍လည်း ပန်းခူးမည်။ ပန်းမရှိသောချုံတွေ့လျှင် အချိန်မဆွဲပဲ ထိုချုံကိုပယ်စွန့်ကာ အခြားချုံသို့သွား၍ ပန်းခူးသကဲ့သို့ ဤအတူ ဘုရားရှင်မျှားသည်လည်း ဆုံးမစရာ ဝေနေယျမျှားစွာရှိသော ရွာနိုဂုံးမျှား၌ ကြာကြာနေကာ ထိုဝေနေယျတို့ကို ဆုံးမ၍ ဝေနေယျရှိသော ရွာနိုဂုံးစသည်တို့၌ အချိန်မဆွဲပဲ ထိုရွာနိုဂုံးကို ပယ်စွန့်၍ အခြားသော ဝေနေယျမျှားစွာရှိသော ရွာနိုဂုံးစသည်တို့၌ သီတင်းသုံးတော်မူကြကာ လှည့်လည်ကြသည်ဟူသော အနက်အဓိပ္ပာယ်ကို ဤပါဠိဖြင့်ပြပါသည်။ ထို့ကြောင့် ပင် အလွန်ငယ်သော အတိမဂ္ဂလျှင်သော်မှလည်း ဥပနိဿယရှိသူတို့မျှားသောကြောင့် အချိန်မျှားစွာ (၇)လသို့ ဒေသစာရိကြွချီဟော်မူကြသည်။

သန္တံ သုခံ နိဗ္ဗာနမဘရမ္ဘဏံ ကတ္ဝာ။ ။နိဗ္ဗာန်သည် ငြိမ်းအေးသောသဘောရှိသောကြောင့်၊ တနည်း-ကိလေသာငြိမ်းခြင်း၏ အကြောင်းဖြစ်သောကြောင့် သန္တမည်၏။ ခွမ်းသာခြင်း၏ အကြောင်းဖြစ်သောကြောင့် သုခမည်၏။

ဒသသဟဿိယောဇနိကေ။ ။ဇာတိခေတ်ဖြစ်သော လောကခံတ်(၁၀၀၀၀) တည်း။ ဤစကားကို နတ်ပြဟ္မာတို့၏ အစွမ်းဖြင့် ဆိုပါသည်။ လူမျှားကား ဤစကြဝဠာ၌သာ ဗောဓနေယျ (ဝေနေယျ) ဖြစ်ကြပါသည်။

ဗောဓနေယျသတ္တသမဝလောကနံ။ ။ရှေးဦးစွာ မဟာကရုဏာတော်ဖြင့် ဖြန့်တော်မူ၍၊ ၎င်းနောက် သတ္တဝေါ

ဉာဏ်ကွန်ရက်ကို ဖြန့်တော်မူသည်။ ထိုသဗ္ဗညုတဉာဏ်ကွန်ရက်၏ အတွင်းဌာ်ဝင်လာကြသော ကျွတ်ထိုက်သောသတ္တဝါများကို ကြည့်တော်မူသည်။ ခဲ့ပါဦးအုံ- ဘုရားရှင်များသည် မဟာကရုဏာ သမာပတ်ကို ဝင်စားတော်မူပြီးနောက် မဟာကရုဏာသမာပတ်မှ ထတော်မူ၍ "ကျွတ်ထိုက်သော ဉာဏ်ရင့်ကျက်ကြသော ယနေ့ပင် ငါဘုရားဆုံးမသင့်သည့် သတ္တဝါများ ငါ၏ ဉာဏ်ခွဲ ထင်ကြပါစေ"ဟု စိတ်ကို အဓိဋ္ဌာန်၍ ဆောင်တော်မူကြသည်။ (နှလုံးသွင်းတော်မူကြသည်။) ထိုသို့နှလုံးသွင်းသည်နှင့် တပြိုင်နက် ထိုနေ့ဆုံးမရမည့် ဝေနေယျများရှိသလောက် သဗ္ဗညုဉာဏ်တော်မှာ ထင်လာကြပါသည်။ ဤကား- ဘုရားရှင်တို့၏ အာနုဘော်တည်း။ ဆက်လက်၍ ဉာဏ်တော်ခွဲ ထင်လာသော ဝေနေယျတို့၏ ဥပနိဿယဖြစ်သော ရှေးအကျင့် ရှေးအကြောင်း၊ ယခု ဖြစ်ဆဲအကျင့်များကို ကြည့်တော်မူကြသည်။ မှန်ပါသည်။ ဝေနေယျသတ္တဝါတို့ကို သိမ်းယူခြင်းငှါ နှလုံးသွင်းတော် မူလသော် ဝေနေယျတို့သည် ဝေနေယျအဖြစ်ဖြင့်သာ ထင်လာပါသည်။ ထို့နောက် အဘယ်သို့သောအကျိုးဖြစ်မည်နည်းဟု သရဏဂုံ စသည်၏အစွမ်းဖြင့် တစုံတခုသော အကျိုးပြီးစီးမှုကို စူးစမ်းတော်မူယင်း ရှေး ဥပနိဿယတို့ကို ကြည့်တော်မူကြပါသည်။

ဒီကွတ္တုံ။ ။ဘုရားရှင်လုက်ထက်တော် အခါ၌ တနှစ်မှာ (၂)ကြိမ် ရဟန်းတော်များ စည်းဝေးကြပါသည်။ ဝါဆိုခါနီးမှာ တကြိမ်နှင့် ပဝါရဏာပြုပြီးရာအခါ တကြိမ်တည်း။

ပုရေ ဝဿူပနာယိကာယ စ ကမ္မဋ္ဌာနဂ္ဂဟဏတ္ထံ။ ။ဝါဆိုခါနီးသော် ရဟန်းတော်များသည်တစ်ဆယ်, နှစ်ဆယ်, သုံးဆယ်, လေးဆယ်, ငါးဆယ်, စသည်ဖြင့် အုပ်စုဖွဲ့ကာ ကမ္မဋ္ဌာန်းယူဖို့ရန် ဘုရားရှင်ထံ လာကြသည်။ဘုရားရှင်က ထိုရဟန်းများနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောကြားပြီးနောက် "ရဟန်းတို့ ဝါဆိုခါနီးမှာ ဘာ့ကြောင့် လှည့်လည်သွားလာနေကြပါသလဲ" ဟု မေးတော်မူပါသည်။ ထိုအခါ ရဟန်းတော်များက"မြတ်စွာဘုရား.... တပည့်တော်များ ကမ္မဋ္ဌာန်းယူဖို့ လာကြ ပါသည်။ တပည့်တော်များအား ကမ္မဋ္ဌာန်း ပေးတော်မူပါ"ဟု တောင်းကြသည်။ ဘုရားရှင်သည် ထိုရဟန်းတို့၏ စရိုက်အစွမ်းဖြင့် ကမ္မဋ္ဌာန်းပေးတော်မူပါသည်။

ကမ္မဋ္ဌာန်းပေးပုံ။ ။၁။ ရာဂစရိုက်ရှိသူအား အသုဘကမ္မဋ္ဌာန်းကို လည်းကောင်း၊ ၂။ ဒေါသစရိုက်ရှိသူအား မေတ္တာ ကမ္မ-

ဌာန်းကိုလည်းကောင်း ပေးတော်မူ၏။ ၃။ မောဟစရိုက်ရှိသူအား ဥဒ္ဒေသ ပရိပုစ္ဆာ-ရံခါတရားနာခြင်း, ရံခါတရားဆွေးနွေးခြင်းများသည် သင့်အား လျှောက်ပတ်၏ဟု ပြောပြတော်မူပါသည် မောဟစရိုက်ရှိသူအား အာနာပါနဿတိ ကမ္မဋ္ဌာန်းသည် သင့်လျော် လျှောက်ပတ်ပါသော်လည်း ကမ္မ-ဋ္ဌာန်း ဘာဝနာ၏ တည်ရာဖြစ်အောင် ပြုတော်မူခြင်းငှါ တွေဝေမှုကင်း အောင် ရှေးဦးစွာဥဒ္ဒေသ,ပရိပုစ္ဆာ,ဓမ္မသဝန,ဓမ္မသာကစ္ဆာ,တို့ဌာ်တိုက်ဘွန်း တော်မူပါသည်။ ၄။ ဝိဘက်စရိုက်ရှိသူအား အာနာပါနဿတိ ကမ္မ-ဋ္ဌာန်းကို လည်းကောင်း၊ ၅။ သဒ္ဓါစရိုက်ရှိသူအား အထူး အားဖြင့် အနုဿတိ ရှေ(ဖ)ပါးကိုလည်းကောင်း ပေးတော်မူသည်။ အနုဿတိတို့ကို အားထုတ်ရာ၌ ပုဗ္ဗဘာဂပဋိပတ်ကိုပြုခြင်းငှါ ပသာဒနီယသုတ္တန်ဖြင့် ဗုဒ္ဓ၏ ကောင်းစွာ သိတော်မူကြောင်း၊ ဓမ္မ၏ ကောင်းသောတရား ဖြစ်ကြောင်း၊ သံဃာတော်၏ကောင်းစွာကျင့်ကြောင်းကို ပြုတော်မူပါသည်။ ၆။ ဉာဏ စရိုက်ရှိသူအား မရဏဿတိ, ဥပသမာနုဿတိ, စတုဓာတု ဝဝတ္ထာန်, အာဟာရေ ပဋိကူလသညာများ အထူး သင့်လျော်လျှောက်ပတ်၍ ထို ကမ္မဋ္ဌာန်းများအား ကျေးဇူးများသော တရားကိုပြုခြင်းငှါ အနိစ္စတာ စသည် နှင့်စပ်သော နက်နဲသော သုတ္တန်များကို ဟောတော်မူပါသည်။

တရားတောင်းပြီးသော်။ ။ကဲမ္ဋဌာန်း တောင်းပြီးနောက် လျှောက်ပတ်သော် ဘုရားရှင်၏ အထံ၌ပင်နေကြ၍ မလျှောက်ပတ်သော် လျှောက်ပတ်သောကျောင်းကို မေး၍ သွားကြသည်။

ဝုဋ္ဌဝဿာနန္တ အဓိဂတဂုဏာဝရာစနတ္ထံ ဥပရိ ကမ္မဋ္ဌာနဂုဟဏတ္ထဉ္စ။ ။ဝါတွင်း (၃) လ ကြိုးစားကြသော် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာများ ဖြစ်ကြသည်။ ထို့နောက် ဝါကျွတ်၍ ပဝါရဏာပြုပြီးသည့်အခါ ဘုရားထံ သွား၍ "မြတ်စွာဘုရား တပည့်တော် အရှင်ဘုရားတို့အထံက ကမ္မဋ္ဌာန်းယူခဲ့၍ သောဘာဝတ္တိမိုလ်သို့ ရောက်ပါပြီဘုရား။ပ။ အရတ္တမိုလ်သို့ရောက်ပါပြီဘုရား" စသည်ဖြင့်လည်း လျှောက်သားကြ၊ အထက်၌ မိမိမရောက်သေးသောတရား ကို ရဖို့ရာလည်း ကမ္မဋ္ဌာန်းတောင်းကြသည်။

အာနန္ဒ။ ။အနိုးအပါး၌ လှည့်လည်နေသောကြောင့် အရှင်အာနန္ဒာမထေရ် ကို ဘုရားရှင် ခေါ်တော်မူပါသည်။ ထိုအပ်ုန်အခါ၌ ဘုရား ရှင်၏အနိုး၌ ရဟန်းတော်များ မရှိသောကြောင့် အရှင်အာနန္ဒာကို ခေါ်

သည် မဟုတ်ပါ။ မှန်ပါသည်။ ထိုအချိန်အခါက ဘုရားရှင်၏အနီးဌ ရဟန်းသံဃာ (၅၀၀) ရှိပါသည်။ အရှင်အာနန္ဒာကတဆင့် "ငါ့ရှင်တို့ သပိတ်သက်နီးယူကြ၊ ဘုရားနှင့် မည်သည့်အရပ်သို့ ကြွတော်မူလိုသည်"ဟု ရဟန်းတို့အား လျှောက်ထားရ၏။

ဘဂဝတော ပစ္စယောသိ။ ။"အသ ခေါ ဘဂဝါ အာယသ္မန္တံ အာနန္ဒံ အာမန္တေသိ"ဟု ဆိုသောကြောင့် ဘဂဝ-တောသည် ဝစနံ ဟူသော သမ္မန္ဓိကိုင်း၏ ဟူသော အလိုဖြင့် "ဝစနံ" ထည့်၍ အဋ္ဌကထာဖွင့်၏။ ဘဂဝတော-၏၊ ဝစနံ-ခေါ်တော်မူသော စကားကို၊ ပစ္စယောသိ- ရှေးရှုနားသောင်ပြီ။ (အဋ္ဌကထာနည်း) တနည်း-ဘဂဝ-တော-အား၊ ပစ္စယောသိ-ဝန်ခံပြီ။ (ဋီကာနည်း-သဒ္ဒါနည်း)

နဂရဒ္ဓါရတော ပဋ္ဌာယ။ ။ထိုတန်ခိုးပြာဋိဟာကို အာဂန္တုက အစွမ်းဖြင့် (အခိုက်အတန့် အစွမ်းဖြင့်) ပြုလုပ်အပ်သော ကြောင့် "နဂရဒ္ဓါရတော ပဋ္ဌာယ"ဟု မိန့်သည်။

ဘဂဝန္တံ ဥပနိသိဒိတုကာမော။ ။မြတ်စွာဘုရား၏ အနီးဌ ထိုင်လိုခြင်းဟု အဖြောင့်မှတ်ပါ။

နော အသန္တော။ ။"မရှိမဟုတ် စင်စစ်ရှိသည်သာ" ဟု ပြုပါသည်။

အထဝါ။ ။လိင်္ဂဝိပလ္လာသ မကြံပဲ တနည်း- အနက်မှတ်ထိုက်သော ကြောင့် "အထဝါ" စသည်ကို မိန့်သည်။ ဤစကားရပ်များ ဖြင့် သာမညစကားဖြစ်သောကြောင့် ဤနေရာ၌ နပုလ္လိင်ဖြင့် ညွှန်ပြသည် ဟူသော အဓိပ္ပာယ်ကို ပြသည်။

ပဟူဘဝိတ္တာ။ ပ.ဘရဏာနံ။ ။ဝိတ္တိ ဟူသည်-နှစ်သက်မှုဖြစ်၍၊ ဝိဘ္ဘူပကရဏာ ဟူသည်ကား- နှစ်သက်ခြင်း၏ အကြောင်းဖြစ်သော ဥစ္စာ, စပါး, ရွှေ, ငွေ တန်ဆာ အမျိုးစုံနှင့် ရွှေခွက် ငွေခွက်စသည် တည်း။

အလံ ဃရာဝါသပလိဗောဓစိန္တာယ။ ။ပုဏ္ဏားကြီး သင် မေ့အောင် ဃရာ-ဝါသပလိဗောဓက ပြုသည်မဟုတ်ပါ၊ အမှန်မှာ မာရ်နတ်၏လှည့်ပတ်မှုက ပြုသည် ဟု နားလည်စေတော်မူသည်။

ဒိဋ္ဌမ္မိကသမ္ပရာယိကံ အတ္ထံ သန္ဒဿေတွာ။ ။ထိုအချိန်အခါတုန်းက ထိုပုဏ္ဏားမှာ ဝိဝဋ္ဋဗျိုမ်ိုးသော ဥာဏ်ရင့်ကျက်မှု မရှိသောကြောင့် ဝိဝဋ္ဋမဖက် ဝဋ္ဋအတွင်း သက်သက်ကိုမျှသော အကျိုးကိုသာ ပြတော်မူပါသည်။ ထို့ကြောင့် "ဒိဋ္ဌမ္မိကသမ္ပရာယိကံ အတ္ထံ သန္ဒဿေတွာ"ဟု မိန့်သည်။ သန္ဒဿေတွာ ဟူသည်-မျက်မှောက်အားဖြင့် ထင်ရှားပြခြင်းတည်း။

ကုဿလေ ဓမ္မေ။ ။တေဘူကေကုသိုလ်။

တရားထူးမရခြင်းအကြောင်း။ ။ဥပနိဿယနှင့် ပြည့်စုံမှုမရှိသောကြောင့် တရားထူး မရပါ။

မရပဲဟောခြင်းအကြောင်း။ ။နောင်အခါ နိဗ္ဗာန်ရခြင်းအကျိုးငှာ ဝါသနာဘာဝိယ ဖြစ်စေလိုသောကြောင့် ဟောတော်မူသည်။ [နဟိ ဘဂဝတော နိရတ္ထကာ ဓမ္မဒေသနာ အတ္ထိ။]

ဟတ္ထသညာယ စသည်။ ။ကပ်လျှသောဆွမ်းစသည်ကို (၁) ဟတ္ထသညာ။ (၂) မုခဝိကာရ။ (၃) ဝစီဘေဒတို့ဖြင့် ပယ်နိုင်သည်။

သြနီတပတ္တပါဏိ။ ။သပိတ်တော်မှဖယ်အပ်ပြီးသော လက်တော်ရှိတော်မူသော။ တနည်း-သြနီတ္တပတ္တပါဏိ-လက်တော်မှ သီးခြားဖြစ်သော သင်္ဘတ်တော်ရှိတော်မူသော။

ပရိပုဏ္ဏသက်ပ်ံ ကုရုမာနော။ ။(၃) လပတ်လုံး နာယူသင့်သော (မနာယူခဲ့ရသော)တရားကို ယနေ့ပင် နာယူအံ့ဟု ကြံစည်ကာ ထိုင်နေသော ထိုပုဏ္ဏားကြီး၏ အလိုပြည့်အောင် ဟောတော်မူအပ်သောကြောင့် "ပရိပုဏ္ဏသက်ပ်ံ ကုရုမာနော"ဟု မိန့်သည်။

ယထာဘိရန္တံ။ ။ဘုရားရှင်တို့မှာ ပင်ကိုယ်ကပင် ပျင်းရိမှု, မမေ့လျော့မှု မရှိသောကြောင့် "ယထာဇ္ဈာသယံ ယထာရုစိတံ ဝါသံ ဝသိတွာ"ဟု မိန့်သည်။ ယထာဘိရန္တံ၌ ပါသော အဘိရန္တသဒ္ဒါသည် အဘိ-ရုစि၏ ပရိယာယ်ဖြစ်ပါသည်။ အဿာဒ၏ ပရိယာယ်မဟုတ်ပါ။ သာယာမှုကြောင့် အချို့အရပ်မှာ နေသူအတွက် သာယာဖွယ်ဝတ္ထု ကင်းကွာလျှင် ထိုပုဂ္ဂိုလ်မှာ ထိုအရပ်၌ မမေ့လျော့မှု ဖြစ်တတ်ပါသည်။ ထိုသာယာမှု မမေ့လျော့မှု ပျင်းမှုမျှားသည် ရဟန္တာမျှားမှာပင်မရှိ။ ဘုရားရှင်မှာ မရှိသည်မှာ ပြောစရာပင်မလို။ ထို့ကြောင့် ဘုရားရှင်တို့မှာ ပျော်လို့နေ ပျင်းလို

သွားမှုမည်သည် မရှိပါ။ အမှန်အားဖြင့် ဝေနေယျတို့ကို ဆုံးမခြင်းအကျိုးငှာ သီတင်းသုံးတော်မူကြ၍ သီတင်းသုံးဆဲအရပ်မှာ ဆုံးမခြင်းကိစ္စပြီးလတ်သော် ဝေနေယျတို့ကို ဆုံးမခြင်းအကျိုးငှာပင် ထိုအရပ်မှ အခြားအရပ်သို့ကြွတော်မူသည်။ (အယမေတ္တ ယဿာရုစိ) ယဿာဘိရန္ဓ-ကျွတ်ထိုက်ကြသား ဝေနေမျှားကို ယောက်ထားရှုမြော် အသိုတော်အတိုင်း ဟု အနက်ပေးပါ။

ဗုဒ္ဓါစိဏ္ဏကသာ နိဋ္ဌိတာ။

ဃမန္တပါသာဒိကာ။ ။

၁။ အာစရိယပရမ္ပရတောဘဒ္ဒ-ဥပါလိဒါသကောစေဝ စသည်ဖြင့် ဆရာအစဉ်အဆက်ကို ပြုပုံအားဖြင့်လည်းကောင်း။

၂။ နိဒါနဝတ္ထုပ္ပဘေဒဒီပနတော-ဗောဓိရနိဒါန်း, အဘိဓမ္မရနိဒါန်း, သိက္ခာပုဒ်နိဒါန်းဟူသော နိဒါန်းအပြား၊ ထေရဝါဒဟူသော ဝတ္ထုအပြားအား ဖြင့်လည်းကောင်း။

၃။ ပရသမယဝိဝဇ္ဇနတော-သကာယ ပဋိညာယ မေတ္တိယံ ဘိက္ခုနီ နာသေထ စသော ပါဋိရပ်တို့၌ မှားယွင်းစွာကျင့်ကြ ယူဆကြသော အခြားပုဂ္ဂိုလ်တို့၏ အယူမျှားနှင့် မဆရာအောင် ပြခြင်းအားဖြင့်လည်းကောင်း။

၄။ သကသမယဝိသုဒ္ဓိတောစေဝ-ပရသမယကိုရှောင်သောကြောင့်ပင် မိမိအယူကို တည်စေ၍ မိမိအယူစင်ကြယ်ကြောင်းအားဖြင့် လည်းကောင်း။

၅။ ဗျဉ္ဇနပရိသောဓနတော-သဒ္ဒါပုဒ်ပါ၌ ဝိဂြိုဟ်ဝစနတ်ကို သုတ်သင်ခြင်းအားဖြင့်လည်းကောင်း။

၆။ ပဒတ္ထတော-ပုဒ်နက်အားဖြင့်လည်းကောင်း။

၇။ ပါဋိယောဇနက္ကမတော- ပါဋိတော်ကိုယောဇနာပုံ အစဉ်အားဖြင့်လည်းကောင်း။

၈။ သိက္ခာပဒနိစ္ဆယတော-သိက္ခာပုဒ်ကို ဆုံးဖြတ်ခြင်း အားဖြင့်လည်းကောင်း။

၉။ ဝိဘာဂ်နယဘေဒဒဿနတော— တံ်ဃော ကွယ်ရော စသော ပဒဘာဇနီအားလျော်စွာ နည်းအထူးအပြားကို ပြခြင်းအားဖြင့် လည်းခံကာင်း၊ ဉာဏ်စက္ခုဖြင့်ကြည့်ရှုကြသော ပညာရှိများ၏ စိတ်ဘဝင်ကို မကြည်လင်စေသောအရာ ဤအဋ္ဌကထာ၌ လုံးဝ မရှိပါ။ အားလုံးကျေနပ်စရာချည်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ဤအဋ္ဌကထာသည် သမန္တပါသာဒိကာ မည်ပါသည်။

ဝေဝရဒ္ဓကလက္ခဏအမှင့်ပြီ ပါပြီ။

သာရတ္ထဒီပနီဋီကာ ပထမတဲ့ ဤတွင်ပြီးပါပြီ။

ဝိမတိဝိနောဒနီဋီကာ

ဂန္ဓာဝရမ္ဘကထာဝဏ္ဏနာ

မဟာကာရုဏိကော။ ။ဤဝိနည်းဒေသနာတော်သည် ကရုဏာပြဋ္ဌာန်းသော - ဉာဏ်တော်ကြောင့်ဖြစ်သည့်အတွက် ကရုဏာပြဋ္ဌာန်းသော ချီးမွမ်းမှုကို အားထုတ်တော် မူပါသည်၊ မဟာကာရုဏိကဂုဏ်တော်မှ ကြွင်းသော ဘုရားဂုဏ်တော်တို့သည် မဟာကရုဏာ အရင်းခံရှိကြသောကြောင့် ကရုဏာသဒ္ဒါဖြင့် မန္ဒိုင်းယှဉ်အပ်၊ မန္ဒိုင်းယှဉ်နှိုင်အောင် စွမ်းအင်ကြီးမားကြသောဘုရားဂုဏ်အားလုံးတို့ကိုလည်း နည်းအားဖြင့် ယူအပ်ပြီးသည်သာဟု မှတ်ပါ။

မဟာဝိဟာရသ ဧဋ္ဌပမာ။ ။"မဟာဝိဟာရသ"ဖြင့် အခြားနိကာယကို ကန့်ပါ၊ ဝိဟာရသဒ္ဒါဖြင့် မဟာဝိဟာရ၌နေသော်ရဟန်းတော်များကိုလည်းကောင်း၊ ထိုရဟန်းတော်များနှင့် အယူတူသောရဟန်းတော်အားလုံးတို့ကို လည်းကောင်း ယူရမည်။ ထို့ကြောင့် မဟာဝိဟာရဂိုဏ်းသားတို့၏ အယူသီလစင်ကြယ်မှုကို သိရကြောင်းဖြစ်သောကြောင့် အရှင်မဟာကဿပ စသော မထေရ်ကို့ကို 'မဟာဝိဟာရသ ဧဋ္ဌပမာ"ဟု ဆိုသည်။

မဟာအဋ္ဌကထာကို အထည်ကိုယ်ပြု ဟူသည်။ ။မဟာအဋ္ဌကထာ တကျမ်းလုံးကို ဤ၌ ယူထားသောကြောင့် မဟာအဋ္ဌကထာကို အထည်ကိုယ်ပြုသည်ဟု ဆိုပါသည်။

အန္တောဂဓထေရဝါဒံ။ ။အဋ္ဌကထာကိုသာယူ၍ သံဝဏ္ဏနာ ပြုမည်ဟု ဆိုသော် အဋ္ဌကထာများ၌ လာသောထေရဝါဒများကို ချန်ထားခဲ့သေမည်လားဟု ထင်မှားဖွယ်ရှိသဖြင့် ထိုထေရဝါဒများကိုလည်း အတွင်းပြုလိုရ၍ "အန္တောဂဓထေရဝါဒံ"ဟု မိန့်သည်။ ထေရ-ဝါဒများကိုလည်း အတွင်းပြု၍ ဟု ဆိုပါသည်။

ပမာဒလေခ။ ။ထပ်ခါထပ်ခါရေးသူတို့သည် အမှတ်တမဲ့ သတိမထားမိပဲ အခြားနေရာ၌ ရေးသင့်သည်ကို ရေးသင့်ရာ နေရာမှ

အခြားနေရာ၌ မရေးခြင်းဟုသည်၏အစွမ်းဖြင့် ဖြစ်သော အရေးအသားသည် ပမာဏလေးမည်၏။

ဂန္ဓာရမ္ဘကထာ နိဋ္ဌိတာ။

ဗာဟိရနိဒါနကထာ

သကကဝစကျသရိယာနုပ္ပဒါနေန။ ။ကဝစ သည် သက်နှီး၏ ဥပမာဖြစ်၍၊ ကျသရိယကား သမာပတ်၏ ဥပမာ ဖြစ်ပါသည်။

အဓမ္မော ဒ်ိပ္ပတိ၊ ဓမ္မော ပဋိဗာဟိယျတိ။ ။သာရတ္ထဒီကာ၌ အဓမ္မမည်သည် အကုသလကမ္မပထတရား (၁၀) ပါးဟု ဖွင့်ဆို၏၊ သို့သော် သင်္ဂါယနာတင်ခြင်းငှါ အားတက်စေမှု ဖြစ်စေရာ ဌာနဖြစ်သောကြောင် ဓမ္မဝိနယတို့ကိုသင်္ဂါယနာမတင်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် အပြစ်ကို အဓမ္မအရကောက်၍ သင်္ဂါယနာတင်ခြင်းကြောင့် ရရှိမည့် အကျိုးကို ဓမ္မ အရ ကောက်သင့်သည်။

တနည်း–"အဓမ္မဝါဒိနော ဗလဝန္တော ဟောန္တိ ဓမ္မဝါဒိနော ဒုဗ္ဗလာ ဟောန္တိ"ဟု ဆိုအပ်လတ္တံ့ ဖြစ်သောကြောင့် သုဘဒ္ဒ, ဝဇ္ဇိပုတ္တက, စသော ပုဂ္ဂိုလ်တို့၏ အဓမ္မဝါဒီဖြစ်ကြောင်း သီလဝိပတ္တိ စသည်အကြောင်းရှိသော ပါပိစ္ဆတာ စသောအပြစ်အပေါင်းကို အဓမ္မ အရ ကောက်၍ ဓမ္မဝါဒီရဟန်း တော်မျာ၏ ဓမ္မဝါဒီဖြစ်ကြောင်း သီလသမ္ပဒါ စသည် အကြောင်းရှိသော အပိစ္ဆတာ စသောဂုဏ်အပေါင်းကို ဓမ္မအရကောက်ပါ။

နဝါယံ ကုမာရကော မတ္တမညာသိ။ ။(၁) အရှင်အာနန္ဒာ မထေရ်၏ တရုံတခါ စောင်စည်းမှု မရှိသော သီတင်းယယ်သဒ္ဓိဝိဟာရိက ပရိသတ်နှင့်မဟာတူ ဇနပုဒ် ပေသဟာရိကြွေမှုကြောင့် လည်းကောင်း၊ (၂) ထိုသဒ္ဓိဝိဟာရိကတို့၏ တပြိုင်နက်တည်း လူထွက်မှု ကြောင့်လည်းကောင်း အရှင်မဟာကဿပသည် အရှင်အာနန္ဒာကို နှိမ်လိုစိတ် "နဝါ ယံ ကုမာရကော မတ္တမညာသိ"ဟု ဆိုပါသည်။ (ဝါ-သည်ပဒ ပူရဏ)

ကထာဒေါသော။ ။ကထာဒေါသ ဟူသည်-စကားမမှန်ခြင်းတည်း။

ပိဇနိ ဂဟေတွာ။ ။ဓမ္မကထိက များသည် ဟတ္ထကုက္ကုစ္စကို ပယ်ဖျောက်ခြင်း, မျက်နှာဖောက်ပြန်မှုကို ဖုံးလွှမ်းခြင်း အကျိုးငှာ ယပ်တောင်ကိုင်လေ့ ဓမ္မတာရှိ၏။ ထိုဓမ္မတာကို ပြုခြင်း အကျိုးငှာပင် ဘုရားရှင်နှင့် သာဝကများသည် ယပ်ကိုကိုင်ကြပါသည်။ ထို့ကြောင့်ပင် စောင့်စည်းမှု၏အထွတ်အထိပ်သို့ ရောက်တော်မူကြသောဘုရားရှင်နှင့်သာဝကများသော်မှ ဓမ္မကထိကတို့၏ ဓမ္မတာကို ပြုခြင်းငှာပင် ဆန်းကျယ်သော ယပ်ကို ကိုင်တော်မူကြသည်။

ဝိမုတ္တိရသံ။ ။အရဟတ္တဖိုလ် ဟူသော သာယာအပ်သော အရသာရှိ၏။ (အသာဒရသ)
ဝါ-အရဟတ္တဖိုလ်ဟူသော သမ္ပတ္တိရသရှိ၏။(သမ္ပတ္တိရသ)
ဝါ-ကိလေသာမှလွတ်ခြင်း ကိစ္စရှိ၏။(ကိစ္စရသ)

ပါဠိပဒဒိဝသေ။ ။ဤပုဒ်ကို "ပစ္စဝေက္ခန္တိသ ဥပ္ပန္နာ" ပုဒ်နှင့် စပ်ပါ။ လပြည့်ကျော် (၁)ရက်နေ့၌ သဗ္ဗညုအဖြစ်သို့ ရောက်သည်မဟုတ်သောကြောင့် "နိ သဗ္ဗညုဘာဝပ္ပတ္တသ" ပုဒ်နှင့်မစပ်ရ၊ လပြည့်ကျော်(၁)ရက်နေ့မှာ ဘုရားဖြစ်သည်မဟုတ်၊ ဆင်ခြင်သည်ဟူလို။

သောဠသပရိဝါရာ။ ။

၁။ ပညတ္တိဝါရ	၅။ သမုဋ္ဌာန
၂။ ကတာပတ္တိ	၆။ အဓိကရဏာ
၃။ ဝိပတ္တိ	၇။ သမထ
၄။ သင်္ဂဟ	၈။ သမုစ္စယ

ဤ၁ခုသည် ပစ္စယသဒ္ဒါဖြင့် ဝိသေသနပြု၍ ထပ်ဆင့် ဟောအပ်သော ၎င်း(၈)ဝါရ၊ ပေါင်း(၁၆)ဝါရ ဖြစ်ပါသည်။

ပစုရာပရာဓာ။ ။အပြစ်များသော်ကြောင့် အရှင်သေယျသက ထေရ်စသည်တို့ကို "ပစုရာပရာဓ"ဟု ဆိုသည်။

ဝိသယတော အသမ္ဘောဟတော စ။ ။ဝိသယတောသည်လောကီအဝေါဓအတွက်ဖြစ်၍ အသမ္ဘောဟတောကား လောကုတ္တရာအဝေါဓအတွက် ဖြစ်သည်။ မှန်၏။ လောကီအဝေါဓသည်

အတ္ထ စသည်ကို အာရုံပြု၍သာ ဖြစ်နိုင်သောကြောင့် လောကီအဝေဒေါကို "ဝိသယအဝေဒေါ" ဟု ခေါ်ကြ၍ လောကုတ္တရာအဝေဒေါကား နိဗ္ဗာန်ကို အာရုံပြုသည့်အဟုတ် ထိုဓမ္မဒေတ္ထ စသည်ကို အာရုံမပြုပဲလည်း ထိုမမ္မအတ္ထ စသည်လျှင် အရာရှိသော မေဟတို့ ဖျက်ဆီးသောဖောဟနေ့ကြောင့် မမ္မစသည်တို့၌ ဖြစ်ခြင်းကြောင့် လောကုတ္တရာအဝေဒေါကို "အသမ္မောဟဖောဝေဒေါ" ဟု ဆိုပါသည်။

စဘုရာသီတိသဟဿာနိ။ ။ဤစကားကို ဘုရားသခင်တော်ထင်ရှား ရှိစဉ်က သင်ယူခဲ့သောဓမ္မကွန်ရာ၏ အစွမ်းဖြင့်ဆိုပါသည်။ ပရိနိဗ္ဗာန်စံပြီးနောက် အရှင်အာနန္ဒာ ဟောအပ်သော သုတ်သုတ်, ဂေါ်ဝေါ်ကမောဂ္ဂလ္လာနသုတ်၊ဟတ်ယသင်္ဂါယနာတင်ပွဲ၌အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ဟော်အပ်သော ကထာဝတ္ထုကျမ်းများ ရှိသေးရ၍ ယခုဖောခ၊ ရှစ်သောင်းလေးထောင်ထက် ကျော်သည်ဟုမှတ်ပါ။

တတိယ သင်္ဂါယနာ

တိသု ဝေဒေသု။ ။ကုန္ဓ,ယဇု,သာမ ဟူသော ဝေဒ(၃)မျိုးကိုသာ အဋ္ဌ-က စသော ရသေ့ သူတော်စင်တို့သည် လောကလူသားတို့အား နတ်ပြည်လမ်းကို ထင်ရှားပြခြင်း အကျိုးငှာ ထားခဲ့ပါသည်။ ထို့ကြောင့် ဤ(၃)မျိုးကိုသာဆိုပါသည်။ အာထဗ္ဗဏဝေဒကား— အဓမ္မိကပြာဟ္မဏတို့ အသက်သတ်မှု စသည် အကျိုးငှာ နောက်မှ ထည့်ထားအပ်သော ဝေဒတည်း။ ရှေ့ဝေဒ(၃)ပါးတို့၌လည်း ဓမ္မိက နည်းများကို ဖယ်၍ အဓမ္မိကနည်းများကို အဓမ္မိကပုဏ္ဏားတို့ ထည့်ထားသည်ဟု သိပါ။

ထေရော တဿ သမ္မဒ္ဓိတဌာနံ ပုန သမ္မဒ္ဓိ။ ။ရောက်သစ်စ အာဂန္တုကတို့၏ လဒ္ဓိသဘာဝကို လည်းကောင်း၊ ခန္ဓာ, မေတ္တာ စသော ဂုဏ်နှင့်ပြည့်စုံမှုကို လည်းကောင်း နှစ်ရက်သုံးရက် သေသေချာချာစုံစမ်းပြီးမှသာ ဟတ္ထကမ်စသည် လက်ခံမှု ချီးမြှောက်မှုများ ပြုသင့်ပါသည်။ ထို့ကြောင့်ကိုရင်နှင့်တကွ အခြားအတုယူလိုသူများ သိစေခြင်း အကျိုးငှာ မသေရ်မြတ်သည် ကိုရင်၏ ဘဗ္ဗရူပ အဖြစ်ကို အဘိ-ညာဉ်ဖြင့် သိသော်လည်း တဖန်တံမြက်လှဲမှု စသည်ကို ပြုပါသည်။

ဌပေတွာ ဝိနယပိဋကံ။ ။အလုံးစုံသော ဝိနည်းပိဋကတ်အကျင့်ကို ဟောနိုးတော်များအဟုတ်သာ စီရင်အပ်ရကား ဝိနည်း

သင်ယူမှုသည်လည်း ရဟန်းတော်များအားသာ လျော်သောကြောင့် "ဌပေ-တွာ ဝိနယပိဋကံ"ဟု ဆိုပါသည်။

ဟဒတ္ထ ပတိဋ္ဌာပေတွာ။ ။အရှင်မောဂ္ဂလိပုတ္တတိသာထေရ်၏ စိတ်ဌိတည်စေအပ်သော်လည်း ဘုရားစကားတော်ကို လုံခြုံစေခြင်းငှါ အပ်နှင်းအပ်ကြောင်းကို ပြုခြင်းငှါ "ဟတ္ထေ ပတိဋ္ဌာပေတွာ"ဟု မိန့်၏။

မောဂ္ဂလိပုတ္တတိသထေရသ ဘာရမကာသိ။ ။(၁) မထေရ်မြတ်၏ အာနုဘော် ကြီးကြောင်းကိုလည်းကောင်း၊ (၂) ထိုအချိန်က သာသနာရေးကိစ္စမှန်သမျှ၏ ရှေ့ဆောင်နာယကဂုဏ်အဖြစ်ကိုလည်းကောင်း ဘုရင်မင်းမြတ်သိစေလိုရှိ တာဝန်ပေးပါသည်။ အခြား ရဟန်းတော်များ မသိသောကြောင့် (မဖြေတတ်သောကြောင့်) တာဝန်ပေးသည် မဟုတ်ဟူလို။

သာသနသ ဒါယာဒေါ။ ။သာသနာတော်၏ အတွင်းလူ ဆွေမျိုးဖြစ်, မဖြစ် မေးလိုရင်းတည်း၊ သာသနာတော်အားရှင်ရဟန်းပြုရန် သားသမီးများကို စွန့်လွှတ်သူတို့သည် သာသနာတော်၌ သာ-လောဟိတဘာတက တို့မည်၏။ တသာသနာလုံးကို ဆောင်မှု၌ စွမ်းနိုင်သော မိမိ၏သားတော် သမီးတော်တို့ကို စွန့်မှုကြောင့် ပစ္စယ ဒါယကာမျှမက (သာသနဒါယကာဖြစ်ပြီ) ဟူသော အနက်ကို ရည်ရွယ်၍ မထေရ်မြတ်သည် "နမခါ မဟာရာဇ ဘောဝတာ သာသနသ ဒါယာဒေါ ဟောတိ" ဟု မိန့်သည်။

အာဒိစ္စံ အနုပရိဝတ္တန္တိ။ ။နေထွက်ရာအခါမှစ၍ နေကို ကြည့်ကုန်လျက် နေဝင်သည့်တိုင်အောင် နေကို ရှုကုန်လျက်သာ လှည့်လည်ကြ၏။

ဒီပကတိတ္ထိရ ဟူသည်။ ။ဌက်မုဆိုးတို့သည် ဇာတ်တူခါတို့ကို ဖမ်းခြင်းငှာ ကျွေးမွေးသင်ပြ၍ ကျောက်ကွင်း ထောင်ရာဌာနခ၌ ထားအပ်သောခါတည်း။

အာစရိယဝေါဟာရမှတ်ထောင်ကျမ်း

ဣမံ ဒီပံ။ ။သီဟိုဠ်ကျွန်းပေါ်ထိုင်၍ ဗုဒ္ဓဃောသ မဟာထေရ်ဆရာသည် အဋ္ဌ-ကထာကို ပြုအပ်သောကြောင့် သီဟိုဠ်ကျွန်းကို "ဣမံ ဒီပံ" ဟု ဆိုသည်။

နိကာယေ ပဏ္ဍ ဝါဒေသုံ။ ။ဝိနည်း အဘိဓမ္မာတို့ကို သီးခြားယူထား သောကြောင့် ဝိနည်းအဘိဓမ္မာမှ အလွတ်ဖြစ်သော နိကာယ် (၅)ခုကိုသာ "နိကာယေ ပဏ္ဍ" အရယူပါ။

အမတောသခံ။ ။အမတောသဓ မည်သည် သကြားလုံးမျိုး (ဆေးခုံချင်း) တည်း။ အမြိုက်ဆေးနှင့် တူသော ကိစ္စရှိသောကြောင့် ဤဆေးကို "အမတောသဓ"ဟု ဆိုသည်။ [ဂုဋ္ဌိက-ကို ဘာသာဋီကာက သကြားလုံးဟု လည်းကောင်း၊ ဂဏ္ဌိသဒ်က ဆေးခုံချင်းဟု လည်းကောင်း၊ ပြန်ဆိုတော်မူကြ၏။]

သကလဇမ္ဗုဒီပဂဇ္ဇေန ပူဇေမိ။ ။အလုံးစုံသော ဇမ္ဗူဒီပ်မင်း အဖြစ် နှင့် ပူဇော်ဟူသည်–အလုံးစုံသော ဇမ္ဗူဒီပ်မှ ရရှိသောအခွန်များဖြင့် လည်းကောင်း၊ အာဏာများဖြင့် လည်းကောင်း ပူဇော်ခြင်းတည်း။ တမြေပြင်လုံးမှာရှိသော ပြာသာဒ် စသည်တို့ဖြင့် ပူဇော်သည်မဟုတ်ပါ။ ဘာကြောင့်နည်း- ကာလပိုင်းခြား၍ လှူခြင်းငှာ မသင့်သောကြောင့်တည်း။ပြာသာဒ် စသည်ကို လှူသည်ဟုယူလျှင် တာဝကာလိက ဖြစ်ပေလိမ့်မည်။ ဒါန ဟူသည်–ဝတ္ထုပရိစ္စာဂလက္ခဏာ ရှိရသောကြောင့် လည်းကောင်း၊ စွန့်လှူပြီးကို ပြန်ယူမှုသည် မသင့်သောကြောင့် လည်းကောင်း တာဝကာလိကဒါနသာဖြစ်၍ ဇဏယ်အလှူမမြောက်၊ ရက်သတ်မှတ်၍ အခွန်အတုတ် စသည်တို့ကို လှူလျှင်ကား သတ်မှတ်ရက် နောက်ဌ မစွန့်လှူသောကြောင့် ယူကောင်းပါသည်။

ဣဒမသ ဘတိယံ။ ။ရှေဖျဉ်းအိုးဌ ဘည်သော အခက်ဗောဓိအား (ပင်ပွား ဗောဓိအား)ဟိုင်းပြည်ဖြင့် ပေးလှူပူဇော်မှုကို ရည်ရွယ်၍ "ဣဒမသ ဝ:ဘိယံ" ဟူသောစကားကို ဆိုပါသည်။ ရှေဖျဉ်းအိုးဌ မတည်မီရှေ့ဌ ဘကြိမ် တိုင်းပြည်ဖြင့်ပေးလှူ ပူဇော်မှုကို အခက် မဖြတ်ခင် မဟာဗောဓိပင်ဌပင် ပြုဖူးပါသည်။ ထိုပ:ကြိမ်နှင့် ပေါင်းလျှင် ဗ:သောက မင်းသည် တိုင်းပြည်ဖြင့်(၄)ကြိမ် ပူဇော်ခဲ့ပါသည်။ တိုင်းပြည်ဖြင့်ပူဇော်ရ-

နေမျှားခ်ဉ် အလုံးစုံသော ဇမ္ဗူဒီပ်မှဖြစ်သော အခွန်အတုတ်ကိုယူ၍ မဟာ ဗောဓိပင်ကိုသာ ပူဇော်ပါသည်။ (သာဂတ္ထဉ်လည်း ရေးခဲ့ပါသည်၊ သိပ် မရှင်း၍ ထပ်ရေးပါသည်။)

တံ ဝိဘူတိ ပဿိတ္ဝာ။ ။နတ်စသည်တို့ ပြုအပ်သော ပူဇော်မှု၏ကြီးကျယ် ပုံနှင့် မဟာဗောဓိပင်၏ အာနုဘော်ကြီးပုံကို "ဝိ-ဘူတိ"ဟု ဆိုသည်။ ထိုကြီးကျယ်မှုနှစ်မျိုးကို နဂါးတို့မြင်ကြ၍ ထေရီမကို ဟောင်းပန်ခါ မဟာဗောဓိပင်ကို နဂါးပြည်သို့ တဖန် ပြန်ဆောင်ပြီးလျှင် (၇)ရက်တိုင်တိုင် နဂါးဘိုင်းပြည်ဖြင့် ပူဇော်၍ လှေပေါ်ခ် ပြန်လည်တည် စေကြပါသည်။

ပူးဇတ္ဝာ ဝန္ဒိ။ ။မထေရ်သည် တည်လတ္တံ့သော မဟာစေတီကို ရှိခိုးပါ သည်၊ ရှေးမဟာဝိဟာရဌာနခ်ဉ်ကား ပူဇော်ရုံသာပူဇော် ခဲ့၍ ရှိခိုးမှုမပြုခဲ့ပါ။ ထို့ကြောင့် အနာဂတ်သံဃာ၏ နဝက ဖြစ်ကြောင်း နှင့် အဝန္ဒိယဖြစ်ကြောင်းကို ထင်ရှားပြသည်ဟုသိပါ။ နောင်အခါပွင့်တော် မူမည့် မေတ္တေယျ စသော ဘုရားရှင်များနှင့် ပစ္စေကဗုဒ္ဓါတို့ကိုကား တရား ဖြစ်ရာအခိုက်ကို အာရုံပြု၍ ရှိခိုးထိုက်ပါသည်။ ဘာ့ကြောင့်နည်း-သဘာဝ ဝိသိဋ္ဌပုဂ္ဂိုလ်များဖြစ်သောကြောင့်တည်း။

အာကာသံ မဟာဝိရုဝံ ရဝိ။ ။မင်္ဂလာနိမိတ်အနေဖြင့် ကောင်းကင်ခ်ဉ် ဖြစ် ပေါ်လာသော စိတ်နှလုံးကို ဆွဲဆောင်နိုင် သောအသံသည် ကောင်းကင်၏အသံနှင့်တူသောကြောင့် "အာကာသံ မဟာ-ဝိရုဝံ ရဝိ"ဟု ဆိုပါသည်။ မှန်၏။ အာကာသမည်သည် အသံကို ဖြစ်စေ နိုင်သော သဘောတရားမျိုး မဟုတ်ပါ။ ထိုအသံသည် အာကာသင့်ဖြစ်သော ဥကုအယူးကြောင့် ဖြစ်ပေါ်လာသော အသံဟုသာယူပါ။

ဝေရဇ္ဇကလ္ယာဝဏ္ဏနာ

သမယောပိ ခေါ တေ ဘဒ္ဒါလိ။ ။သမယ-သိက္ခာပုဒ်ကို မကျော်လွန်ခြင်း ၏ အကြောင်းဟူသည်- မိမိ၏ ပေါက် ပေါက်ပြန်ပြန် ကျင့်ခြင်းကို ဘုရားရှင်သိတော်မူခြင်းတည်း။

ဥဂ္ဂဟ်မာနော။ ။အနည်းငယ်သင်ယူခြင်းဌာ စွမ်းနိုင်သောကြောင့် ဥဂ္ဂဟ-
မာနဟု ခေါ်သည်။ ငယ်အမည်မှာ သုမနပရိဗ္ဗာဇက-
တည်း။ (သာရတ္ထနှင့်မတူ)

ဝိဟာရလေးမျိုး

၁။ သူတပါး၏စီးပွားကို လိုလားသောစိတ် စသည်တို့၏အားစွမ်းဖြင့်
ဖြစ်သောကြောင့် မေတ္တာစသည်သည် ဗြဟ္မဝိဟာရမည်၏။

၂။ ထိုမေတ္တာစသည်မှတပါး ကြွင်းသောမဟဂ္ဂုတ်တရားများသည်
ဒိဗ္ဗဝိဟာရမည်၏။ [မေတ္တာစသည်တို့ကို ဗြဟ္မဝိဟာရအဖြစ် ဖြင့်
သီးခြားယူအပ်ပြီးသောကြောင့် ဤဒိဗ္ဗဝိဟာရ၏အရဏ် မယူ
ရပါ။]

၃။ ဖလသမာပတ်သည် အရိယဝိဟာရမည်၏။

၄။ သွား, ရပ်, ထိုင်, လျောင်းသည် ဣရိယာပထမည်၏။

ဒိဋ္ဌိသီလသာမညသယ်ာတေန။ ။အယူသီလ၏ တူမျှသည်၏အဖြစ်ဟု ဆိုအပ်
သော ဂုဏ်အားဖြင့် ပေါင်းအပ်သောဟု
အနက်သိပါ။ ''ဒိဋ္ဌိသီလသာမညသယ်ာတသယ်ာတေန''ဟု ပါဠိရှိခဲ့သော်
အယူသီလ၏တူမျှ သည်၏ အဖြစ်ဟူသောပေါင်းခြင်းဖြင့် ပေါင်းအပ်သောဟု
အနက်ပေးနိုင်၍ ''ယုတ္တတရပါဠိ''ဟု ဝိမတိဋီကာဆရာ မှတ်ချက်ချတော်
မူ၏။

ဣဒ္ဓိသိလသာမညသယ်ာတေန။ ။အဇ္ဈာဂုဏတော်၌ အဘိသင်္ခါသည် လွှမ်းမိုးရှိတက်ပုံ
အပြားကို ပြနိုင်ခြင်းကြောင့် ဣဒ္ဓိတ္ထမ္ဘာ။တာဝျာ-
နတ္ထဇောတက မည်၏။ ထိုအဘိသင်္ခါနှင့်ယှဉ်သည့် အတွက် ''တံ ခေါ ပန
ဘဝန္တံ ဂေါတမံ''၌ ဒုတိယာဝိဘတ်သည် သာမိအနက်၌ ဖြစ်ပါသော်
လည်း ဣဒ္ဓိတ္ထမ္ဘာ။တာဝျာနကို ပြနိုင်သောကြောင့် ''ဣဒ္ဓိတ္ထမ္ဘာ။တာဝျာနတ္ထေ''
ဟု ဆိုသည်။ ထို့ကြောင့် ''စာသ ခေါ ပန ဘောတော ဂေါတမသ္သ။တိ
အဇ္ဈာ''ဟု အဋ္ဌကထာဆရာ မိန့်ဆိုသည်။ သာမိအနက်ဖြင့်လျှက် ဆင်ခြင်-
ဝိဘတ်မသက်ပဲ ဒုတိယာဝိဘတ်သက်ခြင်းမှာလည်း ထိုဣဒ္ဓိတ္ထမ္ဘာ။တာဝျာနတ္ထ-
ဇောတကအဘိသင်္ခါနှင့် ယှဉ်ခြင်းကြောင့်ပင်တည်း။

ကိတ္တိသဒ္ဒေါ။ ။ရှုံးရိုးသဒ္ဒသက်သက်မဟုတ် ကိတ္တိဖြစ်သောသဒ္ဒဟု ပြုခြင်း
ဌာ ကိတ္တိပုဒ်ဖြင့် ဝိဒသသနပြုတော်မူပါသည်။ ထို့ကြောင့်
''ကိတ္တိရေ''ဟု ဖွင့်သည်။

ဝါသနာ။ ။ဝါသနာ ဟူသည်- ကိလေသာမရှိတော့သော်လည်း အလုံးစုံသော သိဖွယ်တို့ကို မသိခြင်းစသော ဒွါရသုံးပါးခ္ဍာဖြစ်သော ပဒေယျာဂဟူသော, ဂုဏ်မဲ့ခြင်း၏ အကြောင်းဖြစ်သော, ကိလေသာတို့ကို ချန်ထားခဲ့သော အခြင်းအရာတည်း။ ဥပမာ-အချိန်ကြာစွာ သံခြေချင်းခတ်ထားသော ခြေထောက်မှာ သံခြေချင် ဖြုတ်ပြီးသော်လည်း တွန့်နေခြင်း၏ အကြောင်းဖြစ်သော သံခြေချင်းကထားခဲ့သော အခြင်းအရာကဲ့သို့တည်း။ အရှင်ပိလိန္ဒဝဿ စသည်တို့၏ ဝသလဟု ခေါ်ခြင်းစသည်မှာ ဤဝါသနာ ကြောင့်တည်း။

ဣမိနာစ ဣမိနာစ။ ။ဤပါဠိဖြင့် အရဟံစသော ပုဒ်တို့၏အသီးအသီးများ စွာသော ဂုဏ်အပေါင်းကိုခွဲ၍ ဖြစ်ကြောင်းကို ပြုပါသည်။[သာရတ္ထဒီ အကျယ်ပြု၏၊ ပီထက်လည်း ပိုရှိကောင်းသည်ဟု ယူဆပါသည်။]

အဝိဇ္ဇာမူလကတ္တာ ဇရာမရဏပရိယောသာနတ္တာ။ ။အဝိဇ္ဇာသည် သင်္ခါရ၏သာ အကြောင်းဝိညာဉ် စသည်တို့၏ အကြောင်းမဟုတ်၊ ဇရာမရဏလည်း ဇာတိ၏သာ အဆုံး, ဘဝသည်တို့၏ အဆုံးမဟုတ်၊ပဋိစ္စသမုပ္ပါဒ် ပါဠိ၌လည်း "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ။ပေ။ ဇာတိပစ္စယာ ဇရာမရဏံ" ဟုသာ ဟောတော်မူသည်။ ထို့ကြောင့် "အဝိဇ္ဇာမူလကတ္တာ ဇရာမရဏပရိယန္တတ္တာ" ဟူသော စကားသည် မသင့်ဟူပြားအုံ့။ အဖြေကား-သင်္ခါရအစ ဇာတိအဆုံးရှိသောတရား (၁၀)ပါးတို့ကို အကန့်အဖြစ်ဖြင့် တခုတည်းအဖြစ်သို့တင်၍ဆိုခြင်းကြောင့် သင့်ပါသည်။

တနည်း-ယင်းသင်္ခါရစသည်တို့၏လည်း ထိုက်သည့် အားလျော်စွာ အနက်သဘောအားဖြင့် အဝိဇ္ဇာအကြောင်းရင်းရှိသည်၏ အဖြစ်ကို လည်းကောင်း၊ မိမိ မိမိ၏လက္ခဏာဖြစ်သော ခဏိက ဇရာမရဏ၏ အစွမ်းဖြင့် ဇရာမရဏ အဆုံးရှိသည်၏အဖြစ်ကိုလည်းကောင်း ရည်ရွယ်၍ ယင်းကိုဆိုသောကြောင့် သင့်၏ဟူလို။ ယင်းသို့ယူမှ ယင်းသင်္ခါရစသည်တို့၏ အသီးသီး အကန့်၏ အဖြစ်ဖြင့် ပြီးပါမည်၊ ယင်းသို့မယူသော် မပြီးပါ။

ဝိပါကဝဋ်။ ။"ဝိပါကာ ဓမ္မာ" စသည်တို့၌ နာမ်တရားများကိုသာ ဝိပါကသဒ္ဒါက ဟောသော်လည်း ဤနေရာ၌ကား ရူပ်နှင့်ရောသော

ဖလပဋ္ဌကကို နာမ်ပြဋ္ဌာန်းသောကြောင့် လည်းကောင်း၊ နာမ်မျှားသော ကြောင့်လည်းကောင်း "ဝိပါကဝဋ္ဋ"ဟု ဆိုပါသည်။

ဓမ္မဋ္ဌိတိဉာဏေန။ ။ဓမ္မဋ္ဌိတိဉာဏေနပုဒ်အရ "ဥတု"၏ ကရိုဏ်းဖြစ်ခိုက် မဟာဝဇိရ ဉာဏ်တော်ကို လည်းကောင်း၊ နိဗ္ဗိန္ဒန္ဓာ၏ ကရိုဏ်းဖြစ်ခိုက် ဗလဝဝိပဿနာ ဉာဏ်ကိုလည်းကောင်း၊ ဝိရဇွန္ဓာ ဝိမုစ္စဝန္ဓာ၏ ကရိုဏ်းဖြစ်ခိုက် အရိယာမဂ်ဉာဏ်ကို လည်းကောင်း၊ ပဒီပ၏ ကရိုဏ်းဖြစ်ခိုက် ယင်းဆိုအပ်ပြီးသော ဉာဏ်တို့ကိုလည်းကောင်း ကောက်ပါ။

မေးဖွယ်–ဝိပဿနာဉာဏ်သာ တေဘူမကကို အာရုံပြုသောကြောင့် ဓမ္မဋ္ဌိတိဉာဏ် မည်သင့်ပါသည်။ အရိယာမဂ်ဉာဏ်ကား နိဗ္ဗာန်ကိုသာ အာရုံပြုရကား အဘယ်သို့လျှင် မြေဋ္ဌိတိဉာဏ် မည်သင့်အုံ့နည်း ဟု မေးဖွယ်ရှိ၏။ **အဖြေကား**–အရိယာမဂ်ဉာဏ်သည်လည်း ကိစ္စအားဖြင့် သမုဒယသစ္စာစသည်ကို သိသောကြောင့် ဓမ္မဋ္ဌိတိဉာဏ် မည်၏ဟူလို။

ဘဂဝန္တံ ဥဒ္ဒိဿ စသည်။ ။တခုတခုသောဓမ္မကွန္ဓာကိုတခုတခုသောကျောင်းဖြင့် ပူဇော်မည်ဟု ဓမ္မကွန္ဓာကို အကြောင်းပြု၍ ကျောင်းပူဇော်မှုဖြစ်သော်လည်း ဘုရားရှင်အပေါ်၌ ချစ်ခင်ကြည်ညိုမှု အခြေခံကာ ဖြစ်ရသောကြောင့် လည်းကောင်း၊ ဓာတ်တော် စသည်တို့နှင့် တကွဖြစ်သော စေတီတို့ဖြင့် ဟန်ဆာဆင်အပ်သောကြောင့် လည်းကောင်း ဘုရားရှင်ကိုသာ ပူဇော်ရာရောက်ပါသည်။ ထို့ကြောင့် "ဘဂဝန္တံ ဥဒ္ဒိဿ" စသည်ကိုမိန့်သည်။

စတ္တာရိ ဗျာနာနိ။ ။အာရုံအထူးကိုမရှင်းပဲ သာမညအားဖြင့် ဗျာန်လေးပါး ဟု ဆိုပါသည်။ ဝိပါက်ကြိယာတို့ကိုလည်း ထိုက်သင့်သလိုယူပါ၊ သမုဒယ သစ္စာဖွဲ့ရာ၌ကား ကုသိုလ်ကောက်ရာ၌ ကုသိုလ်တရားတို့အား ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသောတဏှာကို လည်းကောင်း၊ ဝိပါက်ကြိယာတို့ကို ကောက်ရာ၌ ထိုအတ္တဘောဝ၏ အကြောင်း ဖြစ်သော တဏှာကိုလည်းကောင်း ဖွဲ့ပါ။

ဂစ္ဆတိ အမတံ ဒိသံ။ ။ဒုက္ခမှ ထွက်မြောက်လိုသူတို့သည် ရှုဖြင့်ထိုက်သောကြောင့် အမတ နိဗ္ဗာန်သည်ပင် ဒိသာမည်၏။ ဤပါဠိဖြင့် စရဏတရားတို့သည် သိက္ခာသုံးရပ်ဖြင့် သိမ်းကျုံးအပ်သော အရိယာ

မင်္ဂလာဖြစ်သောကြောင့် နိဗ္ဗာန်ကို အလိုရှိသူတို့သည် ထိုစရဏတို့ကို ကောင်းစွာ လိုလားဆိုက်ကြောင်းကို ပြပါသည်။

ဧကော လောကော။ ။သခ်ၦဟု တရား မှန်သမျှသည် အကြောင်းနှင့်စပ်၍ ဖြစ်ရကား ထိုအကြောင်းနှင့်စပ်၍ ဖြစ်မှုခြင်း တူသဖြင့် သခ်ၦါရလောကသည် တမျိုးတည်းသာဟုဆိုသည်။ လောကဟု လာသမျှ လောကီတရားများကိုချည်းသာကောက်ရမည်။ ဘာကြောင့်နည်း- လောကုတ္တရာတရားများမှာ ပရိညေယျအဖြစ် မရှိသောကြောင့်တည်း။

တိဿော ဝေဒနာ စသည်။ ။ဘဝသုံးပါးတို့၌ သာယာမှုကို ပြခြင်း၏ အစွမ်းဖြင့် ဝေဒနာသုံးပါးတို့ကိုသာ လောကသုံးပါးဟုလည်းကောင်း၊အကြောင်းကိုပြခြင်း၏အစွမ်းဖြင့်အာဟာရလေးပါးတို့ကိုပင် လောကလေးပါးဟု လည်းကောင်း၊ အတ္တဟုယူခြင်း၏အကြောင်းကို ပြခြင်း၏အစွမ်းဖြင့် အဋ္ဌတ္တိကာယဘန(၆)ပါးတို့ကိုပင် လောက (၆)ပါးဟုလည်းကောင်း၊ ရုန်ရင်းထင်ရှားသော သညာရှိသောဘဝတို့ကို ပြခြင်း၏ အစွမ်းဖြင့် ဝိညာဏဋ္ဌိတိ(၇)ပါးတို့ကိုပင် လောက(၇)ပါးဟု လည်းကောင်း၊ သာယာဖွယ် စိတ်ပျက်ဖွယ်တို့ကို ပြခြင်း၏အစွမ်းဖြင့် လောကဓံ(၈)ပါးတို့ကိုပင် လောက(၈)ပါးဟု လည်းကောင်း၊ ရုန်ရင်းထင်ရှားသော အာယတနတို့ကိုပြခြင်း၏အစွမ်းဖြင့် ရုပ်အာယတန(၁၀)ပါးတို့ကိုပင်လောက(၁၀)ပါးဟု လည်းကောင်း မိန့်ဆိုသည်။ ထိုတရားတို့ကို ယူခြင်းဖြင့်ပင် ထိုဘရားတို့၏မြီရှာဖြစ်ကြသော, ထိုတရားတို့နှင့် စပ်ကြသော, ထိုတရားတို့ကို အာရုံပြုကြသော (ထိုတရားတို့၏ အာရုံဖြစ်ကြသော) တေဘူမက ဖြစ်သော နာမ်,ရုပ် တရားအားလုံးကိုပင် အနက်အားဖြင့် ယူပြီးဖြစ်သည်ဟု မှတ်ပါ။

သတ္တလောကောပိ ဝိဒိတော။ ။တရားမှ လွတ်သော သတ္တဝါ မရှိသောကြောင့် သတ္တဝါတို့၏သန္တာန်၌ ဖြစ်သော တရားအထူးကို သိခြင်းဖြင့်ပင် သတ္တဝါလောကကိုလည်း ဘုရားရှင်သိတော်မူပါသည်။

သရေ နိမိတ္တံ အဂ္ဂဟေသိ။ ။ရှေးဘုရားရှင်များ ပွင့်တော်မူရာ အခါများ တုန်းက တရားနာခဲ့သော အလေ့အကျက်ကြောင့် ''ဓမ္မော ဧသော ဝုစ္စတိ''ဟု တရားသံ၌အခြင်းအရာကို ယူနိုင်သည်။ ခဲ့ပါဦးအုံ-လင်းနို့ သားစသည်တို့ကဲ့သို့ဤလိုတ်ရစ္ဆာန်များမှာပုဗ္ဗာဘိယောဂ၏ အစွမ်းကြောင့်သာ တရားနာမှု စသည်တို့၌ ကြည်ညိုမှုဖြစ်ပါသည်။ ဤ

သို့မယူလျှင် တိရစ္ဆာန်အားလုံးမှာပင် ကြည်ညိုမှုဖြစ်နိုင်သည်ဟု ထင်စရာရှိပေလိမ့်မည်။ အကယ်၍ဖြစ်နိုင်လျှင် ဘုရားရှင်သည် အနန္တစကြဝဠာမှာရှိရှိ သမျှသတ္တဝါတို့အား ဟပြိုင်နက်တည်း တရားဟောနိုင်၍ အားလုံးပင်ကျွတ်တန်းဝင်မည်ဟု ထင်စရာဖြစ်သွားမည်။ ပင်ကိုယ်က ကမ္မဿကတာ ဉာဏ်စသည်ပါသော နတ်,လူ,နဂါး,ဂဠုန် စသည်တို့သာ ရှေးဥပနိဿယ မပါသော်လည်း တရားနာမှုစသည်ကြောင့် ဝိဝဋ္ဋဥပနိဿယပသာဒကို ဖြစ်စေနိုင်ကြသည်။ သတ္တဝါတိုင်း မဖြစ်စေနိုင်။

ယသ္မာဝါ စသည်။ ။သမ္မာသမ္ဗုဒ္ဓပုဒ်ထက် ဗုဒ္ဓပုဒ်၏ထူးခြားချက်ကိုပြလိုရှိ ယသ္မာဝါ စသည်ကို မိန့်သည်။ မှန်၏။ သမ္မာသမ္ဗုဒ္ဓပုဒ်ဖြင့် ဘုရားရှင်၏ပဋိဝေဓဉာဏ်တော်စွမ်းကို ဟောပြတော်မူ၍ ဤဗုဒ္ဓပုဒ်ဖြင့် ဒေသနာစွမ်းကိုပါ ဟောပြသည်ဟုမှတ်ပါ။ ထို့ကြောင့် "အညေပိ-သတ္တာ ဗောဓေသိ" စသည်ကို မိန့်သည်။

လိုဏိကံ နေမိတ္တိကံ။ ။ဗာဟိရံ ဒဏ္ဍာဒိ လိဂ်ံ၊ အဘ္ဘန္တရံ တေဝိဇ္ဇာဒိ နိမိတ္တံ၊ ပဗုရဇနဝိသယံဝါ ဒိဿပဘန် လိဂ်ံ၊ တဗ္ဗိပရိတံ နိမိတ္တံ။

ဝဏ္ဏဝိပရိယယောတိ။ ။ဣတိသဒ္ဒါ အာဒိအနက်ဟောရ၍ ထိုဣတိသဒ္ဒါဖြင့် (၁) ဝဏ္ဏဝိကာရ၊(၂) ဝဏ္ဏလောပ၊ (၃) ဓာတု-အတ္ထေန နိဃောဇန(အတ္ထာတိသယ)ဟူသော လက္ခဏာသုံးပါးကိုယူပါ။

သကစိတ္တေ ဣဿရိယံ။ ။စက်ဆုပ်ဖွယ် အာရုံ စသည်တို့၌ စက်ဆုပ်ဖွယ်မဟုတ်ဟု မှတ်ထင်နိုင်မှုစသော စွမ်းရည်ဖြစ်သော အားဖြင့်လည်းကောင်း၊ စေတောသမာဓိ၏ အစွမ်းဖြင့်လည်းကောင်း မိမိ၏စိတ်ကို ဝသီဘာဝ်သို့ ရောက်စေခြင်းသည်ပင် မိမိစိတ်၌ အစိုးရသည်မည်၏။

သစ္စာအနက်(၁၆)ချက်ထင်ရှားပုံ။ ။ (က) ဒုက္ခသစ္စာသည် မိမိသဘောအားဖြင့် ပီဠန လက္ခဏာရှိ၏။ ထို့ကြောင့် ပီဠန သည် မိမိသဘောကို ပြသောအားဖြင့်လည်းကောင်း၊ (ခ) ထိုဒုက္ခသစ္စာကို သမုဒယက ပြုစီမံအပ်သောကြောင့် သမုဒယကို ပြသောအားဖြင့် သဒ်တဒ္ဓ သည်လည်းကောင်း၊ (ဂ) မဂ်သည် ကိုလေသာ အပူကို ပယ်နိုင်သည့်အဘွက် အလွန်အေးမြသောကြောင့် မဂ်ကို ပြသောအားဖြင့် သန္တာပဒ္ဓ သည်လည်းကောင်း၊ (ဃ) ဖောက်ပြန်ခြင်း သဘော မရှိသော

နိုရောဓကို ပြသောအားဖြင့် ဝိပရိဏာမဌသည် လည်းကောင်း ထင်ရှားပါသည်။

ဤသို့လျှင် သစ္စာတချက်ထဲမှာပင် မိမိ၏သဘောအားဖြင့် လည်းကောင်း၊ အခြားသစ္စာသုံးမျိုးမှ ဆန့်ကျင်ဘက်အားဖြင့်လည်းကောင်း၊ ကြံဆအပ်သောကြောင့် အနက်လေးမျိုးစီရပါသည်။ ထို့အတူ သမုဒယသစ္စာ၏ အာယူဟနဌ သဘာဝသည် အစုပြုခြင်းအားဖြင့်လည်းကောင်း၊ နိဒါနဌသည် ဒုက္ခကို ရှုမြင်သောအားဖြင့်လည်းကောင်း၊ သံယောဂဌသည် ဝိသံယောဂ ဖြစ်သော နိုရောဓကိုရှုမြင်သောအားဖြင့်လည်းကောင်း၊ ပလိဇောဓဌသည် နိ-ယျာနဖြစ်သော မဂ်ကိုရှုမြင်သောအားဖြင့်လည်းကောင်း ထင်ရှားပါသည်။ နိုရောဓ၏ နိဿရဏဌ သဘာဝသည်လည်းကောင်း၊ နိုရောဓ၏အကြောင်းကိုရှုသောအားဖြင့် ဝိဝေကဌသည်လည်းကောင်း၊ သန္တိ ဖြစ်သော မဂ်ကိုရှုသောအားဖြင့် အသန္တိတဌသည်လည်းကောင်း၊ သေခြင်းသဘောရှိသော ဒုက္ခကို ရှုမြင်သောအားဖြင့် အမဟာဌသည် လည်းကောင်း ထင်ရှားပါသည်။ မဂ္ဂသစ္စာ၏ နိယျာနဌ သဘာဝသည်လည်းကောင်း၊ နိဗ္ဗာန်သို့ရောက်မြင်းအားဖြင့် ဟေတုဌသည်လည်းကောင်း၊ အလွန်သိမ်မွေ့သော နိဗ္ဗာန်ကိုမြင်သောအားဖြင့် ဒဿနဌသည်လည်းကောင်း၊ အလွန်ဆင်းရဲသော ဒုက္ခကို ရှုမြင်သောအားဖြင့် အာဓိပတေယျဌသည်လည်းကောင်း ထင်ရှားပါသည်။

သဒေဝကဝစနေန။ ။သဒေဝက သဒ္ဒါ၌ ဝိသေသနအဖြစ်ဖြင့်တည်သော ဒေဝသဒ္ဒါဖြင့်ဟု အနက်ပေးပါ။ ဒေဝသည် သ-ဒေဝကပုဒ်ဘွင် ပါဝင်သောကြောင့် အပေါင်း၏အမည်ကို အစိတ်ဌတင်စားသော ဧကဒေသျှုပစာဟု မှတ်ပါ။ ဤသို့အဓိပ္ပါယ်မယူလျှင် ထိုသဒေဝက သဒ္ဒါဖြင့် ဒေဝဖြင့်အထူးပြုအပ်သော လောကကိုသာ ယူနိုင်သောကြောင့် အောက် ကာမာဝစရ နတ်ပြည်(၅)ထပ်ရှိ နတ်တို့ကို မယူနိုင်တော့ရာ။

ပဇာဝသေန သတ္တလောကဂ္ဂဟဏံ။ ။လောကသဒ္ဒါသည် သြကာသလောကစသည်ဘို့နှင့်လည်း ဆက်ဆံသောကြောင့် သတ္တလောက သက်သက်နှင့်သာ ဆိုင်သော ပဇာ သဒ္ဒါကို ဟောပါသည်။ ထို့ကြောင့် "ပဇာပ်သေန သတ္တ-လောကဂ္ဂဟဏံ" ဟု ဖွင့်သည်။

တီဟိ ပဒေဟိ သြကာသလောဧကာ။ ။သတ္တလောကယက်သက်နှင့်သာ ဆိုင်သော ပဇာသဒ္ဒါကို သီးခြားယူကားသောကြောင့် "သဒေဝကံ လောကံ" ၌ လောကသဒ္ဒါကို ယူခြင်းသည် သြ-

ကာသလောကကိုသာ မှတ်သားနိုပ်ပါသည်။ ထို့ကြောင့် "တီဟိ ပဒေဟိ-သြကာသလောကော" ဟု မိန့်ဆိုသည်။ ဤစကားကို သဒ္ဒေဝက စသော ပုဒ်သုံးပုဒ်သည် ဟောအပ်သောပခေါန အနက်၏အစွမ်းဖြင့်ဆိုပါသည်။သာ-မတ္ထိယအားဖြင့် သိနိုင်သောကြောင့် "သပုတ္တော အာဂတော" စသည်တို့၌ ပုဗ္ဗ စသည်ကို့ကိုပါယူရသလိုသြကာသလောက၏ဝိဒေသသနဖြစ်သော ဒေဝ, မာရ စသော သတ္တဝလောကကိုလည်း ဤနေရာ၌ ယူနိုင်သည်ဟုမှတ်ပါ။ (ဤနည်း၌ ပဇံနောင် စသဒ္ဒါဆောင်၍ အနက်ပေးပါ)သြကာသလောက သတ္တလောကတို့ကို ယူခြင်းဖြင့် အဝိနာဘာဝနည်းအားဖြင့် သင်္ခါရ လောကကိုပါ ယူပြီးဖြစ်သည်ဟု မှတ်ပါ။

သာသနဝေမ္မော။ ။သာသနဝေမ္မောဘိ ပဋိပတ္တိပဋိဝေဓံသာသနဿ ပကာ-သကော ပရိယတ္တိဝေမ္မော။

ဗုဒ္ဓသုဒ္ဓေါဝိတတာယ စသည်။ ။"ဗုဒ္ဓသုဒ္ဓေါဝိတတာယ" ဟူသော ဤ တိက်နှင့် "နာထပ္ပဘာဝတိက်"ကို တရားတော်၏ ဟေတုသရူပဖလတို့၏ အစွမ်းဖြင့် ဆိုတော်မူပါသည်။ အလယ်ဦးရှိသော "အဘိသမ္ဘောဓိယတိက်"နှင့် "သုယျမာနောတိက်"နှစ်ပါး အပေါင်းကိုကား တရားတော်၏ ဖလ၏အစွမ်းဖြင့်သာ ဆိုပါသည်။

သဒ္ဓေယျတော စသည်။ ။လောကီလူသားတို့သည် ယုံကြည်ဖွယ်စကားကို အကြောင်းပြု၍သာ အကြောင်းအရာများ အပေါ်၌ (အနက်ခြင်းများအပေါ်၌) ယုံကြည်တတ်ကြသည်။ အနက်ကို အကြောင်းပြု၍ ယုံကြည်ကြသည်မဟုတ်ပါ။ ထို့ကြောင့် "သဒ္ဓေယျတော" စသည်တို့ မိန့်သည်။

အသောသိ ခေါ ဝေရဉ္ဇော ဗြာဟ္မဏော။ ။အဋ္ဌကထာ၌ (နှာ-၁၀၀) ဖွင့်ပုံ ကိုကြည့်လျှင် သုဏိတဗ္ဗာကာရ သည် ပကာသေတိဘိုင်ရုံသာဟုယူ၍ "သာဓု ခေါ ပန" စသည်ကို ပုဏ္ဏားအား အကြံအဖြစ်ဖြင့် ဆိုထားသောကြောင့် ပကာသေတိနောက်၌ အသောသိ-ပုဒ်မှာ ပြန်စပ်ရမည်ကဲ့သို့ ဖြစ်နေသည်။ သို့သော် ဒဿနံ ဟောတိနောက်၌ သာ ဣတိဖြင့်ပိုင်းဖြတ်ကာ ဆိုထားသောကြောင့်လည်းကောင်း၊ ပကာသေ-တိ၏ နောက်၌ ဣတိသဒ္ဒါမတွေ့ရသောကြောင့်လည်းကောင်း၊ "အထခေါ ဝေရဉ္ဇော" စသည်ကား သုဏိတဗ္ဗာကာရမှတပါး ကြားမှုကိုအကြောင်းပြု

၍ သွားပုံပြု စကားဖြစ်သောကြောင့်လည်းကောင်း၊ ဒဿနံ ဟောတိဒယိ အနက်ပေးပြီးမှ အသောသိဝုဒ်မှာ ပြန်လှည့်စပ်ဘင့်ပါသည်။ မှန်၏။ အဋ္ဌကထာ ဖွင့်ပုံကိုကား ပုဏ္ဏားသည် ဗိမိ၏ကြားခြင်း၏ အစွမ်းဖြင့်သာ အဋ္ဌာသယ ဖြစ်သောကြောင့် ခုဠားကင်ခြင်း၏ အကြောင်းကို ပြလိုမူကြောင့်ပြ၍ "ဒဿနမတ္တံပိ သာဓု ဟောတိတိ ဧဝံ အဋ္ဌာသယံ ကတ္တာ" စသည်ကို ဆိုသည်ဟု ယူပါ။ ဤဋီကာအလို–

၁။ ဝေရဇ္ဇော ။ပေ။ ဝိဟရတိ။

၂။ တံ ခေါ ပန ဘဝန္တံ ဂေါတမံ ။ပေ။ ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော။

၃။ သော ဓမ္မံ ဒေသေတိ ။ပေ။ ဗြဟ္မစရိယံ ဝကာသေတိ။

၄။ သာဓု ခေါ ပန ။ပေ။ ဒဿနံ ဟောတိ ဟု သုဏာတု ဘဝါကျလေးခုဟု မှတ်ပါ။

သီတောဒကံ ဝိယ ဥဏ္ဏောဒကေန။ ။ဤစကားကို အစဉ်ကျ မုခါရုဠ္ဍ အစွမ်းအားဖြင့်ဆိုထားပါသည်။ ဗြိုမ်းအေးသော သဘောရှိသောကြောင့် ပုဏ္ဏားမှာ ရေပူနှင့်နှိုင်းရပါသည်။ တနည်း–ဥာဏ်တော်အရှိန်အဝါရှိသောကြောင့် ဘုရားရှင်ကို ရေပူနှင့်နှိုင်းကာ ပုဏ္ဏားကို ရေအေးနှင့်နှိုင်းရှိဆိုသည်ဟု ယူပါ။

သတ္တပဒဝိတိဟာရေန ဂန္ဓာ ။ပေ။ ဩလောကေသုံ။ ။သွားခင်းကြည့်ခြင်းဖြစ်၍ "ဂန္ဓာ-သွားလတ္တံ့ ဖြစ်၍" ဟု အနက်ပေးပါ။ (ဒွါရံ ဝိဝေယ နိက္ခန္တော စသည်ဌာနဲ့ သို့တည်း) လောကဝိဝရဏတန်ခိုးပြာဋိဟာ ဖြစ်ပေါ်လာသော် မံသ ဧက္ခု ဖြင့် ကြည့်တော်မူပါသည်။

တာလာဝဏ္ဏုကတာ။ ။ပင်စည်နှင့်တူသော ရူပရသ စသော ရာဂမျိုးကို ဖြတ်ပြီးသော်လည်း ထိုရာဂ၏ မှီရာဖြစ်ဖူးသော တာလာဝတ္ထုနှင့်တူသော စိတ်အစဉ်ကား ဂေရိနိဗ္ဗာန်စံရုံအရင်ထိ ဘုရားသန္တာန်မှာ ကပ်ရောက်နေသည်သာ။ ပါဠိရှိဖေါ်ပြချက်ယူ၍ လျှင် ရူပရသစသည်တို့သည် တာလာဝတ္ထုနှင့် တူသောကြောင့် ထိုရူပရသ စသည်တို့ တည်ရှိနေသလို အဓိပ္ပာယ်သက်ရောက်ပေလိမ့်မည်။ သာရတ္ထဒီ ဒီကာ၏ပြန်ခဲ့သော အပြစ်များကို ရှောင်လွှဲခြင်းငှာ ရူပရသ စသည်များကို ကုသိုလ်, အကုသိုလ် ဟု ဆိုခြင်းသည် "တေ တထာဂတဿ ပဟီနာ" စသော ပါဠိတော်နှင့်

လည်းကောင်း၊ "ကာမသုခဿာဒေ ခ်ါတာ ရူပရသာ"စသော အဌကထာ နှင့်လည်းကောင်း မည်၏။

ဒီလိုယူလျှင်လည်းသင့်–လည်ဆစ်ပြတ်ပြီးသော ထန်းပင်၏တည်ရာ ဟူတ်, မဟုတ်ကို နှလုံးမသွင်းမူ၍ တဖန်ဖြစ်ခြင်းသဘောမရှိသည်နှင့် တူခြင်းမျက်စိ နှိုင်း၍ "တာလာဝတ္ထုဝိယ ကတာ တိ တာလာဝတ္ထုကတာ"ဟု ဝိသေသန-သမာသ်၏ အစွမ်းဖြင့် အနက်ယူလျှင်လည်း သင့်ပါ၏။

ကဿစိ တိသော ဝိဇ္ဇာ။ ။အရေဟတ္တမဂ်သည် မိမိနှင့်အတူဖြစ်သော သမ္မာ-ဒိဋ္ဌိဟုဆိုအပ်သော အာသဝက္ခယဉာဏ်ကိုလည်းကောင်း၊ အခြားသော ပု, ဒီ တို့ကိုလည်းကောင်း၊ ထိုဝိဇ္ဇာများကိုနှောင့်ယှက်တတ်သော ကိလေသာများကို ဖျက်ဆီးခြင်းအစွမ်းဖြင့် ဖြစ်စေနိုင်သောကြောင့် "တိသော ဝိဇ္ဇာ"ဟု ဆိုပါသည်။

တိက္ခခရဝိပ္ပသန္နသူရဘာဝေါ။ ။ဤပါဠိဖြင့် ဝိပဿနာဉာဏ်၏ သခ်ါရ-ပေက္ခာ အဆင့်သို့ ရောက်ကြောင်းကို ပြသည်။

ပရိဏာမကာလေ။ ။ဤပါဠိဖြင့် ဝုဋ္ဌာနဂါမိနီအဆင့်သို့ ရောက်ကြောင်းကိုပြသည်။ ထိုအချိန်၌ ဝိပဿနာသည် မဂ်ဉာဏ်တည်းဟူသော ကိုယ်ဝန်ကို ဆောင်မနေသကဲ့သို့ ဖြစ်သောကြောင့် "ဂဗ္ဘဂ္ဂဟဏကာလေ"ဟု ဆိုသည်။

ဗျာန်ခန်း

အနုသဇ္ဇရဏံ။ ။လှည့်လည်ဟူသည် ခဏမတူသောဝိစာရ၏ (အခြားဝိစာရ၏) လှည့်လည်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသာတည်း။ မှန်၏။ ပရမတ္ထအားဖြင့် တရားတမျိုး၏ လှည့်လည်ခြင်းမည်သည် မရှိနိုင်ပါ။

ပဌမဘာဝိနိပါတော။ ။ဝိတက်သည် ဝိစာရနှင့် အတူဘက္ခုဖြစ်သော်လည်း အာရုံ၌ ရှေ့ရှာ ဂ်ရောက်သော အခြင်းအရာအားဖြင့် ဖြစ်ပါသည်။

ဝိပ္ပါရဝါ။ ။မငြိမ်းအေးသော သဘောရှိသောကြောင့် အဟုန်ရှိနေ၏။ ထို့ကြောင့်ပင် ဝိတက်သည် ဒုတိယဈာန်၌ ပယ်အပ်သော အင်္ဂါဖြစ်ရပါသည်။

ပဋ္ဌိလဒ္ဓုသာနုဘဝနံ။ ။ကျွဒ္ဓာရုံစသည်ကို ရုရုအခါ၌ သုခရှိသော်လည်း မထင်ရှားပါ။ ပီတိသာထင်ရှားပါသည်။ ရဒေါပြီးသော အရသာကို ခံစားရာအခါ၌ကား ပီတိသက် သုခက ပို၍ထင်ရှားပါသည်။ ဤအမိပ္ပါယ်ကို "တသ္မိံ တသ္မိံ သမယေ ပါဂဋ္ဌတောဝ" ပါ၍ ဖြင့် ပြပါသည်။ ရအာပ်ပြီးသောအရသာကို စေတသိကသုခ၏အစွမ်းဖြင့်သာ ခံစားပါသည်။ ကာယိကသုခ၏အစွမ်းဖြင့် မခံစားနိုင်ပါ။ ဟု၊ကြောင့်နည်း- ပီတိနှင့်ယှဉ်သော ကာယိကသုခပင် မရှိသည့်အတွက် ဤနေရာ၌ အလိုမရှိ အပ်သောကြောင့်တည်း။

နိယကဗ္ဗတ္တမဓိပ္ပေတံ။ ။အဗ္ဗတ္တံသည် စျာန်၏ ဝိသေသန ဖြစ်သောကြောင့် "နိယကဗ္ဗတ္တမဓိပ္ပေတံ" ဟု ဆိုသည်။ မှန်၏။ စျာန်သည်အဗ္ဗတ္တ၊ ဗ္ဗတ္တ၊ ဗ္ဗတ္တမဟုတ်ပါ။ ဘာ့ကြောင့်နည်း- ဂုဏ်ခြောက်(၆)ပါး တို့သည်သာ အဗ္ဗတ္တ၊ ဗ္ဗတ္တဖြစ်သောကြောင့်တည်း။

ဝုတ္တနယေနေဝ။ ။ဥပေက္ခာ(၁၀)မျိုးကို အဌသာလိနီအဋ္ဌကထာ၌ ဘူမိ, ပုဂ္ဂလ စသည်၏ အစွမ်းဖြင့် သရုပ်ထုတ်ကာ ဆိုပြီး ဟုတ်ပါ။ သို့သော် ထိုအဋ္ဌကထာ၌ ဆိုအပ်ပြီးသော အပြားတို့ဖြင့်ပင် ထိုဥပေက္ခာတို့၏ ဘူမိ, ပုဂ္ဂလစသည် ဝေဖန်ပုံကို နည်းအားဖြင့်ထုတ်၍ သိနိုင်သောကြောင့် ထိုအဋ္ဌကထာ၌ သရုပ်အားဖြင့် ဆိုအပ်ပြီးနှင့် မဆိုအပ်သည်ကို ပေါင်းယူခါ ထိုဆိုပါဠိရုပ်များ၌ လာသောနည်း ၈သော အပြား(၉)မျိုးတို့ဖြင့် ညွှန်ပြအပ်ပါသည်။ ထို့ကြောင့်ပင် "ဓမ္မသင်္ဂဟဋ္ဌကထာယဲ ဝုတ္တဝ-သေန"ဟု မဆိုပဲ "ဝုတ္တနယေနေဝ"ဟု ဆိုပါသည်။

ပီတိဖရဏေန။ ။ဤပါဠိဖြင့် အပ္ပနာဝီထိ၌ကဲ့သို့ တဝီထိတည်း၌လည်း ကာ-မာဝစရပီတိဖြန့်မှု မရှိပုံကိုပြသည်။

သိယာ ဥပ္ပတ္တိ။ ။ဤစကားကိုလည်း အကြောင်းမျှကိုပြခြင်းဖြင့် ဖြစ်သင့်ရုံသဘောအားဖြင့် ဆိုပါသည်။ မှန်၏။ ဒေါမနဿဖြစ်မှုသည်လည်း ဥပစာရစျာန်ကောင်သာ သင့်ပါသည်။ ဝိတက်, ဝိစာရမှကင်းသောဒုတိယစျာန်ခေါ်၌ မသင့်ပါ။ ဤသို့အဓိပ္ပါယ်မယူလျှင် ကုသိုလ်စိတ်ခေါ်၌ အကုသိုလ်ဒေါမနဿဖြစ်မှု မသင့်သောကြောင့် "တတ္ထသ သိယာ-ဥပ္ပတ္တိ"ဟု မဆိုသင့်ရာ။

ဣဒ္ဓာနိဋ္ဌဝိပရိတာနုဘဝနလက္ခဏာ။ ။အတိပ္ပဒ္ဒေါရုံ, ဗဟိဒ္ဓနိမိတ္တာရုံ တို့၏ ဆန့်ကျင်ဘက်ဖြစ်သော မဇ္ဈတ္တာရုံကို

ခံစားပြင်းလက္ခဏာရှိ၏ဟု အဓိပ္ပါယ်မှတ်ပါ။ မှန်၏။ ဣဒ္ဓ, အနိဋ္ဌမှ လွတ်သော မဇ္ဈတ္တာရုံ မရှိသောကြောင့် မဇ္ဈတ္တာရုံသည်လည်း ဣဒ္ဓာရုံ, အနိဋ္ဌာရုံ တို့၌ပင် ပါဝင်ပါသည်။

အဘိညာဉ်ခန်း

ကေသဠို အဘိညာပါဒကာနိ။ ။အရှုပစ္စာန်တို့ကိုလည်း စျာန်အင်္ဂါခြောက်ပါးတူသောကြောင့် စတုတ္ထစျာန်၌ သွင်းယူရပါမည်။ ဆိုကြောင့် "ကေသဠို အဘိညာပါဒကာနိ" စသည်ကို မိန့်သည်။ "အဌသမာပတ္တိယော နိဗ္ဗတ္တေတ္တာ" စသည်ကို ထောက်ပါ။ ထိုစျာန်များတွင် စတုတ္ထစျာန်သည်သာ အဘိညာဉ်၏အခြေခံ, နိရောဓသမာပတ်၏ အခြေခံ ဖြစ်နိုင်၍ အခြားစျာန်များသည် အဘိညာဉ် နိရောဓသမာပတ်တို့၏ အခြေခံ မဖြစ်နိုင်ကြပါ။ သို့သော် ဝေးသောအကြောင်း ဖြစ်နိုင်သည်ကို ရည်ရွယ်၍ "စတ္တာရိ စျာနာနိ" ဟု ထိုစျာန်တို့ကိုပါ တပေါင်းတည်းယူထားသည်ဟု မှတ်ပါ။

စိတ္တေကဂ္ဂတတ္ထာနိ။ ။ဤပါဠိကို ဒိဋ္ဌမမှသုဝဝိဟာရကို ရည်ရွယ်၍ ဆိုပါသည်။ ထို့ကြောင့် "ခီဏာသဝါနံ" စသည်ကို မိန့်သည်။

သဗ္ဗလောကိယလောကုတ္တရဂုဏဒါယကံ။ ။ဤပါဠိဖြင့် ဆိုအပ်ပြီးသော ဝိပဿနာ၏ အခြေခံ ဖြစ်မှုစသော ဂုဏ်အားလုံးကို ပေါင်းယူပါ။ မှန်၏။ ဤစျာန်သည် ဘုရားရှင်အား အလုံးစုံသော ဗုဒ္ဓဂုဏ်တို့ကို ပေးနိုင်သော မဂ်ဉာဏ်၏ နီးသောအကြောင်း ဖြစ်သောကြောင့် "သဗ္ဗလောကိယလောကုတ္တရဂုဏဒါယကံ" ဟု ဆိုသည်။

ဆိန္နဝဋုမကာနုဿရဏာဒီသု။ ။သံသရာတခွင်မှာ မိမိမသိခဲ့ဘူးသော သတ္တဝါတို့၏ခန္ဓာတို့ကို အ ချို့ သူများ သိနိုင်သောကြောင့် ပရဝိညာဏဝိညာတ မည်၏ဟု ဆိုကြသည်။ ထို ပရ-ဝိညာဏဝိညာတမည်သော ခန္ဓာတို့ကို အောက်မေ့ရခြင်းသည် မိမိသိဖူးသော ခန္ဓာတို့ကို အောက်မေ့ရသည်သာ ဖက်ပါသည်။ ဘာ့ကြောင့်နည်း-ယုံသူတို့၏ ဖြစ်ဆဲခန္ဓာဒုစရိုက်ကို အစဉ်လျှောက်ခါ သိရသောကြောင့်တည်း။ ပရဝိညာဏဝိညာတတို့သည်လည်း ပရိနိဗ္ဗာန်စံပြီးသော ပုဂ္ဂိုလ်များ, မစံရသေးသော ပုဂ္ဂိုလ်များဟု နှစ်မျိုးနှစ်စားရှိသည်။ ထိုနှစ်မျိုးတို့တွင် ပရိနိဗ္ဗာန်စံပြီး ပုဂ္ဂိုလ်များကို အောက်မေ့ရခြင်းသည် လုံးဝသန္တာန်ပြတ်ပြီး ဖြစ်နေ

ကြသောကြောင့် ပိုရ်ခက်ပါသည်။ ထိုအကြောင်းဆုံးဖြတ်သော သမ္ဘပ္ပတ္တပရ-ဝိညာတပုဗ္ဗေနိဝါသကို ပြုပြင်းငှာ "ဆိန္နဝဋုမကာနုဿရဏာဒီသု" ဟု ဆိုသည်။ အတိတ်ဌ ပရိနိဗ္ဗာန်စံပြီးခဲ့ကြသော ရဟန္တာများသည် သံသရာလမ်းပြတ်ပြီးသောကြောင့် ဆိန္နဝဋုမကာမည်၏။

အဘိနိန္နာမိတမတ္တော ဝေ။ ။ဤပါဠိဖြင့် အနုဿရာမိဌ် ပါသောအနုသဒ္ဒါသည် အနန္တရ အနက်ဟောဟု ပြပါသည်။ ဤပါဠိဖြင့်ပင် ပရိကံကိုအားထုတ်အပ်ကြောင်းကိုလည်းပြ၍ "ပုဂ္ဂိတပါရမီ-နံဌိ" စသည်ဖြင့် ပရိကံမပါပဲလည်း ပြီးနိုင်ကြောင်းကိုပြသည်။ [ဤကား-ပါဠိအရှိကို အရှိအတိုင်း ပြန်ဆိုထားခြင်းဖြစ်ပါသည်။ မိမိအထင်မှာ "အဘိ-နိန္နာမိတမတ္တောဝေ"သည် ပုဂ္ဂိတပါရမီတို့အတွက် ရည်ရွယ်ချက်ဖြင့် ဖွင့်ထားခြင်းဖြစ်နိုင်၍ ယင်းပါဠိဖြင့် ပရိကံကိုအားထုတ်အပ်ကြောင်းကိုပြသည်ဟု မယူပဲ "အနုဂန္ဓာ အနုဂန္ဓာ" စသည်ဖြင့်ဖွင့်သော ပထမနည်းလာစကား များကသာ ပရိကံကို အားထုတ်ဖွယ်လိုကြောင်း ပြသည်ဟု ယူလိုပါသည်။]

ပဋိသန္ဓိအာဒီသု ကမ္မတိ။ ။တမြို့တည်းမှာကဲ့သို့ပင် ဘုရားလောင်း ဖွားတော်မူချိန်က ထူးခြားမှုသို့ရောက်သောကြောင့် စကြဝဠာ တသောင်းလုံးကို ဇာတိခေတ်ဟု ခေါ်ရသည်ဟုပြခြင်းငှာ "ပဋိ-သန္ဓိအာဒီသု ကမ္မတိ" ဟု မိန့်သည်။

အာနုဘာဝေါ ပဝတ္တတိ။ ။စကြဝဠာ ကုဋေတသိန်းအတွင်းဌ် ပါဝင်သမျှ သတ္တဝါအားလုံးတို့၏ ရောဂါစသော ဥပဒ္ဒဝေါများ ပျောက်ခြင်းဟူသော အာနုဘော်သည် ရတနာသုတ် စသော ပရိတ်တော်များမှာ ရှိသည် ဟူလို။

စုတိကမ္ဘဏေ စသည်။ ။အမြဲအားဖြင့် ပုရေဇာတ ပစ္စည်းမဖြစ်ဖြင့် ဟည်သော ရူပါရုံပျက်ခြင်း အာရုံရှိမယာ ဒီပဋ္ဌစကျွတ်သည် အာဝဇ္ဇန်း ပရိကံဘို့နှင့်ကင်းမ်ခြင်းကြောင့်လည်းကောင်း၊ ဥပါဒ်ဆဲ,ပျက်ဆဲ သော ရူပါရုံသည် အားနည်းရကား ယင်းဒီဗဋ္ဌစကျွတ်၏ အာရုံမဟုတ်သောကြောင့်လည်းကောင်း၊ စုတိစိတ်သည် ကမ္မဇရူပ်၏ ဘင်မဟာဘူတ ၁ ပဋိ-သန္ဓေစိတ်သည် ယင်း၏ ဥပါဒ်ခဏဌ်သာ ဖြစ်သောကြောင့် လည်းကောင်း မစွမ်းနိုင်ပါ။ ထို့ကြောင့် "စုတိကမ္ဘဏေ" စသည်ကို မိန့်ပါသည်။

ဒိဗ္ဗစက္ခုကိစ္စမေဝ။ ။ငရဲသားတို့၏ မီးလျှံလက်နက်ဖြင့် ထိုးခံရမှု စသည်တို့ကြောင့် ဖောက်ပြန်သော ကိုယ်အဆင်းကို မြင်၍ ထို၏အခြားမဲ့ဖြစ်သော ကာမာဝစရ ဇောတို့ဖြင့်သာ ထိုငရဲသားတို့၏ ဒုက္ခခံစားပုံကို သိအပ်သော်လည်း မြင်ခြင်း ဟူသော အကျိုးနှင့် စပ်နေသောကြောင့်(သိခြင်းသည် မြင်ခြင်း၏အကျိုးအဖြစ်ဖြင့်ဆက်စပ်နေသောကြောင့်) "ဒိဗ္ဗစက္ခုကိစ္စမေဝ"ဟုမိန့်သည်။

မဟလ္လကော။ ။"ဤရဟန်းကြီးကား စင်စစ်အရှယ်အားဖြင့်သာ ကြီးရှာသည်၊ ဉာဏ်အားဖြင့်ကားမကြီး၊ လောကဝေါဟာရကို လည်းစိုးစဉ်းမျှမသိ၊ ငါတို့၏ရှက်ဖွယ်ကို ပြုခြင်းကြောင့် ပရိသဒ္ဓသကကြီးသာတကား"ဟူသော အလိုဖြင့် ကဲ့ရဲ့ရှုတ်ချ၍ မဟလ္လက ဟု ဆိုသောကြောင့် ဂုဏာပရိဓံသနဖြင့်ကဲ့ရဲ့သည်မည်ပါသည်။

သီလသမ္ပန္နော စသည်။ ။မုချအားဖြင့် အရဟတ္တမဂ္ဂဌာန်ကို ကောက်ပါ။ ဘာ့ကြောင့်နည်း- အရဟတ္တမဂ္ဂဌာန် ပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်ပြီးမှသာ မြဲသောကြောင့်တည်း။ တနည်း-ပစ္ဆိမဘဝိကသားအားလုံး အရဟတ္တဖိုလ်သို့ရောက်မှာ သေချာသောကြောင့် ပစ္ဆိမဘဝိကအားလုံးကိုယူပါ။

မိစ္ဆာဒိဋ္ဌိပရမာနိ ဘိက္ခဝေ ဝဋ္ဋာနိ။ ။အကုသိုလ်အားလုံး၏အရင်းမူလဖြစ်သောကြောင့် "မိစ္ဆာဒိဋ္ဌိ"ကို "ပရမဝဋ္ဋ"ဟု ခေါ်သည်။

ပရိယာယတော။ ။အာသဝေါတို့၏အစွမ်းဖြင့် ကိလေသာအားလုံးတို့ကို သိမ်းယူ နှိုင်သောကြောင့် "ပရိယာယ"ဟု ဆိုသည်။

ဒိဋ္ဌာသဝ။ ။ကာမာသဝ စသည်တို့မှ လွတ်ခြင်းဖြင့်ပင် အဝိနာဘာဝ နည်းအားဖြင့် ဒိဋ္ဌာသဝမှလွတ်မှုကိုလည်းသိပါ။ ဤအဖွင့်ကိုထောက်၍ "ဒိဋ္ဌာသဝါပိ စိတ္တံ ဝိမုစ္စတိ" ဟု မရှိသင့်ပါ။

ခီဏာ ဇာတိ စသည်။ ။"ခီဏာ ဇာတိ"ဟု သိမြင်းသည် ကိလေသာ ကုန်မှုကို ဆင်ခြင်ခြင်း၏အစွမ်းဖြင့်ဖြစ်၍ "ဝုသိတံ ဗြဟ္မစရိယံ" စသည်ဖြင့်သိခြင်းကား မဂ်,ဖိုလ်,နိဗ္ဗာန်တို့ ဆင်ခြင်ခြင်း၏ အစွမ်းဖြင့် ဖြစ်ပါသည်။ ထို့ကြောင့် "ခီဏာ ဇာတိတိအားဒိဟိ ဇာသ ဘူမိ"ဟု အဋ္ဌကထာ မိန့်သည်။

ယာ ပန စသည်။ ။ကာလသုံးပါးတို့၌လည်း ဇာတိကုန်မှုကို အကြောင်းပြု၍ တိုက်ရိုက်ကြိုးစားမှု မဖြစ်နိုင်သော်လည်း ထိုဇာတိကုန်မှုကို အကြောင်းပြု၍ ကြိုးစားမှုပြုလျှင် အကျိုးရှိနိုင်ကြောင်းကို လည်းကောင်း၊ ထိုကြိုးစားမှုကြောင့် အနာဂတ်ခန္ဓာ မဖြစ်ခြင်း အကျိုးရနိုင်ကြောင်းကို လည်းကောင်း ပြုခြင်းငှာ "ယာ ပန" စသည်ကို မိန့်ဆိုသည်။ မှန်၏။ "ယာ ပန မဂ္ဂသ အဘာဝိတတ္တာ" စသည်ဖြင့် မဂ်ဖြင့် ပယ်သတ်အပ်သော ကိလေသာတို့ကြောင့်သာ နောင်အခါ၌ ခန္ဓာတို့၏ ဇာတိ ဖြစ်မည်။ မဂ်ကြောင့် ထိုကိလေသာများကုန်သော် ခန္ဓာ မဖြစ်လတ္တံ့။ ဤသို့လျှင် မဂ်ခဏဖြစ်ခြင်းဟု ဆိုအပ်သောကိလေသာမရှိခြင်းကြောင့် ကိလေသာတို့၏ အကျိုးဖြစ်သောခန္ဓာတို့၏ နောင်အခါမဖြစ်ခြင်းသည်ပင် ဇာတိကွယ(ဇာတိကုန်ခြင်း)ဖြစ်သည်ဟူသောအနက်ကို ထင်ရှားပြပါသည်။

အဘိက္ကန္တံ ။ပေ။ ပသာဒေါ။ ။အထူးမရှိသော အနက်သာမန်အားဖြင့်ပြီးသော "အဘိက္ကန္တံ" ဟူသော နပုလ္လိင် သည် ဒေသနာပသာဒ စသော အထူးကိုင်ရာသော်လည်း ရှေးဦးပြီးနှင့်သောကြောင့် နပုလ္လိင်အခြင်းအရာဖြင့်သာ တည်ရကား "အဘိက္ကန္တံ ။ပေ။ ပသာဒေါ" ဟုမိန့်သည်။

ဂေါတမံ သရဏန္တိ ဂစ္ဆာမိ။ ။ဂမုဓာတ်သည် ဒွိကမ္မကဓာတ် မဟုတ်သောကြောင့် ဂေါတမံ,သရဏံ နှစ်ပုဒ်လုံးဒုတိယာဝိဘတ္တိနှစ်ပုဒ်မဟုတ်၊ စင်စစ်မူ ရှေးပုဒ်သာ ဒုတိယန္တ ဖြစ်၍ နောက်ပုဒ်ကား ပဌမန္တဖြစ်၏ဟုပြခြင်းငှာ "ဂေါတမံ သရဏန္တိ ဂစ္ဆာမိ" ဟု မိန့်သည်။ ယင်းဖြင့်လည်း ဣတိသဒ္ဒါ လုတ္တနိဒ္ဒိဋ္ဌ ဟုပြသည်။

ဏပ္ပဋိကူလံ။ ။မဆန့်ကျင်သော အနက်ကိုပြခြင်းကြောင့် တစုံတခုနှင့် မဆန့်ကျင်သော၊ ဝါ-မွန်မြတ်သော။

ပဂုဏံ။ ။နှုတ်ဖြင့် အဝါးဝစွာပေ,လာအပ်သော၊ ဝါ-မြတ်သောသဒ္ဒဂုဏ်, ဒိဋ္ဌဂုဏ်ရှိသော။

ဇလောကိသရဏကုံ၏အကျိုး။ ။သရဏကုံဆောက်တည်သူမှာ နောင်အခါ၌ နိဗ္ဗာန်ရောက်မည်မှာ သေချာ သောကြောင့် နိဗ္ဗာန်ရောက်ခြင်းသည် လောကိသရဏကုံ၏ သဒိသဖလဖြစ်၍ အလုံးစုံသော

လောကီစည်းစိမ်ဗျားကိုရရှိခြင်းနှင့် အပါယ်ဒုက္ခစသည်တို့ လွန်မြောက်ခြင်းကား အာနိသံသဖလ ဖြစ်သည်။

ကာယဂ်ံ ဝါ ဝါစဂ်ံ ဝါ အစောပေတွာ။ ။ကာယဂ်ံ ဝါ-ကာယဝိညတ်၏ အကြောင်းဖြစ်သောကုံယ်အင်္ဂါကို လည်းကောင်း၊ ဝါစဂ်ံ ဝါ- ဝစီဝိညတ်၏ အကြောင်းဖြစ်သော နှာခေါင်း, လျှာစသောအစိတ်အင်္ဂါကို လည်းကောင်း၊ (ဝိမတိ) ဝါ- ရှိပါစေ, ကောင်းပါပြီစသောစကား၏ အစိတ်အင်္ဂါကို လည်းကောင်း၊ (အစောပေ-တွာ-မလုပ်စေမူ၍) [ကေစိဆရာ၏အနက်သည် "အစောပေတွာ" ပါဌ်နှင့်မညီပါ] "အစောပေတွာ" ပါဌ်ဖြင့် ဝစီဝိညတ်၏ ရှေးအဖို့၌ ဌာန်ကရိုဏ်းတို့ကို လုပ်ရှားခြင်း၏အကြောင်းဖြစ်သော ဝါယောဓာတ်၏ ဖောက်ပြန်သော အခြင်းအရာသည် အသီးအခြား ကာယဝိညတ်မဟုတ်ပါ။ယင်းဖြင့် အသီးအခြား သိစေအပ်သောအလို၏ မရှိသည့်အတွက် ဝစီဝိညတ်အား ကျေးဇူးမျှားသောကြောင့် ဝစီဝိညတ်ဟုပင် သွင်းယူပါ။ ကိုယ်ဖြင့်ကိုယ်ကို အယားဖျောက်ခြင်း စသည်တို့၌ အသံဖြစ်ခြင်း၏အကြောင်းဖြစ်သော ပထဝီဓာတ်၏အခြင်းအရာ၏ ထူးခြားသောအမှုအရာသည် အလိုကို မသိစေတတ် သောကြောင့် ဝစီဝိညတ်မဟုတ်သကဲ့သို့ ယင်းသည်လည်း ကာယဝိညတ် မဟုတ်ဟုပြသည်။

မှန်၏။ ယင်းတို့ကားအလိုကို သိစေတတ်သောကြောင့် ဝိညတ်မည်ကြသည်။ သက်သက်ဝါယောဓာတ် ပထဝီဓာတ်တို့၏ လှုပ်ခြင်း အသံဖြစ်ခြင်း၏အကြောင်းဖြစ်သော ဖောက်ပြန်သော အခြင်းအရာမျှကြောင့် ဝိညတ်မည်သည်မဟုတ်ပါ။ ဟို့ကြောင့်သက်မဲ့သစ်ပင် စသည်တို့၌ လှုပ်ခြင်း အသံဖြစ်ခြင်း၏အကြောင်းဖြစ်သော ဆိုအပ်ပြီးသော အပြားရှိသော ဖောက်ပြန်သောအခြင်းအရာတို့၏ ဝိညတ်မဟုတ်ကြောင်း ပြီးစီး ထင်ရှားတော့၏။

ခန္ဓီ စာရေတွာ။ ။ခန္ဓီ-အလိုကို၊ စာရေတွာ-ပြစ်စေ၍၊ တနည်း-ခန္ဓီ စာရေတွာ ဟု ပါဌ်ရှိသော် "ခန္ဓီ-အလိုကို၊စာရေတွာ-အပြင်မယွက်အောင်ဆောင်ထား၍" ဟု ပေးပါ။

ဘဂေါ ဝဿာဝါသံ ယာစိတော။ ။ယာစစာတ်သည် ဒွိကမ္မကာတ် ဖြစ်သောကြောင့် "ဘဂဝါ ဝဿာဝါသံ ယာစိတော" ဟု ဆိုသည်။

ဥဒ္ဓေန ပဂ္ဂဟေန။ ။ပဂ္ဂဟေန-ဆွမ်းခံကြောင်းသပိတ်ဖြင့်၊ (ဝါ) သပိတ်ကို ကိုင်၍၊ ဥဒ္ဓေန-ရှာမှီးခြင်းဖြင့်၊ (ဝါ)-ဥဒ္ဓေန-ရှာမှီး

ခြင်းအကျိုးငှာ၊ ပဂ္ဂဟေန- သပိတ်ကိုကိုင်ခြင်းဖြင့်၊ (၀၊) ကိုင်အပ်သော သပိတ်ဖြင့်၊ ယာပေတုံ-၊ နသုကရာ-။

ဓဝရှပေသု ဌာနေသု အယမေဝ ပဋိရှပေါ။ ။အာမိသကို ရခဲရာအခါမျိုး တို့၌ ပရိကဿာ, သြဘာသ စသည်ကို မပြုပဲ အလွန်မြတ်သော သလ္လေခဝုတ္တိဖြင့် အာဇီဝပါရိသုဒ္ဓိ၌တည်၍ ဘုရားရှင်၏အလိုတော်အား လျော်စွာ အာမိသကို စီရင်သူမည်သည်- ဥာတိသိနေဟနှင့်ယှဉ်သော အရိယသာဝကသည်သာ ပြုခြင်းငှာသင့်၏ ဟူလို။

ဗျာမပ္ပဘာယ။ ။ပတ်ဝန်းကျင်အထက်အောက် အတောင် (၈၀) မျှသော် အရပ်၌ တခဲနက် ဖြစ်သော ရောင်ခြည်တော် များသည် ရေကန်ကြီးမှ ရေမြောင်းများ စီးထွက်နေသလို အရပ်(၁၀)မျက်နှာတို့၌ ကွန်မြူးပြေးသွားနေကြပါသည်။ တလံမျှသာ ဟုထင်ရသောကြောင့် "ဗျာ-မပ္ပဘာယ" ဟု ဆိုပါသည်။ အနုဗျဉ္ဇနတို့သည်လည်း အသီးအသီးဘုရားရှင်၏ကိုယ်တော်၌ အရောင်တောက်စွာ ကောင်းကင်၌လ,နေ စသည်တို့ ကဲ့သို့ တင့်တယ်နေကြပါသည်။ ထို့ကြောင့် ဗျာမပ္ပဘာယနှင့်အတူ အနာဘိဘဝ-နီယ(အနန္တရာယိက)ဂုဏ်တော်(၄)ပါးတွင်ထည့်သွင်းခါဟောထားပါသည်။

အဋ္ဌုပ္ပတ္တိယုတ္တံ။ ။ပစ္စုပ္ပန်ဝတ္ထုသည် တရားဒေသနာတော်၏အကြောင်းဖြစ်ရာ ဖြစ်သောကြောင့်၊ တနည်း-တရားဟောခြင်းစသော အကျိုး၏ဖြစ်ကြောင်း ဖြစ်သောကြောင့် အဋ္ဌုပ္ပတ္တိ မည်၏။

ရတ္တိဇ္ဇေဒေါ ဝါ။ ။ဤပ ဋ္ဌာန်ကို သတ္တာဟကိစ္စအစွမ်းဖြင့်သွား၍ ဥပစာရသိမ်၏ပြင်ပ၌ အရုဏ်တက်ခေါ်ခြင်း၏ အစွမ်းဖြင့်ဆိုသည်။ အသီးအခြားဆိုအပ်လတ္တံ့ဖြစ်သောကြောင့် ဝဿဇ္ဇေဒအစွမ်းဖြင့်ဆိုသည်မဟုတ်ပါ။ ယင်းဖြင့်လည်း ဝဿဇ္ဇေဒအကြောင်းရှိသော် သတ္တာဟကိစ္စဖြင့်သွားခြင်းကို ခွင့်ပြုသည်ဟုမှတ်ပါ။

ပစ္ဆာ သီလံ အဝိဋ္ဌဟေယျာမ။ ။အသက်မွေးမှု၏အကြောင်းဖြစ်သော ထင်ရှားသော ဂုဏ်ကိုပြုခြင်းဖြင့် အားဇီဝဟျက်စီးသည်ကိုရည်ရွယ်၍ ဆိုပါသည်။

အာယသ္မာ။ ။ပိယဝစနမေတံကို အမြင့်,အနိမ့်အားလုံးဆိုင်သော သာမည၏ အစွမ်းဖြင့်ဆို၍ မြင့်မြတ်သူ နှင့်သာ ဆိုင်သော သီးသန့်

ဝေါဟာရ၏ အစွမ်းဖြင့်ပြလိုရကား "ဂရုဂါရဝသပွတိသောခိုဝစနံ"ဟု မိန့်သည်။

ပပ္ပဋ္ဌကောဇံ။ ။ကမ္ဘာဦးကမြေပေါ်ဝယ် ပထမဆုံးမြေအဖြစ်ဖြင့်ပေါ်လာသောဆီဦးဆီခဲနှင့် တူသော ရေပေါ်မှာလည်း ပေါ်နိုင်သော ကြေလည်းမကြေ,အလွန်နုံသော,ချိုမြိန်သော, ယူဇနာ ထောင်ပေါင်းများစွာထူသော"ရသာတလ"ဟု ခေါ်အပ်သော မြေသြဇာတည်း။ ယင်းကို ကမ္ဘာဦးလူတို့သည် ရသတဏှာဖြင့် ယူ၍သုံးဆောင်အပ်သော် ယင်းတို့၏ကံ အစွမ်းကြောင့် အထက်အဖို့၌ ကြမ်းတမ်းခက်မာသည်၏ အဖြစ်သို့ ရောက်၍ အောက်အဖို့၌ကား ရှေးအခြင်းအရာ,ဖြင့်ပင် တည်သည်။ ယင်း၏ အစွမ်းကြောင့် ဤမြေကြီ·သည်လည်းကောင်း၊ ဘာ, တောင်, သမုဒ္ဒရာစသော အထူးအထူးသည်လည်းကောင်း၊ ရေအောက်၌ မနစ်မမြုပ်, မကြေမမွပဲ ဖောင်ပေါ်မှာကဲ့သို့ မတုန်မလှုပ် တည်နိုင်သည်။ ထိုကဲ့သို့သော မြေ၏အနှစ်အဆီကို"ပပ္ပဋ္ဌကောဇ"ဟုခေါ်သည်။

ယေ ပထဝီနိဿိတာ ပါဏာ၊ တေ တတ္ထ သက်္ခေမေဿာမိ။ ။"အနာပတ္တိ ဘိက္ခ ဝေ ဂ္ဂဒ္ဓိမဿ ဂ္ဂဒ္ဓိဝိသယေ"ဟု ဟောပြောတော်မူသောကြောင့် မိန်းမစသည်တို့ကို လက်ပေါ်တင်သော်လည်း အနာမာသ ဒေါသမသင့်။ ထို့ကြောင့်ပင် ဘုရားရှင်သည် ထိုအနာမာသဒေါသကို ပြတော်မမူပဲ"ဝိပလ္လာသမို့ သတ္တာ ပဋ္ဌိ-လဘေယျုံ"ဟု မိန့်တော်မူပါသည်။

ဂါမနှင့်နိဂမ။ ။ခုဒ္ဒကော ဂါမော၊ မဟန္တော သာပဏော နိဂမော။

ဝိနယပညတ္တိယာစနကထာဝဏ္ဏနာ

ဝိနယပညတ္တိယာ မူလတော ပဘုတိ။ ။ပါရာဇိက စသော ဂရုကသိက္ခာပုဒ် များနှင့် ထိုမှတပါး အခြားသော အချို့သော သိက္ခာပုဒ်များကို ပါဘိမောက္ခုဒ္ဒေသ အစဉ်အားဖြင့် ပညတ်ပေါ် မမူရသေးသည်ကို ရည်ရွယ်၍ မိန့်ဆိုပါသည်။ လုံးဝမပညတ်ရသေးသောကြောင့် မိန့်ဆိုသည်မဟုတ်ပါ။ ထို့ကြောင့်ပင် ရှင်သာရိပုတ္တရာမထေရ်သည် ဘုန်းရှင်ကို "သာဝကာနံ သိက္ခာပဒံ ပညပေယျ ဥဒ္ဒိသေယျ ပါတိ-

မောက္ခ"ဟု ပါတိမောက္ခုဒ္ဒေသနှင့်အတူ သိက္ခာပုဒ်ပညတ်မှုကို တောင်းဆို ပါသည်။ ခဲ့ဦးဘုံ-ခန္ဓကဌ် ရှင်အာနန္ဒာစသည်တို့ ရှင်ရဟန်းမပြုခင်အရင် ရာဟုလာမင်းသား ရှင်ပြုကုန်းကပင် "နဘိက္ခဝေ အနနုညာတော မာ-တာပိတူဟိ ပုတ္တော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ အာပတ္တိဒုက္ကဋဿ" ဟု ပညတ်အပ်သော သိက္ခာပုဒ်မျှားကို တွေ့နိုင်ပါသည်။ ဤအဌကထာ၌ လည်း "သာမဏေ ပစနံ။ပေ။နဝဏ္ဏတိ" ဟု လည်းကောင်း၊ "ရတ္တိစ္ဆေဒေါ ဝါသစ္ဆေဒေါ ဝါ နဟောတိ"ဟုလည်းကောင်း ဆိုသောကြောင့် ရှင်သာ-ရိပုတ္တရာမထေရ် မတောင်းပန်ခင် အရင်ကပင် "သာမဏေပါက"စသည်တို့ကို ပယ်မြစ်မှုရှိကြောင်းထင်ရှားပါသည်။ ဤသို့လျှင် အနည်းငယ်သောသိက္ခာပုဒ် မျှား ပညာတ်ပြီးဖြစ်သော်လည်း မပညတ်ရသေးသော ပါရာဇိကစသည်တို့ ကို ရည်ရွယ်၍ ဘုရားရှင်ကသည်း "နတာဝ သာရိပုတ္တ သတ္ထာ သာဝ-ကာနံ သိက္ခာပဒံ ပညပေတိ"ဟု မိန့်တော်မူပါသည်။

ဒုတိယသြဝါဒ ဂါထာတော်

၁။ သီလသံဝရဖြင့် အကုသိုလ်အားလုံးကို မဖြစ်စေရခြင်း။
၂။ လောကီသမထဝိပဿနာတို့ဖြင့် ကုသိုလ်ကို ပြည့်စုံစေရခြင်း။
၃။ အားလုံးသော မဂ်ဖိုလ်တို့ဖြင့် မိမိစိတ်ကို စင်ကြယ်စေရခြင်း။

တတိယသြဝါဒ ဂါထာတော်နှင့် သီလလေးပါး

၁။ ပါတိမောက္ခေစ သံဝရောဖြင့် ပါတိမောက္ခ သံဝရသီလကို လည်းကောင်း။
၂။ ၃။ မတ္တညုတာစ ဘတ္တသ္မိံ ဖြင့် အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယ-သန္နိဿိတသီလနှင့်ယှဉ်ကြောင်းကို လည်းကောင်း၊
၄။ ပန္တဉ္စ သယနာသနံဖြင့် ဣန္ဒြိယသံဝရသီလကိုလည်းကောင်း ထင်ရှားပြပါသည်။

ယာဝ သာသနပရိယန္တာ။ ။အာဏာပါတိမောက် မရှိသောကြောင့် ဆိုပါသည်။ ပရိနိဗ္ဗာန်စံတော်မူပြီး နောက်၌ကား သြဝါဒ ပါတိမောက်လည်း မရှိနိုင်။ မှန်၏။ သြဝါဒပါတိမောက်ကို ဘုရား ရှင်တို့သာပြု၍ သာဝကတို့ ပြုခွင့်မရှိ။

သိက္ခာပဒပညတ္တိကာလတော ပန ပဘုတိ အာဏာပါတိမောက္ခံ နေဝဥ္စဒ္ဓိ-သန္တိ။ ။ဤစကားကို ပါတိမောက်ပြစဉ်အားဖြင့် ပြည့်ပြည့်စုံစုံသိက္ခာပုဒ် ပညတ်ပြီးရာအခါကို ရည်ရွယ်၍ ဆိုပါသည်။

အပရိသုဒ္ဓါယ ပရိသာယ။ ။ပရိသတ် မစင်ကြယ်လျှင် မည်သူမျှ ပါတိမောက် မပြုသင့်၊ မစင်ကြယ်မှုကို သာဝကတို့က စောဒနာ သာရဏာမှု စသည် အစွမ်းဖြင့် သုတ်သင်ရှင်းလင်း၍ သံဝါသပြုရမည်။ ဘုရားရှင်တို့ကား သိက္ခာပုဒ် ပညတ်ခါ ဥပုသ်စသည် ပြုနည်းအစီအရင်ကို သင်ပေးသောအားဖြင့် ဖြေရှင်းတော်မူကြ၏။ စောဒနာမှု သာရဏာမှု စသည်တို့ကို မပြုကြပါ။ ထို့ကြောင့်ပင် ဘုရားရှင်သည် မစင်ကြယ်သော ပရိသတ်၌ ပါတိမောက်ကို ပြုတော်မမူပဲ တည်လုံးဆိတ်ဆိတ် ဆိုင်နေတော်မူခဲ့ပါသည်။ ရဟန်းတို့သည်လည်း ဘုရားရှင်၏အလိုကိုသိကာ မစင်ကြယ်သောပုဂ္ဂိုလ်ကို အပြင်သို့ထုတ်ပြစ်ကြပါသည်။ ထို့ကြောင့် သာဝကများမှာလည်း မစင်ကြယ်မှန်းသိလျှင် ဥပုသ် မပြုကောင်းပါ၊ ဗြဟ္မစရိယအန္တရာယ်ရှိလျှင်တော့ ပြုကောင်း၏။ အလင်္ဂီပုဂ္ဂိုလ်များနှင့် ရောနေသောကြောင့် ပရိသတ် မစင်ကြယ်ခြင်း ဖြစ်သည်။

မေးဖွယ်-သိက္ခာပုဒ် ပညတ်မှုသည် သာသနာ အရှည်တည်ကြာကြောင်း ဖြစ်လျက် ဘုရားရှင်အားလုံးသိက္ခာပုဒ်များကိုအဘယ်ကြောင့်မပညတ်သနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား-သာသနာအရှည် တည်ရေးအတွက် အကြောင်းမှာ သိက္ခာပုဒ်ပညတ်မှုတဲ့ခုတည်းသာမကပါ။ နောင်အခါ ဓမ္မဝိနယကို သင်ယူ၍ သာဝကများမှတဆင့် ဆုံးမရမည့်ပုဂ္ဂိုလ်များ ရှိမှုလည်းပါဝင်ပါသေးသည်။ ထို့ကြောင့် သာဝကဝေနေယျရှိလျှင် သိက္ခာပုဒ်ကို ပညတ်တော်မူကြ၍ မရှိက ပညတ်တော်မမူပါ။ ထို့ကြောင့် ပြည့်စုံသော ပညတ်တော်ကပင် ဝေနေယျရှိမှုကိုလည်း ပြနိုင်သောကြောင့် ပညတ်တော်ကို သာသနာအရှည်တည်ကြောင်း ဟု ဆိုပါသည်။

ဘိက္ခုသဟဿသ ဩဝါဒိယမာနာနံ။ ။သဟဿသဒ္ဒါသည် ကဝစနန္တဖြစ်၍ "ဘိက္ခုသဟဿသ" ဟု ဆိုပြီးလျှင် အစိတ်ကိုင်ဲသောကြောင့် "ဩဝါဒိယမာနာနံ" ဟု ဗဟုဝုစ်ဖြင့် ဆိုပါသည်။

ဗဟုတရာနံ သတ္တာနံ ဝါ။ ။ဤပုဒ်သည် ယေဘုယျနုပုဒ်၏ အနက်ပြု ဖြစ်ပါသည်။ ထိုပုဒ်ဖြင့်ပင် "ယောကောစိ" ပုဒ်အတွက် "အကြင်အကြင်ပုဂ္ဂိုလ်သည်" ဟု ဝိစ္ဆာအစွမ်းဖြင့် အနက်ယူရမည်ဟု ပြသည်၊ ဘာ့ကြောင့်နည်း-ဝင်ဝင်သမျှပုဂ္ဂိုလ်များတွင် များစွာသောပုဂ္ဂိုလ်တို့၏ အမေ့းများရှင်ကြသည်ဟု အနက်ယူနိုင်သောကြောင့်တည်း။

သတသဟဿံ သဒ္ဓိမတ္တာနိ စ သဟဿာနိ။ ။ဤစကားကို ဘုရားရှင်ဖွားမြင်သည်မှစ၍ ဆိုသားသည်။ ဘုရားဖြစ်ကာသည်မှ ရေဘွက်သော် တသိန်းခြောက်သောင်းမရှိနိုင်။

နိယတော။ ။ခုနစ်ဘဝအတွင်းမှာ ခန္ဓပရိနိဗ္ဗာန်စံမည်မှာ အမြဲသေချာ၏ ဟုအနက်ပေးပါ။ ထိုသို့ ပရိနိဗ္ဗာန် စံခြင်း အကြောင်းကို "သမ္ဘာဓိပရာယဏော" ပါဠိဖြင့်ပြဆို၏။

ဗုဒ္ဓါစိဏ္ဏကထာ

ပဝါရဏာသင်္ဂီတိ ဒတ္တာ။ ။"လာမည့်လပြည့်နေ့ရောက်မှ ပဝါရဏာပြုကြစို့"ဟု ခွင့်ပြုမူပေးတော်မူခြင်းတည်း။ ပဝါရဏာပြုရက်ကို နောက်သို့ရွှေ့ခြင်းဟု အနက်မှတ်ပါ။ ဤပါဠိဖြင့်အကြောင်းရှိလျှင် ပဝါရဏာ ရက်ရွှေ့နိုင်ကြောင်းကို ပြဆိုသည်။

မဘဂသိရဿ ပဌမဒိဝသေ။ ။ဤစကား၏ စန္ဒမာသ အစွမ်းဖြင့်ဆိုပါသည်။ အရဏောက်မှာ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်နေ့တည်း။

ဒသသဟဿစက္ကဝါဠေ။ ။ဤစကား၏ နတ်ဗြဟ္မာတို့၏ အစွမ်းဖြင့် ဆိုပါသည်။ လူမျှားက ဤ စကြဝဠာအတွင်း၌သာ ဗောဓိနေယျ ဖြစ်နိုင်ကြသည်။ သို့သော်အခြား စကြဝဠာမှ လူမျှား ဤစကြဝဠာ၌ ဖြစ်ချင်လာအောင် အနန္တစကြဝဠာကို ကြည့်တော်မူ၍ ထိုပုဂ္ဂိုလ်များအား လျော်သော အနုသာသနီပါဠိဟာရိယကိုကား ပြုတော်မူကြသည်သာ။

တံ ကုတေတ္ထ လဗ္ဘာ။ ။တွေ-ဤယရာဝါသ၌၊ ဒေယျဓမ္မေ- ပေးလှူထိုက်သောသဘောရှိသော ပစ္စည်းသည်၊ သန္တေပိ- ရှိသော်လည်း၊ ဒါဘုကမျှတာယ-ပေးလှူလိုသူ၏အဖြစ်သည်၊ သန္တိယာပိ- ရှိပါသော်လည်း၊ ယံ-အကြင်အကြောင်းကြောင့်၊ မယံ-တို့သည်၊ တုမှာကံ- တို့အား၊ ဒေယျဓမ္မံ-ကို၊ ဒဒေယျာမ-ကုန်၏။ တံ-ထိုအကြောင်းကို၊ ကုတော-မှ၊ ဝါ-အဘယ်အကြောင်းကြောင့်၊ လဗ္ဘာ-ရပါအံ့နည်း။ တာနည်း-မယံ-၊ တုမှာကံ-၊ ဒေယျဓမ္မံ-ကို၊ ယံ ဒဒေယျာမ-အကြင်ပေးလှူကုန်ရာပါ၏။ တံ-ထိုပေးလှူခြင်းကိစ္စကို၊ ကုတော-မှ၊ ဝါ-မှ၊ လဗ္ဘာ-အံ့နည်း။ တွေ-ဤဝါတွင်းသုံးလအတွင်း၌။ ယံ- အကြင်စစ္ဆည်းဝတ္ထုကို၊ အဟံ- တပည့်တော်သည်၊

တုမ္ဘာကံ-တို့အား၊ ဒဒေယျ-ပေးလှူရာပါ၏။ တံ-ထိုပစ္စည်းဝတ္ထုကို၊ ကုတော-မှ၊ လဗ္ဘာ-အံ့နည်း။

ပယောဂပတိဋ္ဌာနံ။ ။ဂဏ်ါမြစ်၏ထူးသော ဆိပ်ကမ်း၏ အမည်ဖြင့်၏။ ထိုဆိပ်ကမ်းအနီးဌိတည်ရှိသော ရွာ၏ အမည်လည်းဖြစ်၏။

နိဒါန်။ ။

(၁) ဗာဟိရနိဒါန်း

(၂) အဗ္ဘန္တရနိဒါန်း

(၃) သိက္ခာပဒနိဒါန်း

သိက္ခာပဒနိဒါန်းဟူသည်-သိက္ခာပုဒ် ပညတ်ခြင်း၏အကြောင်းဖြစ်ပေါ်ရာ အရပ်အထူးဖြစ်သော ဝေသာလီ စသည်တည်း။

ဝိမတိဝိနောဒနီဋီကာပြီး၏။

ဝိနည်းဋီကာကောက်နုတ်ရှင်းလင်းချက် ပထမတွဲ
ဤတွင်ပြီးပါပြီ။

အမှားပြင်ဆင်ချက်

စာမျက်နှာ	စာကြောင်းရေ	အမှား	အမှန်
၂	၃	အကျိုးဖြစ်	အကျိုးရှိ
၂	၁၆	မဟကာရုဏိကသာ	မဟာကာရုဏိကသာ
၃	၃၀	မပြိုးစိုးနိုင်ပါ	မပြိုးစေနိုင်ပါ
၄	၁၃	ဝဇီရ	ဝဇီရ
၇	၁၄	ဓမ္မော ဓမ္မော	ဓမ္မော
၈	၂၂	ရူပေကသေသ	သရူပေကသေသ
၁၉	၁၅	ဝိပါကကွန္ဓ	ဝိပါကကွန္ဓာ
၂၃	၈	ပုဏ္ဏား ကျွန်မ	ပုဏ္ဏာမည်သော ကျွန်မ
၂၃	၁၅	ပံသုကူလိက	ပံသုကူလိက
၂၄	၅	ဘဂဝတော	ဘဂဝတာ
၂၄	၇	အနုဂ္ဂဟတော	အနုဂ္ဂဟိတော
၂၄	၁၅	မသိကာရ	မနသိကာရ
၂၇	၁၈	ပင့်၍	ပင့်နှိုင်၍
၂၈	၁၁	ရေးအပ်	ရွေးအပ်
၂၈	၁၈–၁၉	ဘာဇနိယေ	ဘာဇနီယေ
၃၁	၄	(၂၀)ရက်	(၂၁)ရက်
၃၁	၁၀	နှ	နေ
၃၁	၂၄	အရပ်တို့ဖြင့်	အရပ်အဖို့ဖြင့်
၃၁	၂၆	မပြတ်သေးသော၍	မပြတ်သေး၍
၃၂	၁၄	ကျောင်းတို့သွား၍	ကျောင်းသို့သွား၍
၃၂	၂၅	သိလိမ့်မည်ဟု	သိလိမ့်မည်
၃၄	၁၆	ယှဉ်အုံ	ယှဉ်စေအုံ
၃၄	၂၁	ဟောတိ	ဟောဟိ
၄၄	၂၃–၂၄	အရတ္တ	အရဟတ္တ
၄၀	၁၉	စိတ်ဓာတ်ဖြင့်	စိတ်တော်ဖြင့်
၄၉	၁၄	ပယ်ခြင်	ပယ်ခြင်း

အမှားပြင်ဆင်ချက်

စာမျက်နှာ	စာကြောင်းရေ	အမှား	အမှန်
၅၃	၂၅	ဝါဒပါမောက္ခ	ဝါဒပွမောက္ခ
၅၅	၂၅	မိမိ၊	မိမိ
၅၉	၂၉	ဟိ, ကမ်	ဟိ, ကမ်
၆၂	၁၃	အသီတိယ၀	အသီတိယေ၀
၆၂	၂၅	ပါ၌	ပါ
၆၀	၅	ပါ၌	ပါ
၆၉	၁	ဘုရားရင်	ဘုရားရှင်
၆၉	၁၅	ပါ၌ဖြစ်	ပါ၌ဖြင့်
၆၉	၂၄	အစွမ်းဖြစ်သော ကြောင့်	အစွမ်းဖြင့်ဖြစ်သော ကြောင့်
၆၉	၂၆	ပဋ္ဌပုစ္ဆာန	ပဋ္ဌပုစ္ဆန
၇၀	၂၀	စိတ္တခိတ္တသ	ခိတ္တစိတ္တသ
၇၁	၂၁	မေးသော	မေးသော်
၈၂	၁၇	နဝေပ္ပဇ္ဇ	နဝေဥပ္ပဇ္ဇ
၉၀	၂၃	ကိုယ်ရှိသော	စိတ်ရှိသော
၉၂	၂၄	ဥပ္ပလ်ဝါ	ဥပ္ပလ်ဝ
၉၄	၁၈	ကစိ၀ါဒ	ကေစိ၀ါဒ
၁၀၅	၂၈	သဿကတိ	သဿတိက
၁၀၇	၁၆	နာန်ကိ	နာနန်ကိ
၁၂၀	၁	ပဏ္ဍုကန္ဒ	ပဏ္ဍုကနန္ဒ
၁၂၂	၃၀	ပယ်လတ်	ပယ်သတ်
၁၂၃	၁	ပြုတတ်သော	ပြုအပ်သော
၁၂၅	၁၄	သာသနဟော	သာသနာတော်
၁၂၈	၂၃	ပြုပါမည်ဟု	ပြုပါဟု
၁၃၀	၂၈	ပဇ္ဇရကန	ပဇ္ဇရကေန
၁၃၇	၃	ငါတို့ကား	ငါဘို့ကိုကား
၁၄၁	၅	ဆွဲသကဲ့သို့	ခွဲသကဲ့သို့
၁၅၇	၂၃	ဝေရဇ္ဇော	ဝေရဇ္ဇာ
၁၅၉	၁၇	တပြို	တပြိုင်
၁၇၂	၂၁	သံသရာစက်ဘီး လည်ခြင်း	သံသရာစက်ဘီး လည်ခြင်း၏

အမှားပြင်ဆင်ချက်

စာမျက်နှာ	စာကြောင်းရေ	အမှား	အမှန်
၁၃၅	၂၂	မပြုနိုင်ခြင်းကြောင့်	မပြုနိုင်ခြင်းကြောင့်
၁၈၀	၂၀	အလိုရှိမှုနှင့်	အလိုရှိမှုနှင့်
၁၈၆	၁	အကာ်တွာလမယ	အတွာက်လမတ
၁၈၉	၂၃	အညသတ်	အသညသတ်
၁၉၁	၅	ဝိညာဏဌိတိယာ	ဝိညာဏဌိတိယာ
၁၉၂	၁	ဌိတိကဌ္ဌသာ	ဌိတ်ဌ္ဌသာ
၁၉၂	၂၃	မူရာအခါ	မမူရာအခါ
၁၉၃	၂၆–၂၇	ဟူသော	ဟု
၁၉၆	၁၅	နွားကလေးတို့	နွားကလေးသို့
၂၀၆	၁၈	အသုရာဘဝနံ	အသုရဘဝနံ
၂၀၆	၁၈	မာယ	မယ
၂၀၈	၁၉	ဖြစ်ပုံကို	စကားကို
၂၁၃	၂၀	ဓမ္မတာသိဒ္ဓိ	ဓမ္မတာသိဒ္ဓ
၂၁၆	၁၅	တည်ပါသည်	ဖြစ်ပါသည်
၂၂၈	၁၆	မနုဿဟူသည်	မနု ဟူသည်
၂၃၅	၁၂	တိဝိမသမာနိ	တိဝိဓဝိသမာနိ
၂၃၆	၁၇	များကိုသာ	မျှကိုသာ
၂၄၅	၁၂	ဥပဓိဝိဝေကာ	ဥပဓိဝိဝေကာ
၂၅၇	၂၄	နိရကြော်ပတော	နိရပေကွတော
၂၅၉	၂၅	ဟု မိန့်	ဟုမိန့်၊
၂၆၂	၂၇	အနုဘာဝ	အနဘာဝ
၂၆၅	၂၈	ဂုဏ်နှင့်	ဂုဏ်မှ
၂၆၇	၁	သာဟတ္ထိပကယောဂ	သာဟတ္ထိပယောဂ
၂၆၇	၂၉	အ	အပြစ်
၂၇၀	၂၃	ဟောဟော်မူ	ဟောသင့်
၂၇၆	၂၇	နိမ္ဓန္ဓနံ	နိပ္ဓန္ဓနံ
၂၇၈	၁၅	ဖခုက်	ဗျုအခုက်
၂၈၆	၆	နုပုပ္ပတော	နုပုဗ္ဗတာ
၂၈၉	၅	တို့ဌ္ဌလည်း	တို့လည်း
၂၈၉	၁၂	လွန်မှ	လွန်ကဲမှ
၃၀၈	၂၀	ဟူကား	ကဲ့ကား

အမှားပြင်ဆင်ချက်

စာမျက်နှာ	စာကြောင်းရေ	အမှား	အမှန်
၃၀၉	၇	တောၚ်	ဒ္ဒိတောၚ်
၃၁၆	၁	ဥဘယသာပိ	ဥဘယထာပိ
၃၂၄	၉	မဟာဂ္ဂုတ်	မဟာဂ္ဂုတ်၊
၃၂၉	၁၇	ဘုမ္မာ	ဘုမ္မ
၃၃၆	၁၀	ပြသည်	ပြတည်း
၃၃၈	၂၇	နိယျာ	နိဿျာတိ
၃၃၉	၇	အရိယာ	အရိယ
၃၄၇	၃	စသည်တို့	စသည်ကို
၃၆၀	၂၆	၆၈၀၀၀	၆၀၀၀၀
၃၆၄	၁၉	ပဋ္ဌိဂ္ဂဟမတ္တ	ပဋ္ဌိဂ္ဂဟဏမတ္တ
၃၆၈	၂၆	လွတ်အပ်	လွှတ်အပ်
၃၆၉	၁၃	မစ္ဆိမ	ပစ္ဆိမ
၃၇၃	၁၃	တို့တို့ဖြင့်	တို့ဖြင့်
၃၈၃	၂၂	ဆိုပါသည်	ဆိုလိုပါသည်
၃၈၅	၁၅	နသဗ္ဗညုဘာဝပ္ပတ္တသ	သဗ္ဗညုဘာဝပ္ပတ္တသ
၃၈၉	၁၄	တရာ ဖြစ်ရာ	ဘုရားဖြစ်ရာ
၃၉၉	၁၂	အဇ္ဈိတ္တ	အဇ္ဈတ္တ
၄၀၈	၁–၂	မစဉ်ကြယ်	မစင်ကြယ်
၄၀၈	၂၂–၂၄	သြဝါဒိယမာနာနံ	သြဝဒိယမာနာနံ

ဒုတိယတွဲကို ဆက်လက်ရှိက်နှိုင်ရန် စီစဉ်ပြီးပါပြီ၊
မကြာမီ ထွက်ပါတော့မည်။

ကျေးဇူးတော်ပြန် ပူဇော်ရန်

၁။ တိပိဋကရတွဲရပြီးနောက် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အတွင်း မြို့နယ်ပေါင်းများစွာတို့၌ ဆရာတော်ဘုရားကြီးများ၏ ဦးဆောင်မှုဖြင့် ရှင်ရော လူပါ ညီညွတ်စွာ တွဲဖက်လုပ်ကိုင်ပြီးအပ်သော တိပိဋကရပူဇော်ကို များစွာခံယူခဲ့ရပါသည်။

၂။ ထို ကျယ်ပြန့် များပြားလှစွာသော ပူဇော်မှုများကို တုံ့ပြန်ပေးဆပ်ရန် စဉ်းစားသည့်အခါ သာသနာတော်အား ကျေးဇူးပြုနည်းများတွင် စာပေပို့ချခြင်း, စာပေရေးသားခြင်း နှစ်မျိုးကို မိမိအနှစ်သက်ဆုံးဖြစ်၍ အခြိုန်ရသမျှ ကြိုးစားကာ စာပေပို့ချ၍ စာပေပို့ချရင်း ရေးသားအပ်သော ဤကျမ်းစာအုပ်ဖြင့် တုံ့ပြန်ပူဇော်ပါသည်။

၃။ လူတော်ကြောင်များအတွက် သက်သက် ရည်ရွယ်ချက်ထားကာ ရေးသားခြင်း မဟုတ်သော်လည်း မြန်မာစကားပြေဖြင့် ချောမောရှင်းလင်းအောင် ကြိုးစား၍ ရေးသားထားသဖြင့် ဝိနည်း ဗဟုသုတရလိုကြသည့် လူဝတ်ကြောင်များ အားလည်း ထိုက် ထ ရောက်အကျိုးများနိုင်မည်ဟု ယူဆပါသည်။

၄။ တိပိဋကရတွဲကို အကြောင်းပြုကာ ပူဇော်မှုများစွာကို ခံယူရရှိခဲ့သော မိမိ အပေါ်မှာ တိပိဋကရ အာဇာနည်များ ပေါ်ထွန်းရေးတာဝန် ရှိနေသည်ဟု ယူဆပါသဖြင့် မိမိ ဖြေစဉ်က ဦးကာအတွက် အခက်အခဲအချို့ တွေ့ခဲ့ရသလို တိပိဋကရလောင်းလျှာ အာဇာနည် အရှင်မြတ်တို့မှာ တွေ့ခဲ့ရသော် ထိုအခက်အခဲမျိုးမှ ကင်းစေရန် ရည်သန်ကာ ရေးသားခြင်းဖြစ်၍ တိပိဋကရစာမေးပွဲဝင် အရှင်မြတ်တို့အား အများဆုံး အကူအညီပြု၍ ဓမ္မာစရိယတန်း များစွာနှင့် စနစ်သစ်ပညာရေး ပေါ်ထွန်းလာသည့်အခါ မဟာဓမ္မာစရိယတန်းဝင် အရှင်တို့အားလည်း ကျေးဇူးပြုနိုင်မည်ဟု ယုံကြည်ပါသည်။

၅။ ဦးကာကို ဤမျှလောက်စုံလင်စွာ ရှင်းထားသော စာအုပ်မရှိသေး၍ သာသနာတော်၏ လိုအပ်ချက်တရပ်ကို ဖြည့်စွမ်းနိုင်သဖြင့် ဝမ်းသာကြည်နူးရပါသည်။